နိုင်ငံသနင်းမင်းမြတ်အဆက်ဆက်တို့
ထိပ်တန်းသာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်
အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းသည့်

# သာသနာဝင်
# ဘွဲ့တံဆိပ်တော်များသမိုင်း

နှင့်

၁၃၄၀ - ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး ၃ - ပါးနှင့်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး ၁၀ - ပါးတို့၏
အဖြစ်တော်စဉ်ကို ဖော်ပြရာဖြစ်သော

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက,
B.A. HONS ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
ရေးသားစီရင်သည်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ခုနှစ် ကောဇာ ၁၃၄၂ ခုနှစ် ဇန်နဝါရီလ ၁၉၈၁

၂၁၁၅၄

နိုင်ငံသနင်းမင်းမြတ်အဆက်ဆက်တို့
ယိပ်ယာန်းသာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်
အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းသည့်

# သာသနာ့ဝင်
# ဘွဲ့တံဆိပ်တော်များသမိုင်း

နှင့်

၁၃၄၀ - ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး ၃ - ပါးနှင့်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး ၁၀ - ပါးတို့၏
အဖြစ်တော်စဉ်ကို ဖော်ပြရာဖြစ်သော

## မဟာဓမ္မရံသီသန္နိဋ္ဌာန်


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက,
B.A. HONS ဝိနယာဂုဏ်ထူး (သီရိလင်္ကာ)
ရေးသားစီရင်သည်



[illegible] ဆောင်တွန်းသာသနာပြုပုံနှိပ်[illegible]
ကြည့်ဆိုက်
[illegible]



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
သာသနာ ၂၅၂၄-ခု ကောဇာ ၁၃၄၂-ခု ဇန္နဝါရီလ ၁၉၈၁

ပဌမ အကြိမ်

အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန အတွက်
ရန်ကုန်မြို့၊ ၉၇-လမ်း၊ အမှတ် ၁၃ (အေ) မင်္ဂလာပုံနှိပ်တိုက် (၀၇၉၆)တွင်
ဦးကြီးခင်က ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင် အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။

# မာတိကာ


ကျမ်းဦးအမှာ .... ဆ

**ရှေးထုံးစဉ်လာ**

တေဒဂ်ဘွဲ့ရ ရဟန္တာ မထေရ်များ .... ၁
တေဒဂ်ဘွဲ့ရ ရဟန္တာ ထေရီမများ .... ၄
တေဒဂ်ဘွဲ့ရ ဥပါသကာများ .... ၅
တေဒဂ်ဘွဲ့ရ ဥပါသိကာများ .... ၆
ဘာဏကဘွဲ့ ၁၀ - မျိုး .... ၇
သီဟိုဠ်ကျွန်း ရဟန်းတော်များဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ၈
ပုဂံခေတ် သာသနာ့ဝင် ဘွဲ့ထူး ဂုဏ်ထူးများ .... ၁၂
အင်းဝခေတ် သာသနာ့ဝင် ဘွဲ့ထူး ဂုဏ်ထူးများ .... ၁၆
ကုန်းဘောင်ခေတ် သာသနာ့ဝင် ဘွဲ့ထူး ဂုဏ်ထူးများ .... ၂၁
ဗဒုံမင်းတရားလက်ထက် ဘွဲ့တံဆိပ်တော်များ .... ၂၄
သာသနာပိုင် မေတ္တာရပ်ခံချက်အရ သံဃာတော်၂၅ - ပါး ဘွဲ့ တံဆိပ် ဆက်ကပ်လှူ ၂၉
ရတနာပူရ စာတုတ္ထမြို့တည် ဘကြီးတော်မင်းတရားလက်ထက် ရာဇာဓိရာဇဂုရု,ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ၃၂
ရွှေဘိုမင်းတရားလက်ထက် ရဟန်း,သံဃာတော် များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ၄၃
မင်းတုန်းမင်းလက်ထက် ဘွဲ့ တံဆိပ် ဆက်ကပ်ပွဲနှင့် ဘွဲ့ တံဆိပ်တော်ရ ဆရာတော်, ဘွဲ့ တံဆိပ်တော်များ ၄၉
သီပေါမင်းလက်ထက် ဘွဲ့ တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း ၅၄
ရာဇဂုရု, ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အင်္ဂါ .... ၆၃
စာခတော်ချများ အင်္ဂါ .... ၆၃

**ဗြိတိသျှခေတ်**

ဘွဲ့ တံဆိပ်တော်များ ချီးမြှင့်ရန် လယ်တီဆရာတော်ထံ အကြံဉာဏ်တောင်းခြင်း ၆၅
အဂ္ဂမဟာပဏ္ဍိတ ကပ်လှူသိုက်သော အချည်အချင်းများ ၆၆
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ၆၇
မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်.... ၆၇

**အဂ္ဂမဟာပဏ္ဍိတ နှင့် အဘိဓဇမဟာရဋ္ဌဂုရု**
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ .... ၇၂
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ရ ဆရာတော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဂ၆
၁၂၉၇-ခုနှစ် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော် ဆက်ကပ်ပွဲအစီအစဉ် ၉၀
မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က ဘတ်လျှောက် ဆက်ကပ်အပ်သော ထောမနာ စာတမ်း ၉၃
မဟာသံဃရာဇာသာသနာပိုင်ဆရာတော် အမိန့်တော် .... ၉၉
သာသနာပိုင် မရှိသည့်နောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင် ၁၀၂
လွတ်လပ်ရေးရပြီးနောက် ပထမဆုံး အကြိမ် ကျင်းပအပ်သော အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် လှူဒါန်းပွဲ အငမ်းအနားချုပ် ၁၀ဂ
အခမ်းအနား စည်ကားသည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကြီး ၁၁၂
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် လှူဒါန်းထိုက်သော အင်္ဂါများ ၁၂၀
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် လှူဒါန်းထိုက်သော အင်္ဂါများ ၁၂၁

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

**ပြည်မြို့ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်တိက္ခ မဟာထေရ်** ၁၄၁
မူလအစကတည်းက သမိုင်းကောင်းခဲ့သော ပြည်မြို့ ၁၄၁
ယခု လက်ရှိ ပြည်မြို့ .... ၁၄၅
ပညာရှင်တို့ အဆက်မပြတ်ပေါ်ထွန်းရာ ပြည် .... ၁၄၇
အရှင်နာရဒမဟာထေရ် .... ၁၅၇
ပခုက္ကူမြို့ မဟာဝိသုတာရာမ စာသင်တိုက်ကြီး .... ၁၅၉
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ် .... ၁၆၀
မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက်ကြီး ၁၆၂
ဆရာတော် ဦးကြည်(အရှင်အာဒိစ္စရံသီ) .... ၁၆၃
ပွင့်လှသိမ်ကုန်း ကျောင်းတိုက် ဒုတိယမြောက် နာယကဆရာတော်အရှင်သီဟမဟာထေရ် ၁၆၅
အဘိဓမ္မတ္ထသရူပမာလာကျမ်းကို ပြုစုခြင်း .... ၁၆၇
ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ခြင်း .... ၁၆ဂ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံ ရရှိခြင်း.... ၁၆၈
ဆရာတော် အရှင်တိက္ခနှင့်အတူ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ အလှူခံ
ရရှိသည့် ဆရာတော်များ ၁၆၈
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ကိုအလှူခံ ရရှိတော်မူခြင်း ၁၇၀
သြဝါဒတော် လေးဂါထာ နှင့် မြန်မာပြန် .... ၁၇၅

**ချောင်းဆုံမြို့နယ် မုဒ္ဒုန်းရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော် ဘုရားကြီး**
**အရှင်ကောသလ္လ မဟာထေရ်** ၁၇၈

ထူးခြားသော ချောင်းဆုံမြို့နယ် .... ၁၇၉
ကျမ်းစာများ စီရင်ခြင်း .... ၁၈၉
သာသနာရေး ဆောင်ရွက်ချက်များ .... ၁၉၀
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၁၉၅
မုဒ္ဒုန်း ဆရာတော်နှင့် အခြားဆရာတော် နှစ်ပါး
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အလှူခံရရှိ ၁၉၆
အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း ၁၉၆

**စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး**
**အရှင်ပဏ္ဍိတ သိရိမဟာထေရ်** ၁၉၇

ပညာရှင်တို့ ပေါ်ထွန်းရာ ဟင်္သာတခရိုင် .... ၁၉၉
မဟာဓမ္မဒီပိကာရာမ ( ကျောင်းတော်ရာ ) ရွှေကျင်တိုက် ၂၀၆
ရာဇာဓိရာဇဂုရု ဘွဲ့ တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်
ဆရာတော် ဘုရားကြီး အရှင်သာသန မဟာထေရ် ၂၀၇
အဂ္ဂမဟာပဏ္ဍိတ စံကျောင်း ဆရာတော်ဘုရားကြီးအရှင်ဝါယာမ ၂၁၂
ဒုတိယ စံကျောင်း ဆရာတော် အရှင်ကလျာဏ .... ၂၁၃
ရွှေဟင်္သာတိုက်သစ် ဖြစ်ပေါ်လာခြင်း .... ၂၂၁
အတိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး အရှင်ဇောတိပါလ.... ၂၂၂
ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခြင်း .... ၂၂၅
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၂၂၈
ဆရာတော် နှင့်အတူ ဘွဲ့တံဆိပ်တော် အလှူခံရရှိသည့်
အခြားဆရာတော်များ ၂၂၈
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော် အလှူခံရရှိခြင်း.... ၂၂၉

**မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက် ကြေးမြင်ကျောင်း**
**ရွှေကျင်နိကာယသာသနာပိုင် ဆရာတော်ဘုရားကြီး**
**အရှင်ဇောတယမဟာထေရ်** ၂၃၀

ပညာရှင်တို့ ပေါ်ထွန်းရာ မိတ္ထီလာခရိုင် .... ၂၃၁

ပရိယတ္တိသာသနဟိတအသင်းကြီး .... ၂၄၂
ရွှေကျင်နိကာယသမ္မုတိသာသနာပိုင် .... ၂၄၄
ရွှေကျင်နိကာယ သာသနာပိုင်အစဉ်အဆက် .... ၂၄၅
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၂၄၈

**ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာကျောင်း ဆရာတော်ဘုရားကြီး အရှင်လောကိဿရမဟာထေရ်** ၂၄၉
ပန်းကျနော်မှ ပန်းတနော် .... ၂၅၀
အနောက်ပြင် ခင်မကန်ကျောင်းတိုက်ကြီး .... ၂၅၆
သမိုင်းအကျဉ်း .... ၂၅၇
ဒက္ခိဏာရာမဘုရားကြီးတိုက် .... ၂၅၉
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၂၆၆

**မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတ** ၂၆၇
ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး .... ၂၇၃
ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အရှင်ပညာမဟာထေရ် ၂၇၅
သီဟိုဠ်သာသနာရေး .... ၂၇၆
အဘယဂီရိကျောင်းတိုက်ထွက်ကျမ်းများ .... ၂၇၉
ကျမ်းစာရေးစု သာသနာပြု .... ၂၈၃
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း.... ၂၈၅

**ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ်** ၂၈၆
စစ်ကိုင်းနယ်မှ ပေါ်ထွန်းသော ပညာရှင်များ .... ၂၈၇
ပိဋကပါရဂူမီ ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရမဟာထေရ် ၂၉၇
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း .... ၃၀၃

**တောင်ကြီးမြို့ တောင်ကျောင်းကြီးဆရာတော် အရှင်နရိန္ဒမဟာထေရ်** ၃၀၇
ပညာရှင်တို့ ပေါ်ထွန်းရာ သထုံ .... ၃၀၉
တောင်မြို့ မင်္ဂလာတိုက် ညဝါအကျော် ပဌမကျော် ဆရာကြီး ဦးအုန်း ၃၂၁
ဖက်ပင်အိုင်ဆရာတော် အရှင်ဒီပထေရ် .... ၃၂၃
ဆောင်ရွက်ချက်အမျိုးမျိုး .... ၃၂၅
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၃၂၈

ရန်ကုန်မြို့ ပြည်လမ်း ပဌာန်းကျောင်းတိုက်
ဆရာတော် အရှင်နာရဒမဟာထေရ် ၃၂၉
အာဇာနည်တို့ပေါ်ထွန်းရာ သာယာဝတီ .... ၃၂၉
မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး .... ၃၃၇
ပခုက္ကူ ပိဋကတ် အတတ်မြို့တော် .... ၃၃၉
ပခုက္ကူ သာသနာဘွဲ့ .... ၃၃၉
ကျမ်းဂန်များ ရေးသား စီရင်တော်မူခြင်း .... ၃၄၂
ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ချက်များ .... ၃၄၄
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၃၄၆
မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်
အရှင်ဇာနေယျဗုဒ္ဓိမဟာထေရ် ၃၄၇
ပညာရှင်များ ပေါ်ထွန်းရာ စစ်ကိုင်းတိုင်း .... ၃၄၇
ဒီပဲယင်းသာသနာပိုင်ဆရာတော်ဘုရားကြီးအရှင်ဉာဏဝရ ၃၅၇
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အရှင်အဂ္ဂဓမ္မာဘိဝံသ .... ၃၅၇
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အရှင်ကောသလ္လာဘိဝံသ .... ၃၅၉
ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ကြီး .... ၃၅၉
အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ် ၃၆၁
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိခြင်း.... ၃၆၅
စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက် ဆရာတော်အရှင်ဣန္ဒကမဟာထေရ် ၃၆၆
ပညာရှင်များပေါ်ထွန်းရာ ရေဦးတိုင်း ခနုဖြူမြို့ .... ၃၆၆
အဂ္ဂမဟာပဏ္ဍိတ မဟာသိဝချောင်ဆရာတော် အရှင်ကုမာရ
မဟာထေရ် ၃၇၂
သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်
ဘုရားကြီး အရှင်စန္ဒာဘိဝံသ ၃၇၄
အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး .... ၃၇၅
ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခြင်း .... ၃၇၉
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း.... ၃၈၁
မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယုပဒေသကျောင်း
နာယကဆရာတော် အရှင်စန္ဒောဘာသာဘိဝံသ ၃၈၂
ပညာရှင်တို့ပေါ်ထွန်းရာ မြင်းခြံခရိုင် .... ၃၈၃
မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး .... ၃၉၃
အဂ္ဂမဟာပဏ္ဍိတ အရှင်သောဓ .... ၃၉၅
ပဌမကျော်,အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ .... ၃၉၆

## မာတိကာ

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်
အရှင်ရေဝတ ၃၉၉
မြတောင်ဆရာတော် အရှင်ဝိစာရ .... ၄၀၀
အဂ္ဂမဟာပဏ္ဍိတ အရှင်စက္ကပါလ မဟာထေရ် .... ၄၀၀
ကျမ်းဂန်များရေးသား ပြုစုခြင်း .... ၄၀၃
အခြားဆောင်ရွက်ချက်များ .... ၄၀၄
အထူးမိန့်ကြားဆောင်ရွက်တော်မူခြင်း .... ၄၀၅
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း.... ၄၀၇
**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ** ၄၀၈
သာသနာ့အာဇာနည်လောင်းလျာ၏
ထူးခြားသည့် အလေ့အလာ ၄၁၀
ဇာတိုး၏ သာသာနာ့အာဇာနည် မွေးနည်း .... ၄၁၁
သာသနာ့ အာဇာနည်လောင်းလျာ စာအံနည်း အတုယူဖွယ် ၄၁၂
၁၃ - နှစ်အရွယ် သဒ္ဒါကြီးရှစ်စောင် နှုတ်ငုံပြန် .... ၄၁၃
၁၄ - နှစ်သားအရွယ် သင်္ဂြိုဟ်ကိုးပိုင်း အာဂုံပြန် .... ၄၁၄
အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဆရာတော် အရှင်ပညာ ချီးကျူး ၄၁၅
သာသနာ့အာဇာနည် အငယ်,အလတ် စာပေ လေ့လာနည်း ၄၁၆
မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္က .... ၄၁၇
သာသနာ့အာဇာနည် လောင်းလျာ၏ တောရစိတ် .... ၄၁၈
သုတိသာလှသည့် ရူပသိဒ္ဓိဂိုဏ်းသံဖြင့် ရှင်ဝဏ္ဏိတ ကြိုဆို.... ၄၁၉
သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီ .... ၄၂၀
ရဟန်းဘဝ ရရှိတော်မူခြင်း .... ၄၂၂
ရောမ မင်္ဂလာရှိလှသည့်ပွဲကြီး .... ၄၂၂
စာမေးပွဲများ ဆက်တိုက်အောင်မြင်ခြင်း .... ၄၂၃
စာပေကျမ်းဂန်ရေးသားပြု စီရင်တော်မူခြင်း .... ၄၂၇
အခြားဆောင်ရွက်ချက်အမျိုးမျိုး .... ၄၂၈
အထူးမိန့်ကြားဆောင်ရွက်တော်မူခြင်း .... ၄၂၉
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း .... ၄၃၃
တာဝန်အထွေထွေထမ်းဆောင်ခြင်း .... ၄၃၃
ကျောင်းတိုက်များတည်ထောင်ခြင်း .... ၄၃၄
မဟာထေရုပ္ပတ္တိသန္ဒီပနီကျမ်း အပြီးသတ်ခြင်း .... ၄၃၇
မဟာထေရုပ္ပတ္တိသန္ဒီပနီကျမ်း နိဂုံး .... ၄၃၇
အရှင်ကေလာသ ပြုစုသောကျမ်းစာများ .... ၄၄၀

မာတိကာ ပြီး၏။

# ကျမ်းဦးအမှာ

**ရှိသင့်သောကျမ်း** ဤသာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း ကျမ်းသည် သာသနာဝင် သမိုင်းသုတေသီအားလုံးနှင့် ဘွဲ့တံဆိပ်တော်အကြောင်းကို သိလိုကြည့်ရှုလိုသော ဘွဲ့တံဆိပ်တော် သမိုင်းသုတေသီတို့အား ရှိသင့်သော ကျမ်းဖြစ်သည်။

**ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သံဃရာဇာရခိုင်ဆရာတော်** သာသနာဝင် ဘွဲ့တံဆိပ်တော်များကျမ်း၌ မပါရှိသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော် ၁-ပါး ရှိသေး၏။ ၎င်းမှာ ရခိုင်ပြည် စစ်တွေမြို့ သံဃရာဇာဂိုဏ်း၏ ကျောင်းတိုက်တည်, ဂိုဏ်းတည် အရှင်သာရမေဓာ ဆရာတော် ဖြစ်သည်။ အရှင်သာရမေဓာသည် သက္ကရာဇ် ၁၁၆၂-ခုနှစ်တွင် ရခိုင်ပြည်ဖွား ဖြစ်တော်မူ၍ သက္ကရာဇ် ၁၂၄၄-ခုနှစ်တွင် ပျံလွန်တော်မူလေသည်။ ၎င်း ဆရာတော်ဘုရားကြီးသည် ၁၂၀၀-ခုတွင် ဗြိတိသျှအစိုးရလှူဒါန်းသည့် "သာရမေဓာလင်္ကာရာဘိတိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်, ၁၂၁၉-ခုနှစ်တွင် သက်ဘုရင်မ ကလင်ဒီ လှူဒါန်းသည့် ရခိုင်မြို့ သာသနာပိုင် ဝိနည်းဓိုရ်တံဆိပ်နှင့် ၁၂၂၉-ခုနှစ်တွင် ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းသည့် "သာရမေဓာဘိတိသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ကို အလှူခံရရှိတော်မူသည်။[၁]

**ဘွဲ့တံဆိပ်တော် ၅-ထပ်ရ ဒုတိယ ဗားကရာဆရာတော်** ဒုတိယ ဗားကရာ ဆရာတော်ဟု ထင်ရှားသော ဗားကရာ သာသနာပိုင် အရှင်ပညာဇောတသည်—

၁။ ပညာဇောတာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်

၂။ ပညာဇောတာဘိသိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်

၃။ ပညာဇောတာဘိသိရိပဝရဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်

၄။ ပညာဇောတာဘိ သိရိသဒ္ဓမ္မပါလ အရိယဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်

---

၁။ အရှင်ဝိမလ၏ သက်ရာဇာ ဆရာတော်များ၏ ဌထေရုပ္ပတ္တိ၊ ၂၀ - ၂၁။

၅။ ပညာဇောတဓမ္မသီရိကံဝိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၅ - ထပ်ရ ဆရာတော်ဖြစ်ကြောင်း ထပ်ဆင့် မှတ်ရာ၏။ ၁

**တိပိဋကဓရ ဘွဲ့တံဆိပ်တော်များ**

တိပိဋကဓရဘွဲ့တံဆိပ်တော်များနှင့် စပ်သည့် မှတ်သားလေ့လာဖွယ်များကို ဤသာသနာ့ဝင် ဘွဲ့တံဆိပ်တော်များ သမိုင်းကျမ်းတွင် မဖော်ပြသဖြင့် တိပိဋကဓရ ဝုတ္တန္တ ဝိကာသိနီ = အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဖြစ်တော်စဉ် ကျမ်းကြီး၌ကြည့်ရှုရာ၏။

**ပြည့်စုံလှသော ဘွဲ့တံဆိပ်တော် သမိုင်းကျမ်း မဟုတ်သေး**

ဤ သာသနာ့ဝင် ဘွဲ့တံဆိပ်တော်များ သမိုင်းကျမ်းမှာ အထိုက်အလျောက် ပြည့်စုံသည့် သာသနာ့ဝင် ဘွဲ့တံဆိပ်တော် သမိုင်းကျမ်းဖြစ်၏။ အလွန် ပြည့်စုံလှသည့် ဘွဲ့တံဆိပ်တော် သမိုင်းကျမ်းကား မဟုတ်သေးချေ။

**မဟာထေရုပ္ပတ္တိ သန္နိပနီကျမ်း**

ပူးတွဲပါ မဟာထေရုပ္ပတ္တိ သန္နိပနီကျမ်းမှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရတို့ ပဌမ ဆုံး ဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၃ - ပါးတို့၏ အဖြစ်တော်စဉ် ဆောင်ရွက်ချက်တို့ကို ပြဆိုထားရာ ထူးခြားသော ထေရုပ္ပတ္တိကျမ်းဟု ဆိုနိုင်ပါသည်။


**မိမိကျမ်းအသွင် ပြင်ဆင်ကြည့်ရှု**

များလှစွာပြား စာချ စာရေး အလုပ်တွေကြားမှ ပြုစီရင်အပ်သော ဤကျမ်း၂-စောင်၌ အကယ်၍ လိုအပ်ချက်၊ ချွတ်ယွင်းချက်များ တွေ့ရှိပါက မိမိစီရင်ကျမ်းစာအသွင် ထည့်စွက် ပြင်ဆင် ကြည့်ရှုလေ့လာရာ၏။

အရှင်ကေလာသ
၂-၁-၈၁

---

၁။ အကျယ် မန္တလေးသာသနာ့ဝင် ပဌမတွဲ၊ ၃၂၇ - ၃၆၄ - ကြည့်။ သာသနာပိုင်အရာ ကျပြီးမှ မင်းတုန်းမင်း ဆက်ကပ်သည့် ပဌမ ဘွဲ့တံဆိပ်တော်ကို မရေတွက်ပဲ ဘွဲ့တံဆိပ်တော် ၄ - ထပ်ရ ဟုလည်း အဆိုရှိသည်။



ကျက်သရေရှိလှသော မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌
အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများနှင့်
တက်ရောက်လာကြသော ဥပါသကာ, ဥပါသိကာ
ပရိသတ်တို့ကို တွေ့မြင်ရပုံ။



# သာသနာ့ဝင်
# ဘွဲ့တံဆိပ်တော်များသမိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

## ရှေး ထုံး စဉ် လာ

ထူးချွန်သော ပုဂ္ဂိုလ်များ ဘွဲ့ထူး ဂုဏ်ထူး ချီးမြှင့်သော ထုံးတမ်းစဉ်လာမှာ ဘုရားရှင် လက်ထက်တော်ကပင် ဘုရားရှင် ကိုယ်တော်တိုင် စတင်ထွင်တော်မူခဲ့လေသည်။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် မိမိတို့၏ ရှေးဆုတောင်း ကောင်းမှုပါရမီအားလျော်စွာ ထူးချွန်ကုန်သော မထေရ်မြတ် ၄၁ - ပါး, ထေရီ ၁၃ - ပါး, ဥပါသကာ ၁၁ - ဦး, အမျိုးသမီး ၁၀ - ဦးတို့အား ဧတဒဂ်ဘွဲ့ နာမံဖြင့် ချီးကျူးတော်မူသည်။

### ဧတဒဂ် ဘွဲ့ရ ရဟန္တာ မထေရ်များ

— အရှင် ကောဏ္ဍညထေရ်အား သိက္ခာဝါကြီးသော အရာတွင် အမြတ်ဆုံး အသာဆုံး "ရတ္တညူ ဧတဒဂ်" ဘွဲ့ထူးဖြင့် ချီးမြှင့်တော် မူသည်။

— အရှင်သာရိပုတ္တရာထေရ်အား ပညာကြီးသော အရာတွင် အမြတ်ဆုံး အထူးချွန်ဆုံး မဟာပညာ ဧတဒဂ်ဘွဲ့။

— အရှင်မဟာမောဂ္ဂလ္လာန်ထေရ်အား တန်ခိုးကြီးသော အရာ အသာလွန်ဆုံး ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့။

- အရှင် မဟာကဿပထေရ်အား ဓုတင်ဆောင်ရာတွင် အသာလွန်ဆုံး ဓုတင်ဝါဒ တေဒဂ်ဘွဲ့။
- အရှင် အနုရုဒ္ဓါထေရ်အား ဒိဗ္ဗစက္ခု အဘိညာဉ် အရာတွင် အသာလွန် ဆုံး ဒိဗ္ဗစက္ခုက တေဒဂ်ဘွဲ့။
- အရှင်ဘဒ္ဒိယထေရ်အား အမျိုးမြတ်သော အရာတွင် အသာလွန်ဆုံး ဉစ္စာကုလိတ တေဒဂ်ဘွဲ့။
- အရှင်လကုဏ္ဍကဘဒ္ဒိယ ထေရ်အား အသံကောင်းသော အရာတွင် အသာဆုံး မဉ္ဇုဿရ တေဒဂ်ဘွဲ့။
- အရှင်ပိဏ္ဍောလဘာရဒွါဇထေရ်အား ခြင်္သေ့ဟောက်သို့ ရဲရဲတောက် စကား ပြောကြားသော အရာတွင် တေဒဂ်ဘွဲ့။
- အရှင်ပုဏ္ဏထေရ်အား တရားဟောကောင်းသော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင်ကစ္စည်းထေရ်အား အကျဉ်းသခေ်ပကို အကျယ်ဝိတ္ထာရ ခွဲ၍ပြ၍ ဟောသော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင်စူဠပန်ထေရ်အား စိတ်ရှိသမျှ ဖန်ဆင်းနိုင်သော အရာ, ရူပဈာန် အရာများတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင်မဟာပန်ထေရ်အား အရူပဈာန်အရာ အသာဆုံး တေဒဂ်ဘွဲ့။
- အရှင် သုဘူတိထေရ်အား အပြစ်မရှိအောင် နေခြင်း အလှူခံထိုက် အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင် ရေဝတထေရ်အား တောရ ဆောက်တည်သော အရာတွင် အသာဆုံး အာရညက တေဒဂ်ဘွဲ့။
- အရှင်ကင်္ခါရေဝတထေရ်အား ဈာန်ဝင်စားသောအရာတွင် အသာ ဆုံး တေဒဂ်ဘွဲ့။
- အရှင်သောဏကောဠိဝိသထေရ်အား ဝီရိယကြီးသောအရာတွင် အသာ ဆုံး အာရဒ္ဓ ဝီရိယ တေဒဂ်ဘွဲ့။
- အရှင် သောဏကုဋိကဏ္ဏ ထေရ်အား အသံ သာသာနှင့် တရားဟော သော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင် သီဝလိထေရ်အား လာဘ်သပ်ပကာ ပေါများသော အရာ တွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင်ဝက္ကလိထေရ်အား သဒ္ဓါအားကြီးသော အရာတွင် အသာလွန် ဆုံး သဒ္ဓါဓိမုတ္တ တေဒဂ်ဘွဲ့။

— အရှင်ရာဟုလာထေရ်အား အကျင့်သိက္ခာ လိုလားသော အရာတွင် အသာဆုံး သိက္ခာကာမ ဧတဒဂ်ဘွဲ့။

— အရှင် ရဋ္ဌပါလထေရ်အား သဒ္ဓါ၍ ရဟန်းပြုသောအရာတွင် အသာဆုံး အထူးချွန်ဆုံး သဒ္ဓါပဗ္ဗဇိတ ဧတဒဂ်ဘွဲ့။

— အရှင်ကုဏ္ဍဓာနထေရ်အား စာရေးတန်မဲ အလျှုကို ပဌမ ယူသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင် ဝင်္ဂီသ ထေရ်အား ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်ကို ဂါထာကဗျာ ချီးကျူး ဘွဲ့ဆိုရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင် ဥပသေနထေရ်အား ကြည်ညိုဖွယ် ရှိသော အရာတွင် အသာဆုံး သမန္တပါသာဒိက ဧတဒဂ်ဘွဲ့။

— အရှင်ဒဗ္ဗထေရ်အား သံဃာတော်များ အတွက် နေရာခင်း နေရာချထားသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်ပိလိန္ဒဝစ္ဆထေရ်အား နတ်များ ချစ်မြတ်နိုးသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်ဗာဟိယထေရ်အား မဂ်ဖိုလ် အသိဉာဏ်ကို လျင်မြန်စွာ သိသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်ကုမာရကဿပထေရ်အား ဆန်းကြယ်စွာ တရားဓမ္မ ဟောပြတတ်သော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်မဟာကောဋ္ဌိတထေရ်အား ပဋိသမ္ဘိဒါဉာဏ် အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်အာနန္ဒာထေရ်အား ဗဟုသုတအရာ, သတိအရာ, ပညာအရာ, ဝီရိယအရာ, အလုပ်အကျွေး ကောင်းသော အရာများတွင် အသာဆုံး ဧတဒဂ်ဘွဲ့ ၅-ဘွဲ့။

— အရှင်ဉရုဝေလကဿပ ထေရ်အား ပရိသတ် များသော အရာတွင် အသာဆုံး မဟာပရိသ ဧတဒဂ်ဘွဲ့။

— အရှင်ကာဠုဒါယီထေရ်အား ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်ဗာကုလထေရ်အား ကျန်းမာရေး ကောင်းသော အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

— အရှင်သောဘိတထေရ်အား ပုဗ္ဗေနိဝါသ ဉာဏ်အရာတွင် အသာဆုံး ဧတဒဂ်ဘွဲ့။

## သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း

- အရှင်ဥပါလိထေရ်အား ဝိနည်းမိုရ် အရာတွင် အသာဆုံး ဝိနယဓရ တေဒဂ်ဘွဲ့။
- အရှင်နန္ဒကထေရ်အား ဘိက္ခုနီမတို့ကို ဆုံးမသော အရာတွင် အသာဆုံး ဘိက္ခုနောဝါဒက တေဒဂ်ဘွဲ့။
- အရှင်နန္ဒထေရ်အား ဣန္ဒြေ ကောင်းသော အရာတွင် အသာဆုံး ဣန္ဒြိယေ ဂုတ္တဒွါရ တေဒဂ်ဘွဲ့။
- အရှင်မဟာကပ္ပိနထေရ်အား ရဟန်းတော်များကို ဆုံးမရာတွင် အသာဆုံး ဘိက္ခုဩဝါဒက တေဒဂ်ဘွဲ့။
- အရှင်သာဂတထေရ်အား တေဇောသမာပတ် ဝင်စားရာတွင် အသာဆုံး တေဇောဓာတုကုသလ တေဒဂ်ဘွဲ့။
- အရှင်ရာဓထေရ်အား ဘုရားရှင်၏ ဒေသနာဉာဏ် အဆင့်ဆင့် ပွင့်လင်းစေသော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အရှင်မောဃရာဇထေရ်အား ပံသုကူသင်္ကန်းကို ဆောင်သောအရာတွင် အသာဆုံး တေဒဂ်ဘွဲ့—

ကို အသီးအသီး ချီးမြှင့်တော်မူသည်၊ ယင်းသို့ဖြင့် မထေရ်မြတ် ၄၁ ပါး တို့အား တေဒဂ်ဘွဲ့ နာမံဂုဏ်ထူးဖြင့် ဘုရားရှင် ချီးကျူးတော်မူခဲ့လေသည်။

### တေဒဂ် ဘွဲ့ရ ရဟန္တာထေရီမများ

ရှင်းပြင်—

- မဟာပဇာပတိဂေါတမီထေရီမအား ဘိက္ခုနီဝါကြီးသော အရာတွင် အသာဆုံး ရတ္တညူ တေဒဂ်ဘွဲ့။
- ခေမာထေရီမအား ပညာကြီးသော အရာတွင် အသာဆုံး မဟာပညာ တေဒဂ်ဘွဲ့။
- ဥပ္ပလဝဏ်ထေရီမအား တန်ခိုးကြီးသော အရာတွင် အသာဆုံး ဣဒ္ဓိမန္တီ တေဒဂ်ဘွဲ့။
- ပဋာစာရီထေရီမအား ဝိနည်းမိုရ် တေဒဂ်ဘွဲ့။
- ဓမ္မဒိန္နာထေရီမအား တရားဟော ကောင်းသော အရာတွင် အသာဆုံး ဓမ္မကထိက တေဒဂ်ဘွဲ့။
- နန္ဒာထေရီမအား ဈာန်ဝင်စားသော အရာတွင် အသာဆုံး ဈာယီ တေဒဂ်ဘွဲ့။

- သောဏာထေရီမအား ဝိရိယကြီးသော အရာတွင် အသာဆုံး အာရဒ္ဓ ဝိရိယ တေဒဂ်ဘွဲ့။
- သကုလာထေရီမအား ဒိဗ္ဗစက္ခု အဘိညာဉ် အရာတွင် အသာဆုံး ဒိဗ္ဗစက္ခုက တေဒဂ်ဘွဲ့။
- ကုဏ္ဍလကေသာထေရီမအား မဂ်ဖိုလ် အသိဉာဏ် လျင်မြန်စွာ သိသော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- ဘဒ္ဒကာပိလာနီထေရီမအား ပုဗ္ဗေနိ၀ါသဉာဏ် အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- ဘဒ္ဒကစ္စာနာ ယသောဓရာထေရီမအား အသိဉာဏ်ကြီးသော အရာတွင် အသာဆုံး မဟာဘိညာပတ္တ တေဒဂ်ဘွဲ့။
- ကိသာဂေါတမီထေရီမအား ပံသုကူသင်္ကန်း ဆောင်သော အရာတွင် အသာဆုံး လူခစီဝရ တေဒဂ်ဘွဲ့။
- သိင်္ဂါလကမာတုထေရီမအား သဒ္ဓါကောင်း အရာတွင် အသာဆုံး သဒ္ဓါဓိမုတ္တ တေဒဂ် ဘွဲ့။

ဟူ၍ အသီးသီး ချီးမြှင့်တော်မူသည်။

ယင်းသို့ဖြင့် ဘုရားမြတ်စွာသည် ကိုယ်တော်မြတ်၏ တပည့်မ ဘိက္ခုနီတို့တွင် ဆိုင်ရာ၌ အသန့်လျင် ထူးချွန်သည့် တပည့်မ ထေရီ ၁၃ - ပါးတို့အား တေဒဂ် ဘွဲ့ထူးဖြင့် ချီးမြှင့်တော် မူခဲ့လေသည်။

## တေဒဂ် ဘွဲ့ရ ဥပါသကာများ

ရှင်းပြင် ဘုရားရှင်သည် ကောင်းမှု ပါရမီထူးနှင့် ပြည့်စုံသဖြင့် တပည့် ဥပါသကာတို့တွင် ထူးချွန်သည့် ဥပါသကာ ၁၁ - ဦးတို့အား တေဒဂ်ဘွဲ့ နာမံထူးဖြင့် ချီးကျူးတော်မူပါသည်။

- တပုဿ နှင့် ဘလ္လိကတို့အား ရှေးဦးစွာ သရဏဂုံ ယူသောအရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- အနာထပိဏ် သူဌေးအား အလှူဒါန အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- စိတ္တသူကြွယ်အား တရားဟောကောင်းသောအရာတွင် အသာဆုံး ဓမ္မကထိက တေဒဂ်ဘွဲ့။
- မဟာနာမ်အား ကောင်းမွန်သော ဘောဇဉ်ကို လှူဒါန်းသော အရာတွင် အသာဆုံး ပဏီတ ဒါန တေဒဂ်ဘွဲ့။

- ဥဂ္ဂသူဌေးအား နှစ်သက်ဖွယ်ဝတ္ထုကို လှူဒါန်းသောအရာတွင် အသာဆုံး မနာပဒါန တေဒဂ်ဘွဲ့။
- ဥဂ္ဂတသူဌေးအား သံဃာ့ အလုပ်အကျွေး ကောင်းသော နေရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- သူရမ္ဗသူဌေးအား မတုန်မလှုပ် သက်ဝင် ကြည်ညိုသော အရာတွင် အသာဆုံး အဝေစ္စပသာဒ တေဒဂ်ဘွဲ့။
- သမားတော် ဇီဝကအား ပုဂ္ဂိုလ်စွဲ ကြည်ညိုသော အရာတွင် အသာဆုံး ပုဂ္ဂလပသာဒ တေဒဂ်ဘွဲ့။
- နကုလပိတု သူဌေးအား ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာတွင် အသာဆုံး ဝိဿာသက တေဒဂ်ဘွဲ့။

ကို အသီးသီး ချီးမြှင့်တော်မူသည်။

## တေဒဂ် ဘွဲ့ရ ဥပါသိကာများ

ထိုမှတပါး တပည့်မ ဥပါသိကာတို့တွင် အမျိုးသမီး ဥပါသိကာ ၁၀ ဦး တေဒဂ်ဘွဲ့ထူး ချီးမြှင့်ခြင်းကို ခံရလေသည်။

ဘုရားရှင်သည် —

- သုဇာတာ သူဌေးသမီးအား ရှေးဦးစွာ သရဏဂုံယူသော အရာတွင် အသာဆုံး တေဒဂ်ဘွဲ့။
- ဝိသာခါ ကျောင်းအမကြီးအား အလှူဒါန အရာတွင် အသာဆုံး ဒါယိက တေဒဂ်ဘွဲ့။
- ခုဇ္ဇုတ္တရာအား ဗဟုသုတများသော အရာတွင် အသာဆုံး ဗဟုသုတ တေဒဂ်ဘွဲ့။
- သာမာဝတီအား မေတ္တာဈာန်ဖြင့် နေသော အရာတွင် အသာဆုံး မေတ္တာဝိဟာရီ တေဒဂ်ဘွဲ့။
- ဥတ္တရာနန္ဒမာတာအား ဈာန်ဝင်စားသောအရာတွင် အသာဆုံး ဈာယီ တေဒဂ်ဘွဲ့။
- သုပ္ပဝါသာအား အကောင်းအမွန် ပဏီတဘောဇဉ်ကို ပေးလှူသော အရာတွင် အသာဆုံး ပဏီတဒါယိကာ တေဒဂ်ဘွဲ့။
- သုပ္ပိယာအား သူနာပြုအရာတွင် အသာဆုံး ဂိလာနုပဋ္ဌာကာ တေဒဂ်ဘွဲ့။

— ကာကိယာနီအား မတုန်မလှုပ် သက်ဝင် ကြည်ညိုသော အရာတွင် အသာဆုံး အဝေစ္စပသန္န တေဒဂ်ဘွဲ့။
— နကုလမာတု သူဌေးကတော်အား ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာတွင် အသာဆုံး ဝိဿာသိက တေဒဂ်ဘွဲ့။
— ကာဠီအား ဘုရားကို တဆင့်ကြား ကြည်ညိုသောအရာတွင် အသာဆုံး အနုဿဝပသန္န တေဒဂ်ဘွဲ့ —

ကို ချီးမြှင့်တော်မူသည်။[၁]

ဤသို့ဖြင့် ဘုရားရှင်သည် နောင်လာနောက်သား, နောင်လာနောက် သမီးတို့ အတုယူ အားတက်ကြကာ ပါရမီ ဖြည့်ကျင့်နိုင်ရန် သဒ္ဓါ, ဝီရိယ ထူထောင်ကြရန် ဆိုင်ရာ၌ ထူးချွန်သည့် တပည့်ထေရ, ထေရီ, ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမတို့အား ထိုက်ထိုက်တန်တန် တေဒဂ် ဘွဲ့နာမ်ဖြင့် ထုတ်ဖော် ချီးကျူးတော်မူခဲ့ခြင်း ဖြစ်သည်။

——

## ဘာဏကဘွဲ့ ၁၈ မျိုး

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ, သီဟိုဠ်နိုင်ငံတို့၌ ဘုရားမြတ်စွာ သာသနာ အလွန်လျှင် စည်ပင်စဉ်က ဆိုင်ရာ ပိဋကကျမ်းဂန်တို့ကို နှုတ်တက် အာဂုံ ဆောင်ရန် ရဟန်းတို့အား အများ သံဃာက ဘာဏကဘွဲ့ဖြင့် မှည့်ခေါ် ချီးမြှောက် ခေါ်ဝေါ်ကြကုန်၏၊ ယင်းသို့ ခေါ်ဝေါ်ခြင်းသည်ပင် အများ သံဃာက ဘွဲ့တံဆိပ်ပေးခြင်းနှင့် တူလေသည်၊ ၎င်းတို့မှာ —

(၁) သုတ္တန္တဘာဏက၊
(၂) ဝိနယဘာဏက၊
(၃) အဘိဓမ္မဘာဏက၊
(၄) ဒီဃဘာဏက၊
(၅) မဇ္ဈိမဘာဏက၊
(၆) သံယုတ္တဘာဏက၊
(၇) အင်္ဂုတ္တရဘာဏက၊
(၈) ခုဒ္ဒကဘာဏက၊
(၉) အဋ္ဌကထာဘာဏက၊
(၁၀) အက္ခရဘာဏက၊
(၁၁) မာတိကာ ဘာဏက၊
(၁၂) ဇာတက ဘာဏက၊
(၁၃) ဓမ္မပဒ ဘာဏက၊
(၁၄) ဥဘတောဝိဘင်္ဂဘာဏက၊
(၁၅) ခန္ဓကဘာဏက၊
(၁၆) မဟာပကရဏိက။
(၁၇) သမ္ပရိယတ္တိက၊
(၁၈) မဟာနိဒ္ဒေသဘာဏက—

တို့ဖြစ်ကုန်၏။

---

၁။ အံ၊ ၁။ ၂၃-၂၈။ (တေဒဂ္ဂဝဂ်) ကြည့်။

ထင်း ၁၈-မျိုးတွင် သုတ္တန် ပိဋကဆောင် ရဟန်းများကို သုတ္တန္တဘာဏကာ၊ ဝိနည်း ၅-ကျမ်းဆောင် ရဟန်းတော်များကို ဝိနယဘာဏကာ၊ အဘိဓမ္မာ ၇ ကျမ်းဆောင် ရဟန်းတော်များကို အဘိဓမ္မဘာဏကာ၊ ဒီဃနိကာယ်ဆောင် ရဟန်းတော်များကို ဒီဃဘာဏကာ၊ မဇ္ဈိမ နိကာယ်ဆောင် ရဟန်းတော်များကို မဇ္ဈိမဘာဏကာ၊ သံယုတ္တနိကာယ်ဆောင် ရဟန်းတော်များကို သံယုတ္တဘာဏကာ၊ အင်္ဂုတ္တရ နိကာယ်ဆောင် ရဟန်းတော်များကို အင်္ဂုတ္တရဘာဏကာ၊ ခုဒ္ဒကနိကာယ်ဆောင် ရဟန်းတော်များကို ခုဒ္ဒကဘာဏကာ၊ အဋ္ဌကထာဆောင် ရဟန်းကို အဋ္ဌကထာ ဘာဏကာ၊ အက္ခရာကို ရွတ်ဆိုသော ရဟန်း သို့မဟုတ် အက္ခရာကို နှစ်သက်သော ရဟန်း သို့မဟုတ် ပုဒ်ပါဠိ အက္ခရာကို စစ်ဆေးတတ်သော ဗျာကရုဏ်းကျမ်းဆောင် ရဟန်းကို အက္ခရာဘာဏကာ၊[၁] ဒွေမာတိကာကို ဆောင်သော ရဟန်းတော်များကို မာတိကာဘာဏကာ၊ ဇာတ်ပါဠိတော်များ (ဇာတ်တော် ၅၅၀) ကို ဆောင်သော ရဟန်းတော်များကို ဇာတကဘာဏကာ၊ ဓမ္မပဒပါဠိကို ဆောင်သော ရဟန်းတော်များကို ဓမ္မပဒဘာဏကာ၊ ဥဘတောဝိဘင်းပါဠိတော်ကို ဆောင်သော ရဟန်းတော်များကို ဥဘတောဝိဘင် ဘာဏကာ၊ မဟာဝဂ်၊ စူဠဝဂ် ဟူသော ခန္ဓကပါဠိကို ဆောင်သော ရဟန်းတော်များကို ခန္ဓကဘာဏကာ၊[၂] ပဋ္ဌာန်းကျမ်းကြီးကို နှုတ်ရဆောင်သော ရဟန်းကို မဟာပကရဏိက၊[၃] သင်ယူအပ်သော ပရိယတ် အားလုံးကို နှုတ်ငုံဆောင်သောရဟန်းကို သဗ္ဗပရိယတ္တိက၊ မဟာနိဒ္ဒေသကျမ်းကို နှုတ်ရအာဂုံဆောင်သော ရဟန်းတော်များကို မဟာနိဒ္ဒေသ ဘာဏကဘွဲ့ နာမံတို့ မှည့်ခေါ်သတ်မှတ်ကြကြောင်း သိရ၏။[၄]

---

## သီဟိုဠ်ကျွန်း ရဟန်းတော်များဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

သီဟိုဠ်ကျွန်း၌ ကျွန်းတည် အစဆုံး မင်းမှ စ၍ အင်္ဂလိပ် မသိမ်းမီ သီရိဝိက္ကမသီဟတိုင်အောင် မင်းဆက်ပေါင်း ၁၁၇-ဆက်တို့ အုပ်ချုပ်ခဲ့ကြ

---

၁။ အက္ခရဘာဏကာနံ ဘိက္ခူနံ အဇ္ဈာသယေန ဝုတ္တံ၊- သံ၊ဋ္ဌ၊ ၂။ ၅၅။
အက္ခရဘာဏကာနံ အက္ခရရုစိနံ။- သံ၊ ဋီ၊ ၂။ ၇၂။
၂။ ကေစိတိ ခန္ဓကဘာဏကာ၊- သာရတ္ထ၊ ၁။ ၆၆။ သီ၊ ဋီ၊ သစ်၊ ၁။ ၈၆။
၃။ သာသနာ့သမိုင်းဒီပဃ သီဟိုဠ်ဘာသာရေး သာသနာ့သမိုင်း။ ၁၀၅။
၄။ သီဟိုဠ်ဘာသာရေး သာသနာ့သမိုင်းဒီပဃ။ ၁၀၄၊ ၁၀၅။

ကုန်၏၊ ဖော်ပြပါ မင်းများ အနက်တွင် ဗုဒ္ဓသာသနာကို ကြည်ညိုသည့် မင်းများ အများအပြား ပါဝင်သည်၊ သီဟိုဠ်မင်းများသည် ကျမ်းဂန်တတ် သာသနာပြု ရဟန်းတော်တို့အား အခါအားလျော်စွာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍ ကိုးကွယ်ပူဇော်ကြကုန်၏၊ ယင်းဘွဲ့တံဆိပ်တော်များမှာ -

(၁) သံဃရာဇာ ဘွဲ့တံဆိပ်တော်
(၂) ရာဇဂုရု ဘွဲ့တံဆိပ်တော်
(၃) မဟာသာမိ ဘွဲ့တံဆိပ်တော်
(၄) ကဝိစက္ကဝတ္တိ ဘွဲ့တံဆိပ်တော်
(၅) ဝါစိဿရသံဃရာဇာ ဘွဲ့တံဆိပ်တော်

စသည်တို့ ဖြစ်ကုန်၏၊ သီဟိုဠ်ကျွန်း၌ ဒိမ္ဗုလာဂလ အရှင်မဟာကဿပ ထေရ်၊ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တရဋီကာ စသည့် ကျမ်းပြုဆရာတော် အရှင်သာရိပုတ္တရာ စသည်တို့သည် သံဃရာဇာ ဘွဲ့တံဆိပ် တော်ရ မထေရ်တို့ ဖြစ်သည်၊ ဒါဌာဝံသကဗျာ စသည့် ကျမ်းဂန်တို့ကို ပြုစီရင် တော်မူခဲ့သော အရှင်ဓမ္မကိတ္တိသည် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မထေရ် ဖြစ်သည်၊ ရာဇဂုရုဓမ္မကိတ္တိ ဟု ထင်ရှားသည်၊ ၎င်းပြင် သံဃရာဇာ အရှင် သာရိပုတ္တရာသည်ပင် မဟာသာမိ ဘွဲ့တံဆိပ်တော်ရ ဖြစ်၏။

သာရိပုတ္တံ မဟာသာမိံ၊ နေကတ္ထသတ္တ ဝိသာရဒံ၊
မဟာဂုဏံ မဟာပညံ၊ နမော မေ သိရသာ ဂရုံ။ [၁]

သုဗောဓ လင်္ကာရ ကျမ်း, သုဗောဓ လင်္ကာရ ဋီကာဟောင်းကျမ်း, ဝုတ္တောဒယဆန်းကျမ်း, ခုဒ္ဒသိက္ခာဋီကာသစ်, ပယောဂသိဒ္ဓိ, မောဂ္ဂလ္လာန် ပဉ္စိကာဋီကာ, သမ္ဗန္ဓစိန္တာ စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင် သံဃရက္ခိတသည်လည်း မဟာသာမိ ဘွဲ့တံဆိပ်ရ ဖြစ်၏။

အထ တေသု ပရက္ကန္တ - ဘုဇသေဋ္ဌံ သုတံ သဒါ။
မဟာသာမိံ ပုရေက္ခတွာ၊ သံဃရက္ခိတ ဝိဿုတံ။ [၂]

၎င်းပြင် အဘယဂိရိကျောင်းတိုက် အဘယဂိရိဂိုဏ်း၌ ထင်ရှားသည့် သဒ္ဓမ္မောပါယနကျမ်းပြု အရှင်အာနန္ဒာသည် ကဝိစက္ကဝတ္တိဘွဲ့ရ ဟု ဆိုသဖြင့် သီဟိုဠ်၌ "ကဝိစက္ကဝတ္တိ" ဂုဏ်ပြု ဘွဲ့တံဆိပ် ချီးမြှင့်ရိုးရှိကြောင်း သိသာ၏၊

၁။ ခုဒ္ဒသိက္ခာဋီကာသစ် ဂန္ထာရမ္ဘ၊ "မဟာသာမိံ = မဟာသာမိ ဘွဲ့တံဆိပ်ရ ဖြစ်ခဲ့သော" ဟု ဖွင့်ရာ၏။
၂။ မဟာဝံသ၊ ၇၉။ ၇၆။

ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာ ရေး သဒ္ဓမ္မောပါယနကျမ်းနှင့် စပ်၍ သိမှတ်ဖွယ် 'မဟာထေရလလိတ'။ ၁၅၈-၁၅၉-ကြည့်။

"ဝါစိဿရသံဃရာဇာ" ဘွဲ့တံဆိပ်များကိုလည်း သီဟိုဠ်၌ ပေးဆက်လှူဒါန်းလေ့ရှိသည်၊ ခရစ်သက္ကရာဇ် ၁၄၁၅-ခုနှစ်မှ ၁၄၆၇-ခုနှစ်အတွင်း သီဟိုဠ်၌ ပေါ်ထွန်းခဲ့သော ပဒသာဓနဋီကာကျမ်းပြု အရှင်ရာဟုလာသည် "ဝါစိဿရသံဃရာဇာ" ဘွဲ့ရ မထေရ် ဖြစ်သည်၊ ယင်းသို့ ဖြစ်ကြောင်း —

> "သော ဝါစိဿရသံဃရာဇာ ပဝရော ဗျာကာသိ ဋီကံ ဣမံ" ၁

ဟု ဖော်ပြခဲ့လေသည်။

## ပဏ္ဍိတ ဘွဲ့တံဆိပ်

အင်္ဂလိပ်ခေတ်မှစ၍ ယခုခေတ်တိုင် သီဟိုဠ်ကျွန်း၌ "ပဏ္ဍိတ်" ဘွဲ့တံဆိပ်များ သီဟိုဠ်အစိုးရက ပေးဆက်လေ့ ရှိသည်၊ "သီဟိုဠ်, ပါဠိ, သက္ကတ ပဓာနဘာသာ ၃-ဘာသာနှင့် တမီလ်, ဟိန္ဒီ, အင်္ဂလိပ်, ဂဏန်း, အက္ခရာသင်္ချာနှင့် ဂျော်မေထရီ" ဟူသော အပိုဘာသာ ၅-ခုတွင် ကြိုက်ရာ တခုခု ဘာသာများ ပြဋ္ဌာန်းပြီးလျှင် ပဌမဆင့်, ဒုတိယဆင့်, တတိယဆင့် ၃-ဆင့် ထား၍ စာမေးပွဲ ကျင်းပပြီး ဖြေဆို အောင်မြင်မှ ပေးဆက်သည်၊ ရံခါ စာမေးပွဲ မအောင်သော်လည်း တိုင်းသိ ပြည်သိ စာပေ ကျော်စောသည့် ပုဂ္ဂိုလ်များကိုလည်း ပဏ္ဍိတ်ဘွဲ့ ကပ်လှူ၍ နိုင်ငံ၏ ပညာရှိအဖြစ် အသိအမှတ်ပြုသည်။

## သီဟိုဠ်ဘုရင်က မြန်မာပြည် ရာမညတိုင်းသား ရဟန်း ၂၂-ပါးတို့အား ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်များ

မြန်မာသက္ကရာဇ် ၈၃၇-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ရာမာဓိပတိမင်း၏ လျှောက်ထားချက်အရ သီဟိုဠ်ကျွန်းသို့ မဟာဝိဟာရနိကာယ်ဝင် သံဃာတော်များဖြင့် ပဥ္စင်းအသစ်ခံရန် ကြွတော်မူသော အရှင်မောဂ္ဂလ္လာန်ထေရ် ခေါင်းဆောင်သော ရဟန်းသံဃာတော် ၂၂-ပါးတို့အား အောက်ဖော်ပြသည့်အတိုင်း သီဟိုဠ်ကျွန်း ဘုဝနေကဗါဟုမင်းက —

၁။ အရှင်မောဂ္ဂလ္လာန်ထေရ်အား "သီရိသင်္ဃဗောဓိသာမိ"

၂။ အရှင်ကုမာရကဿပထေရ်အား "ကိတ္တိသီရိမေဃသာမိ"

---

၁။ ပဒသာဓနဋီကာ နိဂုံးဂါထာ။ မဟာဝိသုဒ္ဓါရာမနိကာယသာသနာဝင်။ ၁၀၀၄-လည်း ကြည့်။

၃။ အရှင်ဉာဏသာဂရထေရ်အား "ပရက္ကမဗာဟုသာမိ"
၄။ အရှင်ဗုဒ္ဓဝံသထေရ်အား "ဗုဒ္ဓဃောသသာမိ"
၅။ အရှင်နန္ဒထေရ်အား "သီဟဠဒီပဝိသုဒ္ဓသာမိ"
၆။ အရှင်ရာဟုလာထေရ်အား "ဂုဏရတနဓရသာမိ"
၇။ အရှင်သုမင်္ဂလထေရ်အား "ဇိနာလင်္ကာရသာမိ"
၈။ အရှင်ဓမ္မရက္ခိတထေရ်အား "ရတနမာလိသာမိ"
၉။ အရှင်စူဠသုမင်္ဂလာထေရ်အား "သဒ္ဓမ္မတေဇသာမိ"
၁၀။ အရှင်ကဿပထေရ်အား "ဓမ္မာရာမသာမိ"
၁၁။ အရှင်မဏိသာရထေရ်အား "ဘုဝနေကဗာဟုသာမိ"
၁၂။ အရှင်မဟာသီဝလိထေရ်အား "တိလောကဂရုသာမိ"
၁၃။ အရှင်သာရိပုတ္တရာထေရ်အား "သီရိဝစ္စနရတနသာမိ"
၁၄။ အရှင်သုမနထေရ်အား "မင်္ဂလတ္ထေရသာမိ"
၁၅။ အရှင်စူဠကဿပထေရ်အား "ကလျာဏတိဿသာမိ"
၁၆။ အရှင်စူဠနန္ဒထေရ်အား "စန္ဒနဂီရိသာမိ"
၁၇။ အရှင်ဓသာကုတ္တရထေရ်အား "သီရိဒန္တဓာတုသာမိ"
၁၈။ အရှင်ဂုဏသာဂရာထေရ်အား "ဝနဝါသီတိဿသာမိ"
၁၉။ အရှင်ဇဝနပညာထေရ်အား "ရတနာလင်္ကာရသာမိ"
၂၀။ အရှင်စူဠသီဝလိထေရ်အား "မဟာဒေဝသာမိ"
၂၁။ အရှင်ဓမ္မရာဇိကထေရ်အား "ဥဒုမ္ဗရဂိရိသာမိ"
၂၂။ အရှင်စန္ဒနသာရထေရ်အား "စူဠာဘယတိဿသာမိ"

ဘွဲ့တံဆိပ်တော်များ အသီးအသီး ဆက်ကပ်လှူဒါန်းသည်။[၁]

**ပဝရနေရုတ္တိကာစရိယမဟာဝိဘာဝီရာဇဂုရု**

ခရစ်သက္ကရာဇ် ၁၈၃၅ ခုနှစ်တွင် ဖွားမြင်၍ ၁၉၁၇ ခုနှစ်တွင် ပျံလွန်တော်မူသော အဘိဓာနပ္ပဒီပိကာသူစိကျမ်း စသည့် ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်တော်မူခဲ့သော သီဟိုဠ်ကျွန်း ကာဠုတ္တရမြို့ ဝသ်ကဒ္ဒုဝရာဇာတိ

၁။ သီဟိုဠ်ဘာသာရေး ကလျာဏီသာသနဝံသယကျမ်း။ ၁၉။ သာသနာလင်္ကာရစာတမ်း။ ၆၇-၆၈။ ဓော်ကြီးပျော်၏ ကလျာဏီကျောက်စာ မြန်မာပြန် ၈၃-၈၄။

အရှင်သုဘူတိသည် ယိုးဒယားမင်း ဆက်ကပ် လှူဒါန်းသည့် "ပဝရနေတ္တိကာ စရိယ မဟာဝိဘာဝီရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

## ဗုဒ္ဓသာသန မဟာသူရသောမတိ

"ဗုဒ္ဓသာသန မဟာသူရသောမတိ" ဘွဲ့တံဆိပ်သည် သီဟိုဠ်ကျွန်းသား ကျမ်းဂန်တတ် ဓမ္မရတနဆရာကြီးအား ကမ္ဘောဒီယားရှင်ဘုရင်က ပေးအပ်သည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်။

---

မြန်မာနိုင်ငံ၌လည်း ဗုဒ္ဓသာသနာပြု မင်းကောင်းမင်းမြတ်များ သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံသည့် ကျမ်းဂန်တတ် သာသနာပြုဆရာတော် သံဃာတော် အရှင်မြတ်တို့အား သက်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ကိုးကွယ်လေ့ရှိကြောင်း သိရလေသည်။

## ရှင်အရဟံ ဘွဲ့တော်

မြန်မာ့သာသနာပြု, ပုဂံသာသာပြု အရှင်အရဟံမထေရ်၏ အမည်တော် ရင်းကား ဓမ္မဒဿီ ဖြစ်တော်မူသည်၊ "ရှင်အရဟံ" ဟူသော အမည်တော်မှာ မင်း နှင့် ပြည်သူတို့က ချီးမြှင့် မှည့်ခေါ်သော အမည် ဖြစ်သည်။

## သံဃသေနဝရပဏ္ဍိတ် ဘွဲ့တော်

ကျောက်စာများ အရ သက္ကရာဇ် ၄၂၆ - ၄၅၄ ကျန်စစ်မင်းတရား လက်ထက်တွင် အရှင်သံဃသေန အစရှိသော မထေရ်မြတ်တို့အား သံဃသေန ဝရပဏ္ဍိတ် အစရှိသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းကြောင်း ယူဆ နိုင်လေသည်။

## ဓမ္မသေနာပတိ ဘွဲ့တော်

"ကျန်စစ်ဘုရင်၊ စမ္မာဇူ၊ ပဿူဒွေ့ ပုဏ္ဏံ" ဟူသည်နှင့် အညီ ဖော်ပြပါ သက္ကရာဇ် ၄၂၆ - နှစ်တွင် မင်းဖြစ်တော်မူ၍ ၂၈ - နှစ်တိုင် နန်းစံတော်မူခဲ့ သော ကျန်စစ်သားမင်း လက်ထက်တွင် ပုဂံသာသနာတွင် အလွန် ထင်ရှား သည့် ပုဂံမြို့ နန္ဒာကျောင်းတိုက်နေ ကာရိကာကျမ်းပြု အရှင်မြတ်ကို ဓမ္မ သေနာပတိ အမည်ရှိကြောင်း သိရ၏၊ ဖော်ပြပါ ဓမ္မသေနာပတိဘွဲ့ကို မင်းလှူသည့် ဘွဲ့တံဆိပ်ဟု ယူဆနိုင်လေသည်။

တမ္ဗဒီပဝှယေ ရဋ္ဌေ၊ ရိမဒ္ဒနပုရေ ဝရေ။
မဟာထေရာန မာဝါသေ၊ နန္ဒာနာမ ဝိဟာရကေ။

ဝသတာ ထိရစိတ္တေန၊ ဇိနသာသနကာရိနာ။
ဓမ္မာဘောနာပတိနာမ၊ ထေရေန ရစိတာ အယံ။[၁]

## မဟာအဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော်

"အလောင်းစည်သူ၊ ဇောပံဇူ၊ ကြည်ဖြူ ပျည်းသတ္တံ" ဟူသည်နှင့် အညီ သက္ကရာဇ်၄၅၄ - ခုနှစ်မှ စ၍ ၅၂၉ - ခုနှစ်တိုင်အောင် ၇၅ - နှစ် မင်းပြုသော အလောင်းစည်သူမင်းကြီးသည် ဓာတုတ္တသာရ ကျမ်းပြု သာသနာ့ဝန်ဆောင် ဆရာတော်ကြီးကို "မဟာအဂ္ဂပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

"ဒုစည်သူကြီး၊ ဆတ္တံပျည်း၊ ညီးမုတ်ကွ" ဟူသည်နှင့် အညီ ပုဂံ၌ သက္ကရာဇ် ၅၃၆ - ခုနှစ်မှ စ၍ ၅၇၃ - ခုနှစ်တိုင်အောင် ၃၇ - နှစ် မင်းပြုခဲ့သော နရပတိစည်သူမင်း လက်ထက် သောကုပ္ပတ္တိပကာသနီ ကျမ်းပြု ဆရာတော်ဘုရားကို "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ကပ်လှူပူဇော်တော်မူသည်။

## အဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော်

သဒ္ဒနီတိပဒမာလာ, သဒ္ဒနီတိသုတ္တမာလာ, သဒ္ဒနီတိဓာတုမာလာ ဟူသော ပါဠိသဒ္ဒါကျမ်းကြီးများကို ပြုစီရင်တော်မူသော သမ္မာသမ္ဗုဒ္ဓဆုကြီးပန် အရှင်အဂ္ဂဝံသ မထေရ်အား အဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းလေသည်။[၂]

> ဣတိ သမန္တဘဒ္ဒဿ မဟာအဂ္ဂပဏ္ဍိတဿ သန္တိကေ ဂဟိတု-
> ပဇ္ဈာယေန တံ သိဿာ သမန္တဘဒ္ဒဿ အဂ္ဂပဏ္ဍိတဿ ဘာဂိနေယျေန
> ပဋိလဒ္ဓတံ နာမဓေယျေန....အဂ္ဂဝံသာစရိယေန။ — နီတိသုတ္တ၊ ၄၃၂။

—

၁။ ကာရိကာ၊ ၅၆၇၊ ၅၆၈ - ဂါထာ။
၂။ ကျစွာမင်း လက်ထက်ဟုလည်း အဆိုရှိသည်။

## ဒီသာပါမောက္ခ ဘွဲ့တော်

တရုပ်ပြေးမင်း ခေါ် နရသီဟပတေ့မင်း လက်ထက် နိရုတ္တိနယပါရဂူ ဖြစ်တော်မူသည့်ပြင် တရုပ်စာပေများကိုလည်း ကျွမ်းကျင်တတ်မြောက်တော်မူသည့် ဆရာတော်ကြီး (ဦးကျည်ပွေ့)အား "ဒီသာပါမောက္ခ" ဘွဲ့တော် ဆက်ကပ်လှူဒါန်းကြောင်း အစဉ်အဆက် မှတ်သားခဲ့ကြကုန်၏၊ ၎င်းပြင် ပုဂံနောက်ပိုင်း စောမွန်နစ်မင်းလက်ထက် ဒီဃနိကာယ်အဋ္ဌကထာနိဿယကျမ်းပြု ရွှေကျောင်းဆရာတော်၏ ဘွဲ့တော် "အရှင်ဂုဏဝဍ္ဎိသက" မှာလည်း မင်းပေးဘွဲ့ ဖြစ်ဟန်တူပေသည်။

ဝေံ ပုဂါမကာလေပိ၊ ထေရာနံ ထိရသီလိနံ။
ယတိနံ ဥပါဒိ ဒတွာ၊ ပူဇေသုံ ရဋ္ဌပါလကာ။

၎င်းပြင် ပင်းယခေတ်တွင်လည်း ကျမ်းဂန်တတ် ရဟန်းပညာရှိ, လူပညာရှိတို့အား ဆရာတော်ကြီးများနှင့် နိုင်ငံဥသျှောင်မင်းတရားတို့က ဘွဲ့တံဆိပ်များ ပေးအပ် ဆက်ကပ် ဂုဏ်ပြုပူဇော်ကြောင်း သိရလေသည်။

## ကလျာဏီတိဿ ဘွဲ့တံဆိပ်တော်

မြန်မာနိုင်ငံတော် အောက်ပိုင်း ဟံသာဝတီပြည် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီမင်းလက်ထက်၌ ကလျာဏီသိမ်တွင် ရဟန်းတော်ပေါင်း ၁၅၀၀၀ (၁-သောင်း ၅-ထောင်) ကျော်တို့ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေးတော်မူသော အရှင်သုဝဏ္ဏသောဘဏ မထေရ်အား ကလျာဏီတိဿ ဘွဲ့တံဆိပ်တော်ကို လေးမြတ်ကြည်ဖြူ ကပ်လှူ ပူဇော်တော်မူသည်။

## ဓမ္မဝိလာသ ဘွဲ့တံဆိပ်တော်

၎င်းပြင် ဒလမြို့နေ စာပေကျမ်းဂန် တတ်သိလိမ္မာတော်မူသော အရှင်သာရိပုတ္တရာ မထေရ်အား ဓမ္မဝိလာသ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်း ပူဇော်တော်မူလေသည်။

## အရိယဝံသဓမ္မသေနာပတိ ဘွဲ့မည်တော်

ဂန္ထာဘရဏပါဠိ နှင့် မဏိသာရမဉ္ဇူသာဋီကာပါဠိ, မဏိဒီပဋီကာပါဠိ, ဇာတကဝိသောဓန, အနုဋီကာမဟာနိဿယ စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်အရိယဝံသ၏ ဓမ္မသေနာပတိ ဘွဲ့မည်တော်သည်လည်း

မင်းတရားလှူဒါန်းသည့် မူလဘွဲ့နှင့် ဆရာသမားများ မှည့်ခေါ်အပ်နှင်းသည့် တွဲစပ်၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ [၁]

## သီရိမဟာစတုရင်္ဂဗလဘွဲ့

ဆင်ဖြူလေးစီးရှင် သီဟသူမင်း လက်ထက်တွင် ကျယ်ဝန်းခမ်းနား စိုလင်လှသည့် အဘိဓာနပ္ပဒီပိကာ ဋီကာကျမ်းကြီး, လောကနီတိပါဠိ, ဟိတောပဒေသဝတ္ထု, စက်လက္ခဏာဘုရားရှိခိုးပါဠိနိဿယ စသည်တို့ကို ပြုစီရင်ခဲ့သော ပြည်မြို့ဇာတိ အတွင်းဝန် အမတ်ကြီးအား သီရိမဟာစတုရင်္ဂဗလဘွဲ့နာမ ပေးအပ်ချီးမြှင့်ခဲ့လေသည်။

## သုဓမ္မမဟာသာမိ ဘွဲ့တံဆိပ်တော်

ပင်းယခေတ် ဥဇနာမင်း လက်ထက် သက္ကရာဇ် ၆၇၀ ကျော်ခန့်တွင် ဇမ္ဗုက အမည်ရှိသော စကားကျောင်းနေ အရှင်သုဓမ္မထေရ်အား မူလသုဓမ္မနာမည်နှင့် ပဟာသာမိပုဒ် တွဲ၍ "သုဓမ္မမဟာသာမိ"ဟူ၍ မင်းတရားပေးအပ်လှူဒန်းသည်ဟု ယူဆရ၏။ [၂]

## သုဓမ္မာလင်္ကာရ ဘွဲ့တံဆိပ်တော်

ပင်းယမြို့တော် ဥဇနာမင်းကြီး လက်ထက် မြောက်စွန်စကားကျောင်းကို တင်လှူကိုးကွယ်ခြင်းခံရသော အရှင်သုဓမ္မထေရ်သည် မိမိ၏ ဘွဲ့နာမည်ရင်းတွင် အလင်္ကာရပုဒ်နှင့် တွဲစပ်၍ "သုဓမ္မာလင်္ကာရ" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရသည့် မထေရ်မြတ်ဖြစ်ကြောင်း သိသာသည်။ [၃]

## သဒ္ဓမ္မဂုရု ဘွဲ့တံဆိပ်တော်

အနန္တဂုဏသမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိ ပကာသကံ။
သဒ္ဓမ္မာရိယသံဃဉ္စ၊ သက္ကစ္စံ အဘိဝါဒိယ။

ဟူသော ပဏာမဂါထာ ပါရှိသည့် သဒ္ဒဝုတ္တိကျမ်းပြု အရှင်မြတ်သည် "သဒ္ဓမ္မဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်သဒ္ဓမ္မထေရ် ဖြစ်သည်ဟု သိသာသည်။ [၄]

---

၁။ အရိယဝံသ ဓမ္မသေနာပတီတိ ဂုရူဟိ ဂဝိတနာမဓေယျေန မဟာထေရေန။ မဏိမဉ္ဇူဋီကာ။ ၂။ ၅၇၀။
၂။ ပင်းယသာသနာဝင်ကျမ်း အရှင်သုဓမ္မသာမိ မဟာထေရ် ကြည့်။
၃။ ပင်းယသာသနာဝင်ကျမ်း အရှင်သုဓမ္မာလင်္ကာရထေရ် ကြည့်။
၄။ ပင်းယသာသနာဝင်ကျမ်း အရှင်သဒ္ဓမ္မဂုရုထေရ် ကြည့်။

ဤသို့ဖြင့် ငင်ယခေတ်ကလည်း ကျမ်းဂန်တတ် သာသနာ့ဝန်ဆောင် အကျော်အမော် ဆရာတော် သံဃာတော်များအား ဘွဲ့တံဆိပ်တော်များ ဆပ်ကပ် လှူဒါန်း ပူဇော်၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့ကြကုန်၏။

ပင်းယကာလေပိ ရာဇာနော၊ ထေရာနံ ထိရာသီလိနံ။
ဥပါဒိံ တေ ပဒတွာန၊ သာသနံ ပဂ္ဂဟုံ တဒါ။

—

## အင်းဝခေတ် သာသနာဝင် ဘွဲ့ထူး ဂုဏ်ထူးများ

အင်းဝခေတ်တွင်သည်း ဘုရားရှင် သာသနာကို လွန်စွာ သက်ဝင် ယုံကြည်ကြသောမင်းများ သာသနာ့ဝန်ဆောင် ဆရာတော်ကြီးအား ဘွဲ့ထူး ဂုဏ်ထူးများ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ကြောင်း သိရ၏။

### သီလဝံသဓမ္မမဟာဓမ္မရာဇဂုရု

အင်းဝခေတ်တွင် အလွန်လျှင် ကျော်စောကိတ္တိ ရှိလှသော နေတ္တိပါဠိ တော်နိဿယ, နေတ္တိဟာရအရကောက်, ဗုဒ္ဓါလင်္ကာရကျမ်း, မဟာရဟနီတိ, ဓမ္မပါဒပျို့, ရာဇဝသတိလင်္ကာ, ပါရမီတော်ခန်းပျို့, ဆုတောင်းခန်းပျို့ စသည့် ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်မဟာသီလ ဝံသသည် အင်းဝဘုရင် ဒုတိယ မင်းခေါင်ကြီး လှူဒါန်းသည့် "သီလဝံသ ဓမ္မမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

### ရဋ္ဌပါလ မဟာသံဃရာဇာဘွဲ့

ငုံတောင်နိုင်မော်ကွန်း, ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း, မင်္ဂလာ အောင်ပွဲ တော် ရဲရင့်တည်မော်ကွန်း, စတုဓမ္မသာရ ကိုးခန်းပျို့ စသည့်ကျမ်းဂန်ပေါင်း ၂၀ ခန့် တို့ကို ပြုစီရင်တော်မူခဲ့သော အင်းဝခေတ် ထိပ်တန်းစာဆိုတော် အရှင်မဟာရဋ္ဌသာရ (၈၃၈ - ၈၉၂) သည် ပြည်မြို့ ရောက်ရှိစဉ် "ရဋ္ဌပါလ မဟာသံဃရာဇာ" ဘွဲ့တံဆိပ် လှူဒါန်း ဆက်ကပ်ခြင်း ခံရလေသည်။[၁]

### သဒ္ဓမ္မပါလ မဟာဓမ္မရာဇဂုရု

ယဇိတဗ္ဗံ ယဇိတွာန၊ နမိတဗ္ဗံ နမာမဟံ။
ယဇနာဒျာနုဘာဝေန၊ အန္တရာယေ ဇဟံ တဒါ။—

---

၁။ အကျယ် အင်းဝ သာသနာဝင်ကျမ်း စာဆိုတော် အရှင်မဟာရဋ္ဌသာရ မှ ဟာဒထေရ် ကြည့်။

အစချီသည့် ဂန္ထာရမ္ဘ ၉ · ဂါထာ ပါရှိသော နေတ္တိဝိဘာဝနီကျမ်းကြီးကို ပြုစီရင်တော်မူခဲ့သော သက္ကရာဇ် ၉၀၁ – ကျော်တွင် ထင်ရှားသည့် အရှင် ဘဒ္ဒန္တဓမ္မပါလသည် "သဒ္ဓမ္မပါလ ပဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မထေရ်မြတ် ဖြစ်သည်။ [၁]

## သုဝဏ္ဏရံသိသံဃရာဇာ

အာသေယာညေယျဒါဝတံ သုဗောဓိ၊
ပတ္တာန နာထဝရဘူရိပညံ။
ဝန္ဒိ သံဃံ မဏိစန္ဒနေယျံ၊
ဝတ္ထုတ္တယန္တိ ကတပုညတေဇသာ။ –

စသော ၂ · ဂါထာခွဲ ဂန္ထာရမ္ဘ ပါရှိသော ဂန္ထာဘရဏဋီကာ ကျမ်းပြု အရှင်သုဝဏ္ဏရံသိသည် "သုဝဏ္ဏရံသိသံဃရာဇာ" ဘွဲ့တံဆိပ်ရ မဟာထေရ်မြတ် ဖြစ်သည်။ [၂]

## အဂ္ဂဓမ္မာလင်္ကာရ မဟာဓမ္ម ရာဇဂုရု

နန်းကျောင်းမှူး သဒ္ဒါကြီးနိဿယ, မာတိကာ ဓာတုကထာ အရကောက်, ဓာတုကထာ ပါဠိတော် နိဿယ · စသည် ကျမ်းဂန်ပေါင်း ၁၀ · ခန့်တို့ကို ပြုစီရင်တော်မူခဲ့သည့် သက္ကရာဇ် ၉၆၀ · ကျော်တွင် ပေါ်ထွန်းသည့် အင်းဝမြို့ နန်းကျောင်း ဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရသည် "အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ [၃]

## ဝရာဘိနာထသံဃနာယက

သက္ကရာဇ် ၉၉၀ · ပတ်ဝန်းကျင်တွင် ထင်ရှားသည့် မဏိကုဏ္ဍလဝတ္ထုကျမ်းကြီးကို ပြုစီရင်တော်မူခဲ့သော အရှင်ဝရသည် "ဝရာဘိနာထသံဃနာထ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ "မဟာသံဃနာယက, မဟာရာမ" ဘွဲ့တံဆိပ်တော် ၂ – ထပ်ကို အလှူခံရရှိတော်မူသည် ဟူ၍လည်း အဆိုရှိသည်။ [၄]

---

၁။ အကျယ် အင်းဝသာသနာဝင် မဟာဓမ္မရာဇဂုရု အရှင်သဒ္ဓမ္မပါလ မဟာထေရ် ကြည့်။

၂။ အကျယ် အင်းဝသာသနာဝင် ဂန္ထာဘရဏဋီကာကျမ်းပြု အရှင်သုဝဏ္ဏရံသိသံဃရာဇာ မဟာထေရ် ကြည့်။

၃။ အင်းဝသာသနာဝင်ကျမ်း နန်းကျောင်း ဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရ မဟာထေရ် ကြည့်။

၄။ အင်းဝသာသနာဝင်ကျမ်း အရှင်ဝရာဘိနာထသံဃနာယကထေရ် ကြည့်။

## တိလောကာလင်္ကာရ

**သက္ကရာဇ် ၁၀၁၀** ခုနှစ်တွင် မင်းရဲရန္တမိတ်၏ ခမည်းတော် သာလွန်မင်းတရား၏ နန်းတော်ကို ကျောင်းဆောက်တင်လှူခြင်း ခံရသော ပရိယတ္တိဒီပကာကျမ်းပြု အရှင်တေဇောဒီပသည် " တိလောကာလင်္ကာရ " ဘွဲ့တံဆိပ်တော်ရဖြစ်သည်။ [၁]

## ပ၀ရမဟာဓမ္မရာဇဂုရု

ဗားမြို့ဆရာတော်, ဗားတမော့ဆရာတော်တို့နှင့် ခေတ်ပြိုင် ပေါ်ထွန်းခဲ့သော ဘားမဲ့ဆရာတော်သည် "ပ၀ရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာထေရ်ဖြစ်သည်၊ သက်တော် ၈၈ - နှစ်ရှိရာ သက္ကရာဇ် ၉၇၂ - ခုနှစ်တွင် ပျံလွန်တော်မူသည်။ ('အင်း၀သာသနာ၀င်'၊ ပ၀ရမဟာဓမ္မရာဇဂုရု ဘားမဲ့ဆရာတော် ကြည့်။)

## ပ၀ရာဘိရာဇဂုရု

မင်းရဲရန္တမိတ်၏ညီ ပြည်မင်းတရား၏ ရွှေစည်းခုံ အနောက်ကျောင်းရံလေးကျောင်းနှင့်တကွ ဆောက်လုပ်စေအပ်သော ကျောင်းတော်ကြီးကို တင်လှူခြင်းခံရသော အရှင်အဂ္ဂ၀ရထေရ်သည် " ပ၀ရာဘိရာဇဂုရု " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ [၂]

## အရိယာလင်္ကာရ (အလင်္ကာရ)

သာရတ္ထ၀ိကာသိနီ မည်သော ကစ္စာယနဘေဒဋီကာကျမ်းပြု အင်း၀ပဥ္စင်းကျော် အရှင် အရိယသည် "အရိယာလင်္ကာရ (အလင်္ကာရ)" ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်ထူး ဖြစ်သည်၊ (အင်း၀သာသနာ၀င်၊ အင်း၀ပဥ္စင်းကျော် ပဌမ အရှင်အရိယာလင်္ကာရထေရ်ကြည့်) အထူးမှတ်ရန်မှာကား အရှင်အရိယာလင်္ကာရကား အင်း၀ပဥ္စင်းကျော်၊ အရှင်မုနိန္ဒဃောသ (တောင်ဖီလာ ဆရာတော်) ကား ပြည်ပဥ္စင်းကျော် ဖြစ်သည်၊ သိက္ခာ၀ါလည်း တူကြသည် ဟူ၏။

အရိယာလင်္ကာရော အင်း၀ — ပဥ္စင်းကျော်တိ အဘိပါကဋော။
မုနိန္ဒော ပြည်ပဥ္စင်းကျော်တိ၊ ပညာတော သာသနမ္ဗရေ။ [၃]

---

၁။ အင်း၀သာသနာ၀င်ကျမ်း ပရိယတ္တိဒီပကာကျမ်းပြု တိလောကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ အရှင်တေဇောဒီပ ကြည့်။

၂။ မှန်နန်းရာဇ၀င်၊ ၃။ ၂၀၀-ကြည့်။

၃။ အင်း၀သာသနာ၀င်ကျမ်း ကြည့်။

### သိရီသဒ္ဓမ္မဝိလာသ

သဒ္ဒဘေဒဂတံ ဗုဒ္ဓိ၊ ဓမ္မံ တေန ပဝေဒိတံ။
ဘံဃံ တဿ ဂုဏောပေတံ၊ နမိဿိတွာ နမာဒရံ။

အစရှိသည့် ၄ – ဂါထာ ဂန္ထာရမ္ဘ ပါရှိသော အင်းဝခေတ်တွင် ထင်ရှားသည့် ကစ္စာယနသာရဋီကာ သစ်ကျမ်းပြု အရှင်သီရိသည်“သိရီသဒ္ဓမ္မဝိလာသ” (သဒ္ဓမ္မဝိလာသ) ဘွဲ့တံဆိပ်တော်ရ အဖြစ် သိသာသည်။[၁]

### တိပိဋကာလင်္ကာရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု

ဘိက္ခုပါတိမောက်နိဿယနှင့် ဘိက္ခုနီပါတိမောက်နိဿယ, မာတိကာအရကောက်,ဓာတုကထာပါဠိတော်နိဿယ,ယမိုက်ဆယ်ကျမ်းအရကောက်, ပဋ္ဌာန်းအရကောက်ကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ထန်းတပင်ဆရာတော်ဘုရားကြီး အရှင်နန္ဒမေဓာသည် “တိပိဋကာလင်္ကာရသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### အဘိသိရီပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ ထန်းတပင် ဆရာတော်ဘုရားကြီး အရှင်နန္ဒမေဓာသည်ပင်လျှင် “နန္ဒမေဓာဘိသိရီပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။

### တိသာသနဓဇာလင်္ကာရ

“တိသာသနဓဇာလင်္ကာရ” ဘွဲ့တံဆိပ်တော်ကို ဖော်ပြပါ ဘွဲ့တံဆိပ်တော်များ မရမီကပင် အလှူခံ ရရှိတော်မူသည်၊ အရှင်နန္ဒမာလာ ဟူ၍လည်း အမည်တွင်ကြောင်း အဆိုရှိသည်။

### ဓမ္မသာမိဇောတမဟာဓမ္မရာဇဂုရု

၎င်းပြင် “ဓမ္မသာမိဇောတမဟာဓမ္မရာဇဂုရု” ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း စောစီးစွာ အလှူခံရရှိခဲ့သည်ဟု အဆိုရှိသည်၊ သာသနာပိုင် ထန်းတပင် ဆရာတော် ဟူ၍လည်း ထင်ရှားသည်၊ မြန်မာနိုင်ငံ၌ အဘိဓမ္မာညဝါ သာသနာ ထွန်းလင်းသည်မှာ ဖော်ပြပါ ဘွဲ့တံဆိပ်တော် ၄ – ထပ်ရ ထန်းတပင်သာသနာပိုင်၏ စွမ်းဆောင်မှု များစွာ ပါရှိလေသည်။

---

၁။ အင်းဝသာသနာဝင်ကျမ်း၊ ကစ္စာယနသာရဋီကာသစ်ကျမ်းပြု အရှင်သိရီသဒ္ဓမ္မဝိလာသထေရ် ကြည့်။

## ဓမ္မနန္ဒဓမ္မရာဇဂုရု

ကာလကြီးတခုဖြင့် ပေဒပ်ဟောပြောဘက်တွင် ကျွမ်းကျင် နိုင်နင်း အကျိုးပေးသော ရေနံ့ နတ်စက်ရောင်ဆရာတော်သည် သာလွန်မင်းတရားကြီးက တနည်းတဖုံ ကြည်ညိုသဖြင့် "ဓမ္မနန္ဒဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရသည်။ ( မှန်နန်း ။၃။ ၂၉၆ - ကြည့်။ )

## မဟာတိပိဋကာလင်္ကာရ

ဝိနယာလင်္ကာရ ဋီကာကျမ်းကြီးများ, ဝိသတိဝဏ္ဏနာကျမ်း, မာတိကာ အရကောက်ကျမ်း, ယမိုက် အရကောက်ကျမ်း, ပဋ္ဌာန်း အရကောက်ကျမ်း အစရှိသော ကျမ်းပေါင်း ၂၀ ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒဃောသသည် သာလွန်မင်းတရားကြီး လှူဒါန်းသည့် "မဟာတိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

## တိပိဋကာလင်္ကာရ

"တိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော်ကိုလည်း တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသသည် ရှေးဦးစွာ အလှူခံရရှိတော်မူသည်၊ တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒဃောသကား သမ္မာသမ္ဗုဒ္ဓဆုကြီးပန် ပုဂ္ဂိုလ်ထူးဖြစ်တော်မူသည်။ [၁]

## ဇမ္ဗုဒီပဓဇရာဇဂုရု

ပါရာဇိကဏ် ပါဠိတော်နိဿယ, ပါရာဇိကဏ် အဋ္ဌကထာနိဿယ, ပါစိတ် ပါဠိတော်နိဿယ, ပါစိတ်အဋ္ဌကထာနိဿယ, ဝိနည်း မဟာဝါ ပါဠိတော်နိဿယ, ဝိနည်း မဟာဝါ အဋ္ဌကထာ နိဿယ, စူဠဝါ ပါဠိတော်နိဿယ, စူဠဝါ အဋ္ဌကထာ နိဿယ, ပရိဝါ ပါဠိတော် နိဿယ, ပရိဝါ အဋ္ဌကထာ နိဿယ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ပခန်း ရွှေဥမင်ဆရာတော် ဘုရားကြီး ဦးဇမ္ဗူသည် အင်းဝခေတ် သာလွန်မင်းတရားကြီး လှူဒါန်းသည့် "ဇမ္ဗုဒီပဓဇရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ [၂]

## ဓမ္မာဘိသေဋ္ဌာလင်္ကာရ

"ဓမ္မာဘိသေဋ္ဌာလင်္ကာရ" သည်လည်း အင်းဝခေတ် သာသနာဝင် ဘွဲ့ထူး ဂုဏ်ထူးဖြစ်၏။ [၃]

---

၁။ အကျယ် စစ်ကိုင်းသာသနာဝင် ကြည့်။
၂။ ပခုက္ကူသာသနာဝင်။ ၁၆၁ - ၁၆၄ - ကြည့်။
၃။ မှန်နန်းရာဇဝင် ။ ၃ ။ ၂၀၀။

### ဇိနစက္ကာဘိရာမ ရာဇာဓိရာဇဂုရု

"ဇိနစက္ကာဘိရာမ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် ရာဇာဓိရာဇ နာမတ္တပကာသနီကျမ်း, ရာဇာလင်္ကာရကျမ်း, ကစ္စာယနသာရ နိဿယသစ် အကျယ်ကျမ်း, အဘိဓာန် နိဿယ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ကျော်အောင်စံထားဆရာတော် အရှင်ဉာဏဝရ၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်။ [၁]

### အဘိဓမ္မရာဇဂုရု စသည်

ၐင်းပြင် "အဘိဓမ္မရာဇဂုရု, ဉာဏဝိမလ ဓဇ သဒ္ဓမ္မပါလမဟာဂုရု, သီရိသဒ္ဓမ္မ သုဓမ္မာဓိရာဇဂုရု, မဟာဆုဇဂုရု, အလင်္ကာရမဟာရာဇဂုရု ,အနန္တဓဇမ ဟာရာဇဂုရု,အနန္တဓဇမဟာဓမ္မရာဇဂုရု " စသည်တို့သည်လည်း အင်းဝခေတ်၌ ရဟန်း သံဃာတော်တို့အား မင်းမြတ်များ လှူဒါန်းပူဇော်သည့် ဘွဲ့တို့ ဖြစ်ကုန်၏။

ဤသို့ဖြင့် အင်းဝမင်းများ လက်ထက်ကလည်း သာသနာ့ဝန်ထမ်း ထိပ်တန်း ရဟန်းတော်များကို ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပူဇော်၍ ချီးမြှောက်ကြကုန်၏။

> အင်းဝကာလေသု ရာဇာနော၊ ထေရာနံ ထိရသီလိနံ။
> ဥပါဓိဝရေ ဒတွာန၊ သာသနံ နုဂ္ဂဟံ ကရုံ။ [၂]

---

## ကုန်းဘောင်ခေတ် သာသနာဝင် ဘွဲ့တံဆိပ်တော်များ

ကုန်းဘောင်ခေတ်တွင်လည်း မင်းမြတ်များသည် သာသနာ့ဝန်ထမ်း ကျမ်းဂန်တတ်ရဟန်းတော်များကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ကြကုန်၏။

### ဂုဏာဘိလင်္ကာရ

"ဂုဏာဘိလင်္ကာရသဟဿော" ဘွဲ့တံဆိပ်တော်သည် တောင်တွင်းဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ "ဇေယျယုဒ္ဓက်၊ လောင်းမင်းစစ်၊ ရှစ်နှစ်က ဒဏ်ထူ" ဟူသည်နှင့် အညီ သက္ကရာဇ် ၁၁၁၄-ခုတွင် နန်းတက်သော အလောင်းဘုရား လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်ဖွယ်ရာ ရှိ၏။ [၃]

---

၁။ ပခုက္ကူ အဘိဓာန် နိဿယသစ် နိဒါန်းလည်း ကြည့်။
၂။ အင်းဝသာသနာဝင်ကျမ်း။
၃။ ကုန်းဘောင်ဆက်။

## အတုလယသမယဓမ္မ ရာဇာဓိရာဇဂုရု

သက္ကရာဇ် ၁၀၇၆ -ခုနှစ်တွင် အုတ်ရှစ်ကျေးရွာ၌ ဖွားမြင်သော အရှင်ယသအား အလောင်းမင်းတရားကြီးက ဆက်ကပ်သော ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ ယင်းဆရာတော်သည် ၁၁၄၆ -ခုနှစ် သက်တော် ၇၀၊ သိက္ခာတော် ၅၀ - တွင် ဘိုးတော်မင်းတရား၏ အမိန့်ဖြင့် လူဝတ်လဲခံရသည်။

## ဇမ္ဗုဒိပအနန္တဓဇမဟာဓမ္မရာဇဂုရု

" ဇမ္ဗုဒိပအနန္တဓဇမဟာဓမ္မရာဇဂုရု " ဟူသော ဘွဲ့တံဆိပ်တော်သည် ပဋ္ဌမကျော် ဇရစ်ဆရာတော် ( ဦးဇမ္ဗု ) အား အလောင်းမင်းတရားပေးအပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ မင်းတရားသည် တံဆိပ်တော်ကို စက္ကူနီရစ်၍ ဗူးတွင်သွတ်ပြီးစေလျှင် အလှူတော် ပူဇော်ပွဲများနှင့် စည်တော်စုံ ရွှမ်းစေ၍ မှူးတော် မတ်တော်တို့ ကြပ်မတ်လျက် ဆက်ကပ် လှူဒါန်းတော်မူသည်။ [၁]

## ဉာဏသာဂရမဟာဓမ္မရာဇာဓိရာဇဂုရု

အရှင်ဉာဏသာဂရသည် အလောင်းမင်းတရား၏ တံတိုင်းမီးတားကျောင်းဦး ပြာသာဒ်နှင့်တကွ လေးထပ်ဇေတဝန်ကျောင်း ဆောက်တော်မူ၍ လှူဒါန်းပူဇော်ခြင်းခံရသည့် မထေရ်မြတ် ဖြစ်သည်၊ "ဉာဏသာဂရဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။ [၂]

## ဉာဏာဘိဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု

ဝိထိလက်ရိုးကျမ်း, ဂမ္ဘီရတ္ထဒေသနာအရကောက်ကျမ်း, ဒွါဒသရာသီကျမ်း အစရှိသော ကျမ်းဂန်ပေါင်း ၃၀ - ခန့်တို့ကို ပြုစီရင်တော်မူသော အရှင်ဉာဏ တောင်တွင်းဆရာတော် (ခင်ကြီးပျော်)သည် "ဉာဏာဘိဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဖြစ်သည်၊ စစ်ကိုင်းမြို့တည်မင်းတရားကြီးက လွန်စွာ ကြည်ညိုသည်၊ ရတနာသိင်္ဃနေပြည်တော်၏ အရှေ့ မြောက်ယွန်းရှိ ကျောင်းဦးပြာသာဒ်နှင့် တကွ ဇေတဝန်ကျောင်းတော်ကိုလည်း အလှူခံတော်မူရသည်။ [၃]

## သုမနာစာရမဟာဓမ္မရာဇာဓိရာဇဂုရု

ဝက်လက်ဆရာတော်အရှင်သုမနာစာရသည် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရား လက်ထက်တွင် " သုမနာစာရမဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်

---

၁။ ကုန်းဘောင်ဆက်။ ၁ ။ ၂၄၀ - ကြည့်။
၂။ ကုန်းဘောင်ဆက်။ ၂၈၂ -ကြည့်။
၃။ ကုန်းဘောင်ဆက်၊ ၁။ ၃၄၆ - ကြည့်။

တော်ရ ဆရာတော်အဖြစ် ထင်ရှားသည်၊ ဆင်ဖြူရှင်မင်းတရား၏ နှမတော် ကျောင်းကို ဘုံသာစံလွှတ် သမိုက်၍ တင်လျှုခြင်းကိုလည်း ခံတော်မူရသည်။ [၁]

## ဓမ္မာစာရမဟာဓမ္မရာဇာဓိရာဇဂုရု

"ဓမ္မာစာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည်လည်း ဆင်ဖြူရှင်မင်းတရား လက်ထက် မဟာမြတ်မုနိဘုရား အနောက်ယွန်းတွင် အလယ် နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီ၏ကျောင်း အောင်စံလွှတ်ကျောင်းတော်ကို အလှူခံတော်မူသည့် ဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။ [၂]

## ဂုဏာဘိအနန္တမဟာဓမ္မရာဇာဓိရာဇဂုရု

"ဂုဏာဘိအနန္တမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် စဉ့်ကူးမင်း လက်ထက်တွင် စစ်ကိုင်းမြို့ အနောက် ငါးထပ်ကြီးဘုရား အနောက်မြောက် ယွန်း ရေးတောင်ဖီလာကျောင်းဟောင်းတွင် ပဒုမာဒေဝီမိဖုရားခေါင်ကြီး၏ လေးထပ်ဇေတဝန်ကျောင်းတော်ကို အလှူခံရသည့် မင်းအိုဆရာတော် အရှင် ဂုဏ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။ [၃] ယင်းမင်းအိုဆရာတော်ကို ဗဒုံမင်းတရား လက်ထက်တွင်လည်း မင်းတရားကြီးက ကြည်ညို ကိုးကွယ်သည်။

## ကလျာဏလောကစိန္တာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ "ကလျာဏလောကစိန္တာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်သည် စဉ့်ကူးမင်းလက်ထက်တွင် ထင်ရှားသည့် စစ်ကိုင်းတောင်ရိုး ဝတ်ချက်ရွာအောက်ရှိ ရတနာစံလွှတ်ကျောင်းတော်ကို အလှူခံတော်မူရသည့် မှင်းဘူးဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။ [၄]

## ဂုဏမုနိန္ဒာဓိပတိပဝရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ "ဂုဏမုနိန္ဒာဓိပတိပဝရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်သည် စဉ့်ကူးမင်း၏ သာသနာပြုအပ်နှင်းခြင်းကိုခံရသော မန်လည ဆရာတော်အရှင်ဂုဏ၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ [၅] မန်လည်မှာ ဆရာတော်၏ မွေးရပ်ဌာနီရွာ၏ အမည်ဖြစ်သည်၊ မြင်းခြံခရိုင် တောင်သာမြို့နယ် သစိုး မန်လည် (မလည်) ရွာ ဖြစ်သည်။

---

၁။ ကုန်းဘောင်ဆက်၊ ၁။ ၄၀၀။ ၃။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၅။
၂။ ကုန်းဘောင်ဆက်၊ ၁။ ၄၉၀။ ၄။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၆။
၅။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၇။

### ပညာဇောတဓမ္မဒီပဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု

ဖော်ပြပါ "ပညာဇောတဓမ္မဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် တောင်ဘီလူးဆရာတော် အရှင်ပညာရာမအား စေ၀့်ကူးမင်းက လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၁]

### ဓမ္မဒီပသိရီအနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု

အထက်ပါ "ဓမ္မဒီပသိရီအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည်လည်း ကုန်းဘောင်ခေတ် စေ၀့်ကူးမင်း လက်ထက် တွင်ထင်ရှားသည့် မင်းရွာဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၂]

### နရိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ "နရိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် စေ၀့်ကူးမင်း၏ မင်းဆရာတပါး ဖြစ်တော်မူသည့် ဆုံထားဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၃]

### ဉာဏဓမ္မဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ "ဉာဏဓမ္မဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဉာဏသည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် ဆရာတော်ဖြစ်တော်မူသည့် အမရပူရမြို့တည် မင်းတရားကြီး၏ လေးမြတ်ခြင်းကို ခံတော်မူရသည့် ဗဒုံမင်းတရားလက်ထက်တွင် အလယ်နန်းရှင်မိဖုရား၏ လေးထပ်ဇေတ၀န်ရွှေကျောင်းတော်ကို အလှူခံတော်မူရသည်။

## ဗဒုံမင်းတရားလက်ထက် ဘွဲ့တံဆိပ်တော်များ

အမရပူရ မြို့တည်နန်းတည် ဗဒုံမင်းတရားလက်ထက်တွင် ဘွဲ့တံဆိပ်တော် အမျိုးအစားများစွာတို့ကို တွေ့ရသည်၊ ရှေးဦးစွာ ကိုင်းမားမြို့၊ ကျိုင်းရုံးမြို့ အစရှိသော ဒေသတို့သို့ သာသနာပြုစေလွှတ်သည့် ခေါင်းဆောင် မထေရ်မြတ်များ၏ ဘွဲ့တံဆိပ်တော်များကို ထုတ်ပြဦးအံ့။

၁။ ကုန်းဘောင်ဆက်၊ ၁။ '၅၁၇။
၂။ ကုန်းဘောင်ဆက်၊ ၁။ '၅၁၇။
၃။ ကုန်းဘောင်ဆက်၊ ၁။ ၅၁၀။

(၁) ဝိဒေဟတိုင်း ကိုင်းမားမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဂုဏာဝံသာဘိဓဇမဟာရာဇဂုရု "

(၂) ကျိုင်းရိုးမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ပညာဘိဓဇ မဟာရာဇဂုရု "

(၃) မိုင်းလျဉ်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "သီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု "

(၄) မိုင်းညောင်းမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " သီရိပညာ မဟာရာဇဂုရု "

(၅) ခေမာရဋ္ဌတိုင်း ကျိုင်းတုံမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "သီရိသဒ္ဓမ္မဓဇမဟာရာဇဂုရု "

(၆) ဟရိဘုဥ္စတိုင်း ကျိုင်းသေမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " အဂ္ဂပညာဓဇမဟာရာဇဂုရု "

(၇) ကမ္ဗောဇတိုင်း ကျိုင်းတောင်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဇိနာဘိဓဇမဟာရာဇဂုရု "

(၈) သိန္နီမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဇိနိန္ဒာဘိဓဇ မဟာရာဇဂုရု "

(၉) လဲချားမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဓမ္မာဘိဓဇ မဟာရာဇဂုရု "

(၁၀) မိုင်းခေါင်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဉာဏာဘိဓဇမဟာရာဇဂုရု "

(၁၁) တောင်ပိုင်းမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " သီရိမုနိန္ဒာဓဇမဟာရာဇဂုရု "

(၁၂) မိုင်းကိုင်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဒေဝိန္ဒာဘိဓဇ မဟာရာဇဂုရု "

(၁၃) နောင်ပွန်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဂုဏဝံသဓဇမဟာရာဇဂုရု "

(၁၄) ညောင်ရွှေမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " ဝိမိလာဘိဓဇမဟာရာဇဂုရု "

(၁၅) ယောက်စောက်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် " သာရကိတ္တိမဟာရာဇဂုရု "

(၁၆) မိုင်းယုံမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဥတ္တမာဘိဓဇ မဟာရာဇဂုရု"

(၁၇) သီပေါမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "မုနိသာရဓဇ မဟာရာဇဂုရု"

(၁၈) စကားမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ပုညဂမ္ဘီရဓဇ မဟာရာဇဂုရု"

(၁၉) သီကျစ်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "အရိယဝံသဓဇ မဟာရာဇဂုရု"

(၂၀) တဘက်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဣန္ဒာသာရဓဇ မဟာရာဇဂုရု"

(၂၁) ကျိုင်းခန်းမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "သိရိစန္ဒဓဇ မဟာရာဇဂုရု"

(၂၂) ဟဲလုံမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ကဝိဝံသဓဇမဟာ ရာဇဂုရု"

(၂၃) မိုးနဲမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "အဂ္ဂသိရိဓဇမဟာ ရာဇဂုရု"

(၂၄) မိုင်းပံမြို့ သာသနာပြု ခေါင်းဆောင်ဆရာတော် "ဥတ္တမသိရိဓဇမဟာ ရာဇဂုရု"

(၂၅) ဇောတိနဂရတိုင်း မိုးကောင်းမြို့ သာသနာပြု ခေါင်းဆောင် ဆရာ တော် "ဓမ္မသာမိဓဇမဟာရာဇဂုရု"

(၂၆) စိန္ဓတိုင်း မိုးမိတ်မြို့ သာသနာပြု ခေါင်းဆောင်ဆရာတော် "ကဝိန္ဒာ ဘိဓဇမဟာရာဇဂုရု"

(၂၇) ဗန်းမော်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဓမ္မိန္ဒရဓဇ မဟာရာဇဂုရု"

(၂၈) ကျောင်းတုန်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဝိမလာဘိ ဓဇမဟာရာဇဂုရု"

(၂၉) သုနာပရန္တတိုင်း သောင်သွပ်မြို့ သာသနာပြု ခေါင်းဆောင် ဆရာ တော် "ဝရသဒ္ဓမ္မဓဇမဟာရာဇဂုရု"

(၃၀) ခေါင်းတုန်းမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "မုနိန္ဒဓဇ မဟာရာဇဂုရု"

(၃၁) ယောနကတိုင်း ကလေးမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "အာသဘဝေမဟာရာဇဂုရု"

(၃၂) ရာမညတိုင်း ပုသိမ်မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ကဝိန္ဒာဘိဝေမဟာရာဇဂုရု"

(၃၃) မုတ္တမမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ကဝိသာရဝေ မဟာရာဇဂုရု"

(၃၄) ထားဝယ် (ဒဝယ်) မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ပုညသာရဝေမဟာရာဇဂုရု"

(၃၅) မြိတ် (ဗြိတ်) မြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဂုဏာသာရဝေမဟာရာဇဂုရု"

(၃၆) မဟာဝိဟိကတိုင်း ရခိုင် ဓညဝတီမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ဂုဏာဘိဝေမဟာရာဇဂုရု"

(၃၇) ရခိုင် ရမ္မဝတီမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "စန္ဒမေဓာဘိဝေမဟာရာဇဂုရု"

(၃၈) ရခိုင် မေဃဝတီမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "စန္ဒသာရဝေမဟာရာဇဂုရု"

(၃၉) ရခိုင် ဒွါရာဝတီမြို့ သာသနာပြု ခေါင်းဆောင် ဆရာတော် "ပုညဝံသဝေမဟာရာဇဂုရု"

ဆရာတော်တို့ကား ထိုစဉ်က ၅၆ - ၄၁ နမြို့ကြီး ခရိုင်ကြီးများသို့ သာသနာပြု ကြွတော်မူသော မထေရ်မြတ်တို့၏ ဘွဲ့တံဆိပ်တော်တို့ ဖြစ်ကုန်၏။[၁]

## အဂ္ဂဓမ္မာလင်္ကာရမဟာဓမ္မရာဇဂုရု

"အဂ္ဂဓမ္မာလင်္ကာရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် ဗဒုံမင်းတရားလက်ထက်တွင် ရွှေစေတီဆရာတော်ဟု ထင်ရှားသော ရွှေမြို့တော်မြောက်ဘက် မိထွေးတော် ဒလမြို့စား၏ လေးထပ် ဇေတဝန်ကျောင်းတော်ကို တင်လှူခြင်း ခံရသည့် အရှင် အဂ္ဂဓမ္မမထေရ်၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်။[၂]

---

၁။ ကုန်းဘောင်ဆက်၊ ၂။ ၁၉ - ၂၁။ (စာမူတချို့၌ ၄၂ - ပါး ဖြစ်သည်၊ ဘွဲ့ထပ်ဟန်တူပါသည်။)

၂။ ကုန်းဘောင်ဆက်၊ ၂။ ၂၂။

## ကဝိန္ဒာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု

"ကဝိန္ဒာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကား ငါးရာငါးဆယ့် ဇာတ်နိပါတ်ဝတ္ထု စကားပြေကျမ်း, သတိပဋ္ဌာန် နိဿယ, မင်္ဂလတ္ထဒီပနီစသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော မင်္ဂလာဘုံကျော်ကျောင်းတိုက် ညောင်ကန်ဆရာတော်ဘုရားကြီး အရှင်ကဝိန္ဒ၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ ပဒုံမင်းတရား လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်တည်း။[၁]

## ကဝိန္ဒာဘိသဒ္ဓမ္မပဝရမဟာဓမ္မရာဇဂုရု

"ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကား ပြည်မြို့စား ကျောင်းတော်ကို တုလ္လတ်ဘုံစံ ကမ္ပည်းတပ်၍ တင်လှူခြင်း ခံရသော ရွှေတောင်ဆရာတော် အရှင် ကဝိန္ဒထေရ်၏ ဗဒုံမင်းတရား ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၂]

## ဉာဏာဘိလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု

"ဉာဏာဘိလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကား ပရမတ္ထဒီပနီ့စွယ်အဋ္ဌကထာနိဿယ, နာမရူပပရိစ္ဆေဒအဋ္ဌကထာနိဿယ, ဋီကာကျော်နိဿယ, ဝဇီရဗုဒ္ဓိဋီကာနိဿယ,ဝိနည်းငါးကျမ်း အဋ္ဌကထာဂဏ္ဌိ စသည်တို့ကို ပြုစုစီရင်တော်မူခဲ့သော ပဌမဆင်တဲဆရာတော်ဘုရားကြီး၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ ယင်းတံဆိပ် ဗဒုံမင်းတရား လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၃]

## ပရမသိရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု

"ပရမသိရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကား ထေရဝါဒ သာသနာဆက်အလင်းပြ ဝံသဒီပနီကျမ်းပြု မဲထီးဆရာတော်၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ သာသနာလင်္ကာရစာတမ်း၌ "ပရမသိရိဝံသဓဇ မဟာဓမ္မရာဇဂုရု" ဟုလာသည်၊ သို့ရာတွင် ဝံသဒီပနီနိဂုံး၌ "မဲထီးပုဂ္ဂိုလ် ပရမသိရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"ဟု လာသည့် ဗဒုံမင်းတရား လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ဖြစ်သည်။ ဘကြီးတော်မင်းတရားလက်ထက် "ကဝိန္ဒာဘိပရမဓဇ မဟာ

၁။ အကျယ် အမရပူရ သာသနာ၀င်,မန္တလေး သာသနာ၀င်ကျမ်းများ ကြည့်။
၂။ အမရပူရသာသနာဝင် ကြည့်။
၃။ အမရပူရသာသနာ၀င်ကြည့်၊ မန္တလေးသာသနာ၀င်ကျမ်း တောင်ပြင်ဆင်တဲတိုက်သာသနာဝင်လည်းကြည့်၊ ပခုက္ကူသာသနာ၀င်၊ ၂၀၀-၂၀၁-လည်း ကြည့်။

ဓမ္မာစရိယဇောတိကဓဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ရ မဲထိုးဆရာတော်မှာလည်း ယင်း "ပရမတ်ပဒီပဝိသာသနဓဇမဟာဓမ္မာစရိယဇောတိကဓဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဖြစ်ဖွယ် ရှိလည်း။

## ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မာစရိယဇောတိကဓဇဂုရု

"ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မာစရိယဇောတိကဓဇဂုရု" ဘွဲ့တံဆိပ်တော် ကား သီလက္ခန်ဋီကာသစ်ပါဠိ, ပေဋကာလင်္ကာရ ဋီကာ ခေါ် နေတ္တိမဟာ ဋီကာပါဠိ စသည့် ကျမ်းပေါင်း ၄၀ – ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ ဗဒုံမင်းတရား လှူသည့် သာသနာပိုင်ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ ရဟန်း ၆ – ဝါ အလွန် ၇ – ဝါအဝင် ၁၁၄၃ – ခုနှစ် တန်ခူးလဆုတ် ၈ – ရက်နေ့တွင် ဗဒုံ ( ဘိုးတော် ) မင်းတရား ပင့်လျှောက်ချက်အရ နောက်ပါ ဒကာသား ၈၅ - ပါးနှင့်တကွ မောင်းထောင်ရွာမှ အင်းဝမြို့သို့ ကြွတော်မူသည်၊ ထိုစဉ်က "ဉာဏာဘိဝံသ သာသနဓဇမဟာဓမ္မရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်ကို မင်းတရား လှူဒါန်းလေသည်။ ၁

## တိပိဋကာလင်္ကာရသိရီဓဇမဟာဓမ္မရာဇဂုရု

ဖော်ပြပါ"တိပိဋကာလင်္ကာရသိရီဓမ္မမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်မှာ ဘိုးတော်မင်းတရားလက်ထက်တွင် မာတိကာအရကောက်, အဘိဓမ္မတ္ထသင်္ဂဟ ပါဠိ နိဿယ စသည့် ကျမ်းဂန်ပေါင်း၃၀ - ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ဗားကရာ ဆရာတော် အရှင်ဓမ္မာဘိနန္ဒ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ ( အကျယ် 'အမရပူရ သာသနာဝင်' ကြည့်၊ 'ပခုက္ကူသာသနာဝင်'၊ ၁၁၇–၁၉၀။ 'မဟာဝိသုတာရာမ နိကာယ သာသနာဝင်'။ ၁၆၅–၁၆၇ လည်း ကြည့်။)

---

## သာသနာပိုင် မေတ္တာရပ်ခံချက်အရ သံဃာတော် ၂၅-ပါး ဘွဲ့တံဆိပ် ဆက်ကပ်လှူ

### အကြီးဆုံး သက်တော် ၇၀၊ အငယ်ဆုံး သက်တော် ၄၀

၁၁၅၁ - ခုနှစ် တပေါင်း လဆုတ် ၁၁ - ရက်နေ့ သာသနာပိုင် မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသ မေတ္တာရပ်ခံချက်အရ အသောကာရာမ ကျောင်းတင်ပွဲသို့ ရောက်ရှိတော် မူလာကြသော အဝေး ကျေးရွာ

၁။ အကျယ်အမရပူရသာသနာဝင် နှင့် မန္တလေး သာသနာဝင်ကျမ်းများ ကြည့်။

ဂိုဏ်းအုပ်, ဂိုဏ်းချုပ်, ဂိုဏ်းထောက် ၃၀၀ ကျော် ရှိသည့် အနက် သတ္တိ ဗျတ္တိ နှင့် ပြည့်စုံသည့် သီလဝန် ဂုဏဝန် ရဟန်းတော် ၂၅ ပါးတို့အား မင်းတရားသည် ရာဇဂုရုဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းလေသည်၊ ၎င်းတို့မှာ—

( ၁ ) ဒရယ်ခေါင်း ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒိမာအား "စန္ဒသိရိဝံသ မဟာရာဇဂုရု"

( ၂ ) အောင်ပန်း ဂိုဏ်းအုပ် ဆရာတော် အရှင်ဣန္ဒဝဇီရာအား "ဣန္ဒာဘိသဒ္ဓမ္မမဟာရာဇဂုရု"

( ၃ ) ဆင်ဖြူကျွန်း ဂိုဏ်းအုပ် အရှင်ဂုဏဝံသအား "ဂုဏာဘိလင်္ကာရမဟာရာဇဂုရု"

( ၄ ) ကတိုး ဂိုဏ်းအုပ်ဆရာတော် အရှင်ဂုဏဝါအား "ဂုဏာဘိသိရိဓဇ မဟာရာဇဂုရု"

( ၅ ) မောင်းထောင် ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒသာရအား "ဉာဏာဘိလင်္ကာရမဟာရာဇဂုရု"

( ၆ ) ပုဂံ ဂိုဏ်းအုပ်ဆရာတော် အရှင်လင်္ကာဒီပအား "လင်္ကာဘိဝံသဓဇ မဟာရာဇဂုရု"

( ၇ ) ဘန်အိုး ဂိုဏ်းအုပ်ဆရာတော် အရှင်မဏိမဥ္ဇူသာအား "မဏိသာရဓမ္မမဟာရာဇဂုရု"

( ၈ ) ဝက်စုတ် ဂိုဏ်းအုပ်ဆရာတော် အရှင်ဝရစိတ္တအား "ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု"

( ၉ ) သတွတ် ဂိုဏ်းအုပ်ဆရာတော် အရှင်ဝရစိတ္တအား "ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု"

( ၁၀ ) နေရင်း ဂိုဏ်းအုပ်ဆရာတော် အရှင်ပညာရံသီအား "ပညာဘိသိရိဓဇ မဟာရာဇဂုရု"

( ၁၁ ) တပယင်း ဂိုဏ်းအုပ်ဆရာတော် အရှင်သုမနအား "သုမနာဘိစာရ မဟာရာဇဂုရု"

( ၁၂ ) မင်းတဲ ဂိုဏ်းအုပ်ဆရာတော် အရှင်ဝိမလာစာရအား "ဝိမလသဒ္ဓမ္မ မဟာရာဇဂုရု"

( ၁၃ ) အမြင့် ဂိုဏ်းအုပ်ဆရာတော် အရှင်သာရမဥ္ဇူအား "သာရသဒ္ဓမ္မ မဟာရာဇဂုရု"

( ၁၄ ) ပဒုံ ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒိမာအား "စန္ဒာဘိသိရိဓဇ မဟာရာဇဂုရု"

(၁၅) တန့်နီ ဂိုဏ်းအုပ်ဆရာတော် အရှင် ဥတ္တမသာရအား "ဥတ္တမဝံသ ဓရမဟာရာဇဂုရု"

(၁၆) ရတနာသိင်္ဃ ဂိုဏ်းအုပ်ဆရာတော် အရှင်ဉာဏဝိလာသအား "ဉာဏ ဝိလာသဓမ္မမဟာရာဇဂုရု"

(၁၇) ကျောက်ဆောက် ဂိုဏ်းအုပ်ဆရာတော် အရှင်သိရီမဥ္ဇူအား "သိရိ ဝံသာလင်္ကာရမဟာရာဇဂုရု"

(၁၈) လယ်ကိုင်း ဂိုဏ်းအုပ်ဆရာတော် အရှင်ဂုဏဝန္တအား "ဂုဏဝံသဓဇ မဟာရာဇဂုရု"

(၁၉) မောက်တက် ဂိုဏ်းအုပ်ဆရာတော် အရှင်ခေမာစာရအား "ခေမာ ဘိဓမ္မာစာရ မဟာရာဇဂုရု"

(၂၀) ပုံကျ ဂိုဏ်းအုပ်ဆရာတော် အရှင်ကလျာဏအား "ကလျာဏဓမ္မ မဟာ ရာဇဂုရု"

(၂၁) စလင်း ဂိုဏ်းအုပ်ဆရာတော် အရှင်ဝိစိတ္တာလင်္ကာရအား "ဝိစိတ္တာ လင်္ကာရမဟာရာဇဂုရု"

(၂၂) ကျပင်း ဂိုဏ်းအုပ်ဆရာတော် အရှင်ဝရသမ္ဘောဓိအား "ဝရဝံသ ဓဇမဟာရာဇဂုရု"

(၂၃) ကျအို ဂိုဏ်းအုပ်ဆရာတော်အရှင်ဓမ္မဝိလာသအား "ဓမ္မာဘိလင်္ကာရ မဟာရာဇဂုရု"

(၂၄) လေညှင်ပေါက် ဂိုဏ်းအုပ်ဆရာတော် အရှင်မုနိန္ဒဃောသာအား "မုနိန္ဒာ လင်္ကာရ မဟာရာဇဂုရု"

(၂၅) ရေစကြို ဂိုဏ်းအုပ်ဆရာတော် အရှင်ဇောတယန္တအား "ဇောတာ ဘိ သာသနမဟာရာဇဂုရု"

တို့ ဖြစ်ကုန်၏။

ယင်း ၂၅ ပါးအနက် နံပါတ် (၁) "စန္ဒ သိရိဝံသမဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒဓယ်ဂိုဏ်းအုပ် ဆရာတော် အရှင်စန္ဒိမာသည် သက်တော် ၇၀၊ ဝါတော် ၅၀ ရှိ ဆရာတော် ဖြစ်သည်၊ နောက်ဆုံး နံပါတ် (၂၅) "ဇောတာဘိသာသန မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရေစကြို ဂိုဏ်းအုပ် ဆရာတော် အရှင်ဇောတယန္တမှာသက်တော် ၄၀၊ ဝါတော်၂၀ ရှိ ဆရာတော် ဖြစ်သည်။[၁]

---

၁။ အမေးတော်ဖြေကျမ်း။ ၃၂၅-၃၂၈ ကြည့်။

## နရိန္ဒာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

" နရိန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်သည် အမရပူရ ဗဒုံမင်းတရား လက်ထက် ရွှေမြို့တော် အနောက်တောင်ယွန်းတွင် သားတော် အိမ်ရှေ့မင်း, သမီးတော်, သမီးတော် အိမ်ရှေ့မိဖုရားတို့က ဆောက်လုပ်သည့် လေးထပ် ဇေတဝန်မင်္ဂလာဝေယန် ကျောင်းတော်ကို အလှူခံတော်မူရသော ပိုက်သဉ်ဆရာတော် အရှင် နရိန္ဒ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၁]

## ဂုဏမုနိန္ဒာလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု

" ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်မှာ ဗဒုံ(ဘိုးတော်) မင်းတရားလက်ထက် သက္ကရာဇ် ၁၁၅၅ - ခုနှစ် ပဌမ ဝါဆိုလဆန်း ၆ - ရက် နေ့တွင် အမရပူရရွှေမြို့တော် အနောက်တောင်ယွန်းတွင် သားတော် ပြည်မင်းက ဆောက်လုပ်သည့် လေးထပ်ဇေတဝန် တုလွတ်ဘုံစံ ကျောင်းတော်ကို အလှူ ခံတော်မူရသော အရှင်ဂုဏ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၂]

## ပဝရသိရိဝံသာဘိလင်္ကာရမဟာဓမ္မရာဇဂုရု

" ပဝရသိရိဝံသာဘိလင်္ကာရ မဟာဓမ္မရာဇဂုရု " ဘွဲ့တံဆိပ်တော်မှာ ဗဒုံ ( ဘိုးတော် ) မင်းတရား လက်ထက် တောင်ငူ သာသနာပြု ဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။

## ဝံသာဘိသိရီလင်္ကာရဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု

" ဝံသာဘိသိရီလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်သည် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတရား လက်ထက်တွင် ပိဋကတ်တော်များ ရေးကူးရာ၌ ကြပ်မတ်ရသည့် မုံတော ဆရာတော်၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။

— —

## ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတရားလက်ထက် ရာဇာဓိရာဇဂုရု, ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ

သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် နန်းတက်သော ရတနာပူရစတုတ္ထမြို့တည် (ဘကြီးတော်) မင်းတရားကြီးလက်ထက်တွင်လည်း အခြားဓမ္မရာဇ်မင်းများ

---

၁။ ကုန်းဘောင်ဆက်၊ ၂။ ၈၅ - ကြည့်။
၂။ ကုန်းဘောင်ဆက်၊ ၂၊ ၁၂၆ - ကြည့်။

နည်းတူ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်း၌ သတ္တိ ဗျတ္တိနှင့် ပြည့်စုံသော သီလဝန် ဂုဏဝန် ထေရ်အရှင်မြတ်တို့အား ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့သည်။

## မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု

"မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်သည် ဖော်ပြပါ ရတနာပူရ စတုတ္ထ မြို့တည် ( ဘကြီးတော် ) မင်းတရားကြီး လက်ထက် သာသနာပိုင် စလင်း ဆရာတော်ဘုရားကြီး အရှင်ပညာသာမိ၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်၊ ထိုဖန် ဆရာတော်သည် "မုနိန္ဒာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော် မူသည်၊ အခြား ဆရာတော်များအားလည်း အောက်ပါ အတိုင်း ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်များ လှူဒါန်း ဆက်ကပ်တော် မူသည်။

( ၁ ) မြသိန်းတန် ဆရာတော် အရှင်ပညာသာမိကို "ပရမသိရိဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်

( ၂ ) မြသိန်းတန် ဆရာတော် တပါး ဖြစ်သော အရှင်သာသနဓဇတကို "သိရိဂုဏာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"

( ၃ ) ညောင်ကန်ဆရာတော် အရှင်သဒ္ဓမ္မကို "သိရိသဒ္ဓမ္မာဘိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

( ၄ ) အရှင်ပုညရံသီကို "ပုညာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

( ၅ ) ရေစကြို ဆရာတော် အရှင်ဇောတယန္တကို "ဇိနိန္ဒာဘိသိရိပရမသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

( ၆ ) မုံတောဆရာတော် အရှင်ဝီရိယာရမ္ဘကို "ဝံသာဘိသိရိသဒ္ဓမ္မာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

( ၇ ) မဲထီးဆရာတော် အရှင်ကဝိသာရကို "ကဝိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

( ၈ ) သက်ကယ်ကျောင်း ဆရာတော် အရှင်သီလာစာရကို "သိရိပရမဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို အသီးသီး ဆက်ကပ် လှူဒါန်းတော်မူသည်။

ရင်းပြင်—

( ၉ ) ဘုတ်ကန်ကြီးဆရာတော် အရှင်ကပိသာရကို "ဂုဏမုနိန္ဒာဘိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်

(၁၀) ပခန်းကြီး ဆရာတော် အရှင်ပရမကို "ပရမညာဏဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၁) ပုလဲဆရာတော် အရှင်နန္ဒဒီပကို "နရိန္ဒာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၂) ပုဂံဆရာတော်အရှင်ဂုဏာလင်္ကာရကို "ကဝိန္ဒာဘိသိရိပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၃) သဲအင်းဆရာတော် အရှင်သူရိယကို "သဒ္ဓမ္မဝံသာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၄) နေရင်းဆရာတော် အရှင်ဝိမလာစာရကို "ဝိစိတ္တဝံသာဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၅) သစ်ဆိမ့်ဆရာတော် အရှင်ဥက္ကံသကို "အရိယဝံသသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၆) ဝသည်းဆရာတော် အရှင်ဂုဏသာရကို "ဂုဏာဘိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၇) ရွာသစ်ကြီးဆရာတော် အရှင်စန္ဒာမာလာကို "ဉာဏာဘိပရမဝံသမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရှင်းပြင်—

(၁၈) တူးမောင်းဆရာတော် အရှင်ဒီပကို "ဒီပပညာသာမိ သိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၉) ဟန်လင်းဆရာတော် အရှင်ပညာသဒ္ဓမ္မကို "ပညာဘိပရမ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၂၀) ရွှေကျောင်ဆရာတော် အရှင်စန္ဒသိရိကို "ဇိနာဘိပရမ မဟာဓမ္မရာဇာဓိရာဇဂုရု"
(၂၁) ရတနာသိဃ်ဆရာတော် အရှင်ခေမာစာရကို "ဂုဏာဘိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"
(၂၂) ရတနာသိဃ်ဆရာတော် တပါး ဖြစ်သော အရှင် ခေမာလင်္ကာရကို "ပညာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၂၃) မြို့ကြီးဆရာတော် အရှင်ဂုဏဝါကို "ကဝိန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

( ၂၄ ) မြို့ကြီးဆရာတော်တပါး ဖြစ်သော အရှင်ဂန္ဓမာကို " ဂုဏာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု "
( ၂၅ ) စည်ပါဆရာတော် အရှင် သီလာစာရကို " သဒ္ဓမ္မဓဇမဟာဓမ္မရာဇဓိရာဇဂုရု "
( ၂၆ ) မန်လည်ဆရာတော် အရှင်ကဝိန္ဒကို " ခေမာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု "
( ၂၇ ) ကင်းစမ်းဆရာတော် အရှင်ဝါယာမကို " ဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု "
( ၂၈ ) စလင်းဆရာတော် အရှင်ဓမ္မာဘိဓဇကို " ဓမ္မဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု "
( ၂၉ ) အရှင်နန္ဒမဥ္ဇူကို " ဓမ္မာဘိဓဇ မဟာဓမ္မ ရာဓိရာဇဂုရု "
( ၃၀ ) ပုဂံဆရာတော် အရှင်ဓမ္မရံသီကို " နန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ဧင်းပြင် အောက်ပါ ဆရာတော်များကို ရာဇဂုရု ဘွဲ့တံဆိပ်တော်များ လေးမြတ်ကော်ရော် ဆက်ကပ် ပူဇော်တော်မူသည်။

( ၁ ) ကြခတ်ဆရာတော်အရှင်ဝိမလကို " ဝိမလဓဇမဟာဓမ္မရာဇဂုရု "
( ၂ ) ပင်းတလဲ ဆရာတော် အရှင်ပဏ္ဍိတကို " ပရမဓဇမဟာဓမ္မရာဇာဂုရု "
( ၃ ) တောင်လေးလုံးဆရာတော် အရှင်လင်္ကာဒီပကို " ဝိစိတ္တာလင်္ကာရမဟာဓမ္မရာဇဂုရု "
( ၄ ) ဒီပဲရင်းဆရာတော် အရှင်ကလျာဏကို "ကလျာဏသာမိမဟာရာဇဂုရု "
( ၅ ) ယိုးဒယားကျောင်းဆရာတော် အရှင်တိသရဏကို " နရိန္ဒဓဇမဟာဓမ္မရာဇာဂုရု "
( ၆ ) ညောင်ကန်ဆရာတော် အရှင်နန္ဒိယကို " တိသာသနဓဇ မဟာဓမ္မရာဇဂုရု "
( ၇ ) စည်ပုတ္တရာဆရာတော် အရှင်သီရိမာလာကို " သီရိဝံသဓဇမဟာဓမ္မရာဇဂုရု "
( ၈ ) မြေဒူးဆရာတော် အရှင်ဇယန္တကို " ဇနိန္ဒဓဇ မဟာဓမ္မရာဇ ဂုရု"

( ၉ ) မြေဒူးဆရာတော် တပါး ဖြစ်သော အရှင်ပိဋကာလင်္ကာရကို "မုနိန္ဒာဘိဝံသဓဇမဟာဓမ္မရာဇဂုရု"

( ၁၀ ) ရဲကျွင်းဆရာတော် အရှင်ဂမ္ဘီကို "ဂုဏာဘိဓဇ မဟာဓမ္မ ရာဇာ ဂုရု"

( ၁၁ ) ချောင်းခြားဆရာတော် အရှင်ဇောတိရသကို "ဉာဏာဘိဝံသ ဓဇမဟာဓမ္မရာဇဂုရု"

( ၁၂ ) ဘောဂဆရာတော် အရှင်ပညာသီရိကို "မေဓာလင်္ကာရမဟာ ဓမ္မရာဇဂုရု"

( ၁၃ ) မုံတောဆရာတော် အရှင်သီရိမာလာကို "သီရိပရမ မဟာဓမ္မ ရာဇဂုရု"

( ၁၄ ) တုံသစ်ဆရာတော် အရှင်သုစာရိန္ဒကို "သာသနဇောဘ မဟာဓမ္မ ရာဇဂုရု"

( ၁၅ ) တုံသစ်ဆရာတော်တပါး ဖြစ်သော အရှင်ဓမ္မနန္ဒကို "တိသာသန ဓဇမဟာဓမ္မရာဇဂုရု"

( ၁၆ ) မြင်တိုင်ဆရာတော် အရှင်စိတ္တကို "သာသနဓဇ မဟာဓမ္မရာဇဂုရု"

ဘွဲ့တံဆိပ်ကို လှူဒါန်း ဆက်ကပ်တော်မူသည်။

ရင်းပြင်—

( ၁၇ ) မှန်တန်းဆရာတော် အရှင်ဝိစိတ္တကို "ဝိသုဒ္ဓါစာရမဟာဓမ္မရာဇဂုရု"

( ၁၈ ) ဆင်ဘဲဆရာတော် အရှင်ပဏ္ဍိတကို "ပဏ္ဍိတမဟာဓမ္မရာဇဂုရု"

( ၁၉ ) ဖောင်တော်ဦးဆရာတော် အရှင်ဂန္ဓမာကို "ကဝိသာရဓဇမဟာ ဓမ္မရာဇဂုရု"

( ၂၀ ) ဘောင်ရင်းဆရာတော် အရှင်ကေတုကို "ကဝိန္ဒဓဇမဟာဓမ္မရာဇ ဂုရု"

( ၂၁ ) ကျွန်းတောဆရာတော် အရှင်ဂန္ဓမာကို "ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇဂုရု"

( ၂၂ ) ရွှေဘောင်ဆရာတော် အရှင်ပုညမဥ္ဇူကို "မုနိန္ဒဓဇ မဟာဓမ္မရာဇ ဂုရု"

( ၂၃ ) ရွှေတောင်ဆရာတော်တပါးဖြစ်သော အရှင်ဝိစာရိန္ဒကို "ဝီရိယာ-ရမ္ဘမဟာဓမ္မရာဇဂုရု"

( ၂၄ ) တောင်ပေါ်ဆရာတော် အရှင်ဂုဏာဘိကို "ဂမ္ဘီရဓဇ မဟာဓမ္မ ရာဇဂုရု"

( ၂၅ ) ကတိုးဆရာတော် အရှင်ပညာကို "ပရမသိရိမဟာဓမ္မရာဇဂုရု"

( ၂၆ ) ဆိဗန်းနီဆရာတော် အရှင်ဝိမလာစာရကို "ဝိမလဓဇမဟာဓမ္မ ရာဇဂုရု"

( ၂၇ ) ဉယျာဉ်ဆရာတော် အရှင်နရိန္ဒကို "နရိန္ဒဓဇမဟာဓမ္မရာဇဂုရု"

( ၂၈ ) ခိုနန်းဆရာတော် အရှင်ကဝိန္ဒကို "ကဝိန္ဒဓဇ မဟာဓမ္မရာဇဂုရု"

( ၂၉ ) သစ်ပန်းဆရာတော် အရှင်နန္ဒသာရကို "နန္ဒသာရဓဇ မဟာဓမ္မ ရာဇဂုရု"

( ၃၀ ) ရွှေကောင်ယက်ဆရာတော် အရှင်လက်ာဒီပကို "လင်္ကာဒီပဓဇမဟာ ဓမ္မရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရှင်းပြင်—

( ၃၁ ) မောက်တက်ဆရာတော် အရှင်နန္ဒသာရကို "နန္ဒသိရိဓဇ မဟာ ဓမ္မရာဇဂုရု"

( ၃၂ ) အုတ်ရှစ်ကုန်းဆရာတော် အရှင်ဥက္ကံသမာလာကို "ဣန္ဒသာရဓဇ မဟာဓမ္မရာဇဂုရု"

( ၃၃ ) မိုးထိဆရာတော် အရှင်ဝံသာဘိသဒ္ဓမ္မကို "ဝိမလာစာရဓဇ မဟာ ဓမ္မရာဇဂုရု"

( ၃၄ ) ဗားကရာဆရာတော် အရှင်ကလျာဏစက္ကကို "ကလျာဏစက္က ဓဇ မဟာဓမ္မရာဇဂုရု"

( ၃၅ ) ဗားကရာဆရာတော် တပါး ဖြစ်သော အရှင်ကေတုမာလာကို "ကလျာဏ သိရိဓဇ မဟာဓမ္မရာဇဂုရု"

( ၃၆ ) ဗားကရာဆရာတော်တပါး ဖြစ်သော အရှင်ဉာဏကို "ဉာဏဓဇ မဟာဓမ္မရာဇဂုရု"

( ၃၇ ) ဂူကြီးဆရာတော် အရှင်စန္ဒသိရိကို "စိတ္တာလင်္ကာရ ဓဇ မဟာဓမ္မ ရာဇဂုရု"

( ၃၈ ) ဂူကြီးဆရာတော်တပါး ဖြစ်သော အရှင်ပညာသီဟကို "ပညာဓဇ မဟာဓမ္မရာဇဂုရု"

( ၃၉ ) ဘုံကျော်ဆရာတော် အရှင်သုမင်္ဂလကို "သုမင်္ဂလဓဇ မဟာဓမ္မရာဇဂုရု"

( ၄၀ ) ခွေးချိုဆရာတော် အရှင်ဝဏ္ဏာသဘကို "စက္ကသာမိ ဓဇ မဟာဓမ္မရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရင်းပြင်—

( ၄၁ ) ခွေးချိုဆရာတော်တပါး ဖြစ်သော အရှင်မေဓာဝီကို "မုနိန္ဒသာရဓဇ မဟာဓမ္မရာဇဂုရု"

( ၄၂ ) အောင်မြေဘုံကျော် ဆရာတော် အရှင်ကိတ္တိကို "ကဝိသာရဓဇ မဟာဓမ္မရာဇဂုရု"

( ၄၃ ) သရက်တောဆရာတော် အရှင်ပညာဒီပကို "ပညာဇောတဓဇမဟာဓမ္မရာဇဂုရု"

( ၄၄ ) သရက်တောဆရာတော်တပါး ဖြစ်သော အရှင်တိလောကကို "တိလောကာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု"

( ၄၅ ) သရက်တောဆရာတော်တပါး ဖြစ်သော အရှင်မေဓာကို "မေဓာသိရိဓဇမဟာဓမ္မရာဇဂုရု"

( ၄၆ ) သရက်တောဆရာတော်တပါး ဖြစ်သော အရှင်ဇယန္တကို "ဇယန္တဓဇမဟာဓမ္မရာဇဂုရု"

( ၄၇ ) မှန်စီကျောင်းဆရာတော် အရှင်အာသဘကို "အာသဘလောကဉာဏဓဇမဟာဓမ္မရာဇဂုရု"

( ၄၈ ) လွန်းတောင်ဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရကို "သုမနာစာရဓဇမဟာဓမ္မရာဇဂုရု"

( ၄၉ ) ဇောတိနဂရတိုင်း ကျိုင်းတုံကြီးမြို့၌ သာသနာ ပြုတော်မူသော ဆရာတော် အရှင်မဟာနာဂသိန်ကို "မဟာနာဂသေနဓဇမဟာဓမ္မရာဇဂုရု"

( ၅၀ ) ကမ္ဘောဇတိုင်း မိုးနဲမြို့၌ သာသနာပြုတော်မူသော အရှင်သိရိတေဇကို "သိရိတေဇဓဇမဟာဓမ္မရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရင်းပြင်—

(၅၁) ညောင်ရွှေမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သာရဒီပကို " သာရဒီပဓဇမဟာဓမ္မရာဇဂုရု "

(၅၂) မိုင်းခိုင်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဣန္ဒာဝရကို " ဣန္ဒသိရိဓဇမဟာဓမ္မရာဇဂုရု "

(၅၃) မိုးမိတ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်အဂ္ဂမေဓာကို " အရိယဓဇမဟာဓမ္မရာဇဂုရု "

(၅၄) မောက်မယ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သူရိယကို " သူရိယာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု "

(၅၅) တောင်ပိုင်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဂုဏသာရကို " ဂုဏသိရိန္ဒဓဇမဟာဓမ္မရာဇဂုရု "

(၅၆) စံကားမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ပုညဂမ္ဘီကို " ပုညဓဇမဟာဓမ္မရာဇဂုရု "

(၅၇) ကျိုင်းခန်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်အဂ္ဂသိရိကို " အဂ္ဂသိရိဓဇမဟာဓမ္မရာဇဂုရု "

(၅၈) သိန္နီမြို့၌သာသနာပြုတော်မူသော ဆရာတော် အရှင်ဂုဏာလင်္ကာရကို " ဂုဏာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု "

(၅၉) လဲချားမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဓမ္မသိရိကို " ဓမ္မသိရိဓဇမဟာဓမ္မရာဇဂုရု "

(၆၀) ဆရာတော် အရှင်ဂန္ဓမဉ္ဇူကို " ဂန္ဓမာဓဇမဟာဓမ္မရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရင်းပြင်—

(၆၁) နောင်မွန်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဓမ္မရက္ခိတကို " ဓမ္မရက္ခိတဓဇမဟာဓမ္မရာဇဂုရု "

(၆၂) မိုင်းပွန်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သာရကိတ္တိကို " သာသနဂမ္ဘီရဓဇမဟာဓမ္မရာဇဂုရု "

(၆၃) တဘက်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်မဉ္ဇူကို " ဉာဏမဉ္ဇူသာရဓဇမဟာဓမ္မရာဇဂုရု "

(၆၄) ရောက် ( ရပ် ) စောက်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဉာဏဓဇကို " ဉာဏသာရဓဇမဟာဓမ္မရာဇဂုရု "

(၆၅) သီပေါမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်မုနိန္ဒ သာရဇကို "မုနိန္ဒသာရဓဇမဟာဓမ္မရာဇဂုရု"

(၆၆) စိန့်တိုင်း မိုးမိတ်မြို့၌ သာသနာ ပြုတော်မူသော ဆရာတော် အရှင်သာရကိတ္တိကို " သာရကိတ္တိဓဇမဟာဓမ္မရာဇဂုရု "

(၆၇) သုံးဆယ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဣန္ဒသုခကို "ဣန္ဒဝံသိရဓဇမဟာဓမ္မရာဇဂုရု"

(၆၈) မိုင်းလုံးမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဥတ္တမကိတ္တိကို " ဥတ္တမကိတ္တိဓဇမဟာဓမ္မရာဇဂုရု "

(၆၉) ဗန်းမော်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သီလဝံသကို " သီလဝံသဓဇမဟာဓမ္မရာဇဂုရု "

(၇၀) အာဠဝီတိုင်း မိုးညှင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်အဂ္ဂမေဓာကို "အဂ္ဂမေဓာဘိဓဇမဟာဓမ္မရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရှင်းပြွင်—

(၇၁) မေဃရိယတိုင်း မိုးကောင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင် ဗလဗောဓိကို " ပဝရဉာဏဓဇမဟာဓမ္မရာဇဂုရု "

(၇၂) မဟာဝိဟိကတိုင်း ညောင်ဝတီမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဂုဏာဘိဓဇကို " ဂုဏာဘိဝံသဓဇမဟာဓမ္မရာဇဂုရု "

(၇၃) ရာမညတိုင်း ဟံသာဝတီမြို့၌ သာသနာပြုတော် မူသော အရှင်နန္ဒမေဓာကို " နန္ဒမေဓာဓဇမဟာဓမ္မရာဇဂုရု "

(၇၄) ဆရာတော် တပါး အရှင်သီလာစာရကို " သီရိဓဇမဟာဓမ္မရာဇဂုရု "

(၇၅) ထားဝယ် (ဒဝယ်) မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်စန္ဒပညာကို " စန္ဒဓဇမဟာဓမ္မရာဇဂုရု "

(၇၆) တောင်တွင်းကြီးမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ပညာမဥ္ဇူကို " ပညာသာရဓဇမဟာဓမ္မရာဇဂုရု "

(၇၇) ရမည်းသင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်တိက္ခသာမိကို " တိက္ခသာမိဓဇမဟာဓမ္မရာဇဂုရု "

(၇၈) ရန်အောင်မြို့၌ သာသနာ ပြုတော်မူသော ဆရာတော် အရှင်သာရမဥ္ဇူကို " သာရမဥ္ဇူသာဓဇမဟာဓမ္မရာဇဂုရု "

(၇၉) ယင်းတော်မြို့၌ သာသနာပြု သိတင်းသုံးတော်မူသော ဆရာတော် အရှင်အရိယဝံသကို " ဣန္ဒာဘိဓဇမဟာဓမ္မရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို လျှုဒါန်း ဆက်ကပ်တော်မူသည်။

ဂုဏ်းပြင် –

(၈၀) ဆရာတော် အရှင်စန္ဒိမာကို " ဇာနာဘိဓဇမဟာဓမ္မရာဇဂုရု "

(၈၁) ဆရာတော် အရှင်အရိယဝံသကို " အရိယဝံသဓဇမဟာဓမ္မရာဇဂုရု"

(၈၂) ကျောက်ပန်းတောင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်နန္ဒမေဓာကို " နန္ဒသိရိဓဇမဟာဓမ္မရာဇဂုရု "

(၈၃) ဝက်မစွတ်မြို့၌ သာသနာပြုတော် မူသော ဆရာတော် အရှင်စန္ဒမဥ္ဇူသာကို " စန္ဒာဘိဓဇမဟာဓမ္မရာဇဂုရု "

(၈၄) စလင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဩဘာသကို " ဩဘာသဓဇမဟာ ဓမ္မရာဇဂုရု "

(၈၅) တလုပ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သိရိမာလာကို " သိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု "

(၈၆) ဆရာတော်အရှင်နန္ဒမာလာကို " ဟိတ္တပညာဓဇမဟာဓမ္မရာဇဂုရု"

(၈၇) ပခန်းကြီးမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ပညာဒီပကို " ပညာဒီပဓဇမဟာဓမ္မရာဇဂုရု "

(၈၈) ဆရာတော် အရှင်ဩဘာသကို " ဥတ္တမဓဇမဟာဓမ္မရာဇဂုရု "

(၈၉) ယောမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင် သာသနဇောတကို "သာသနဇောတဓဇမဟာဓမ္မရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လျှုဒါန်းတော်မူသည်။

ဂုဏ်းပြင်–

(၉၀) အလုံမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်မေဓာကို " မုနိဝံသဓဇမဟာဓမ္မရာဇဂုရု "

(၉၁) ဆရာတော် တပါး အရှင်ဇမ္ဗုဓဇကို " စက္ကာဘိဓဇမဟာဓမ္မရာဇ-ဂုရု "

(၉၂) ဆရာတော် တပါး အရှင်အဂ္ဂဓမ္မကို "အဂ္ဂဓမ္မာဘိဓဇမဟာဓမ္မ-ရာဇဂုရု "

(၉၃) မုံရွေးဆရာတော် အရှင်အရိယာလင်္ကာရအာဒိစ္စရံသီကို " ဣန္ဒဝ·ဇီရာလင်္ကာရသီရိဓဇမဟာဓမ္မရာဇဂုရု "
(၉၄) မြေဒူးမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဝိဇ္ဇာဝရကို¹ " ဝိသုဒ္ဓါစာရဓဇမဟာဓမ္မရာဇဂုရု "
(၉၅) ပဉ္စာလင်္ကါးမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်သာရ-မဥ္ဇူကို " သာရဓဇမဟာဓမ္မရာဇဂုရု "
(၉၆) မိုင်းကိုင်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဓမ္မဝရကို ဓမ္မဝရဓဇမဟာဓမ္မရာဇဂုရု "
(၉၇) ခေါင်းတို့( ကောင်းတုန် )မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်စန္ဒပညာကို " ဇိနာဘိမုနိန္ဒဓဇမဟာဓမ္မရာဇဂုရု "
(၉၈) ကောင်းလင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်နန္ဒ·ပညာကို " နန္ဒပညာဓဇမဟာဓမ္မရာဇဂုရု "
(၉၉) ကြံညှပ်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ပညာစက္ကကို" ပညာစက္ကဓဇမဟာဓမ္မရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ရှင်းပြင်—

(၁၀၀) မတ္တရာမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဉာဏဒီပကို "ဉာဏဒီပဓဇမဟာဓမ္မရာဇဂုရု"
(၁၀၁) မြင်းခုံတိုင်မြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဂုဏ-မာလာကို " ဂုဏမာလာဓဇမဟာဓမ္မရာဇဂုရု"
(၁၀၂) မြင်းစိုင်းမြို့၌ သာသနာပြုတော်မူသော ဆရာတော် အရှင်ဂန္ဓ·မာလာကို " ဂုဏဝံသဓဇမဟာဓမ္မရာဇဂုရု "

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ထိုမှတပါး မုံရွေးဆရာတော် အရှင်အရိယာလင်္ကာရအာဒိစ္စရံသီကို ဒုတိယအကြိမ် ထပ်မံ၍ "ဣန္ဒဝဇီရာဘိလင်္ကာရသီရိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။²

---

၁။ အရှင်ဝိသုဒ္ဓါစာရ ဖြစ်မည် ထင်၏။
၂။ ကုန်းဘောင်ဆက်၊ ၂။ ၂၄၇-၂၅၆။

## စက္ကိန္ဒာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု နှင့် စက္ကိန္ဒာဘိသိရီ သဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု

ဖော်ပြပါ စက္ကိန္ဒာဘိ စသော ဘွဲ့တံဆိပ်တော် ၂ ခုသည် သဒ္ဒနီတိနိဿယ စသော ကျမ်းပေါင်း ၄၀ ကျော်ကို ပြုစီရင်တော်မူခဲ့သော ညောင်ကန်ဆရာတော် ဦးပုမ် ( ဦးဇမ္ဗုဓဇ ) ၏ ဘွဲ့တံဆိပ်တော်များ ဖြစ်သည်။ " စက္ကိန္ဒာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု " မှာ ပထမ ဘွဲ့တံဆိပ်တော် ဖြစ်၍ စက္ကိန္ဒာဘိသိရီ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု " မှာ ဒုတိယ ဘွဲ့တံဆိပ် ဖြစ်သည်၊ ( အကျယ်အင်းဝ သာသနာဝင် နှင့် မန္တလေး သာသနာဝင်ကျမ်း ညောင်ကန်တိုက် သာသနာဝင်ကြည့်။ )

## အာဒိစ္စာဝံသာဘိဝံသ မဟာဓမ္မ ရာဇဂုရု

" အာဒိစ္စဝံသာဘိဝံသ မဟာဓမ္မရာဇဂုရု " ဘွဲ့တံဆိပ်တော်မှာ ကာရိကာနိဿယသစ်, ခုဒ္ဒကပါဌ ဋီကာသစ်ပါဌ်, စရိယာပိဋကအဋ္ဌကထာနိဿယ, ဗုဒ္ဓဝံသဋ္ဌကထာ နိဿယ စသည့် ကျမ်းဂန်များစွာကို ပြုစီရင်တော်မူခဲ့သော ရတနာပူရ စတုတ္ထ မြို့တည် ဘကြီးတော်မင်းတရားလက်ထက်တွင် ထင်ရှားသည့် ငါးခုံဆရာတော် အရှင်အာဒိစ္စဝံသ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။ ( အမရပူရ သာသနာဝင်ကြည့်။ )

## သီလာစာရသဒ္ဓမ္မာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု

" သီလာစာရသဒ္ဓမ္မာဘိ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်သည် ဘကြီးတော်မင်းတရားလက်ထက် ၁၁၉၀ - ပြည့်နှစ်က မင်းကွန်း ပုထိုးတော်ကြီး အနောက်မြောက်ယွန်း မဟာဗောဓိပင် မဟာရံ တံတိုင်းအနီး တောင်ယံတွင် ဆောက်လုပ်အပ်သော တောရဇေတဝန် မဟာဝေယန်ဘုံသာကျောင်းကို အလှူခံရသော အရညဝါသီဆရာတော် အရှင်သီလာစာရ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်။[၁]

## ရွှေဘိုမင်းတရားလက်ထက် ရဟန်းသံဃာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း

သက္ကရာဇ် ၁၁၉၉ - ခုနှစ်တွင် နန်းတက်သော ရွှေဘိုမင်းတရားလက်ထက်တွင်လည်း ပရိယတ်, ပဋိပတ်, သတ္တိ, ဗျတ္တိနှင့် ပြည့်စုံတော်မူကြသော ဆရာတော်, သံဃာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းတော်မူ၍ ဘုရားမြတ်စွာသာသနာတော်ကို ချီးမြှောက်တော်မူသည်။

---

၁။ ကုန်းဘောင်ဆက်။ ၂။ ၄၆၁။

နန်းတက်သည့် ၁၁၉၉-ခုနှစ် နယုန်လပြည့်ကျော် ၁၃-ရက် နေ့တွင် သဲအင်းရွာ ဇာတိ သဒ္ဓမ္မဝံသာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သဲအင်းဆရာတော်ဘုရားကြီး အရှင်သူရိယအား "သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော် ကပ်လှူ၍ သံဃဦးကိုင် သာသနာပိုင် ခန့်တော်မူသည်။

၎င်းပြင် အောက်ပါ ဆရာတော် ဘုရားကြီး ၁၂ ပါးတို့ အားလည်း "ရာဇာဓိရာဇဂုရု, ရာဇဂုရု" ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းတော်မူသည်။

(၁) ခင်မကန် ဆရာတော်အား "မဏိဇောတာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"
(၂) ထီးလင်းဆရာတော်အား "ဝီရိယာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု"
(၃) ကွမ်းစိုက် ဆရာတော် အား "ပုညာရမ္ဘာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု"
(၄) မောင်းထောင် ဆရာတော်အား "ဥဿယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"
(၅) ယင်းတော်ဆရာတော်အား "ကေသရဝံသာဘိမဟာဓမ္မရာဇာဂုရာဇဂုရု"
(၆) နေရင်းဆရာတော်အား "ဇမ္ဗုဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၇) ဒီပဲယင်းဆရာတော်အား "ဝိဇယာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"
(၈) မိတ္ထီလာ ဆရာတော်အား "ဥတ္တမစက္ကိန္ဒဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၉) ထိန်နဲ ဆရာတော်အား "ပညာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"
(၁၀) မိကျောင်းရဲ ဆရာတော်အား "ဝိစာရိန္ဒာဘိဝံသမဟာဓမ္မရာဇဂုရု"
(၁၁) မိုးညှင်း ဆရာတော်အား "နရိန္ဒာဘိသိရိဓဇမဟာဓမ္မရာဇဂုရု"
(၁၂) လယ်ကိုင်းဆရာတော်အား "ဉာဏိန္ဒာဘိစက္ကဓဇမဟာဓမ္မရာဇဂုရု"[၁]

၁။ ကုန်းဘောင်ဆက်၊ ၂။ ၅၅၂၊ ဘွဲ့တံဆိပ်တော် ပေးပုံ ၃-ဆင့် ဖြစ်၏၊ ၁- အဆင့် ဓမ္မသေနာပတိ (သာသနာပိုင်)၊ ၂- အဆင့် ရာဇာဓိရာဇဂုရု၊ ၃- အဆင့် ရာဇဂုရု၊

## ဥဒေယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု

"ဥဒေယျဓမ္မာဘိဝံသ" အစရှိသော ဖော်ပြပါ တံဆိပ်တော်ကား စိတ္တ-နိဂ္ဂဟကျမ်း, ဓုရာရမ္ဘပဋ္ဌိပဒါကျမ်း စသည့် ကျမ်းပေါင်း ၁၆ - ကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော သာသနာပိုင် ဒုတိယ မောင်းထောင် ဆရာတော် အရှင်ဥဒေယျမဟာထေရ်အား ရွှေဘိုမင်း (သာယာဝတီမင်း)က သက္ကရာဇ် ၁၂၀၁ - ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ - ရက်နေ့တွင် လှူဒါန်းသည့် သာသနာပိုင် ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ ဖော်ပြပါ မောင်းထောင် ဆရာတော် ကား လွန်စွာ ထူးခြားသည်၊ ၁၁၉၉ - ခုနှစ် နယုန်လကလည်း သာယာ ဝတီမင်းတရား လှူဒါန်းသည့် "ဥဒေယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်၊ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်အခါ၌လည်း သက္ကရာဇ် ၁၂၁၅ - ခုနှစ် ကဆုန်လတွင် "ဥဒေယျဓမ္မာဘိ မုနိဝရ ဉာဏကိတ္တိသိရိဓဇ ဓမ္မသေနာပတိ - မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ၍ ဒုတိယအကြိမ် သာသနာပိုင် ဖြစ်တော်မူသည်။[၁]

## ရာဇာဓိရာဇဂုရု, ရာဇဂုရု ဆရာတော် ၁၃ - ပါး

သာသနာပိုင် ဒုတိယ မောင်းထောင် ဆရာတော် ဘုရားကြီး၏ မွေးရပ် ဌာနေ ဖြစ်သော နတ်ရဲတောင်ရွာ၌ သာသနာပိုင် ဒုတိယ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ကောင်းမှုတော်စေတီ၌ ၁၂၁၆ - ခုနှစ် တပို့တွဲလဆန်း ၁ - ရက်နေ့က စိုက်ထူသော ကျောက်ထီးတော်ကြီးများကို လှူသူများစာရင်းတွင် ရာဇာဓိရာဇဂုရု, ရာဇဂုရု ဆရာတော်ကြီး ၁၃ - ပါး တို့၏ စာရင်းကို အောက်ပါအတိုင်း တွေ့ရသည်။

(၁) "သုဒဿနဝရဓမ္မသာမိမဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံ တော်ရှိသော ရွှန်းစုဝန် မဟာမင်းထင်မင်းကျော် ဆရာတော်က ပဉ္စမ ကျောက်ထီး ၁။

(၂) "ဉာဏိန္ဒာဘိသိရိဓဇ ပရမ မဟာဓမ္မ ရာဇဂုရု" တံဆိပ်နာမံတော် ရှိသော တောင်ညို မြို့စားမင်းသမီး ဆရာတော်က တတိယ ကျောက်ထီး ၁။

---

၁။ မန္တလေး သာသနာ့ဝင်ကျမ်း၊ မဟာဝိသုတာရာမတိုက်တော် သာသနာ့ဝင် ကြည့်။ မဟာဝိသုတာရာမ နိကာယ သာသနာ့ဝင်။ ၁၇၁ - ၁၉၇ လည်း ကြည့်။

(၃) "ခေမာလင်္ကာရ ဂုဏကိတ္တိသီရိမဟာဓမ္မရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ကျောက်ပန်းတောင်းမြို့စားမင်းသား ဆရာတော်က ပဌမ ကျောက်ထီး ၁။

(၄) "ဥတ္တမာစာရ ပရမဇေ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆင်ဝန်သတိုးမဟာမင်းခေါင် ဆရာတော်က ဆဋ္ဌမ ကျောက်ထီး ၁။

(၅) "ဇာဂရာဓမ္မ ပရမကိတ္တိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆရာတော်က သတ္တမကျောက်ထီး ၁။

(၆) "ပုညာဘိဝံသဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆရာတော်က ၁။

(၇) "ဇမ္ဗုဒီပဓဇပဉ္စ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ် နာမံတော်ရှိသော နေရင်းဆရာတော်က ကော့ဒသမ သံစက်ဝန်းထီးကြီး ၁။

(၈) "ဝိသုဒ္ဓါစာရဇေမဟာ ဓမ္မရာဇဂုရု" တံဆိပ် နာမံတော် ရှိသော ယိုးဒယားဝန် ပင်လယ်မြို့စား မင်းလှကျော်သူ ဆရာတော်က စိုက်လှူအပ်သော ပဥ္စမ ကျောက်ထီး ၁။[၁]

(၉) "ဇိနာလင်္ကာရမဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ် နာမံတော်ရှိသော ငါးစို့ဆရာတော်က စိုက်ထူအပ်သော တတိယ ကျောက်ထီး ၁။

(၁၀) "ကလျာဏဇောတသာသနဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော ဆရာတော်က စိုက်ဆောက် အပ်သော စတုတ္ထ ကျောက်ထီး ၁။

(၁၁) "ကေသရာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ် နာမံတော်ရှိသော ဆရာတော်က စိုက်လှူအပ်သော ပဌမ ကျောက်ထီး ၁။

(၁၂) "ဉာဏမဉ္ဇူသာ ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ် နာမံတော်ရှိသော ဆရာတော်က ဆဋ္ဌမ ကျောက်ထီး ၁။

(၁၃) "ပဏ္ဍိတာဘရ ဓမ္မသာမိ သီရိမဟာဓမ္မ ရာဇဂုရု" တံဆိပ် နာမံတော်ရှိသော ဆရာတော်က သတ္တမ ကျောက်ထီး ၁၊

---

၁။ မှန်ပြာသာဒ်က စ၍ အရှေ့တူရူအရပ်သို့ အစဉ်အတိုင်း စိုက်လှူဒါန်းသည့် ထီးများကို ဆိုလိုသည်။

ဟူ၍ "ရာဇာဓိရာဇဂုရု, ရာဇဂုရု" ဆရာတော် ၁၃ ပါး နာမည်များကို တွေ့ရ၏၊ ယင်းဆရာတော် ၁၃ ပါးသည် ဒုတိယ မောင်းထောင် သာသနာပိုင် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ကပ်လှူစဉ်က ဘွဲ့တံဆိပ်တော် အလှူခံ ရရှိစဉ်က ဆရာတော်တချို့ ပါဝင်ဘွယ်ရာရှိသည်။[၁]

**ပညာဇောတာဘိသိရိပဝရဝိဇယာလင်္ကာရ**

**ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု**

ဖော်ပြပါ ပညာဇောတာဘိသိရိပဝရ စသော တံဆိပ်တော်သည် သုတ်ပါထေယျ အဋ္ဌကထာနိဿယသစ်, အင်္ဂုတ္တိုရ်ပါဠိတော်နိဿယသစ်, အင်္ဂုတ္တိုရ်အဋ္ဌကထာနိဿယသစ် စသည့် ကျမ်းပေါင်းများစွာကို ပြုစုစီရင်တော်မူခဲ့သော ဒုတိယ ဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာဇောတအား ၁၂၁၀ ခုနှစ် တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ပုဂံမင်းတရားက လှူဒါန်းသည့် သာသနာပိုင် ဘွဲ့တံဆိပ်တော် ဖြစ်သည်။

အခြား အောက်ပါဆရာတော် ၂၁ ပါးတို့အားလည်း "ရာဇာဓိရာဇဂုရု, ရာဇဂုရု" ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းတော်မူသည်။

(၁) မဟာဝိဇယာရာမတိုက်တော်နေ ငခုန်ဆရာတော် အရှင်ဒီပါလင်္ကာရအား "ဒီပါလင်္ကာရာဘိသိရိဓဇ မဟာဓမ္မရာဇဂုရု"

(၂) ပခန်းမင်းသမီး တိုက်နေ ပခန်းမြို့ဆရာတော် အရှင်ပဒုမအား "ပဒုမာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) ဗန်းမော်တိုက်နေ ရွှေဘောင်မြို့ အရှင်ပဏ္ဍိတအား "ပဏ္ဍိတဂုံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၄) မဟာဝိဇယာရာမတိုက်တော်နေ မြေထဲမြို့ဆရာတော် အရှင်အရိယအား "အရိယဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"

(၅) မဟာဝိဇယာရာမတိုက်နေ အဝမြို့ဆရာတော် အရှင်ကလျာဏအား "ကလျာဏဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၆) မဟာဝိဇယာရာမတိုက်နေ ရွှေမြို့တော်ဆရာတော် အရှင်ပဏ္ဍိတအား "ပဏ္ဍိတာဘိ သိရိဓဇမဟာဓမ္မရာဇဂုရု"

(၇) သရက်တောမြောက်တိုက်နေ ဒီပဲရင်းမြို့ဆရာတော် အရှင်ဥတ္တမအား "ဥတ္တမာစာရာဘိဓဇမဟာဓမ္မရာဇဂုရု"

---

၁။ သောကမာရဇိန်စာတမ်း ဒေမှူ၊ မန္တလေးသာသနာဝင်ကျမ်း၊ မဟာဝိသုတာရာမတိုက်တော် သာသနာဝင်လည်း ကြည့်။

(၈) ဆီးဗန်းနီတိုက်နေ ဟန်လင်းမြို့ဆရာတော် အရှင်သီလာစာရအား "သီလာစာရာဘိသိရိဓဇမဟာဓမ္မရာဇဂုရု"

(၉) မြသိန်းတန်တိုက်နေ ဒီပဲရင်းမြို့ဆရာတော် အရှင်သီရိမာလာအား "သီရိမာလာဘိဓဇ မဟာဓမ္မရာဇဂုရု"

(၁၀) သရက်တောတိုက်နေ ပခန်းကြီးမြို့ ဆရာတော် အရှင်သောဘဝန္တစာရအား "သောဘဝန္တစာရာဘိဓဇမဟာဓမ္မရာဇဂုရု"

(၁၁) တောင်လေးလုံးတိုက်နေ ရွှေမြို့တော်ဆရာတော် အရှင်ဇယန္တဝရအား "ဇယန္တဝရဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၁၂) ဂူကြီးတိုက်နေ ဒီပဲရင်းမြို့ဆရာတော် အရှင်သူရိယအား "သူရိယဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၁၃) လောကမုန်ကင်းတိုက်နေ ပင်းတလဲမြို့ ဆရာတော် အရှင် စိတ္တရအား "စိတ္တရမာလာဘိဓဇမဟာဓမ္မရာဇဂုရု"

(၁၄) ဂူကြီးတိုက်နေ ရွာသစ်ကြီးဆရာတော် အရှင်မေဓာအား "မေဓာလင်္ကာရသိရိဓဇမဟာဓမ္မရာဇဂုရု"

(၁၅) မြင်းစုဝန်တိုက်နေ ကျောက်ပန်းတောင်းမြို့ဆရာတော် အရှင်အာစာရအား "အာစာရာဘိဝံသဓဇမဟာဓမ္မရာဇ ဂုရု"

(၁၆) စီးတော်မြင်းဝန်တိုက်နေ မြေဒူးမြို့ ဆရာတော် အရှင်သုမင်္ဂလာသာမိအား "သုမင်္ဂလသာမိဓဇမဟာဓမ္မရာဇဂုရု"

(၁၇) ဆတဲင်တိုက်နေ ကန္နီမြို့ ဆရာတော် အရှင်သာဂရအား "သာဂရဝံသာဘိဓဇမဟာဓမ္မရာဇ ဂုရု"

(၁၈) အောင်မြေရွှေဘုံတိုက်နေ ရွှေမြို့တော်ဆရာတော် အရှင်ကေတုအား "ကေတုမာလာဘိဓဇမဟာဓမ္မရာဇဂုရု"

(၁၉) သစ်ဆိမ့်တိုက်နေ ပင်းမြို့ဆရာတော် အရှင်သာသနအား "သာသနဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၂၀) ကတိုးတိုက်နေ ရွှေမြို့တော်ဆရာတော် အရှင်အာလောကအား "အာလောကဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"

(၂၁) စန္ဒာမုနိတိုက်နေ ဆင်ဖြူကျွန်းဆရာတော် အရှင်ပညာသီဟအား "ပညာသီဟာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို အသီးသီး ဆက်ကပ် လှူဒါန်းတော်မူသည်။[၁]

---

၁။ ကုန်းဘောင်ဆက်။ ၇၀ - ၇၁။

# မင်းတုန်းမင်းလက်ထက် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်, ဘွဲ့တံဆိပ်တော်များ

သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် နန်းတက်တော်မူသော ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၆-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဉေယျနှင့် အခြားဆရာတော် ၄၂-ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းလေသည်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အကြောင်း ကြေငြာခဲ့သည်မှာ ၁၂၁၅-ခု ကဆုန်လက ဖြစ်၏၊ သို့ရာတွင် ဘွဲ့တံဆိပ်တော်များ ပြုလုပ်စေ၍ ဆက်ကပ်သည်မှာ ၁၂၁၆-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့ ဖြစ်သည်၊

အမရပူရ ရွှေမြို့တော် အတွင်း အနောက်မြောက်ထောင့် ဆင်ကြိုးရွှေကူဘုရားရင်ပြင်တော် အနီး မြောက်နန်းမတော်မိဖုရား သီရိမဟာရတနာမင်္ဂလာဒေဝီက သုဓမ္မာဇရပ် ဆောက်လုပ်ပြီးစီးသဖြင့် ရေစက်တော်သွန်းချ တံဆိပ်တော်လှူ ထွက်တော်မူရာ သာသနာပြုဆရာတော် အရှင်ဉေယျ ဆရာတော်ဘုရားကြီးနှင့် အရှီဆရာတော် သံဃာတော် ၄၂-ပါးတို့ကို တပ်ဦးတော်က ပင့်ဆောင် ကြွသွားတော်မူစေ၍ သံဃာ့ဦးကိုင် သာသနာပိုင် ဆရာတော်ဘုရာကြီးလှူရန် တံဆိပ်တုံးများကိုရွှေဖောင်ပေါ်တွင် တင်၍ထီးဖြူတော်ဆောင်းမိုးပြီးလျှင် မှူးတော် မတ်တော်တို့ ဗောင်းဝတ်လုံ စလွယ် ဆင်ယင် ပိုက်ပွေ့စေပြီးမှ ရွှေဖျား စနမြောင်သိုင်းနှင့် ရင်းနောက် စည်တော်စုံ ခင်းကျင်း၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား, မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော် အပေါင်းတို့ ခြံရံလျက် ၁၂၁၆-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် တပ်တော်, ဝန်းတော်မင်း အခင်းအကျင်းများနှင့် ထွက်တော်မူပြီးလျှင် သုဓမ္မာဇရပ်ကို ရေစက်သွန်းချတော်မူသည်၊ ဆုတောင်းတော်စာနှင့် တံဆိပ်တုံးများကို ဖတ်လျှောက်မြဲ ဖတ်လျှောက်ပြီးလျှင်—

(၁) သံဃာ့ဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉေယျအား "ဉေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရိသဒ္ဓမ္မဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) ဗားကရာဆရာတော်အား "ပညာဇောတ ဓမ္မသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) ပြည်ဆရာတော်အား "မေဓာဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

( ၄ ) ခင်မကန် ဆရာတော်အား “ မုဏိဇောတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

( ၅ ) စံကျောင်းဆရာတော် အရှင်စန္ဒိမာအား “စန္ဒိမာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ”

( ၆ ) ထီးလင်းဆရာတော်အား “ ဝီရိယာဝရ အရိယာဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

( ၇ ) ဘုံကျော်ဆရာတော်အား “ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု”

( ၈ ) စကုဆရာတော်အား “ မုနိန္ဒပရမဓမ္မသီရိမဟာဓမ္မရာဇာဓိရာဇဂုရု ”

( ၉ ) တုတ်သုန်းဆရာတော်အား “အရိယဝံသာလင်္ကာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

( ၁၀ ) ဆင်တဲဆရာတော်အား “ဉာဏကိတ္တိယတိသာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ”

( ၁၁ ) ကတိုးဆရာတော်အား “ သာသနဇောတာဘိကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု”

( ၁၂ ) မာရ်အောင်ဆရာတော်အား “ဇမ္ဗုဒီပဓဇ မုနိဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ”

(၁၃) လောကမှန်ကင်းဆရာတော်အား “ကလျာဏဝံသ အရိယဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု”

( ၁၄ ) ယင်းတော်ဆရာတော်အား “ ကေသရဝံသ သဒ္ဓမ္မသီရိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

( ၁၅ ) မဟာဗောဓိဆရာတော်အား “ ကဝိန္ဒဓဇဂုဏမဥ္ဇူသာ မဟာဓမ္မ ရာဇာဓိဇဂုရု ”

( ၁၆ ) အမရပူရမြို့ဝန်တိုက်နေ အုတ်ကျောင်းဆရာတော် အရှင်ဝါယမ အား “ ဝါယာမဓဇသဒ္ဓမ္မသီရိမဟာဓမ္မရာဇာဓိရာဇဂုရု”

( ၁၇ ) သင်္ဆိမ့်ဆရာတော်အား “ တေဇောသာဘိ ပဏ္ဍိဘဂုဏ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

( ၁၈ ) ညောင်ကန်ဆရာတော်အား “ဉာဏိန္ဒာဘိပဏ္ဍိတ ဓုရမ မဟာဓမ္မ ရာဇာဓိရာဇဂုရု ”

(၁၉) သရက်တောဆရာတော်အား “ မေဓာဘိမုနိပရမဓမ္မသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု ”

(၂၀) လေးထပ်ဆရာတော်အား “ ပညာသီဟာဘိ မုနိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု ” ၁

(၂၁) ဘုံကျော်တိုက်နေ ဆရာတော် အရှင်ဇဏ္ဍအား “ ဝိမလာစာရဓဉာဏဓဇမဟာဓမ္မရာဇဂုရု ”

(၂၂) တောင်လေးလုံးဆရာတော် အရှင်ဇယန္တအား “ ဇယန္တာဘိပံသဝရဓဇမဟာဓမ္မရာဇဂုရု ”

(၂၃) ဂူကြီးဆရာတော်အား “ စန္ဒာဘိသိရိ ကဝိဓဇ မဟာဓမ္မရာဇဂုရု ”

(၂၄) အောင်မြေရွှေဘုံဆရာတော်အား “ ကေတုဓမ္မဝရာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု ”

(၂၅) ပုသိမ်ဆရာတော်အား “ သဒ္ဓမ္မရံသိ အရိယပရမ မဟာဓမ္မရာဇဂုရု ”

(၂၆) ခွေးချိုဆရာတော်အား “ ဇနိန္ဒာဘိ မုနိယသစိတ္တ မဟာဓမ္မရာဇဂုရု ”

(၂၇) ထီးလင်းဆရာတော် အရှင်သိရိအား “ သိရိန္ဒာဘိဇောတဓမ္မာလင်္ကာရ မဟာဓမ္မရာဇဂုရု ”

(၂၈) မေဃဝတီဆရာတော်အား “ ဇနိန္ဒာဘိဉာဏသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု ”

(၂၉) ပင်းဆရာတော်အား “ ခေမာလင်္ကာရ ဂုဏကိတ္တိသာရ မဟာဓမ္မရာဇဂုရု ”

(၃၀) အာသောကာရာမတိုက်နေ ဆရာတော် အရှင်ဂုဏအား “ ဂုဏာဘိဝရဓမ္မကဝိဇောတမဟာဓမ္မရာဇဂုရု ”

(၃၁) မြင်းဝန်ဆရာတော်အား “ အာစိဏ္ဏာဘိဗုဒ္ဓသဒ္ဓမ္မကိတ္တိ မဟာဓမ္မရာဇဂုရု ”

(၃၂) ပင်းတလဲ ဆရာတော်ဘုရားအား “ သုဇာတာပရမဂုဏပတိသာရ မဟာဓမ္မရာဇဂုရု ”

---

၁။ နံပါတ် ၂၀-အထိ အဇာဓိရာဇဂုရု ဖြစ်၏။

(၃၃) ရွှေယင်းမာ ဆရာတော်အား " ဇာဂရာနတ္တမုနိသဒ္ဓမ္မဝရ မဟာဓမ္မရာဇဂုရု "

(၃၄) ဆူးခါး ဆရာတော်အား " နန္ဒမေဓာဘိသိရိပရမ မဟာဓမ္မရာဇဂုရု "

(၃၅) ရွှေတိုက်ဝန် ဆရာတော်အား " အရိန္ဒမဝရဗုဒ္ဓိဝိမလ မဟာဓမ္မရာဇဂုရု "

(၃၆) ရွှေတောင် ဆရာတော်အား " ပဏ္ဍိတဇေမုနိန္ဒဃောသ မဟာဓမ္မရာဇဂုရု "

(၃၇) ကျောက်မြောင်း ဆရာတော်အား " ကေတုမာလာလင်္ကာရ ဓမ္မရာဇဂုရု "

(၃၈) ဂူကြီး ဆရာတော်အား " ဝရသမ္မောဓိအရိယဇေမဟာဓမ္မရာဇဂုရု "

(၃၉) ဂူကြီး ဆရာတော် တပါးဖြစ်သော အရှင်ဃောသအား " ဃောသဝဏ္ဏာစာရာဘိကဝိဇေ မဟာဓမ္မရာဇဂုရု "

(၄၀) ကျော်အောင်စံထားဆရာတော်အား " ကဝိသာရယသကိတ္တိပရမ မဟာဓမ္မရာဇဂုရု "

(၄၁) အင်းနား ဆရာတော် အရှင်ဓမ္မနန္ဒအား " ဓမ္မနန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇဂုရု "

(၄၂) ရေလယ်ဘိုက် ဆရာတော်အား " နန္ဒမေဓာစာရသိရိပရမမဟာဓမ္မရာဇဂုရု "

(၄၃) အနောက်နန်းတော်တိုက်အုပ် ဆရာတော်အား " ဝိစာရိန္ဒာဘိသိရိကဝိဇေမဟာဓမ္မရာဇဂုရု "

ဟူသော တံဆိပ်တော်များကို ဆက်ကပ်တော်မူသည်၊ ဆက်ကပ်တော်မူပြီးနောက် မင်းတရားသည် ရွှေနန်းတော်သို့ ကြွတော်မူသည်။[၁]

တဖန် သက္ကရာဇ် ၁၂၁၇ - ခုနှစ် ပဌမဝါဆိုလဆုတ် ၀၄ ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် မိဖုရားခေါင်ကြီး ၃ ပါးနှင့် အတူတကွ သုဓမ္မာဇရပ်သို့ စာနာထွက်တော်မူ၍ သံဃာ့ဦးကိုင် သာသနာပိုင် ဆရာတော်ကြီးနှင့်

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၂၀၄ - ၂၀၇။

ဆရာတော် သံဃာတော် ၃၆၉ ပါးတို့အား သက်နိုးတစုံစီ ဆက်ကပ်လှူဒါန်းတော်မူပြီး—

(၁) တိုက်တော်နေ စည်ပုတ္တရာ ဆရာတော် အရှင်သိရိမာလာအား "သိရိပရမာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) မင်းတဲဆရာတော် အရှင်ဥတ္တမအား "ဥတ္တမာစာရပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) စလင်း ဆရာတော် အရှင်လလျာဏအား "ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၄) ပခန်းကြီး ဆရာတော် အရှင်သုဒဿနအား "သုဒဿနဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၅) မောင်းထောင်ဆရာတော် အရှင်ပညာသာမိအား "ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၆) မိတ္တိလာ ဆရာတော် အရှင်ဇာဂရအား "ဇာဂရာနန္တသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၇) အုတ်ကျောင်းတိုက်နေ ဆရာတော် အရှင်ဝိစာရအား "ဝိစာရိန္ဒာဘိ သိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၈) စီးတော်မြင်းဝန်တိုက်နေ ဆရာတော် အရှင်သုမင်္ဂလအား "သုမင်္ဂလပရမမုဏိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဟူသော တံဆိပ်တော်ကို လှူဒါန်းတော်မူသည်။[၁]

ဝင်းပြင် ၁၂၁၈ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ပိဋကတ်တော် ရေးကူးရာတွင် (ကျောက်ထက် အက္ခရာတင်ရာတွင်) ပဓာန ထိပ်တန်း ဝန်ဆောင် ကြည့်ရှုပြင်ဆင်မည့် ဆရာတော်များဖြစ်တော်မူသော—

(၁) ဒက္ခိဏာရာမ ဆရာတော် အရှင်ဇာဂရအား "ဇာဂရာဘိဝံသ တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) စီးတော်မြင်းဝန်တိုက် ဆရာတော် အရှင်သုမင်္ဂလအား "သုမင်္ဂလသာမိသိရိပဝရမဏိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) ဆီးဗန်းနီဆရာတော် အရှင်နရိန္ဒအား "နရိန္ဒာဘိသိရိသဒ္ဓမ္မဇောတိပါလဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်များကို အသီးသီး ဆက်ကပ် လှူဒါန်းတော်မူသည်။[၂]

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၂၁၉။ ၂။ ကုန်းဘောင်ဆက်၊ ၃။ ၂၃၄ ကြည့်

၁၂၃၆ - ခုနှစ်တွင် တောင်တော်ဆရာတော် အရှင်မာလာအား "မာလာ လင်္ကာရသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

### ဂုဏာဝါဘိလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု

"ဂုဏာဝါဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်သည် ပကိဏ္ဏကဝိသဇ္ဇနာ စသော ကျမ်းကြီးများကို ပြုစီရင်တော်မူခဲ့သော မန္တလေး မြို့လုံးတော်တိုက်ဆရာတော်ဘုရားကြီး အရှင်ဂုဏာဝါအား ပဋ္ဌမ သံဂါယနာ တင် မင်းတုန်းမင်းတရားကြီးက လှူဒါန်းသည့် ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ အကျယ် မန္တလေး သာသနာဝင်ကျမ်း လုံးတော်တိုက် သာသနာဝင်ကြည့်။

### ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု
### ပညာသီဟာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု

ဖော်ပြပါ ပညာသီဟ သာသနာလင်္ကာရ စသော ဘွဲ့တံဆိပ်တော်မှာ မဟာရာဇဝင်ကြီး ဋီကာ, မဟာရာဇဝင်ကြီး ဋီကာ နိဿယ, ပရိဝါပါဠိတော် နိဿယ, ကင်္ခါဝိတရဏီ မဟာဋီကာ ကျမ်းကြီး စသည်တို့ကို ပြုစီရင်တော် မူသည့် မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် ဆရာတော်ဘုရားကြီး အရှင် ပညာသီဟ၏ ဘွဲ့တံဆိပ်တော်ဖြစ်သည်။ (အကျယ် "မန္တလေး သာသနာဝင် ကျမ်း" သစ်ဆိမ့်တိုက် သာသနာဝင်ကြည့်။ )

### အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

ဖော်ပြပါ အဂ္ဂဓမ္မာလင်္ကာရ စသော ဘွဲ့တံဆိပ်တော်သည် ဝိမတိဝိနောဒနီဋီကာ နိဿယ, သင်္ဂါလောဝါဒ ဆုံးမစာ, ဓမ္မပဒပါဠိတော် နိဿယ စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သည့် သင်္ဇာ ဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရ၏ ဘွဲ့တံဆိပ်တော် ဖြစ်သည်၊ ၁၂၄၀ - ခုနှစ်တွင် ပျံလွန်တော်မူသည်။ (အကျယ် "မန္တလေး သာသနာဝင်ကျမ်း" သင်္ဇာ သာသနာဝင်ကြည့်။ )

——

## သီပေါမင်းလက်ထက် ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း

၁၂၄၀ - ပြည့် နှစ်တွင် နန်းတက်သော သီပေါမင်းတရားသည်လည်း ၁၂၄၃ - ခုနှစ်တွင် ရွှေကျောင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရအား "ဇာဂရာ

ဘိဓဇသဒ္ဒမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဂုရု" ဘွဲ့တံဆိပ်တော်ကို လှူဒါန်းတော်မူသည်။

၁၂၄၆-ခုနှစ် တော်သလင်းတွင် သတ္တိ၊ ဗျတ္တိ၊ ပရိယတ်၊ ပဋိပတ် ဂုဏ်ဝါ သိက္ခာ သီလ နှင့်ပြည့်စုံသော ဆရာတော် သံဃာတော် အရှင်မြတ် ၈၀-တို့အား ဂုဏ်သိက္ခာအလိုက် တံဆိပ်တော်များကို အနိမ့်၊ အမြင့် ၅-ဆင့် ခွဲ၍ လှူဒါန်းတော်မူသည်။

သာသနာပိုင်ဆရာတော်မှာ–

၁-အမှတ်ထား၍ "မာလာလင်္ကာရ အတုလဓိပတိ သီရိပဝရဓဇဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"

၂-အမှတ်ဆရာတော်တို့၏ တံဆိပ်တော်မှာ ဘွဲ့ရင်းတွင် အတုလ၊ ဓိပတိ၊ ပဝရ၊ ဓဇ-လေးချက် ထည့်သွင်း၍ ဆက်ကပ် လှူဒါန်းတော်မူသည်။

၃-အမှတ်ဆရာတော်တို့ တံဆိပ်တော်မှာ အတုလကိုနုတ်၍ ကျန် ၃-ချက်ကို ထည့်၍ လှူဒါန်းတော်မူသည်။

၄-အမှတ်ဆရာတော်တို့၏ တံဆိပ်တော်မှာ အတုလ ဓိပတိကို နုတ်၍ ကျန် ၂-ချက်ကို ထည့်သွင်း၍ လှူဒါန်းတော်မူသည်။

၅-အမှတ်ဆရာတော်တို့၏ တံဆိပ်တော်မှာ အတုလ၊ ဓိပတိ၊ ပဝရကို နုတ်၍ ကျန် ၁-ချက်ကို ထည့်သွင်း၍ လှူဒါန်းတော်မူသည်။

မင်းမြတ်သည် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံယူရမည့် ဆရာတော်တို့ကို ရွှေနန်းတော်ဦး မြေနန်းတော်သို့ ပင့်ဘိတ်၍ ရိုသေလေးမြတ်စွာ ဆက်ကပ် လှူဒါန်းတော်မူသည်။

သာသနာပြုဆရာတော် (သာသနာပိုင်ဆရာတော်) မာလာလင်္ကာရ သီရိဓဇမဟာဓမ္မရာဇဂုရုအား "မာလာလင်္ကာရဓဇဓမ္မသေနာပတိ အတုလ ဓိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်း တော်မူသည်။

**ပဉ္စမတံဆိပ်တော်**

(၁) စံကျောင်းဆရာတော် သက်တော် ၆၉-နှစ်ရှိ အရှင် သုဒဿန အား "သုဒဿနဓဇ အတုလ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"

(၂) မြတောင်ဆရာတော် သက်တော် ၆၂ - နှစ်ရှိ အရှင်အာလောက အား "အာလောကာဘိဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"

(၃) အောင်မြေရွှေဘုံဆရာတော် သက်တော် ၇၀ - နှစ်ရှိ အရှင်ကေတု အား "ကေတုဓမ္မာဘိဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"

(၄) ဆီးဗန်းနီဆရာတော် သက်တော် ၇၂ - နှစ်ရှိ အရှင်နရိန္ဒအား "နရိန္ဒာဘိဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မရာဇဂုရု"

(၅) ဆင်တဲဆရာတော် သက်တော် ၇၄ - နှစ်ရှိ အရှင်သာဂရအား "သာဂရဝံသဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"

(၆) မဟာဝိဇိတာရာမဆရာတော် သက်တော် ၅၀ - နှစ်ရှိ အရှင်ကေတု အား "ကေတုမာလာ ဘိဓဇ အတုလဓိပတိ ပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"

(၇) မှန်ကျောင်းဆရာတော် သက်တော် ၄၇ - နှစ်ရှိ အရှင်ဉာဏဝံသ အား "ဉာဏဝံသာဘိဓဇ အတုလ ဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"

တံဆိပ်တော်တို့ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

**ဒုတိယတံဆိပ်တော်**

(၁) ဒက္ခိဏာရာမဆရာတော် သက်တော် ၅၆ - နှစ်ရှိ အရှင်ပဏ္ဍိတအား "ပဏ္ဍိတဓဇ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) မင်္ဂလာရာမဆရာတော် သက်တော် ၇၉ - နှစ်ရှိ အရှင်ဝိစိတ္တအား "ဝိစိတ္တာဘိဓဇ ဓိပတိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) စိတ္တရာရာမ ဆရာတော် သက်တော် ၆၉ - နှစ်ရှိ အရှင်သုဇာတ အား "သုဇာတာဘိဓဇ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"

(၄) ဘုံကျော်ဆရာတော် သက်တော် ၈၇ - နှစ်ရှိ အရှင်ဝိမလအား "ဝိမလာစာရဓဇဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"

(၅) မိုးထားဆရာတော် သက်တော် ၅၄ – နှစ်ရှိ အရှင်သုဇာတအား "သုဇာတာဘိ သိရိဓဇ မိပတိ ပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"

(၆) မဟာဝိသုဒ္ဓါရာမ ဆရာတော် သက်တော် ၄၇ - နှစ်ရှိ အရှင်ဝိသုဒ္ဓ အား "ဝိသုဒ္ဓါဘိဓဇမိပတိသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု"

(၇) မေဃဝတီဆရာတော် သက်တော် ၆၀ - နှစ်ရှိ အရှင်ဇနိန္ဒအား "ဇနိန္ဒာဘိဓဇမိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၈) လှဆွေဆရာတော် သက်တော် ၆၁ -နှစ်ရှိ အရှင်ဝီရိယအား "ဝီရိယာရမ္ဘဓဇမိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၉) ပခန်းဆရာတော် သက်တော် ၆၄ - နှစ်ရှိ အရှင်နန္ဒအား "နန္ဒာဘိဓဇမိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၀) နန်းဦးဆရာတော် သက်တော် ၃၉ - နှစ်ရှိ အရှင်ဉာဏိန္ဒအား "ဉာဏိန္ဒာဘိဓဇပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၁) ဒီပဲရင်းဆရာတော် သက်တော် ၅၄ - နှစ်ရှိ အရှင်ဓမ္မသာမိအား "ဓမ္မသာမိဓဇပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၂) မက္ခရာဆရာတော် သက်တော် ၆၆ - နှစ်ရှိ အရှင်အာစာရအား "အာစာရာရမ္ဘဓဇပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းတော်မူသည်။

**တတိယတံဆိပ်တော်**

(၁) ငါးကျွမ်းဆရာတော် သက်တော် ၇၄ - နှစ်ရှိ အရှင်သဒ္ဓမ္မအား "သဒ္ဓမ္မဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) တိုက်အုပ်ဆရာတော် သက်တော် ၄၂ - နှစ်ရှိ အရှင်ဉာဏအား "ဉာဏာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) ရွှေရေးဆောင်ဆရာတော် သက်တော် ၆၀ – နှစ်ရှိ အရှင်အာစယ အား "အာစယဝံသဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၄) ထရံကာဆရာတော် သက်တော် ၃၉ - နှစ်ရှိ အရှင်ဇလန္ဒကအား "ဇလန္ဒကာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၅) သောဘိတာရာမဆရာတော် သက်တော် ၄၆ - နှစ်ရှိ အရှင်သဒ္ဓမ္မ အား "သဒ္ဓမ္မပါလဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၆) အင်္ဂရှေ့ပြင် ငါးစို့ဆရာတော် သက်တော် ၄၃ - နှစ်ရှိ အရှင်အာစာရရက္ခိတအား "အာစာရရက္ခိတဓဇသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု"

(၇) လယ်ကိုင်းဆရာတော် သက်တော် ၅၂ - နှစ်ရှိ အရှင်သုမနအား "သုမနာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၈) မင်္ဂလာရာမဆရာတော် သက်တော် ၅၅ - နှစ်ရှိ အရှင်ဉာဏအား "ဉာဏဝံသဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၉) ဆူးခါးဆရာတော် သက်တော် ၅၇ - နှစ်ရှိ အရှင်သုမနအား "သုမနဝံသဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၀) ရမည်းသင်းဆရာတော် သက်တော် ၅၉ - နှစ်ရှိ အရှင်ဝါယာမအား "ဝါယာမဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၁) လက်ာရာမဆရာတော် သက်တော် ၃၇ - နှစ်ရှိ အရှင်နန္ဒမဇ္ဈအား "နန္ဒမဇ္ဈသာဘိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၂) သက်ပန်းဆရာတော် သက်တော် ၆၉ - နှစ်ရှိ အရှင်ဥေယျအား "ဥေယျဓမ္မာဘိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၃) ဝိဇယာရာမဆရာတော် သက်တော် ၆၅ - နှစ်ရှိ အရှင်မုနိန္ဒအား "မုနိန္ဒာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၄) တောင်ခွင်ဆရာတော် သက်တော် ၄၁ - နှစ်ရှိ အရှင်ဝိသုဒ္ဓအား "ဝိသုဒ္ဓသီလာစာရဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းတော်မူသည်။

စတုတ္ထတံဆိပ်တော်

(၁) သက်တော် ၃၅ - နှစ်ရှိ အရှင်ကုမာရအား "ကုမာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) သက်တော် ၅၁ - နှစ်ရှိ အရှင်နာဂိန္ဒအား "နာဂိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) သက်တော် ၄၅ - နှစ်ရှိ အရှင်ပညာအား "ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၄) မြို့သာဆရာတော် သက်တော် ၅၃ - နှစ်ရှိ အရှင်သုမနအား "သုမနာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၅) မိုးကောင်းဆရာတော် သက်တော် ၅၃ - နှစ်ရှိ အရှင်အာစယအား "အာစယဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၆) သင်္ဂဇာဆရာတော် သက်တော် ၆၆ - နှစ်ရှိ အရှင်ဓမ္မစာရီအား "ဓမ္မစာရိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၇) ညောင်ကန်ဆရာတော် သက်တော် ၆၂ - နှစ်ရှိ အရှင်ဝဇီရအား "ဝဇီရာဝုဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၈) မိုးထိဆရာတော် သက်တော် ၅၀ - နှစ်ရှိ အရှင်သုမနအား "သုမနဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၉) မဟာဓမ္မိကာရာမဆရာတော် သက်တော် ၄၆ - နှစ်ရှိ အရှင်သုဇာတအား "သုဇာတာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၀) သက်တော် ၄၀ - နှစ်ရှိ အရှင်သုန္ဒရအား "သုန္ဒရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၁) သက်တော် ၄၀ - နှစ်ရှိ အရှင်ဂန္ဓမဥ္ဇူအား "ဂန္ဓမဥ္ဇူသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၂) သက်တော် ၇၃ - နှစ်ရှိ အရှင်စန္ဒာလင်္ကာရအား "စန္ဒာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၃) အရှေ့မတ္တရာ ဆရာတော် သက်တော် ၅၄ - နှစ်ရှိ အရှင်သီလအား "သီလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၄) မင်းခင်းဆရာတော် သက်တော် ၅၆ - နှစ်ရှိ အရှင်ဝိမလအား "ဝိမလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၅) ဝေဠုဝန်ဆရာတော်သက်တော် ၆၀ - နှစ်ရှိ အရှင်နန္ဒမာလာအား "နန္ဒမာလာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၆) ခေါ်တော ဆရာတော် သက်တော် ၅၂ - နှစ်ရှိ အရှင်ဇယန္တအား "ဇယန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၁၇) ရွှေပြည်ဆရာတော် သက်တော် ၅၁ - နှစ်ရှိ အရှင်ဉာဏအား "ဉာဏဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။

ပဥ္စမတံဆိပ်တော်

( ၁ ) ထီးလင်းဆရာတော် သက်တော် ၆၈ - နှစ်ရှိ အရှင်ဒီပါအား " ဒီပါ လင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု "

( ၂ ) သက်တော် ၃၉ - နှစ်ရှိ အရှင်ကုမာရအား " ကုမာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၃ ) ဘေးမဲ့ဆရာတော် သက်တော် ၄၂ - နှစ်ရှိ အရှင်ရေဝတအား " ရေဝတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၄ ) ဂူကြီးဆရာတော် သက်တော် ၈၆ - နှစ်ရှိ အရှင်ကလျာဏအား " ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၅ ) မိတ္တိလာဆရာတော် သက်တော် ၈၂ - နှစ်ရှိ အရှင်ဩဘာသအား " ဩဘာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၆ ) သက်တော် ၈၂ - နှစ်ရှိ အရှင်ပုညအား " ပုညာလင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု "

( ၇ ) သက်တော် ၄၇ - နှစ်ရှိ အရှင်အာဒိစ္စအား " အာဒိစ္စာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၈ ) သက်တော် ၄၃ - နှစ်ရှိ အရှင်သုဇာတအား " သုဇာတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၉ ) သက်တော် ၄၀ - နှစ်ရှိ အရှင်ရာဇိန္ဒအား " ရာဇိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၁၀ ) သက်တော် ၄၇ - နှစ်ရှိ သဒ္ဓမ္မဇောတိကာရာမ ဆရာတော် အရှင် ဒေဝိန္ဒအား " ဒေဝိန္ဒာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု "

( ၁၁ ) သက်တော် ၄၄ - နှစ်ရှိ အရှင်ဝိမလအား " ဝိမလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၁၂ ) သက်တော် ၄၈ - နှစ်ရှိ အရှင်အာသဘအား " အာသဘာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၁၃ ) သက်တော် ၃၈ - နှစ်ရှိ အရှင်ဝိစာရအား " ဝိစာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

( ၁၄ ) သက်တော် ၅၁ - နှစ်ရှိ အရှင်အာလောကအား " အာလောကာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၁၅) သက်တော် ၅၆-နှစ်ရှိ အရှင်ကောလာသအား " ကောလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၁၆) သက်တော်၅၀-နှစ်ရှိ အရှင်သက္ကျဝံသအား" သက္ကျဝံသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၁၇) သက်တော် ၄၁-နှစ်ရှိ အရှင်စန္ဒအား " စန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၁၈) သက်တော် ၂၄-နှစ်ရှိ အရှင်ဂန္ဓမာအား " ဂန္ဓမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၁၉) သက်တော် ၄၈ နှစ်ရှိ အရှင်နန္ဒဝါအား " နန္ဒဝါလင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု "

(၂၀) သက်တော် ၃၉-နှစ်ရှိ အရှင်တေဇဝန္တအား " တေဇဝန္တာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၁) သက်တော် ၃၉-နှစ်ရှိ အရှင်စန္ဒိမာအား " စန္ဒိမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၂) သက်တော် ၄၅-နှစ်ရှိ အရှင်ဝိစိတ္တအား " ဝိစိတ္တာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၃) သက်တော် ၄၀-နှစ်ရှိ အရှင်ဂုဏအား " ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု "

(၂၄) သက်တော် ၂၆-နှစ်ရှိ အရှင်ဂန္ဓမူရအား " ဂန္ဓမူရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၅) သက်တော် ၂၁-နှစ်ရှိ အရှင်သိရိန္ဒရအား " သိရိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၆) တောင်ပိုင်ဆရာတော် သက်တော် ၅၇-နှစ်ရှိ အရှင်သေီအား " သေီလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၇) ရှမ်းမကားဆရာတော် သက်တော် ၄၃-နှစ်ရှိ အရှင်ကလျာဏအား " ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု "

(၂၈) သက်တော် ၄၇-နှစ်ရှိ အရှင်ပဒုမအား "ပဒုမာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု "

(၂၉) သက်တော် ၆၅-နှစ်ရှိ အရှင်မဉ္ဇူအား " မဉ္ဇူဘာလင်္ကာရမဟာ ဓမ္မရာဇာဓိရာဇဂုရု "

(၃၀) သကျင်ဆရာတော် သက်တော် ၆၅ - နှစ်ရှိ အရှင်သီလအား "သီလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"

တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။[၁]

သိတင်းသုံးရန် နေရာများကိုလည်း အစဉ်အတိုင်း ထီးဖြူဖွင့် မှန်စီခုံ၊ (၁) ထီးဖြူစိုက် မှန်စီခုံ၊ (၂) ထီးလွှာ မှန်စီခုံ၊ (၃) ရွှေပိန်းချခုံ၊ (၄) ရွှေတရစ် အနီနှစ်ရစ်ခုံ၊ (၅) ခုံနီဟသ်ပြဒါးနီသုတ်တို့ လှူဒါန်းတော်မူသည်၊

ရင်းပြင် သီပေါမင်းတရားသည် ၁၂၄၇ - ခုနှစ်တွင် တောင်ခွင်ဆရာတော် အရှင်ဝိသုဒ္ဓအား "ဝိသုဒ္ဓသီလာစာရဇေယျသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယ ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ဆက်ကပ် တော်မူသည်။[၂]

ရင်းပြင် ယင်းသည့် ၁၂၄၇ -ခုနှစ် ဝါခေါင်လဆုတ် ၁ - ရက်နေ့ ပါတော်မမူမီ ၃ - လ, ၇ - ရက် အလို မြတောင်တိုက်ရှိ သံဃာကုန် စာရေးတန်အလှူပွဲတွင် မြတောင်တိုက်မှ ဆရာတော် ၄ - ပါးတို့အား အောက်ပါအတိုင်း ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းတော်မူသည်။

(၁) အရှင်ပဏ္ဍိစ္စအား "ပဏ္ဍိစ္စာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၂) အရှင်သုမနအား "သုမနာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၃) အရှင်တေဇောသာရအား "တေဇောသာရာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

(၄) အရှင်ပုညိန္ဒအား "ပုညိန္ဒာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းတော်မူသည်။

သီပေါမင်းတရားသည် ၁၂၇၄ - ခုနှစ် သမီးတော်များ နားထွင်းမင်္ဂလာပြုလုပ်ပွဲတွင် မြန်မာနိုင်ငံမှ တကျိပ်နှစ်ပါး သာသနာပြု ဆရာတော်ကြီးများကို ပင့်လျှောက်သဖြင့် "ရေဂုတ္တာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဘေးမဲ့ဆရာတော်၊ "အာစာရာဘိဝံသမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုးကောင်းဆရာတော် စသော ဆရာတော်ကြီးများ ကြွတော်

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၆၅၆-၆၆၃။

၂။ မြတောင်ခွင်မဟာထေရုပ္ပတ္တိ။ ၄၁ - ၅၃။

မူသည်၊ ထိုစဉ်က မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် ဆရာတော် အရှင်သဒ္ဒမ္မအား " သဒ္ဓမ္မာဘိပဏ္ဍိတဓဇသာသနဝံသမဟာဓမ္မရာဇဂုရု " ဘွဲ့တံဆိပ်တော်, မန္တလေးမြို့ အနောက်ပြင် ရွှေပြည်တိုက် အရှင်ဇယန္တအား " ဇယန္တာဘိဓဇသာသနဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်, မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် အရှင်ရေဝတအား " ရေဝတာဘိပဏ္ဍိတဓဇသာသနဝံသမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်များကို အသီးသီး လှူဒါန်းတော်မူသည်။

## ရာဇဂုရု, ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အင်္ဂါ

ပဌမ သံဂါယနာတင် မင်းတုန်းမင်းတရား လက်ထက်တွင် ပဌမ စာချ အင်္ဂါနှင့် နေတ္တိဟာရ ၁၆ - ပါးလုံးကိုလည်းကောင်း, သံဝဏ္ဏနာ ၆ - ပါး, နည်း ၄၀, ဥပစာ ၁၀ - ပါး, ပုဒ်စစ်နည်း, သဒ္ဒါစစ်နည်း တို့ကိုလည်းကောင်း, နိုင်နင်းတတ်မြောက်ခြင်း, ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့ကို နှံ့စပ်သိမြင် ကျွမ်းကျင်တတ်မြောက်ချပို့ခြင်း ဂုဏ်နှင့် ပြည့်စုံသော ရဟန်းသံဃာတော်များကို မင်းကေရာဇ်က " ရာဇဂုရု , ရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်များ ဆက်ကပ် လှူဒါန်းသည်၊ လစဉ် ဆွမ်းဆန်တော် ငွေအသပြာ ၃၀ -ကျပ်လည်း လှူဒါန်းလေသည်။

ကျမ်းဂန်တတ်ဟိတ်၊ ဘွဲ့တံဆိပ်၊ ခပ်နှိပ် မင်းဆရာ။
သုံးဆယ်ဒင်္ဂါး၊ လစဉ်စား၊ ရငြား မင်းဆရာ။
ဆရာတော်ရှင်၊ လူတိုင်းပင်၊ ခေါ်တွင် ဖြစ်ဖို့ရာ။[၁]

## စာတော်ချများအင်္ဂါ

ရှင်းပြင် မင်းတုန်း, သီပေါမင်းတို့လက်ထက်တွင် ပဌမ စာတော်ချ, ဒုတိယ စာတော်ချ, တတိယ စာတော်ချ ဘွဲ့များ လှူဒါန်း၍ သာသနာတော်ကို ချီးမြှောက်ကြောင်းလည်း သိရှိရသည်။

ပဌမစာတော်ချ ရဟန်းတော်၏ အင်္ဂါရပ်မှာ—

(၁) ဝါကျသွား ဝါကျလာတို့ကို အကျယ်ဝေဖန်နိုင်၍ ဓာတ်, ပစ္စည်း, ပုဒ်, ပါဌ်, ဝိဂြိုဟ်, ဝစနတ်များကို မှန်ကန်စွာ ပြုနိုင်ခြင်း။

(၂) ဂါထာပါဌ် ရေးသား ဖွဲ့စီတတ်ခြင်းနှင့် တကွ ပဒဒေါသ စသော အလင်္ကာနည်းတို့ကို အကြွင်းမဲ့သိခြင်း။

---

၁။ ဓမ္မဝါစကူပဒ္ဒေသစာတမ်း။

(၃) နေတ္တိနည်းကို အကျယ်သိခြင်း၊
(၄) ပဋ္ဌာန်းနည်းကို အကျယ်သိခြင်း။

ဟူသော အင်္ဂါ ၄ - ရပ်နှင့် ပြည့်စုံစွာ စာပေပရိယတ် တတ်မြောက် ကျွမ်းကျင်သည့် ရဟန်းတော်များအား ပဌမ စာတော်ချ အဖြစ်ဖြင့် အသိအမှတ် ဘွဲ့စာချုန်တော်အပ်၍ လစဉ် ဆန် ၅ ‧ တင်း သို့မဟုတ် ဆန် ၅ ‧ တင်းတန် ငွေအသပြာ ကပ္ပိယကာရက လှူဒါန်းလေသည်။

ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပဌမာ။

ကေရာဇ်မင်း၊ ထောက်လှူသွင်း၊ ၅ - တင်း ဆန်တော်မှာ။ [၁]

ရှင်းပြင်—

(၁) ကျမ်းရိုး ငါးချက် အတွက် အတက်ကို နှုတ်တက်ပိုင်ပိုင်နိုင်နင်းခြင်း။
(၂) ဗျဉ္ဇနဗုဒ္ဓိ ၁၀ ‧ ပါး, ဗျဂ္ဂိနယ ၉ - ပါး, ဒဗ္ဗ စသော သဒ္ဒါ ၅ - ပါးတို့ကို နားလည်ခြင်း။
(၃) ဉာသ်ကောက် ခေါ် ဓာတ်, ပစ္စည်း အရကောက်တို့ကို နားလည် ကောက်ယူတတ်ခြင်း။
(၄) ဂါထာ ပါဠိ, စုဏ္ဏိယများကို မဖွဲ့ဆိုနိုင်သော်လည်း ဆန်းလက္ခဏာကို ကုန်စင်အောင်သိခြင်း—

ဤအင်္ဂါ ၄ ‧ ပါးနှင့်ပြည့်စုံလျှင် ဒုတိယ စာတော်ချ အဖြစ် ကိုးကွယ်၍ ဆန်လေးတင်း, သို့မဟုတ် ဆန်လေးတင်းတန် ငွေအသပြာ (ဂ - ကျပ်) လှူဒါန်းလေသည်။

လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ ဒုတိယာ။

လေးတင်းစာအပ်၊ လူတို့လာဘ်၊ ရှစ်ကျပ် ရသင့်ပါ။ [၂]

ရှင်းပြင်—

(၁) သဒ္ဒါ, ပညတ်, ပရမတ် စသော အထွက် အတက် အမျိုးမျိုးတို့၌ သမရိုးကျ ထွက် တက်တတ်ခြင်း။
(၂) ကာရက, အကာရက, ကိရိယာ စသော စာစပ် အမျိုးမျိုးတို့ကို နားလည် ကျွမ်းကျင်ခြင်း။
(၃) သံဝဏ္ဏနာ ၆ - ရပ် ပုဒ်ပါဌ် တွေ့တိုင်း လှည့်လည် ဖွင့်ပြနိုင်ခြင်း—

---

၁-၂။ ဓမ္မဝါစကူပဒေသစာတမ်း။

ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံလျှင် တတိယ စာတော်ချ အဖြစ်ဖြင့် အသိအမှတ်ပြု ကိုးကွယ်ပြီး ဆန် ၃-တင်း, သို့မဟုတ် ဆန် ၃-တင်းတန် ငွေ အသပြာ လှူဒါန်း ထောက်ပံ့လေသည်။

ထွက်တက်စာစပ်၊ ဖွင့်ခြောက်ရပ်၊ စုံအပ် တတိယာ။
ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ကေန်ရသင့်ပါ။[၁]

--

## ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ရန် လယ်တီဆရာတော်ထံ အကြံဉာဏ် တော`င်းခြင်း

သက္ကရာဇ် ၁၂၇၄-ခုနှစ်တွင် မြန်မာပြည်၌ အုပ်ချုပ်သည့် အင်္ဂလိပ်အစိုးရထံမှ မြန်မာပြည်၌ ပိဋကတ်စာပေ တတ်မြောက် ကျွမ်းကျင်ကြသူရဟန်း, ရှင်, လူတို့အား ပညာအရည်အချင်းအလိုက် ရွေးချယ် ညှိနှိုင်းပြီး ဘွဲ့တံဆိပ်တော်နှင့် ငွေတော်များကို ထောက်ပံ့လှူလိုပါ၍ မည်သည့် ပညာအတန်းအဆင့်မှာ မည်သည့် ဘွဲ့တံဆိပ်မျိုးနှင့် သင့်လျော်သည်ဟု ဆရာတော်သဘောရှိရာ စီမံချက်ကို လိုက်နာပါမည့် အကြောင်းနှင့် လျှောက်လွှာများ ရောက်လာသဖြင့် လယ်တီဆရာတော်ဘုရားကြီးက—

ရဟန်းတော်မှာ — "တိပိဋကဝိဒူအဂ္ဂမဟာပဏ္ဍိတတ္ထေရ"
လူဖြစ်လျှင် — "တိပိဋကဝိဒူအဂ္ဂမဟာပဏ္ဍိတဓဇ"

ပါဠိဘာသာဖြစ်သော ပိဋကသုံးပုံ တတ်မြောက်သူတို့တွင်လည်း အငယ်, အလတ်, အကြီး သုံးစားထားပြန်လိုလျှင်—

အငယ်ဖြစ်အံ့ — "တိပိဋကဝိဒူပဏ္ဍိတ"
အလတ်ဖြစ်အံ့ — "တိပိဋကဝိဒူမဟာပဏ္ဍိတ"
အကြီး ဖြစ်အံ့ — "တိပိဋကဝိဒူအဂ္ဂမဟာပဏ္ဍိတ" (ဟု ၃-စားထားရန်)

၁။ ပိဋကတ်သုံးပုံ ပါဠိဘာသာကို မြန်မာဘာသာ အနက်ပြန်ဆိုနိုင်ရုံတတ်လျှင် အငယ်၊

၂။ မြန်မာဘာသာနှင့် ရှိနေသော ကျမ်းဂန်များကို ပါဠိဘာသာ ဖြစ်အောင် ပြန်ဆိုနိုင်လျှင် အလတ်၊

---

၁။ ဓမ္မဝါစကာပဒေသစာတမ်း။

၃။ ရှေးရှေးသော အဋ္ဌကထာကြီး ဋီကာကြီးများနှင့် အလားတူ ပညာရှိတို့ ချီးမွမ်းလောက်သော ပါဠိဘာသာ ကျမ်းဂန်အသစ် ဖြစ်အောင် စီရင်နိုင်လျှင် အကြီး—

အစိုးရမင်းများ အလိုရှိရာ ရွေးကောက်ရန် စသည်ဖြင့် လယ်တီဆရာတော်ဘုရားကြီးက အင်္ဂလိပ်အစိုးရထံ အကြံပေးတော်မူသည်။[၁]

—

## တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး
## သုဓမ္မာ၀င် ဆရာတော်များနှင့် တိုင်ပင် ညှိနှိုင်း၍
## သတ်မှတ်ခဲ့သော
## အဂ္ဂမဟာပဏ္ဍိတ ကပ်ရှုထိုက်သော အရည်အချင်းများ

(က) "တိပိဋကဓရဂန္ထန္တရကောဝိဒ, ပရိယတ္တိဝိသာရဒ, ပဋိပတ္တိမာမက" ဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံလျက် အဆက်ဆက် ဆောင်အပ်သော ပရမ္ပရာဘာတဝိနိစ္ဆယ အဆုံးအဖြတ် များကို နားလည် ကျွမ်းကျင်ခြင်း။

(ခ) ပါဠိဘာသာဘက်ဆိုင်ရာ ပိဋကတ်ကျမ်း စာပေများကို သင်ကြားအားထုတ်ရာ ဖြစ်သော စာသင်ကျောင်းတိုက်ကြီး တည်ထောင်ပြီးလျှင် ခိုဝင်ဆည်းကပ် ရောက်ရှိလာသော တပည့်တပန်း ရဟန်းသံဃာ များစွာတို့အား ဆုံးမဩဝါဒပေး၍ ပညာသင်ကြားပေးရန် မွေးမြူ စောင့်ရှောက် ထိန်းသိမ်း အုပ်ချုပ်ရသော ဂဏဿရိယ နာယကဂုဏ် ရှိခြင်း။

(ဂ) အာစရိယလဒ္ဓေါပဒေသ စသော ဂုဏ်ကျေးဇူး အထူးရှိသဖြင့် အာစရိယပရမ္ပရာသိဿာနုသိဿဝံသမပျက် အဆက်အနွယ် မပြယ်အောင် တပည့်တပန်း ရဟန်း သာမဏေတို့အား စာပေကျမ်းဂန် သင်ကြား ချပို့ခြင်း။

(ဃ) ဆန်း, အလင်္ကာ, အဘိဓာန်, ဗျာကရဏ် စသော ကျမ်းဂန်တို့၌ မွေ့လျှန် ပြွန်းတီး တတ်မြောက်ကျွမ်းကျင်ပြီး၍ သာသနာတော်၏ အကျိုးစီးပွား ထွန်းကားဖြိုးစည်မြင့်ရှည်စွာ တည်ကြောင်းကောင်း

၁။ အကျယ် သာသနဝိဒ္ဓသာခနီကျမ်း၊ တဘိသဘွဲ့၊ ၁—၊ ဂ—။ ကြည့်။

မြတ်သော ရှေးရှေးသော ဆရာကြီးတို့၏ သမာနဝါဒနိဿယကို ကျနစေ့ငုံ အမှီပြု၍ ကျမ်းဂန်အသစ် ပြုစု ရေးသားနိုင်ခြင်း။

(ဃ) လိမ္မာယဉ်ကျေးစေခြင်းနှင့် သဂ္ဂမောက္ခပရာယဏ အကျိုးငှာ ရဟန်းရှင်လူတို့အား တရားဓမ္မ ဟောပြဆုံးမနိုင်ခြင်း။

(င) ပရိသတ်အလယ် ကြီးခန့်ထယ်၍ ရိုသေလေးမြတ်ဖွယ်သော အရှယ်ဝုစိုဒ် 'တည်ရှိခြင်း။

(ဆ) ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း ဟူသော သီလဝန္တဂုဏ်၊ သမာဓိဂုဏ်၊ ကျမ်းဂန်များကို ရေးသားနိုင်ခြင်း—

စသော ပညာဂုဏ် စသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံတော် မူသော သံဃထေရ်ရဟန်းတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် လှူဒါန်းရန် ဟူ၍ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သုဓမ္မာဝင် ဆရာတော်များနှင့် သတ်မှတ်တော်မူခဲ့သည်။ (တောင်ခွင်ဆရာတော်၏ စာတမ်းများမှ)

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

ယင်းသို့ သတ်မှတ်တော်မူပြီးလျှင်—

ရှေးရှေး သာသနာပြု မင်းကောင်းမင်းမြတ်တို့လက်ထက် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်တို့အား ဘွဲ့တံဆိပ်တော် ချီးမြှင့်တော်မူကြသည့် နည်းတူ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်များ လှူဒါန်း ဆက်ကပ် ချီးမြှင့်သင့်ကြောင်း တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက အစိုးရမင်းတို့ထံ တင်ပြချက်အရ ၁၂၇၆ - ခုနှစ်မှ စ၍ နှစ်စဉ် တနှစ် ၂ - ကြိမ်ကျ ဘုရင်ခံချုပ်မင်းထံမှ ဆရာတော် သံဃာတော်တို့အား ဆက်ကပ် လှူဒါန်းရန် ပေးပို့သည့် ဆာနတ် အမိန့်တော်နှင့်တကွ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ကိုယ်တိုင် ဆက်ကပ် ချီးမြှင့် လှူဒါန်းတော်မူသည်။

ပဌမ အကြိမ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် လှူဒါန်းစဉ်က သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီး ထုတ်ပြန်တော်မူသည့် အမိန့်တော်ကိုလည်း ကြည့်ရှုရာ၏။

## မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်

မဟာသံဃရာဇာ - သာသနာပိုင်ဆရာတော် အမိန့်တော် ရှိသည်.... အင်္ဂလန်၊ အိုင်ယာလန်၊ စကောတလန် ဟူသော ကျွန်းကြီးများနှင့်တကွ အိန္ဒိယနိုင်ငံတော်ကြီး အသျှင် ပဌမမြောက် ဂျော့ဘုရင်ကေရာဇ်

# သာသနာ၀င် ဘွဲ့တံဆိပ်တော်များ သမိုင်း

ပင်းမြတ်သည် ခမည်းတော် သတ္တမမြောက် ဒွေ့က်ဘုရင် ကေရာဇ် မင်းမြတ်၏ အရိုက်အရာတော်ကို ဆက်ခံတော်မူ၍ တိုင်းပြည်နိုင်ငံ အလုံးကို သိမ်းမြန်းတော်မူပြီးလျှင် သက္ကရာဇ် ၁၂၇၃ - ခု နတ်တော်လအတွင်း အိန္ဒိယနိုင်ငံဒေလီမြို့တော်၌ ရာဇာဘိသေက သဘင် ယင်တော်မူဆဲအခါ နိုင်ငံတော်အတွင်း ဝိသေသဂုဏ်ထူးဖြင့် ထင်ရှားသော ရဟန်းပညာရှိ လူပညာရှိများသည် မင်းအချီးအမြှောက်ကို ခံယူရခြင်း တည်းဟူသော ဂုဏ်ကျက်သရေတို့ဖြင့် တင့်တယ်စေရန် ယင့်သည် ဖြစ်၍ လစာရိက္ခာတော်နှင့်တကွ ဘွဲ့တံဆိပ်တော် ချီးမြှင့် ကပ်လှူအပ်နှင်းရမည် ဟူသော အမိန့်ဘော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသော အိန္ဒိယဘုရင်ခံချုပ် မင်းမြတ်အမိန့်တော်ဖြင့် မြန်မာနိုင်ငံကို စီရင် အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းက ဆရာတော်ထံ မေးမြန်းရှိသည့်အတိုင်း "အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ချီးမြှင့်သင့်ကြောင်း ပြန်ကြားပြီးနောက် ဘွဲ့တံဆိပ်တော်နှင့် ထိုက်တန်သော ရဟန်းပညာရှိ လူပညာရှိတို့ကို ရွေးချယ် ပြဋ္ဌာန်းပြီးလျှင် အိန္ဒိယဘုရင်ခံချုပ်မင်းမြတ်က ချီးမြှင့် ပေးအပ်တော်မူသော ဘွဲ့တံဆိပ်တော်နှင့် ဆာနတ်အမိန့်တော်များကို ဆရာတော်ထံ ပို့သ လွှဲအပ်ရှိသည့် အရ မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က ဗုဒ္ဓဘာသာ သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခြင်းအားဖြင့် အစိုးရမင်းအလိုတော်နှင့်အညီ ဆရာတော် ညွှန်ပြရာ ပဥ္စမသံဂါယနာတင် မင်းတရားကြီး၏ ကုသိုလ်တော် ဖြစ်သော သတ္တဌာန အပါအ၀င် မန္တလေးတောင်ခြေရှိ သုဓမ္မာစရပ်တွင် ဧရး အစဉ်အလာ ရှိသည့် အတိုင်း အခမ်းအနားကျင်းပ၍ မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရာမ ဆရာတော်၊ သုဓမ္မာ၀င် မင်္ဂလာစံကျောင်းဆရာတော်၊ သံဃနာယက မောက်ကြိုးဆရာတော်၊ သုဓမ္မာ၀င် စိန်ပန်းဆရာတော်၊ သုဓမ္မာ၀င် ကျောက်ပန်းတောင်းဆရာတော်၊ ရန်ကုန်မြို့ ဂိုဏ်းအုပ် ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင် စလေင်းဆရာတော် ဦးသီဟ၊ မုံရွာမြို့ လယ်တီဆရာတော် ဦးဉာဏ၊ ရန်ကုန်မြို့ သံယုတ်ဆရာတော်၊ ထို့ပြင် ဂိုဏ်းထောက်ဆရာတော် ဦးကောဘလ္လတို့နှင့် ပါဠိဆရာ ဦးဖြေတို့အား အစိုးရမင်းတို့ ကိုယ်စား ဆရာတော်က ချီးမြှင့် ကပ်လှူ အပ်နှင်းခြင်း ဖြစ်သည်။

သို့ ချီးမြှင့် အပ်နှင်းခြင်း အကြောင်းသော်ကား အရိမဒ္ဒနာမည်သော ပုဂံပြည်ဝယ် နန္ဒာဂူ ဒါယကာ ကျန်စစ်မင်းတရား လက်ထက် သံဃာသန မဟာထေရ်သည် "သံဃသေနဝရပဏ္ဍိတ" ဟူသော

ဘွဲ့တံဆိပ်ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော် ရွှေဂူဒါယကာ အလောင်းစည်သူမင်း လက်ထက် ဓာတုတ္ထသာရကျမ်းပြု မဟာထေရ်သည် "အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော် စူဠာမဏိစေတီတော် ဒါယကာ နရပတိစည်သူမင်း လက်ထက် ပဌမ "အဂ္ဂမဟာပဏ္ဍိတ" မဟာထေရ်၏ တပည့် လောကုပ္ပတ္တိ ပကာသနီ ကျမ်းပြု မဟာထေရ်သည် "အဂ္ဂပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော် ပြဿဒါး စေတီတော် ဒါယကာ ကျစွာမင်းလက်ထက် ဒုတိယ "အဂ္ဂပဏ္ဍိတ" မဟာထေရ်၏ တူတော် သဒ္ဒနီတိ ကျမ်းပြု မဟာထေရ်သည် "အဂ္ဂဝံသ" "အဂ္ဂပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်တော်တို့ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော် မင်္ဂလာ စေတီတော် ဒါယကာ နရပတေ့မင်းလက်ထက် နိရုတ္တိနယပါရဂူ ဖြစ်သော မဟာထေရ်ကို "ဒီသာပါမောက္ခ" ဘွဲ့တံဆိပ် ပေးအပ်ခြင်း စသော မြန်မာနိုင်ငံတော်အတွင်း မြင်စိုင်း, ပန်းရ, ဇေယျပူရ, ရတနာပူရ, ရတနာသိခ, အမရပူရ, မန္တလေး ရတနာပုံမြို့တိုင်အောင် ရဟန်း ပညာရှိတို့အား "ရာဇဂုရု" ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်သောထုံးစံ။ ဝိဇယပူရ ပန်းရမြို့ဆင်ဖြူ ၄-စီးရှင် မင်းတရားလက်ထက် အဘိဓာန်ဋီကာကျမ်းပြု "သီရိစတုရင်္ဂဗလ" ဘွဲ့တံဆိပ်ရ ပညာရှိအမတ်ကြီး, အမရပူရမြို့တည် အောင်မြေ လောက စေတီတော် ဒါယကာ မင်းတရား လက်ထက် ပေဋကောလင်္ကာရ နေတ္တိဋီကာသစ်, သာရတ္ထဇနဝိလာသိနီ သီလက္ခန် ဋီကာသစ် ကျမ်းပြု ချည်ပါရွာစား "မဟာဓမ္မသင်္ကြံ" ဘွဲ့တံဆိပ်ရ ပညာရှိ မင်းတိုင်ပင် အမှတ်ကြီး၊ သက္ကဋဗျာကရဏ်းကျမ်းတတ် "ဂေါဝိန္ဒမဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်ရ ဗာရာဏသီမြို့သား ဗြဟ္မဏပုဏ္ဏားပညာရှိ၊ မန္တလေး ရတနာပုံ မြို့တည် ပဥ္စမသံဂါယနာတင် မင်းတရားကြီး လက်ထက် မောဂ္ဂလ္လာန်ဗျာကရဏ်း နိသျည်း, ပရမတ္ထမဥ္ဇူသာ, ဝိသုဒ္ဓိမဂ် မဟာဋီကာနိသျည်းကျမ်းပြု "နေမျိုးဓမ္မကျော်သူ" ဘွဲ့တံဆိပ်ရ စာတော်ပြင် ပညာရှိအမတ်၊ သက္ကဋဗျာကရဏ်းကျမ်းတတ် "သီရိစန္ဒပဏ္ဍိတရာဇဂုရု" ဘွဲ့တံဆိပ်ရ ပညာရှိပုဏ္ဏား စာတော်ပြင် စသောအားဖြင့် ရဟန်းပညာရှိ လူပညာရှိတို့အား ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းသော ထုံးစံများကို ထောက်ထား၍ ပရိယတ္တိဝိသာရဒ, တိပိဋကဓရ, ပဋိပတ္တိမာမက-ဟူသော ဂုဏ်ထူးဝိသေသရှိသဖြင့် အဆက်ဆက်ဆောင်သော အဆုံးအဖြတ်ကို သိခြင်း၊ အာစရိယလဒ္ဓေါပဒေသ စသော ဂုဏ်ကျေးဇူး ရှိသဖြင့် အာစရိယပရမ္ပရ အဆက်အနွယ်မပြတ်အောင် တပည့်သားတို့အား သင်ကြား

ပို့ချခြင်း၊ ကိုယ်ခန္ဓာသည် ကာလအရှည်မတည် ဂုဏ်ကျေးဇူးသည်သာ ကမ္ဘာပတ်လုံး တည်သည် ဟူသောစကားနှင့် အညီ ဆန်း, အလင်္ကာ, အဘိဓာန်, ဗျာကရုဏ်း ဟူသော အရာတို့၌ လိမ္မာ ကျွမ်းကျင်စွာ အနာဂတ်ကာလ၌ တည်ထွန်းစေခြင်းငှာ ရှေးဆရာမြတ်တို့၏ သမာန ဝါဒကို အမှီပြု ကျမ်းဂန် ပြုစုရေးသားခြင်း၊ အဂ္ဂမောက္ခပ္ပဋိရာယန အကျိုးငှာ တရားဓမ္မ ဟောပြော ဆုံးမခြင်း၊ စာမရီ မည်သော သားမျိုးသည် မြီးဆံကို ချစ်သကဲ့သို့ အသက်ကဲ့သို့ ချစ်အပ်သော ပါတိမောက္ခသံဝရအဓိသီလ သိက္ခာသာဇီဝသမ္မာပန္န ဖြစ်ခြင်း စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသည် ဖြစ်သောကြောင့် ရဟန်းပညာရှိ ဖြစ်လျှင် နှစ်စဉ်ငွေ ၁၀ဝိ ကန်နှင့် ညီမျှသော ဆန်တော်၊လူပညာရှိဖြစ်လျှင် နှစ်စဉ် ငွေဒင်္ဂါး ၁၀ဝိကျ လစာရိက္ခာတော်နှင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆာနတ်အမိန့်တော်များကို ချီးမြှင့် ကပ်လှူ အပ်နှင်းခြင်း ဖြစ်သည်။

ဘွဲ့တံဆိပ် ပေးအပ်ခြင်း ခံရသော ရဟန်းပညာရှိ လူပညာရှိသည် လည်း မြတ်စွာဘုရား ဒေသနာတော် ဟူသည်၊ တမလွန် ဟူသော နတ်ရွာနိဗ္ဗာန်အကျိုးကိုသာ ပေးစွမ်းနိုင်သည် မဟုတ် မျက်မှောက် ဝတ္တမာန်၌ဖြစ်သော ကောင်းကျိုးကိုလည်း ပေးစွမ်းနိုင်သဖြင့် သံဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံလျက် ခပ်သိမ်းသော ပညာရှိတို့နှင့် ဆန့်ကျင်ဘက် မထွက် ထိုက်သက်ရာ ညီညွတ်ခြင်း များကြောင့် ဒေသနာတော်လာ စာရိတ္တသီလ, ဝါရိတ္တသီလများနှင့် ပြည့်စုံအောင် ရဟန်း ရှင် လူတို့ အား ဟောပြောဆုံးမ ဩဝါဒပေး၍ ယဉ်ကျေးသိမ်မွေ့သော အဖြစ် သို့ ရောက်စေလျှင် အစိုးရမင်းတို့ ပညတ်ပြဋ္ဌာန်းအပ်သော နိုင်ငံတော် ဥပဒေများကို ကျူးလွန်ခြင်းသို့ မရောက်နိုင်၊ ခိုးသားထားပြ မုဒိမ်း တန္တ ပြည်လှေး ပြည်မွှား မထွက်စေရ အုပ်ချုပ်မှုအရာ ခဲယဉ်းခြင်း ကင်းလျက် တိုင်းပြည်နိုင်ငံ သာယာဝပြော စည်ပင် ရှင် လူ ရဟန်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရကြ၍ သာသနာတော် ပွင့်လင်း ထွန်းတောက်မည့် အကျိုးကျေးဇူးများကို လိုလားအပ်သည့် အတိုင်း တပည့်တပန်း ရဟန်း သာမဏေ လူ ဒါယကာ အပေါင်းတို့အား အကြားအမြင် များခြင်း ဟူသော ဗာဟုသစ္စ မင်္ဂလာနှင့် ပြည့်စုံ ကြောင်း ကိုယ်ကျင့်ကရား ဟူသော စာရိတ္တသီလ, ဝါရိတ္တ သီလ

များနှင့် ပြည့်စုံကြောင်းများကို မပြတ်မလပ် အားထုတ် ဟောပြော ဆုံးမကြရမည့်အကြောင်း အမိန့်တော်ရှိသည်။

ဝိသုဒ္ဓသီလာစာရ သီရိပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ
**သာသနာပိုင်ဆရာတော်**
မန္တလေးတောင်ခြေ သုဓမ္မာဇရပ်တော်
၁၂၇၇ - ခု တန်ဆောင်မုန်းလဆန်း ၁ - ရက်။[၁]

**သာသနာသနာပိုင်** ဆရာတော်ကြီး မရှိသည့်နောက်တွင် ယောဘုယျအား ဖြင့် သက်ဆိုင်ရာ ခရိုင်ဝန်ရှင်တော်မင်းကြီးများက ဘုရင်မင်းမြတ်ကိုယ်စား (ဘုရင်ခံမင်းကြီးကိုယ်စား) ဆက်ကပ်လှူဒါန်း ချီးမြှင့်ကြသည်၊ နှစ်စဉ် ဆွမ်း ဆန်တော်ဝတ္ထုငွေ ၁၀၀-ကျပ် လှူဒါန်းလေသည်။

ယင်းသို့ လှူဒါန်းခဲ့သည်မှာ ၁၂၇၆-ခုနှစ်က စ၍ ၁၃၀၂-ခုနှစ် တိုင်အောင် ဖြစ်သည်။

တဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၃၁၂-ခုနှစ် မှ စ၍ နှစ်စဉ် ဆက်ကပ် လှူဒါန်းခဲ့ရာ ၁၃၂၃-ခုနှစ်အထိ ဖြစ်သည်၊ ၁၃၂၃-ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်ကပ်ကြောင်း ကြေငြာခဲ့သော ဆရာတော် ၂၉-ပါးတို့ အား နိုင်ငံတော် တော်လှန်ရေး အစိုးရ လက်ထက်တွင် ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့လေသည်။

တဖန် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ၁၃၄၀-ခုနှစ်တွင် ဆရာတော်ကြီး ၃-ပါးအား "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း၍ ဆရာတော် ၁၀-ပါး အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့လေသည်၊ မြန်မာပြည်အစိုးရမင်းများ လက်ထက်တွင် နှစ်စဉ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော်ရ ဆရာတော်အား ဆွမ်းဆန်တော်ငွေ ၇၅၀-ကျပ် လှူဒါန်းလေသည်။[၂]

ဤနိဒါန်း၌ ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် များ နှင့် လူပုဂ္ဂိုလ်များ၏ အမည်များကို သုတေသီတို့ အလွယ်တကူ လေ့

---

၁။ မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် ထုတ်ဆင့်တော်မူသည့် ဥပဒေ နှင့် အရပ်ရပ် အမိန့်တော် စာတမ်းများ ၆၉-၇၂။

၂။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တပါးပါး သင်္ခါရသဘော တရားကို မလွန်ဆန်နိုင်၍ ပျံလွန်တော်မူလျှင် နိုင်ငံတော်အစိုးရက သင်္ဂြိုဟ် စရိတ် ၁၅၀၀-ကျပ် ထောက်ပံ့ လှူဒါန်းလေသည်။

လာသိရှိနိုင်ရန် ကျောင်းတိုက် မြို့ရွာ "အဂ္ဂမဟာပဏ္ဍိတ"အလျှုခံ အချီး အမြင့် ရသော နှစ်နှင့် တကွ ဖော်ပြအပ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ

၁။ ဆရာတော် ဦးဝိသုဒ္ဓ၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက် ပြင်၊ မန္တလေး (၁၂၇၆ - ခု)။

၂။ သုဓမ္မာဝင် မင်္ဂလာစံကျောင်းဆရာတော် (၁၂၇၆ - ခု)။

၃။ သံဃနာယက မောက်ကြိုးဆရာတော် ဦးပညာ၊တိုက် တော်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၆ - ခု)။

၄။ ဆရာတော် ဦးဇောတ၊ စိန်ပန်း ကျောင်းသစ်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၆ - ခု)။

၅။ ဆရာတော် ဦးဂုဏ၊ ကျောက်ပန်းတောင်းကျောင်း တိုက်တော်၊ အရှေ့ပြင် (၁၂၇၆ - ခု)။

၆။ ဆရာတော် ဦးအာသဘ၊ ဂိုဏ်းအုပ်ဆရာတော်၊ ငါးထပ်ကြီး ကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၂၇၆ - ခု)။

၇။ ဆရာတော် ဦးသီဟ၊ စလင်းတိုက်၊ ရန်ကုန် (၁၂၇၆ - ခု)။

၈။ ဆရာတော် ဦးဉာဏ၊ လယ်တီဆရာတော်၊ မုံရွာ (၁၂၇၆ - ခု)။

၉။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သံယုတ်ဆရာတော်၊ သံယုတ်ကျောင်းတိုက်၊ ရန်ကုန် (၁၂၇၆ - ခု)။

၁၀။ ဆရာတော် ဦးကောသလ္လ၊ ဂိုဏ်းထောက်ဆရာတော်၊ အလယ်တောရကျောင်းတိုက်၊ ရန်ကုန် (၁၂၇၆ - ခု)၊

၁၁။ ဆရာဦးဖြေ (ပါဠိဆရာ) (၁၂၇၆ - ခု)။

၁၂။ ဆရာတော် ဦးဝိလာသ၊ ခင်မကန်တိုက်၊ အရှေ့ပြင်၊ မန္တလေး (၁၂၇၇ - ခု)။

၁၃။ ဆရာတော် ဦးပညာ၊ နေ်မန်ကျောင်းကြီး၊ ပုဇွန် တောင်၊ ရန်ကုန် (၁၂၇၇ - ခု)။

၁၄။ ဆရာတော် ဦးဉာဏ၊ အတုမရှိတိုက်၊ အရှေ့ပြင်၊ မန္တလေး (၁၂၇၇ - ခု)။

၁၅။ ဆရာတော် ဦးခန္တီ၊ မကုဋာရာမတိုက်၊ မန္တလေး (၁၂၇၇ - ခု)။

၁၆။ ဆရာတော် ဦးဇ၀န (မန်လည်ဆရာတော်ဘုရားကြီး)၊ ပြာသာဒ်ကျောင်း၊ မန်လည်မြို့ (၁၂၇၀-ခု)။

၁၇။ ဆရာတော် ဦးဝိစာရ၊ မင်းကျောင်း၊ မြင်းခြံမြို့ (၁၂၇၀-ခု)။

၁၈။ ဆရာတော် ဦးကလျာဏ၊ တောင်သမန်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၇၀-ခု)။

၁၉။ ဆရာတော် ဦး၀ါယာမ၊ ဂူကြီးတိုက်သစ်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၂၇၀-ခု)။

၂၀။ ဆရာတော် ဦးအဂ္ဂဝံသ၊ ခေမာသီဝံတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၂၇၀-ခု)။

၂၁။ သုဓမ္မာ၀င် တပယင်း ဆရာတော် (၁၂၇၉-ခု)။

၂၂။ ထရံကာဆရာကြီး ဦးအုန်းညွန့် (၁၂၇၉-ခု)။

၂၃။ ဆရာတော် ဦးဥာဏ၊ နတ်ထောင့်ဂိုဏ်း သံဃနာယက၊ ရွှေစေတီကျောင်းတိုက်၊ ညောင်ဦးမြို့ (၁၂၈၀-ခု)။

၂၄။ ဆရာတော် ဦးစိန္တာ၊ မန္တလေးကျောင်းတိုက်၊ ရေနံချောင်းမြို့ (၁၂၈၀-ခုခန့်)။

၂၅။ ဆရာတော်ဦးရေ၀တ၊ ဘေးမဲ့တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၈၁-ခု)။

၂၆။ ဆရာတော်ဦးကောသလ္လ၊ သဒ္ဓမ္မဇောတိကာရာမတိုက် ဓနုဖြူမြို့ (၁၂၈၂-ခု)။

၂၇။ ဆရာတော်ဦးဝိမလဗုဒ္ဓိ၊ ဒက္ခိဏာရာမတိုက်၊ တောင်ပြင်၊ မန္တလေး (၁၂၈၃-ခုခန့်)။

၂၈။ ဆရာတော်ဦးလက္ခဏ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့ (၁၂၈၃-ခုခန့်)။

၂၉။ ဆရာတော် ဦးဇာဂရ၊ မိုးကောင်းတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၈၄-ခု)။

၃၀။ ဆရာတော် ဦးပဏ္ဍိစ္စ၊ သစ်ဆိမ့်တိုက်၊ မြောက်ပြင်၊ မန္တလေး (၁၂၈၄-ခု)။

၃၁။ ဆရာတော် ဦးသီလဝံသ၊ သထုံမြို့ (၁၂၈၄-ခု)။

၃၂။ ဆရာတော် ဦးဝေပုလ္လ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့ (၁၂၈၄-ခု)။

၃၃။ ဆရာတော် ဦးကလျာဏာဘိဝံသ၊ ယသဇေယျုံကျောင်းတိုက်၊ ဗဟန်း၊ ရန်ကုန် (၁၂၈၅-ခု)။

၃၄။ ဆရာတော် ဦးဝါသဝ၊ ဘုရားကြီးတိုက်၊ တောင်ပြင်၊ မန္တလေး (၁၂၈၅ · ခု)။

၃၅။ ရွှေဂူကြီး ဆရာတော်၊ အမရပူရမြို့ (၁၂၈၅ · ခုခန့်)။

၃၆။ ပိဋကတ်တိုက်ကျောင်းဆရာတော် (၁၂၈၅ · ခုခန့်)။

၃၇။ ဆရာတော် ဦးဒီပမာလာ၊ ဓမ္မာရုံတိုက်၊ချောင်းဦးမြို့ (၁၂၈၆ · ခု)။

၃၈။ ဆရာတော် ဦးစန္ဒိမာ၊ အောင်မြေဘုံစံတိုက်၊ ရန်ကုန် (၁၂၈၇ - ခု)။

၃၉။ ဆရာကြီး ဦးလင်း (ဒေါက်ဘာ ဆရာလင်း) (၁၂၈၇ - ခု)။

၄၀။ ဆရာတော် ဦးပဏ္ဏဝ၊ ချမ်းသာကြီးတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၈၈ - ခု)။

၄၁။ ဆရာတော် ဦးကဝိန္ဒ၊ ငွေတောင်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၈၈ - ခု)။

၄၂။ ဆရာတော် ဦးပဏ္ဍိစ္စ၊ ကုန်းတောင်းရွာ၊ သာစည်မြို့နယ် (၁၂၈၈ - ခု)။

၄၃။ ဆရာတော် ဦးအာဒိစ္စ၊ ဝေဠုဝန်ကျောင်းတိုက်၊ မြောက်ပြင်၊ မန္တလေးမြို့ (၁၂၈၈ - ခု)။

၄၄။ ဆရာတော် ဦးဝိသုဒ္ဓ၊ တောင်လုံးပြန်ကျောင်းတိုက်၊ ရန်ကုန် (၁၂၈၉ - ခုခန့်)။

၄၅။ ဆရာတော် ဦးဝိလာသ၊ သရက်တောကျောင်းတိုက် ပန်းအိုင် (၁၂၈၉ · ခု)။

၄၆။ ဆရာတော် ဦးဇဝန၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့ (၁၂၈၉ · ခု)။[၁]

၄၇။ ဆရာတော် ဦးဇဋိလ၊ ငါးထပ်ကြီးကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၂၈၉ · ခု)။

၄၈။ ဆရာတော် ဦးဥက္ကံသမာလာ၊ ( ဦးငြိမ်း ) ဒက္ခိဏာရာမတိုက်၊ (၁၂၉၀ · ခုခန့်)။

၄၉။ ဆရာတော် ဦးဂန္ဓမာ၊ သုံးထပ်ကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၂၉၀ · ခုခန့်)။

---

၁။ ၎င်းဆရာတော်သည် ၁၃၁၈ - ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၅၀။ ဆရာတော် ဦးသုမင်္ဂလ၊ မင်္ဂလာဇေယျုံတိုက်၊
ရန်ကုန် (၁၂၉၀ - ခုခန့်)။

၅၁။ ရစ်ကန်ကြီး ဆရာတော်၊ ပြာသာဒ်ကျောင်း၊
ခရမ်းမြို့ (၁၂၉၀ - ခုခန့်)။

၅၂။ ဆရာတော် ဦးသူရိယ၊ စံ့ကျောင်းတိုက်၊
တောင်ပြင်၊ မန္တလေး (၁၂၉၁ - ခု)။[၁]

၅၃။ ဆရာတော် ဦးဇာဂရ၊ မိုးထိတိုက်၊ မြောက်ပြင်၊
မန္တလေး (၁၂၉၁ - ခု)။

၅၄။ ဆရာတော် ဦးဂန္ဓမာ၊ မဟာဗောဓိဂိုဏ်းချုပ်၊
ဝန်းသိုမြို့၊ ကသာခရိုင် (၁၂၉၁ - ခု)။

၅၅။ ဆရာတော် ဦးအာစာရ၊ ရွှေကျောင်း
ဗန်းမော်မြို့ (၁၂၉၁ - ခု)။

၅၆။ ဆရာတော် ဦးပညာသီဟ၊ ကမ္ဘောဇနန်းကျောင်း၊
ပဲခူးမြို့ (၁၂၉၁ - ခု)။

၅၇။ ဆရာတော် ဦးသူရိယ၊ မစိုးရိမ်တိုက်၊
မန္တလေး (၁၂၉၁ - ခု)။[၂]

၅၈။ ဆရာတော် အရှင် သာဂရ၊ မဟာမြိုင်ကျောင်းတိုက်၊
မော်လမြိုင် (၁၂၉၁ - ခု)။

၅၉။ ဆရာတော် ဦးစာရိန္ဒ၊ ဘုရားကြီးတိုက်၊
ဟင်္သာတမြို့ (၁၂၉၁ - ခု)။[၃]

၆၀။ ဆရာတော် ဦးအဂ္ဂဝံသ၊ ကျွန်းရွာတောရ၊
တောင်သာမြို့ (၁၂၉၂ - ခု)။

၆၁။ ဆရာတော် ဦးရာဇိန္ဒ၊ လယ်တီတိုက်၊ ဟင်္သာတမြို့ (၁၂၉၂ - ခု)။

၆၂။ ဆရာတော် ဦးကေတုမာလာ၊ ရတနာဘုံမြင့်
ကျောင်းတိုက်၊ မော်လမြိုင်မြို့ (၁၂၉၂ - ခု)။

---

၁။ ၎င်းဆရာတော် ဘွဲ့တံဆိပ်ပွဲ မကျင်းပမီ ပျံလွန်တော်မူသည်။

၂။ ၎င်းဆရာတော်သည် ၁၃၁၇ - ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၃။ ၎င်းဆရာတော် ၁၃၁၅ - ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၆၃။ လယ်တီဆရာမြို့ (လယ်တီ ဦးဝါယာမ) (၁၂၉၂-ခု)။
၆၄။ ဆရာတော် ဦးဣန္ဒြိယ၊ မဟာခေမာဘယ ဆင်တဲတိုက်သစ်၊ မန္တလေး (၁၂၉၃-ခု)။
၆၅။ ဆရာတော် ဦးဥက္ကံသ၊ သခြေကန်ရွာ၊ သံလျင်မြို့ (၁၂၉၃-ခု)။
၆၆။ ဆရာတော် ဦးခန္တီ၊ ပင်းသာကျောင်း၊ ဒက္ခိဏာရာမတိုက်၊ မန္တလေး (၁၂၉၃-ခုခန့်)။
၆၇။ ဆရာတော် ဦးသီလဝန္တ၊ ရာမညကျောင်းတိုက်၊ ဘိုးနက်ကျေးရွာ၊ ချောင်းဆုံမြို့နယ် (၁၂၉၃-ခုခန့်)။
၆၈။ ဆရာတော် ဦးတိသာသန၊ ရွှေရေးကျောင်း၊ မဟာဝိသုတာရာမ တိုက်တော်၊ အရှေ့ပြင်၊ မန္တလေး (၁၂၉၄-ခု)။
၆၉။ ဦးအဂ္ဂဓမ္မာဘိဝံသ၊ အဘယာရာမတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၉၅-ခု)။
၇၀။ ဦးဓမ္မိက၊ လေသာ ဆရာတော်၊ ဗားကရာတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန် (၁၂၉၅-ခု)။
၇၁။ ဆရာတော် ဦးဝါသဝ၊ ပန်းတောင်းဆရာတော် (၁၂၉၅-ခု)။
၇၂။ ဆရာတော် ဦးရေဝတ၊ (ညောင်ရမ်းဆရာတော်) မိုးကောင်းတိုက်၊ မန္တလေး (၁၂၉၆-ခု)။[၁]
၇၃။ ဆရာတော် ဦးသူရိယ၊ သစ်ဆိမ့်တိုက်၊ မြောက်ပြင်၊ မန္တလေး (၁၂၉၇-ခု)။
၇၄။ ဆရာတော် ဦးဉာဏ၊ မစိုးရိမ်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၉၇-ခု)။
၇၅။ ဆရာတော် ဦးသိရိန္ဒာဘိဇေယ၊ ဒက္ခိဏာရာမပိုးစာတောတိုက်၊ ဟင်္သာတ (၁၂၉၇-ခု)။
၇၆။ ဆရာတော် ဦးပညာ၊ မဟာဝိသုံတာရာမတိုက်၊ ပခုက္ကူ (၁၂၉၇-ခု)။
၇၇။ ဆရာတော် ဦးစက္ကပါလ၊ တောင်ပေါက်ကျောင်းတိုက်၊ မော်လမြိုင်မြို့ (၁၂၉၇-ခု)။

---

၁။ ၎င်းဆရာတော် ၁၃၁၅-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၇၈။ ဆရာတော် ဦးကေသရ၊ ကြက်မောက်ရွာ၊ သာစည်မြို့နယ် (၁၂၉၇-ခု)။

၇၉။ ဆရာတော် ဦးရေဝတ၊ သူဌေးကျောင်း၊ ခင်မကန်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၉၈-ခု)။

၈၀။ ဆရာတော် ဦးပဏ္ဍိတ၊ ပုဂံအတွင်းဝန်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၂၉၈-ခုနှ)။[၂]

၈၁။ ဆရာတော် ဦးဝါယာမ၊ စံကျောင်း ဆရာတော်၊ ရွှေဟသ်ာတောရတိုက်၊ ညောင်တုန်းမြို့ (၁၂၉၉-ခု)။

၈၂။ ဆရာတော် ဦးနန္ဒိမာ၊ စံကျောင်းဆရာတော်၊ အလယ်တိုက်ကြီး၊ ခင်မကန်တိုက်၊ အနောက်ပြင်၊ မန္တလေး (၁၃၀၀-ပြည့်)။

၈၃။ ဆရာတော် ဦးရာဇိန္ဒ၊ ဘုရားဖြူတိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့ (၁၃၀၀-ပြည့်)။

၈၄။ ဆရာတော် ဦးကုမာရ၊ မဟာသိဝချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၀၀-ပြည့်)။

၈၅။ ဆရာတော် ဦးသုန္ဒရာဘိဝံသ၊ ဝိဇ္ဇာလင်္ကာရတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၃၀၀-ပြည့်)။

၈၆။ ဆရာတော် ဦးသောမ၊ မစိုးရိမ်တိုက်၊ (နောက်စစ်ကိုင်းတောင်ရိုးကြွ သီတင်းသုံး) မန္တလေး (၁၃၀၀-ပြည့်)။

၈၇။ ဆရာတော် ဦးကုမာရ၊ ပန်းမလှယ်ပြင်ကျောင်းတိုက်၊ ကျုပ်ပြင်၊ မိုးကုတ် (၁၃၀၁-ခု)။

၈၈။ ဆရာတော် ဦးကောသလ္လ၊ စည်ရှင်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး (၁၃၀၁-ခု)။

၈၉။ ဆရာတော် ဦးနာဂိန္ဒသာမိ၊ ဇေယန္တာကျောင်းတိုက်၊ မိုးညှိမြို့၊ သာယာဝတီခရိုင် (၁၃၀၁-ခု)။

၉၀။ ဆရာတော် ဦးသုဘာသိတ၊ ကန်တွင်းကျောင်းတိုက်၊ ပြည်မြို့ (၁၃၀၁-ခု)။

၉၁။ ဆရာတော် ဦးဂုဏုတ္တရ၊ အမိတာရာမတိုက်၊ ဖားအံမြို့၊ (၁၃၀၁-ခုနှ)။

---

၂။ ၎င်းဆရာတော် ဘွဲ့တံဆိပ် အလှူမခံရမီ ပျံလွန်တော်မူသည်။

၉၂။ ဆရာတော် ဦးသုမန၊ (မိုးညှင်းဆရာတော်ဘုရားကြီး) မုံရွာမြို့ (၁၃၀၂-ခု)။

၉၃။ ဆရာတော် ဦးခေမိန္ဒ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့ (၁၃၀၂-ခု)။

၉၄။ ဆရာတော် ဦးပညာ၊ သာသနာ့တံခွန်ကျောင်းတိုက်၊ ရေနံချောင်းမြို့ (၁၃၀၂-ခု)။

၉၅။ ဆရာတော် ဦးဥတ္တမ၊ စကုမော်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၀၂-ခု)။

၉၆။ ဆရာတော် ဦးဇာဂရ၊ ပတ္တမြားတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၃၁၂-ခု)။

၉၇။ ဆရာတော် ဦးကောသလ္လ၊ ပိဋကတ်တိုက်ကျောင်း၊ မုဒ္ဒိန်းရွာ၊ ချောင်းဆုံမြို့နယ်၊ ကျိုက္ခမိခရိုင် (၁၃၁၂-ခု)[၁]

၉၈။ ဆရာတော် ဦးဇနကာဘိဝံသ၊ ဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့ (၁၃၁၂-ခု)။

၉၉။ ဆရာတော် ဦးသုန္ဒရ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ (၁၃၁၃-ခု)။[၂]

၁၀၀။ ဆရာတော် ဦးနန္ဒဝံသ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ (၁၃၁၃-ခု)။

၁၀၁။ ဆရာတော် ဦးနာရဒ၊ ဒက္ခိဏာရာမတိုက်၊ တောင်ပြင်၊ မန္တလေး (၁၃၁၃-ခု)။

၁၀၂။ ဆရာတော် ဦးအရိယ၊ တောရကျောင်းတိုက်၊ ညောင်လေးပင်မြို့ (၁၃၁၃-ခု)။

၁၀၃။ ဆရာတော် ဦးဇောတိပါလ၊ အတိသုဒ္ဓါရုံချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၁၃-ခု)။

၁၀၄။ ဆရာတော် ဦးဇောတ၊ မန်းဦး ဆရာတော်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ရန်ကုန်မြို့ (၁၃၁၃-ခု)။

---

၁။ ၎င်းဆရာတော် ၁၃၄၀-ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည်။

၂။ ၎င်းဆရာတော် ၁၃၂၂-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရှိတော်မူသည်။

၁၀၅။ ဆရာတော် ဦးသောဘန၊ ( မဟာစည်ဆရာတော် )
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့ (၁၃၁၃ - ခု)။

၁၀၆။ ဆရာတော် ဦးကောဏ္ဍည၊ ခြောက်ထပ်ကြီး
ဘုရားကြီးတိုက်၊ ရန်ကုန်မြို့ (၁၃၁၄ - ခု)။

၁၀၇။ ဆရာတော် ဦးဣန္ဒာသဘာဘိဝံသ၊ ဘုရားကြီးတိုက်၊
မန္တလေး (၁၃၁၄ - ခု)။

၁၀၈။ ဆရာတော် ဦးဥက္ကံသ (ဦးကြွယ်)၊ ဘုရားကြီးတိုက်၊
မန္တလေး (၁၃၁၄ - ခု)။

၁၀၉။ ဆရာတော် ဦးဉာဏာဘိဝံသ၊ ဝိသုဒ္ဓါရုံတိုက်သစ်၊
အနောက်ပြင်၊ မန္တလေး (၁၃၁၄ - ခု)။

၁၁၀။ ဆရာတော် ဦးအာဠဝက၊ ကျောက်ကုန်း တောရ
မေဓိနီ ကျောင်းတိုက်၊ ရန်ကုန် (၁၃၁၄ - ခု)။

၁၁၁။ ဆရာတော် ဦးသူရိယ၊ ဓမ္မမေဒနီ ကျောင်းတိုက်၊
သထုံမြို့ (၁၃၁၅ - ခု)။

၁၁၂။ ဆရာတော် ဦးပုညာဘိဇ၊ သဒ္ဓမ္မဇောတိကာရုံ
ဘုရားကြီးတိုက်၊ ပေါင်းတည်မြို့ (၁၃၁၅ - ခု)။

၁၁၃။ ဆရာတော် ဦးသောဘန၊ သပြေပင် ကျောင်းတိုက်၊
ဟင်္သာတမြို့ (၁၃၁၅ - ခု)။

၁၁၄။ ဆရာတော် ဦးကောသလ္လ၊ မစိုးရိမ်တိုက်၊ အနောက်ပြင်၊
မန္တလေးမြို့ (၁၃၁၅ - ခု)။

၁၁၅။ ဆရာတော် ဦးသုဝဏ္ဏ၊ မောင်းထောင်ကျောင်းတိုက်
ပုသိမ်မြို့ (၁၃၁၅ - ခု)။

၁၁၆။ ဆရာတော် ဦးဗုဒ္ဓဒတ္တ၊ အမ္ဗလံဂေါစမြို့၊
သီဟိုဠ်ကျွန်း (၁၃၁၅ - ခု)။

၁၁၇။ ဆရာတော် ဦးဝိမလဓမ္မ၊ ဝပ်မဟာဓာတု
ကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ယိုးဒယားနိုင်ငံ (၁၃၁၅ - ခု)။

၁၁၈။ ဆရာတော် ဦးပညာလောက၊ စစ်စကောင်း ဗုဒ္ဓ
သာသနာပြုကျောင်း ဆရာတော်၊ ဓမ္မဒူတ ကျောင်းတိုက်၊
အထက်ပန်းဆိုးတန်း ရန်ကုန်မြို့ (၁၃၁၆ - ခု)။

၁၁၉။ ဆရာတော် ဦးရေဝတဓမ္မ၊ ဒေဝသာဂရ သိမ်ကုန်း
ဓမ္မိကာရာမ ကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၃၁၆ - ခု)။

၁၂၀။ ဆရာတော် ဦးနန္ဒမာလာ၊ ရွှေတောင်ကျောင်းတိုက်၊
ရေနံချောင်းမြို့ (၁၃၁၆ - ခု)။

၁၂၁။ ဆရာတော် ဦးတေဇနိယ၊ ဇောတိကာရုံကျောင်းတိုက်၊
ပြည်မြို့ (၁၃၁၆ - ခု)။

၁၂၂။ ဆရာတော် ဦးကလျာဏာဘိဝံသ၊ ဝေယံဘုံသာတိုက်၊
အနောက်ပြင်၊ မန္တလေးမြို့ (၁၃၁၆ - ခု)။

၁၂၃။ ဆရာတော် ဦးဇောတညာဏ၊ ဝပ်ဥဏ္ဏလောမာရာမတိုက်၊
ဖနုံပင်မြို့၊ ကမ္ဘောဒီးယားနိုင်ငံ (၁၃၁၆ - ခု)။[၁]

၁၂၄။ ဆရာတော် ဦးဝိလာသ၊ သောဘဏဝတီအုတ်ကျောင်း၊
ခေမာသီဝံတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၃၁၇ - ခု)။

၁၂၅။ ဆရာတော် ဦးဃေိကာဘိဝံသ၊ ရွှေစေတီတိုက်၊
ရေနံချောင်းမြို့ (၁၃၁၇ - ခု)။

၁၂၆။ ဆရာတော် ဦးသေဋ္ဌိလ၊ ( ရန်ကုန်တက္ကသိုလ် )
သေဋ္ဌိလဗိမာန်၊ ရန်ကုန်မြို့ (၁၃၁၇ - ခု)။

၁၂၇။ ဆရာတော် ဦးဓမ္မသေန၊ ညောင်တုန်းကျောင်းတိုက်၊
ဗဟန်း၊ ရန်ကုန်မြို့ (၁၃၁၇ - ခု)။

၁၂၈။ ဆရာတော် ဦးသောဘိတ၊ လေးကျွန်းချမ်းသာချောင်၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၁၈ - ခု)။

၁၂၉။ ဆရာတော် ဦးအာစာရ၊ အဖျောက် ဆရာတော်၊
ရွှေဂုံတိုင်ကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၃၁၈ - ခု)။

၁၃၀။ ဆရာတော် ဦးပဏ္ဍိစ္စ၊ ပန်းဘဲတန်း မင်းကျောင်း၊
မော်လမြိုင်မြို့ (၁၃၁၈ - ခု)။

၁၃၁။ ဆရာတော် ဦးအရိန္ဒမ၊ အရိယမဂ္ဂင်ချောင်၊
မင်းကွန်း (၁၃၁၈ - ခု)။

၁၃၂။ ဆရာတော် ဦးနန္ဒိယ၊ ငါးဖယ်တူကျောင်း၊
ဟသ်ာတမြို့နယ် (၁၃၁၈ - ခု)။

၁၃၃။ ဆရာတော် ဦးနာဂဝံသ၊ ဗားကဲရာ တောရ
ကျောင်းတိုက်၊ ရန်ကုန်မြို့ (၁၃၁၈ - ခု)။

---

၁။ ၎င်းဆရာတော် ၁၃၁၈ - ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၁၃၄။ ဆရာတော် ဦးနန္ဒိသေန၊ နန္ဒိသေနာရာမတိုက်၊
တောင်ပြင်၊ မန္တလေးမြို့ (၁၃၁၈ - ခု)။

၁၃၅။ ဆရာတော် ဦးပဏ္ဍိတ၊ အနီးစခန်းချောင်၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၁၈ - ခု)။

၁၃၆။ ဆရာတော် ဦးဉာဏုတ္တရ၊ သာသနာ့ရိပ်သာ၊ ပဲခူးမြို့ (၁၃၁၈ - ခု)။

၁၃၇။ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ သဒ္ဓမ္မောဒယ ကျောင်း
တိုက်၊ လက်ပန်တန်းမြို့ (၁၃၁၈ - ခု)။

၁၃၈။ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ ဝိဇ္ဇာလက်ာ့ချကျောင်း
တိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၃၁၈ - ခု)။

၁၃၉။ ဆရာတော် ဦးသူရိယ၊ ရွှေပိင္ဂကတ်တိုက်၊ ဗဟန်း၊
ရန်ကုန်မြို့ (၁၃၁၈ - ခု)။

၁၄၀။ ဆရာတော် ဦးကေသရ၊ ရွှေမန်းအုတ်ကျောင်း၊
စကုတိုက်၊ အနောက်ပြင်၊ မန္တလေး (၁၃၁၈ - ခု)။

၁၄၁။ ဆရာတော် ဦးဇောတိက၊ ထီးလင်းတိုက်၊ တောင်
ပြင်၊ မန္တလေးမြို့ (၁၃၁၈ - ခု)။

၁၄၂။ ဆရာတော် ဦးဉာဏိက၊ နှစ်ကျိပ်ရှစ်ဆူကျောင်း၊
သရက်တောတိုက်၊ ရန်ကုန်မြို့ (၁၃၁၈ - ခု)။

၁၄၃။ ဆရာတော် ဦးအာနန္ဒာဓမ္မဘာသျှ၊ သီရိခေမ္မာနန္ဒပရိဝေဏ၊
ဗာဋ္ဌန်ဂေါ်မ၊ သီဟိုဠ်ကျွန်း (၁၃၁၈ - ခု)။

၁၄၄။ ဆရာတော် ဦးဓမ္မရတန၊ အဿဂိရိကျောင်းတိုက်၊
ကန္ဒီမြို့၊ သီဟိုဠ်ကျွန်း (၁၃၁၈ - ခု)။

၁၄၅။ ဆရာတော် ဦးသီရိနိဝါသ၊ ပုလိနာတလာရာမ
ကျောင်းတိုက်၊ ကာလုတရမြို့၊ သီဟိုဠ်ကျွန်း (၁၃၁၈ - ခု)။

၁၄၆။ ဆရာတော် ဦးဉာဏောဒယ၊ သဂ္ဂသုတိပရိဝေဏ၊
ဗလာဂလ္လမြို့၊ သီဟိုဠ်ကျွန်း (၁၃၁၈ - ခု)။

၁၄၇။ ဆရာတော် ဦးသံဃဝုစ်၊ ဝိပ်ဝိဇယာရာမ၊ ဗီယံချန်၊
လာအိုနိုင်ငံ (၁၃၁၈ - ခု)။

၁၄၈။ ဆရာတော် ဦးကိတ္တိသောဘန၊ ဝပ်ပဋ္ဌမဘောပစ်ကျောင်း
တိုက်၊ ဘန်ကောက်မြို့၊ ယိုးဒယားနိုင်ငံ (၁၃၁၈ - ခု)။

၁၄၉။ ဆရာတော် ဦးဝိမလ၊ ရွှေသာတောရကျောင်းတိုက်၊
ညောင်တုန်းမြို့ (၁၃၁၈ - ခု)။

၁၅၀။ ဆရာတော် ဦးသူရိယာဘိဝံသ၊ အလယ်တောရ စာချ ကျောင်း၊ ရန်ကုန်မြို့ (၁၃၁၈ - ခု)။

၁၅၁။ ဆရာတော် ဦးအာစိဏ္ဏ၊ စန္ဒာရုံကျောင်းတိုက်၊ သထုံမြို့ (၁၃၁၉ - ခု)။

၁၅၂။ ဆရာတော် ဦးခေမာစာရ၊ ဝေဠုဝန်ကျောင်းတိုက်၊ ဗဟန်း၊ ရန်ကုန် (၁၃၁၉ - ခု)။

၁၅၃။ ဆရာတော် ဦးသုဒဿန၊ ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့ (၁၃၁၉ - ခု)။

၁၅၄။ ဆရာတော် ဦးဥတ္တမသာရ၊ မဟာဇောတိကာရာမတိုက်၊ မုံရွာမြို့ (၁၃၁၉ - ခု)။

၁၅၅။ ဆရာတော် ဦးဂုဏဝါ၊ ယပ်လှဲကျောင်းတိုက်၊ ကျောက်ဖြူမြို့ (၁၃၁၉ - ခု)။

၁၅၆။ ဆရာတော် ဦးစာရိန္ဒာသဘ၊ အောင်မြေသာယာ သုခဌေးတိုက်၊ ရေစကြိုမြို့ (၁၃၁၉ - ခု)။

၁၅၇။ ဆရာတော် ဦးနာဂိန္ဒာဘိဝံသ၊ ဇီးဖြူကုန်းကျောင်း တိုက်၊ ဒါးပိန်မြို့ (၁၃၂၀ - ခု)။

၁၅၈။ ဆရာတော် ဦးဝိမလဗုဒ္ဓိဘိဝံသ၊ ဓမ္မာစရိယကျောင်း တိုက်၊ စစ်ကိုင်းတောင်ရိုး (၁၃၂၀ - ခု)။

၁၅၉။ ဆရာတော် ဦးနန္ဒမဥ္စူ၊ ချမ်းသာကြီးတိုက်၊အနောက် ပြင်၊ မန္တလေး (၁၃၂၀ - ခု)။

၁၆၀။ ဆရာတော် ဦးဥတ္တမ၊ သဒ္ဓမ္မဝံသာရုံ၊ ကန္နားတိုက်၊ မိတ္ထီလာမြို့ (၁၃၂၁ - ခု)။

၁၆၁။ ဆရာတော် ဦးဇောတိက၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့ (၁၃၂၁ - ခု)။

၁၆၂။ ဆရာတော် ဦးအာလောက၊မဂ်လာရုံမြို့လယ်ကျောင်း တိုက်၊ သိန္နီမြို့ (၁၃၂၁ - ခု)။

၁၆၃။ ဆရာတော် ဦးသောဘိတ၊ မဟာဝိသုတာရာမိက၊ ပခုက္ကူကျောင်းသစ်၊ မြင်းခြံမြို့ (၁၃၂၁ - ခု)။

၁၆၄။ ဆရာတော် ဦးပဒုမ၊ တောကျောင်းတိုက်၊ မြိတ်မြို့ (၁၃၂၂ - ခု)။

၁၆၅။ ဆရာတော် ဦးနန္ဒိယ၊ ခင်မကန်တိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၃၂၂ - ခု)။

၁၆၆။ ဆရာတော် ဦးဂုဏာဝုဍ္ဍ၊ ရွာကလေးရွာ၊ သာရဝေါ
တိုက်နယ်၊ သာယာဝတီခရိုင် (၁၃၂၂-ခု)။

၁၆၇။ ဆရာတော် ဦးဥတ္တရာဘိဝ၊ ဒိပဲရုံဘုရားကြီးတိုက်၊
ရေကြည်မြို့နယ်၊ ပုသိမ်ခရိုင် (၁၃၂၂-ခု)။

၁၆၈။ ဆရာတော် ဦးပဏ္ဍိတသိရိ၊ ရွှေဟင်္သာတိုက်သစ်၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ (၁၃၂၂-ခု)။[၁]

၁၆၉။ ဆရာတော် ဦးဓိရက္ခ၊ မဟာဝိဇိတာရုံကျောင်းတိုက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ (၁၃၂၂-ခု)။

၁၇၀။ ဆရာတော် ဦးနန္ဒိယ၊ အောင်မြေသာစည်ကျောင်း
တိုက်၊ တောင်ကြီး (၁၃၂၂-ခု)။

၁၇၁။ ဆရာတော် ဦးအာစိဏ္ဏ၊ ခြောက်ထပ်ကြီး
ဘုရားကြီးတိုက်၊ ရန်ကုန်မြို့ (၁၃၂၂-ခု)။

၁၇၂။ ဆရာတော် ဦးသာသန၊ သာသနဝိပုလာရာမတိုက်၊
ပခုက္ကူမြို့ (၁၃၂၂-ခု)။

၁၇၃။ ဆရာတော် ဦးဝိသုဒ္ဓ၊ မစိုးရိမ်တိုက်၊
အနောက်ပြင်၊ မန္တလေးမြို့ (၁၃၂၂-ခု)။

၁၇၄။ ဆရာတော် ဦးလက္ခဏ၊ ညောင်ရမ်းကျောင်း၊
မိုးကောင်းတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့ (၁၃၂၂-ခု)။

၁၇၅။ ဆရာတော် ဦးနန္ဒာစရိယ၊ စကုတိုက်၊
အနောက်ပြင်၊ မန္တလေးမြို့ (၁၃၂၂-ခု)။

၁၇၆။ ဆရာတော် ဦးဇဝန၊ မြို့ထောင့်ကျောင်းတိုက်၊
ဖြူးမြို့ (၁၂၂၃-ခု)။

၁၇၇။ ဆရာတော် ဦးဝိသုဒ္ဓ၊ လမ်းသစ်ကျောင်း၊
ဥတိုရွာ၊ တိုက်ကြီးမြို့နယ် (၁၃၂၃-ခု)။

၁၇၈။ ဆရာတော် ဦးနေမိန္ဒ၊ ဝပ်တမအိုကျောင်း၊
လန်းပန်းမြို့၊ ယိုးဒယားနိုင်ငံ၊ (၁၃၂၃-ခု)။

၁၇၉။ ဆရာတော် ဦးကုသလာဘိဝံသ၊ မော်လမြိုင်
ကျောင်းတိုက်၊ ဆည်သည်ရွာ၊ စဉ့်ကူမြို့နယ် (၁၃၂၃-ခု)။

---

၁။ ၎င်းဆရာတော်သည် ၁၃၄၀-ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၈၀။ ဆရာတော် ဦးကုဝေရ၊ အရှေ့ကျောင်းကြီး၊
ဟိုပုံမြို့၊ ကချင်ပြည်နယ် (၁၃၂၃-ခု)။

၁၈၁။ ဆရာတော် ဦးပညာ၊ ဇူဇွာသယချောင်၊
လောကမှန်ကူတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း (၁၃၂၃-ခု)။

၁၈၂။ ဆရာတော် ဦးတိက္ခ၊ ပွင့်လှသိမ်ကုန်းကျောင်း
တိုက်၊ ပြည်မြို့ (၁၃၂၃-ခု)[၁]

၁၈၃။ ဆရာတော် ဦးဉာဏိန္ဒ၊ သာသနသောဘဏိကာရုံ
တိုက်၊ ပြွန်တန်ဆာမြို့ (၁၃၂၃-ခု)။

၁၈၄။ ဆရာတော် ဦးအာစိက္ခဏ၊ မြို့လယ်ကျောင်းတိုက်၊
မအူပင်မြို့ (၁၃၂၃-ခု)။

၁၈၅။ ဆရာတော် ဦးရေဝတ၊ အလယ်တောရကျောင်း
တိုက်၊ ရန်ကုန်မြို့ (၁၃၂၃-ခု)။

၁၈၆။ ဆရာတော် ဦးဥက္ကံသ၊ ဇေယျဝတီကျောင်းတိုက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ (၁၃၂၃-ခု)။

၁၈၇။ ဆရာတော် ဦးဉာနုတ္တရ၊ ဗားကရာတိုက်၊
အမရပူရမြို့ (၁၃၂၃-ခု)။

၁၈၈။ ဆရာတော် ဦးသောဘိတ၊ ဂြစ်ဘက်ကျောင်း
တိုက်၊ စစ်တွေမြို့ (၁၃၂၃-ခု)။

၁၈၉။ ဆရာတော် ဦးပညာဝံသ၊ ဘုရားဖြူကျောင်း၊
တိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့ (၁၃၂၃-ခု)။

၁၉၀။ ဆရာတော် ဦးအရိယဝံသ၊ မာလိဂါဝတ္တာ၊
သုဓမ္မာရာမ၊ ကိုလံဘိုမြို့၊ သီဟိုဠ်ကျွန်း (၁၃၂၃-ခု)။

၁၉၁။ ဆရာတော် ဦးသုဇန၊ ခန္တီးစာသင်တိုက်၊
ဝန်သိုမြို့။ (၁၃၂၃-ခု)။

၁၉၂။ ဆရာတော် ဦးဇလန္ဒာသနီ၊ ရတနာဂူချောင်၊
မင်းကွန်း (၁၃၂၃-ခု)။

၁၉၃။ ဆရာတော် ဦးဓမ္မာနန္ဒ၊ မြောင်းမြကျောင်း
တိုက်၊ ပုသိမ်မြို့ (၁၃၂၃-ခု)။

---

၁။ ၎င်းဆရာတော် ၁၃၄၀ - ပြည့်နှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၁၉၄။ ဆရာတော် ဦးဥတ္တမဗုဒ္ဓိ၊ မုံရွေးမဟာဇေတဝန် ကျောင်းတိုက်၊ မုံရွာခရိုင် (၁၃၂၃ - ခု)။

၁၉၅။ ဆရာတော် ဦးသုန္ဒရ၊ ရွှေစေတီ သာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့ (၁၃၂၃ - ခု)။

၁၉၆။ ဆရာတော် ဦးဝိမလ၊ မင်္ဂလာတိုက်၊ အမရပူရမြို့ (၁၃၂၃ - ခု)။

၁၉၇။ ဆရာတော် ဦးပဏ္ဍိတ၊ ဇေယျမေဒနီကျောင်း တိုက်၊ မြောင်းမြမြို့ (၁၃၂၃ - ခု)။

၁၉၈။ ဆရာတော် ဦးဝိမလဓမ္မ၊ ဝိဇ္ဇောဒယပရိယေဏ၊ ကိုလံဘိုမြို့ (၁၃၂၃ - ခု)။

၁၉၉။ ဆရာတော် ဦးစန္ဒရံသီ၊ သဒ္ဓမ္မဇောတိကာရာမ (တောင်ပေါ်) ကျောင်းတိုက်၊ ဓနုဖြူမြို့ (၁၃၂၃ - ခုခန့်)။

၂၀၀။ ဆရာတော် ဦးဣန္ဒိယ၊ မိုးညှင်း ဝိပဿနာ တိုက်သစ်၊ ရန်ကုန်မြို့ (၁၃၂၃ - ခု)။

၂၀၁။ ဆရာတော် ဦးဣန္ဒြိယ၊ ရွှေဂူကျောင်းတိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့ (၁၃၂၃ - ခု)။

၂၀၂။ ဆရာတော် ဦးတိလောကာဘိဝံသ၊ တိလော ကာရုံကျောင်း၊ ဗားကရာတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ (၁၃၂၃ - ခု)။

၂၀၃။ ဆရာတော် ဦးသုဇာတာသက်ာ၊ စံဝတီ တိုက်ကျောင်း၊ ဥယျာဉ်တိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ (၁၃၂၃ - ခု)။

၂၀၄။ ဆရာတော် ဦးဇောတယ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့ (၁၃၄၀ - ပြည့်နှစ်)။

၂၀၅။ ဆရာတော် ဦးလောကိသာရ၊ ကပိုင် ကျေးရွာကျောင်း၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း (၁၃၄၀ - ပြည့်နှစ်)။

၂၀၆။ ဆရာတော် ဦးပဏ္ဍိတ၊ ဝေဠုဝန်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်း (၁၃၄၀ - ပြည့်နှစ်)။

၂၀၇။ ဆရာတော် ဦးဂန္ဓမာ၊ မဟာဝိသုတာရာမ တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း (၁၃၄၀ - ပြည့်နှစ်)။

၂၀၈။ ဆရာတော် ဦးနရိန္ဒ၊ တောင်ကျောင်းကြီး၊
တောင်ကြီးမြို့။ ရှမ်းပြည်နယ် (၁၃၄၀ - ပြည့်နှစ်)

၂၀၉။ ဆရာတော် ဦးနာရဒ၊ ပဋ္ဌာန်းကျောင်းတိုက်၊
ပြည်လမ်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း (၁၃၄၀ - ပြည့်နှစ်)

၂၁၀။ ဆရာတော် ဦးဇာနေယျဗုဒ္ဓိ၊ မဟာဝိသုဒ္ဓါရုံ
တိုက်သစ်၊ အနောက်ပြင်၊ မန္တလေးမြို့၊
မန္တလေးတိုင်း (၁၃၄၀ - ပြည့်နှစ်)

၂၁၁။ ဆရာတော် ဦးဣန္ဒက၊ ပဋ္ဌာန်းသိပ္ပံတိုက်၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်း (၁၃၄၀ - ပြည့်နှစ်)

၂၁၂။ ဆရာတော် ဦးစန္ဒောဘာသ၊ ပရိယတ္တိ နယူ
ပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ အနောက်
ပြင်၊ မန္တလေးမြို့၊ မန္တလေးတိုင်း (၁၃၄၀ - ပြည့်နှစ်)

၂၁၃။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
( တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ) ဓမ္မနာဒ
ကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊
စစ်ကိုင်းတိုင်း၊ (၁၃၄၀ - ပြည့်နှစ်)

ဤသည်လျှင် ၁၂၇၆-ခုနှစ်မှ စ၍ ၁၃၄၀ - ပြည့်နှစ်အထိ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော်များကို ထုတ်ပြချက်တည်း၊ နှစ်ဦးပိုင်းက ဆရာတော်များ ၈ - ပါးခန့် ကျန်ရှိသေးသည်ဟု ထင်မိပါသည်။

——

### အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်း

သက္ကရာဇ် ၁၃၁၅ - ခုနှစ်မှစ၍ သင့်လျော်သောအခါ၌ သာသနာတော်တွင် အလွန်ထင်ရှားသည့် ဂိုဏ်းဦးစီး၊ သက်တော်ရှည် ဆရာတော်ဘုရားကြီးများနှင့် ဆဋ္ဌသံဂါယနာတွင် အထွတ်အထိပ်နေရာမှ ပါဝင် ဆောင်ရွက်တော်မူသည့် ယိုးဒယား သီဟိုဠ် ကမ္ဘောဒီးယား လာအို နိုင်ငံများမှ ဆရာတော်ကြီး

၁ ပါးစီအား " အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်း ပူဇော်ခဲ့ကြကုန်၏။

၎င်းဆရာတော်များမှာ —

**၁။ အရှင်စာရိန္ဒာသဘမဟာထေရ်၊ ဘုရာကြီးတိုက်၊ ဟသ်ာတမြို့။**

၁၂၂၉ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၁၈ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၂၉၀ - ပြည့်နှစ်တွင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၁၅ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**၂။ အရှင်စန္ဒမဟာထေရ်၊ စံကင်းဆရာတော်ဘုရားကြီး၊ ဝိပဿနာ ဂန္ဓာရုံချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။**

၁၂၃၂ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၄ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၃၁၅ - ခုနှစ်တွင် " အဘိဓဇ မဟာရဋ္ဌဂုရု "ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**၃။ အရှင်ရေဝတမဟာထေရ်၊ ညောင်ရမ်းဆရာတော်၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။**

၁၂၃၅ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၁၆ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၂၇၄ - ခုနှစ်တွင် ပါတော်မူ သီပေါမင်း၏ " ရေဝတာဘိ ပဏ္ဍိတဓဇသာသနဝံသ မဟာဓမ္မရာဇဂုရု " ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ၁၂၉၆ - ခုနှစ်တွင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူ၍ ၁၃၁၅ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**၄။ အရှင်သူရိယမဟာထေရ်၊ မစိုးရိမ်ဆရာတော်၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့။**

၁၂၄၁ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၇ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၂၉၁ - ခုနှစ်တွင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၁၇ - ခုနှစ်တွင် " အဘိဓဇ မဟာရဋ္ဌဂုရု " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

**၅။ အရှင်ဇဝနမဟာထေရ်၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့။**

၁၂၃၉ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၂၀ - ပြည့်နှစ်တွင် ပျံလွန်တော်မူသည်၊ ၁၂၈၉ - ခုတွင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့

တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၁၈ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၆။ **ဆွမ်းဒက်ဖရဝဇီရဉာဏာဝံသ၊ ဝပ်ဘော်ဝင်နိဝိဿကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ယိုးဒယားနိုင်ငံ**

ယိုးဒယားနိုင်ငံ သာသနာပိုင်ဆရာတော် ဖြစ်သည်၊ ၁၃၁၈ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ ၁၃၂၀ - ခုနှစ်လောက်တွင် ပျံလွန်တော်မူသည်။

၇။ **အရှင်အဿရဏသရဏသိရိသရဏကံ ချမဟာထေရ်၊ မာလာဝတု ကျောင်းတိုက်၊ ကန္ဒီမြို့၊ သီဟိုဠ်ကျွန်း**

သီဟိုဠ်ကျွန်း ( သီရိလင်္ကာနိုင်ငံ ) သျှာမနိကာယ သံဃနာယက ဖြစ်သည်၊ ၁၃၁၈ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ ၁၃၂၃ - ခုနှစ် လောက်တွင် ပျံလွန်တော်မူသည်။

၈။ **အရှင်ဓမ္မဉာဏ၊ ဝပ်သုဝဏ္ဏဘူမိကျောင်းတိုက်၊ လူယင်ပအုဘင်၊ လာအိုစ်နိုင်ငံ**

ခရစ်သက္ကရာဇ် ၁၈၉၃ - ခုနှစ်ဖွားတည်း ၁၃၁၈ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၉။ **အရှင်မဟာသုမေဓာဓိပတိ၊ ဝပ်ဥဏ္ဏာလောမာရာမတိုက်၊ ဖနွမ်ပင်မြို့၊ ကမ္ဘောဒီးယားနိုင်ငံ**

၁၃၁၆ - ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၁၈ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ သက်တော် ၉၀ - ကျော်တွင် ပျံလွန်တော်မူသည်။

၁၀။ **အရှင်ကေလာဝံသမဟာထေရ်၊ ရေတံခွန်ကျောင်းတိုက်၊ ဟသ်ာတမြို့**

၁၂၃၄ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၂၄ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၃၁၉ - ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၁။ **အရှင်သုန္ဒရမဟာထေရ်၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့**

၁၂၃၀ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၄ - ခုနှစ်တွင် ပျံလွန်တော်မူသည်၊ ၁၃၁၃ - ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်

တော်ကို အလှူခံရရှိတော်မူ၍ ၁၃၂၂-ခုနှစ်တွင် " အဘိဓဇ မဟာ ရဋ္ဌဂုရု " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၂။ အရှင်တိက္ခမဟာထေရ်၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့

၁၂၄၄-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ၁၃၂၃-ခုနှစ်တွင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၄၀-ပြည့်နှစ်တွင် "အဘိဓဇဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

၁၃။ အရှင်ကောသလ္လမဟာထေရ်၊ မုဒ္ဒန်းပိဋကတ်တိုက်ကျောင်း၊ မုဒ္ဒန်းရွာ၊ ချောင်းဆုံမြို့နယ်

၁၂၄၇-ခုနှစ်တွင် ဖွားမြင်သည်၊ ၁၃၀၂ ခုနှစ်တွင် " အဂ္ဂမဟာ ပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူ၍ ၁၃၄၀-ပြည့်နှစ် တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော် မူသည်။

၁၄။ အရှင်ပဏ္ဍိတာဘိဝံသမဟာထေရ်၊ ရွှေဘုံသာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့

၁၂၅၅-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ၁၃၂၂-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၄၀-ပြည့်နှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး များအား နှစ်စဉ် ဆွမ်းဆန်တော်ဝတ္ထုငွေ ၁၀၀၀ိ (တထောင်ကျပ်) လှူဒါန်းလေ သည်။[၁]

အင်္ဂလိပ်မင်း လက်ထက်တော်၌ ပဌမအကြိမ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော် ဆက်ကပ် လှူဒါန်းပွဲနှင့် နောက်နောင် အဂ္ဂမဟာပဏ္ဍိတ လှူဒါန်းပွဲ အခမ်းအနားများ အကြိမ်အနည်းငယ်ကို မန္တလေးတောင်ခြေ သုဓမ္မာဇရပ် တော်၌ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးစီးကျင်းပခဲ့သည်၊

---

၁။ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများ သဒ္ဓါရ သဘောတရား မလွှန်ဆန်နိုင်၍ ပံ့လွှန်တော်မူခဲ့သော် သင်္ဂြိုဟ်စရိတ် ဝတ္ထု ငွေ ၃၀၀၀ိ (သုံးထောင်ကျပ်) ကို နိုင်ငံတော်အစိုးရက သက်ဆိုင်ရာ ကော်မီတီအား လှူဒါန်းလေသည်။

၁၂၈၇ - ခုနှစ် မန္တလေးမြို့ အနောက်ပြင် သာသနဇောတိကာရာမ သာသနာပိုင် ကျောင်းတိုက်ကြီး ပြီးသော အခါ ယင်း သာသနဇောတိကာရာမ၌ ကျင်းပလေသည်၊ ၁၂၉၇ - ခုနှစ် တပေါင်းလဆုတ် ၂ - ရက်နေ့က ဖော်ပြပါ သာသနဇောတိကာရာမကျောင်းတိုက်၌ ကျင်းပ ပြုလုပ်အပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

## ၁၂၉၇ - ခုနှစ် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော် ဆက်ကပ်ပွဲ အစီအစဉ်

သက္ကရာဇ် ၁၂၉၇ - ခု၊ တပေါင်းလဆုတ် ၂ - ရက်၊ ၁၉၃၆ - ခု၊ မတ်လ ၈ - ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၃ - နာရီအချိန် မန္တလေးမြို့ အနောက်ပြင် ၄၁ - လမ်း တောင်ဖက် သံလျက်မှော်ရှိ သာသနဇောတိကာရာမတိုက်တော် အတွင်း အထူးလှပတင့်တယ် သိုက်မြိုက်စွာ ဆောက်လုပ် ထားအပ်သော မဏ္ဍာပ်ကြီး၌ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် (ဆာနတ်) အမိန့်တော်များကို အစိုးရမင်းတို့ လှူအပ်တော်မူချက် အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အဋ္ဌာရသမ ၁၈ - ကြိမ်မြောက် ကျင်းပ ကပ်လှူ အပ်နှင်းတော်မူသည့် အခမ်းအနားတွင် –

(၁) ထိုနေ့ မွန်းလွဲ ၂ - နာရီအချိန်တွင် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြမည့် –

(က) မန္တလေးမြို့ မြောက်ပြင်သစ်ဆိမ့်တိုက်၊ သံဃနာယက ဆရာတော် ဦးသူရိယ

(ခ) မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ဆရာတော် ဦးဉာဏ

(ဂ) ဟင်္သာတမြို့ ပိုးစာတောတိုက် ဒက္ခိဏာရာမဆရာတော် ဦးသိရိန္ဒာဘိဝံသ

(ဃ) ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးပညာ

တို့သည် မန္တလေးမြို့ အနောက်ပြင် ၄၁ - လမ်းတောင်ဘက် သံလျက်မှော်ရပ်ရှိ သာသနာဇောတိကာရာမတိုက်တော်အတွင်း အထူး လှပတင့်တယ်စွာ ဆောက်လုပ်ထားအပ်သော မဏ္ဍာပ်ကြီးသို့ အသင့်ရောက်ရှိတော် မူကြပြီးလျှင် အထူး ခင်းကျင်းထားသော နေရာစဉ်၌ အသီးသီး သီတင်းသုံး နေထိုင်တော် မူကြသည်။

ဘွဲ့တံဆိပ်တော် ခံယူတော် မူကြသည့် ဆရာတော် လေးပါးတို့ကို အထူး ခင်းကျင်းထားသော ဝဲယာ နေရာစဉ်၌ သီတင်းသုံးတော်မူကြရန်။

မဟာမုနိ ဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် အလှည့်ကျ အမှုဆောင်လူကြီး ဦးဘ(T.P.S.) နှင့် အထွေထွေ ဌာနာပတိရေးကြီးချုပ် ဦးသင်, စာရင်းကိုင် စာရေးကြီး ဆရာသော့တို့က ပင့်ဆောင်လျှောက်ထား၍ နေရာချထားကြ သည်။

( ၂ ) ထိုနေ့ မွန်းလွဲ ၂-နာရီအချိန် ရဟန်းပရိသတ်အဖြစ် ပင့်ဖိတ်ခြင်း ခံတော်မူရသော မန္တလေးမြို့ သံဃနာယက ဆရာတော်, သုဓမ္မာဝင်ဆရာ တော်အပြင် ဌာနချုပ်ဆရာတော်, ဌာန အုပ်ဆရာတော်, အနုဝိဇ္ဇက ဆရာ တော်တို့မှ စ၍ လေးပြင်ရှိ ၁၀-တိုက်အုပ်, တိုက်အုပ် တိုက်ကြပ် ဆရာတော် သံဃာတော် အရှင်မြတ်များသည်လည်းကောင်း, ထို့ပြင် လူပရိသတ်အဖြစ် ဖိတ်ကြားခြင်းခံရသော မန္တလေးခရိုင် ဝန်ရှင်တော်မင်းကြီး, မန္တလေး အရေးပိုင်မင်း, ရာဇဝတ်မင်း, ကမ္ဘည်းကျောက်စာဝန်ထောက်မင်း စသော အစိုးရ အရာရှိမင်းများနှင့် မင်းဆွေစိုးမျိုး ဝန်စု မှူးစု မြို့ ရွာ လူကြီး လူ ကောင်း မင်းယောကျာ်း မင်းမိန်းမအပေါင်းတို့သည်လည်းကောင်း အထက် ဖော်ပြပါ မင်္ဂလာမဏ္ဍပ်ကြီးသို့ အသင့်ရောက်ရှိကြကုန်၏။

( ရဟန်းပရိသတ် လူပရိသတ်တို့အား အစီအစဉ်အလိုက် နေရာချထား ရန်များကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးများနှင့် ဆိုင်ရာစာရေး ကြီးများက ဆောင်ရွက်သည်။ )

( ၃ ) ထိုနေ့ မွန်းလွဲ ၃-နာရီအချိန် မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် နောက်တော်က ရဟန်း သံဃာတော်တို့ ခြံရံ၍ အထက်အဆိုပါ မင်္ဂလာမဏ္ဍပ်ကြီးသို့ ထွက်ကြွ ဆိုက်ရောက်တော်မူသည်နှင့် တပြိုင်နက် မင်္ဂလာစည်တော်ကြီး တီးရွှမ်းစဉ် သီးသန့်ခင်းကျင်းထားသော အထူးနေရာ၌ သီတင်းသုံးတော်မူသည်။

( သံဃဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီးကို မင်္ဂလာမဏ္ဍပ်ကြီး သို့ ပင့်ဆောင်သော အခါ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီးတို့နောက် က ပါလာကြသည်။ )

( ၄ ) မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီး အထူး ခင်း ကျင်းထားသော နေရာ၌ သီတင်းသုံးတော်မူသည်နှင့်တပြိုင်နက်မဟာမုနိဘုရား

ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် မြို့ဝန်မင်း ဦးတာရဲက ဤအခမ်းအနားသို့ ရဟန်း ပရိသတ်,လူပရိသတ်တို့ စုံလင်စွာ ရောက်ကြပြီ ဖြစ်၍ ဤဘွဲ့တံဆိပ်တော် ကပ်လှူမည့် အခမ်းအနားကို စတင် ဖွင့်လှစ်တော်မူပါမည့်အကြောင်း သာသနာပိုင်ဆရာတော်ဘုရားကြီးအား ရိုသေစွာ မဟာ်ရပ်ထ၍ ဖတ်လျှောက်လေသည်။

( ၅ ) " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်နှင့် ဆာနတ် အမိန့်တော်များကို အစိုးရဂေဇက်တွင် အထက်ဖော်ပြပါ ဆရာတော် ၄ - ပါးတို့အား အစိုးရမင်းတို့ လှူအပ်တော်မူချက်အရ ကပ်လှူတော်မူသည့် စာတမ်း ၄ - စောင်ကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး သမာဓိမြို့ဝန်ဦးညွန့် (M.B.E., A.T.M.) က ရိုသေစွာ မတ်ရပ်ထလျက် လျှောက်ထားလေသည်။

( ၆ ) မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးတို့က အခမ်းအနားကို ကျင်းပဖွင့်လှစ်ပြီးလျှင် " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်နှင့် ဆာနတ်အမိန့်တော်များကို နိုင်ငံတော်အစိုးရမင်းတို့ လှူအပ်တော်မူချက်အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးက လက်ရောက် အပ်နှင်းတော်မူသည့်အရာ သာသနာ, ပညာ ၂ - ဖြာအကျိုး တိုးပွား မြင့်မြတ်သည့်အကြောင်း စုပေါင်း ရေးသားထားသော သုတိမင်္ဂလာ ဩဘာစာကို သာသနာပိုင်ဆရာတော်ဘုရားကြီးအား မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး မြို့ဝန်မင်း ဦးဘ ( T.P.S. ) က ရိုသေစွာ မတ်ရပ်ထ၍ ဖတ်လျှောက် တင်သွင်း ဆက်ကပ်လေသည်။

( ၇ ) သံဃဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး မြန်မာပညာရှိ ဝန်ထောက်မင်း ဦးကျော်ရန်က ဖတ်လေသည်။

( ၈ ) အဌာရသမ ( ၁၈ - ကြိမ်မြောက် ) ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည့် အခမ်းအနားကြီးကို ရုပ်သိမ်းတော်မူရန် သင့်ပြီဖြစ်ကြောင်း မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးအား မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီး ပိုက်ဆျုံးလွှစက်ပိုင်ရှင် ပွဲစားကြီး ဦးကြွယ်က ဖတ်လျှောက်လေသည်။

( ၉ ) အခမ်းအနား ရုပ်သိမ်းသောစာတမ်းကို ဖတ်လျှောက်ပြီးသည်နှင့် တပြိုင်နက် မင်္ဂလာစည်တော်ကို တီးရွမ်း၍ ရုပ်သိမ်းလေသည်။

( ၆ ) နံပါတ် အစီအစဉ်ဖြစ်သည့် ဦးဘ ( T.P.S. ) ၏ ထောမနာစာတမ်းကို မူရင်းအတိုင်း ဤ၌ ဖော်ပြအပ်ပါသည်။

မန္တလေးမြို့
မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က
သံဃိကရ သံဃာသာမိ ဓိပတိဦးကိုင်
မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ
ဘတ်လျှောက် ဆက်ကပ်အပ်သော

## ထောမနာစာတမ်းဘုရား

ဘုရားတပည့်တော် မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးတို့က မြောက်ချီးဂါရဝ ပူဇနေယမင်္ဂလာ ရှိညွတ်ခါဖြင့် ထောမနာစာ ဆက်သွင်းပါသည်ဘုရား။

သုံးလောကမျက်နှစ်ဓမ္မရာဇ်ထွဋ်တင် မြတ်ရှင်ပင်သည် အသခ်တ-ဓာတု နိရုပဓိနိဗ္ဗာန် စံလွန်တော်မူသည့်နောက် သာသနာတော် ၂၃၅–နှစ်မြောက်၌ သီရိဓမ္မာသောကမင်း၏ အာဏာစက်ကို မှီ၍ ဝသီဘော်မျိုး ဈာန်ပျံမြေလျှိုး တန်းခိုးမဟိဒ္ဓိ ဖိတ်ဖိတ်ညီသော ပဋိသမ္ဘိဒါပတ္တနှင့်နှင့် ရဟန္တာအရှင်မြတ် ( ၁၀၀၀ )တို့ ပေါင်းစပ်၍ သဟာယိက တတိယအကြိမ်မြောက် သင်္ဂါယနာ သုံးဟန်တင်ပြီး အဆုံးတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် မိမိ၏ အန္တေဝါသိက ယောနကဓမ္မရက္ခိတမထေရ်ကို အရှံ သဃာတော် ၄–ပါးနှင့် တကွ ပဉ္စဝဂ်သဃာ မြောက်စေ၍ ဥပသမ္ပဒကံဆောင် လောက်အောင် အပရန္တတိုင်းသို့ သာသနာပြု စေလွှတ်တော်မူသည်က စ၍ ဤမြန်မာပြည်၌ ဗုဒ္ဓသာသနာတော် စည်ပင် ပြန့်ပွားလာခဲ့ရာ ကောဇာသက္ကရာဇ် ၃၇၉-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော အနော်ရထာမင်းစောလက်ထက် သုဓမ္မပတိ သထုံပြည်မှ ပုဂံပြည်သို့ ရှင်အရဟံ ကြွလာတော်မူသည်က စ၍ သာသနာတော် ထမ်း ရဟန်း သဃာတော်တို့ အပေါ်၌ ဝိနည်းတရားတော်နှင့် အညီ စီရင် ဆုံးမ ဩဝါဒမပေးရန်အလို့ငှာ နော်ရထာမင်းစောသည် ရှင် အရဟံကို သာသနာပြု သာသနာပိုင် ဆရာတော်အဖြစ်ဖြင့် ချီးမြှင့် ခန့်အပ် တင်မြောက်ခဲ့သည်က အစ ပြု၍ ရှေးမင်းကောင်း မင်းမြတ်တို့ အဆက်ဆက် လက်ထက်တော် အခါ ကာလများက သာသနာပြု သာသနာပိုင် ဆရာတော်များကို ရွေးချယ်တင်မြောက် ခန့်ထားခဲ့ကြ သည့် ရှေးထုံးစဉ်ဆက် မပျက်နှုန်းဆောင် ကုန်းဘောင်ရဝိန်( ၁၁ )ကြိမ် မြောက် ထွန်းတောက်ပျံ့မွှေး မန္တလေးရတနာပုံ ဒုတိယနန်းစံမာရ် အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရား လက်ထက်

တွင် တင်မြှောက်ခဲ့သော တံဆိပ်တော်ရ တောင်တော် သာသနာပိုင်
ဆရာတော်ဘုရားကြီးကို မြန်ထီးခရိုင် ယိမ်းယိုင် ပျက်စီးသည်မှ
ကောဇာသက္ကရာဇ် ၁၂၄၇- ခုနှစ် အခါက မန္တလေး မြို့တော်နှင့်
တကွ အထက်မြန်မာနိုင်ငံတော်က သိမ်းပိုက်အုပ်ချုပ်သော အင်္ဂလိပ်
အစိုးရမင်းတို့က သံဃဦးကိုင် သာသနာပိုင်ရာထူး၌ ချီးကျူးတပ်အပ်
အသိမှတ် ပြုခြင်းအားဖြင့် သာသနာတော်ရေး သာသနာတော်မှု
များကို ကြည့်ရှု စောင့်ရှောက်တော်မူရာတွင် သခ်ါရဓမ္မကို မလွန်
မြှောက်နိုင်သဖြင့် ဘဝသစ်ချွန် ပြန်လွန်တော်မူရာ၌ ကျေးဇူးရှင်
တောင်ခွင် သာသနာပိုင် ဆရာတော် ဘုရားကြီးအား သာသနာ
တော်ထမ်း ရဟန်း သံဃာတော်များက သံဃိဿရ ဌာနန္တရတင့်ကဲ
မဲဆန္ဒဖြင့် ခေတ်ကာလအလျောက် ရွေးကောက် တင်မြှောက်ခဲ့သည့်
အရ ၁၂၆၉-ခုနှစ်ကစ၍ "ဝိသုဒ္ဓသီလစာရသီရိပဝရ ဓမ္မသေနာပတိ"
သီရိလံ့ဖြာ မဟာသံဃရာဇာ ဟူသော ဘွဲ့ တံဆိပ်တော်နှင့် တကွ
ဗြိတိသျှရိယပိုင်ပုဂ္ဂိုလ်အဖြစ် နိုင်ငံရှင် အစိုးရမင်းတို့က ဆာ်နတ်အမိန့်
တော်နှင့် တကွ အသိအမှတ်ပြုခဲ့သည့်အတိုင်း ကျေးဇူးရှင် သာသနာ
ပိုင် ဆရာတော်ဘုရားကြီးက ဝိနယဓမ္မနှင့် အညီ စီရင် ထုံးဖွဲ့အပ်သော
သာသနာတော်ဆိုင်ရာ ဥပဒေအရ သုဓမ္မာဝင် ဆရာတော် စသော
ဂဏာစရိယ ဂဏပါမောက္ခ ဌာနန္တရရှင်များဖြင့်သမုတ် ဂိုဏ်းချုပ်
ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များကို အထက် မြန်မာနိုင်ငံ
တော်အတွင်းရှိ မြို့ကြီး နယ်ကြီးများ၌ ဆိုင်သင့်ရာရာမြှောက်မြားစွာ
ခန့်ထား၍ ရဟန်း သံဃာတော်များအချင်းချင်း အငြင်းအခုံ ဖြစ်ပွား
သော ဂရုဘဏ် လဟုဘဏ်-ကျောင်းကန် အရာမ်တိုက်တာမှု စသည်
များကို လွန်ခဲ့သော ၃၂-နှစ်ခကျော် အခါကာလက စ၍ အကြိမ်
ကြိမ် ဝိနည်းတရားတော်နှင့် အညီ စီရင်ဆုံးဖြတ်ခဲ့ရာ သက်ဆိုင်ရာ တရား
လို စောဒက တရားခံ စုတိဒက သမဏဇာတ်တို့ ကျေနပ်နှစ်သက်ကြ
လျက် အချို့ အစွန်းထွက်ခြင်းအားဖြင့် အစိုးရ တရားမ ရုံးတော်
များသို့ တက်ရောက် ကန့်ကွက်ကြပါသော်လည်း မြန်မာပြည်၌
တရားဌာနချုပ် ဝန်ကြီးများအဖြစ် အဆက်ဆက် ဆောင်ရွက်သွား
ကြသော မစ္စဘာဘားဂျက်, မစ္စတာ ကိုဂလက်စတန်, ဆာသာ
ကေဝိုက်, ဆာ ဟာဘီအာဒမ္မဆင်, ဆာ ဂျော့ရှောလ် မစ္စတာမကွော
တို့နှင့် ဟိုက်ကုတ်လွှတ်တော် တည်ဘွင့်စ တရားဝန်ကြီးများ လက်ထက်
တိုင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ စီရင်ချက်ကို တစုံဘရာ
ပယ်ဖျက်ခြင်း မရှိခဲ့သည့်ပြင် မှတ်တမ်းတင်လောက်သော ဝိနိစ္ဆယများ
ဖြစ်ကြောင်းကို ကျိုးကြောင်းဖော်ပြ၍ အမြင့်ဆုံး လွှတ်ရုံးကြီးက

အတည်ပြုဋ္ဌာန်း ဆုံးဖြတ်ကြသည့်အရ လောကဓမ္မ နှစ်ဌာနတို့၌ အနဂ္ဃ အကျိုး ဆိုက်ရောက်ခဲ့သည့်အရာ ထင်ရှားစွာ ဖြစ်ပါကြောင်း။

သို့ရာတွင် မကြာမီက ပခုက္ကူမြို့မှ ရဟန်းတော် ဦးဥတ္တမနှင့် ဦးပညာသီဟတို့ အငြင်းအခုံဖြစ်ပွားသော ကျောင်းမြေမှုနှင့် စပ်သော သာသနာပိုင် ဆရာတော်ဘုရားကြီး၏ စီရင်ချက်ကို ၁၂၉၇ – ခု၊ ၀ါခေါင်လပြည့်ကျော် ၆ - ရက်နေ့က - ရန်ကုန်မြို့ ဟိုက်ကုဘ် လွှတ်တော် တရား၀န်ကြီး ၅ – ဦးတို့ အစုံအညီ စီရင်ဆုံ·ဖြတ်ရာ၌ သဘော အယူအဆ သီရိတိမ်းပါးကြသဖြင့် မူလချမှတ်သော ဝိနိစ္ဆယကို ပယ် ဖျက်ရုံမျှမက သာသနာပိုင်ဆရာတော်ဘုရားကြီး၏ စီရင်ဆုံးဖြတ်ချက် များကို တရားရုံးတော်များက အတည်မပြုနိုင်ဟု ပိုင်ပိုင်ကြီး အမိန့် ချမှတ်လိုက်ရာ ပြည်တန်သော ပတ္တမြားရတနာတွင် ဂေါ်အနာကပ် ငြိသကဲ့သို့ မြန်မာပြည်၏ နိုင်ငံထုံးစံများကို မှောက်လှန် ဖျက်ဆီး လိုက်ခြင်းအားဖြင့် အထက်မြန်မာနိုင်ငံတော်အတွင်းရှိ ရှင်ကြီးလူကြီး တို့မှာ ပူဆာညှိုးချုံး နှလုံး စိတ်ဝမ်း မချမ်းမသာ ဖြစ်ကြရပါ ကြောင်း။

ဤကိစ္စကို မန္တလေးမြို့ သာသနရက္ခိတအသင်းက အပွေါသုက္က ကြောင့်ကြမဲ့မပြုပဲ အသင်းအစည်းအဝေး အကြိမ်ကြိမ်ဘိတ်ခေါ်၍ မြော်ခေါ် စဉ်းစားကြပြီးလျှင် မြန်မာနိုင်ငံ၏ ဓလေ့ ထုံးစံနှင့်တကွ ဟိုက်ကုတ်လွှတ်တော်မှ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ နှစ်ကာ လ အရှည် တည်မြဲခဲ့သော တရားစီရင်ရေး အခွင့်အာဏာကို တခါ တည်း ပယ်ဖျက်လိုက်ခြင်း အလျှင်း မသင့်လျော်သည့် အရာ ကျိုး ကြောင်း မြောက်မြားစွာ ဖော်ပြ၍ မြန်မာနိုင်ငံ ဘုရင်ခံမင်းကြီး ဆာ ဟုလင်စဒေါင်းစတီဖင်ဆင်နှင့် ၀န်ကြီးချုပ်များ တရား၀န်ကြီးများ ခရိုင်၀န်ရှင်တော်မင်းကြီးများ စသည်တို့ထံ အင်္ဂလိပ် ဘာသာဖြင့် ပုံနှိပ် လုပ်ဆောင်သော စာတမ်းများကို ကမ်းလှမ်း ပေးပို့လိုက်ရာ ဧတုလောကပါလ သာသနာတော်စောင့် သမ္မာဒေ၀ နတ်ကောင်း နတ်မြတ်တို့ စောင့်ကြပ် နိစ္စမ, သောအားဖြင့် အစိုးရ ပြန်ကြားရေး ဌာနမှ ၁၂၉၇ - ခု နတ်တော်လဆန်း ၁၁ ရက် = (၁၉၃၅ –ခု ဒီဇင်ဘာလ ၅ ရက်) နေ့စွဲနှင့် ထုတ်ပြန်သော အစိုးရကြေညာချက် တွင် မျှားမကြာမီက ဟိုက်ကုဘ်လွှတ်တော်မှ ချမှတ်သည့် ရဟန်း ကျောင်း ပစ္စည်းမှုနှင့် စပ်လျဉ်းသည့် အငြင်းအခုံမှုများကို သာသနာ ပိုင်ဆရာတော်က စီရင်ဆုံးဖြတ်ခွင့် အာဏာနှင့် သက်ဆိုင်သော စီရင် ဆုံးဖြတ်ချက်တရပ်ကို တိုင်းသူ ပြည်သား အချို့တို့ အထင် အမြင်

လွဲမှားခဲ့ကြကြောင်း၊ ထို့ပြင် ၁၉၀၃ – ခုနှစ်၌ မြန်မာနိုင်ငံတော်ကို စီရင် အုပ်ချုပ်တော်မူသော ဘုရင်မင်း ပေးအပ်သည့် ဆာနတ်အမိန့်တော်တွင် ဘုရင်ခံမင်း အသိအမှတ်ပြုတော်မူသော သာသနာပိုင်ရာထူးကို ၎င်းဟိုက်ကုတ်လွှတ်တော် စီရင်ဆုံးဖြတ်ချက်က ဖျက်သိမ်းစေသည် ဟူ၍ ကောလာဟလ ဖြစ်ပွားလျက်ရှိသော အကြောင်းတရပ်ကို နိုင်ငံတော်အစိုးရ မင်းတို့ထံ တင်သွင်းသည် ဖြစ်ကြောင်း။

ထို့ပြင် ၎င်းအစိုးရ ကြော်ငြာချက် အပိုဒ် (၂)တွင် သာသနာပိုင် ဆရာတော်၏ စီရင်ဆုံးဖြတ်ချက်များကို တရားရုံးတော်တို့က လိုက်နာသမျှ ကာလပတ်လုံး ဤမှုခင်း ကိစ္စများတွင် သာသနာပိုင် ဆရာတော်သည် အာဏာပိုင်အဖြစ် ဆက်လက်တည်ရှိလေသည် ဟူ၍လည်းကောင်း ထို့ပြင်၊ အပိုဒ် (၃) ၌ ဦးပညာသီဟနှင့် ဦးဥတ္တမတို့ အမှုတွင် ဟိုက်ကုတ် လွှတ်တော်က စီရင်ဆုံးဖြတ်ချက်သည် ဘာရားဥပဒေနှင့် ဆိုင်သော အခြေအနေကို ပြောင်းလဲစေခဲ့သည် ဖြစ်၍ တရားရုံးတော်တို့က ယခုအခါ ရဟန်းကျောင်းပစ္စည်းပိုင်ဆိုင်မှု ကိစ္စမှုခင်းများကို တရားရုံးတော်က စီရင်ခွင့် ရသည်ဟုဆုံးဖြတ်ကြလေသည်၊ ဤသို့ ဆုံးဖြတ်ခြင်းကြောင့် ဆာနတ် အမိန့်တော်အရ ဖြစ်သော သာသနာပိုင် ဆရာတော်၏ အခြေအနေပြောင်းလွဲ သွားသော်လည်း ဆာနတ် အမိန့်တော်မှာမူကား ထိခိုက်ခြင်းမရှိချေ။

ထို့ပြင် အပိုဒ် (၄) ၌ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ - ခန့်အတွင်း ဤသို့သော မှုခင်းကိစ္စများ၌ သာသနာပိုင်ဆရာတော် ရှက်ဆောင်ကြီးကြပ်ခြင်းဖြင့် အရှုပ်အထွေးများသော်လည်းကောင်း အခက်အခဲများသော်လည်းကောင်း ဖြစ်ပွားပေါ်ပေါက်ခြင်းမရှိခဲ့ဖြစ်၍ မြန်မာနိုင်ငံတော်ကို စီရင် အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းကြီးသည် ထိုအခွင့် အာဏာများကို ရှိမြဲတိုင်းရှိရန်ကိစ္စ၌ ဆီးတားပိတ်ပင်ခြင်း တစုံတရာ ပြုတော်မူလိမ့်မည် မဟုတ်ချေ၊ သို့ရာတွင် ထိုသို့ ရှိမြဲရှိစေရန် ကိစ္စအတွက် ဥပဒေပြု အစည်းအဝေးမှ အက်ဥပဒေတခု ပြုလုပ်ရန် လိုလိမ့်မည် ဖြစ်၍ ထိုသို့သော အက်ဥပဒေ တစုံတရာကို အကြမ်းစီမံရေး[illegible]ားရန် ဗုဒ္ဓဘာသာဝင်တို့ ကိုယ်တိုင် တာဝန်ယူလျက် လုပ်ရိုးလုပ်စဉ် နည်းစံနစ်အရ စဉ်းစားဆွေးနွေးရန်အလို့ငှာ ဥပဒေပြုအစည်းအဝေးသို့ တင်သွင်းကြမည်ဖြစ်ကြောင်းနှင့် ဖော်ပြပါရှိသည့်အရာ သေချာစွာ ပြန့်နှံ့ထင်ရှား တိုင်းသားပြည်သူ ရှင်လူအများတို့မျက်ဝါးထင်ထင် တွေ့မြင်သိရှိကြရသည့်အတွက် လွန်မင်းစွာ နှစ်သက်ဝမ်းမြောက်ခြင်းနှင့် တကွ မြန်မာနိုင်ငံ ဂေါဝါနာ ဘုရင်ခံသည်

တရားနည်းလမ်း ဖြောင့်မှန်အောင် ဆောလျင်စွာ ဆောင်ရွက်သည့်အတွက် ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်စေကြောင်းကို ဆုတောင်း ပတ္ထနာ များစွာပြုပို့ ကြပါကြောင်း။

ဤသာသန ရက္ခိတ အသင်းမှလည်း မြန်မာပြည် ဘုရင်ခံ မင်းကြီး၏ ထိုအရေးကိစ္စနှင့် စပ်သော ဆန္ဒရိုးရင်း နှလုံးသွင်းကို ထင်လှင်းသိရှိကြသည့်အရ မန္တလေးမြို့မှ တရားဥပဒေအရာ ကျွမ်းကျင် လိမ္မာသော ဝတ်လုံတော်ရ ရှေ့နေကြီးတို့အား အထူး ဘိတ်ကြား၍ အသင်း ဥက္ကဋ္ဌ ပြီးစီတင်ပြင် ရွှေမြင်နော်က်သိ မြော်မြင်ခြင်း ရှိကြသော အသင်းအမှုဆောင် အချို့တို့နှင့် ပေါင်းစပ်၍ ဥပဒေ ထုံးဖွဲ့ခြင်း ဆိုင်ရာ အထူးအဖွဲ့ တခုကို ဖွဲ့စည်းပြီးလျှင် သာသနာပိုင် ဆရာတော်ဘုရားကြီးက လွှဲအပ်ထားသော သုဓမ္မာဝင် ဆရာတော်ကြီးများနှင့် ခရီးရောက်စေရန် အဘန်တန် သုံးသပ် ဆင်ခြင်ကြပြီးကာလ လွန်ခဲ့သော ကောဇာ သက္ကရာဇ် ၁၂၉၇-ခု ဝါခေါင်လဆန်း (၈) ရက် နေ့က ကင်းဝန်မင်းကြီး အမှုးရှိသော မှူးတော် မတ်တော်ကြီးတို့ တင်သွင်းချက်အရ သာသနာပိုင် တောင်ခွင် ဆရာတော်ဘုရားကြီးက အတည် ပြုတော်မူပြီးဖြစ်သော ဝိနည်းတရားတော်နှင့် အညီ စီရင်ရေးသားထားသော ဥပဒေကို အခြေခံပြု၍ ခေတ်ကာလကို ထောက်ရှုလျက် မည်သည့် သံဃ ဂိုဏ်းဂဏတို့နှင့်မှ မဆန့်ကျင်စေရအောင် ဥပဒေကြမ်း တစောင်ကို ကြံဆောင်ရေးသားပြီးနောက် မြန်မာပြည် တရားဥပဒေအဖွဲ့ လွှတ်တော် အစည်းအဝေးသို့ ရောက်အောင် တင်သွင်းမည် ဖြစ်ပါကြောင်း။

အထူး လျှောက်ထားရန်မှာ ယနေ့ ကျင်းပသော အဋ္ဌာရသမ (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင်—

(၁) မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် သံဃနာယက ဆရာတော် ဦးသူရိယ၊

(၂) ရင်းမြို့ အနောက်ပြင် မစိုးရိမ်တိုက် ဆရာတော် ဦးဉာဏ၊

(၃) ဟင်္သာတမြို့ ဒက္ခိဏာရာမ ပိုးစာတောတိုက် ဆရာတော် ဦးသီရိန္ဒာဘိဝံသ၊

(၄) ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ

အရှင်မြတ် လေးပါးတို့အား 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

## သာသနာ့ဝင် ဘွဲ့တံဆိပ်တော်များ ဆိုင်၊

နှင့် ဆာနတ် အမိန့်တော်များ ချီးမြှင့် အပ်နှင်းသည်ကို ခံယူတော်မူကြမည် ဖြစ်ပါကြောင်း။

လွန်ခဲ့သော မြန်မာသက္ကရာဇ် ၁၂၇၇ - ခုနှစ်က စ၍ ယခုကြိမ် ရောက်ဆဲ ၁၂၉၇ - ခုနှစ် အဋ္ဌာရသမ ( ၁၈ ) ကြိမ်မြောက် တိုင်အောင် နိုင်ငံအစိုးရမင်းတို့ လွှဲအပ်ချက်အရ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဘွဲ့နှင်းသဘင် ကျင်းပသော အခမ်းအနားသို့ ထွက်ကြွတော်မူ၍ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းတော်မူပြီး ယခုအကြိမ်တိုင် ဆရာတော်ပါးရေ ၈၀၊ လူပုဂ္ဂိုလ် ၄ - ဦး အားဖြင့် ၂ - စု ဦးရေပေါင်း ၈၄-အထိ တိုးပွားလာသည့်အရာ ဗုဒ္ဓသာသနာတော်၏ ဂုဏ်ကျက်သရေ မှုံ့တေ ဆင့်ဆင့် တိုးမြင့်လျက် ရှိသည့်အရာ ဗုဒ္ဓဘာသာဝင် ရှင် လူ အပေါင်းတို့က ကောင်းချီးနုမော် သာဓုခေါ်ကြပြီးလျှင် ဘုန်းအင် တေဇကြီးမြတ်လှသော အဋ္ဌမမြောက် ဧဒွက်ဘုရင် ကေရာဇ် မင်းမြတ်၏ တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေးသည် ရှေးရှေးသော ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော် ပဥ္စမမြောက် ဂျော့ဘုရင် မင်းတရားကြီးတို့ကဲ့သို့ ရှင် လူများစွာ ရေဇတ္တကြာ တမျှ အေးမြ ချမ်းသာကြစေရန် အဖန်ဖန် ဆုတောင်းမေတ္တာ ပို့သလျက် ရှိကြသည့် အရာ ထောမနာစာ ဆက်သွင်းပါသည် ဘုရား။

### မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်း လူကြီးများ

၁။ မြန်မာပညာရှိ အငြိမ်းစား ပညာဝန်ထောက် ဦးကျော်ရန်။
၂။ သမာဓိမြို့ဝန် ဦးညွန့် M.B.E, A.T.M။
၃။ သမာဓိမြို့ဝန် ပွဲစားကြီး ဦးဘ T.P.S။
၄။ သမာဓိမြို့ဝန် ပွဲစားကြီး ဦးကြီး T.P.S။
၅။ ပိုက်ကျုံး လွှစက်ပိုင်ရှင် ဦးကြွယ်။
၆။ သမာဓိမြို့ဝန် ဦးတာရဲ။
၇။ မြူနီစီပါယ်လူကြီး လှေသင်းမောင်မောင်။

မန္တလေးမြို့တော်
သာသနာတော် - ၂၄၇၉
၁၂၉၇ - ခု၊ တပေါင်းလဆုတ် ( ၂ ) ရက်နေ့
၁၉၃၆ - ခု၊ မတ်လ ( ၈ ) ရက်နေ့။

( ၇ ) နံပါတ်အစီအစဉ်အရ ဦးကျော်ရန် ဖတ်သည့် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကိုလည်း ဤ၌ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

## မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်

မဟာသံဃရာဇာ သာသနာပိုင် ဆရာတော် အမိန့်တော်ရှိသည်၊ မြန်မာနိုင်ငံတော် အထက်ပိုင်းရှိ သာသနာတော်ထမ်း ရဟန်းသံဃာတော်အပေါင်းတို့။

နိုင်ငံအစိုးရမင်းတို့သည် လောက၌ အသိအလိမ္မာ တိုးပွားမည်ဖြစ်လျှင် အယူ၀ါဒမရွေး ကျမ်းဂန်စာပေကို တတ်မြောက်အောင် သင်ကြားမှု၌ အားပေး ချီးမြှောက်လေ့ရှိသည့် အတိုင်း ဗုဒ္ဓသာသနာတော် ကျမ်းဂန်များကို သင်ကြား တတ်မြောက်လျှင် အသိလိမ္မာ တိုးပွားခြင်း၊ ကမ္ဘာဦးသား ဘုရား ရဟန္တာ နတ်ဗြဟ္မာတို့ ဟောကြားပြောဆိုမြဲ ဖြစ်သော မဂဓ ဘာသာကို ကြီးပွားပြန့်နှံ့စေခြင်း စသော ဂုဏ်ကျေးဇူးများကို မြော်လင့်၍ ပဌမပြန်သဘင် ဆင်ယင်ကျင်းပခြင်း၊ ပါဠိ အဋ္ဌကထာတို့၌ ၀ိသာရဒ ဂုဏ်နှင့် ပြည့်စုံ၍ ကျမ်းဂန်အသစ် ရေးသားနိုင်ခြင်း စသောဂုဏ်ဘို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ် အပ်နှင်းခြင်းသည် ယခုအကြိမ်တိုင် အဋ္ဌာရသမ ( ၁၈ ) ကြိမ် မြောက် ဖြစ်သည်။

ယင်းသို့ " အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ် အပ်နှင်းခြင်းကို ထောက်၍ အစိုးရမင်းတို့သည် ဗုဒ္ဓသာသနာတော်ထမ်း ရဟန်း သံဃာတော်တို့ ပရိယတ် ပဋိပတ်မှ တပါး ဂိဟိကမ္မ လူမှုကိစ္စများ ဆောင်ရွက်ရသည်ကို နှစ်သက်ခြင်းမရှိသည့်အရာ သိသာ ထင်ရှားသည်၊ လူတို့အကုသိုလ် ကမ္မပထ အားကြီး၍ အသက်ဆယ်နှစ်တမ်း၌ ပျက်စီးဆုံးပါး၍ အနည်းငယ်ကျန်ရှိသော လူတို့သည် အချင်းချင်း ဗြဟ္မ၀ိဟာရ ကုသိုလ်တရား ပွားများကြသောကြောင့် အသက်အသင်္ချေတမ်းတိုင်အောင် တိုးတက် ကြီးပွားကြောင်း ပါထေယျ၀ဂ် စက္ကဝတ္တိသုတ် ဒေသနာတော် လာရှိသည်၊ ဗုဒ္ဓဘာသာ အမျိုးသားတို့ ကြီးပွားမြင့်မြတ်စေလိုသော ရဟန်းသံဃာတော်တို့မှာ လူတို့အကုသိုလ် ကမ္မပထ တရား နည်းပါး၍ ကုသိုလ် ကမ္မပထ တရား တိုးပွား အချင်းချင်း ဗြဟ္မ၀ိဟာရ တရားဖြင့် စောင့်ရှောက်ခြင်းသည်သာ ဒေသနာတော်နှင့် ညီညွတ်၍ အမျိုးသားတို့၏ ကြီးပွား မြင့်မြတ်ကြောင်း အစစ်အမှန် ဖြစ်သည်။

လေးကျွန်းလုံးကို အစိုးရသော စကြာမင်းတို့သည် တရားဥပဒေ အခြားမရှိ၊ ငါးပါးသီလကို စောင့်ထိန်းရမည့် အာဏာ ထား၍ စက္ကဝါဠ တတိုက်လုံးကို အုပ်ချုပ်သည့်ထုံးကို ထောက်လျက် ရဟန်း သံဃာတော်တို့၏ ၂၂၇ ပါးသော သိက္ခာပုဒ်များကို စောင့်ထိန်း လျှင် ဆိုဘွယ်မရှိ၊ လူဒါယကာများမှာလည်း ဂရုဓမ္မ ပဥ္စသီလနှင့် ပြည့်စုံလျှင် မည်သည့် တရား ဥပဒေကိုမဆို ကျူးလွန်ခြင်း မရှိနိုင် ဖြစ်သည်။

ဆရာတော်မှာ အစိုးရမင်းတို့ ပညတ်ပိုင်းခြားအပ်သော တရား ဥပဒေများကို မကျူးမလွန် ရဟန်းရှင်လူတို့ ကုသိုလ်တရား ပွားများ အမျိုးသားတို့ ကြီးပွား မြင့်မြတ်ခြင်း အကြောင်း ဖြစ်သော ပရိယတ် ပဋိပတ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့အား ချီးမြှောက်ခြင်း၏ အကျင့် စာရိတ္တဖြစ်သော ဝိနည်းပါဠိ အဋ္ဌကထာများကို နှုတ်တက် ဆောင် ရွက်သော ဝိနယဓရ ပုဂ္ဂိုလ်၊ အဘိဓမ္မာကို ဆောင်ရွက်သော အာဘိဓမ္မိကပုဂ္ဂိုလ်၊ သုတ္တန်ကို ဆောင်ရွက်သော သုတ္တန္တိက ပုဂ္ဂိုလ် များကို ရွေးချယ်၍ သုဓမ္မာတော်၌ စာပြန်သဘင် ကျင်းပခြင်း အထိုက်အလျောက် ပူဇော် ချီးမြှောက်ခြင်း ဂုဏ်ထူးဆောင် တံဆိပ် များ လှူဒါန်းခြင်း အဆက်ဆက် ဆောင်သော ဝိနိစ္ဆယ ဝိနိစ္ဆယ- ညူ ဖြစ်တော်မူကုန်သော ပုဗ္ဗာစရိယ ဆရာမြတ်တို့၏ နည်းကို အမှီပြု ၍ စီရင်အပ်သော သုတ္တန္တာဒိဂုဋ္ဌတ္ထ ပဌမတွဲ၊ ဝိနယဂုဋ္ဌတ္ထ ဒုတိယတွဲ များကို ပုံနှိပ်စာအုပ် ပြုလုပ်လှူဒါန်းခြင်း စသော အရာများ အား ထုတ် ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် သာသနအာယု တည်မြဲမှုလျှင် ရှင်ပင်မြတ်ဖြား ဘုရား အဆုံးအမတော်ဖြစ်သော ဝိနယဓမ္မကို ဇိနောရသ သာသန မှူထမ်း ရဟန်း သံဃာတော်တို့ လိမ္မာပြွမ်းတည်းခြင်းအားဖြင့် သာသနာ သုံးပါး စည်ပင်ပြန့်ပွား များမြတ်စိမ့်သောငှာ ပြုစီရင်အပ်သော ဝိနိစ္ဆယ ကျမ်းစာအုပ်နှင့် တကွ သုံခပွားတက် အသက်ရှည်ကြာ အနာကင်းပလျက် ဓုရနှစ်ပါး အလုပ်အထူးအားဖြင့် ပဓာနအလုပ်တို့ကို အားထုတ်ဆောင်ရွက်နိုင်ကြမည့် အရေးများကို လိုလားခြင်းအားဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ဆေးဝါးဘေသဇ္ဇ အမျိုးမျိုးတို့ကို ဘေ- သဇ္ဇက္ခန္ဓက စသည်တို့၌ ခွင့်ပြုတော်မူခဲ့သည်နှင့် အညီ နောင်လာ အများ ကုလပုတ္တ အမျိုးကောင်း သားတို့သည် အဖျားအနာစသော ရောဂါ အမျိုးမျိုးတို့မှ ကင်းပလျက် ဓုရနှစ်ပါး ပဓာန အလုပ်များ ကို ကောင်းမွန်စွာ ကြိုးစား အားထုတ်နိုင်ကြစေရန် အတွက် ပေ့ကျက်

ကြည့်ရှု ကြံတိုရာ သမ္မာဆန္ဒပတ္တနာ အာသီသ ရှေထားပြီးလျှင် ဗုဒ္ဓတိကိစ္စောပဒေသကဏ္ဍမှ စ၍ ငါးပိုင်း ငါးကဏ္ဍတို့ဖြင့် စီမံရေးသားအပ်သော ဘေသဇ္ဇကပ္ပဒုမ မည်သော ဩသဓေသင်္ဂဟကျမ်းကို စာအုပ်ပုံနှိပ် လုပ်ဆောင်၍ ဇီဝိတဒါန အဘယဒါန အလှူငှာ ကမ်းလှမ်းဝေငှ လှူဒါန်းဆဲ ရှိသည်ဖြစ်ရာ များစွာ အကျိုးဆိုက်ရောက်လျက် ရှိသည်။

သို့ဖြစ်ရကား တိုင်းပြည်နိုင်ငံအကျိုးငှာ "ယထာ ရက္ခိံ သုပေါရာဏာ၊ သုရာဇာနော တထေဝိမံ" စသည်တို့နှင့် အညီ ရှေးရှေးသော ဘုရားအလောင်း မင်းကောင်း မင်းမြတ်တို့သည် တိုင်းနိုင်ငံသူ ရှင်လူ ရဟန်းတို့အား ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်တော်မူသကဲ့သို့ တိုင်းပြည် သေဌ်နင်း မင်းကေရာဇ်သည် အုပ်ချုပ် စောင့်ရှောက်တော်မူပါစေသတည်း၊ တိုင်းနိုင်ငံသူ ရှင်လူ ရဟန်းတို့ကလည်း ကေရာဇ်မင်းမြတ်၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေစွာ နိုင်ငံ ဥပဒေကို ကျူးလွန်မရှိ ကုသိုလ်ကောင်းမှု အနဝဇ္ဇ=အတတ်ပညာများကို တိုးတက်အောင် ဆောင်ရွက်ကြပါစေသတည်း ဟူ၍ ဆရာတော် ဆုတောင်း မေတ္တာ ပို့သလျက် ရှိကြောင်း အမိန့်တော်ရှိသည်။

ဝိသုဒ္ဓသီလာစာရသီရိပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ

သာသနာပိုင် ဆရာတော်

မန္တလေးမြို့တော်

သာသနာတော် ၂၄၇၉၊ ၁၂၉၇-ခု၊ တပေါင်းလဆုတ် ၂ - ရက်နေ့၊
၁၉၃၆ - ခု၊ မတ်လ ၈ - ရက်နေ့။

## တနှစ် နှစ်ကြိမ်ကျ

ဤသို့ဖြင့် သာသနာပိုင် တောင်ခွင် ဆရာတော် ဘုရားကြီးသည် တနှစ်လျှင် ၂-ကြိမ်ကျ ဂျော့ဘုရင်မင်းကိုယ်စား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်တို့အား လှူဒါန်း ချီးမြှင့်တော် မူခဲ့လေသည်။

မဟာပဏ္ဍိတ လဒ္ဓာနိ၊ ယတိန္ဒေန ဒိန္နာနိစ။
ပတင်္ဂလိသရာဇူနံ၊ ဓရတံ ပိဋကတ္တယံ။

(တောင်ခွင် သာသနာပိုင် ထေရုပ္ပတ္တိ-၁၀၉ ဂါထာ)

ဤသည်လျှင် သာသနာပိုင် ဆရာတော်ဘုရားကြီး ကြီးမှူး၍ အင်္ဂလိပ်မင်းတို့လက်ထက် ၁၂၉၇ - ခုနှစ် တပေါင်းလဆုတ် ၂ - ရက်နေ့တွင် ပြုလုပ်သည့်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အစီအစဉ် သမိုင်းမှတ်တမ်းတည်း။

## သာသနာပိုင် မရှိသည့်နောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင်းသဘင်

အင်္ဂလိပ်ခေတ်က သာသနာပိုင် မရှိသည့်နောက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဘုရင်ခံမင်း၏ ကိုယ်စား ၀န်ရှင်တော်မင်းကြီးများက ဆက်ကပ်ကြောင်း သိသာထင်ရှားရန် ခရစ်သက္ကရာဇ် ၁၉၃၉ - ခုနှစ်က ရန်ကုန်မြို့ ဘုရားဖြူ ကျောင်းတိုက် ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကပ်ပွဲ အခမ်းအနားကို အစီအစဉ်ချုပ်ကို ဤ၌ ထုတ်ပြအပ်ပါသည်။

### (၁၉၃၉ - ခု ဇွန်လ ၁၈ - ရက်နေ့)

(၁) ညနေ ၃ - နာရီ ၃၅ - မိနစ်အချိန် ဆရာတော်ဘုရားကြီးများ ဘုရားဖြူဆရာတော်ဘုရားကို ဧည့်ခံအဖွဲ့ဥက္ကဋ္ဌက အခမ်းအနား ခမ်းမဆောင်ကြီးသို့ ပင့်ဆောင်လာသည်၊ ထိုအခါ ပရိသတ်က လက်အုပ်ချီ မတ်တတ်ရပ် အရိုအသေပြုသည်၊ ၃ - နာရီ ၃၀ - မိနစ် အချိန်တွင် ဧည့်ခံကော်မီတီတို့သည် ပဲခူးခရိုင် ၀န်ရှင်တော်မင်းကြီးကို ကြိုဆိုရန် စောင့်နေပြီးလျှင် ဥက္ကဋ္ဌသည် မင်းကြီးနှင့် ကော်မီတီတို့အား မိတ်ဖွဲ့ပေး၍ ဧည့်ခံမဏ္ဍပ်ကြီးသို့ ပင့်ဆောင်လာသည်၊ ထိုအခါ ပရိသတ်က မတ်တတ်ရပ်နေသည်။

၎င်းနောက် ပဲခူးခရိုင် ၀န်ရှင်တော်မင်းကြီးနှင့် ပရိသတ်တို့ အစုံအညီ ထိုင်မိသည့်အခါ ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌက ပရိသတ်စုံညီရှိကြောင်းနှင့် အခမ်းအနားဖွင့်လှစ်ရန် မင်းကြီး၏ အမိန့်ကိုခံယူ၍ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာလေရာ ဧည့်ခံကော်မီတီ ကိုယ်စား အောက်ပါ ထုထိမင်္ဂလာ သြဘာစာကို အငြိမ်းစား ပညာ၀န်ထောက်မင်း ၀ဇီရဗုဒ္ဓိ ဘွဲ့ရ ဦးဘိုးစိန် A.T.M က ဖတ်ကြားပြီးနောက် မင်းကြီးအား ဆက်သလေသည်။

ဘုရားဖြူဆရာတော်အား
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို
လှူဒါန်းရာ မင်္ဂလာအခမ်းအနားၝ ကြီးမှူးအုပ်ချုပ်တော်မူသော
ပဲခူးခရိုင် ဝန်ရှင်တော်မင်းကြီးအား
ညှိခံအဖွဲ့ကြီးမှ ဆက်သွင်းအပ်သော

## ထုတိမင်္ဂလာ - သြဘာစာ

ဇယတု သဗ္ဗမင်္ဂလံ။ ။မာရာရိဝိဇယ၊ မဟာဝိဇယုဿဝ၊ ဒွိပဒုတ္တမ၊ အတိဥက္ကဋ္ဌ၊ အနုတ္တရမှန်ကူ၊ သယမ္ဘူထွတ်ထိပ်၊ ဓမ္မိဿရ၊ ဓမ္မသာမိ၊ မုနိပုင်္ဂဝ၊ သကျသာကီနွယ်၊ အသမ္ဘိန္န၊ ခတ္တိယစစ်၊ မင်းဆုံးဖြစ်တော်မူသော၊ သဗ္ဗညု မြတ်စွာဘုရားသည်။ ။အပရာဇိတ၊ ချက်မအောင်မြေ၊ ဗုဒ္ဓဟောဝယ်၊ ကိလေသာဂရက်၊ သုံးထောင်ဝက်ကို၊ မင်္ဂဆုံးအဲးမောင်း၊ လက်သုံးကောင်းဖြင့်၊ ထောင်းထောင်းချေဖျက်၊ သဗ္ဗညုတ ဉာဏ်တော်တည်း ဟူသော ဥဒည်းတောင်ထက်သို့၊ တက်တော်မူပြီးလျှင်၊ လေးချက်သစ္စာ၊ မြိုက်ရသာကို၊ အညာတကောဏ္ဍည အစ၊ သုဘဒ္ဒပရိဗိုဇ်အဆုံး၊ ပေါင်းရုံးများစွာ၊ ဝေနေယျာကို၊ ခေမာအောင်မြို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ခန္ဓာတော်ဇာတ်သိမ်း၊ ချုပ်ငြိမ်း စံလွန်ကော်မူခဲ့လေသတည်း။

ယင်းသို့ ချုပ်ငြိမ်း စံလွန်တော်မူပြီးသည့်နောက်၊ လေးလမြောက်တွင်၊ အစယင်၍၊ ဘုရားရှင် ဟောသမျှ၊ ပါဝစနကို၊ တပါဒမျှ ပျောက်ကုန်ဆုံးခြင်း မရှိရအောင်၊ သီကုံးသောအား၊ ဘုရားသားကျော်၊ ရဟန်းတော် တို့သည်၊ ပိဋကသုံးသွယ်၊ နိကာယ် ငါးဖြာ၊ ဓမ္မက္ခန္ဓာတို့ကို၊ သင်္ဂါယနာသုံးအင်၊ ပွဲကြီးဆင်ခဲ့ပြီးနောက်၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးသို့၊ ဗုဒ္ဓသာသနာတော်၊ သက်ရောက်တော်မူသည်မှစ၍၊ ဘုန်းတောက် ကမ္ဘာ၊ အာဏာစူးရှ၊ ဒသရာဇမေ်၊ လေးတန်သင်္ဂဟာ၊ ဓမ္မရာဇာ၊ ရှေးရှေးသော သာသနာပြု မင်းများစွာတို့သည်၊ သဒ္ဓါကြည်လင် ဇောစိတ်ရွှင်လျက်၊ လေးအင်ပစ္စည်း၊ အနည်းနည်း ကော်ရော်၊ ပူဇော် ချီးမြှောက်ခဲ့ရကား။ ။ဗုဒ္ဓ သာသနာရောင်၊ ထွန်းပြောင်ပဝင်း၊ တိုင်းလုံးလင်းသဖြင့်၊ နေမင်းကို အမှီပြု၍၊ သတ္တဝါအများ ကျေးဇူးပွားသကဲ့သို့ ဘုရား သာသနာတော်ကို အမှီပြု၍ ကျွန်ုပ်တို့ နိုင်ငံ့သူ နိုင်ငံသား ဗုဒ္ဓဘာသာဝင်အများမှာ ကျေးဇူးပွားခဲ့သည် ဖြစ်ပါကြောင်း။

ယင်းသို့ သတ္တဝါအားလုံး အံ့မဆုံးအောင် ကျေးဇူးများလှသော သာသနာတော်မြတ်ကို တိန်းသိမ်း စောင့်ရှောက်တော် မူကြသော ကျမ်းဂန်တတ်အကျော် ရဟန်းတော် မထေရ်ကြီးတို့ကို "ပဂ္ဂဟေ-တဗ္ဗေ ပဂ္ဂဏှာတိ" ဟူသော ဒေသနာတော်နည်းအရ မင်းတို့ဘွယ်ရာ ဓမ္မတာအတိုင်း၊ ထောက်နှိုင်းကြည်ဖြူ၊ ရွေးယူထောက်ရှု၊ ရာဇဂုရု၊ သွင်းပြုခပ်နှိပ်၊ ဘွဲ့တံဆိပ်ကို၊ လျှံဖိတ်ရွှင်လန်း၊ လှူဒါန်းဆက်ကပ်ခြင်း အမှု မြန်မာဘုရင်တို့ လက်ထက်တော်များကလည်း ပြုခဲ့ခြင်း အလေ့ အထ ရှိခဲ့ပါကြောင်း။

ဤသို့ ရွှင်လန်းလှူဒါန်းခဲ့သော အကြောင်း ထုံးဟောင်းသာဓက အစ ထင်ရှားခဲ့သည်ကား—

၁။ ပုဂံပြည်- နန္ဒာဂူ ဒါယကာ မဟာကေရာဇ် ကျန်စစ်မင်း တရားကြီး လက်ထက် သံဃသေန မဟာထေရ်အား သံဃ သေနဝရပဏ္ဍိတ ဘွဲ့တံဆိပ်တော်။

၂။ မြေးတော် ရွှေဂူဒါယကာ မဟာကေရာဇ် အလောင်းစည်သူ မင်းတရားကြီးလက်ထက် "ဓာတ္ထုတ္တသာရ" ကျမ်းပြု မဟာ ထေရ်အား မဟာအဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော်။

၃။ မြေးတော် စူဠာမဏိစေတီတော် ဒါယကာ မဟာကေရာဇ် နရပတိစည်သူ မင်းတရားကြီး လက်ထက် "လောကုပ္ပတ္တိ ပကာသနီ" ကျမ်းပြု မဟာထေရ်အား အဂ္ဂပဏ္ဍိတ ဘွဲ့ တံဆိပ်တော်၊ ၎င်းနရပတိစည်သူမင်းတရားကြီး လက်ထက် ပင် ဒလသာသနာပြု သာရိပုတ္တရာ မထေရ်အား ဓမ္မဝိလာသ ဘွဲ့တံဆိပ်တော်။

၄။ မြေးတော် ပြဿဒါးစေတီတော် ဒါယကာ မဟာကေရာဇ် ကျစွာမင်းတရားကြီးလက်ထက် "သဒ္ဒနီတိကျမ်းပြု" မဟာ ထေရ်အား "အဂ္ဂဝံသ အဂ္ဂပဏ္ဍိတ" ဘွဲ့တံဆိပ်တော်။

၅။ မြေးတော် မင်္ဂလာစေတီတော် ဒါယကာ မဟာကေရာဇ် နရသီဟပတေ့ မင်းတရားကြီး လက်ထက် နိရုတ္တိနယပါရဂူ ဖြစ်တော်မူသော မဟာထေရ်အား ဒိသာပါမောက္ခ ဘွဲ့ တံဆိပ်တော်။

သက္ကရာဇ် ဂ၃ဂ-ခု၊ ဟံသာဝတီသာသနာပြု၊ မောဂ္ဂလ္လာန် မထေရ် အစရှိသော ၂၂-ပါးသော မထေရ်တို့အား သီဟိုဠ်

ကျွန်း " ဘုဝနေကဗာဟု " မင်းကြီးက လှူဒါန်းအပ်သော သီရိသဃ်ဗောဓိသာမိ စသော တံဆိပ်တော်။

၆။ မြင်းစိုင်း, ပန်းရ, ဇေယျာပုရ, ရတနာပုရ, ရတနာသိခ်, အမရပုရ, မန္တလေးရတနာပုံ, ဇေယျခုံတိုင်အောင် ရဟန်းတော် ပညာရှိ ကဝိမြောက်ပြီး မဟာထေရ်ကြီး တို့အား ရာဇာဓိရာဇ်ဂုရု ဘွဲ့တံဆိပ်တော်တို့ကို ပူဇော်ဆက်ကပ်လှူဒါန်းခြင်း, အလေ့ အစဉ် ရာဇဝင်နှင့် သာသနာတော်ဝင်ကျမ်း မှတ်တမ်း မှတ်ရာအဖြာဖြာတို့၌ သိသာ ထင်ရှား လှသည် ဖြစ်ပါကြောင်း။

ဤသို့ ဆက်ကပ် လှူဒါန်းတော်မူခဲ့ကြသော ရှေးရှေးသော ဗုဒ္ဓဘာသာ မြန်မာဘုရင် အရှင်မင်းကောရာဇ် တို့၏ ထုံးနည်း အတူ ခရစ်တော်သက္ကရာဇ် ၁၉၁၁ - ခုနှစ် မြန်မာသက္ကရာဇ် ၁၂၇၃ - ခုနှစ် အိန္ဒိယပြည် ဒေလီမြို့ နန်းတော်ကြီး၌ ရာဇာဘိသိက်၊ ဖိတ်ဖိတ်လျှံတောက်၊ မင်းမြောက်တန်းဆာ၊ ရတနာသရဖူ၊ ဆောင်းတော်မူ၍ ပြည်သူတို့၏ မေတ္တာရေချမ်းဖြင့် သွတ်ဖျန်းခြင်း အဘိဘိက်ကို ခံတော်မူသော၊ ဘုန်းတော်လျှံတောက်၊ ပဉ္စမမြောက် ဂျော့ဘုရင် ရေမြေ့သခင်၊ လက်ထက်တော်၊ ခရစ်သက္ကရာဇ် ၁၉၁၄ - ခု၊ မြန်မာ သက္ကရာဇ် ၁၂၇၆ - ခုနှစ်က စ၍ ကျမ်းဂန် တတ်မြောက် ပါမောက် ဖြစ်တော်မူသော ဆရာတော်ကြီး တို့အား အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခပ်နိုပ် လှူဒါန်းခဲ့ခြင်း ဖြစ်ပါကြောင်း။

ယင်းသို့ ဗြိတိသျှ အင်ပါယာ နိုင်ငံတော် အတွင်း ပညာရှိ စာရင်းယူ၊ ကဝိတဆူဟု တန်ခွန်ထူသော ' အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့ တံဆိပ် ခပ်နိုပ် လှူဒါန်း ခဲ့သည်ကို ကျွန်ုပ်တို့နှင့် တကွ တိုင်းသား ပြည်သူ ရှင်လူအပေါင်း တို့က နှစ်ထောင်း ဝမ်းသာ များစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဤသို့ ဘုန်းတော်လျှံတောက် ပဉ္စမမြောက် ဂျော့ဘုရင် ရေမြေ့ သခင် လက်ထက်တော် အခါက စတင် ရွေးဖျား ကျမ်းဂန်တတ် မြောက် ပါမောက်တဆူ ဖြစ်တော်မူသော ဆရာတော်ကြီးများ အား တနှစ်လျှင် ၂ - ကြိမ်ကျ ၃ - ပါး ၄ - ပါး၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းခဲ့သည့် နည်းတူ၊ ခမည်းတော် ပဉ္စမမြောက် ဂျော့ဘုရင်မင်းမြတ်၏ အရိုက်အရာတော် ကို ဆက်လက်စိုးစံ၊ စကော့တလန်၊ အိုင်ယာလန်နှင့် အင်္ဂလန် ကျွန်းကြီးတို့၏ အရှင် အိန္ဒိယတိုင်းကြီး၏ ကေရာဇ်သခင် ဗြိတိသျှ

အင်ပါယာကြီး၏ နရဖျား ဆင္ဆမမြောက် ဂျော့ဘုရင် အရှင်ကွာဝိန္ဒ နရိန္ဒ၏ ကိုယ်စား မြန်မာနိုင်ငံတော်ကို စိုးရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း ( H-E The Hon'ble Sir Archibald Douglas Archibald Douglas Cochrane, G. C. M. G, K. C. S. I. D. S. O သည် ဝဋ္ဋိန္တိရ ဗဟုဿုတဂုဏ် လောက်လုံပြည့်ဝ လဇ္ဇီပေသလ အာရုမသာမိက ဂဏာစရိယ ဂဏဝါစက ဂန္ထကာရက ကျမ်းပြု ဗုဂ္ဂိုလ် ကျမ်းဝိဓိုရ်ဖြစ်၍ အများလူပုဂ္ဂိုလ် အကြည်ညိုကို ခံယူရသော ဘုရားဖြူ ဆရာတော် အရှင်သူမြတ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းတော်မူရာ မြန်မာနိုင်ငံတော် ဘုရင်ခံမင်းကြီး၏ ကိုယ်စား မေတ္တာရှေ့ထား၍ ဤအခမ်းအနားသို့ ကြွလာတော်မူသော ပဲခူးခရိုင်ဝန်ရှင်မင်းကြီး( မစ္စတာ ဘီ၊ ဒဗလျူ-ဆွ ိသင်ဘင့် C. B. E, I. C. S ) အား ဤအခမ်းအနား သဘင်ကို ဆင်ယင်ပြုလုပ် အားထုတ်စီမံ ဆည့်ခံကော်မတီလူကြီးအပေါင်းတို့က ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

ယင်းသို့ဖြစ်၍ တံဆိပ်တော်အပ်နှင်း ဆက်ကပ်ခြင်းကိုပြုရန် ဤအခမ်းအနားသဘင်ကို ဆင်ယင်ပြုလုပ်ခြင်း ဖြစ်ပါသောကြောင့် ဤအခမ်းအနားကြီးသို့ မေတ္တာပြုခါ ရှေးရှုကာဖြင့် ကြွလာတော်မူသော ပဲခူးခရိုင် ဝန်ရှင်တော် မင်းကြီးကိုယ်တိုင် လက်ကိုင်ပြု၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘုရားဖြူဆရာတော်ဘုရားအား ဆက်ကပ် လှူဒါန်းတော် မူပါမည့်အကြောင်း စိတ်ကောင်း မနိုးခြွေ ရှိသေလေးမြတ်စွာ ဘောင်းပန်ပါကြောင်း။

ဆည့်ခံကော်မတီအဖွဲ့။

ပဲခူးခရိုင် ဝန်ရှင်တော် မင်းကြီးသည် အထက်ပါ ထုတိမင်္ဂလာသြဘာစာကို အကြောင်းပြု၍ ထောမနာစကား မြွက်ကြားပြီးနောက် ဆည့်ခံအဖွဲ့ ဥက္ကဋ္ဌ ရှေ့ဆောင်မှုဖြင့် ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းလေသည်။

၎င်းနောက် ရန်ကုန်မြို့ သာသန ဝုဍ္ဎိက သံဃမဟာနိကာယ အဖွဲ့ကြီး၏ ဦးစီး ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်္ဂလာဇေယျုံဆရာတော်ဘုရားကြီးက ဆည့်ခံကော်မတီနှင့် ပုဒ္ဓဘာသာဝင်တို့ အတွက် ကျေးဇူးတင်စကား မိန့်ကြားတော်မူသည်၊ ယင်းသို့ မိန့်ပြီး အရပ်ရပ်အလှူစာရင်းများကို ဖတ်ကြား၍ ဒါယကာ ဒါယိကာမ အပေါင်း တို့အား

ဆက်နီးစသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြသည်၊ ၎င်းနောက် ဧည့်ခံအဖွဲ့ ဥက္ကဋ္ဌက အခမ်းအနား ပြီးစီးကြောင်း ပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဘုန်းတော်ဘွဲ့ စည်တော်သံ

ယင်း အခမ်းအနား မစတင်မီ ကြိုတင်၍ အောက်ပါ စည်တော်သံ သီချင်းကို သီဆိုပြီး စည်တော်ကြီး တချိမ့်ချိမ့် ရွမ်း၍ ပရိသတ်အား ဖြေဖျော်လေသည်။

(၁) ဂျော့ဘုရင် မင်းရာဇာရယ်က၊ နှင်းခါပ ကလဍ္ဍနာ၊ သုံးရာကျော် တခုစွန်း - ထွန်းတဲ့ ကောဇာ၊ လမာဿ ပဉ္စမာသင်္ဂြိုဟ်တွင်းမှာ၊ ရွှေပွဲတော် ဆင်ကာကျင်းတယ်၊ လင်းတဲ့ တန်ခိုး။

(၂) ဘုန်းတော်ရောင် တောက်ခါ ကြွပါလို့၊ ဇေယျာကြာလ နေပမာ၊ သာသနာ ထိုအကျိုး - သည်ပိုးသည့်ဆရာ၊ မင်းရာဇာ ငြင်းသာကွဲ့ဖြစ်ဘူး၊ တံဆိပ်တော် နာမံ နှင်းတယ်၊ သင်းရနံ့ထူး။

(၃) သီလဆို မြတ်တရားကိုလ၊ ထပ်မနားပန်ဆင်ခါ၊ သိက္ခာတော် သမာဓိပြည့်သည့်ဆရာ၊ ပညာမှာထက်မှာတဲ့ခေါင်ဖူး၊ ပန်းမဉ္ဇူ ရနံ့သင်းသလို လင်းသည့် ဂုဏ်ထူး။

(၄) မြို့ရန်ကုန် အရှေ့ပိုင်းမှာလ၊ ဧည့်မဆိုင်း လင်းပြန်ခါ၊ ဘုရားဖြူ မည်နာမ၊ သင်းရနံ့ဖြာ၊ အာရာမာ၊ ပိဋကာ ဓေဝါတို့၊ မာပိတာ သူတို့ပြုတယ်၊ မှုနှင့်မခြား။

(၅) ရွှေပွဲတော်ဆင်ခါကျသည်မို့၊ ခွင်မြန်မာ့ ကျက်သရေဆောင်၊ တို့ဆရာ မြတ်ဘုရား- ကြွားတဲ့ ဂုဏ်ရောင်၊ သမိုင်းပြောင် မြန်တိုင်းဘောင် ရာဇဝင်နှင့်၊ စာတင်ခါဆင်လို့ထားကွယ်၊ မှတ်တော့ အများ။

ဤသည်လျှင် တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး မရှိသည့်နောက် ဝန်ရှင်တော် မင်းကြီး ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အခမ်းအနား သမိုင်း မှတ်တမ်းတည်း။[၁]

---

၁။ ဘုရားဖြူဆရာတော်၏ မဟာဒွေဝရပ္ပတ္တိကထာ အကျဉ်း နှင့် စာရွက်စာတမ်းများ။

## လွတ်လပ်ရေး ရပြီးနောက် ပဉ္စမဆုံး အကြိမ် ကျင်းပအပ်သော အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်လှူဒါန်းပွဲ အခမ်းအနားအချုပ်

၁၃၁၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော် ၃-ပါး၊ ၁၃၁၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော် ၆-ပါး၊ ၁၃၁၄-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော် ၅-ပါးနှင့် ၁၃၁၅-ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော် ၃-ပါးတို့အား[၁] တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၁၅-ခု ဒုတိယဝါဆိုလဆန်း ၇-ရက် (၁၉၅၃-ခုနှစ် ဇူလိုင်လ ၁၈-ရက်) စနေနေ့ ညနေ ၃-နာရီအချိန်တွင် ရန်ကုန်မြို့ နိုင်ငံတော်သမ္မတအိမ်၌ ကျင်းပသည်။

ထိုနေ့ ၂-နာရီ မိနစ် ၃၀ တွင် နိုင်ငံတော် ဩဝါဒါ စရိယနှင့် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ပါဠိတက္ကသိုလ် ကျောင်းအုပ် ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိပြီး ဆရာတော်များ၊ သံဃဝန်ဆောင် ဆရာတော်များ စုစုပေါင်း အပါး ၅၀-တို့ကို သမ္မတ၏ ကိုယ်ရံတော်များ ရှေ့ခမ်းသို့ ပင့်ထားသည်။

သမ္မတအိမ်တော် ဧည့်ဆောင်ငယ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါးကို ပင့်ထား၍ ဧည့်ခံဆောင်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ၁၄-ပါးတို့ကို ပင့်ထားသည်၊ ထိုအချိန်တွင် နိုင်ငံတော် တူရိယာအဖွဲ့က ဘုန်းတော်ဘွဲ့ သီချင်းခံကြီးများကို တီးမှုတ်သီဆိုနေသည်၊ ၂-နာရီ ၄၅-မိနစ်အချိန်တွင် ဧည့်သည်တော်များသည် သမ္မတအိမ်တော်ခန်းမဆောင်ကြီးတွင် အသင့် ရောက်ရှိနေသည်၊ ၂-နာရီ မိနစ် ၅၀-တွင် ပင့်သံဃာ ဆရာတော်များကို ပါလီမန်အတွင်းဝန်နှင့် သာသနာ ညွှန်ကြားရေးဝန်တို့ ပင့်ဆောင်လာသည်။

၁။ အဘိဓဇမဟာရဋ္ဌဂုရု တံဆိပ် ဆက်ကပ်ခြင်း ခံရသော ဆရာတော်များမှာ-

( ၁ ) ဆရာတော် အရှင်စာရိန္ဒ၊ ဟင်္သာတမြို့ ဘုရားကြီးတိုက်၊

( ၂ ) ဆရာတော်အရှင်စန္ဒ၊ ဝိပဿနာဂန္ဓာရုံကျောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

( ၃ ) ဆရာတော်အရှင်ရေဝတ၊ ညောင်ရမ်းဆရာတော် မိုးကောင်းတိုက်၊ မန္တလေးမြို့

တို့ ဖြစ်သည်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များမှာ ဤကျမ်းလာ စာရင်းတွင် ကြည့်ရာ၏။

၂-နာရီ ၅၅-မိနစ်အချိန်တွင် သာသနာရေး ဝန်ကြီးက (ပန်းကလပ်ကိုင်လျက်) အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၃-ပါးကို ပင့်ဆောင်လာသည်၊[၁] ဆရာတော်ကြီးများ၏ နောက်ပါးက နိုင်ငံတော် ရှေ့နေချုပ်ကြီး တံခွန် ကုက္ကားကိုင်လျက် လိုက်ပါလာသည်၊ သာသနာရေးဌာန တွဲဖက်အတွင်းဝန်က (ကွမ်းတောင်ကိုင်လျက်) လိုက်ပါလာသည်၊အိမ်တော်အတွင်း လှေကားအနီးသို့ အရောက်တွင် ရွှေပြည်တော် ဦးဘတင်က 'အဂ္ဂမဟာပဏ္ဍိတ ဆရာတော်' ဟု ကြွေးကြော်ရလိုက်ရာ ပရိသတ်က လက်အုပ်ချီလျက် နေကြသည်၊ ထိုအခါ မင်္ဂလာစည်တော် ရွန်းသည်။

၃-နာရီ အချိန်တွင် အောက်ပါ အစီအစဉ် အတိုင်း အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးများကို ပင့်ဆောင်လာသည်။

[က] ဟသ်ာတမြို့ အဂ္ဂမဟာပဏ္ဍိတ ဒွါရနိကာယ ဥက္ကဋ္ဌ ဘုရားကြီး ဆရာတော် ဘုရားကို–

(၁) သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်၊ [ ပန်းကလပ်ကိုင်လျက် ]

(၂) လက်ထောက် သာသနာ့ ညွှန်ကြားရေး ဝန်က (ဆရာတော်၏ အောင်လံတော် အဆောင်ယောင်ကို ကိုင်လျက်)

(၃) ဘုရားကြီး ဆရာတော်။

(၄) ပါလီမန် အတွင်းဝန်က [ တန်ခွန်ကုက္ကား ကိုင်လျက် ]

(၅) ဦးသာတင် [ ကွမ်းတောင်ကိုင်လျက် ] ပင့်ဆောင်လာသည်။

အိမ်တော် အတွင်း လှေကား အနီး ရောက်လျှင် ရွှေပြည်တော် ဦးဘတင်က 'အဘိဓဇမဟာရဋ္ဌဂုရု ဘုရားကြီး ဆရာတော်' ဟု ကြွေးကြော်လိုက်ရာ ပရိသတ်က လက်အုပ်ချီလျက် နေသည်၊ ထိုအခါ မင်္ဂလာစည်တော် ရွန်းသည်။

[ခ] စစ်ကိုင်းမြို့ သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ပဌမဥက္ကဋ္ဌ မဟာနာယက စံကင်း ဆရာတော်ဘုရားကို–

(၁) လူမျိုးစု လွှတ်တော် နာယက [ ပန်းကလပ်ကိုင်လျက် ]

(၂) ဦးခင်မောင်လင်း သာသနာရေး အရာရှိ [ ဆရာတော်၏ အောင်လံတော် အဆောင်အယောင်ကို ကိုင်လျက် ]

(၃) စံကင်း ဆရာတော်ဘုရား။

---

၁။ ထိုစဉ်က ပခုက္ကူဆရာတော် အရှင် သုန္ဒရမှာ အကြောင်း မညီညွတ်၍ မကြွသဖြင့် ၁၃-ပါး ဖြစ်သည်။

( ၄ ) သာသနာ့ ညွှန်ကြားရေး ဝန်ကြီး ဦးကြီးဖေ [ တန်ခွန် ကုက္ကားကို ကိုင်လျက် ]

( ၅ ) ဗုဒ္ဓဝင် ဦးဘသန်း [ ကွမ်းတောင်ကိုင်လျက် ] ပင့်ဆောင် လာသည်။

အိမ်တော် အတွင်း လှေကား အနီး ရောက်လျှင် ရွှေပြည်တော် ဦးဘတင်က "အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်" ဟု ကြွေးကြော် လိုက် သောအခါ ပရိသတ်က လက်အုပ်ချီလျက် နေသည်၊ ထိုအခါ မင်္ဂလာ စည် တော် ရှန်းသည်။

[ ဂ ] မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ညောင်ရမ်း ဆရာတော် ဘုရားကို—

( ၁ ) တရားလွှတ်တော် တရားဝန်ကြီးချုပ်[၁] [ ပန်းကလပ်ကိုင် လျက် ]

( ၂ ) ဦးညွန့်ဆွေ - သာသနာရေး အရာရှိ [ ဆရာတော်၏ ဆောင် လံတော် အဆောင်အယောင်ကို ကိုင်လျက် ]

( ၃ ) ညောင်ရမ်းဆရာတော်ဘုရား။

( ၄ ) အထူးအရာရှိ - ဦးဘဆွေ [ တံခွန် ကုက္ကားကိုင်လျက် ]

( ၅ ) ဦးဆိုင်ကျော် - သာသနာရေး အရာရှိ [ ကွမ်းတောင် ကိုင်လျက် ] ပင့်ဆောင်လာသည်။

အိမ်တော်အတွင်း လှေကား အနီးသို့ရောက်လျှင် ရွှေပြည်တော် ဦးဘတင် က "အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်" ဟု ကြွေးကြော်လျှင် ပရိတ်သတ်က လက်အုပ်ချီလျက် နေသည်၊ ထိုအခါ မင်္ဂလာစည်တော် ရှမ်း သည်၊ ၃ - နာရီ ၁၂ - မိနစ် အချိန်တွင် ဆရာတော်ကြီးများ ကြွရောက် တော်မူပြီး နောက်ဆုံး ကြွရောက်တော်မူသည့် ဆရာတော်နှင့် ၁၅ - ပေ အကွာတွင် ဆရာတော်များနှင့် တဆက်တည်း နိုင်ငံတော် သမ္မတကြီးသည် ကိုယ်ရံတော် အတွင်းဝန် အိမ်တော်ဝန်များ ခြံရံလျက် ကြွရောက်သာသည်၊ ၃ - နာရီ ၁၅ - မိနစ်တွင် အခမ်းအနားမှူးက အခမ်းအနား စတင်ကြောင်း ကြေညာသည်။

၎င်းနောက် သာသနာရေး အရာရှိ ဦးခင်မောင်လင်းက သာသနာရေး ဝန်ကြီးအား အခမ်းအနား ဖွင့်လှစ်ရန် ကောပိုဒ် ရတုဖြင့် ပန်ကြားသည်၊

---

၁။ ပြည်သူ့လွှတ်တော်နာယကကြီး။

ထိုအခါ သာသနာရေးဝန်ကြီးက အခမ်းအနားဖွင့် စာတမ်း အခမ်းအနား ကို ဖွင့်လှစ်လိုက်လေသည်၊ သာသနာရေးဝန်ကြီး လျှောက်လွှာအဆုံး၌ အခမ်းအနား အလိုလိုပွင့်လာပြီး ဗုဒ္ဓရှင်တော်မှ ရောင်ခြည်တော် ကွန့်မြူး လျက် ပေါ်ထွက်လာသည်။

ထိုအခါ ဂဋ္ဌုန် နဂါး အမျိုးသမီးအဖွဲ့က "တေဒဂ္ဂ ဘိက္ခဝေ" အစချီ သော ပါဠိ အနက် အမွှန်များကို ရွတ်ဆို ကန်တော့ကြတော့သည်၊ ၎င်း နောက် သုခမ္မဝတီ ဦးပန်းမောင်က ငါးပါးသီလ ချီးမြှင့်ရန် ဟသ်ာတမြို့ ဘုရားကြီး ဆရာတော်ဘုရားအား အဘိယာစန ဂါထာဖြင့် လျှောက်ထား သည်၊ ၎င်းနောက် ပရိတ်သတ်က ငါးပါးသီလ ခံယူသည်။

ထိုနောက် သာသနာရေးဝန်ကြီးက အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌ ဂုရု တံဆိပ်တော်များ ဆက်ကပ်ရခြင်း အကြောင်း လျှောက်ထားသည်၊ ၎င်းနောက် ပါဠိတက္ကသိုလ် တွဲဘက်အတွင်းရေးမှူး ရွှေပြည်တော် ဦးဘတင် က အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်များ၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပြီး နောက် လက်ထောက် သာသနာ့ ညွှန်ကြားရေးဝန် ဦးညွန့်မောင်နှင့် သာသ နာရေး အရာရှိ ဦးဆိုင်ကျော်တို့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၏ ထေရုပ္ပတ္တိများကိုဖတ်ကြားသည်။

၎င်းနောက် နိုင်ငံတော် သမ္မတကြီးက ဆရာတော်ကြီးများအား အဘိ ဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းပြီး လျှောက်ထားသည်၊ နိုင်ငံတော် သမ္မတကြီး လျှောက်ထား အပြီး ညောင်ရမ်းဆရာတော် ဘုရားကြီးက ဩဝါဒကထာ မြွက်ကြားတော် မူသည်၊ ၎င်းနောက် နိုင်ငံတော် သမ္မတကြီးက ရေစက်သွန်းချ အမျှဝေ အပြီးတွင် အခမ်းအနားပြီးကြောင်း အခမ်းအနားမှူးက ကြေငြာသည်။

အခမ်းအနား အပြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားများအား ပါလီမန် အတွင်းဝန် သီရိပျံချီ ဦးသန်းစိန်က ဧည့်ခံခမ်းမသို့ ပြန်၍ ပင့်ဆောင်သွား၍ ထိုခန်းမတွင် ဘီလပ်ရေ ဆက်ကပ် လှူဒါန်းသည်၊ ဆရာတော်များ ဘီလပ်ရေ သုံးဆောင်တော်မူပြီးနောက် သာသနာ့ ညွှန်ကြားရေးဝန် ဦးကြီးဖေ နှင့် အုပ်ချုပ်ရေး အရာရှိချုပ် ဦးစိန်းမောင်တို့က ပင့်သံဃာ ဆရာတော်များအား သမ္မတ၏ ကိုယ်ရံတော် များရုံးခန်းသို့ပြန်၍ ပင့်သွားသည်၊ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များ ပြန်ကြွတော်မူစဉ် နိုင်ငံတော် တူရိယာအဖွဲ့က မင်္ဂလာ စည်တော်ရှမ်း၍ အသံဖြင့် ပူဇော်သည်၊ ဧည့်သည်တော်များအား ခေါက် ဆွဲ ကော်ဖီတို့ဖြင့် ဧည့်ခံသည်။

ဤသည်လျှင် လွတ်လပ်သော မြန်မာနိုင်ငံ၌ ပဌမဆုံး အကြိမ် ဆက်ကပ် လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနား သမိုင်းမှတ်တမ်း အကျဉ်းတည်း။

—

## ခမ်းနားစည်ကားသည့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကြီး

သက္ကရာဇ် ၁၃၄၁ - ခုနှစ် နယုန်လဆန်း ၁၅ ‧ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ် တော်ကြီး၌ ခမ်းနားကြီးကျယ်လှသော ဘွဲ့တံဆိပ်တော် လှူဒါန်း ဆက်ကပ် ပွဲကြီး ဖြစ်ခဲ့လေသည်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ မကျင်းပမီ အကြိုနေ့ ဖြစ်သော နယုန်လဆန်း ၁၄ ‧ ရက်နေ့ ညနေပိုင်းက စ၍ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေပေါ်၌ သာသနာ့အလံများ လွင့်ထူထားလေရာ အလွန် လျှင် ကျက်သရေ ရှိလှသည်၊ လိုဏ်ဂူတော်ကြီးမှာ အတွင်း အပြင် မွမ်းမံ ပြင်ဆင်ထားရာ အလွန်တရာ လှပတင့်တယ်လှပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ၁၃၄၀ ‧ ပြည့်နှစ် ပြာသိုလဆန်း ၇ ‧ ရက် ( ၁၉၇၉ - ခုနှစ် ဇန်နဝါရီလ ၄ ‧ ရက် ) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၁/၇၉ ) ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ လှူဒါန်းခြင်းခံရသော ပြည်မြို့ ပွင့်လှ သိမ်ကုန်းကျောင်းတိုက် ဆရာတော် အရှင်တိက္ခ၊ ချောင်းဆုံမြို့နယ် မုဒွန်းရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော် အရှင် ကောသလ္လ၊ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ဆရာတော် အရှင် ပဏ္ဍိတသီရိ နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်များ လှူဒါန်းခြင်း ခံရသော ဆရာတော် ၁၀ ‧ ပါးတို့အား သက် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ပြည်ထဲရေးနှင့် သာသနာရေး၀န်ကြီး ဗိုလ် မှူးချုပ် စိန်လွင်က ဖော်ပြခဲ့သည့်အတိုင်း လှပခမ်းနားစွာ မွမ်းမံ ပြင်ဆင် ထားသည့် ကျက်သရေရှိလှသော ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ကြီး၌ ၁၃၄၁ ‧ ခုနှစ် နယုန်လပြည့် မွန်းလွဲ ၁ - နာရီ မိနစ် ၄၀ အချိန်တွင် အခမ်းအနားဖြင့် ဆက်ကပ် လှူဒါန်းခဲလသည်။

ယင်းဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘုရားကြီးများအနက် ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရား ကြီးမှာ သက်တော်ကြီးရင့်၍ အခမ်းအနားသို့ ကြွရောက်တော် မမူနိုင်သည့် အတွက် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ပြည်မြို့သို့ ၁၃၄၁ ‧ ခုနှစ် ဝါဆိုလဆန်း တရက် တနင်္ဂနွေနေ့တွင် ပြည်ထဲရေးနှင့် သာသနာရေး၀န်ကြီး

ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်ကိုယ်တိုင် သွားရောက်၍ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင် တိက္ခ မဟာထေရ်အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့လေသည်။

ထိုသည့် ၁၃၄၁ ခုနှစ် နယုန်လပြည့်နေ့၌ ဆရာတော်ဘုရားကြီးများ အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မကျင်းပမီ နံနက် ၁၀– နာရီတွင် ဆရာတော်ဘုရားကြီးများ ခေတ္တ သီတင်းသုံးရာ သီရိမင်္ဂလာ ကမ္ဘာ့ အေးကုန်းမြေ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၌ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဆွမ်းကွမ်းများ ဆက်ကပ် လှူဒါန်း သည်၊

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်သည် ဆရာတော်များ ဆွမ်းမဘုဉ်းပေးခင် ဆရာတော်များ ခေတ္တ သီတင်းသုံးရာ အခန်းများသို့ သွားရောက်၍ ရိုသေလေးမြတ်စွာ အလ္လာပ သလ္လာပ စကား များ လျှောက်ထားသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါတွင်လဲ ဆရာတော်ဘုရားကြီးများ ခေတ္တ သီ တင်းသုံးရာအခန်းများသို့ သွားရောက်၍ ဆရာတော်များအား သင်္ကန်း, ထီး, ဘိနပ် စသည်များကို ဆရာတော် ဘုရားကြီး များအား ကိုယ်တိုင် ကပ် လှူ၍ ပစ္စာသင်္ဃာများအား ဒုတိယဝန်ကြီး ဦးအုန်းကျော်ကို ကပ်လှူစေ သည်။

မွန်းလွဲ ၁ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးများကို သီတင်းသုံးရာ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်မှ မှန်လုံမော်တော်ကားများဖြင့် ပင့်ဆောင် လာကြသည်၊ ယင်းသို့ ပင့်ဆောင်ပြီး လိုဏ်ဂူတော်ခန်းမတွင် ခေတ္တ သီတင်း သုံးစေတော်မူ၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရာ လိုဏ်ဂူတော်ကြီး၏ အတွင်းသို့ ပင့်ဆောင်လာကြသည်၊ ထိုသို့ပင့်ဆောင်ရာတွင် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတေဇဝန်က ပန်းကလပ်ကို ကိုင်လျက် ရှေ့ဆုံးမှ လိုက်ပါ လာပြီး အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများက ကြွရောက်၍ ထို့နောက်မှ ညွှန်ကြားရေးမှူး ဦးဝင်းဖေက တံခွန်ကုက္ကား များကို ကိုင်ဆောင်၍ လည်းကောင်း ညွှန်ကြားရေးမှူး ဦးစောမှတ်ထွန်းဝင်း က ကွမ်းတောင်ကို ကိုင်၍ လည်းကောင်း ပင့်ဆောင် လာသည်၊ စကြံန် တလျှောက်မှ ပရိသတ်အပေါင်းက နှစ်ထောင်းအားရမ်း ဝမ်းမြောက်စွာ လက်အုပ်ချီ ပူဇော်ကြကုန်၏။

နမသာဿန္တာနုဘာ ပူဇေသုံ၊ ပသန္နာ ရတနတ္တယေ။
သာဝုကာရံ ဒဒန္တာဝ၊ ထေရေ ထိရေသု သဏ္ဌိတော။

နိုင်ငံတော် ဆိုင်းဝိုင်းအဖွဲ့ကလည်း ဘုန်းတော်ဘွဲ့ သီချင်းခံကြီးကို တီးမှုတ်၍ အသံဖြင့် ပူဇော်သည်။

ဆရာတော်ဘုရားကြီးများသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးတေဇဝန် ဦးဝင်းဖေ နှင့် ဦးစောထွန်းမှတ်ဝင်းတို့ ပင့်ဆောင်ချက် အစီအစဉ်ဖြင့် အခမ်းအနားကျင်းပရာ လိုဏ်ဂူတော် ခန်းမဆောင်သို့ ရောက်လာလေရာ အခမ်းအနားမှူး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ဘုရားကြီးများ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ဘုရားကြီးများ ကြွရောက်လာပြီ ဖြစ်ကြောင်း ကြေးကြော်လိုက်လေရာ ပရိသတ်အပေါင်းက လက်အုပ်ချီကန်တော့ကြသည်၊ ထိုအချိန်အခါတွင် နိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာစည်တော် ရွှမ်းသည်။

## ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က ဒုဝန်ကြီး ဦးအုန်းကျော်အား ပန်ကြားခြင်း

ဆရာတော်ဘုရားကြီးများ သတ်မှတ်ထားသော ထီးဖြူတော် ဆောင်းမိုးထားသည့် ပလ္လင်များပေါ်တွင် နေရာယူကြပြီးနောက် အခမ်းအနားမှူး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က အခမ်းအနား စတင်ကြောင်း ကြေငြာ၍ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းကျော်အား အခမ်းအနား ဖွင့်လှစ်ပေးပါရန် ပန်ကြားသည်။


## အခမ်းအနားဖွင့်လှစ် လျှောက်ထားခြင်း

ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းကျော်က အခမ်းအနားဖွင့် စာတမ်း လျှောက်ထားရာတွင်—

## စိရံ တိဋ္ဌတု သဒ္ဓမ္မော

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်၏ သာသနာတော်သည် အနှစ် ငါးထောင် မက ကြာအောင် တည်ပါစေ သတည်း။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ၁၃၄၀ • ပြည့်နှစ် ပြာသိုလဆန်း ၇ • ရက်( ၁၉၇၉ •



၁၉၇၉-ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် သာသနာရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်
အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေပုံ။

ခုနှစ် ဇန္နဝါရီလ ၄ - ရက် ) နေ့တွင် ပိဋကတ် ၃ - ပုံ ကျမ်းကျင် တတ်မြောက်၍ ပရိယတ္တိ သာသနာ့ တာဝန်ကို ထမ်းဆောင်နေတော်မူကြသော သာသနာ့ ဥဿျောင် သက်တော်ရှည် မဟာထေရ်ဆရာတော်ကြီး ၃ ပါးတို့အား "အဘိဓဇ မဟာ ရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်–လင်္ကာပေသလ သိက္ခာကာမ သီလဝန္တ ပိဋကတ္တယဆောက ပရိယတ္တိ ဝိသာရဒဂုဏ်တို့နှင့် ပြည့်စုံတော် မူကြသော ဆရာတော်ကြီး ၁၀ - ပါးတို့အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ရာ ထိုဆရာတော် အရှင်မြတ်တို့အား ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသဘင်ကြီးကို ဖွင့်လှစ်ရန် သာသနာတော်သက္ကရာဇ် ၂၅၂၃ - ခုနှစ်၊ မြန်မာ သက္ကရာဇ် ၁၃၄၁ - ခုနှစ် နယုန်လပြည့်နေ့ ခရစ်သက္ကရာဇ် ၁၉၇၉ - ခုနှစ် ဇွန်လ ၉ - ရက်နေ့ ဤအချိန်အခါတွင် ကျက်သရေ အဖြာဖြာ ပြည့်စုံစွာသော မင်္ဂလာအခါတော် ဆိုက်ရောက်ပြီးဖြစ်ပါ၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ပွဲအခမ်းအနားကြီး ဖွင့်လှစ်လိုက်ပါကြောင်းကို ရိုသေစွာ ခြေတော် ဦးခိုက်လျှောက်ထားအပ်ပါသည်၊ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

ဟု လျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်လေသည်။

**ထုတိမင်္ဂလာဩဘာသရတုပိုဒ်စုံ နှင့် ရှစ်လုံးဘွဲ့ ကဗျာများဖြင့်ပူဇော်**

ဒုတိယဝန်ကြီး ဦးအုန်းကျော်က အခမ်းအနားဖွင့်စာတမ်းကို လျှောက်ထားပြီးနောက် သာသနာရေး ဦးစီးဌာန အမျိုးသမီးများအဖွဲ့က အောက်ပါ ထုတိမင်္ဂလာဩဘာသရတုပိုဒ်စုံ နှင့် ရှစ်လုံးဘွဲ့ ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကန်တော့ကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ
အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ရွတ်ဆို လျှောက်ကြားအပ်သော
**ထုတိမင်္ဂလာ ဩဘာသရတုပိုဒ်စုံ နှင့်**
**ရှစ်လုံးဘွဲ့ ကဗျာများ**

၁။ **နန်းရပ်ယခင်** .... ယူခြော်မြင်တည့်၊ မြန်ခွင်သာသနာ၊ ပွင့်လင်းသာဖို့၊ မဟာသမ္မတ၊ အာဒိစ္စဘို့၊ ကာလခုတိုင်၊ ယိမ်းမယိုင်တည့်၊ မကျိုင်

ပမာ၊ ကြည်သဒ္ဒါဖြင့်၊ သိက္ခာသမာဓိ၊ ပညာရှိလျက်၊ ကျမ်းသိထင်ရှား၊ ထေရ်မြတ်များကို၊ ဘုရားခြေမြွက်၊ ' တေဒဂ် ' သို့၊ မပျက်ရွေးကာ၊ မင်းဆရာဘွဲ့၊ ရာဇာဂုရု၊ သွင်းပုံထုလျက်၊ ပြည်သူ့ကိုယ်စား၊ ဦးထိပ်ထား၍၊ ညွှန်တွားဦးတင်၊ ဘွဲ့သွားဆင်သည်။ ။ယခင်နန်းရပ် အလာဘုရား။

ရှစ်လုံးဘွဲ့ကဗျာ

၁။ မြန်တိုင်းဌာန သာသနာ့အောင်ချာ၊
မဟာသမ္မတ ဝံသန္တယ်လာ၊
သဒ္ဒါကြည်နူး ရည်စူးပူဇာ၊
မွန်းကာကပ် နန်းရပ် စဉ်အလာ။

၂။ ပညာလျှမ်းဘိ ကျမ်းသိထေရ်ရှင်၊
သာရိပုတ်လား မခြားတူပင်၊
ဘုရားခြေမြွက် တေဒဂ်ပုံသွင်၊
မြတ်တံဆိပ် ခတ်နှိပ်ပူဇော်ဆင်။

၃။ မင်းဆရာဟု စာပြုအကျော်၊
ရာဇဂုရု သွန်းထုဘွဲ့တော်၊
ဆန်းကွန့်ပန်းညွန့် မှန်းခွန့်ရည်မြော်၊
စဉ်လာထုံး ရှင်ပြုံးရှိပူဇော်။

၄။ လောကဓမ္မ ရာဇတန္တီ၊
ထုံးဟောင်းသာဓက စာဂအညီ၊
ပူဇာရဟာ ပူဇဂုဏ်ရည်၊
ပူဇော်မြင့် ယူချင့်ပညာချီ။

၅။ ကျင့်ကောင်းဆင့်လောင်း မြင့်ကြောင်းမှန်စွာ၊
မြတ်စွာစောဖျား ဟောကြားသာသနာ၊
သိညာဏ်စဉ်ပေး ယဉ်ကျေးလိမ်မာ၊
ထွန်းစေမှု သွန်းပြုတင်ပဏာ။

၂။ ကျမ်းတက်အရှင်.... သူတော်စင်တည့်၊ သုံးခွင်ပိဋကာ၊ ငါးနိကာနှင့်၊ ပညာရှိလတ်၊ ပရိယတ်၌၊ ကမ်းခပ်သိမြင်၊ မြန်ပြည်ခွင်၌၊ သုံးအင်သာသနာ၊ ထွန်းစေဌာလျှင်၊ သင်စာပို့ချ၊ ဖြန့်ဝေငှ၍၊ ဂန္ထဖြာဖြာ၊ ပြုစုကာဖြင့်၊ မဟာကဿပ၊ အမွန်စလျက်၊ ထေရပရံ၊ လက်ဆင့်ခံ၍၊ သင်အံ့ရွတ်ဖတ်၊ စဉ်မပြတ်ဘည့်၊ ကျင့်မြတ်မြော်ထောက်၊ ထေရ်ပေါ



၁၉၇၉-ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော် ကပ်လှူပွဲအခမ်းအနားတွင် သာသနာရေးဦးစီးဌာန
အမျိုးသမီးများအဖွဲ့မှ ထုတိမင်္ဂလာသြဘာစာ ရတုပိုဒ်စုံနှင့်
ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ပုံ။

**မောက်တို့၊ အံ့လောက်ဖွယ်ပ၊ ရွေးကောက်တင်သည်။ ။အရှင် ကျမ်းတတ် ဆရာဘုရား။**

**ရှစ်လုံးဘွဲ့ကဗျာ**

၁။ သာသနာတည်ရေး ရှည်တွေးရည်ကာ၊
သုံးပုံပိဋက ပဋ္ဌနိကာ၊
ပရိယတ်နှင့် ပဋိပတ်စုံစွာ၊
ဖက်ကမ်းခပ် ကျမ်းတတ်ထေရ်ဆရာ။

၂။ **သာသနာမြတ်သုံး** ကပ်လုံးကြာတည်၊
ပြေလုံးနေနှုန်း မြေဆုံးပြောင်ကြည်၊
ထေရ်ကျော်မြတ်ဖျား ထပ်ပွားရှယ်ချီ၊
မှန်ပို့ချ မြန်မာ့တိုင်းရွှေပြည်။

၃။ မဟာကဿပ ဘုရာ့သားတော်၊
ထေရ်စဉ်နွယ်ဆက် မပျက်ရှုမျှော်၊
**စာ၀န်ထမ်းမှု** ကျမ်းပြုခေါင်ကျော်၊
**အစဉ်ဖေး သင်ပေးဆရာမော်။**

၄။ သီလကြိုင်နံ့ လှိုင်ပျံ့ဝေဖြာ၊
ခေါင်**သမာဓိ** တောင်၏ပမာ၊
ပညာထိန်တောက် စိန်ကျောက်ရတနာ၊
ဂုဏ်ချည်မြူး ထေရ်မှူးမြတ်ဆရာ။

၅။ ပညာကျော်မြောက် တော်ကောက်ပေတာ၊
တံခွန်လွှင့်ဆောက် ကျင့်မြောက်စုံစွာ၊
ချီးကာပံ့ထောက် အံ့လောက်ပူဇာ၊
**မထေရ်ဘုန်း နေနှုန်းဂုဏ်တေဇာ။**

၃။ **မန်းမြတ်အသွင်....** ပူဇော်ဆင်တည့်၊ မြန်ခွင်သမ္မာ၊ အစိုးရတို့၊ ပိဋက **ဆရာ၊** တတ်လိမ်မာ၍၊ ပညာသတ္တိ၊ စွယ်စုံရှိသည့်၊ ကဝိထင်ရှား၊ ထေရ်ကျော်များကို၊ ဝပ်တွားတုပ်ကွ၊ နဂ္ဂဟဖြင့်၊ “ **အဂ္ဂမဟာ - မဏ္ဍိတာ** ”ဟု၊ ပညာကျော်ဟိတ်၊ ဘွဲ့ပုံလိပ်နှင့်၊ တံဆိပ် သွန်းထု၊ ဖော်ညွှန်းပြုလျက်၊ “ဂုရု”ဆရာ၊ တင်မြှောက်ကာဖြင့်၊ “ **မဟာရဋ္ဌ ဘိဓဇ** ”ဟု၊ ဆက်သပန်ဆင်၊ ဘိသိက်ယင်သည်။ ။**အသွင်မန်းမြတ် ပမဒ္ဒဘုရား။**

## ရှစ်လုံးဘွဲ့ကဗျာ

၁။ မြန်ပြည်စိုးရ ကျီးဆမြော်မြင်၊
ဝပ်တွားတုပ်ကွ နဂ္ဂဟာအစဉ်၊
ပညာဘတ်ခြား မြတ်ဖျားထေရ်ရှင်၊
မြတ်တံဆိပ် ခပ်နှိပ်ဘွဲ့ထူးဆင်။

၂။ အဘိဇေ ရဋ္ဌမဟာ၊
ချရည်မှတ် ပြည်မြတ်ဆရာ၊
အဂ္ဂပဏ္ဍိတ် တံဆိပ်မဟာ၊
ထပ်ဆင်မြန်း မြတ်ပန်းသွင်ပမာ။

၃။ သာသနာ့အောင်ပွဲ ဆောင်နွဲလီလီ၊
လူရှင်ပိုးထမ်း ကြိုးပမ်းရွယ်ချီ၊
သားမာန်စိတ်ဇွဲ ကြိုတ်ခဲညီညီ၊
ဖူးမဝ ထူးလှမြန်မာပြည်။

၄။ သာသနာဆုံရ ပုညခွင့်ကြုံ၊
ဘုန်းကံရှင်များ ထင်ရှားကံဟုန်၊
ပစ္စယဓမ္မ နှစ်ဝဥဿုံ၊
ချီးကာပင့် ကြီးမြင့်သရေဂုဏ်။

၅။ ပါသိက်လွှတ်ဖျန်း ထွတ်ပန်းဆင်ယင်၊
ဖူးမြော်ရှင်ပြ မင်္ဂလာ့သဘင်၊
ကုသိုလ်မှုကောင်း ဆုတောင်းပန်ဆင်၊
အောင်သံဟိန်း အောင်ကိန်းပဏ္ဏာတင်။

သာသနာရေး ဦးစီးဌာန အမျိုးသမီးများအဖွဲ့က ထုတ်မင်္ဂလာ သြဘာစာ ရတုပိုဒ်စုံ နှင့် ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆို ပူဇော်ပြီးနောက် အဘိဇေ မဟာရဋ္ဌဂုရု မုဒ္ဒန်းဆရာတော် ဘုရားကြီးထံမှ ပရိသတ်အပေါင်းက ငါးပါး သီလ ခံယူကြသည်။

၎င်းနောက် သာသနာရေး ဦးစီးဌာန လက်ထောက် ပြည်နယ်သာသနာရေးမှူး ဦးဝင်းမောင်က အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်များကို တပါးချင်း ဖတ်ကြားအပြီး ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဆရာတော်ဘုရားကြီးများအား သက်ဆိုင်ရာ အဘိဓဇ

မဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို တပါးချင်းဆက်ကပ်လှူဒါန်းလေသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီးနောက် ဆက်လက်၍ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီးများအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး

ဗိုလ်မှူးချုပ် စိန်လွင်၏ လျှောက်ထားလွှာ

ဘုရားတပည့်တော် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပူဇော်ပွဲ အခမ်းအနား ကျင်းပရာ ဤ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ ကြွရောက်တော်မူလာကြသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို ဖူးမြော် ကန်တော့ခွင့် ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမှု ဖြစ်ရပါတယ်ဘုရား။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနား ကျင်းပတဲ့ ဒီနေ့ ဒီရက်ဟာ သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တောကြီး၌ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည် သာကီဝင်မင်းမျိုး ရဟန္တာ ငါးရာတို့အား မဟာသမယသုတ္တန်ကို ဟောကြားတော်မူခဲ့တဲ့ "နယုန်လပြည့် မဟာသမယ အခါတော်နေ့" လည်း ဖြစ်တဲ့အတွက် မင်္ဂလာ အပေါင်းတို့ ခညောင်းစုံညီတဲ့ အခမ်းအနား တရပ် အဖြစ် ဂုဏ်ယူ ဝမ်းမြောက် ရပါတယ်ဘုရား။

ယနေ့ ယခုလို ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းရန် ဖြစ်ပေါ်လာရခြင်းမှာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ၁၃၄၀ - ပြည့်နှစ် ဝါဆိုလဆန်း ၇ ရက်

(၁၉၇၀-ခုနှစ် ဇူလိုင်လ ၁၀ ရက်) နေ့စွဲဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့ရာမှာ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှိရင်းစွဲ စည်းမျဉ်း စည်းကမ်းများနှင့် အညီ သံဃာတော် အရှင်မြတ်များအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းနိုင်ကြောင်း ပါရှိခဲ့ပါတယ်ဘုရား။

စည်းမျဉ်း စည်းကမ်းများဆိုရာမှာ ၁၃၁၅-ခုနှစ် ရှိရင်းစွဲ (၁၉၅၃-ခုနှစ်) က—

(၁) ဟင်္သာတမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘုရားကြီးဆရာတော်၊

(၂) မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊

(၃) ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော်၊

(၄) ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုတာရာမ ဆရာတော်၊

(၅) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် မြောင်းမြဆရာတော်တို့ သြဝါဒါစရိယဆရာတော်များအဖြစ် ပါဝင်လျက် လူပုဂ္ဂိုလ် ကော်မတီ လူကြီးများပါ ပါဝင် ဖွဲ့စည်းထားသော "ဘွဲ့တံဆိပ်တော် စီစဉ် သတ်မှတ်ရေး ကော်မတီ"၏ သြဝါဒကထာ အစီရင်ခံစာပင် ဖြစ်ပါတယ်ဘုရား။

ယင်း ရှိရင်းစွဲ စည်းမျဉ်း စည်းကမ်း အရ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းထိုက်သော အင်္ဂါများမှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်ဘုရား—

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် လှူဒါန်းထိုက်သော အင်္ဂါများ**

(၁) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာခြင်း၊

(၂) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အမြဲ မပြတ် ချပို့နေခြင်း၊

(၃) အနည်းဆုံး သိက္ခာဝါ ၂၀- ရရှိခြင်း၊

(၄) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊

(၅) သီလဝန္တ ဖြစ်ခြင်း။

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် လျှောက်ထိုက်သော အင်္ဂါများ**

(၁) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိပြီးခြင်း၊

(၂) အနည်းဆုံး သိက္ခာ ၀ါ ၄၀ ရှိခြင်း၊

(၃) ဗဟုဿုတ အကြားအမြင်များခြင်း၊

(၄) လူ ရှင် ရဟန်းတို့အား ကျေးဇူးများသော ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်ကို ရေးသားဘူးခြင်း။

ဘုရားတပည့်တော်များ ယခုလို ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လျှောက်ပူဇော်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ "စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသော အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ တောင့်တချက် ကဲ့သို့ တပည့်တော်များကလည်း သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်၏ သာသနာတော် အနှစ် ငါးထောင် မက တည်တံ့ခိုင်မြဲရေး နှင့် သာသနာတော် သန့်ရှင်း စင်ကြယ် ပြန့်ပွားရေးပင် ဖြစ်ပါတယ်ဘုရား။

ထိုသို့ သာသနာတော် တည်တံ့ ခိုင်မြဲသန့်ရှင်း စင်ကြယ် ပြန့်ပွားရေးမှာ "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ" ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာမြတ် မိန့်မှာချက်အတိုင်း ပရိယတ္တိသာသနာတော်သာလျှင် ပမာဏ ဖြစ်ပါတယ်ဘုရား၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓသာသနာတော် သုံးရပ်တွင် ပရိယတ္တိ သာသနာတော် တည်တံ့ နေသမျှ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓ သာသနာတော် နှစ်ရပ်တို့ တည်တံ့ ခိုင်မြဲနေမည်သာ ဖြစ်ပါတယ် ဘုရား၊ ပရိယတ္တိ သာသနာတော်ဟာ ကန်ပေါင် ကန်ရိုးနှင့် တူပြီး ပဋိပတ္တိ သာသနာတော်မှာ ရေးနှင့်တူပါတယ်ဘုရား၊ ပဋိဝေဓသာသနာတော်ကတော့ ကြာပန်းနှင့် တူကြောင်းကို အဋ္ဌကထာ ဆရာ အရှင်မြတ်တို့ မိန့်မှာတော် မူခဲ့ကြပါတယ် ဘုရား၊ ဤမျှ အရေးကြီးပြီး ပမာဏ ကျတဲ့ ပရိယတ္တိ သာသနာတော်ကြီး တည်တံ့ ခိုင်မြဲ စည်ပင် ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်ရန်မှာ ဆရာတော် သံဃာတော် အရှင်မြတ်တို့၏ တာဝန်ပင် ဖြစ်ပါတယ်ဘုရား။

အင်္ဂုတ္တိုရ်ပါဠိတော် ပဌမ ဒုတိယ တတိယ သဒ္ဓမ္မသမ္မောသ သုတ်များ၌ အကျယ်အားဖြင့် သဗ္ဗညု မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ သာသနာတော် ကွယ်ပခြင်း အကြောင်း တရားများကို လည်း ဆရာတော် သံဃာတော် အရှင်မြတ်များ သိရှိပြီး ဖြစ်ပါတယ် ဘုရား၊ ဆရာတော်ဘုရားများ သိရှိပြီး ဖြစ်သော်လည်း ဤ သာသနာ

အဆိုးအမအောက်ရှိ ပုဂ္ဂိုလ်အများ သိရှိစေရန် သာသနာတော် ကွယ်ပခြင်း အကြောင်းတရားများကို အကျဉ်းအားဖြင့် လျှောက်ထားပါသည် ဘုရား။

ဒီသာသနာတော် ကွယ်ပခြင်း အကြောင်းတရားများမှာ -

- ပရိယတ္တိ တရားတော်ကို အက္ခရာ, ပုဒ်, ဗျဉ်း, မှန်ကန်စွာ ရိုရိုသေသေ မသင်ယူခြင်း၊
- မကျက်မှတ်ခြင်း၊
- အနက် အဓိပ္ပာယ်ကို သိအောင် မကြံစည်ခြင်း၊
- မကျင့်သုံးခြင်း၊
- အကျယ် မဟောကြား မပို့ချခြင်း၊
- ဝိနည်း တရားတော်အရ ဆုံးမသည်ကို
- ဈာန် မဂ် ဖိုလ်ရရန် အားမထုတ်ဘဲ လာဘလာဘ ပေါများအောင် အားထုတ်ခြင်း-

တို့ ဖြစ်ပါတယ် ဘုရား။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် သဒ္ဓမ္မပတိရူပက သုတ်မှာလည်း -

"လောက၌ ရွှေတု မပေါ်သေးသမျှ ကာလပတ်လုံး ရွှေစစ် မကွယ်ပျောက်နိုင်၊ ရွှေတု ပေါ်ပေါက်လာသောအခါ ရွှေစစ် ကွယ်ပျောက်နိုင်၏၊ ထို့ အတူ လောက၌ သူတော်ကောင်းတရား အတုအယောင် မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး သူတော်ကောင်းတရား အစစ်အမှန် မကွယ်ပျောက်နိုင်၊ သူတော်ကောင်းတရား အတုအယောင် ဖြစ်ပေါ်လာသောအခါ သူတော်ကောင်းတရား အစစ်အမှန်၏ ကွယ်ခြင်းသည် ဖြစ်၏။

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့သည် သူတော်ကောင်းတရား တည်းဟူသော သာသနာတော်ကို မကွယ်ပျောက်စေနိုင်၊ စင်စစ်သော်ကား သူတော်ကောင်းတရားတည်းဟူသော ဤ သာသနာတော်ကို ကွယ်စေနိုင်သော ယောကျ်ားတို့သည် ဤသာသနာတော်၌သာ ဖြစ်ကုန်၏။

ဤ သာသနာတော်၌ ရဟန်း သံဃာများ နှင့် ဥပါသကာ ဥပါသိကာမတို့သည် ဘုရား, တရား, သံဃာ, သိက္ခာ, သမာဓိ တို့၌ မရိုသေ မတုပ်ဝပ်ကုန်သည် ဖြစ်၍ နေကြားအံ့၊ ထိုသို့ မရို

မသေ မတုပ်၀ပ်ခြင်းသည် သူတော်တရား တည်းဟူသော ဤ
သာသနာတော်မွေးမြှိုန် ကွယ်ပျောက်ခြင်းငှာ ဖြစ်ကုန်၏"

ဟူ၍ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ် ဘုရား။

အခု ဘုရားတပည့်တော် လျှောက်ထားခဲ့တဲ့ ဘုရားဟော ဒေသနာတော်များအရ သူတော်ကောင်း တရား တည်းဟူသော သာသနာတော် မကွယ်ပပဲ သန့်ရှင်း စင်ကြယ် ပြန့်ပွားအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်သည့် အတိုင်း ယခု ဆရာတော် သံဃာတော် အရှင်မြတ်တို့သည်လည်း ကိုယ်ကျိုးမဖက် သာသနာတော် အကျိုးစီးပွားအတွက် အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ခြင်းကို နိုင်ငံတော်က ချီးမြှောက် ပူဇော်သည့်အနေဖြင့် ယခုကဲ့သို့ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းရခြင်း ဖြစ်ပါသည်ဘုရား။

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက် ပူဇော်ရာတွင် အကျဉ်းအားဖြင့် ပစ္စယာနုဂ္ဂဟ (အာမိသပူဇာ) နှင့် ဓမ္မာနုဂ္ဂဟ (ဓမ္မပူဇာ) ဟူ၍ နှစ်မျိုး ရှိပါတယ်ဘုရား၊ ယခုလို ချီးမြှောက် ပူဇော်ခြင်းဟာ သာမန်အားဖြင့် ပစ္စယာနုဂ္ဂဟ (အာမိသပူဇာ) ချီးမြှောက်ခြင်းသာ ဟု ဆိုသော်သည်း ဂန္ထဓုရ ၀ိပဿနာဓုရ နှစ်ပါးကို သည်ပိုး ရွက်ဆောင်တော်မူကြတဲ့ ဆရာတော်ကြီးများအား ချီးကျူး ပူဇော်ရတဲ့ အတွက် ဥပစာအားဖြင့် တရားတော်ကို ပူဇော်တဲ့ ဓမ္မာနုဂ္ဂဟ (ဓမ္မပူဇာ) ချီးမြှောက် ပူဇော်ရာလည်း ရောက်ပါတယ်ဘုရား၊ ဘုရားတပည့်တော်များက ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်ကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ပါးဖြင့် တတ်စွမ်းသမျှ ချီးမြှောက် ပူဇော်ကြသလို ဆရာတော် သံဃာတော် အရှင်မြတ်တို့ကလည်း သာသနာတော်သုံးရပ် သန့်ရှင်း စင်ကြယ် ပြန့်ပွား စေရန် နှင့် တည်တံ့ခိုင်မြဲစေရန် အတွက် သာသနာတော် ကွယ်ပခြင်း၏ အကြောင်းတရားများ နှင့် သာသနာ့ဆူးငြောင့် သာသနာ့အန္တရာယ်များကို ၀ိုင်း၀န်း ဖယ်ရှား သန့်စင်ပေးတော်မူကြပါမည့် အကြောင်းကို ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ပြည်ထဲရေး နှင့် သာသနာရေး ၀န်ကြီးဌာန ၀န်ကြီး ဗိုလ်မှူးချုပ် စိန်လွင် လျှောက်ထား ပြီးနောက် စစ်ကိုင်းမြို့ စစ်ကိုင်း ဘောင်ရိုး ရွှေဟင်္သာ တိုက် သစ် 'အဘိဓဇ မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ် တော်ရ

ဆရာတော် ဆရာကြီး အရှင်ပဏ္ဍိတသိရိက ဩဝါဒစကား မြွက်ကြား တော်မူသည်။

၁၃၄၁ ခုနှစ် နယုန်လဆန်း (၁၅) ရက် စနေနေ့
ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း
အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
ဆက်ကပ်သော အခမ်းအနား၌

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်

## ဟောကြားအပ်သော ဩဝါဒကထာ

ယနေ့ ပြုလုပ်ကျင်းပအပ်သော အခမ်းအနားသည် 'အဘိဓဇမဟာရဋ္ဌဂုရု' နှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း၍ ပူဇော် ချီးမြှောက်သော အခမ်းအနား ဖြစ်သည်၊ ဆရာတော်ကြီးများကို ပူဇော်ခြင်းသည် သာသနာတော်ကို ပူဇော်ခြင်းပင် ဖြစ်သည်၊ အဘယ်ကြောင့် ဟူမူ သာသနာတော်ကို ဆောင်ရွက်နေကြသော ဆရာတော်ကြီးများ ဖြစ်ကြသောကြောင့်တည်း၊ ဆရာတော်ကြီးများကို ပူဇော်ချီးမြှောက်လျှင် သာသနာတော်ကို ချီးမြှောက် ပူဇော်ရာသို့ ရောက်တော့သည်ပင် ဖြစ်သည်။

ဘုန်းကြီး ဩဝါဒပေးရန် ရသော အချိန်မှာ ဆယ်မိနစ်မျှသာ ဖြစ်သည် တကြောင်း - သာသနာရေး ဝန်ကြီး လျှောက်ထားသွားသော လျှောက်ထားချက် တို့သည်လည်း အတော် ပြည့်စုံသည် တကြောင်းကြောင့် ဘုန်းကြီးက အနည်းငယ်သာလျှင် ပြောကြားလိုသည်။

(၁) ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကို သာမန် ပုဂ္ဂိုလ်တို့ ဆောင်ရွက် နိုင်ကြသည် မဟုတ်ပေ၊ ရှေးဘုန်းရှေးကံ အတန်အရာရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို ရွက်ဆောင်နိုင်ကြသည်၊ ယနေ့ သာသနာတော်ကို အားပေး ချီးမြှောက် ပူဇော်ကြသော နိုင်ငံတော်ကောင်စီနှင့် တကွ သာသနာရေးဝန်ကြီး၊ ဤလိုဏ်ဂူတော်သို့ရောက်လာကြသော ဒကာ ဒကာမ တို့သည် ရှေးဘုန်းရှေးကံ ရှိကြသောကြောင့်သာလျှင် ယခုကဲ့သို့ သာသနာတော်ကိုအားပေး



“အဘိဓဇမဟာရဋ္ဌဂုရု” **ရွှေဟင်္သာဆရာတော်ဘုရားကြီး**
ဩဝါဒစကား မြွက်ကြားတော်မူပုံ။

ချီးမြှောက်ခြင်း - ပူဇော်ခြင်းကို ပြုကြရာ၌ ဖြစ်၍ မိမိတို့၏ ရှေးဘုန်း ရှေးကံ အဘုန်အရှိန်ရှိခြင်းကြောင့်သာလျှင် သာသနာတော်ကို အားပေး ချီးမြှောက်ခြင်း ပူဇော်ကြရပေသည်ဟု ဆင်ခြင်သိရှိကြလျှင် များစွာ ဝမ်းမြောက်ကြပေမည်၊ ဂမ်းမြောက်ဘွယ် လည်းကောင်း လှပေသည်၊ မြတ်စွာဘုရား၏ သာသနာတော်သည် ဘုန်းကံနည်းပါးသူတို့၏ အရာမဟုတ်ပေ၊ နိုင်ငံတော် ကောင်စီနှင့်တကွ သာသနာရေးဝန်ကြီးအစရှိသော ဤယနေ့ ဤဌာနသို့ ရောက်ရှိသော ဒကာ ဒကာမ တို့သည် ဘုန်းကံရှိကြသော ပုဂ္ဂိုလ်တို့ ဖြစ်ပေသည်ဟု ဘုန်းကြီးက ဆိုလိုပါသည်၊ ဘုန်းကံရှိကြပုံကို ရှင်းလင်းအောင် ပြောဆိုရလျှင် အချိန်များစွာကုန်မည် ဖြစ်၍ အကျယ် ရှင်းလင်း ပြောပြခြင်းငှာ မဖြစ် နိုင်တော့ပေ။

(၂) သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ကို အသိဉာဏ် အမြင်ဉာဏ်ရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် မြတ်နိုးခြင်း ပူဇော်ခြင်းကို ပြုနိုင်ကြပေသည်၊ အသိဉာဏ် အမြင်ဉာဏ် ကင်းမဲ့သော ပုဂ္ဂိုလ်တို့ မြတ်နိုးကော်ရော် ပူဇော်ထိုက်သော သာသနာတော် မဟုတ်ပေ၊ မြတ်စွာဘုရား၏ သာသနာတော်သည် အစဉ်နက်ဝှမ်း ဆိုသည့် အတိုင်း တဖြေးဖြေး တစတစ အစဉ်အားဖြင့် နက်နဲကျယ်ဝန်းသော သာသနာတော်ဖြစ်သည်၊ မြတ်စွာဘုရား၏သာသနာတော်ကို မြတ်စွာဘုရား ကိုယ်တော်တိုင်က နည်းလမ်းညွှန်ပြ၍ ဟောကြားတော်မူသည့် တိုင်အောင် မိမိတို့၏ ဉာဏ်မီသမျှသာလျှင် သိမြင်ကြလေသည်၊ တဖြေးဖြေး နက်၍နက်၍ သွားသော သမုဒ္ဒရာသို့ ဆင်းသော ပုဂ္ဂိုလ်သည် မိမိတို့ ဆက်ဆင်းနိုင်သလောက် အနက်သို့သာ ရောက်ရှိကြသည်နှင့် တူပေသည်၊ ယနေ့ ပူဇော်ပွဲကို ပြုလုပ်၍ အားပေး ချီးမြှောက်ကြသော နိုင်ငံတော် ကောင်စီနှင့်တကွ သာသနာရေး ဝန်ကြီး အစရှိသော ဒါယကာ ဒါယိကာမတို့သည် အသီးသီး အထိုက်အလျောက် အသိဉာဏ် အမြင်ဉာဏ် ရှိကြသောကြောင့်သာလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို ယခုကဲ့သို့ မြတ်နိုးကော်ရော် ပူဇော်နိုင်ပေသည်ဟု ဘုန်းကြီးက ဆိုလိုသည်။

(၃) ဘုန်းကံရှိရုံ အမြင်ဉာဏ် ရှိရုံဖြင့်သာ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက် ကော်ရော် ပူဇော် နိုင်ကြသည် မဟုတ်သေးပေ၊ ကံ နှင့် ကံ၏ အကျိုးကို ယုံကြည်ခြင်း ရတနာ သုံးပါးတို့၏ ဂုဏ်ကို ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံ

သော်မှလည်း အားပေး ပင့်မထောက် ချီးမြှောက် နိုင်ကြပေမည်၊ ကံ ဆိုသည်မှာ မြန်မာစကားနှင့် တိုက်ရိုက် ပြန်ဆိုလျှင် အလုပ်ပင် ဖြစ်သည်၊ အလုပ်ကောင်းလျှင် ကံကောင်းသည်၊ အလုပ်မကောင်းလျှင် ကံမကောင်း၊ အလုပ်ကောင်း ကံကောင်းက ကောင်းကျိုးကျေးဇူးကို ရမည်၊ အလုပ်မကောင်း ကံမကောင်းက မကောင်းသော အပြစ်ကိုရမည်၊ ဤသို့ ကံနှင့်ကံ၏အကျိုးကို ယုံကြည်ကြရမည်၊ ဘုရား တရား သံဃာတို့၏ စစ်မှန်သောဂုဏ် တကယ်ရှိသော ဂုဏ်တို့ကို ယုံကြည်ကြရမည်၊ ယုံကြည်မှသာလျှင် ထိုဘုရား၏ သာသနာတော်ကို အားပေး ပင့်ထောက် ချီးမြှောက် နိုင်သည်၊ နိုင်ငံတော်ကောင်စီနှင့် တကွ သာသနာရေးဝန်ကြီး အစရှိသော ဒါယကာ ဒါယိကာမ တို့သည် ဤကဲ့သို့ သဒ္ဓါတရား နှင့် ပြည့်စုံကာ ယုံကြည်မှု ရှိကြသောကြောင့်သာလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို အားပေး ပင့်ထောက် ပူဇော်ချီးမြှောက် နိုင်ပေသည်ဟု ဘုန်းကြီးက ဆိုလိုသည်။

မြတ်စွာဘုရား၏ သာသနာတော်ကို ဆောင်ရွက်ရာ၌ သံဃာတော်များချည်းလဲပဲ ဆောင်ရွက်ခြင်းဖြင့်မပြီး၊ ဒါယကာ ဒါယိကာမများချည်းဆောင်ရွက်ခြင်းဖြင့်လည်း မပြီး၊ ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ သံဃာနှင့်ဒါယကာ ပူးပေါင်း၍ ဆောင်ရွက်မှသာလျှင် ခရီးပေါက်၍ ထွန်းကား ပွင့်လင်းမည်။

(က) မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးသည့်နောက်၌ အရှင် မဟာကဿပ အစရှိသော ရဟန္တာမထေရ်မြတ်ကြီးတို့သည် — အပ္ပေါသုက္က - ကြောင့်ကြမဲ့ ဖလသမာပတ္တိသုခဖြင့် သာလျှင် ချမ်းသာစွာ နေတော်မမူကြမူ၍ အဇာတသတ္တုမင်း၏ ချီးမြှောက်ပူဇော်ခြင်းကိုခံယူ၍ ပဌမ သံဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်တော် မူခဲ့ကြလေပြီ။

(ခ) တဖန် အရှင်မဟာယသ အမှူးရှိသော မထေရ်မြတ်ကြီးတို့သည်လည်း ကာလာသောကာ မင်း၏ ချီးမြှောက် အားပေးခြင်းကို ခံယူတော် မူကြ၍ ဒုတိယအကြိမ် သံဂါယနာတင်ကာ သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ကြပြီ။

(ဂ) တဖန် – သီရိမဟာသောကမင်း ချီးမြှောက် အားပေး ခြင်းကို ခံယူ၍ အရှင် မဟာ မောဂ္ဂလိပုတ္တ တိဿ ထေရ် အမှူးရှိသော မထေရ်မြတ်ကြီး တို့သည်လည်း တတိယအကြိမ် သံဂါယနာ တင်ကာ သာသနာ တော်ကို ဆောင်ရွက်တော် မူခဲ့ကြပြီ။

(ဃ) တဖန် သီရိလင်္ကာ သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း၏ ချီးမြှောက်ခြင်းကို အမှီပြု၍ မထေရ်မြတ်ကြီးတို့သည် ပေထက်အက္ခရာတင်၍ စတုတ္ထမြောက် သံဂါယနာ တင်ကာ သာသနာတော်ကို ဆောင်ရွက်ခဲ့ကြပြီ။

(င) မြန်မာနိုင်ငံတော် အောက်ပိုင်း သထုံမြို့၌ သီရိမာသော ကမင်း လက်ထက် အရှင်သောဏ အရှင် ဥတ္တရထေရ် တော်တို့သည် သာသနာတော်ကို အစပြု၍ ဆောင် ရွက်တော်မူခဲ့ကြပြီ။

(စ) အထက်မြန်မာနိုင်ငံ ပုဂံပြည်၌ အနော်ရထာမင်း၏ ချီးမြှောက်အားပေးခြင်းကို ခံယူ၍ အရှင်အရဟံ အစ ရှိသော မထေရ်မြတ်တို့သည် သာသနာတော်ကို ဆက် လက် ဆောင်ရွက်တော်မူခဲ့ကြပြီ။

(ဆ) မန္တလေးမြို့၌ မင်းတုံး မင်းတရားကြီး၏ ပူဇော်ချီး မြှောက်ခြင်းကို ခံယူတော်မူကြ၍ ပဥ္စမ သံဂါယနာ တင်ကာ မြတ်စွာဘုရား၏ သာသနာတော်ကိုဆောင် ရွက်တော် မူခဲ့ကြပြီ။

(ဇ) ရန်ကုန်မြို့၌ ဆဋ္ဌသံဂါယနာတင်ကာ စောင့်ရှောက် တော်မူခဲ့ကြပြီ၊ ဤသို့လျှင် ရှေးရှေးမထေရ်မြတ်ဆရာ မြတ်ကြီးတို့အဆက်ဆက် ဆောင်ရွက်တော်မူခဲ့ကြ-ရှေး ရှေးမင်းကောင်း မင်းမြတ်တို့ အားပေး ချီးမြှောက် ကာ ဆောင်ရွက်ခဲ့ကြသောကြောင့် ယခုနှ သာသနာ တော်နှစ် ၂၅၂၃ - နှစ်တိုင်အောင် မြတ်စွာဘုရား၏ သာသနာတော် တည်ရှိခဲ့ခြင်း ဖြစ်သည်။

ယခု - အဆိုပါ သာသနာဆက် တည်ရှိလာခြင်းကို ကြည့်လျှင် ထင်ရှားသော မင်းနှင့် တကွ ဒကာများ သံဃာများ တွဲဘက်၍ ဆောင်ရွက်လာကြသည်မှာ ထင်ရှားသည်၊ ရှေးရှေး သံဃာ့ထေရ်

ကြီးများ မင်းစသော ဒကာများ ဆောင်ရွက်ခဲ့သဖြင့် ယနေ့မျက်မှောက် ဘုန်းကြီးတို့ လက်ထက်တိုင်အောင် သာသနာတော် တည်ရှိခဲ့သည် ဖြစ်၍ ရှေးရှေး သံဃာ့ထေရ်ကြီးများ နှင့် ရှေးရှေးမင်း စသော ဒကာ ဒကာမတို့၏ တာဝန်ကား ကျေပြွန်တော်မူကြပြီ၊ ယခု အချိန်၌ ဘုန်းကြီးတို့လက်ထက် ဘုန်းကြီးတို့ ဦးခေါင်းပေါ်သို့ သာသနာဆောင်ရွက်ရေး တာဝန်သည် ကျရောက် နေပြီဖြစ်၍ နိုင်ငံတော် ကောင်စီနှင့်တကွ သာသနာရေးဝန်ကြီး စသော ဒကာများနှင့် သံဃာတော်များသည် အပ္ပမာဒ ကြောင့်ကြမဲ့မနေကြမူ၍ သာသနာအဓွန့်ရှည်စွာ တည်အောင် ဆက်လက် အားထုတ်တော်မူကြပါဟူ၍ ဆရာတော် ဘုရားကြီး များအား လျှောက်ထား၍ သာသနာရေးဝန်ကြီး အစရှိသော ဒကာ ဒကာမတို့အား တိုက်တွန်းပြောကြားလိုပါသည်၊ သံဃာနှင့် ဒကာများ တွဲဘက်ဆောင်ရွက်ရာတွင် ဒကာ ဒကာမများ၏ ပစ္စည်းလေးပါးဘက်၌ ကာလ, ဒေသ, ပုဂ္ဂိုလ်အားလျော်စွာ အားထုတ်ကြသဖြင့် ဒကာ ဒကာမများဘက်က လိုသည်ဟု မဆိုသာ-လိုလျှင် သံဃာများဘက်က လိုပါမည်၊ သံဃာများဘက်က လိုပုံမှာ မိမိတို့ဆိုင်ရာ ဒကာ ဒကာမများ ကလေးသူငယ်များကို သာသနာတော်နှင့် စပ်၍ ယဉ်ကျေး လိမ္မာမှုရှိစေရန် ဗဟုသုတရှိစေရန် သွန်သင်ပြသ ပြောဟောမှု နည်းပါးခြင်းကို ဆိုလိုပါသည်။

ဘာသာရေး ဘာသာတရားသည် လူလောကကို ထိန်းသော လူ့ကျင့်ဝတ်တရားပင် ဖြစ်သည်၊ ရှေးခေတ် သံဃာတော်များက သက်ဆိုင်ရာ ရပ်ရွာ တပည့် ဒကာများကို ဆုံးမဩဝါဒပေး၍ ထိန်းသိမ်းစောင့်ရှောက်ပေးကြသောကြောင့် အများအားဖြင့် လူကြီးလူငယ်တို့သည် ယဉ်ကျေးလိမ္မာကြသည်ဖြစ်၍ တိုင်းပြည်သာယာ ချမ်းစွာရှိခဲ့ကြသည်၊ သို့ကြောင့် ယခုလက်ရှိ ဆရာတော် သံဃာတော် များသည် သာသနာရေး ဘာသာရေးတို့၌ အပ္ပမာဒ ကြောင့်ကြမဲ့နေတော်မမူကြမူ၍ မိမိတို့၏ ဦးခေါင်းထက်သို့ ကျရောက်ဆဲဖြစ်သောသာသနာ ဘာသာ တာဝန်ကို စွမ်းနိုင်သမျှ ဆောင်ရွက်တော်မူကြရန် လျှောက်ထားလိုပါသည်၊ အချိန်နည်းပြီဖြစ်၍ ကိုယ်တိုင် ရေးထားသော ပါဠိဂါထာ တပုဒ်ကို ရွတ်ဆို အနက်ပြန်ကာ ဘုန်းကြီး၏ ဩဝါဒကို နိဂုံးအုပ်ပါတော့မည်။

သာသနံ ဘဂဝန္တဿ၊ ဘဂဝန္တာဝ နာယကာ။
ပူဇကာ ဉာဏဝန္တာဝ၊ သဒ္ဓါဝန္တာဝ ပဂ္ဂဟာ။

ဘဂဝန္တသာ - ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ သာသနံ - သာသနာတော်ကို၊ ဘဂဝန္တာဝ - ရှေး ဘုန်း ရှေးကံရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ နာယကာ - ရွက်ဆောင် နိုင်ကြပေကုန်၏။

ဉာဏဝန္တသာ - သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၏၊ သာသနံ - သာသနာတော်မြတ်ကို၊ ဉာဏဝန္တာဝ - အသိဉာဏ်၊ ဆမြင်ဉာဏ် ရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပူဇကာ - မြတ်နိုးကော်ရော် ပူဇော်နိုင်ကြပေကုန်၏။

သဒ္ဓါဝန္တသာ - သဒ္ဓိန္ဒြေ စသည်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား၏၊ သာသနံ - သာသနာတော်ကို၊ သဒ္ဓါဝန္တာဝ - ကံ နှင့် ကံ၏ အကျိုးကို ယုံကြည်ခြင်း၊ ရတနာ သုံးပါး ဂုဏ်ကို ယုံကြည်ခြင်း ဟူသော သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပဂ္ဂဟာ - အား ပေးပင့်ထောက် ချီးမြှောက်နိုင်ကြပေကုန်သတည်း။

အရှင်ပဏ္ဍိတထေရ် - ရွှေဟသ်ာ ဆရာတော်

၎င်းနောက် ဆက်လက်၍ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်မြင့်က အောက်ပါအတိုင်း နိဂုံးချုပ်စကား လျှောက်ထားလေသည်။

အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ
ဒုတိယ ဗိုလ်မှူးကြီး ကျော်မြင့်၏
လျှောက်ထားချက်

ကောင်းမြတ်သော စိတ်ထားဖြင့် ရှိသေလေးမြတ်စွာ ခြေတော် ဦးခိုက် လျှောက်ထားအပ်ပါသည်၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာ တော် အနှစ်ငါးထောင်မက ရှည်ကြာစွာ တည်တံ့ရေးကို မျှော် မှန်းလျက် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိကြကုန် သော လဇ္ဇီပေသလ, သိက္ခာကာမ, ပရိယတ္တိဝိသာရဒ, ပဋိပတ္တိ မာမက ဖြစ်တော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာ

ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား—

ရန်ကုန်တိုင်း ရန်ကုန်မြို့တော်အတွင်း ကမ္ဘာအေးကုန်းမြေ ဤမဟာပါသာဏ လိုဏ်ဂူတော်ကြီးမှာ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကြီးကို ကျင်းပခဲ့ရာတွင် ကူညီဆောင်ရွက် ပြုလုပ်ပေးရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ခြင်း ဖြစ်ရပါတယ်ဘုရား၊ ရန်ကုန်တိုင်း အတွင်းသာမက တနိုင်ငံလုံးရှိ မြို့နယ်အသီးသီးမှ ဗုဒ္ဓဘာသာဝင် သူတော်စဉ် အပေါင်းတို့ကလည်း ဘုရားတပည့်တော်နည်းတူ တစိတ်တဝမ်းတည်း နှစ်သက်ဂုဏ်ယူ၍ မဆုံး ရှိကြမည်ဖြစ်ပါတယ်ဘုရား။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ယခုလို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းသည် 'ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်း' ဟူသော မြင့်မြတ်သော မင်္ဂလာတရား တပါးဖြစ်တဲ့အပြင် 'ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော' ဟူသောဒေသနာတော်အရ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်ကို ထုတ်ဖော်ခြင်းမှာလည်း ထူးမြတ်တဲ့ လုပ်ငန်းတခုဖြစ်ကြောင်း တွေ့ရှိပါတယ်ဘုရား။

ဆရာတော် သံဃာတော် အရှင်သူမြတ်များကလည်း မြတ်စွာဘုရားရှင့်သာသနာတော် အဓွန့်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာလည်းကောင်း, လောက လူသားတို့သည် မိမိတို့၏ ပစ္စုပ္ပန် သံသရာ ၂-ဖြာသော အစီးအပွားအတွက် မြတ်စွာဘုရားရှင်၏ အဆုံးအမတော်အတိုင်း သူတော်ကောင်းတရားကို မတုန်မလှုပ်သော အစလသဒ္ဓါ, ခိုင်မာသည့်ဆုံးဖြတ်ချက်, ထက်မြက်သည့် ဉာဏ်အမြင်တို့ဖြင့် ကိုယ်တိုင် ကျင့်ကြံ လိုက်နာနိုင်စေခြင်း အကျိုးငှာလည်းကောင်း မိမိတို့၏ သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါး စွမ်းအင်အားဖြင့် တပည့်ရဟန်းသံဃာတော်များ တပည့်ဒါယိကာ ဒါယိကာမများကို ယဉ်ကျေးသည်ထက် ပိုမိုယဉ်ကျေးအောင်၊ လိမ္မာသည်ထက် ပိုမို၍ လိမ္မာအောင် ဆုံးမသွန်သင် ပဲ့ပြင်တော်မူကြပါမည့်အကြောင်း နိဂုံးချုပ်အားဖြင့် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်မြင့်က နိဂုံးချုပ်စကား လျှောက်ထားပြီးနောက် ဝန်ကြီး



**အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**
ဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ
ဒုတိယ ဗိုလ်မှူးကြီးကျော်မြင့်, ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးအုန်းကျော်, ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် တို့ကို ရှေ့ဆုံးမှ အစဉ်အတိုင်း မြင်ရပုံ။

ဗိုလ်မှူးချုပ် စိန်လွင်က အောက်ဖော်ပြပါ ရေစက်ချ စာတမ်းကို ဖတ်ကြား၍ ရေစက်သွန်းချ အမျှပေးဝေလိုက်ရာ ပရိသတ်အပေါင်းက သာဓု အနုမောဒနာ ၃-ကြိမ် ခေါ်ကြ၍ 'အဘိဓဇမဟာရဋ္ဌဂုရု' နှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို မွန်းလွဲ ၂-နာရီ ၅၅-မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်လေသည်။

အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်
ရေစက်သွန်းချသော

## ရေစက်ချစာတမ်း

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား....။

ဘုရားတပည့်တော်တို့သည် ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ တည်းဟူသော သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ အရှင်ဘုရားတို့ ထံတော်မှောက်တွင် သရဏဂုံသုံးပါးနှင့် ငါးပါးသော သီလတော်မြတ်ကို ခံယူကြရပါကုန်သည် ဘုရား၊ ဘုရား တပည့်တော်တို့သည် ကောင်းသော အလုပ်ကို ပြုလုပ်လျှင် ကောင်းသောက မည်၍ ကောင်းသော အကျိုးကို ပေးတတ်သည်ကို လည်းကောင်း မကောင်းသော အလုပ်ကို ပြုလုပ်လျှင် မကောင်းသောကံ မည်၍ မကောင်းသော အပြစ်ကို ပေးတတ်သည်ကိုလည်းကောင်း ယုံကြည်သော ဗုဒ္ဓဘာသာဝင် ဥပါသကာများဖြစ်ကြသည့်အားလျော်စွာ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်သန် တောင့်တ၍ မြတ်စွာဘုရား၏ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရန်အလို့ငှာလည်းကောင်း သာသနာတော် ထွန်းလင်းပြန့်ပွားရန်လည်းကောင်း ဆရာတော်အရှင်မြတ်တို့အား ဘွဲ့လက်မှတ်တံဆိပ်တော်များကို ရိုသေလေးမြတ်စွာ ဆက်ကပ် လှူဒါန်းကြပါကုန်သည် ဘုရား။

ဆရာတော်အရှင်မြတ်များနှင့် ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော် အပေါင်းကိုလည်း ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်း ဆက်ကပ် ကြပါကုန်သည် ဘုရား၊ ဖိတ်ကြား၍

ကြွရောက်တော်မူလာကြကုန်သော ပရိသတ် အပေါင်းတို့အားလည်း မုန့်များ အဖျော်များဖြင့် တည်ခင်းကျွေးမွေး၍ ဒါနမဂ်လာကြီးကို ပြုလုပ်ကြပါသည် ဘုရား။

ဤ ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့်—

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ— အမှာကံ • ဘုရားတပည့်တော်တို့၏။ ဣဒံပုညံ • ဤကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ • အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ကို။ အာဝဟံ • ရွက်ဆောင်နိုင်သည်။ ဟောတု • ဖြစ်ပါစေသတည်း။

မေ— အမှာကံ • ဘုရားတပည့်တော်တို့၏။ ဣဒံပုညံ • ဤကုသိုလ်ကောင်းမှုသည်။ နိဗ္ဗာနဿ • နိဗ္ဗာန်၏။ ပစ္စယော • အကြောင်း အထောက်အပံ့သည်။ ဟောတု • ဖြစ်ပါစေသတည်း။

ဤသို့ပြုရ၊ ကုသလ၏၊ ဘာဂအစု၊ မြတ်ကောင်းမှုကို၊ လူနတ်ပြဟ္မာမှ စ၍ သက်ရှိ သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါကုန်၏—

အမျှ........အမျှ........အမျှ........ ယူတော်မူကြပါကုန်လော့။

\+ \+ \+

## ဖူးမျှော်ကြည်ညိုကြ

ဖော်ပြပါ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ပူဇော်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ ကျောင်းတိုက်မှ ဆရာတော် သံဃာတော်ကြီးများ, နိုင်ငံတော် ကောင်စီဝင်များ, ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများ, ပြည်သူ့တရားသူကြီးအဖွဲ့, ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့, ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ, ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ, စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ, ဂေါပကအဖွဲ့ဝင် လူကြီးများ, သီလရှင်များ, ဗုဒ္ဓဘာသာဆိုင်ရာ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် အခြားဖိတ်ကြားထားသူများ သိုက်မြိုက်စွာ တက်ရောက်၍ ဆရာတော်ဘုရားကြီးများအား ဖူးမျှော်ကြည်ညိုကြသည်။

### မဟာထေရုပ္ပတ္တိသန္ဒီပနီကျမ်းကို ရေးသားစီရင်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန, သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်

သည် ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်သူဖြစ်၏၊ စာပေ ဝါသနာရှင်တဦးလည်း ဖြစ်သည်၊ အထူးသဖြင့် သမိုင်းစာပေများကို ပို၍ စိတ်ဝင်စားသူဖြစ်သည်၊ သို့ဖြစ်၍ ဤစာပြုသူထံသို့ သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေအောင် (ဓမ္မာစရိယ သိရောပဏ်ိ- ဝဋ္ဋံသကာ- မဟာဝိဇ္ဇာ) ကို စေလွှတ်၍ အောက်ပါအတိုင်း လျှောက်ထားစေ သည်။

“ဆရာတော်.... ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က ဆရာတော်ကို ရန်ကုန်ကြွရန် ပင့်ဖို့ တပည့်တော်လာခဲ့ပါတယ်၊ သို့ဖြစ်၍ ဆရာတော် ရန်ကုန် ကြွတော်မူပါ၊ ရန်ကုန်ကြွပြီး “အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို ကိုယ်တွေ့မျက်မြင်ကြည့်ရှုပြီး မှတ် တမ်းတင် သမိုင်းကျမ်းကြီးတကျမ်း အမြန်ရေးပေးရမယ်တဲ့ ”စသည်ဖြင့် ဤစာ ပြုသူအား လျှောက်ထားစေခဲ့သည်၊ သို့ဖြစ်၍ မိမိသည် ကျေးဇူးရှင် အဂ္ဂ မဟာ ပဏ္ဍိတ ဆရာတော် ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ်, ပစ္စာသမဏ အရှင် ဝိစာရ, ကပ္ပိယ ဒါယကာ မောင်ရွှေဆန်း, လက်ထောက်ညွှန်ကြား ရေးမှူးဦးရွှေအောင်တို့နှင့် အတူ ရန်ကုန်သို့ ၁၃၄၁ - ခု နယုန်လဆန်း ၁၄ - ရက် နေ့တွင် ပခုက္ကူမှ ညောင်ဦး, ညောင်ဦးမှ လေယာဉ်ဖြင့် ရန်ကုန် သို့ သွားရောက်၍ နယုန်လဆန်း ၁၅ - ရက်နေ့ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆပ်ကပ်ပွဲသို့ တက်ရောက်ကြည့်ရှုခဲ့ပြီး သာသနာရေး ဦးစီးဌာနမှ ညွှန် ကြားရေးမှူးချုပ် ဦးကြည်ညွန့် စသော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေး ပြီး ၁၃၄၁ - ခုနှစ် နယုန်လဆန်း ၇ - ရက်နေ့တွင် ပခုက္ကူအရောက် ပြန် ခဲ့ပါသည်။

ပခုက္ကူရောက်ပြီး ချပို့လက်စ စာဝါများ ချပို့ရင်း တိပိဋကရေဝမ္မဘဏ္ဍာ ဂါရိက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင် ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိ အဖြစ်တော်စဉ် ‘တိပိဋကဓရဝတ္ထု ဝိကာသိ နီ’ကျမ်းကြီးကို ပြင်ဆင် သုတ်သင်ပြီးနောက် ဤမဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်း ကြီးကို ၁၃၄၁ - ခုနှစ် ဝါဆိုလဆန်း ၈ - ရက်နေ့မှစ၍ ရေးပါသည်၊ မိမိသည် ဤကျမ်းကြီးကို တ – ဝဂ် တိပိဋက ပါဠိ မြန်မာ ‘အဘိဓာန်ကျမ်း ကြီး, တ - ဝဂ် ပါဠိပဒ ပိဋက ကျမ်းကြီး တို့ကို ဦးစီးရေးသား ပြုစုခြင်း, နိကာယ်စာသင်သားကြီးများအား အင်္ဂုတ္တရနိကာယ်ပါဠိတော်ကို အဋ္ဌကထာ တွဲဖက်၍ ချပို့ခြင်း, ဦးပဉ္စင်းငယ် သာမဏေများအား အဘိဓမ္မတ္ထသင်္ဂြိုဟ် ကျမ်းကိုချပို့ခြင်း, သက္ကတပညာသင် စာသင်သားတို့အား သက္ကတ ပဌမာ

ဒါသ ကျမ်းကို ချုပ်ခြင်း စသည့် အလုပ်ကိစ္စတွေ ဝိုင်းဝိုင်းလည် နေသည့်ကြားမှ အတိယာစက ညွန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်၏ စေတနာကို အလေးအနက်သဘောထား၍ ရေးသားရာ ၁၃၄၁ - ခုနှစ် ဝါခေါင်လဆန်း ၁၁ - ရက် နေ့တွင် ပြီးဆုံးပါသည်၊ ၎င်းနောက် ဤနိဒါန်းကို ဆက်လက်ရေးသားရာ ယနေ့ ၁၃၄၁ - ခုနှစ် ဝါခေါင်လဆုတ် ၉ - ရက်နေ့ ၂ - နာရီ အချိန်တွင် အောင်လံ စိုက်ဆောက် အလုံးစုံ ပြီးမြောက်ပါသည်။

ဤကျမ်းစာသည် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် စပ်၍ ထူးမြတ်သည့် ဗဟုသုတ ပညာအဝဝကို ပေးလျက် မြင့်ရှည်မြားမြောင် နှစ်ငါးထောင်သပယ ကာလကြာအောင် တည်တွန့်းပါစေသတည်းဟု ဆုတောင်းရင်း ဤစာနိဒါန်းကို လက်စသတ်လိုက်ပါပြီ၊

အရှင်ကုမာရ နှင့် အရှင်ပညာသီဟတို့ ကူညီကြ

ဤကျမ်းကို ပြုစုရေးသားရာ၌ မိမိ၏ စာဆို တပည့်များ ဖြစ်ကြသော အစိုးရ ဓမ္မာစရိယ အရှင်ကုမာရ (မင်းကန်), အစိုးရ ဓမ္မာစရိယ အရှင်ပညာသီဟ (ရေစကြို - မာလကာခြံ) တို့သည် လက်နှိပ်စက် ရိုက်ပေးခြင်း စာမူတိုက်ပေးခြင်း စသည်တို့ဖြင့် များစွာ ကူညီကြကုန်၏။

ကုမာရော ပညာသီဟော စ၊ ဥဘော တေ ဓမ္မာမကာ။
ဂန္ထကာရကံ ထမ္ဘေသုံ၊ ဂန္ထေသု လဂ္ဂမာနသာ။

အရှင်ကေလာသ
ဓမ္မာစရိယ, ဂဏဝါစက, ဘီ - အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့
၁၃၄၁ - ခု၊ ဝါခေါင်လဆုတ် ၉ - ရက်။

၁၃၄၀ - ခုနှစ် ( ၁၉၇၉ - ခုနှစ် )

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့်

'အဘိဓဇမဟာရဋ္ဌဂုရု' နှင့် 'အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့တံဆိပ်တော်ရ

**သက်တော်ရှည် ဆရာတော်ဘုရားကြီး ၁၃ - ပါးတို့၏**

အဖြစ်တော်စဉ်ကို ဖော်ပြရာ ဖြစ်သော

# မဟာထေရုပ္ပတ္တိသန္ဒိပနီ



အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် တက်ရောက်သော
ပရိသတ် တစိတ်တဒေသကို တွေ့မြင်ရပုံ။

# မဟာဂန္ဓာရုံ ထေရုပ္ပတ္တိသန္ဒိပနီ

—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓပ္ပဏာမ

အဘိဒ္ဓဇမဟာရဋ္ဌ - ဂုရုံ အဂ္ဂဂုပုင်္ဂဝံ။
အဂ္ဂဂုပဏ္ဍိတံ ဝန္ဒေ၊ သုနိဝါတေန စေတသာ။

အဟံ - အရှင်ထေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရှုပ် အကျွန်ုပ်သည်၊ အဘိဒ္ဓဇမဟာရဋ္ဌဂုရုံ - အပြောကျယ်လတ် သုံးကေလာကမောတ်နိုင်ငံတွင် အလံတံခွန် ပုံပြုညွှန်သား ကျောက်ထီးအလား လေးစားအပ်သော ဆရာတဆူ ဖြစ်တော်မူသော၊ အဂ္ဂဂုပုင်္ဂဝံ - မြတ်ထက်မြတ်သား လွန်ထူးခြားသည့် ရှေ့သွားခေါင်းဆောင်ကြီးလည်း ဖြစ်တော်မူသော၊ အဂ္ဂဂုပဏ္ဍိတံ - တုဖက်ကင်းလတ် လွန်ထူးမြတ်ဘိ ပညာရှိပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သုနိဝါတေန - လွန်စွာနှိမ့်ချ ရိုတုပ်ကုသော၊ စေတသာ - စိတ်ဖြင့်၊ ဝန္ဒေ - ဂုဏ်တော်မြားမြောက် အောက်ဖမှ ရိုကြိုး ရှိခိုးပါ၏။

[ မိမိသည် ပြည့်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် အစရှိသော သူတော်ကောင်းတို့၏ လျှောက်ထား တောင်းပန်ခြင်းကို အရင်းပြု၍ ၁၃၄၀ - ခုနှစ် ( ၁၉၇၉ ခုနှစ် ) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၃ - ပါးတို့၏ အဖြစ်တော်စဉ်ကို ဖော်ပြရာ ထေရုပ္ပတ္တိသန္ဒိပနီကျမ်းကြီးကို ရေးသား စီရင်မည် ဖြစ်ရာ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းကို အလိုရှိပါသဖြင့်—

အဘိဒ္ဓဇမဟာရဋ္ဌ - ဂုရုံ အဂ္ဂဂုပုင်္ဂဝံ။
အဂ္ဂဂုပဏ္ဍိတံ ဝန္ဒေ၊ သုနိဝါတေန စေတသာ။

ဂါထာဖြင့် ဗုဒ္ဓပ္ပဏာမ ပြုပါသည်၊ ယင်းသို့ ပြုရာ၌ မိမိပြုစု ရေးသားမည့် ကျမ်းအား လျော်ညီစွာ စကားလုံးတို့ဖြင့် ပဏာမ ဂါထာ ပြုပါသည်။ ]

ဓမ္မပ္ပဏာမ

ဗုဒ္ဓေါပိ ဗုဇ္ဈိတွာ စေဝ၊ သစ္စိကတွာ နိရန္တရံ။
တံ ဓမ္မံ အဘိဝန္ဒာမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဗုဒ္ဓေါပိ - သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သော်မှလည်း၊ ယံ ဓမ္မံ - အကြင် မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန် ထင်ပေါ် တရားတော်မြတ်ကို၊ နိရန္တရံ - အစဉ်မပြတ် ကြားမလပ်အောင်၊ ဗုဇ္ဈိတွာစေဝ - ဖြစ်စေတော်မူ၍ လည်းကောင်း၊ ဝါ – ပွားများတော်မူ၍ လည်းကောင်း၊ သစ္စိကတွာ - ကိုယ်ထိ လက်ရောက် မျက်မှောက်ပြုတော်မူ၍ လည်းကောင်း၊ ဗုဒ္ဓတ္တံ - ဘုရားရှင်၏ အဖြစ်သို့၊ ဝါ – ဘုရားရှင်၏ ဖြစ်ကြောင်း ဖြစ်ရာ သဗ္ဗညုတဉာဏ်တော်သို့၊ သမုပါဂတော - ကိလေသာစက် သုံးထောင်ဝက်ဟူ ရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ၊ တံ ဓမ္မံအပိ - ထို မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန် ထင်ပေါ် တရားတော်မြတ်ကိုလည်း၊ အဘိဝန္ဒာမိ - ဘယ လာဘ စသည့်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးဦးချပါ၏။

[ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး နောက်တွင်လည်း တရားတော်ကို ထာဝစဉ် ပူဇော်တော်မူသည်၊ "ဓမ္မဂရုနော ဟိ ဗုဒ္ဓါ ဘဂဝန္တော၊ တေ သဗ္ဗကာလံ ဓမ္မံ အပစာယမာနာဝ ဝိဟရန္တိ"။(နေတ္တိ အဋ္ဌကထာ – ၈ )။ မိမိသည်လည်း ဘုရားရှင်ပင် ထာဝစဉ် ပူဇော်သည့် တရားတော်မြတ်ကို မြတ်နိုးကော်ရော်၍ ဤ "ဗုဒ္ဓေါပိ ဗုဇ္ဈိတွာစေဝ" စသော ဂါထာဖြင့် ပူဇော်ပါသည်၊ ယင်းသို့ တရားတော်ကို ပူဇော်သဖြင့် ဓမ္မာရမ္မဏ ပီတိများဖြင်ကာ ကာယဗလ, ဉာဏဗလများ တိုးတက်၍ "မဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်းကြီး" အောင်လံစိုက်ဆောက် ပြီးမြောက်ဖို့ အထောက်အကူ ပြုပါလိမ့်မည်။ ]

သံဃပ္ပဏာမ

သုဂတဿ မုနိန္ဒဿ၊ မာရာရိသံ ဝိဃာတိနံ။
ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

မုနိန္ဒဿ - မုနိငါးပါး ဦးဖျားဥက္ကဋ္ဌ ဘုရားမြတ်၏၊ သုဂတဿ - တရားရင်နှစ် သားတော်စစ် ဖြစ်တော်မူကြကုန်သော၊ မာရာရိသံ ဝိဃာတိနံ - ကာမရာဂ စသည့် ဆယ်ထပ် မာရ်ဒေဝရာဇ်၏ ရန်သူစစ်တပ်ကို တွန်းလှန် ချေဖျောက် ဖျက်ဆီးတော် မူကြကုန်သော၊ ပုတ္တာနံ - သားတော်တို့၏၊

ဂဏာံ• သချ်ာတွက်စစ် ရှစ်ယောက် အပေါင်းဖြစ်သော၊ အရိယသံဃအင ကိလေသာဟူ မြူမျှမတင် အရိယာ သံဃာတော် အရှင်မြတ်ကိုလည်း အာဒရံ• လေးမြတ်ကြည်ညို ရှိသေလှစ္စာ၊ ဝန္ဒာမိ• သဒ္ဓါအစွမ်း ပညာ လွှမ်းလျက် ချီးမွမ်းထောမနာပါ၏။

[ထူးမြတ်သော အကျိုးကို လိုချင်လျှင် ထူးမြတ်သော ပုဂ္ဂိုလ်ကို ဆည်းကပ်ရသည်၊ ထူးမြတ်သော ပုဂ္ဂိုလ်၏ ဂုဏ်ကို ချီးမွမ်းရသည်၊ မိမိသည်လည်း ထူးမြတ်သော ဉာဏ် ပညာ အရည်အသွေးကို အလွန် လိုချင်ပါသည်၊ ဉာဏ် ပညာ အရည်အချင်း တိုးတက် ဖွံ့ဖြိုးမှ ဤ 'မဟာ ထေရုပ္ပတ္တိသန္ဒီပနီ ကျမ်းကြီး' ပြီးမြောက်အောင် ရေးသား ပြုစုနိုင်မှာ ဖြစ်ပါတယ်၊ သို့ဖြစ်၍ ထူးမြတ်လှသော အရိယာ သံဃာ တော် အရှင်မြတ်တို့ကို ရှိခိုး ပူဇော်ပါသည်။ ။ဝဒိဓာတ် • ရှိခိုးခြင်း ချီးမွမ်းခြင်း အနက်ဟောတည်း။ ။ဝဒိ ဝန္ဒနထဝေ။—ဓာတွတ္ထ။ ၃၅၅။]

**မဟာထေရုပ္ပဏာမ**

ဝိသုတေ ထေရသေဋ္ဌေပိ၊ သာသနေ ဂရုသမ္မတေ။
နိကာယဏ္ဏဝပါရဂေ၊ ဝန္ဒေ ပသန္နမာနသော။

**သာသနေ**• ဘုရားမြတ်စွာ **သာသနာ**တော်၌၊ ဂရုသမ္မတေ• ကျေးဇူးထိုက်တန်း (?)

**သာသနေ**• ဘုရားမြတ်စွာ **သာသနာ**တော်၌၊ ဂရုသမ္မတေ• ကျောက်ထိး တန္တု အလေးပြုအပ်သော ဆရာမြတ်တို့ဟု သမုတ်အပ်ကုန်သော၊ နိကာယဏ္ဏ• ဝပါရဂေ• နိကာယ်ငါးသွယ် ပင်လယ်သမုဒ္ဒရာ တဖက်ကမ်းသို့ တက်လှမ်း ကူးမြောက်တော်မူကြကုန်သော၊ ဝိသုတေထေရသေဋ္ဌေပိ• ကျော်စော ထင် ရှား ပခုက္ကူမြို့ မဟာဝိသုဘာရာမ မဟာထေရ်မြတ်တို့ကိုလည်း၊ ဝါ - ကျော် စောထင်ရှား 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး ၃ - ပါး 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၀- ပါးတို့ကိုလည်း၊ ပသန္နမာနသော• သဒ္ဓါရွှင်းစို ကြည်ညိုသောစိတ် ရှိသည် ဖြစ်၍၊ ဝန္ဒေ - ဆယ်လက်မြောက်မိုး ရှိခိုးဦးချပါ၏၊ ဝန္ဒိတွာ • ရတနာသုံး ပါး, ဆရာသမား, ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီးတို့ကို ရှိခိုးဦးချ ပြီး၍။

[ မဟာဝိသုတာရာမတိုက်တည် ရေစကြို ဆရာတော် ဘုရားကြီး, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး, အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော် ဘုရားကြီး, အဂ္ဂမဟာ ပဏ္ဍိတအရှင် ဝန္ဒမာဆရာတော်ဘုရားကြီး, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်နေမိန္ဒတို့ကား ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်း

တိုက်ကြီး၏ အထွတ်အထိပ် မဟာနာယက ဆရာတော်များ ဖြစ်ကြရာ မိမိ၏ ကျေးဇူးရှင်များလည်း ဖြစ်ကုန်၏၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ, အရှင် မာဃိန္ဒတို့သည်လည်း မဟာဝိသုဒ္ဓာရာမကျောင်းတိုက်ကြီး၌ သက်ဆုံးတိုင် စာပေချပို့ သာသနာပြုတော်မူခဲ့ကြကုန်၏၊ မိမိသည် ဆရာတော် အရှင်နန္ဒိယထံတွင် စာဆိုရ–အရှင်မာဃိန္ဒထံတွင်စာလိုက်ရ၏၊ သို့ဖြစ်၍ ယင်း တိုက်အုပ်ဆရာတော် အရှင်နန္ဒိယနှင့် တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒတို့သည်လည်း မိမိ၏ ကျေးဇူးရှင်များ ဖြစ်ကုန်၏၊ သို့ဖြစ်ရကား ဖော်ပြပါ ဆရာတော်များကိုလည်း ရှိခိုးဦးညွတ်ပါသည်၊ ၎င်းပြင် ဤ အဋ္ဌုပ္ပတ္တိသခင် အရှင်ဆရာတော်ဘုရားကြီး ၁၃ · ပါးတို့ကိုလည်း ရိုသေမြတ်နိုး ရှိခိုးဦးချပါသည်။ ]

## အဘိယာစက နှင့် ပဋိညာဉ်

**သာသနဋ္ဌာနေပဓာန – အဇ္ဈက္ခကေန[၁] ယာစိတော။**
**အဋ္ဌုပ္ပတ္တိံ ကရိဿာမိ၊ ထေရာနံ ထိရသီလိနံ။**

**အဟံ** – အရှင်ကေလာသ ခေါ်ဝေါ်ကြသာ နှစ်ပါးနာမ်ရပ် အကျွန်ုပ်သည်၊ **သာသနဋ္ဌာနေ** – ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် **အစိုးရ** သာသနာရေးဦးစီးဌာန၌၊ ပဓာနအဇ္ဈက္ခကေန – ညွှန်ကြားရေးမှူးချုပ် ဒါယကာ ဦးကြည်ညွှန့်သည်၊ ယာစိတော – ရိုသေပျပ်ဝပ် တောင်းပန်အပ်သည် ဖြစ်၍၊ ထိရသီလိနံ – မြဲမြံခိုင်ခန့်သော သီလအကျင့်ရှိတော်မူကြကုန်သော၊ ထေရာနံ – အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာထေရ်ဆရာတော်ဘုရားကြီး ( ၁၃ ) ပါးတို့၏၊ အဋ္ဌုပ္ပတ္တိံ - ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ်ကို၊ ကရိဿာမိ – ဂန္ထဓုရ ကိစ္စလုပ်လျှာ ချိန်အကြာ၌ ရေးသား ပြုပြင်စီရင်ပေအံ့။

[ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်သည် ရတနာ ၃ · ရပ်ကို ဆည်းကပ်ကြည်ညိုသည့် ဥပါသကာ ပုဂ္ဂိုလ်ဖြစ်သည်၊ စာပေကျမ်းဂန်ကြည့်ရှုလေ့လာမှု, သမိုင်းမှတ်တမ်း တင်မှု၌လည်း အလေ့အလာဝါသနာထုံသူ ဖြစ်၏၊ သို့ဖြစ်၍ ၁၃၄၀ · ခုနှစ် ( ၁၉၇၉ – ခုနှစ် )ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆပ်ကပ်လှူဒါန်းသည့် 'အဘိဓဇ မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး ၃ – ပါးနှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၀ ·

---

၁။ ညွှန်ကြားရေးမှူးချုပ်ကို - ပဓာန အဇ္ဈက္ခ, ပဓာန အဇ္ဈက္ခက, ပဓာနအဓိဋ္ဌာတာ, ပဓာနဥပဒေသက, ပဓာနဝဝတ္ထာပက စသည် ပါဠိစီနိုင်သည်။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

ပဲခူးတိုင်း၊ ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တတိက္ခ

သက်တော် ၉၇-နှစ်၊ သိက္ခာတော် ၇၈-ဝါ

ပါးတို့၏ အဖြစ်တော်စဉ် သမိုင်း မှတ်တမ်း ကျမ်းကြီး တကျမ်း ရေး သားပြုစုပါရန် မိမိကို ပခုက္ကူမှ သာသနာရေးဦးစီးဌာနသို့ ပင့်၍ လျှောက်ထားသည်၊ မိမိသည် ဖော်ပြပါ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၏ လျှောက်ထားချက်ကို နှစ်သက် ကြည်ဖြူလက်ခံယူကာ ဖော်ပြပါ 'အဘိဓဇမဟာ ရဋ္ဌဂုရု' ဘွဲ့တံ ဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၃ ပါးနှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၀ - ပါးတို့၏ အဖြစ်တော် စဉ်ကို ဖော်ပြပါ 'ထေရုပ္ပတ္တိသန္တိပနီကျမ်းကြီး' ကို ရေးပါအံ့ ဟူလို။ ]

ပဏာမ, ပဋိညာဉ် ပြီး၏။

---

'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ

ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး

**အရှင်တိက္ခ မဟာထေရ်၏**

# မဟာထေရုပ္ပတ္တိသန္တိပနီ

အို သူတော်ကောင်း ထေရုပ္ပတ္တိသန္တိပနီ စာတော်ဖတ်၊ သင်စာတော်ဖတ် **သည်** အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့**တံဆိပ်တော်ရ** ဝေဠုဝန် **နိကာယ** သမ္မုတိသာသနာပိုင် **သက်တော်ရှည်** ပြည်မြို့ ပွင့်လှသိမ်ကုန်း **ဆရာ**တော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ကြည်ညိုယိုဖိတ် ဘဒ္ဒါတရား **ကိန်း**ဝပ်သောစိတ်ဖြင့် ကြည့်ရှု လေ့လာရာ၏။

မူလ **အစကတည်းက သမိုင်းကောင်းခဲ့သော** ပြည်မြို့

အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရား **ကြီး** စသည့် ဘုရားမြတ်စွာ ထိပ်တန်း သာသနာ့ဝန်ဆောင်တို့ ပေါ်ထွန်းရာ ပြည်မြို့သည် သာသနာ့ သမိုင်းတွင် အစဉ်ထာဝရ ကောင်းသတင်းလှိုင်ခဲ့၏။

'ဒွတ္တဘောင်သား၊ ရာ့တစ်ထား၊ စံစားသုဉ်သတ္တာ။
အောင်မြေဘူမိ၊ ပြည်သီရိ၊ တည်ဘိ ခေတ္တရာ'[၁]

**ဟူသည်နှင့်အညီ** စူဠသက္ကဝမင်း နတ်ရွာစံ ကံတော်ကုန်လေသော် မြောက်

၁။ ရာဇဝင်သံခိပ်၊ ၁၇၊ ၁၈ - ဗိုဒ်၊

နန်းမိဖုရား ဘေဒါရီမှ ဖွားမြင်သော ဒွတ္တဘောင်မင်းသားသည်[၁] နှမတော် စန္ဒာဒေဝီ နဂါးမင်းသမီး ဘေစန္ဒီတို့နှင့် ဘိသိက်တော်ခံ၍ ဘုရားဇီနော် ဖိုးဦးတောင်ထိပ်ဖျားက ဗျာဒိတ်တော် ထားခဲ့သည့်အတိုင်း သာသနာသက္ကရာဇ် ၁၀၁ – ခု၊ တန်ခူးလဆန်း ၁ – ရက်၊ တနင်္ဂနွေနေ့ နက္ခတ် ၁၆ – လုံး နေထွက်တပြိုင်တွင် ရွှေနန်းတော်, မြို့, ကျုံး – ဟူသော ဤ ၃ – ဌာနကို တပြိုင်နက် တည်တော်မူ၍ မင်းပြုတော်မူခဲ့လေသည်။

ရာဇဂေဟံ စ နဂရံ၊ ပရိခမ္ပိ သုမာပယိ။
ဒွတ္တဘောင်သော ဟိ ဘူပတိ၊ ပဟာရေန ဧကေန ဟိ။

ဖော်ပြပါ မြို့တည်နန်းတည် ဒွတ္တဘောင်မင်းကြီးလက်ထက်တွင် ရတနာမိုး ၅ · ကြိမ် ရွာသွန်းသည်၊ ဘုရားရှင် တပည့်သား ရဟန္တာသခင် အရှင်မြတ် ၃ · ထောင်တို့အား မင်းကြီးက အစဉ်ထာဝရ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း လေးပါးဖြင့် ထောက်ပံ့ပြုစုတော်မူသည်။

ဒွတ္တဘောင်မင်းတရားသည် တိုင်းသူပြည်သားတို့ လေးစားကြည်ဖြူ ပူဇော်ကိုးကွယ်ကြရန် ရည်သန်တော်မူ၍ သောကြမှာ စသော ကောင်းမှုတော် စေတီပုထိုးပေါင်း ၉ · ဆူ[၂] ကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်၊ ၎င်းပြင် မင်းတရားသည် ရဟန္တာသခင် အရှင်မြတ်တို့နှင့် တိုင်ပင်၍ "အပါယ-ဂတိမုပါယံ" စသော ကျမ်းဦးဂါထာ ပါရှိသည့် ဓမ္မသတ်ကျမ်းကိုလည်း ပြုစီရင်တော်မူသည်၊ ဤသို့ စသည်ဖြင့် ပြည်မြို့သည် မြို့တည်စ ကတည်းက ဘုရားရှင်သာသနာ စည်ပင်ပွင့်လင်းခဲ့သည်၊ သာသနာ့သမိုင်း မူလ ကတည်းက ကောင်းခဲ့သည်။

မူလတော ပဋ္ဌာယ ပုရေ၊ သရေခေတ္တရ နာမကေ။
မဟေသိနော လောကဂ္ဂဿ၊ သာသနံ ဝိရူဠှံ ဟိ ဝေ။

## ဝနဝါသီ အမည်ဖြင့် မြို့တော် ဖြစ်ခဲ့ခြင်း

ဤ သရေခေတ္တရာခေါ် ပြည်မြို့သည် ရှေးယခင်က သာသနာ စာပေနယ်တွင် အလွန်ထင်ရှားသည့် ဝနဝါသီမြို့ ဖြစ်သည်၊ ဘုရားရှင် ၅ – ဝါမြောက် ဖိုးဦးတောင်သို့ ကြွရောက်တော်မူစဉ်က လှမ်းမျှော်၍ "ညီဘွားလိမ္မာ အာနန္ဒာ ဤအရပ်ဒေသသည် သာယာချမ်းမြေ့ မွေ့လျော်ဖွယ်ကောင်း၏၊ တချိန်တွင်

၁။ ဒွတ္တဘောင်မင်းသားသည် မဟာသမ္ဘဝ နှင့် ရသေ့သားဖြစ်သည်၊ မဟာသမ္ဘဝသည် ဒွတ္တဘောင် ကိုယ်ဝန် ၃- လခန့်တွင် နတ်ရွာစံ၍လေရာ စူဠသမ္ဘဝက ဘေဒါရီကို ဆက်လက်သိမ်းပိုက်သည်။

၂။ ၁၁ - ဆူဟုလည်း အဆိုရှိသည်။

အလွန်လျှင်စည်ကားသည့် မြို့ကြီးပြကြီး ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

ယင်းသို့ ဘုရားရှင် ကြွရောက်တော်မူပြီးနောက် ၁၂ နှစ်မြောက်တွင် ဝေဠုဒီပတိုင်း ဝေဠုဒီပမင်း၏သား သီရိခေတ္တ အမည်ရှိသော မင်းသားသည် ၇ ထောင်သော ဗိုလ်ပါရဲမက်တို့နှင့် အတူ ရောဝတီမြစ်ကို ကူးဖြတ်၍ ဤ ပြည်မြို့နေရာသို့ ရောက်လာပြီး "ဝနဝါသီ"[၁] အမည်ဖြင့် မြို့တည်ခဲ့လေသည်။

သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်တွင် နန်းတက်သော ရန်ပေါင်မင်းလက်ထက်တွင် ဖော်ပြပါ "ဝနဝါသီ" မည်သောမြို့သို့ တတိယသံဂါယနာ မဟာဓမ္မသဘင်ကြီးအပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ် စေလွှတ်သည့် အရှင်ရက္ခိတထေရ် ခေါင်းဆောင်သော သာသနာပြုအဖွဲ့ ရောက်ရှိ၍ အနမတဂ္ဂသုတ္တန်ကို ဟောကြား၍ သာသနာအုတ်မြစ် ခိုင်မြဲစေတော်မူခဲ့သည်။

ဂန္တွာန ရက္ခိတတ္ထေရော၊ ဝနဝါသိံ မဟိဒ္ဓိကော။
အန္တလိက္ခေ ဌိတော တတ္ထ၊ ဒေသေသိ အနမတဂ္ဂိယံ။[၂]

အထာပရောပိ ရက္ခိတော၊ ဝိကုဗ္ဗနေသု စ ကောဝိဒေါ။
ဝေဟာသံ အဗ္ဘုဂ္ဂန္တွာန၊ ဒေသေသိ အနမတဂ္ဂိယံ။[၃]

ဝနဝါသီတိုင်း ဟူသည် သရေခေတ္တရာ (ပြည်မြို့) ဒေသဘိုက် ဖြစ်ကြောင်း တတိယ မောင်းထောင်ဆရာတော် အရှင်ပညာသာမိထေရ်လည်း မိန့်ဆိုတော်မူသည်၊ အရှင်ပညာသာမိသည် သရေခေတ္တရာဒေသ ခြုံများ အကြား မြေပုံအတွင်းမှ ရရှိသော ကြေးဆင်းတုတော်တဆူ၏ ပလ္လင်၌ ဤ ဆင်းတုတော်သည် ဝနဝါသီတိုင်းသားတို့ ပူဇော်ရန် ဆင်းတု ဟု ရေးသား ထားချက်ကို အကိုးသာဓက ပြုတော်မူသည်။

သမ္မတိ ပြည်ပုရံနာမ၊ ဝနဝါသီ ပုရံ ဘဝေ။
သာသနက္ကတိဟာသေပိ၊ ပညာတံ ပသိဒ္ဓံ ဟိ ဝေ။

## သရေခေတ္တရာ မည်ကြောင်း

မြို့တည်သည့် သာသနာသက္ကရာဇ် ၁၀၁ ခုနှစ် မတိုင်မီ ၈ ပြည်မြို့ တည်မည့် နေရာ၌ သီရိခေတ္တ အမည်ရှိသော မင်းရသေ့သည် သခ်မ်းကျောင်း

၁။ နဝဝါသီ ဟုလည်း အဆိုရှိသည်၊ ဝနဝါသီ ဟု မှတ်ရာ၏။
၂။ ဝိ၊ ၄၊ ၁။ ၅၀။ ၃။ ဒီပဝံသ။ ၈၊ ၆။

ဆောက်လုပ်၍ သီတင်းသုံးခဲ့ဘူးသည်၊ ယင်းသိရိခေတ္တရသေ့၏ သခ်မ်းကျောင်း တည်ရာ၌ တည်ထောင်ဖန်ဆင်းသည့် မြို့ဖြစ်သောကြောင့် သိရိခေတ္တမြို့ ဟု တွင်ခဲ့ရာ နောက်တွင် ကာလကြာသဖြင့် "သရေခေတ္တရာ" ဟု တွင်လေသည်။[၁]

သိရိခေတ္တတာပသဿ၊ အဿမဋ္ဌေ သုမာပိတံ။
တေနေဝ နာမဓေယျေန၊ ပညာတံ ဇဂတိ တလေ။

## ဣလသိနဂရ မည်ပြန်ခြင်း

ပြည်မြို့သည် သရေခေတ္တရာ အမည်သာမက သိရိခေတ္တ ရသေ့နှင့် တက္က ရသေ့ (တသောင်း) များစွာတို့၏ သီတင်းသုံးရာအရပ်၌ တည်ထောင် ဖန်ဆင်းအပ်ရကား ဣလသိနဂရ အမည် တွင်ကြောင်းလည်း ဆိုကြသေးသည်။

ဣလသီနံ ဝသိတဋ္ဌာနေ၊ နဂရံ ဟိ သုမာပိတံ။
အထဝါ တေန နာမေန၊ ပါကဋံ ပထဝိတလေ။

## ပြေမြို့ ဟု တွင်ခြင်း

"မင်းသားတို့–ဤ ဝနဝါသီ အရပ်သည် နှစ်တိုင်းနှစ်ပြည်ကို ရန်ပြေငြိမ်း ပေသော အရပ်ဖြစ်သည်ကို စွဲ၍ ပြေမြို့ဟု ခေါ်ဝေါ်သမုတ်ကြကုန်" ဟူသော သိရိခေတ္တရသေ့၏ သားတော်မင်းသားတို့အား မိန့်မြွက်သော စကား ကိုစွဲ၍ ပြေမြို့ (ပြည်မြို့) ဟု ယခုတိုင် တွင်ခဲ့လေသည်။

သိရိခေတ္တဘာပသဿ၊ ပြေဣတိ ဘာသိတံ ဟိ ဝေ။
ပဋိစ္စ ပြေဣတိ နာမံ၊ အာခုနာပိ ပဝတ္တတိ၊

## မင်းဆက်ပေါင်း ၂၇ ဆက်တို့ အုပ်စိုးခဲ့

"ပြည်သိရိခေတ်၊ မင်းစဉ်ဖြစ်၊ မလစ်သတ်စမွာ"[၂] ဟူသည်နှင့် အညီ ဖော်ပြပါ ဝနဝါသီ, သရေခေတ္တရာ, ဣလသိနဂရ အမည်တို့ဖြင့်လည်း ထင်ရှား ခဲ့သော ပြေ (ပြည်) မြို့၌ သကျအင်းတွင်း စိုးစံတော်မူကြကုန်သော မဟာ သမ္မတ, စူဠသမ္မတ တို့ကို သိရိ (သရေ) ခေတ္တရာ၏ အတွင်းပင် ဖြစ်ရကား သိရိခေတ္တရာ မင်းဆက်တွင် သွင်း၍ မဟာသမ္မတအစ သုပညာနဂရဆိန္န မင်း အဆုံး သိရိခေတ္တရာ၌ မင်းဆက်ပေါင်း ၂၇ ဆက် ဖြစ်ကြောင်း သမိုင်းဆရာတို့ မှတ်တမ်းပြုကြသည်။

---

၁။ သိရိခေတ္တတာပသ ဝသနဋ္ဌာနံ သိရိခေတ္တရဋ္ဌနာမ။–ရှေးဟောင်းစာတမ်း။
၂။ ရာဇဝင်သံခိပ်။ ၄၅။

သီရိခေတ္တရပုရမှိ၊ ဘူဘုဇာ သတ္တဝီသတိ။
ရာဇဝံသေ စံသိကေဟိ၊ သုတေသီဟျာဘိလက္ခိတာ။

ပေါ်ပြပါ မင်းဆက်ပေါင်း ၂၇-ဆက်တို့တွင် ''ဇာ-ဒွိ-ဇာနှစ်၊ သီရိရာဇ်၊ သားချစ်ဝနမှာ''[၁] ဟူသည်နှင့်အညီ သာသနာတော်သက္ကရာဇ် ၄၂၄-ခုနှစ်တွင် သီရိရာဇ်မင်းသားသည် ခမည်းတော် သီရိခန်မင်း၏ အရိုက်အရာကိုဆက်ခံ စိုးစံ၍ မင်းပြုတော်မူခဲ့သည်။ ဘုရားမြတ်စွာ သာသနာကို သုတ်သင်စည်ပင် အောင် ပြုလုပ်သည့် မင်းကောင်းမင်းမြတ် ဖြစ်သည်။ ဂူ, ကျောင်း, ဇရပ် များ ဆောက်လုပ်စေ၍ သာသနာတော်အား အပ်နှင်းလှူဒါန်းခဲ့သည်။

''တေ-တိ-ဇ-ကား၊ တေပါး၊ ရှည်လျားကော်ပည''[၂] ဟူသည်နှင့် အညီ သာသနာသက္ကရာဇ် ၄၃၃-ခုနှစ်တွင် သီရိရာဇ်မင်း၏ကိတ္တိမသား တေပါး မင်း ပြုလေသည်။[၃]

ပေါ်ပြပါ တေပါးမင်းသည် မင်းကျင့်တရား မြတ်ဆယ်ပါးနှင့် ပြည့်စုံ သည့်မင်း ဖြစ်သည်။ ရဟန္တာအရှင်မြတ် ငါးရာတို့ကိုလည်း ဆရာပြုသည်ဟု ရာ ဇဝင်၌ ဆို၏။ ထိုမင်းလက်ထက် ရတနာမိုး ၇-ကြိမ်ရွာသည်ဟု အဆိုရှိသည်။ ရတနာပုထိုး ဘုရားကိုလည်း တည်တော်မူခဲ့သည်။ တေပါးမင်း နန်းသက် ၁၇-နှစ်ရှိသော အခါ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် ရဟန္တာသခင် အရှင်မြတ်ငါးရာတို့ ဘုရားရှင်မှုဝပါဌ် ပိဋကတ် ၃-ပုံကို ပေပေါ်တွင် ရေးတင် ပေါတ္ထရူဠ သံဂါယနာတင်တော်မူကြသည်။

ဤသို့ စသည်ဖြင့် ပြည်မြို့သည် ဘုရားရှင်ဗျာဒိတ်တော်ရ ရဟန္တာ အရှင်မြတ်တို့ သီတင်းသုံးရာ သာသနာဝင်တွင် အလွန် ထူးမြတ်သည့် မြို့ ဖြစ် ကြောင်း သိသာလေသည်။

## ယခု လက်ရှိ ပြည်မြို့

ယခု အခြေ အနေတွင် တည်ရှိသော ပြည်မြို့သည်လည်း သာသနာ တော်တွင် ထွန်းကားစည်ပင်မှု အတွက် ဗုဒ္ဓဘာသာဝင်တို့ ကျေနပ်အားရ လောက်သည့် မြို့ဖြစ်သည်။ မြို့၏အလယ် သုဒဿနကုန်းတော်ရှိ ရွှေရောင်

---

၁။ ရာဇဝင်သံခိပ်၊ အပိုဒ်၊ ၂၆။

၂။ ရာဇဝင်သံခိပ်၊ အပိုဒ်၊ ၂၇။

၃။ ''ငါဦးခေါင်းစား တေပါး မင်းဖြစ်လတံ့''ဟူ၍ မွေးထားသောကြက် တွန် လေရာ ကြက်ခေါင်းကို စား၍ မင်းဖြစ်သော တေပါးတည်း၊ ကြက် ခေါင်းစားမင်း ဟုလည်း တွင်သည်။

ပြောစည်သည့် ဆံတော်ဓာတ်ကိန်းဝပ်ရာ မြတ်စေတီတော်မှာ ဖူးမျှော်မဝ အောင် ရှိလှသည်။ ၎င်းပြင် ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ဆောက် လုပ်ခဲ့သည့် စေတီပုထိုး, သိမ်,ရေကန်,ဥမင် စသည်တို့မှာ ပြည်မြို့အနီးတဝိုက် တွင် ဂဏန်းချ၍မပြနိုင်လောက်အောင် များပြားလှကုန်၏။ သို့ရာတွင် ရှေး သမိုင်းမှတ်ကျမ်းများ အရ ကြည်ညိုနိုင်ရန် အမြွက်မျှထုတ်ပြဦးအံ့။

ဒွတ္တဘောင်မင်းကြီး တည်ထားခဲ့သည့်ဘုရား ၉ - ဆူတို့ကိုလည်း အောက် ပါအတိုင်း မှတ်သားရာ၏။

( ၁ ) ရသေ့မြို့ တောင် စလက်သူတိုက်နယ်၌ ဆေးဆေးဘုရား၊
( ၂ ) ရသေ့မြို့ အနောက်တောင် စလက်သူတိုက်နယ်၌ သည်းသည်း ဘုရား၊
( ၃ ) စွန်သိုက်ရွာ အရှေ့မြောက် တောင်ပေါ်၌ မြင်ဗာဟုဘုရား၊
( ၄ ) ရသေ့မြို့ အနောက်တောင် ဗောဗောကြီးဘုရား၊
( ၅ ) မော်ဇာရွာ အနောက်၌ ဘုရားတောင်ဘုရား၊
( ၆ ) ရသေ့မြို့ အရှေ့မြောက်၌ သရိုင်မာဘုရား၊
( ၇ ) နဝင်းမြောက်၌ သောကြမ္မာဘုရား၊
( ၈ ) စကားတောင် အနောက်၌ မြသိတင်းဘုရား၊
( ၉ ) စလက်သူတိုက်နယ်၌ ညေးညေးဘုရား၊

ဤဘုရားတို့ကား ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုတော်တို့ဖြစ်ကုန်၏။

ဒွတ္တဘောင် မဟာရာဇေန၊ ထူပါဒီဟိ ပတိဋ္ဌာပိတာ။
သော ဂတာနံ ဟိတတ္ထာယ၊ သဂ္ဂနိဗ္ဗာနတ္ထာယစ။

## ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုတော် သိမ် ၉-လုံး

ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုတော် သိမ် ၉-လုံးတို့လည်း အထင်အရှား ရှိကုန်၏။ ၎င်းတို့မှာ-

( ၁ ) ညောင်ပင်ဆိပ် ကျောင်းတောင်၌ရှိသည့် ကျောက်တံခါးသိမ်၊
( ၂ ) မယပင်တောင် မဟာစေတီဘုရားအနီးရှိ ရွှေငါးကြင်းသိမ်၊
( ၃ ) ပုညစေတီ ဘုရားတောင်အနီးရှိ ပွင့်လှသိမ်၊
( ၄ ) ကျောက်ကာဘုရားအနီးရှိ ကျောက်ကာသိမ်၊
( ၅ ) ပါဒယ်ဘုရား မြောက်မျက်နှာရှိ ပါဒသိမ်၊
( ၆ ) မြင်ဗာဟုဘုရားအရှေ့အနီးရှိ မြင်ဗာဟုသိမ်၊
( ၇ ) ဘုရားကြီး အရှေ့အနီးရှိ ဘုရားကြီးသိမ်၊

(ဂ) ရသေ့မြို့ မော်ဇာဘုရား အနောက်စက်တိုင် ဘုရားအနီးရှိ စက်တိုင်သိမ်၊

(ဃ) ရွှေဆံတော်ဘုရား အရှေ့ ဇေယျာပထကုန်း၌ တည်ရှိသည့် ဇေယျပထသိမ်၊

တို့ ဖြစ်ကုန်၏။

သီမာယော နဝသဉ်္ချာပိ၊ ဒွတ္တဘောင် ဘူမိသာမိနာ။
ဗန္ဓာပိတာ သုရာဇေန၊ ဇိနစက္က ဝိရူဠိယာ။

ရှင်းပြင် ဒွတ္တဘောင်မင်း ကောင်းမှုတော် ကန် ၉-ကန်၊ ဥမင် ၉-ခု၊ တောင်ရံ ၉-လုံးရှိ ဘုရား ၉-ဆူ၊ ကုန်း ၉-ကုန်း၊ ပိဿကြိုးမိဖုရား တည်ဘုရား ၁၂-ဆူ၊ ဒွတ္တဘောင်တည် ဘုရား ၁၀-ဆူ၊ ငါ့တပါးမင်းတည် ဘုရား ၁၂-ဆူ၊ နရသီဟပတေ့မင်းတည် ဘုရား ဂ-ဆူ၊ သီဟသူမင်းတည် ဘုရား ၁ဂ-ဆူ၊သတိုးမင်းစောတည် ဘုရား ဂ-ဆူ၊ မင်းမျက်နှာရှည်တည် ဘုရား၁၀-ဆူ မင်းရဲကျော်ခေါင်တည်ဘုရား ၃-ဆူ၊ ဆင်ဖြူရှင်မင်းတည် ဘုရား ၄-ဆူ၊ ဓမ္မာ-သောကမင်းတည် ရွှေမုဋ္ဌော ဘုရား၊ သတိုးမင်းတည်ဘုရား ၆-ဆူ၊ နရပတိမင်းတည် ဟသ်ာတောင် ဘုရား၊ သမုန္ဒရီမင်းတည် ဘုရား ၄-ဆူ စသည့် ကုသိုလ် ပြုရာနိဗ္ဗာန်ဆိပ်ဦးတို့ ပြည်မြို့ နှင့် ပြည်မြို့ အနီးတဝိုက်တွင် တည်ရှိ ကုန်၏။ ဤသို့ ဖြင့် ပြည်မြို့ကား ဘုရားမြတ်စွာဓာတ်တော်, မွေတော်, အမိန့်အာဏာတော်တို့ ပျံ့နှံ့ရာ မြေမျှားဥက္ကဌ်, မြေမြတ်စင်စစ် ဖြစ်လေသည်။

ဓာံ ဟိ ပြည်ပုရံ နာမ၊ သုဘူမိ ဥတ္တမံ ဘဝေ။
ဓာတုနိဓာန ထူပေဟိ၊ ပရိဝေဏပန္တီဟိ စ။

## မညာရှင်တို့ အဆက်မပြတ် ပေါ်ထွန်းရာ

ဖော်ပြပါ ပြည်ခရိုင် ပြည်ဒေသ ပြည်နယ်ပယ်သည် ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်ထူးတို့၏ ပေါ်ထွန်း သီတင်းသုံး နေထိုင်ရာ ခရိုင် နယ်ပယ် ဒေသ ဖြစ်လေသည်။

ပြည်ဣတိ ဝိသိဋ္ဌံ ပုရံ၊ တိပေဋက သုဝိညူနံ။
ပဝတ္တိဒေသဘူတံ တိ၊ ပညာတံ မြန်မာ့ဘူတလေ။

စတုဓမ္မသာရကိုးခန်းပျို့, ဂမ္ဘီရသာရပျို့, ဘူရိဒတ်ဇာတ်ပေါင်းပျို့, သံဝရပျို့, ပုံတောင်နိုင်မော်ကွန်း, ရတနာပူရမြို့တည် မော်ကွန်း,မိတ္ထီလာကန် တော်ဘွဲ့မော်ကွန်း, တံတားဦးတည်မော်ကွန်း, ရဲရည်တက်မော်ကွန်း, ဝတ် ရုံတော်ဘွဲ့မော်ကွန်း, ဆုမွှစာလင်္ကာ, ရွှေစက်တော်သွားတောလား အစရှိ သည်တို့ကို ပြုစီရင်တော်မူခဲ့သော အင်းဝခေတ် စာဆိုတော် အကျော်အမော်

ဆရာတော်အရှင်မဟာရဋ္ဌသာရသည် ပြည်မြို့၌ 'မဟာသံဃရာဇာ' ဘွဲ့ဖြင့် သာသနာပြု၍ သီတင်းသုံးတော်မူခဲ့သည်။ [၁]

ယဿ ဉာဏံ သဒါ ဉာဏံ၊ နာဠေယျာ ဉာဏကံ ဝိနာ။
နိဿေသဂုဏယုတ္တဿ၊ တဿ နတွာ မဟေသိနော။

သတ္တန္တရာ သမာဒါယ၊ သာရံ သဗ္ဗ ရော တထာ။
ကရိယျတေ ဘိဓာနပ္ပ - ဒီပကဿတ္ထ ဝဏ္ဏနာ။

၂-၈ ါထာ ဂန္ထာရမ္ဘ ပါရှိသော အဘိဓာနဋီကာကျမ်းကြီး, အမေးပုစ္ဆာ ရတုပိုဒ်စုံ, လောကနီတိပါဠိ စသည်တို့ကို ပြုစီရင်ခဲ့သော ပင်းယခေတ် ဆင်ဖြူလေးစီးရှင် သီဟသူမင်း လက်ထက် အတွင်းဝန် အတွင်းသေနာပတိ ဖြစ်သော စာဆိုတော် စတုရင်္ဂဗလအမတ်ကြီးသည် ပြည်မြို့ဇာတိ ဖြစ်သည်။ [၂]

သေဿန္တရာပျို့ဟောင်း, မာတိကာအရကောက်, ယသဝဍ္ဎနဝတ္ထု, သမ္ဗန္ဓခတ်ကျမ်း, ကမ္မဇရုပ်ကျမ်း, ကုန်ချာခတ်ကျမ်း, အဋ္ဌခတုကိန်း, မဟာနာရီ ခတ်ကျမ်း, ဝိနည်း ၅-ကျမ်းပါဠိတော်နိဿယ, ရာဇိန္ဒရာဇနာမာဘိဓေယျ ဝိသောဓနီကျမ်း, လောကဝိဒူကျမ်း, ဝိသတိဝဏ္ဏနာ, ခတုဝိတ္ထာရကျမ်း, ဝိနယာလင်္ကာရဋီကာပါဌ်, အဒိမာသ်ဋီကာ, ခတုကထာပါဠိတော်နိဿယ, ကထိန ဝိနိစ္ဆယကျမ်း, ယမိုက်အရကောက်ကျမ်း, ပဋ္ဌာန်းအရကောက်ကျမ်း, မနုသာရ ဓမ္မသတ်, ရွှေမျဉ်းဓမ္မသတ်, အမေးတော်ပုံအဖြေ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော 'တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု(မဟာဓမ္မရာဇာဓိရာဇဂုရု)' ဘွဲ့တံဆိပ် တော်ရ တောင်ဖီလာဆရာတော်ဘုရားကြီးသည် ပြည်မြို့၌ ရှင်သာမဏေဝတ်၍ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့သည်။ [၃]

စတုက္ကနိပါတ်ဇာတ် အဋ္ဌကထာ နိဿယ, ပဉ္စကနိပါတ်ဇာတ် အဋ္ဌကထာ နိဿယ, ဝီထိလက်ရိုး စသည့်ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ''ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင် ဂုဏာဂါရသည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ရွှေနတ်တောင်မင်းရွာ ဇာတိ ဖြစ်သည်။

ဘိမဘောဒဝိဘာဝိနီကျမ်း, ဝတ္တဝါဒဘေဒနီကျမ်း, ကထိနဝိသောဓနီကျမ်း, ဝိနယာရဗဟုဿုတဝိနိစ္ဆယကျမ်း, အသုဘာဒဿနဝိနိစ္ဆယကျမ်း, ဋီသန္တက-ဝိနိစ္ဆယကျမ်း, ဥပုသ်အဆုံးအဖြတ် စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော 'ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် နှင့်

---

၁။ အင်းဝသာသနာဝင်ကြည့်။ ၂။ ပင်းယသာသနာဝင်ကြည့်။
၃။ စစ်ကိုင်းသာသနာဝင်ကြည့်။

ပဏ္ဍိတဓဇမုန္နိန္ဒဃောသ မဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော်ဟူသော ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဗန်းမော်ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတသည် ပြည်ခရိုင် ရွှေတောင်မြို့ ကွပ်ညှပ်ရွာ၌ သက္ကရာဇ် ၁၁၆၀-ခုနှစ်တွင် ဖွားမြင်သည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်။[၁]

စစ်ချီရတုများ, မယ်ဘွဲ့ရတုများ, သိကြားတိုင်ရတုများ, မင်းတရားမယ်တော်ချောင်း, ဘုရင့်နှမတော် ချောင်း, မနောဟာရီပျို့, ယိုးဒယားမိဖုရားချောင်း စသည်တို့ကို ပြုစီရင်ခဲ့သော အင်းဝခေတ်ပေါ် စာဆိုတော် မင်းလက်ျာ ဘွဲ့ခံ နာဒေးကြီးသည် သက္ကရာဇ် ၈၉၄-ခုနှစ်တွင် ပြည်၌ မင်းပြုသော ပြည်ဘုရင် နရပတိ၏ ယောက်ဖ မင်းဘစော၏ အထိန်းတော်သား ဖြစ်သည်။[၂]

စာပေဂန္ထဝင်တွင် အလွန်လျှင် ထင်ရှားသော ဇိနတ္ထပကာသနီ [illegible]း, ကျီးသဲဓေတ္တာစာ, ဒုဋ္ဌဂါမဏိပြဇာတ်, စွယ်စုံကျော်ထင် ပုဏ္ဏ[illegible]ဖြေ [illegible]မ်း, ပူရာဏ်မေ့ဂန်ဖတ်စာ, နိဗ္ဗာန်အလင်းပြကျမ်း, မဟာဝံသမြန်မာပြန်[illegible]ကျမ်း ([illegible]ဟာဝင်), သဒ္ဒနိလာသိနီကျမ်း, အနန္တသုခဒီပနီကျမ်း, သင်္ဂြိုဟ်နိဿယသစ်ကျမ်း, မင်္ဂလတ္ထဒီပနီဋီကာနိဿယကျမ်း, မနောရထပူရဏီရကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်မုနိန္ဒာဘိဓဇ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် ပြည်ခရိုင် ရွှေတောင်မြို့ဇာတိ ဖြစ်သည်။[၃]

အဘိဓမ္မတ္ထဝိဘာဝနီကျမ်းပြု ညဝါအကျော် ပြည်မြို့ ပဌမ ပွင့်လှ[illegible]ဒုန်း ဆရာတော်ဘုရားကြီး အရှင်နာရဒသည် ပြည်ခရိုင် ကျီးသဲမြို့ ဇာတိ ဖြစ်သည်။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ နိဂ္ဂဟိတဝိမုတ္တိဝိနိစ္ဆယကျမ်း, ဒါဌာဓာတုဝင်ကျမ်း, ကမ္မဝါစာဘာဏက္ကမဒီပနီကျမ်း, ဝိနယကောဝိဒကျမ်းအစရှိသော ကျမ်းဂန် များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ပဌမကျော် ရတနာ ဘုံပျံ ဆရာတော် ဘုရားကြီး အရှင်ကေတုမာလာလင်္ကာရသည် ပြည်ခရိုင် ပန်းတောင်းမြို့အပိုင် မြစိမ်းကျွန်းကြီးရွာ ဇာတိ ဖြစ်သည်။[၄]

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ အဘိဓမ္မတ္ထသာရ မေဒနီကျမ်း, ယထာဝဗောဓနစာတမ်း, ယုဝတ္ထဒီပကကျမ်း အစရှိသည်တို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမြောက် သာသနာပိုင် ဖြစ်တော်မူသော ၁၂၃၆-ခုဖွား ၁၃၂၀-ခု ပျံလွန်သော ပန်းတောင်း ဆရာတော်ဘုရားကြီးအရှင်ဝါသဝသည် ပြည်ခရိုင် ပန်းတောင်းမြို့ ကြခပ်ရပ်ဇာတိ ဖြစ်သည်။

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ ဗန်းမော်သာသနာဝင် ကြည့်။
၂။ စာဆိုတော်များ အတ္ထုပ္ပတ္တိကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း၊ အသောကာရာမ သာသနာဝင် ကြည့်။
၄။ မန္တလေးသာသနာဝင်ကျမ်း၊ ဝဇီရာရာမ သာသနာဝင် ကြည့်။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဝုတ္တောဒယ မဉ္ဇရီကျမ်း, မရဏာသတိ ဒီပကကျမ်း, ကာယောဝါဒ ဒီပကကျမ်း, လောကဝိနိစ္ဆယကျမ်း, သြပပါတိက ဝိနိစ္ဆယကျမ်း, အင်္ဂပူ ထေရုပ္ပတ္တိကျမ်း, ဥပသမ္ပဒယောဇနာကျမ်း, လောက- တ္တယဝိနိစ္ဆယကျမ်း, သုတဗောဓဆန်းကျမ်း ဘာသာပြန်, ဝုတ္တရတနကရ ဘာသာ ပြန် စသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၅၀-ပြည့်ဖွား ၁၃၂၀-ပြည့်နှစ် ပျံလွန်သော ဆရာတော် အရှင်သုဘာသိတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက်၌ သက်ဆုံးတိုင် သီတင်းသုံး သာသနာပြုတော်မူသည်။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သြဝါဒါစရိယ, နိုင်ငံတော်ဝိနည်းဓိုရ် ၁၂၇၀-ပြည့်နှစ်တွင် ဖွားမြင်၍ ၁၃၃၇-ခုနှစ်တွင် ပျံလွန်သော ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက် မဟာနာယက ဆရာတော် အရှင်ဥက္ကံသသည် ပြည်ခရိုင် ရွှေတောင်မြို့နယ် လက်ပန်ကုန်းရွာ ဇာတိ ဖြစ်သည်။ [၁]

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဓမ္မဝိဘာဂဒီပကကျမ်း, သာသနော- တာရ ကျမ်း, ဓမ္မမဂ္ဂဒီပနီကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ပေါင်းတည်မြို့ ဘုရားကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း ဆရာတော်ဘုရားကြီး အရှင် ပုညာဘိဓဇသည် ပြည်ခရိုင် သဲကုန်းမြို့နယ် ပရှင်းရွာဇာတိ ဖြစ်သည်။ [၂]

ဥဇုမဂ္ဂဝါဒီကျမ်း, ဝါဆိုအလင်းပြကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့ သော ပြည်မြို့ တက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင် ပညော- ဘာသသည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ညောင်ပင်သာရွာ ဇာတိ ဖြစ်သည်။ [၃]

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဝါကျနိယံကျမ်း, ကစ္စာယနသာရ ဋီကာနိဿယကျမ်း, ဝစနတ္ထဇောတိကာဋီကာနိဿယ, ဘေဒစိန္တာဒီပနီနိဿယ, သုဗောဓာလင်္ကာရဋီကာနိဿယ, နိဗ္ဗာနဇောတိကကျမ်း စသည်တို့ကို ပြုစီ ရင်တော် မူခဲ့သော ၁၂၅၉-ခုနှစ်ဖွား၍ ၁၃၄၀-ခုနှစ် ပျံလွန်တော်မူသော ပြည်မြို့ ဇောတိကာရုံ [ဆရာတော်ဘုရားကြီး အရှင်တေဇနိယသည် ပြည်ခရိုင် သဲကုန်းမြို့နယ် တပ်မရွာဇာတိ ဖြစ်သည်။ [၄]

---

၁။ မဟာဝိသုတာရာမနိကာယ သာသနာဝင်ကျမ်း၊ ၆၀၅-ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ ဇဂ္ဇ°ဏာရာမ သာသနာဝင်ကြည့်။
၃။ မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၄၇၀-ကြည့်။
၄။ မဟာဝိသုတာရာမ နိကာယသာသနာဝင်၊ ၆၂၃-ကြည့်။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ယထာဘူတဝိနိစ္ဆယကျမ်း, အာနာပါန ဝိနိစ္ဆယကျမ်း စသောကျမ်းဂန်များကို ပြုစီရင်ခဲ့သော ရန်ကုန်မြို့ မဟာရာဇိကာရုံ ဆရာတော်ဘုရားကြီး အရှင်ဓီရက္ကဋ္ဌသည် ပြည်ခရိုင် ပန်းတောင်းမြို့ အပိုင် သောင်းကြီးရွာဇာတိ ဖြစ်သည်။

'တိပိဋကဓရ, တိပိဋကဓရကောဝိဒ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ် တော်ရ အရှင်ကောသလ္လသည် ပြည်မြို့နယ် ဝက်ထီးကန် ဝါးရုံဆိပ်ရွာ ဇာတိ ဖြစ်သည်။[၁]

'ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဋံသကာ' ဘွဲ့တံဆိပ်တော်ရ ၁၂၇၄-ခုဖွား အရှင်ဥတ္တမာဘိဝံသသည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် တောင်လှဲ့ရွာ ဇာတိ ဖြစ်သည်။[၂]

'အဒ္ဒန္တဇဝနာဘိဝံသ ပရိယတ္တိသာသနဟိတ မှာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်တော်ရ အရှင်ဇဝနမဟာထေရ်သည် ပြည်ခရိုင် ပေါင်းတည် ဇာတိ ဖြစ်သည်။ ပေါင်းတည်မြို့ နန်းဦးတိုက်၌ စာချသီတင်းသုံးတော်မူသည်။ အရှင် ဇဝနသည် ၁၂၉၆-ခုနှစ်တွင် သကျသီဟ စာသင်တန်းကို အောင်မြင်၍ ၁၃၀၀-ပြည့်နှစ်တွင် သကျသီဟ ဓမ္မာစရိယဘွဲ့ကို ရတော်မူသည်။

'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ရ မင်းကွန်း ဓမ္မနာဒတိုက် တိုက်အုပ်ဆရာတော် အရှင်ဥက္ကံသသည် ပြည်ခရိုင် ရွှေတောင်မြို့နယ် တံပူစားရွာ ဇာတိ ဖြစ်သည်။ (စစ်ကိုင်းသာသနာဝင်ကြည့်။)

'ဗုဒ္ဓသာသန ဝိသိဋ္ဌဒီဃဘာဏက' ဘွဲ့တံဆိပ်တော်ရ အရှင်ကောဝိဒသည် ပြည်ခရိုင် ကျီးသဲမြို့ စစ်ကျွန်းရွာဇာတိ ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် ပြည်ခရိုင် ပေါင်းတလည် (ပေါင်းဒလဲ)မြို့ ဇာတိ ဖြစ်သည်။

ဤသို့ စသည်ဖြင့် ပြည်ခရိုင်သည် သာသနာ့ ခေါင်းဆောင်, စာပေ ခေါင်းဆောင်, နိုင်ငံခေါင်းဆောင် ပညာရှင် အကျော် အမော်တို့၏ ပေါ် ထွန်းရာ မြို့ဖြစ်ကြောင်း သိသာ လေသည်။

---

၁။ တိပိဋကဓရ ဝုတ္တန္တသန္နိပါတ်ကျမ်း၊ ၁၇၇-၂၀၇-ကြည့်။

၂။ အရှင်ဥတ္တမာဘိဝံသသည် ၁၂၉၀-ခုနှစ်က သကျသီဟ စာသင်တန်းကို အောင်မြင်ပြီး ၁၂၉၉-ခုနှစ်တွင် နှစ်ချင်းပေါက် သကျသီဟ စာချ တန်းကို၃- ကျမ်းလုံးကို ဖြေဆိုအောင်မြင်သဖြင့် "ဝဋံသကာ" ဘွဲ့ကို ရတော်မူသည်၊ တိပိဋကဓရ ဝုတ္တန္တသန္နိပါတ်ကျမ်းကြည့်။

ဇေ၀ံ ဟိ ပြည်အမိဋ္ဌာနံ [၁]၊ ဝိညူနံ တိက္ခဉာဏိနံ။
ဥပ္ပတ္တိ နိ၀ါသဘူတ — ဋ္ဌာနဘာဝေန ကိတ္တိတံ။

## ပန်းတောင်းမြို့

ပန်းတောင်းမြို့သည် ယခုအခါ ပဲခူးတိုင်းတွင်ပါဝင်၍ ယခင်က ပြည်ခရိုင်တွင်ပါဝင်သည့် မြို့ဖြစ်သည်၊ ပန်းတောင်းမြို့နယ်၏ ရုံးစိုက်ရာမြို့လည်း ဖြစ်၏။ ဧရာဝတီမြစ်၏ လက်ျာဖက် ကမ်းပေါ်၌တည်ရှိပြီးလျှင် ပြည်မြို့ တောင်ဖက် ၉-မိုင် ဝေးကွာ၏၊ မြန်မာနိုင်ငံမှ ရခိုင်သို့သွားရာ ကုန်းကြောင်းခရီး တောင်ကုပ်လမ်းကြားသို့ ပန်းတောင်းမြို့မှ တဆင့် သွားနိုင်သည်။ ပန်းတောင်းမြို့မှာ ချည်ထည် နှင့် ရှားစေးများထွက်ရာ မြို့ဖြစ်သည်၊ ပန်းတောင်းမြို့၌ တန်ခိုးကြီးဘုရားဖြစ်သော ပေါ်တော်မူ ရှင်ဖြူဘုရား တည်ရှိသည်။ ဆုတောင်းပြည့် ကျောင်းတိုက် အစရှိသော ကျောင်းတိုက်များလည်း တည်ရှိ၏။

ပန်းတောင်းဝှ ပန္နနံနာမ၊ ပတ္တာနံ သုဟိတာဝဟံ။
စေတိယ ဝိဟာရာဒီဟိ၊ ရမဏီယံ မနောရမံ။

## သောင်းကြီးရွာနေ ဦးစံဒွန်း နှင့် ဒေါ်ကွယ်

ဖေါ်ပြပါ ပြည်ခရိုင် ပန်းတောင်းမြို့နယ် (ပဲခူးတိုင်း ပန်းတောင်းမြို့နယ်) သောင်းကြီးရွာ၌ ဦးစံဒွန်း နှင့် ဒေါ်ကွယ်တို့သည် ပုညတိတ္ထ ခေါ် ကုသိုလ်ကောင်းမှုပြုရာ ဆိပ်ကမ်းများဖြစ်သည့် စေတီပုထိုး ဘုရား တန်ဆောင်း ကျောင်းတိုက်များသို့ ချဉ်းကပ်ရောက်ရှိကြပြီး ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ဘာဝနာမျိုးစေ့တို့ကို စိုက်ပျိုး ပစ်ချလေ့ရှိသော သူတော်ကောင်းတို့ ဖြစ်ကြကုန်၏။

သောင်းကြီးဂါမေ ဦးစံဒွန်းဝှ – ကုလပုတ္တော ဒေါ်ကွယ်တီ ပီ။
ကုလပုတ္တီတိ တေ ဥဘော၊ ပုညံ ပုညတိတ္ထေ ကရုံ။

---

[၁]။ ဝေါဟာသိတ ဆရာသည်-

ပန္နနဋ္ဌ အမိဋ္ဌာနံ၊ နဂရံ ပုဋ္ဌဘေဒနံ။
ထံဓယာ ပုံနဂရီ ပုရိဒ္ဓယော၊ ဌာနီယံ ကဗ္ဗဋ္ဌံ ပုဋ္ဌံ။

ဟူ၍ မြို့ပရိယာယ် ၁၀–ပုဒ် ဖေါ်ပြ၏။ ပခုက္ကူ အဘိဓာန် နိဿယသစ်၊ ၅၃–၁၄၀။

## လမြတ် တပို့တွဲ ၊

တပို့တွဲလသည် ထူးကဲသော လမြတ်ဖြစ်သည်၊ ဝိနယပိဋက စာပေ လှန်စွာ ထင်ရှားသော အန္တရဋ္ဌကသည် ဆောင်းဥတုအတွင်း ယင်းတပို့တွဲလ၏ အဆုံး ၄-ရက်နှင့် တပေါင်းလ၏ အစ ၄-ရက်ဖြစ်ကြောင်း သာရတ္ထဒီပနီဋီကာ စကားအရ သိသာ၏။ [၁]

ရှင်းပြင် တပို့တွဲလ ကုံရာသီတွင် ငါတို့ပျော်ကြ မြန်မာ့မြေ ပထဗျာတွင် ရှေးယခင်က သူတော်စင်တို့ ယာဂု ထန်းမနဲ လှူပွဲကြီးများ ကျင်းပရိုးရှိခဲ့သည်။

ထို့ပြင် တပေါ်း တပို့တွဲလကား အေးမြသော လရာသီလည်း ဖြစ်၏၊ အပူချိန် ဖာရင်ဟိုက် ဒီဂရီ ၇၀-၈၀-လောက် ရှိတတ်သည်၊ ဖေါ်ပြပါ တပို့တွဲလမှာ ပေါက်လဲ့တွေလည်း ပွင့်တတ်သည်၊ ရွှေဖီပန်းတို့လည်း လန်းလန်းဆန်းတင့် ပွင့်ကုန်၏။ ငွေ-နှင်းများဖြင့် လောကဓာတ်နေ သတ္တဝါတွေကို အအေးဓာတ် ပေးရာလလည်း ဖြစ်၏။ ဖေါ်ပြပါ တပို့တွဲလတွင် မာဃနက္ခတ်လည်း အလွန်ကို ထွန်းလင်းတောက်ပ၏၊ သို့ဖြစ်၍ သူတော် ဦးမင်းက—

ရာသီချိန်ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ ပွင့်ညီ။
ရွှေဖီနံ့သာနှင့်၊ ခြောက်ရောင်ဝါစေတီရင်းမှာလ။
ဆယ်စင်း လက်စုံကြူး၊ ဦးမြှောက်လို့ချီ။
ငွေ - နှင်းရယ်စီ—သုံးလီသမယ၊
ယူဇနာ—မြင့်မြတ်ကယ် သချာနှင့်၊
ယုဂန်သာ တောင်တော်စွန်းမှာ ထွန်းလိမ့်မာဃ။ [၂]

ရှင်းပြင် တပို့တွဲလကား-

တပို့တွဲ ပေါက်လဲနံကင်း ထန်းရေနှင်း။
တပို့တွဲ နွဲ့ရှာလိုက် ကျန်မိုးကြွင်း။
တပို့တွဲ ထမနဲတလုပ် နှပ်တရှုပ်။
ဆီး(ဇီး)ဝမ်း ပေါက်ပြဲ တပို့တွဲ။

ဟူသည်နှင့် အညီ ပေါက်လဲတွေပွင့်ရာ လသာမဟုတ်သေးပဲ ထန်းဖိုပင်ကို ထန်းရည်ချိုပေးရာ လလည်းဖြစ်၏၊ မိုးကြွင်းမိုးကျန်တွေ ဤတပို့တွဲလမှာ အပြီး

---

၁။ အန္တရဋ္ဌကာသု ဟိမပါတသမယေတိ ဟေမန္တဿ စ ဥတုနော အဗ္ဘန္တရဘူတေ မာဃမာသဿ အဝသာနေ စတဿော, ဖဂ္ဂုဏမာသဿ အာဒိမှိ စတဿောတိ ဧဝံ ဥဘိန္နံ မန္တရေ အဋ္ဌရတ္တိသု ဟိမပတနကာလေ။
သာရတ္ထ၊ ၃၊ ၂၀၇။

၂။ ဆယ့်နှစ်လရာသီဖွဲ့ပေါင်းချုပ်၊ ၉၁။

တိုင် ရှာချသွန်းဖြိုးကုန်၏။ ထမနဲပွဲ ကျင်းပရာလ၊ ဆီးသီးတော့မှည့်ရင့်ရာလ လည်း ဖြစ်၏၊ ယင်းသို့ဖြင့် ဤ တပိုတွဲလကား ထူးကဲလှချေ၏။

ယေသာ ခေါ မာဃမာသောပိ၊ ဝိသိဋ္ဌော လက္ခဏော ဘဝေ။
ဝိသိဋ္ဌေဟိ ဂုဏာဂေဟိ၊ သဗ္ဗည္ဘော ဇနနန္ဒနော။

## အဘိဝံသမဟာရဋ္ဌဂုရု လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ထူးမြတ်သော ပုညတိတ္ထမည် ကျောင်း ကန် ဘုရား စေတီများ၌ ထာဝရကုသိုလ်ပုညမျိုးစေ့ကို စိုက်ပျိုးဆည်းပူးလေ့ ရှိကြသော သူတော်စင် သူတော်ကောင်း ဖြစ်သော ပန်းတောင်းမြို့နယ် သောင်းကြီးရွာ **ဦးစံဒွန်း ဒေါ်ကွယ်**တို့မှ သက္ကရာဇ် ၁၂၄၄-ခုနှစ်၊ ဖော်ပြသည့်အတိုင်း ထူးမြတ်သော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝသော တပိုတွဲလဆန်း ၆- ရက် စနေနေ့ နံနက် ၉- **နာရီ** **အချိန်**တွင် အဘိဝံသမဟာရဋ္ဌဂုရုလောင်းလျာသည် ဖွားမြင်တော် **မူခဲ့လေသည်**။ **ကောင်းမှု**ကုသိုလ်ပြုရာဆိပ်၌ ကုသိုလ်ကောင်းမှုပြုခဲ့ကြသော မိဖတို့မှ ဖွားမြင် သူဖြစ်ရကား ဆရာတော် လောင်းလျာသည် တရားလမ်းမှန် လျှောက်ကန်သင့် မြတ် သန့်ရှင်းစင်ကြယ် ဘုန်းကြွယ်မြတ်စွာ သာသနာ့ဝန် အားသွန်ထမ်းရွက် သူ ဖြစ်ခဲ့လေသည်။

ပုညတိတ္ထေ ကတော ယေန၊ တပေါကွာ ပိ သု ဒုက္ကရော။
တဿ ပုတ္တော ဘဝေ ဝသော၊ သမိဒ္ဓေါ ဓမ္မိကော သုဒ္ဓေါ။[၁]

ဦးစံဒွန်း ဒေါ်ကွယ်တို့၌ သားသမီး ဂ- ယောက် ထွန်းကားရာ ဆရာတော် လောင်းလျာသည် ၆- ယောက်မြောက်ဖြစ်လေသည်။ ဆရာတော် လောင်းလျာ ဖွားမြင်ရာကာလ နှင့် ဇာတာတော် လက်ာကို အောက်ပါအတိုင်း ထေရုပ္ပတ္တိ ကျဉ်း၌ ဖော်ပြ ပါ၏။

## ဖွားမြင်ရာကာလ နှင့် ဇာတာတော်လင်္ကာ

မဟာသိရိန် ဂုဏ်ပေါင်းထိန်းသား ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ တင့်လျှမ်းကျက်သရေ ထိုမထေရ်ကား မဟေသရာ ကောဇာ သက္ကရာဇ် ဂေါ် နှင့် ဒွိ က ဇယနှစ်လီ ရာသီဟေမန် လေပြန်ကာလ တွဲဇူကျာ၌ ဆဋ္ဌစနေ ဂုဏ်မဟေမှာ တက်နေခါဆီ ၉- နာရီကြုံ မေထုန် ဂုရု ရာဟုကတူ ပူးမူပြိဋ္ဌာ အင်္ဂါမြန်နုံ နေမူမကာရ ဗုဒ္ဓရဝိ စန်းလင်္ဂနွံကြုံ

၁။ ကဝိဒပ္ပဏနီတိ၊ ၃၇-ဂါထာ ၃။

ရာသီကုမ္ဘော စနေမိဿ စင်ကစတုဝီ ချိန်ခါညီမှာ ရှင်ကြည်မိခင် ဖွားသန့်စင်သည် ထေရ်ရှင်ဘုန်းဟေ့ ဇာတာတည်း။ ၁

## ရုပ်ရေ ရူပကာယ

ဤစာပြုစုသူသည် ဖော်ပြပါ အဘိဓဇမဟာရဋ္ဌဂုရုလောင်းလျာ ဆရာတော်ဘုရားကြီးကို အကြိမ်ကြိမ် ဖူးမြင်ဘူးသည်၊ ဆဌသံဂါယနာတင်စဉ်က ကမ္ဘာအေး ကုန်းမြေ၌ လနှင့်ချီ၍ ဆရာတော်နှင့် အနီးကပ်အတူနေဘူးသည်သာမက ဆရာတော် သီတင်းသုံးရာ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်သို့ ရောက်ရှိ၍လည်း ဖူးမြင်ဘူးပါသည်၊ ကိုယ်ပေါက် ကိုယ်ရောက် မျက်လုံး မျက်ဖန် လက်ဆန် ခြေဆန် နားရွက်တော် နဖူးတော်များမှစ၍ အလွန်လျှင် ပြည့်စုံသည့် လက္ခဏာတော်များ ပိုင်ရှင်ဖြစ်တော်မူသည်၊ ဆရာတော်၏ ရူပကာယ ဓမ္မကာယ ဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်ကို မဟာထေရုပ္ပတ္တိသန္ဒိပနီ စာတော်ဖတ်တို့ ကြည်ညို နိုင်ကြရန် ဤ၌ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ပြည်ဆရာတော်ဘုရားကြီး၏ ရူပကာယ ဓမ္မကာယဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်

ဘဝပါရမီ စုံညီတင့်လို့၊ ပုဏ္ဏမီအသွင့် ရုပ်သဏ္ဌာန်၊ ထုံ ဝသီ နှင့် အဟုတ်အမှန်ကို၊ ပဝရုတ္တမံ မိန့်ဆိုဖွင့်။ သစ္စာဓိတိ ခိုင်ပလေတယ်၊ မယိုင်မသွေ တောင်မင်းဂိရိန်အသွင့်၊ ခံတွင်း မျက်စေ့ နား နှာ အနေမှာ၊ အများတကာလေ မယှဉ်သင့်။ အသွားအလာ အနေ ဘုရင် ဘုရင့်မို့၊ တမင်တမင့် အံ့ဩဖွယ်။ သီဟကေသရီ ပုံစံမသွေ့၊ ဝသုံ ဤမြေ့ရှိဘူးထင်မိတယ်။ လုံးရုပ်သဏ္ဌာန်တင့် ဖြဟ္မာနွယ်လို၊ အဖြာဖြာ နွယ် တူတူလှမို့၊ ဗဟုဗဟုဇန စုတ်သပ် သြဘာတင်၊ ရုပ်ခါတ် ထောမနာသခင်၊ အတွင်းစိတ်ဓာတ် လွန်ကြည်လင်သည်၊ အမွန်ထေရ်ရှင် တုနှိုင်းရာပလေး။ ။ကျင့်အာစာရ ဥက္ကဋ္ဌထေရ်မှာ၊ ရုပ်ဓာတ်အနေ လိုက်လျောပါလှလေး။

## ဆရာတော် နာမည် မောင်ထွန်းဆိုင်

ဖခင်ကြီး ဦးစံဒွန်း အမိ ဒေါ်ကွယ်နှင့် ဆွေမျိုး ဉာတိတို့သည် ထွန်းထွန်း ပေါက်ပေါက် မှိုင်မှိုင်ဆိုင်ဆိုင် ကြီးပွားမည့် လက္ခဏာကို မြော်မြင် သဘော

---

၁။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ ပြုစုသည့် ထေရုပ္ပတ္တိ အကျဉ်းချုပ်၊ ၁၃-နှ၁၊

ပိုက်ကြကုန်၍ မိမိရင်သွေး အဘိဓဇမဟာရဋ္ဌဂုရုလောင်းလျာ သတိုးသားသူငယ်ကို မောင်ထွန်းဆိုင်ဟု မှည့်ခေါ် သတ်မှတ်ကြကုန်၏။

မောင်ထွန်းဆိုင် ဣတိ ကန္တမ္ဗိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမ္ပိ တေ သန္တာယ၊ ဇနေတ္တိ ဇနကာဒယော။

## ကျောင်းသားဝတ်ဖြင့် ပညာသင်ကြားခြင်း

အဘိဓဇမဟာရဋ္ဌဂုရုလောင်းလျာ မောင်ထွန်းဆိုင်သည် မိဖတို့၏ အပ်နှံချက်အရ ပန်းတောင်းမြို့ ရွှေညောင်ပင်ကျောင်း ဆရာတော်ထံ ရောက်ရှိ၍ သူငယ်တို့ သင်အပ်သည့် သင်ပုန်းကြီး, မင်္ဂလသုတ် စသည်တို့ကို သင်ယူတော်မူခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် ပြည်မြို့ ပွင့်လှ သိမ်ကုန်းကျောင်းတိုက် ဆရာတော် အရှင်နာရဒ မဟာထေရ်ထံ ရောက်၍ နမက္ကာရ လောကနီတိ ပရိတ်ကြီး နှင့် သဒ္ဒါ သင်္ဂဟ စသည့် ပိဋကတ် အခြေခံ ကျမ်းစာများကို ကျောင်းသားဝတ်ဖြင့် ၃-နှစ်တိုင် သင်ယူတော်မူခဲ့သည်။

## ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်ခြင်း

သက်တော် ၁၆-နှစ် အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပဌမ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်နာရဒ မဟာထေရ် ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ၁

ဥပဇ္ဈာယံ ကရိတ္វာန၊ နာရဒတ္ထေရပုင်္ဂဝံ။
ပဗ္ဗဇ္ဇံ အလတ္ထိ ဓီရော၊ ဝီရော သုဝီရသာသနေ။

## ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌ ဂုရု လောင်းလျာ သာမဏေ ရှင်တိက္ခသည် ပိဋကတ် အခြေခံ ကျမ်းစာများကို ဥပဇ္ဈာယ် ဆရာတော် အရှင်နာရဒ စသူတို့၏ အထံ၌ ဆက်လက် သင်ယူတော်မူပြီး သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၆၄-ခုနှစ် တန်ခူးလဆုတ် ၈ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီအချိန်တွင် ပြည်မြို့ ပွင့်လှသိမ်ကုန်း ကျောင်းတိုက် ရဟန္တာသခင် အရှင်မြတ်တို့ သမုတ်အပ်သော သာသနသိရီ သိမ်တော်မြတ်၌ ပဌမ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင် နာရဒ မဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရွှေဆံတော် စေတီတော် ဂေါပက ဘဏ္ဍာတော်ထိန်း ဒါယကာကြီး

---

၁။ ပွင့်လှသိမ်ကုန်း တိုက်အုပ်ဆရာတော် အရှင်ပညိန္ဒ ထံမှ ရရှိသည့် ၂လေ့လာချက်အတိုင်း ရေးသည်။

ဦးသာမောင် ဒါယိကာမကြီး ဒေါ်ရင် တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် လောကိ-ယသမ္ပဒါတို့ထက် ဆထက်လွန်ကြူး ထူးမြတ်သော ရဟန်းဘဝ ဒုလ္လဘကို ရရှိတော် မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ နာရဒံ နာရဒုံ ဝိဒုံ။
ဒုလ္လဘံ အလဘိ မိရော၊ ဒုလ္လဘဗုဒ္ဓသာသနေ။

## ဘွဲ့တော် အရှင်တိက္ခ

ဆရာတော် လောင်းလျာကား အလွန်လျှင် ဉာဏ်ထက်မြက်သည်။ စာပေကျမ်းဂန်အရပ်ရပ်ကို ချပို့ပေးရာ၌ ခေါက်ရေများများ ချမပေးရ ရလွယ်သည်၊ ဝရဇိန်တမျှ ဉာဏ်ပညာ ထက်မြက်စူးရှသည်၊ သို့ဖြစ်၍ ဉာဏ်အမြော်အမြင် ကြီးမားတော် မူကြကုန်သော ဥပဇ္ဈာယ် ဆရာသခင် အရှင်မြတ်တို့က ရှင်တိက္ခ, အရှင်တိက္ခ ဟူ၍ ဘွဲ့မည်တော် မှည့်ခေါ်တော် မူခဲ့ကြကုန်၏။

ဉာဏံ ဟိ ထေရကုံရဿ၊ ဝိသုဒ္ဓံ အတိတိက္ခံ ဘဝိ။
တေနေဝ ဟိ တိက္ခော ဣတိ၊ အနွတ္ထနာမ မဂ္ဂဟုံ။

## အရှင်နာရဒ မဟာထေရ်

ပြည်မြို့ ပွင့်လှသိမ်ကုန်း ဝိဇ္ဇာယတနကြီးကို အစဦးစွာ တည်ထောင်တော်မူခဲ့သော အရှင်နာရဒ ဆရာတော်ဘုရားကြီးသည် ပြည်ခရိုင် ကျီးသဲမြို့၌ သက္ကရာဇ် ၁၁၉၄-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ အမရပူရမြို့ မန္တလေးမြို့ စသည်တို့၌ နေအသွင် လ အလား ထင်ရှားသည့် နေဝါ ညဝါ ကျမ်းဂန်တတ် ပါရဂူ ဆရာတော်ဘုရားကြီးများထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့သည်။ အထူးသဖြင့် အဘိဓမ္မာ ညဝါကျမ်းများကို ဒိုးကွဲသို့မွှေ အာဂုံဆော သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ သက္ကရာဇ် ၁၁၃၃-ခုနှစ်တွင် ပွင့်လှသိမ်ကုန်း ကျောင်းတိုက်ကြီးကို ဓားမဦးကျ တည်ထောင်တော်မူ၍ ခညောင်း ရောက်ရှိလာကြသော တပည့် အပေါင်းတို့အား စာပေချပို့၍ ဘုရားမြွက်စွာ ပရိယတ္တိ သာသနာတော် တည်းဟူသော ကန်ပေါင် ကန်သင်းတို့ကို ဆည်ဖို့ တော်မူခဲ့လေသည်။ ဆရာတော်သည် 'အာ[illegible]တ္ထဝိဘာဝနီ' မည်သော ကျမ်းကြီးကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ယင်းသို့ စာပေကျမ်းဂန်ချပို့၍ သာသနာပြုဆဲဖြစ်စဉ် သက်တော်—၇၀ ရှိရာ သက္ကရာဇ် ၁၂၆၄—ခုနှစ်တွင် ကျီးသဲမြို့၌ ဘဝနတ်ထံ စံလွန်တော်မူခဲ့လေသည်။ ရုပ်ကလာပ်တော်ကို ပြည်မြို့သို့ ရေလမ်းမှ ခမ်းနားစွာ ပင့်ဆောင်၍ သဂြိုဟ်ခဲ့လေသည်။

## သံဝေဂ ယူရန်

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။[၁]

ဣဒံ ရူပံ - မြေ, ရေ, လေ, မီး ဘုတ်ကြီးလေးခု တိုင်ခြေပြုထ ဤရူပကာယ ခန္ဓာကိုယ်သည်။ ပရိဇိဏ္ဏံ - ဆွေးမြေ့ ယိုယွင်း အိုမင်း ရင့်ရော် မှည့်ပျော်ခြင်းသဘော ရှိချေ၏။ ရောဂနိဋ္ဌံ - ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ တည်နေရာ စုဝေးရာဌာနလည်း ဖြစ်ချေ၏။ ပဘင်္ဂုရံ - ဖရိုဖရဲ ပြိုကွဲပျက်စီး တတ်ချေ၏။ ပူတိသန္ဒေဟော - ကိုးပေါက်ဒွါရ အမာဝမှ လွန်စွာဆိုးယုတ် အပုပ်ရည် တဒီးဒီးယိုစီးလျက်။ ဘိဇ္ဇတိ- တနေ့နေ့ကျ ညက်ညက်ကျေမွ ပျက်စီးရ၏။ ဇီဝိတံ- အသက် ဝိညာဉ်ရှင်နေခြင်းသည်။ မရဏန္တံဟိ-စုတိပြတ်ကြွေ သေရခြင်းလျှင် အဆုံး ရှိချေ၏။

ဘဒ္ဒန္တနာရဒေါ ထေရော၊ ထိရေသု သဏ္ဌိတော ဗုဓော။
မာပကော ပွင့်လှသိမ်ကုန်းဝှ - အာရာမသ္မာ ဝရသ္မာ ခေါ။
ကတွာ လောကဂ္ဂနာထဿ၊ စက္ကံ သုဓီ ဒိဝင်္ဂတော။

## ပညာသင်ကြားတော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ, အဘိဇ မဟာရဋ္ဌဂုရု လောင်းလျာ ရဟန်းတော် အရှင်တိက္ခသည် ဖေါ်ပြပါ ပွင့်လှသိမ်ကုန်းတိုက်တော်တည် အဘိဓမ္မာညဝါ အကျော် ဆရာတော်ဘုရားကြီး အရှင်နာရဒ အထံ၌ ပိဋကတ် အခြေခံ ကျမ်းဂန်များမှ စ၍ အဘိဓမ္မာ ညဝါကျမ်းစာများဖြစ်သည့် မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းအရကောက် ကျမ်းတို့ကို ပါရဂူပေါက် တတ်မြောက်အောင် သင်ယူတော်မူခဲ့လေသည်။

သန္တိကေ နာရဒဿာပိ၊ နာနာဂန္ထသုဝိညုနော။
သိက္ခိတဗ္ဗေ သော သိက္ခိတွာ၊ တေသု ဆေကော ဝိဒူ အဟု။

## ဝိရိယသုံးဖြာ ညီညာကုံလုံ ပြည့်စုံခဲ့

ဆရာတော်လောင်းလျာ အရှင်တိက္ခ ရဟန်းတော်သည်—

ဥဂ္ဂဏှနဝီရိယဉ္စ၊ သဇ္ဈာယန ဝီရိယမ္ပိ စ။
ဓာရဏဝီရိယဥ္စာပိ၊ သသတံ ကာရိယံ ဟိ ခေါ။

၁။ ဓမ္မပဒ၊ ၃၅။ ဥတ္တရာဇထေရီ ဝတ္ထု။

ဟူသည်နှင့် အညီ—

(၁) ဥဂ္ဂဏှနဝီရိယ=သင်ယူမှုဝီရိယ။

(၂) သဇ္ဈာယနဝီရိယ=ညဉ့်နက် သန်းခေါင် တဖေါင်ဖေါင် ပြန်ဆိုခြင်း ဝီရိယ။

(၃) ဓာရဏဝီရိယ=မနောဒွါရဇာည်းဟူသော ပူတာတံတင်း၌ မပျောက် မပျက်အောင် ဆောင်ရွက်မှတ်သားခြင်း ဝီရိယ နှင့်

မုချကုံလုံပြည့်စုံသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ပရက္ကမေဟိ တီဟေဝ၊ သမ္ပုဏ္ဏော အနူနေ၁ သုဓီ။
သဗ္ဗဒါ ထေရကိုရော သော၊ သာသနေ လဂ္ဂ မာနသော။

## ဆရာတော် အရှင်ဩဘာသထံ ပညာသင်

ဆရာတော် အရှင်ဩဘာသသည်လည်း စာပေအကိုင်အတွယ် ကောင်း၏၊ ဗွင့်လှသိမ်ကုန်းတိုက်၌ ရံခါသီတင်းသုံးတော်မူသည်၊ တိုက်ကြီးဆရာတော် ဟု ထင်ရှားသည်။ ဘုရားမြတ်စွာ သာသနာတော် စည်ပင်ရေးကို အလိုရှိတော် မူသည်။ ဆရာတော် လောင်းလျာသည် ဖေါ်ပြပါ တိုက်ကြီးဆရာတော် အရှင်ဩဘာသထံ၌လည်း ကျမ်းစာအချို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဩဘာသဿာပိ၊ ဩဘာသကာရကော သုဓီ။
သုဓိတ္တံ ဂ္ဂန္ထန္တောယေဝ၊ ကေစ္စိ ဥဂ္ဂဟံ ကရီ။

## ပခုက္ကူမြို့ မဟာဝိသုတာရာမစာသင်တိုက်ကြီး

ပခုက္ကူမြို့၌ သမိုင်းတွင် အစဉ်ထာဝရ ကောင်းလှသည့် မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီး ရှိသည်။ ယင်းကျောင်းတိုက်ကြီး ကား သံဃာတော်တို့ ပိဋက ၃-သွယ် နိကာယ် ၅-ရပ်ကို နောက်ဆုံး အချော သတ် သင်ယူရာ ကျော်စော ကိတ္တိရှိလှသည့် မဟာဝိဇ္ဇာလယ ဖြစ်လေသည်။ တိုက်တာတည်ချိန်မှစ၍ သံဃာတော်များ အဆက်မပြတ် သီတင်းသုံး စာပေ ပို့ချ သင်ယူတော်မူကြသည်။ သက္ကရာဇ် ၁၃၀၀-၁၃၀၁- ခုနှစ်က ဆိုလျှင် ဖေါ်ပြပါ မဟာဝိသုတာရာမ တိုက်ကြီး၌ သံဃာတော်များ ၉၀၀ ကျော်, ၁၀၀၀ ခန့် သီတင်းသုံး ပညာသင်ကြားတော်မူကြကုန်၏။ သက္ကရာဇ် ၁၂၆၅ ခုနှစ်တပို့တွဲလဆုတ် ၄-ရက် ကြာသပတေးနေ့ နံနက်ဟွင် ကျောင်း တိုက်ကြီးကို စတင် တည်ထောင်တော် မူခဲ့သည်။ ယင်းကျောင်းတိုက်ကြီး၌—

ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ၁၂၆၅ - ၁၂၇၆။
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ် ၁၂၇၆ - ၁၃၀၀။
အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ် ၁၃၀၀ - ၁၃၃၄။
အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ် ၁၃၀၀ - ၁၃၁၉။
အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ မဟာထေရ် ၁၃၃၄ -

တို့ အစဉ်အတိုင်း အုပ်ချုပ် ကွပ်ကဲတော်မူကြ၍ ပရိယတ္တိ သာသနာတော်ကို သယ်ဆောင်တော် မူကြကုန်၏။ [၁]

မဟာဝိသုတအာရာမေ၁၊ ပါကဋ္ဌေ၁ မြန်မာဘူတလေ။
အနေကေဟိ သပ္ပညေဟိ၊ ဝိရုဠှေ၁ အနူနေ၁ ဘဝေ။

## အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်

ဆရာတော်သည် မြင်းခြံခရိုင် တောင်ဆင်းနယ် ခွေးပြုတ်ရွာ၌ အဖ ဦးပျော့ အမိ ဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀ - ပြည့်နှစ် ကဆုန်လဆန်း ၂ - ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်ပေါ်ညာဏ် ဖြစ်သည်။ သက်တော် ၁၄ - နှစ်သား အရွယ်တွင် ထနောင်းစုရွာ နဂါးရာဇ်ကျောင်း ဆရာတော် ဦးညာဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်။ သာမဏဘွဲ့ ရှင်မေဓာ ဖြစ်သည်။ ဆင်ဖြူကျွန်း စေဘီလှ ကျောင်းတိုက် ဆရာတော် ဦးသီရိမ္မ, မြောကြီးရွာ ဝန်စာရေးကျောင်းတိုက် ဆရာတော် ဦးမေဓာတို့ထံတွင် ပညာသင်ကြားခဲ့သည်။

သက်တော် ၁၉--နှစ်အတွင်း ရောက်ခါစလောက်တွင် ပခုက္ကူမြို့ ပန်းစွာတိုက် [၂] ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ထံ ရောက်ရှိ ပညာသင်ကြားတော် မူသည်၊ မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် ဆရာတော် အရှင်အရိယဝံသ, မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင် ဆရာတော် ဦးကြည်,ဖက်ပင်အိုင်ဆရာတော် ဦးဒီပတို့ထံ၌လည်း ပညာ သင်ကြားတော်မူခဲ့သည်။ ၁၂၇၆--ခုနှစ် သီတင်းကျွတ် လဆုတ် ၂-- ရက်နေ့တွင် ရေစကြို ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူသည်၊ ဆရာတော် အရှင်ပညာ လက်ထက်တွင် မဟာဝိသုတာရာမ တိုက်ကြီး၌ သံဃာတော် ၁၀၀၀ (တထောင်) ခန့် အထိ တိုးတက် များပြား ခဲ့လေသည်။

---

၁။ အကျယ် မဟာထေရဝုတ္တန္တပ္ပဒီပိကာကျမ်း နှင့် မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ပခုက္ကူသာသနာဝင်ကျမ်းများ ကြည့်။
၂။ ထိုစဉ်က မဟာဝိသုတာရာမတိုက်ကြီး မတည်ရသေးပေ။

ဆရာတော်သည် ပိဋကတ် ၃—သွယ် နိကာယ် ၅—ချပ် ကျမ်းဂန် တို့ကို ပို့ချမှု၌ လွန်စွာ ကျွမ်းကျင် နိုင်နင်းတော်မူသည်၊ ကျမ်းဂန်များစွာပို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်းတို့မှာ—

၁။ သီမာ ဝိနိစ္ဆယ၊

၂။ မင်္ဂလာဒီ ဝိနိစ္ဆယ၊

၃။ မင်္ဂလသုတ် နိဿယသစ်၊

၄။ ဋီကာကျော် နိဿယသစ်၊

၅။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယသစ်၊

၆။ ကင်္ခါဋီကာသစ်နိဿယသစ်၊

၇။ ဝိနိစ္ဆယမျိုးစုံ စသည်တို့ ဖြစ်ကုန်၏။

၁၂၈၇ -ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ သက်တော်၆၉—နှစ်၊ ဝါတော် ၄၉·ဝါအရ ၁၃ဝ၈—ခုနှစ် တော်သလင်း လဆုတ် ၆—ရက်နေ့ နံနက် ၂—နာရီ မိနစ် ၄ဝ—အချိန်တွင် ပျံလွန်တော်မူသည်။

### သံဝေဂယူရန်

အာဂစ္ဆန္တိ၊ဂ္ဂိက္ခန္ဓာဝ၊ မစ္စု ဗျာဓိ ဇရာ တယော။
ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။[၁]

**အဂ္ဂိက္ခန္ဓာဝ** အဂ္ဂိက္ခန္ဓာ ဣဝ- အသံညီးညီး မီးပုံကြီးတို့ကဲ့သို့။ **မစ္စု** ဗျာဓိ ဇရာ တယော- သေခြင်း နာခြင်း အိုခြင်း ဟူသြား သုံးပါးတို့သည်။ အာဂစ္ဆန္တိ- မညှာမထောက် ရှေးရှုလာရောက်ကုန်၏။ ပစ္စုဂ္ဂန္တုံ- ထုတ်ဆိုဖေါ်ပြ မရဏ ဗျာဓိ ဇရာရန်တို့ကို တန်ပြန် တော်လှန်တိုက်ထုတ်ခြင်းငှာ။ ဗလံ- စွမ်းအင် ဗလသည်။ နတ္ထိ - မချပုံသေ မရှိပါချေ။ ပလာယိတုံ- လွတ်မြောက်ရန် အရေး ထွက်ပြေးတိမ်းရှောင်ခြင်းငှါ။ ဇဝေါ- အဟုန်သည်လည်း။ နတ္ထိ - မုချပုံသေ မရှိပါချေ။

### အရှင်တိက္ခဆရာတော် အရှင်ပညာထံ ဗိဋကသင်ယူ

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ ရဟန်းတော်အရှင် တိက္ခသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးသို့ ကြွရောက်

---

၁။ ကဝိဒပ္ပဏနီတိ၊ ၇—ဂါထာ။

တော်မူ၍ ဖေါ်ပြပါ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်ထံ ပိဋကပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို ကြီးမားသော လုံ့လ ဝီရိယဖြင့် သင်ယူတော်မူခဲ့လေသည်။

ပညာဝှထေရသေဋ္ဌဿ၊ သေဋ္ဌတ္တံ သုတိက္ခော သုဓီ။
ဏ္ဍစ္ဆန္တော မဟုဿာဟေန၊ ဥဂ္ဂဏှိ ပေဋကံ ဝရံ။

ဆရာတော် လောင်းလျာသည့် အရှင်ပညာထံ များများ မြန်မြန်လည်း သင်ယူတော်မူခဲ့သည်။ ကောင်းစွာလည်း ဆောင်ရွက်မှတ်သားသည်။ သိဂီ ရွှေခွက်မှာတည် ခြင်္သေ့ဆီလို မပျောက်မပျက် မှတ်မိအောင် လေ့လာတော်မူခဲ့လေသည်၊ စင်စစ် တမူကား ဆရာတော် လောင်းလျာသည်–

ဗဟုံ လဟုံ စ ဂဟဏံ၊ သမ္မုပဓာရဏမ္ပိ စ။
ဂဟိတအသမ္မုဿနံ၊ တော် သုဝိညုလက္ခဏံ။ ၁

ဟူသော နီတိနှင့် ကိုက်ညီစွာ သင်ယူတော် မူခဲ့ခြင်းဖြစ်လေသည်။

## မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင် ကျောင်းတိုက်ကြီး

မန္တလေးမြို့ တောင်ပြင် မဟာမြတ်မုနိ ရှုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ် စံပါယ်တော်မူရာ ဂန္ဓကုဋီကျောင်းတော်ကြီးမှ အနောက်ဖက်သို့ သွားသော စောင်းတန်း ခါးပြတ်မှနေ၍ မြောက်ဖက်ထွက်လိုက်လျှင် ရွှေရေးဆောင် ကျောင်းတိုက်ကြီးသို့ရောက်တော့သည်။ဖေါ်ပြပါ ရွှေရေးဆောင်ကျောင်းတိုက် ကြီးကား သာသနာတော်၌ လွန်စွာကျော်စောကိတ္တိရှိသော ကျောင်းတိုက်ကြီး ဖြစ်သည်။သာသနာတော်၌ လွန်စွာ လွန်စွာ ကျော်စောလှသော ကျမ်းဂန်တတ် ပုဂ္ဂိုလ် များစွာတို့ သီတင်းသုံးတော်မူကြ၍ ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာစသည် ကျမ်းစာသွားနည်း, ကျမ်းစာကိုင်တွယ်နည်းမျိုးစုံကို သင်ယူရာ ဝိဇ္ဇာပိဋ္ဌ,ဝိဇ္ဇာယတနကြီး ဖြစ်လေသည်။ ယင်းကျောင်းတိုက်ကြီးကို သက္ကရာဇ် ၁၁၄၃ –ခုနှစ်တွင် နန်းတက်သော ဘိုးတော်မင်းသား၏ ကြင်ယာတော် ရွှေရေးဆောင် မိဖုရားကြီး "သီရိမဟာမင်္ဂလာဒေဝီ" က သုံးဆောင် ဇေတဝန် ရွှေကျောင်းတော်ကို 'ဝေယံစံလွှတ်' အမည် တပ်တော်မူ၍ သက္ကရာဇ်၁၁၅၃– ခုနှစ် ပြာသိုလဆန်း ၁၀–ရက်နေ့တွင် အရှင်နှစ်ပါး ထွက်တော်မူ၍ ကျောင်း လွှတ်သဘင် ကျင်းပဆင်ယင်၍ 'အရှင်ဩဘာသမ္မေဓာထေရ်' အား တင်လှူတော် မူခဲ့သည်။

---

၁။ ကဝိဒပ္ပဏနီတိ၊ ၇–ဂါထာ၃။

အရှင်ဩဘာသ နောက် ဒုတိယမြောက် ဆရာတော်မှာ "နရိန္ဒာဘိသိရီဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရပုလဲဆရာတော်အရှင်နရိန္ဒ ဖြစ်သည်။ တတိယမြောက်ဆရာတော်မှာ "ဉာဏာဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏထေရ် ဖြစ်လေသည်။ စတုတ္ထမြောက် ဆရာတော်မှာ "အာစယ (အာစာရ) ဝံသဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်အာစယ (အရှင်အာစာရ) မဟာထေရ် ဖြစ်လေသည်။

ပဉ္စမမြောက်ဆရာတော်မှာ "ပဏ္ဍိတဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် အရှင်ပဏ္ဍိတထေရ် ဖြစ်လေသည်။

## ဆရာတော် ဦးကြည် (အရှင်အာဒိစ္စရံသီ)

မိုင်းခိုင်ဆရာတော် အရှင်ပဏ္ဍိတ ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးကြည် (အရှင်အာဒိစ္စရံသီ)သည် ရွှေဒရဲဆောင်ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူသည်။ စာပေကျမ်းဂန်တတ်မြောက်သည်ဟု လွန်စွာ ကျော်စောကိတ္တိရှိသည်။

ထိုစဉ်က "အနောက်ပြင် စိန်တလုံး၊ တောင်ပြင် ကြည်တလုံး" ဟူ၍ဆိုရိုး စကားရှိရာ အနောက်ပြင် စိန်တလုံးမှာ-မန္တလေးမြို့ အနောက်ပြင်တောင်သမန် ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်စိန္တာ ဖြစ်လေသည်။[၁] တောင်ပြင် ကြည်တလုံးမှာ- ဆရာတော် ဦးကြည် ဖြစ်လေ သည်။ ဆရာတော်သည် မြင်းခြံရိုင် တောပ်သာမြို့နယ် မန်းကျည်းချိုရွာ၌ အဖ ဦးကြွာဝင်း၊ အမိ ဒေါ်ကြွက်တို့မှ သက္ကရာဇ် ၁၂၁၉-ခုနှစ် ဝါခေါင်လဆန်း ၈-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူခဲ့သည်။

ဉာဏ် အလွန် ထက်မြက်လှသည်၊ ၁၃ နှစ်သား အရွယ်တွင် ပဌမငယ်၊ ၁၄-နှစ်သားအရွယ်တွင် ပဌမလတ်၊ ၁၅-နှစ်သားအရွယ်တွင် ပဌမကြီးကို အသီးသီး အောင်မြင်တော်မူသည်။ ၁၈-နှစ်သားအရွယ်တွင် ပဌမကျော် အောင်မြင်သဖြင့် ဗရိယတ္တိသာသနာတွင် လွန်စွာ ကျော်စော[illegible]ခဲ့လေ သည်။ စာချလည်း အလွန်ကောင်း အဆုံးလည်းကောင်း အပြောလည်း ရှင်း လေရာ စာဆိုစာလိုက်တို့ များစွာ နှစ်ခြိုက်ကြကုန်၏။ စာလိုက်သံဃာ ဦးရေ မှာလည်း ၇၀၀ (ခုနစ်ရာ) အထိ များပြားကြောင်း သိရသည်။ ဆရာတော် သည်-

---

၁။ အကျယ်-မန္တလေး သာသနာဝင်ကျမ်း၊ တောင်သမန် သာသနာဝင်ကြည့်။

၁။ ဂမ္ဘီရတ္ထနိယာမခေါ် ရွှေရေးဆောင်နိယံ၊

၂။ ဂမ္ဘီရတ္ထနိယာမ ဝိသဇ္ဇနာကျမ်း၊

၃။ သောတုဇနဟိတကာရီကျမ်း၊

၄။ သိမ်လင်္ကာ၊

၅။ သုဗောဓဇောတကဗေဒင်ကျမ်း၊

၆။ သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်းနိသယ-

စသည့် ကျမ်းဂန် တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။

၁၂၉၇-ခုနှစ် တန်ခူးလဆုတ် ၄-ရက် တနင်္ဂနွေနေ့တွင် ပျံလွန်တော်မူသည်။[၁]

**သံဝေဂယူရန်**

ဓိရတ္ထု သင်္ခတံ လောလံ၊ အသာရံ ကဒလူပမံ။
မာယာမရီစိသာဒိသံ၊ ဣတ္တရံ အနဝဋ္ဌိတံ။[၂]

သင်္ခတံ - ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာမှုပြင် စီရင်အပ်သမျှ သင်္ခါရတရားအပေါင်းသည်။ ဓိရတ္ထု- အော့နှလုံးဝယ် ထွီ စဖွယ် ဖြစ်ချေ၏။ အသာရံ - အနှစ်သာရ လုံးဝမရှိပါချေ။ ကဒလူပမံ - ငှက်ပျောတုန်းအသွင် ပမာထင်၏။ မာယာမရီစိသာဒိသံ - မျက်လှည့်ရုပ် တံလျှပ် (လှမ်) တမူ အလားတူ၏။ ဣတ္တရံ - အချိန်ကာလ ဘာမျှမကြာ တိုတောင်းလှချေ၏။ အနဝဋ္ဌိတံ - ဖြစ်ချီ ပျက်ချီ ချာချာလည်၍နေ၏။

**ဆရာတော် လောင်းလျှာ ဆရာတော်ဦးကြည်ထံပညာသင်**

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျှာရဟန်းတော် အရှင်တိက္ခသည် ဖော်ပြပါ အရှင်အာဒိစ္စရံသီ ဘွဲ့တော်ချီသည့် ဆရာတော်ဦးကြည်ထံ၌လည်း—

---

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ ရွှေရေးဆောင်တိုက် သ. ဆနာဝင်ကြည့်။ မဟာဋ္ဌေရလလိတ၊ ၁၀၇—၁၁၀-လည်းကြည့်။

၂။ အပ၊ ၂၊ ၂၁၁။ မဟာပိဇာဒုပတ္တိ ဋ္ဌဂါတမိ ဝုထရိပဒါနိ။

ဝါကျသွား ဝါကျလာ အမျိုးမျိုး၊ အနုသန္ဓေ အထွေထွေ၊ ကျမ်းရိုး အသွယ်သွယ်၊ အဓိပ္ပာယ်အဖြာဖြာ၊ ဌပနာ ပဉ္စက၊ ဌပနာဆက္က - စသည် နည်းနယ တို့ကို အချောသတ် သင်ယူတော် မူခဲ့လေသည်။

ဦးကြည်တိ တီဝ ပသိဒ္ဓ - ထေရဿာပိ သုဝိညုနော။
သန္တိကေ ဥဂ္ဂဏှိတ္ဝာန၊ ဂန္ထေသု ကောဝိဒေါ အဟု။

## ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဒုတိယမြောက် နာယကဆရာတော် အရှင်သီဟ မဟာထေရ်

ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၏ ဒုတိယမြောက်ဆရာတော်မှာ အရှင် သီဟ မဟာထေရ် ဖြစ်သည်။ ဆရာတော်သည် ပြည်မြို့နယ် မိန်းမရဲရွာ၌ သက္ကရာဇ် ၁၂၃၃- ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်တော် မူခဲ့သည်။ ဟောမှု ပြောမှု၌ ရဲရင့် လိမ္မာလှသည်ဟု သိရ၏။ 'အဘိဓေမဟာရဋ္ဌဂုရု' ဘွဲ့ရ ညောင်ရမ်း ဆရာ တော်ဘုရားကြီး အရှင်ရေဝတ မဟာထေရ် နှင့် အတူတကွ သာသနာ့ ရေးရာ မျာ်း ဆောင်ရွက်ဖက် ဖြစ်သည်ဟု ဆိုသည်။ သီပေါ, အုန်းပေါင်လေးမြို့ အရှင်သခင်ကြီးဘုရား ဆာစောချယ် ဆက်ကပ်လှူဒါန်းသည့် 'သီဟသူရ မဟာသာသန သောဘဏ မွေရာဇဂုရု' ဘွဲ့တံဆိပ်ကိုလည်း အလှူခံ ရရှိတော် မူသည်။ သက်တော် ၆၇- နှစ်ရှိရာ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်တွင် မြောက် ပိုင်းရှမ်းပြည် သီပေါ၌ ပျံလွန်တော်မူသည်။ အလောင်းတော်ကို ပြည်မြို့သို့ မီးရထားဖြင့် ပင့်ဆောင်ယူ၍ သင်္ဂြိုဟ်သည်။

## သံဝေဂ ယူရန်

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

ဇီဝိတံစ- အသက်ဝိညာဉ် ရှင်ခြင်း လည်းကောင်း။ ဗျာဓိစ- နှိပ်စက်ပြင်း စွာ မခံသာအောင် ဖျားနာရခြင်း လည်းကောင်း။ ကာလော စ- ဇီဝိန်ကင်း ကွာ သေလွန်ရာ အခါ လည်းကောင်း။ ဒေဟ နိက္ခေပနံ စ- ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို စွန့်ပစ်ရာ အရပ် လည်းကောင်း။ ဂတိ စ- လား ရောက် ရမည့် ဂတိ လည်းကောင်း။ ဣတိ- ဤသို့။ ဧတေ ပဉ္စ- သရုပ်သကောင် ထုတ်ဆောင် ဖော်ပြ သက်ရှင်, ရောဂါ, သေရာအခါ, ခန္ဓာပစ်ချ, ဂတိ ဟူသော ဤ ငါးဝတို့ကို။ ဇီဝလောကသ္မိံ - အသက်ဝိညာဉ် ရှင်ဆဲ ဖြစ်သော လောက၌။ အနိမိတ္တာ- အပိုင်းအခြား အမှတ်အသား မရှိကုန်သည် ဖြစ်၍။ န နာယရေ- ကေန် ပိုင်ပိုင် မသိအပ်နိုင်ကုန်။

## တိုက်အုပ် စာချ ဖြစ်၍ သာသနာ ချီးမြှောက်တော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ ရဟန်းတော် အရှင်တိက္ခသည် ရဟန်းသိက္ခာ ၇-ဝါ အရတွင် ဒုတိယ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်သီဟ၏ ချီးမြှောက်တာဝန် ပေးအပ်ချက်အရ ပွင့်လှသိမ်ကုန်းတိုက်၌ တိုက်အုပ် စာချ အဖြစ်ဖြင့် တိုက်တာတာဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။

သတ္တဝဿိက ကာလေပိ၊ တိက္ခော တိက္ခေန သံယုတော။
ပတ္တော ဥပနာယကတံ သော ဟိ၊ အာရာမေ ပွင့်လှနာမကေ။

## ပဒုက္ကူနည်း မန္တလေးနည်းတို့ဖြင့် စာသင်သားတို့ကို နှစ်သိမ့်စေတော်မူခြင်း

ဆရာတော်ကလေး အရှင်တိက္ခသည် တိုက်အုပ်ဖြစ်ပြီးနောက် ခိုမှီရောက်ရှိလာသော စာသင်သား ရဟန်း သာမဏေ တို့အား ပခုက္ကူ စာချနည်း မန္တလေး စာချနည်း တို့ဖြင့် နှစ်သိမ့် ကျေနပ်လောက်အောင် ချပို့တော်မူ၍ ဘုရားရှင် ရွှေစိတ်တော်ကို နှစ်သိမ့်စေတော်မူခဲ့လေသည်။

ပေဋကံ ဝါစယိတွာ န၊ သမ္ဗုဒ္ဓဿ သိရီမတော။
စိတ္တံ သော အာရာဓေတွာ၊ သမ္ဗုဒ္ဓသာသနန္ဓရော။

## ပွင့်လှသိမ်ကုန်းတိုက် မဟာနာယက ဖြစ်တော်မူခြင်း

သက္ကရာဇ် ၁၃၀၀-ပြည့်နှစ် ကဆုန်လသို့ ရောက်သောအခါ ဒုတိယ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်သီဟ ဘဝနတ်ထံ ပျံလွန်တော်မူသဖြင့် အရှင်တိက္ခသည် ပွင့်လှ သိမ်ကုန်းကျောင်းတိုက် သံဃာ့အရံဗိမာန်တော်ကြီး၏ ဦးစီးပဓာန သံဃနာယက အဖြစ်သို့ ရောက်တော်မူသည်။

တိက္ခော သော နာယကော အာသိ၊ သီဟထေရေ ဒိဝံဂတေ။
ပွင့်လှသိမ်ကုန်း အဝှယဿ၊ သံဃာရာမဝရဿ စ။

## သာသနာရေးကိစ္စ အဝဝ ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပွင့်လှ သိမ်ကုန်းကျောင်းတိုက်၏ မဟာနာယက ဖြစ်ရာအခါမှ စ၍ ကျောင်းတိုက်ခွဲပေါင်း ၂၀၀-ကျော်ရှိ ပွင့်လှသိမ်ကုန်း ဂိုဏ်းကြီး၏ ဂဏာဓိပတိ ဖြစ်တော်မူပြီး ဩဝါဒပေးခြင်း စသည်ဖြင့် သာသနာ

ရေးကိစ္စများကို ဆောင်ရွက်တော် မူခဲ့လေသည်။ ၎င်းပြင် ပွင့်လှသိမ်ကုန်း အဘိဓမ္မာစာမေးပွဲ၊ ဝိနယာဓိက စာမေးပွဲ များကိုလည်း ဦးစီး ကျင်းပ၍ အောင်မြင်သူတို့အား အတန်းလိုက် ဆုတံဆိပ် နှင့် လက်မှတ်များကို ချီးမြှင့် ပေးအပ်တော်မူ၍ သာသနာ ပြုတော်မူခဲ့သည်။

ပရိက္ခဏေပိ ကာရေတွာ၊ သာသနံ ပဂ္ဂဟံ အကာ။
သာသနပဂ္ဂဟေ ဓီရော၊ သမ္ဗုဒ္ဓါ နိန္နမာနသော။

၎င်းပြင် ဆရာတော်သည် မြန်မာပြည်လုံးဆိုင်ရာ ဝေဠုဝန (နိကာယ) ဂိုဏ်းကြီး၏ ဦးစီးနာယက ဂဏရက္ခိတ ဆရာတော် အဖြစ်ဖြင့်လည်း သာသနာပိုင် 'အဂ္ဂမဟာပဏ္ဍိတ' သထုံမြို့ စန္ဒာရုံ ဆရာတော်ဘုရားကြီး၏ လက်အောက်တွင် တာဝန်ယူ၍ ဆောင်ရွက်တော်မူပြီးလျှင် တပည့် သံဃာတော် အပေါင်းတို့အား စာပေ ကျမ်းဂန်များကို မခိုမကပ် ချပို့၍ သာသနာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။

## အဘိဓမ္မတ္ထသရူပမာလာကျမ်းကို ပြုစီရင်ခြင်း

ဆရာတော် အရှင်တိက္ခသည် ပဌမ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်နာရဒ မဟာထေရ်၊ ဒုတိယ ပွင့်လှသိမ်ကုန်း ဆရာတော် ဘုရားကြီး အရှင်သီဟ မဟာထေရ် တို့၏ အမိန့်အရ အဘိဓမ္မတ္ထသရူပမာလာ ကျမ်းကိုလည်း စီရင်ရေးသားတော် မူခဲ့လေသည်၊ [၁]

အဘိဓမ္မတ္ထသရူပ—မာလာပကရဏမ္ပိ စ။
ရမဏီယာယ ဘာသာယ၊ ရစယိတ္ထ သုဓီဘိမာ။

## ဥက္ကဋ္ဌ, ဩဝါဒါစရိယ တာဝန်

၎င်းပြင် ပြည်ခရိုင် ကျောင်းထိုင်ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များ အဖွဲ့ချုပ် ဩဝါဒါစရိယတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ဥက္ကဋ္ဌဩဝါဒါစေဝ၊ ကိစ္စာနိ ကာရိတာနိ စ။
ထေရေန ထိရစိတ္တေန၊ တိက္ခဂမ္ဘီရဉာဏိနာ။

---

၁။ ဖေါ်ပြပါ အဘိဓမ္မတ္ထသရူပမာလာကျမ်း၏ အဖွင့်ကို ဖေါ်ပြပါ ဆရာတော်ဘုရားကြီး၏ တပည့် 'တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက' အရှင်ဓေကာသလ္လက အဖွင့် ရေးစီရင်တော်မူခဲ့သည်။

## ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ခြင်း

ကောဇာ သက္ကရာဇ် ၁၃၁၆-ခု (သာသနာသက္ကရာဇ်- ၂၅၀၀) နှစ် ကဆုန်လပြည့်နေ့မှ စ၍ ၁၃၂၃-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက် အထိ နိုင်ငံတော်အစိုးရ နှင့် ပြည်သူလူထု၏ အထောက်အပံ့ဖြင့် ထေရဝါဒ နိုင်ငံပေါင်း ပါဝင် စေလျက် ဆင်ယင် ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ ပါဠိ, အဋ္ဌကထာ, ဋီကာ သံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဓာတုကထာ ပါဠိ ဝိသောဓက အဖွဲ့ ဥက္ကဋ္ဌတာဝန်, ဩဝါဒါစရိယတာဝန်, သံဃနာယက တာဝန်တို့ကိုလည်း ဆောင်ရွက်တော် မူခဲ့လေသည်။

ဆဋ္ဌသံဂီတိကာလေပိ၊ မြန်မာ့ရဋ္ဌေ ပဝတ္တိတေ။
အနေကဘာရဝါဟီ သော၊ ဇောတေသိ ဇိနသာသနံ။

ထို့ပြင်တပါး တောင်တန်း သာသနာပြုအဖွဲ့ ဩဝါဒါစရိယတာဝန်, ၁၃၃၁-ခုနှစ်မှ စ၍ မြန်မာပြည်လုံးဆိုင်ရာ ဝေဠုဝန်နိကာယကြီး၏ ဂဏာ-ဓိပတိသမ္မုတိ သာသနာပိုင်တာဝန် စသည်တို့ကိုလည်း ဆောင်ရွက်တော် မူခဲ့သည်။

အညသာသနကိစ္စာနိ၊ ဗဟူနိ ပိ သုဗုဒ္ဓိနာ။
ကာရိတာနိ ယတိန္ဒေ၊ စက္ကေ ပရမဒုလ္လဘော။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဖော်ပြပါ ဆောင်ရွက်ချက်တို့ကြောင့် သာသနာတွင် နေအသွင် လ အလား ထင်ရှား ကျော်စောရကား ၁၃၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လှဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနာ ပိ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ပူဇာဝိဓီသု ကောဝိဒါ။

## ဆရာတော်အရှင်တိက္ခနှင့် အတူ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရှုခံရရှိသည့် ဆရာတော်များ

ထိုစဉ်က ဖော်ပြပါ ပွဲ့လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်တိက္ခ မဟာထေရ် နှင့် အတူ ဖြူးမြို့ မြို့ဆောင် ကျောင်းတိုက်ဆရာတော် အရှင် ဇဝန

မဟာထေရ်၊ အင်းစိန်ခရိုင် တိုက်ကြီးမြို့နယ် ဥတို့ရွာ လမ်းသစ်ကျောင်း ဆရာတော်အရှင် ဝိသုဒ္ဓမဟာထေရ်၊ ယိုးဒယားပြည် လန်းပန်းမြို့ ဝပ်တမအိုကျောင်း ဆရာတော် အရှင်နေမိန္ဒမဟာထေရ်၊ စဥ့်ကူမြို့နယ် ဆည်သည့်ရွာ မော်လမြိုင်ကျောင်းတိုက် ဆရာတော် အရှင်ကုသလာဘိဝံသ မဟာထေရ်၊ ကချင်ပြည်နယ် ဟိုပင်မြို့ အရှေ့ကျောင်းကြီး ဆရာတော် အရှင်ကုဝေရ မဟာထေရ်၊ စစ်ကိုင်းတောင်ရိုး ဣစ္ဆာသယချောင် လောကမှန်ကူတိုက် ဆရာတော် အရှင်ပညာ မဟာထေရ်၊ ပဲခူးခရိုင် ပြွန်တန်ဆာမြို့ သာသန သောဘဏ်ကာရုံကျောင်း တိုက် ဆရာတော် အရှင်ဉာဏိန္ဒမဟာထေရ်၊ မအူပင်မြို့ မြို့လယ်ကျောင်းတိုက်ဆရာတော် အရှင်အာစိဏ္ဏ မဟာထေရ်၊ ရန်ကုန်မြို့ အလယ်တောရကျောင်းတိုက် ဆရာတော် အရှင်ရေဝတ မဟာထေရ်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက် ဆရာတော် အရှင်ဉက္ကံသမဟာထေရ်၊ အမရပူရမြို့ ဗားကရာတိုက် (မြသိန်းတန်ဆရာတော်) ဆရာတော် အရှင်ဉာဏုတ္တရ မဟာထေရ်၊ စစ်တွေမြို့ ဂြစ်ဘက်ကျောင်းတိုက် ဆရာတော် အရှင်သောဘိတ မဟာထေရ်၊ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် အရှင်ပညာဝံသ မဟာထေရ်၊ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ မာလိဂါဝတ္တ သုဓမ္မာရာမကျောင်းတိုက် ဆရာတော် အရှင်အရိယဝံသ မဟာထေရ်၊ ဝန်းသိုမြို့ ခန္တီးစာသင်တိုက် ဆရာတော် အရှင်သုဇန မဟာထေရ်၊ မင်းကွန်း ရတနာဂူချောင် ဆရာတော် အရှင်ဣန္ဒာသနိ မဟာထေရ်၊ ပုသိမ်မြို့ မြောင်းမြကျောင်းတိုက် ဆရာတော် အရှင်ဓမ္မာနန္ဒ မဟာထေရ်၊ မုံရွာခရိုင် မုံရွေးမဟာဇေတဝန်ကျောင်းတိုက် ဆရာတော် အရှင်ဥတ္တမဗုဒ္ဓိ မဟာထေရ်၊ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာ ဆရာတော် အရှင်သုန္ဒရ မဟာထေရ်၊ အမရပူရမြို့ မင်္ဂလာတိုက် ဆရာတော် အရှင်ဝိမလ မဟာထေရ်၊ မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိတမဟာထေရ်၊ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ ဝိဇ္ဇောဒယ ကျောင်းတိုက် ဆရာတော် အရှင်ဝိမလ မဟာထေရ်၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်ဆရာတော် အရှင်စန္ဒရံသီ မဟာထေရ်၊ ရန်ကုန်မြို့ မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော် အရှင်ဣန္ဒြိယ မဟာထေရ်၊ မန္တလေးမြို့ အရှေ့ပြင် ရွှေဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒြိယ မဟာထေရ်၊ ရန်ကုန်မြို့ဗားကရာတိုက် တိလောကာရုံကျောင်း ဆရာတော် အရှင်တိလောက မဟာထေရ်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဥယျာဉ်တိုက် စံဝတီကျောင်း ဆရာတော် အရှင်သုဇာတာလင်္ကာရ မဟာထေရ်တို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခြင်း၊ ရတ္တညူ မဟာနာယကဖြစ်ခြင်း၊ ဂန္ထဓုရ ဗာဟုသစ္စဂုဏ်နှင့် ပြည့်စုံခြင်း၊ လောက ဗဟုပကာရဂုဏ်နှင့် ပြည့်စုံခြင်း၊ ကျမ်းစာရေးသားပြုစုခြင်း စသော ဂုဏ်နှင့် ပြည့်စုံခြင်းကြောင့် ၁၃၄၀ - ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်သည့် အဘိဓဇ-မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။

အဘိဓဇမဟာရဋ္ဌ — ဂုရုပါဓိဝရေနာပိ။
ပူဇေသုံ မြန်မာဘူပါလာ၊ ထေရံ ထိရေသု သဏ္ဌိတံ။

### တပည့် ဒကာ ဒကာမများ ပူဇော်ကြခြင်း

ဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူမခံရမီ ၆-လ ၆-ရက်အလို[1] ၁၃၄၀-ခုနှစ် နယုန်လကွယ် အင်္ဂါနေ့ ၃-နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးအား ပွင့်လှ သိမ်ကုန်း ကျောင်းတိုက်တွင် ကြီးကျယ်ခမ်းနားစွာ ပူဇော်ကန်တော့ပွဲ ကျင်းပ၍ ဆရာတော်ဘုရားကြီးထံမှ သြဝါဒကို ခံယူကြကုန်၏။

တဖန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူ၍ ၁၂-ရက်မြောက်ဖြစ်သော ပြာသိုလဆုတ် ၄-ရက်နေ့ မွန်းလွဲ ၁-နာရီအချိန်တွင် ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဓမ္မာရုံ၌ ပူဇော်ကန်တော့ပွဲကို ခမ်းနားစွာ ကျင်းပ၍ ဆရာတော်ဘုရားကြီးထံမှ တပည့် ရဟန်း၊ သာပဏေမျာ်း၊ ဒကာ၊ ဒကာမများတို့က သြဝါဒကို ခံယူကြသည်။ ၎င်းပြင် ယင်းပူဇော်ကန်တော့ပွဲတွင် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ကောသလ္လက ဘုန်းတော်ဘွဲ့ သံဂီတာ ဂါထာများဖြင့် ရွတ်ဖတ်လျှောက်ထား ပူဇော်တော်မူခဲ့လေသည်။

ဇဝံ ဟိ ထေရဿ သိဿာ၊ သမဏာ ဂဟဋ္ဌာပိ စ။
မဟာထေရံ သုပူဇေသုံ၊ ပူဇာဘာဇနမုတ္တမံ။

---

၁။ ၁၃၄၀-ခု၊ ပြာသိုလဆန်း ၇-ရက်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ကပ်လှူကြောင်းကြေညာသည်။

## ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်း

၁၃၄၀-ခုနှစ် ပြာသိုလဆန်း ၇-ရက်၊ ၁၉၇၉-ခု၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (၁) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ ဖော်ပြပါ ပြည်မြို့ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အပါအဝင် ဆရာတော်ဘုရားကြီးများအား အဘိဓဇမဟာရဋ္ဌဂုရုနှင့်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကြောင်း ကြေငြာသည်။ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကိုမူကား ၁၃၄၁-ခုနှစ်၊ နယုန်လပြည့်နေ့ (၁၉၇၉-ခု၊ ဇွန်လ ၉-ရက် စနေနေ့) တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်း မြရှိ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်တော်ကြီးအတွင်း၌ ခမ်းနားစွာ ကျင်းပသည်။ ယင်းအခမ်းအနားသို့ ဆရာတော်ဘုရားကြီး မကြွရောက်နိုင်သဖြင့် ၁၃၄၁-ခု၊ ဝါဆိုလဆန်း ၁-ရက်၊ ၁၉၇၉-ခု၊ ဇွန်လ ၂၄-ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်ကိုယ်တိုင် ပြည်မြို့သို့ သွားရောက်၍ အောက်ပါအစီအစဉ်အတိုင်း ဆက်ကပ်လေသည်။

ဆရာတော်ဘုရားကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း မပြုမီ နံနက် ၉-နာရီတွင် ပွင့်လှသိမ်ကုန်းကျောင်းတိုက်၌ ဆရာတော်ဘုရားကြီးနှင့် တကွ သက်တော်ကြီး ဝါတော်ကြီး ဆရာတော် သံဃာတော် ၁၀-ပါးတို့အား ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က သင်္ကန်းဒွိစုံ၊ ထီး၊ ဘိနပ်များ ဆက်ကပ် လှူဒါန်းသည်။ ၎င်းနောက် နံနက် ၉-နာရီခွဲတွင် ဆရာတော်ဘုရားကြီးနှင့် တကွ ပင့်သံဃာ အပါး၁၀၀- တို့အား ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်စိန်လွင်က ဆွမ်းဆက်ကပ် လှူဒါန်းပြီး ဧည့်ပရိသတ်များအား နံနက်စာဖြင့် တည်ခင်း ဧည့်ခံသည်။

၎င်းနောက် ဆရာတော်ဘုရားကြီးအား ပင့်သံဃာတော်များ ခြံရံလျက် မော်တော်ယာဉ် အစီး ၆၀-ကျော်ဖြင့် 'ခေတ္တရာ' ပြည်သူ့ခန်းမဆောင်ကြီးသို့ ပင့်ဆောင်ရာတွင် ရှေ့ဆုံးမှ မြတ်စွယ်တော် စည်တော်အဖွဲ့၊ ထို့နောက် ငွေပဒေသာပင်၊ ထို့နောက် ဆရာတော်ဘုရားကြီး စီးနင်းလိုက်ပါလာသောကား၊ ထို့နောက်မှ အဆောင်အယောင်ကိုင်အဖွဲ့၊ သံဃာတော်များ၊ ဗဟိုကော်မတီဝင်များ၊ ဝတ်အသင်းများ လိုက်ပါကြပြီး ပွင့်လှသိမ်ကုန်း ကျောင်းတိုက်မှ မင်းဘူးကျောင်းလမ်း၊ ထို့နောက် ဗိုလ်ချုပ်လမ်း၊ ထို့နောက် လမ်းမတော်မှ ပွဲစားတန်းကိုချိုး၍ 'ခေတ္တရာ' ပြည်သူ့ခန်းမဆောင်ကြီးသို့ ပင့်ဆောင်သွားရာ

တွင် လမ်းဘေးဝဲယာတို့မှ မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များက ဆရာတော်ကြီးနှင့်တကွ ပင့်သံဃာတော်များအား ပူဇော်ကန်တော့ကြသည်။

နံနက် ၁၁-နာရီတွင် ဆရာတော်ဘုရားကြီးနှင့် တကွ ပင့်သံဃာတော်များ၊ ဘိတ်ကြားထားသော ဧည့်သည်တော်များ၊ လူထုပရိသတ်များရောက်ရှိ နေရာယူပြီးသည့်အခါ အခမ်းအနားမှူး ပဲခူးတိုင်း သာသနာရေးဦးစီးဌာနမှူး ဦးသိန်းဆွေက အခမ်းအနား စတင်ကြောင်းကြေငြာပြီး အခမ်းအနားမှူးက ပြည်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးဘလှအား အခမ်းအနား ဖွင့်လှစ်ပေးပါရန် ပန်ကြားသည်။ ထို့နောက် ဦးဘလှက အခမ်းအနား ဖွင့်လှစ်ကြောင်း အခမ်းအနားဖွင့် စာတမ်းဖြင့် လျှောက်ထားသည်။

ထို့နောက် 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဆရာတော် အရှင်ကောသလ္လ ရေးသားပူဇော်သည့် ဘုန်းတော်ဘွဲ့ဂါထာကို ရွာဘဲရပ် မှ ဆရာကြီး ဦးမြတ်သော်က ရွတ်ဆိုပူဇော်သည်။ ၎င်းနောက် အခမ်းအနားမှူးက ငါးပါးသီလ ချီးမြှင့်ပါရန် ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော်ဘုရားကြီးထံတွင် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က ဇွန်လ ၉-ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးနှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဆယ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပုံများကို လျှောက်ထားသည်။ ၎င်းနောက် ရန်ကုန်မြို့ ပြည်အသင်း ကန်တော့ပန်လှာကို အသင်းကိုယ်စားဦးကျော်သန်းက ဖတ်ကြား တင်လျှောက်သည်။ ဆက်လက်၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအုံ့မောင်က ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကို ဖတ်ကြား လျှောက်ထားသည်။

၎င်းနောက် ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဆရာတော် ဘုရားကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပြီး ပဲခူးတိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းကျော်က ရေစက်သွန်းချ အမျှ ပေးဝေရာ ကြွရောက်လာကြသော ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့က သာဓု အနုမောဒနာ ခေါ်ဆိုကြသည်။

ထို့နောက် အခမ်းအနားမှူးက ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းသည့် အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာပြီး ဆရာတော်ဘုရားကြီးအား ပွင့်လှ သိမ်ကုန်းကျောင်းတိုက်သို့ ပြန်လည် ပင့်ဆောင်ကြသည်။ ထို အချိန်မှာပင် ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင် နှင့် အဖွဲ့သည် အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ပွင့်လှသိမ်ကုန်း ဆရာတော် ဘုရားကြီး အရှင်တိက္ခ မဟာထေရ် 'ခေတ္တရာ' ပြည်သူ့ ခန်းမဆောင်ကြီးမှ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကျောင်းတိုက်သို့ ပင့်သံဃာတော်များခြံရံ၍ အခမ်းအနားဖြင့် ပို့ဆောင်ရာတွင် ပြည်မြို့ ရပ်ကွက်ပေါင်းစုံမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များက လမ်းဘေးဝဲယာတို့မှ လှူဘွယ်ဝတ္ထုများဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်ကပ်လှူဒါန်း ပူဇော်ကန်တော့ကြသည်။ သီလရှင် အပါး ၅၀၀-တို့အားလည်း အလှူရှင်များက ဝတ္ထုငွေများ လှူဘွယ်ပစ္စည်းများ လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းကျော် နှင့် ဦးအုန်းကြည်, ဒုတိယ ရဲချုပ် ဒုတိယ ဗိုလ်မှူးကြီး လှတင်, ပဲခူးတိုင်း ပြည်သူ့ကောင်စီ အာဏာ ပိုင် အဖွဲ့အစည်းသုံးရပ်မှ ပုဂ္ဂိုလ်များ, ပြည်မြို့နယ် ပါတီယူနစ် နှင့် ပြည်သူ့ ကောင်စီ အာဏာပိုင်အဖွဲ့အစည်း သုံးရပ်မှ ပုဂ္ဂိုလ်များ, ဌာနဆိုင်ရာ အကြီး အကဲများ ဂေါပကအဖွဲ့ဝင် လူကြီးများ, ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့ များ, မြို့မိမြို့ဖများ အပါအဝင် ဧည့်ပရိသတ် ၅၀၀၀ ကျော်တို့ စည်ကား သိုက်မြိုက်စွာ တက်ရောက်ကြောင်း သိရသည်။ ၁

ဤသို့ဖြင့် ခမ်းနား စည်ကားစွာ 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲသဘင် အခမ်းအနားကို ပြုလုပ်ဆက်ကပ်ခဲ့လေသည်။

ဇဝံ အဘိဓဇမဟာရဋ္ဌ—ဂုရု နိယျာတနာသဘာ။
သမ္ပာဒေတွာ နိယျာတေသိ၊ ဥက္ကဋ္ဌံ ဥပါဓိံ သုဓီ။

---

၁။ ၁၃၄၁-ခု၊ ဝါခေါင်လဆန်း ၂-ရက်၊ တနင်္လာနေ့ (၂၅၊ ၆၊ ၇၉) ဗိုလ်တထောင် သတင်းစာ စသည် တို့ကို မှီး၍ ရေးသည်။

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ ရေးသားပူဇော်သည့် ၂-ဂါထာ ပါဠိနိဿယ

အဂ္ဂဂ္ဂသာသနေ အဂ္ဂ–ပဏ္ဍိတော တွံ သိ သိရီမာ။
အဂ္ဂလဒ္ဓံ ဟိ လဒ္ဓါန၊ ပမောဒါမ မဟာရဟံ။

ဘန္တေ - ဘုန်းကံသမ္ဘာ ထယ်ဝါလှပြား အို အရှင်ဘုရား။ တွံ-အရှင်မြတ်ဘုရားသည်။ အဂ္ဂဂ္ဂသာသနေ- အဂ္ဂပဏ္ဍိတ သဘာဝ တို့ထက်ဆထက်ထောင်ရာ မကသာသည့် မဟာအဂ္ဂ အမည်ရသား ဘုရားမြတ်စွာ သာသနာ၌။ သိရီမာ-ဘုန်းကျက်သရေ အထွေထွေ ရှိတော် မူပေထသော။ အဂ္ဂပဏ္ဍိတော-လောကဓာတ် မြေတခွင်တွင် နေအသွင် လတန္ခုန်း အမြတ်ဆုံး ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်သည်။အသိ-စိုးပိုင်လေရာ မင်းရာဇာတို့ ပူဇာသဘင် ဝေဇက်ဝင် ဖြစ်တော်မူပြီ။ ဟိ- ၁၃၂၃-ခုနှစ် အဂ္ဂ-မဟာပဏ္ဍိတ တံဆိပ်ရ၍ သိဿ ဥဿုံ အလုံးစုံတို့၏ ဝမ်းမြောက်ပုံကို ပြဆိုလျှောက်ထား ပါဦးအံ့။ တွံ - အရှင်မြတ်ဘုရားသည်။ မဟာရဟံ- အထက်တန်းစား တကဲ့ပုဂ္ဂိုလ်များနှင့် သာ ထိုက်တန်လှစွာသော။ အဂ္ဂလဒ္ဓံ-အဂ္ဂမဟာ-ပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို။ လဒ္ဓါန- ဘုန်းကံအလျောက် အချိန်ရောက်၍ ပင့်မြောက်သမ္ဘာ ရရှိခဲ့ပါသောကြောင့်။ မယံ- ရဟန်း ရှင် လူ ပြည်သူ အစား စား တပည့်အများတို့သည်။ ပမောဒါမ- ပုဏ္ဏိန္ဒုစန်း လပြည့်ဝန်းသို့ နှင်လန်းဝမ်းမြောက်ကြရပါကုန်သည် ဘုရား။

အဘိဓဇမဟာရဋ္ဌ - ဂုရုံ လဒ္ဓါန သာသနေ။
သာရိပုတ္တော ဝ ဗုဒ္ဓဿ၊ အဘဝိ အဂ္ဂသာဝကော။

ဘန္တေ- အရှင်ဘုရား။ တွံ- အရှင် မြတ်ဘုရားသည်။ သာသနေ- ဘုရားမြတ်စွာ သာသနာ၌။ အဘိဓဇမဟာရဋ္ဌဂုရုံ- သာသနာတွင် ဂုဏ်အင် ထူးလတ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို။ လဒ္ဓါန- ၁၃၄၀-ခုနှစ်တွင် ဘုန်းတော် ကံတော် သမ္ဘာတော် ထက်သန်လှသဖြင့် ဧကန္တ ရရှိတော်မူလေသောကြောင့်။ ဗုဒ္ဓဿ - ဂေါတမ မည်တွင် ဘုရားရှင်၏။ အဂ္ဂ-သာဝကော - ပြိုင်သူမပေါ် အကျော်အဂ္ဂ သာဝက ဖြစ်တော် မူပေသော။ သာရိပုတ္တော ဝ - လကျာတော်ရံ ဌာနန္တရ ဘွဲ့ထူးရသခင် အရှင်သာရိပုတ္တရာထေရ်မဟာကဲ့သို့။ အဘဝိ- လောက သာသနာ နှစ်ဖြာကျက်သရေ လက်လက်ဝေအောင် အထွေထွေဂုဏ်ရောင် စိန်တောင်တရဖည် ဖြစ်တော် မူခဲ့ပါပြီ ဘုရား။

ထေရံ ပူဇေမိ တောယ၊ သာသနဿ သိရိန္ဓရံ။
ပုညေနာ ဟံ သိရိံ ယာမိ၊ နိဿိရိကမ္မက္ခယံ။

အဟံ - ဆရာတော်ဘုရားကြီး၏ တပည့်ရင်းစစ် ဧကန်ဖြစ်သော 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့ရသည့် မထေရ် ငါသည်။ ကောယ – ကျေးဇူးရှင်ဖြစ်စဉ် ညွန်းလတ် အတ္ထုပ္ပတ်ဖြင့်။ သာသနဿ – အံ့ဖွယ်ရှစ်ဖြာ သာသနာတော်၏။ ဌိတိရိန္တရံ – ကျက်ရေကို ဆောင်တော်မူပေတတ်သော။ မထေရံ – ပွင့်လှသိမ်ကုန်း ဇနတန္နန်း လယ်မာ ထယ်ဝါတိန်းညီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို။ ပူဇေမိ-ညွတ်ပျောင်းမာန်လျော့ ကန်တော့ပါ၏ ဘုရား။ အဟံ – ကောသလ္လမည် ခေါ် တပည့်တော်သည်။ ပုညေန - ထေရုပ္ပတ္တိ အကျဉ်းစကား ရေးသားပြုစု မြတ်ကောင်းမှုကြောင့်။ နိဿရိကဓမ္မက္ခယံ - ကျက်သရေမဆောင် တရားအပေါင်း၏ ကုန်ကြောင်းကုန်ရာ ဖြစ်လှပါသော။ သိဝံ - ကျက်သရေဓာတ် အရပ်ရပ်တို့ မပြတ်စုဆု မဟာနေရဗန် မြန်နိဗ္ဗာန်သို့။ ယာမိ - မုချမသွေ ရောက်ရပါစေသတည်း။ [၁]

## ဩဝါဒ မပြတ် ပေး၍ သာသနာပြု

'အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု' ကျေးဇူးရှင် ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီးသည် တိုက်တာ သံဃာ, ဂိုဏ်းဝင်သံဃာတော်တို့အားအခွင့် အခါ သင့်သည်အား လျော်စွာ ဆုံးမဩဝါဒပေးတော်မူ၍ သာသနာပြုတော်မူသည်။ ယင်းဩဝါဒများအနက် မကြာ မကြာ မိန့်ကြားလေ့ရှိသော ဩဝါဒမှာ အောက်ပါ ၄ - ဂါထာပါဌ် နှင့် မြန်မာပြန် ဖြစ်သည်။

## ဩဝါဒတော် ၄–ဂါထာ နှင့် မြန်မာပြန်

(၁) ဒုလ္လဘံ သာသနံ လောကေ၊ အနုဋ္ဌံ ဇိနမာပိတံ။
အနုဋ္ဌံ ဟိ အနုဋ္ဌေသုံ၊ သဗ္ဗကာလံ ပတိဋ္ဌတိ။

တပည့်တို့– ဘုရားရှင် သာသနာတော်သည် ရခဲကြုံခဲသော ဒုလ္လဘ ဖြစ်၏။ ကုဋေကုဋာ မရေသာအောင် လှန်စွာလည်း အဖိုးတန်သည်၊ အဖိုးတန်၍ မျိုးမှန်သော သာသနာသည် အဖိုးတန်၍ မျိုးမှန်သူများ၌သာလျှင် အခါ ခပ်သိမ်း တည်နိုင်သည်။ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာ တည်သကဲ့သို့တည်း။ တပည့်တို့လည်း အဖိုးတန်၍ အမျိုးမှန်သူများ ဖြစ်အောင် သိက္ခာ သုံးပါးကို မပြတ်ကြိုးစားအပ်သည်။

---

၁။ ထေရုပ္ပတ္တိ အကျဉ်းချုပ် နိဂုံးလာ အရှင်ကောသလ္လ၏ ဂါထာပါဌ် နိဿယ ဖြစ်သည်။

( ၂ ) အာပဇ္ဇန္တာ ပိ အာကုလံ၊ အပ္ပဋ္ဌါ နိရယေ မုဂ္ဂါ။
သံသာရတော န မုစ္စန္တိ၊ မဟာဝဋ္ဋ ဘယဋ္ဋိတာ။

တပည့်တို့—သာသနာ့ပြင်ပ အာစာရမျိုး အကျင့်ဆိုးကို ကျင့်ရိုး ရှိကြကုန်သော အဖိုးမတန် မျိုးမမှန်သူတို့သည် ချမ်းသာကင်းစဲ ပါယ်ငရဲ၌ နစ်မြုပ်ကြကုန်လျက် ဘေးအရပ်ရပ် နှိပ်စက်အပ်ကာ ဒုက္ခများစွာ သံသရာမှ မလွတ်နိုင်တော့ပေ။ ထို့ကြောင့် ကုလဒူသန, အသေသန, မိစ္ဆာဇီဝ ကို ဦးတည်၍ အာမိသဖြင့် ဖြားယောင်းကာ ရသော ပစ္စည်းလေးပါးကို မြိန်ရှက်စွာ စားသုံးပြီး ဂန္ထ, ဝိပဿနာ နှစ်ဖြာသော ဓုရကို ဘေးချ၍ သာသနာ့ပြင်ပ အလုပ်မျိုးကို လုပ်နေကြလျှင် အပါယ်နှင့် စာချုပ်ထားပြီး ဖြစ်လိမ့်မည်။ သို့ကလို မဖြစ်ရအောင် အားသစ်ကြရမည်။

( ၃ ) ဆာယာယ နိသီဒိတွာန၊ သာခံ ဆိန္ဒန္တိ သာမကာ။
သာသနေ နိသီဒိတွာန၊ မာ သာခံ ပရိဘိန္ဒထ။

တပည့်တို့—အကျင့်ဆိုးစွာ လူယုတ်မာတို့သည် သစ်ပင်ရိပ်မှာ နားပြီး အကိုင်း အခက်ကို ချိုးဖျက်တတ်ကြသည်။ ဘုရားသာသနာရိပ်၌ ချွေးသိပ်ကြသော သင်တို့သည် ကိုင်း, ခက်ပမာ သိက္ခာသုံးရပ် အကျင့်မြတ်ကို စိတ်ခေတ်မရှိ၊ အကျင့်ဆိုးဖြင့် မချိုးဖျက်မိအောင် သတိဆောင်ကြရမည်။

( ၄ ) ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
န တဿ သာခံ ဘိန္ဒေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။

တပည့်တို့—ဤသို့လျှင် အရိပ်နေနေ အခက်ချိုးချိုး ပုဂ္ဂိုလ်မျိုးကို သူ၏ ကျေးဇူး အထူးမသိ တိတ္တိအနေ အခြေယွင်းပျက် မိတ်ဖျက်တတ်သော သူဖြစ်၍ လောက, သံသရာ ယုတ်မာဆိုးရွား ဒုက္ခများကို ခံစားရမည့် လူပါပများသာ ဖြစ်ကြရပေမည်။ ထို့ကြောင့် သာသနာ့ကျေးဇူးကို အထူးသိတတ် ပုဂ္ဂိုလ်မြတ် ဖြစ်အောင် ကျင့်ဆောင် ကြရမည်။

ဤသည်လျှင် ပွင့်လှသိမ်ကုန်း ဆရာတော် ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းတော် ကမြွက်ကည်း။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖေါ်ပြပါ ဂုဏ်အပေါင်းတို့နှင့် ကုံလုံပြည့်ဝတော်မူသော 'အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး အရှင်တိက္ခမဟာထေရ်သည် သက်တော် ၉၈-နှစ် သိက္ခာတော်

၇၉-ဝါရှိရာ ၁၃၄၂-ခုနှစ် ကဆုန်လဆန်း ၁၁-ရက်နေ့ နံနက် ၉-နာရီ၊ မိနစ် ၃၀-တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သံဝေဂ ယူရန်

သန္ဓေဇာတိ၊ တဖန်ညို့ရှိ၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ် မတ်မတ်မားမား၊ ဖြစ်ပြန်များသော်၊ သုံးပါးအရွယ်၊ အလယ် အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီဆင်သင့်၊ အဆင့်ဆင့် လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏ သန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ငြိုး၍၊ အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၍၊ လေး အင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နီးနွယ်ရုံး စည်း၊ တလုံးတည်းလျှင်၊ ကြီးကြီး ငယ်ငယ်၊ အရွယ်မထောက်၊ အချိန် ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊ ဇရာမရဏ- စွမ်းရည် တည်း။

## ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိသန္ဒီပနီ အပြီးသတ်ခြင်း

'အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ပြည်မြို့ ပွင့်လှသိမ်ကုန်း သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်တိက္ခ မဟာထေရ်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကား များလှ၏၊ အကျွန်ုပ် ပြည့်စုံ ကုန်စင်အောင် မဖော်ထုတ်နိုင်ပါ။ ဤ အမြွက်မျှ ဖော်ပြအပ်ပြီးသော စကားရပ်ဖြင့်ပင် အတော်အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် တခန်းရပ် လက်စသတ် လိုက်ပါပြီ။

ဘဒန္တတိက္ခဘေရဿ၊ ဂုဏာခန္ဓော မဟာ ဟိ ခေါ။
ဣမိဿံ သန္ဒီပနိယံ၊ မုခမတ္တနိဒဿနံ။

—

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒန်းရွာ
ပိဋကတ်တိုက်ကျောင်း ဆရာတော်ဘုရားကြီး
အရှင်ကောသလ္လ မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အိုသူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီ စာတော်ဖတ်....အသင်စာတော်ဖတ်သည်'အဂ္ဂမဟာပဏ္ဍိတ,အဘိဓဇမဟာရဋ္ဌဂုရု'ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒန်းရွာ ပိဋကတ်တိုက်ကျောင်း သက်ကော်ရှည် ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရား ကိန်းဝပ်သော စိတ်ဖြင့် ကြည့်ရှုလေ့လာရာ၏။


## မွန်လူမျိုးများအပြင် ကရင်,ပအို့,မြန်မာ,ရှမ်း စသည့် တိုင်းရင်းသားတို့ ရှင်ပျော်ပျို့ရာ မွန်ပြည်နယ်

မွန်ပြည်နယ်သည် တနင်္သာရီကမ်းမြောင်ဒေသ၏ မြောက်ပိုင်း တပိုင်းလုံးဖြစ်၏။ ယင်းဒေသသည် ယခင်က တနင်္သာရီတိုင်းအတွင်း ပါဝင်ခဲ့ပြီး ၁၉၇၄-ခုနှစ် ဇန္နဝါရီလ ၃-ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို ပြဋ္ဌာန်းအတည်ပြုပြီး တိုင်း နှင့် ပြည်နယ်များ အသစ်တဖန် ပြန်လည်ဖွဲ့စည်းသောအခါ မွန်ပြည်နယ် ဟူ၍ ထီးထီးမားမားပေါ်ပေါက် လာလေသည်။ မွန်ပြည်နယ်ကို မြို့နယ် ၁၀-နယ် နှင့် ကျေးရွာအုပ်စု ၄၄၃-အုပ်စုတို့ဖြင့် ဖွဲ့စည်းထား၏၊ မြို့နယ်များမှာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ချောင်းဆုံ၊ ရေး၊ ပေါင်၊ ကျိုက်ထို၊ ဘီးလင်း နှင့် သထုံတို့ဖြစ်သည်။ မွန်ပြည်နယ်၏ မြို့တော်မှာ မြန်မာနိုင်ငံ၌ တတိယအကြီးဆုံးဖြစ်သော မော်လမြိုင်မြို့ ဖြစ်သည်၊ မွန်ပြည်နယ် အကျယ်အဝန်းမှာ ၄,၇၄၈-စတုရန်းမိုင် ရှိသည်၊ လူဦးရေမှာ ၁-သန်း ၃-သိန်းကျော် ရှိ၏၊ မွန်လူမျိုးများအပြင် ကရင်, ပအို့, မြန်မာ, ရှမ်း စသည့် တိုင်းရင်းသားများ နေထိုင်လျက် ရှိကြ၏။

မွန်ဝှယပဒေသော နာမ၊ ဝိသာလော ဝိတ္ထိန္နော ဟိ ခေါ၊
မွန်ပဘုတိ နာနာဇနာ၊ ဝသိံသု တတ္ထ ဘူမိယံ။

## ချောင်းဆုံမြို့ နှင့် ချောင်းဆုံမြို့နယ်

ချောင်းဆုံမြို့သည် မြန်မာနိုင်ငံ အောက်ပိုင်း မွန်ပြည်နယ် အတွင်းတွင် ပါဝင် ထင်ရှားသည့် ဘီလူးကျွန်း တကျွန်းလုံး အပါအဝင် ဖြစ်သော



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒုန်းရွာ ပိဋကတ်တိုက်ကျောင်း
**ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ အား**
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် က
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပုံ။

ချောင်းဆုံမြို့နယ်၏ ရုံးစိုက်ရာလည်း ဖြစ်၏၊ ရှေးအခါက စည်ကားလှသော ရွာတန်းရှည်ကြီး ဖြစ်ခဲ့သည်။ ချောင်းဆုံမြို့၌ ပါတီ ကောင်စီရုံးကြီးများ, ရဲဌာန, စာပို့တိုက်, ဆေးရုံ, စျေး နှင့် နိုင်ငံတော် အထက်တန်းကျောင်းကြီးများလည်း ရှိ၏၊ ဗုဒ္ဓဘာသာဝင်တို့ ဦးခိုက်ရာ စေတီပုထိုးများ, ရဟန်းသံဃာတော်တို့ သီတင်းသုံးရာကျောင်းတိုက်များလည်း ရှိသည်၊ ချောင်းဆုံမြို့၌ ကန်အလယ်တွင် တင့်တယ်စွာ တည်ရှိသော ရေသိမ်လည်း ရှိ၏၊ ချောင်းဆုံမြို့နယ်သည်လည်း ကျယ်ဝန်းသည်၊ စတုရန်းမိုင် ၂၄၅၇- ဖြစ်သည်။ စပါးစိုက်ပျိုးသော ဧရိယာမှာ စတုရန်း မိုင် ၁၉၀- သာ ဖြစ်သည်။ သို့ရာတွင် မြေဩဇာ ထက်သန် ကောင်းမွန်၍ မြန်မာနိုင်ငံတွင် အကောင်းဆုံး ဆန်စပါး ထွက်ရာ မြို့နယ် ဖြစ်၏၊ အအေး အပူလည်း ညီမျှ၍ ရာသီဥတုလည်း ကောင်းမွန်သည်။

ချောင်းဆုံတိ သုဒေသော နာမ၊ နာနာဇနေဟိ သေဝိတော။
ဩဇဝါ့ဧညသမ္ပန္နော၊ သမသီတဥဏှော အဟု။

## ထူးခြားသော ချောင်းဆုံမြို့နယ်

ဖော်ပြပါ ချောင်းဆုံမြို့နယ်၌ အခြား 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပေါ်ထွန်းဘူးသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့ ပန်းဘဲတန်းမင်းကျောင်း ဆရာတော်ဘုရားကြီး 'အရှင်ပဏ္ဍိစ္စ' မဟာထေရ်သည် ချောင်းဆုံမြို့နယ် ကလဒိုးရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ 'ဦးသီလဝန္တ' သည်လည်း ချောင်းဆုံမြို့နယ် ကိုးနက်ကျေးရွာ၌ ကြီးပွားသာသနာ ပြုတော်မူသည့် သာသနာ့ဝန်ဆောင် ဆရာတော်တပါး ဖြစ်တော်မူသည်။

၁၃၁၂-ခုနှစ်က "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိပြီး ယခု တဖန် ၁၃၄၀-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည့် ဆရာတော် 'အရှင်ကောသလ္လ မဟာထေရ်' သည်လည်း ချောင်းဆုံမြို့နယ် ဇာတိ ဖြစ်လေရာ ချောင်းဆုံ နယ်ကား မွန်ပြည်နယ်၌ ထူးခြားသည့် နယ်ပယ် ဖြစ်ကြောင်း သိသာသည်။

## မုဒွန်းရွာကြီး

မုဒွန်းရွာကြီးကား ချောင်းဆုံမြို့နယ်တွင် ထင်ရှားသော ရွာကြီး ဖြစ်သည်။ ပါတီ, ကောင်စီရုံး, ဆေးပေးဌာန, အိမ်စျေးဆိုင်များ, နိုင်ငံတော် အစိုးရ

မူလတန်းကျောင်း, အလယ်တန်းကျောင်း, ပိဋကတ်ကျောင်းတိုက် အတွင်းရှိ အစိုးရအထက်တန်းကျောင်းကြီး စသည်တို့ဖြင့် စည်ကားသည့် ရွာကြီး တရွာ ဖြစ်သည်။ ရွာကြီးဟု ဆိုသော်လည်း မြို့ငယ် တမြို့ဟု အသိအမှတ်ပြု ခေါ်ဝေါ် သမုတ်ပညတ်ထိုက်သော ရွာကြီးပင် ဖြစ်လေသည်။

ချောင်းဆုံပုရပဒေသမှိ၊ မုဒ္ဒန်းတိ ဝိချာတော ဘဝိ။
မဟာဂါမော သံဝသထော၊ နာနာဇနနိသေဝိတော။

## ကျောင်းဒါယကာ ဦးသာအေး, ကျောင်း ဒါယိကာမ ဒေါ်စစ်

ဖော်ပြပါ တင့်တယ် ပွားစီး မုဒ္ဒန်းရွာကြီး၌ ဒါန – စသည် ပါရမီကို ကြာရှည်ဆည်းပူး ဂုဏ်ရောင်မြူးသည့် ကျောင်းဒါယကာကြီး ဦးသာအေး နှင့် ကျောင်း ဒါယိကာမကြီး ဒေါ်စစ်တို့သည် လူတို့ ဘာသာဘာဝ သမ္မာ အာဇီဝမှုဖြင့် အသက်မွေး နေထိုင် ကြကုန်၏။

ဦးသာအေး ဃရသာမိ စ၊ ဒေါ်စစ်တိ ဃရသာမိနီ။
သမ္မာ တေ အာဇီဝေနေဝ၊ ဥဘော ဝေ ဇီဝန္တိ ကရိုံ။

## ထူးမြတ်စွာလှ သီတင်းကျွတ်လ

တုရာသီ သီတင်းကျွတ်လ သည်ကား ထူးခြားသည့် လများ ဥဿုဂ္ဂ လမြတ် ဖြစ်၏။ ဘုရားမြတ်စွာသည် တာဝတိံသာ နတ်ပြည်မှ မယ်တော် နတ်သား အမှူးထား၍ ဧကြာဝဋ္ဋာ တိုက်တသောင်းမှ ရောက်လာ ခညောင်း နတ်ဗြဟ္မာ ပေါင်း ကုဋေရှစ်ဆယ်တို့အား အဘိဓမ္မာ ၇–ကျမ်း တရားအမြိုက်ကို တိုက် ကျွေးတော်မူပြီး မြ, ရွှေ, ငွေ လျှမ်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ရပ် နယ်ခွင် ဆင်း ကြွတော်မူခဲ့သည်ကို အာရုံပြု၍ မီးစောင်းတန်း, မီးမြင့်မိုရ် စသည် ညှိထွန်း၍ ဘုရားဇိနော်အား ပူဇော်ရာ လလည်း ဖြစ်၏။

ယင်း သီတင်းကျွတ်လရာသီမှာ ကြာဖြူ, ကြာနီ, ကြာညို, ကြာပုဏ္ဍရိက်, ကြာပဒုမာ ငါးဖြာသော ကြာမျိုးတို့ ကားကားစွင့်စွင့် ပွင့်ကုန်၏။ ရဟန်း သာမဏေတို့ လပြည့်ကျော် ၁–ရက်မှ စ၍ ဝါကျွတ်ပြီ ဖြစ်သဖြင့် ဆရာ သမား သက်တော် ဝါတော်ကြီး ထေရမြောက်ပြီး ဆရာတော်, သံဃာတော် ကြီးတို့အား ပူဇော် ကန်တော့ရာ လလည်း ဖြစ်၏။

ဖော်ပြပါ သီတင်းကျွတ် လပြည့်နေ့မှာ ရဟန်းတော်များ မဟာပဝါရဏာ ပွဲကြီးကို ကျင်းပတော်မူမြဲ ဖြစ်၏။ ရဟန်းသံဃာတော်မြတ်တို့ မဟာပဝါ– ရဏာပြုပြီး ဟိုဟို ဒီဒီ အလိုရှိရာ အရပ်သို့ ကွန့်ချီ ကြွမြန်းရာ လလည်း ဖြစ်သည်။

ဖော်ပြပါ သီတင်းကျွတ်လနှင့် စပ်၍ အောက်ပါ ဆယ့်နှစ်ရာသီဖွဲ့ဂါထာ များကို မှတ်သားရာ၏။

ဝဿိကေ အဿယုဇမှိ၊ ဝိကသန္တိ အနေကဓာ။
ပဒုမာဒိဒကဇာနိ၊ ပုပ္ဖာနိ မနုညာနိ ဝါ။

မဟာပဒီပ ပန္တိဟိ၊ သကလ မြန်မာ့ဘူတလေ။
ပူဇေန္တိ လောကဂ္ဂနာထံ၊ သာဓဝေါ သောဂတာ ဇနာ။

တပေါဓနာ ဝိစရန္တိ၊ ဝဿံ ဝုဋ္ဌာ ဒိသောဒိသံ။
သာဓဝေါ ဒါန သောဏ္ဍာ စ၊ သီတာယန္တိ သုခန္တိ စ။[၁]

သူတော် ဦးမင်းကလည်း သီတင်းကျွတ်လနှင့် စပ်၍ -

ကြာ ငါးမည် ကြိုင်သင်းလို့၊ လှံ့ဝင်းတဲ့ ပြောင်တိမ်။
ရွှေနန်းတောင်တော်ဦးမှာ၊ ကနုမြူးမြင့်မိုရ်မီး ညီးတဲ့ခါချိန်။
ရှိဦးယိမ်နိမ်၊ သုံးကြိမ်ရှိပျောင်း။
သက္ကစ္စာဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ နွဲ့ကြပေတော်ငြား။[၂]

ဟူ၍ သဖြန်ကဗျာဖြင့် ဖွဲ့ဆို ချီးမွမ်းခဲ့လေသည်။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

"အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု" မုဒ္ဒန်းဆရာတော် ဘုရားကြီး လောင်းလျာသည် ဖော်ပြပါ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒန်းရွာ ခမည်း တော် ကျောင်းဒါယကာ ဦးသာအေး, မယ်တော် ဒေါ်စစ်တို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် ထူးမြတ်သည့် သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ တနင်းလာ နေ့ နံနက်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ လေသည်။

သုန္ဒရေ မာသသေဋ္ဌမှိ၊ သုန္ဒရေ ဒိဝသေ ဟိ ဝေ။
သုန္ဒရေ သမယေ ယော၊ ဝိဇာယိ ပုရိသုတ္တမော၊

## ဆရာတော်နာမည် မောင်ဇင္ဍပန်း

ဆရာတော်လောင်းလျာ သူငယ်၏ နာမည်မှာ မောင်ငွေပန်း ဖြစ်သည်။ ဦးသာအေး, ဒေါ်စစ်တို့၌ သား ၅-ယောက် သမီး ၄-ယောက်ထွန်းကားရ ဆရာတော်လောင်းလျာသည် သားဦးဖြစ်သည်။ ယင်းသို့ သားဦးဖြစ်သည့်ပြင် ယောက်ျားမြတ်တို့၏ ကြံအင်လက္ခဏာနှင့် ပြည့်စုံလေရာ မိဖ ဉာတိတို့က

---

၁။ ဆယ့်နှစ်လရာသီဖွဲ့ ပါဠိနိဿယကျမ်း၊ ၁၉-၂၀- ၂၁-ဂါထာများ၊
၂။ ဆယ့်နှစ်လရာသီဖွဲ့ ပေါင်းချုပ်၊ နှာ—၉၀။

ဝမ်းမြောက် ပျော်ရွှင်စွာ မောင်ငွေပန်း ဟူ၍ နေ့သင့် နံသင့် မှည့်ခေါ် ကြခြင်း ဖြစ်သည်။

မောင်ငွေပန်းဣတိ ကန္တမ္ပိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမ္ပိ တေ စ သန္ဓာယ၊ မာတာပိတာဒိဉာတယော။

## ပညာသင်ကြားစေကြခြင်း

" လက်ဦးဆရာ မည့်ထိုက်စွာ မာတာပိတာ မိ နှင့် ဖ "ဟူသည်နှင့် အညီ အဖဖြစ်သူ ဦးသာအေးနှင့် မိခင်ဖြစ်သူ ဒေါ်စစ်တို့သည် မိမိရင်သွေး သား ကလေး မောင်ငွေပန်းအား နမော တဿ ဘုရားရှိခိုး, ဩကာသ ဘုရားရှိခိုး စ်သည်များကို ရှေးဦးစွာ သင်ကြားပေးကြပြီး ၇ - နှစ် သား အရွယ်တွင် မုဒ္ဒန်းရွာ ကျောင်းဟောင်း ပဌမ ဆရာတော် အရှင်တေဇဝန္တထံ အပ်နှံ ညောသင်ကြားစေကြကုန်၏။

အတ္တနာ သိက္ခာပေတ္ဝာန၊ ဗျတ္တံ ထေရကုံရံ ဥဘော။
ပရိဝေဏေ နိယျာတေတွာ၊ ပစ္ဆာ သိက္ခာပယုံ ဟိ ခေါ။

## ဆရာတော် အရှင်သုဝဏ္ဏမဟာထေရ်

မုဒ္ဒန်းရွာ ကျောင်းဟောင်း၌ ဒုတိယမြောက် ဆက်ခံ အုပ်ချုပ် သာသနာ ပြုတော်မူသောမထေရ်မြတ်ကား ဆရာတော် အရှင်သုဝဏ္ဏ ဖြစ်သည်။ဆရာတော် အရှင်သုဝဏ္ဏကား—

" ရဟန်းကိစ္စ နှစ်ဝူရ၌ လုံ့လအားသည်း ဟိတ်
ဟန်နည်း၍ ပစ္စည်းမသို စိတ်မတို ခင်ပျို ကြီးပွား
ကြောင်း "

ဟူသည်နှင့် အညီ ပရိယတ်, ပဋိပတ် ဓုရ ၂- ရပ်ကို အပတ်တကုတ် အား ထုတ်သည့်အပြင် လုံ့လဝီရိယနှင့် ပြည့်စုံခြင်း, ဟိတ်ဟန်နည်းပါးခြင်း, ပစ္စည်း မသိုခြင်း စသည်တို့ကြောင့် ရပ်ရွာ၌ ကြီးပွား တိုးတက်အောင်မြင်မှု ရရှိနေသည့် ကျောင်းထိုင်ဆရာတော် ဖြစ်သည်။

ဘဒန္တသုဝဏ္ဏော နာမ၊ သုဝဏ္ဏဝဏ္ဏသာသနေ။
ဓုရေ သော ဥယျုတ္တော ဟုတွာ၊ သမ္ဘုဒ္ဓ သာသနန္ဓရော။

## ဆရာတော်လောင်းလျာ သာမဏေဝတ်ပြီ

ဆရာတော်လောင်းလျာ မောင်ငွေပန်းသည် ၁၀ - နှစ် အရွယ် ရှိရာ သက္ကရာဇ် ၁၂၅၈ - ခုနှစ် သီတင်းကျွတ်လဆုတ် ၁၄ - ရက်နေ့တွင် ခမည်း

တော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဖော်ပြပါ မုဒ္ဒန်းကျောင်းဟောင်း ဒုတိယမြောက် ဆရာတော် အရှင်သုဝဏ္ဏ မဟာထေရ်၏ စက်ရိပ်ဝယ် သာဝိတ္တိ အဖွဲ့ နှစ်ဆယ့် လေးသွယ် စလွယ်သိုင်းခြုံ မဟာသရဏဂုံနှင့် တကွ ဆယ်ပုံ သီလ နိစ္စမြဲထွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ ရခဲလှပေ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ သာမဏေဘွဲ့ ရှင်ဂုဏ ဖြစ် လေသည်။

ဥပဇ္ဈံ သော ကရိတွာန၊ သုဝဏ္ဏံ သုဝဏ္ဏံ ဝိဒုံ။
အလဘိ သာမဏေရတ္တံ၊ ဒုလ္လဘံ ဗုဒ္ဓသာသနေ။

## သာမဏေသိက္ခာ လုံခြုံစွာ စောင့်ထိန်း

ဆရာတော်လောင်းလျာ ရှင်ဂုဏသည်—
"ဒသသီ ဆယ်ပါး ဘုရားမှာပါဌ်၊ ရှင်ကျင့်ဝတ်ကို
စောင့်ကြပ်မြဲထွေ ညီလှစေ "ဟူသော ဆုံးမစာနှင့် အညီ ရှေးရှေး ဘဝအနန္တက ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရကြောင့် ရရှိခဲ့သော သာမဏေအဖြစ်ကို လွန်စွာချစ်မြတ်နိုး တန်ဘိုးထားကာ ဆယ်ဖြာသောသီလကို လုံခြုံစွာ စောင့်ထိန်းနေထိုင်တော်မူ၍ ဘုရားရှင် ရွှေစိတ်တော်ကို နှစ်သိမ့်စေ တော်မူခဲ့လေသည်။

သိက္ခာ သုပရိပူရေတွာ ဒုလ္လဘေ ဇိနသာသနေ။
ဓုရံ သော ဓာရယိတွာန၊ သမ္ဗုဒ္ဓစိတ္တတောသယိ။

## ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခြင်း

သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၆၇-ခုနှစ် တပို့တွဲလဆန်း ၁၅- ရက် ကြာသပတေးနေ့တွင် ကသော့်ကျေးရွာ ကျောင်းကြီးကျောင်း ခဏ္ဍသိမ် တော်၌ ကညော့်ကျေးရွာ ကျောင်းကြီးကျောင်းဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒကမ္မ မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေ သည်။

ဥပဇ္ဈာယံ ကရိတွာန၊ ဂဏိန္ဒံ ဂဏပုင်္ဂဝံ။
ဒုလ္လဘံ အလဘိ ဓီရော၊ သုဓီရဇိနသာသနေ။

## အရှင်သီလဝန္တ အဂ္ဂမဟာပဏ္ဍိတ မဟာထေရ်စသူတို့ ကမ္မဝါဖတ် ချီးမြှောက်ကြ

ယင်းသို့ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရုလောင်းလျာ အရှင် ကောသလ္လ မဟာထေရ် ရဟန်းခံစဉ်က ရွာလွတ်ကျောင်းကြီးဆရာတော်,

မုနိုင်းကျောင်း ဆရာတော်,ဘိုးနက်ကျေးရွာ ရာမည ကျောင်းတိုက် ဦးသီလဝန္တ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အစ ရှိသော ဇေရ်ကျော်မဟတ် ပုဂ္ဂိုလ်မြတ်တို့ ဆယ်ရပ်သော ဗျဉ္ဇနဗုဒ္ဓိ စောင်းကြိုးကိုညှိသကဲ့သို့ ထိမိမှန်ကန် ကရိုဏ်း နှင့် ပယတ်, ဌာန်တို့ကို မလွန် မယုတ်ရအောင် ကမ္မဝါစာ ဖတ်ရွက် ချီးမြှောက်တော်မူကြကုန်၏။

တဒါ ဟိ ဝိနယာ စာရ – ယုတ္တာ သပ္ပညာ ကောဝိဒါ။
ထေရကုံရံ အနုဂ္ဂဟုံ၊ ထေရာ ထိရေသုံ သဏ္ဌိတာ။

## ရှင်ဂုဏ မှ အရှင်ကောသလ္လ

ဥပဇ္ဈာယ် ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးက ရဟန်းခံ အပြီး ဩဝါဒ, အနုသာသနီများ မြွက်ကြားတော်မူ၍ ဦးပဥ္စင်းသစ် မင်းဘွဲ့ နဂိုက ဂုဏကို ကောသလ္လ လို့ ပြောင်းလိုက်ကြစို့၊ ကောသလ္လ ဆိုတဲ့ ဘွဲ့ဟာ ကောင်းပါတယ်၊ဦးပဥ္စင်းရဲ့ ကိုယ်အမူရာ, နှုတ် အမူရာနဲ့လဲ ကိုက်ညီတယ်၊ မင်းဘွဲ့ကို ကောသလ္လဟု မှတ်ပေတော့ ဟူ၍ သိမ်အတွင်းရှိ သံဃာပေါရယ် များအလယ်တွင် မူလ ဂုဏဟူသော နာမည်ကို ပယ်ဖျောက်၍ အရှင်ကောသလ္လ ဟူသော ဘွဲ့ကို ချီးမြှင့် မှည့်ခေါ်တော်မူလေသည်။


မူလနာမံ အပနေတွာ၊ ကောသလ္လနာမ မဂ္ဂဟိ။
ဥပဇ္ဈာယော ထေရသေဋ္ဌော၊ သေဋ္ဌတ္တံ ဉတ္တန္တော သုဓိ။

## စာပေပရိယတ္တိ ဆည်းပူး သင်ကြားတော်မူခြင်း

ဆရာတော်လောင်းလျာသည် ငယ်စဉ်က စ၍ မုဒ္ဒန်းရွာ ကျောင်းဟောင်း ပဌမ ဆရာတော် အရှင်တေဇဝန္တ မဟာထေရ်, ဒုတိယ ဆရာတော် အရှင်သုဝဏ္ဏ မဟာထေရ်, ဇာသပြင် ရွာမကျောင်းကြီး စာချ ဆရာတော် အရှင်တေဇဝန္တ, ဘီလူးကျွန်း ဘိုးနက်ကျေးရွာ ရာမည ကျောင်းတိုက် (ယခုအခေါ် တိုက်ကျောင်း) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်တေဇဝန္တ တို့ အထံ၌ သဒ္ဒါ, သင်္ဂြိုဟ်, ဋီကာကျော်, ရူပသိဒ္ဓိ, ကင်္ခါဝိတရဏီအဋ္ဌကထာ စသည်တို့မှ စ၍ ပိဋကတ်အခြေခံ ကျမ်းစာများကို—

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆည်း၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ" ဟူသည်နှင့် အညီ တပည့်ဝတ် ၅-ပါး လုံခြုံစွာ စောင့်ထိန်း ပြုစုကာ သင်ယူခဲ့လေသည်။

တေဇဝန္တာဒိသေရာနံ၊ သန္တိကေ ထိရသီလိနံ။
သိက္ခိတဗ္ဗေ သ သိက္ခိတွာ၊ တေသု ဒက္ခော ဝိဒူ အဟု။



**အဘိဓဇမဟာရဋ္ဌဂုရု မူးကွန်း ဆရာတော်ဘုရားကြီး အား**

ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် ဖူးမြင်နေပုံ။

## ဂဏန်းသင်္ချာများကို သင်ယူတော်မူခြင်း

ဆရာတော်သည် ငယ်စဉ်ကပင် ဂဏန်းဖြင့် ရေတွက်ခြင်းပညာ ဟူသော ဂဏန်းသင်္ချာကိုလည်း ငယ်စဉ်ကပင် ဝါသနာ ထုံသည်၊ သို့ဖြစ်၍ အသက်အရွယ် နုနယ်ငယ်လျစဉ်က မူလဆရာ ဖြစ်သော မုဒ္ဒန်းရွာ ကျောင်းဟောင်း ပဌမဆရာတော် အရှင်တေဇဝန္တမဟာထေရ်ထံ၌ ရှေးဟောင်း ဂဏန်းသင်္ချာ အတတ် သင်္ချာဗေဒကိုလည်း သင်ယူတော်မူခဲ့သည်။

## ဗေဒဝိဇ္ဇာ, နက္ခတ္တဝိဇ္ဇာကိုလည်း သင်ယူ

ၐင်းပြင် မူလဆရာရင်း အရှင်တေဇဝန္တ ထံ၌ပင် သင်္ကြန်တွက်နည်း, ဇာတာဖွဲ့နည်း အစရှိသော ဗေဒဝိဇ္ဇာအတတ် နှင့် ရှေးသူဟောင်းတို့ အာကာသလောကကို စိတ်ဝင်စားခဲ့ကြသည်နှင့် တူစွာ ဆရာတော်လောင်းလျာလည်း အာကာသလောကကို စိတ်ဝင်စားသဖြင့် နေ, လ, နက္ခတ်, ဂြိုဟ်တို့၏ အကြောင်း သိဖွယ်အတတ် နက္ခတ္တဗေဒ နက္ခတ္တဝိဇ္ဇာ ကိုလည်း သင်ယူတော်မူခဲ့သည်။

သင်္ချာဗေဒဉ္စ ဝေဒေ စ၊ သုနက္ခတ္တ ဝိဇ္ဇမ္ပိ စ။
သန္တိကေ တေဇဝန္တဿ၊ ဥဂ္ဂဏှိ ဥဂ္ဂဟေ ဝိဒူ။

ဆရာတော်လောင်းလျာကား—

ဝိဇ္ဇာ ဒဒါတိ ဝိနယံ၊ ဝိနယာ ယာတိ ပတ္တတံ။
ပတ္တတ္တာ ဓနံ ပပ္ပောတိ၊ ဓနာ ဓမ္မံ တတော သုခံ။ ၁

ဟူသည့် နီတိအား လျော်စွာ တတ်သင့် တတ်ရာ အတတ်ပညာက သွန်သင်မှု ဩဝါဒပညာကို ပေးနိုင်ကြောင်း၊ သိထားသည့် ဩဝါဒ အသိပညာကြောင့် အသက်မွေးဝမ်းကြောင်း ကောင်းမြတ်ဖွယ်ရာသို့ ရောက်နိုင်ကြောင်း၊ အသက်မွေးဝမ်းကြောင်း ကောင်းမြတ်ဖွယ်ရာမှ ကျက်သရေ စည်းစိမ် မြင့်မား တိုးတက်ခြင်းသို့ ရောက်နိုင်ကြောင်း၊ ကျက်သရေစည်းစိမ် မြင့်မားပါမှ သုစရိတ မြတ်ဓမ္မနှင့် ပြည့်စုံခြင်းသို့ ရောက်နိုင်ကြောင်း၊ သုစရိတမြတ်ဓမ္မနှင့် ပြည့်စုံကိုလိုမှ မဟာသုခ အမတကြင့်န်း နန်းနိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း ကောင်းစွာ မဖောက် သဘောပေါက်တော်မူခဲ့လေသည်။

## ပါဠိဂါထာ စီကုံးနည်း စသည်ကို သင်ယူခြင်း

ဆရာတော်လောင်းလျာသည် ဉာဏ်ကောင်းသည်၊ ဉာဏ်ထက်သည်၊ အရိပ်ပြ အကောင်ထင်သည့်တတ်ချင်တာတွေ များနေသည်၊ ဂါထာ အစီအကုံးလည်း

---

၁။ ကဝိဒပ္ပဏနီတိ၊ ၂၃-ဂါထာ။

အလွန်ဝါသနာပါသည်။ "ဆန္ဒောနိဒါနံ ဂါထာနံ" [၁] ဂါယတ္တီစသားဆန်းများသည် အဖွဲ့ပန္ဒ ဂါထာတို့ရဲ့ အကြောင်းဟူသော ဘုရားမြတ်စွာစကားတော် ဝါစာကို သဘောပေါက်သည်၊ သို့ဖြစ်၍ ဆန်းကျမ်းကိုလည်း ဝီရိယပုဗ္ဗင်ဖြင့် သင်ယူတော်မူခဲ့သည် "သာဟိစ္စရဟိတော ပဂုံ" အလင်္ကာကျမ်း ကဗျာကျမ်းတွေ မတတ်လျှင် သူအ္ဘံနှင့် တူသည်ကို သဘောပေါက်သဖြင့် သူဆွံ့နဲ့တူမှာကို ကြောက်အားပိုမိုတော်မူလှသည်၊ သို့ဖြစ်၍ အလင်္ကာကျမ်းကိုလည်း ဖက်ကမ်းပေါက်ရောက်တတ်မြောက်အောင်သင်ယူပြီး တဆက်ထည်းလက်တွေ့ပါဠိဂါထာ ကဗျာဖွဲ့နည်းကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သီလဝန္တမဟာထေရ်အထံ၌ သင်ယူတော်မူခဲ့လေသည်၊ ၎င်းပြင် ရှေးဟောင်းမှန်ကဗျာတေးဖွဲ့နည်း, မြန်မာရတု, ရကန်, တေးထပ်, သဖြန်ရေးနည်းစသည်တို့ကိုလည်း သင်ယူတော်မူခဲ့လေသည်။

သန္တိကေ တေဇဝန္တဿ၊ ကာဗျဗန္ဓ ဉာယမ္ပိ စ။
ဥဂ္ဂဏှိတွာ ထေရကုံရော၊ တေသု ဝိသာရဒေါ အဟု။

### ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းကြီးများကို သင်ယူတော်မူခြင်း

ပဏ္ဍိတော သုတသမ္ပန္နော၊ ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊ ဂန္တွာဗ္ဗံဝ သုတေသိနာ။ [၂]

ယတ္ထ—အကြင်အရပ်၌။သုတသမ္ပန္နော- အတွေ့အကြုံ ဗဟုဿုတနှင့် ကုံလုံလောက်ပြည့်ဝသော။ ပဏ္ဍိတော -ပညာရှိ ကဝိပုဂ္ဂိုလ်သည်။ အတ္ထိတိ - ရှိ၏ဟူ၍။ စေ သုတော-အကယ်၍ကြားသိအံ့။ စေသတိ - ဤသို့ပညာရှိ ကဝိစိုရ်ပုဂ္ဂိုလ်ရှိ၏ ဟူ၍ ကြားပါမူ။ တံ ဌာနံ— ထိုဉာဏ်ကျယ်နှံ့သိ ပညာရှိ ကဝိပုဂ္ဂိုလ်ရှိရာအရပ်သို့။သုတေသိနာ-သုတပွားစီ ရှာမှီးလိုလားအမျိုးကောင်းသားသည်။ မဟုဿာဟေန – သည်းထန်ပြင်းပြ ဝီရိယဖြင့်။ ဂန္တဗ္ဗံဝ – မုချဆတ်ဆတ်သွားရောက် သင်ယူအပ်သည်သာ။ ဟူသည်နှင့် အညီ-

ရဟန်းဖြစ်စ သက်တော် ၂၁-နှစ်အရွယ်တော်ခေတ်၌သာ တည်ရှိသော ရဟန်းတော် အရှင်ကောသလ္လသည် ရန်ကုန်မြို့ ကျိုက္ကစံ ရွှေကျောင်းနိကာယ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၏ ဉာဏ်ရည် ဉာဏ်သွေး စွမ်းပကားအကြောင်း၊ တောင်လုံးပြန် သုံးထပ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ နာယက ဆရာတော် အရှင်ဂန္ဓမာ၏ စာပေတတ်မြောက်ကြောင်း၊ လယ်တီ အရှင်ရာဇိန္ဒ၏ စာပေနိုင်နင်းကြောင်း၊ လယ်တီအရှင်ပဏ္ဍိတ ဉာဏစက်ချိန်ဝရဇိန်အကြောင်း

---

၁။ သံ၊ ၁၊၃၆။
၂။ ကာဗိဒပ္ပဏနီတိ။ ၇၃- ဂါထာ၊

တို့ကို ကောင်းကောင်းကြီး ကြားသိရသည်၊ သို့ဖြစ်၍ ဖော်ပြပါပုဂ္ဂိုလ်ကျော် ဆရာတော်များထံ သွားလိုစိတ်တွေ မရပ်မနား တဖွားဖွား ဆက်ကာဆက်ကာ ဖြစ်နေသည်၊ သို့ဖြစ်၍ ငယ်ဆရာရင်းများကို လျှောက်ထားပြီး ဖော်ပြပါ ရန်ကုန်မြို့ ကျိုက္ကစံ ရွှေကျောင်နိကာယပရိယတ္တိတိုက်အုပ် ဆရာတော် နှင့် ပုဇွန် တောင် တောင်လုံးပြန်တိုက် သုံးထပ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ နာယက ဆရာတော် အရှင်ဂန္ဓမာ, လယ်တီ အရှင်ရာဇိန္ဒ, လယ်တီ အရှင်ပဏ္ဍိတတို့ ထံတွင် သက်တော် ၂၁ - မှ စ၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို ကြိုးပမ်း အားသစ် သင်ယူတော်မူခဲ့လေသည်။

ကျိုက္ကစံ ထေရသေဋ္ဌာ၊ ဂန္ဓမာယတိနော ပိ စ။
ရာဇိန္ဒ ပဏ္ဍိတာနမ္ပိ၊ သန္တိကေ ဥဂ္ဂဏှိ သုဓီ။

## ပိဋကတ်ကျမ်းအဆူဆူ၌ သရဖူဆောင်း တက်မြောက်ပြီ

ယင်းသို့ဖြင့် မနားမနေ တအားဖွေ၍ သင်ယူတော်မူခြင်းကြောင့် အဂ္ဂ မဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ ရဟန်းတော် အရှင်ကောသလ္လ သည် ပိဋကတ် ၃-ပုံ ပါဠိ, အဋ္ဌကထာ, ဋီကာ ဥဿုံ အလုံးစုံသော ကျမ်း အဆူဆူ၌ သရဖူဆောင်း တတ်မြောက်တော်မူခဲ့လေသည်။

ဝီရိယံ ပဂ္ဂဟေ ကတွာ၊ ကောသလ္လော ကုသလေ ရတော။
သိက္ခိတွာ နေကဂန္ထေသု၊ ပါရဂူ ကုသလော ဝိဒူ။

## ဘိုးနက်ကျေးရွာ၌ သီတင်းသုံး စာချခဲ့

ထိုခေတ်က ဘီလူးကျွန်း ဘိုးနက်ကျေးရွာ ရာမညကျောင်းတိုက်ကြီးကား စာသင်သား ရဟန်း, သာမဏေ များစွာတို့၏ သက်နှီးရောင် ပြောင်ပြောင် ဝင်း လင်းထိန်နေသည်၊ ရဟန်း, သာမဏေတို့၏ ဖတ်ရွတ်ခြင်း ကွေးခြင်း, ဆန့်ခြင်း တို့ကြောင့်ဖြစ်သော လေတို့ဖြင့် ထက်ဝန်းကျင်တိုက်ခတ်ရလည်းဖြစ်၏၊ ရာမည ကျောင်းတိုက်မှာ မြို့ကြီးများရှိ စာသင်တိုက် တမျှ ဖြစ်၏။

ရာမညအာရာမော သော ဟိ၊ ဘိုးနက်ဂါမေ မနောရမေ။
ကူသိဝါတပရိဝါတော၊ ကာသာဝပဇ္ဇောတော ဟိ ခေါ။

ဆရာတော်လောင်းလျာသည် ဖော်ပြပါ ဘီလူးကျွန်း ဘိုးနက်ရွာ ရာမညကျောင်းတိုက်ကြီး၌ သာမဏေ ၁၈-နှစ်သား အရွယ်မှ စ၍ ရဟန်းသိက္ခာ

၂- ဝ ါခန့် အထိ ရဟန်း, သာမဏေတို့အား စာပေချပို့ သာသနာပြုတော်မူခဲ့သည်။

## ကလောကော့သော့ကျေးရွာ ရှမ်းကျောင်းကြီး

ကလောကော့သော့ကျေးရွာရှမ်းကျောင်းကြီး၌လည်းထိုစဉ်က သံဃာတွေ အလွန်စည်သည်၊ကိုယ်တော်မြတ်တို့၏ စာအံသံ တကျောင်းတိုက်လုံးညံနေသည်။ ရွာသူ ရွာသားတို့လည်း အလွန်လျှင်ရိုးသားကြသည်၊ သဒ္ဓါတရားလည်း ကောင်းကြ၏၊ ရဟန်း, သာမဏေတို့၏ စာအံသံကို ကြားရလျှင် ရွာသူ ရွာသားတွေ ပျားသကာလို နားဝင် ချိုကြ၏၊ ဆရာတော်လောင်းလျာသည် ဖော်ပြပါ ကလောကော့သော့ရွာ ရှမ်းကျောင်းကြီး၌သည်း ဒုတိယ စာချဖြစ်၍ ၈-နှစ်တိုင် စာပေ ချပို့တော် မူခဲ့လေသည်။

ဥဘယေသု အာရာမေသု၊ ဝသိတွာ ကုသလော ဝိဒူ၊။
ကောသလ္လော ကောသလ္လတ္ထာယ၊ သိဿာနံ ဝါစနံ အကာ။

## မွန်ပရိယတ္တိ စာသင်တိုက် ဖွင့်လှစ်တည်ထောင်ခြင်း

ဆရာတော်လောင်းလျာသည် အလောင်းတော် ဇနက အလား ဝီရိယ ဓာတ် ကြီးမားတော် မူသည်။ သက္ကရာဇ် ၁၂၈၀ - ပြည့်နှစ်တွင် မုဒ္ဒုန်း ကျေးရွာ ကျောင်းဟောင်း၌ မွန်ပရိယတ္တိ စာသင်တိုက်ကို ဖွင့်လှစ်၍ ကွပ်ကဲအုပ်ချုပ် စာပေပို့ချ သာသနာရေး အားပေးတော် မူခဲ့လေသည်။

မွန်ပရိယတ္တိဌာနမ္ဟိ၊ ပတိဋ္ဌာပေသိ ဗုဒ္ဓိမာ။
မွန်ယတီနံ ဟိတတ္ထာယ၊ သာသနဿ ဘိဝုဒ္ဓိယာ။

## ပိဋကတ်တိုက်ကျောင်း ပရိယတ္တိစာသင်တိုက် တည်ထောင်ခြင်း

သက္ကရာဇ် ၁၂၈၃ - ခုနှစ် ယင်း မုဒ္ဒုန်းရွာ၌ပင် ပိဋကတ်တိုက်ကျောင်း ပရိယတ္တိစာသင်တိုက်ကို တည်ထောင် ဖွင့်လှစ်၍ စာသင်သား ရဟန်း, သာမဏေ တို့ကို အုပ်ချုပ်ကွပ်ကဲ စာပွဲသဘင် မစဲ ဆင်ယင်၍ ဘုရားမြတ်စွာ သာသနာ တိုးတက်စည်ပင်ရေးကို အားပေးဆောင်ရွက်တော် မူခဲ့လေသည်။

ဝိဇ္ဇာလယမ္ဟိ မာပေတွာ၊ ဝိဒူ ပေဋကပါဠိဂေ၊။
ပါလေတွာ ဗဟဝေါ သောတု-ဇနေ ဓမ္မေန နံဂ္ဂဟိ။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒ္ဒွန်းရွာ၊ ပိဋကတ်တိုက်ကျောင်း

ဆရာတော် ဘဒ္ဒန္တကောသလ္လ

သက်တော် ၉၂-နှစ်၊ သိက္ခာတော် ၇၃-ဝါ

## ဒါယကာ, ဒါယိကာမတို့အား ယဉ်ကျေးအောင် ဟောပြော

ဆရာတော်ဘုရားကြီးသည် ဒါယကာ, ဒါယိကာမ တို့အားလည်း—

"မကောင်းမြစ်ထား၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာဘူး ထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ"[၁]

ဟူသည်နှင့် အညီ မကောင်းမှု ပြုခြင်းမှ တားမြစ်ခြင်း၊ ကောင်းကြောင်း ကောင်းရာကို လမ်းခင်းညွှန်ကြားခြင်း၊ အသစ်အသစ်သော တရားဓမ္မ တို့ကို ဟောပြခြင်း၊ နာဘူးပြီး တရားများကိုပင် ပိုမို မှတ်မိအောင် ထပ်မံ၍ ဟော ပြောဆုံးမခြင်း၊ နတ်ထံ လူ့ ရပ် ရောက်ကြောင်း တရားကောင်းတို့ကို ဟော၍ နတ်ပြည် လူ့ပြည်ခရီး နိဗ္ဗာန်ကို ညွှန်ပြခြင်း၊ မေတ္တာရေစင် ထာဝစဉ် သွန်းဖျန်း ခြင်း—ဟူသော ဒကာ, ဒကာမတို့ အပေါ် ရဟန်းတော်တို့ ကျင့်ဝတ်တရား များကို ကျင့်ဆောင်တော်မူ၍လည်း မိမိ ဝတ္တရားကို လိုလေသည့် မရှိအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ဂဟဋ္ဌေ ဓမ္မမေဃေန၊ အဘိသိဉ္စိ အနေကဓာ။
ဓီမာ သုဓီ ကဝိဗျတ္တော၊ ဥဘယကိစ္စကာရကော။

ဆရာတော်သည်—

ကဝိဟေရညကာ ကတွာ၊ ဥတ္တတ္တံ သတ္တကဥ္စနံ။
ဘူသနံ ဂဏ္ဌ ပဇ္ဇာဒိံ၊ ကရောန္တိ စ မနောဟရံ။[၂]

ဣဓ - ဤလောက၌။ ကဝိဟေရညကာ- ပညာရှိ ကဝိတင်မည် ရွှေပန်းထိမ် သည်တို့သည်။ သတ္တကဥ္စနံ-စာပေကျမ်းဂန်ဟူသည့် ရွှေထည်ကို။ ဥတ္တတ္တံ- ရှူ၍ မငြိုး လျှော်ပြီး ဥပြီးသည်ကို။ ကတွာ- ပြုကြကုန်၍။ မနောဟရံ- ပညာရှိတို့ စိတ်နှလုံးကို ယူကြုံးဆွဲဆောင် နိုင်သော။ ဂဏ္ဌ ပဇ္ဇာဒိံ ဘူသနံ- စုံဏ္ဏိယဂါထာ အဖွဲ့အနွဲ့ အစရှိသော တန်ဆာကို။ ကရောန္တိ- ပညာရှိကဝိ ပန်းထိမ်သည်တို့ ပီပီ စီရင်ပြုလုပ်ကြကုန်၏။ ဟူသည်နှင့် ကဝိ ကဝိန် သုခမိန် ပုဂ္ဂိုလ်ကြီး ဖြစ် သည့် အလျောက် အောက်ပါ ကျမ်းစာများကို ပြုစီရင်တော်မူခဲ့လေသည်။

(၁) ကင်္ခါဒီအဋ္ဌကထာ နိဿယ၊
(၂) ရူပသိဒ္ဓိ နိဿယ၊

---

၁။ သိင်္ဂါလောဝါဒ ဆုံးမစာ။ ၁၁ - ပိုဒ်။
၂။ ကဝိဒပ္ပဏ နီတိ၊ ၆—ဂါထာ။

( ၃ ) သုတ်သီလက္ခန်ပါဠိတော် နိဿယ၊
( ၄ ) ကထာဝတ္ထုပါဠိတော် နိဿယ၊
( ၅ ) ပုဂ္ဂလပညတ်ပါဠိတော် နိဿယ၊
( ၆ ) ဋီကာကျော် နိဿယ၊
( ၇ ) ဆန်း နိဿယ၊
( ၈ ) အလင်္ကာ နိဿယ၊
( ၉ ) သဒ္ဒါငယ် နိဿယ၊
( ၁၀ ) ဥပါသကောဝါဒ ကထာ၊
( ၁၁ ) အလင်္ကာရတ္ထ ဒီပနီ။
( ၁၂ ) ဂိုဏ်း ၉ – ဂိုဏ်း ဂါထာ ဗန္ဓ (မှန်ကဗျာ)၊
( ၁၃ ) ဥပါသကာ ပုစ္ဆာဝိဿဇ္ဇနာ၊
( ၁၄ ) မဂ္ဂင် ဒီပနီ၊

ဖော်ပြပါ ကျမ်းပေါင်း ၁၄– ကျမ်းအနက် အမှတ် ၁- မှ အမှတ် ၉- အထိ ကျမ်းများမှာ မှန်ဘာသာနိဿယများဖြစ်သည်ဟု ဆရာတော်၏ ၁၃၁၂- ခုထုတ် အဂ္ဂမဟာပဏ္ဍိတ အတ္ထုပ္ပတ္တိ၌ ဖော်ပြထား၏။

## သာသနာရေး ဆောင်ရွက်ချက်များ

ဆရာတော်ဘုရားကြီးသည်–

( ၁ ) သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ နာယက ဆရာတော် တာဝန်၊
( ၂ ) ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ဝင် တာဝန်၊
( ၃ ) ဆဋ္ဌသံဂီတိကာရက တာဝန်၊
( ၄ ) ဆဋ္ဌသံဂါယနာဩဝါဒါစရိယ တာဝန်၊
( ၅ ) တော်ကနာဂိုဏ်းချုပ် ဂဏပါမောက္ခ တာဝန်၊
( ၆ ) သာသနာ့သန့်ရှင်း ပြန့်ပွားရေး ဩဝါဒါစရိယ တာဝန်၊
( ၇ ) မြန်မာပြည်လုံးဆိုင်ရာ မှန် မဟာသံဃအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်၊
( ၈ ) မှန်သံဃာ ဓမ္မာစရိယအဖွဲ့ချုပ် ဥက္ကဋ္ဌ တာဝန်၊
( ၉ ) ဘီလူးကျွန်း နယ်လုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ တာဝန်၊

(၁၀) ၁၃၁၅- ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါဠိပညာရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်—
စသည်တို့ကိုလည်း အဂတိတရားလေး ပါးသို့ မလားမရောက်ပဲ တည့်တည့်မတ်မတ် ဆောင်ရွက်တော်မူခဲ့လေသည်။

## အခြံအရံ အကျော်အစော တိုးတက်ခဲ့

ယင်းသို့ တာဝန်အသီးသီးတို့ကို အဂတိတရား မလားမရောက်ပါပဲ ဆောင်ရွက်တော်မူသဖြင့် ဆရာတော် အရှင်ကောသလ္လမဟာထေရ်၏ အခြံအရံ အကျော်အစောသည်-

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေ ဝ စန္ဒိမာ။[၁]

ဟူသည်နှင့် အညီ လဆန်းပက္ခတွင် ပေါ်ထွန်းထွက်ပြူ ဥဒီမူလာသည့် ငွေသော်တာ လမင်းအလား တနေ့တခြား တိုးပွားခဲ့လေသည်။

## လောကအကျိုး စွမ်းစွမ်းတမံ သည်ပိုး ဆောင်ရွက်ခြင်း

ဆရာတော်ဘုရားကြီးသည် လောက အကျိုးကိုလည်း စွမ်းစွမ်း တမံ ဆောင်ရွက်တော် မူခဲ့သည်။

မုဒ္ဒွန်းကျေးရွာကြီးနေသူ လူပုဂ္ဂိုလ်များ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမခြင်း၊

မုဒ္ဒွန်းကျေးရွာမှ ဒေါင်းဥကျေးရွာအထိ လမ်းမကြီးကို ဦးစီး ဖောက်လုပ်ပေးခြင်း၊

မုဒ္ဒွန်းကျေးရွာ ပိဋကတ်ကျောင်းတိုက်၌ အစိုးရအထက်တန်းကျောင်းကြီး ရရှိ ပွင့်လင်းအောင် ဆောင်ရွက်တော်မူခြင်း၊

ဂျပန်ခေတ်တွင် သံဖြူဇရပ်မှ ဒုက္ခရောက်၍ ပြန်လာကြသော တိုင်းရင်းသားဒုက္ခသည် ၃၀၀-ကျော် တို့အား မိမိကျောင်းတိုက်အတွင်း ကိုယ်တိုင် ပြုစု စောင့်ရှောက်ပေးတော် မူခဲ့ခြင်း၊

မော်လမြိုင်မြို့တွင် မွန် ယဉ်ကျေးမှုပြတိုက်ကြီး ပေါ်ပေါက်အောင် ဆောင်ရွက်တော်မူခြင်း၊

နယ် ရွာ လူထု ကျန်းမာရေးအတွက် အောပ်မင်္ဂလာသိဒ္ဓိဆေးပေးခန်းတခု ပေါ်ပေါက်အောင် ဆောင်ရွက်ခြင်း စသည်တို့မှာ ဆရာတော်ဘုရားကြီး၏ ထင်ရှားသော လူထု အကျိုးဆောင် လုပ်ငန်းများ ဖြစ်လေသည်။

---

၁။ ဓိ၊ ၅။ ၂၉၆၊ ( ပရိဝါရပါဠိ၊ မဟာသင်္ဂါမ )၊

ဗဟူနံ ဝတ အတ္တာယ၊ ဥပ္ပဇ္ဇိ ထေရ သောခရော။
ဒီဝေသာ ပုဂ္ဂလော လောကေ၊ ကေဒါဝ ဥပ္ပဇ္ဇိ ခေါ။


## အတုယူဖွယ်ရာ လုပ်ဆောင်ချက်

လူထု အကျိုးဆောင် လုပ်ငန်းများကို ပြုလုပ်ရွက်ဆောင်ရာတွင် ဆရာတော်သည် တဦး တယောက်သော ပုဂ္ဂိုလ်၏ တိုက်တွန်းစေခိုင်းချက်ကြောင့် မလွှဲသာ မရှောင်သာ လုပ်ဆောင်ခြင်းမျိုး မဟုတ်ပဲ ကိုယ်တိုင် အကျိုးအပြစ်ကို စိစစ် ဆင်ခြင်တော်မူ၍ တီထွင် ဆောင်ရွက်တော် မူခြင်းဖြစ်သည်။ မုဒ္ဒုန်းကျေးရွာကြီး လူအများ လိမ္မာယဉ်ကျေးအောင် ဆုံးမ ပဲ့ပြင် သွန်သင်နည်းပေးတော်မူခဲ့သည်မှာ နည်းနာနယ ပရိယာယ်ကြွယ်ဝ၍ အားကျအတုယူဖွယ် ကောင်းလှသည်။

မုဒ္ဒုန်းရွာကြီးသည် ဆရာတော် မဆောင်ရွက်မီ ရှေးက လူဆိုး လူမိုက်များပေါများ၍ ထိန်းမနိုင် သိမ်းမရအောင် ပျက်စီးသော မင်းမနိုင်ရွာကြီး တရွာဖြစ်လေသည်။ တလလျှင် ၅-ကြိမ်ထက်မနည်း အငြင်းပွါး အချင်းများခဲ့ကြသည်။ ရွာအတွင်း၌ လောင်းကစားပွဲ မျိုးစုံ ရှိသည်။ ရံခါ မုဒ္ဒုန်းနှင့် ကညော်ရွာ နှစ်ရွာ ချိန်းရိုက်ကြသည်။ နောက်ဆုံး အထက်အာဏာပိုင်တွေက မုဒ္ဒုန်းရွာကြီးကို ရွာပျက်ကြီး စာရင်းသွင်း၍ ဝရမ်း ထုတ်ထားရလောက်အောင် အခြေအနေ ဆိုးခဲ့သည်။ ဤမျှလောက် အခြေဆိုး အနေဆိုး ရောက်နေသော မုဒ္ဒုန်းရွာကြီးကို ဘုရားရှင် ချမှတ်ပေးတော်မူသည့် သာသနာ့ထုံးနည်းဖြင့် စံမှီး ပြုပြင်ရာ၌ အရိုးခံ ဟောပြောဆုံးမသည့် နည်းကိုသာ အသုံးမပြုပဲ နည်းပရိယာယ်အသွယ်သွယ်တို့နှင့် ယှဉ်ပြီး အောင်မြင်အောင် ကျင့်သုံး ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် အထက် အာဏာပိုင်များနှင့် တိုင်ပင်၍ သတ္တိ, ဗျတ္တိ, ဇွဲလုံ့လ ရှိ၍ ခန့်ညား ထယ်ဝါ အသံဩဇာနှင့် ပြည့်စုံပြီး နယ်သူ ရပ်သားလူအများတို့ ကြောက်ရွံ့ လေးစားသော "ဦးစိန်ဘီလူး" ဆိုသူ ဒါယကာတယောက်ကို ရွာသူကြီး အဖြစ် ခန့်အပ်စေတော် မူသည်။ ဤသို့ ရွာသူကြီးအဖြစ် ခန့်အပ် စေတော်မူပြီးနောက် တအိမ်လျှင် အိမ်စောင့် တယောက်သာချန်၍ အိမ်လုံးကျွတ် သူကြီးအိမ်သို့ မလာမနေရ အမြန်လာရမည်ဟု အမိန့်ထုတ် မောင်းထုခေါ် စေတော်မူပြီး ယနေ့ညမှစ၍ ကျောင်းဟောင်းသို့ တရားတော်နာ ကြွရောက်ကြရန် ဦးစိန်ဘီလူးအား ဆော်ဩ နှိုးဆော်စေသည်။

ဆရာတော်သည် ဦးစိန်ဘီလူး ဆော်ဩနှိုးဆော်ချက်ရ မိမိထံမှောက် ရောက်ရှိလာသော ရွာသူ ရွာသား တပည့်အများတို့အား စည်းလုံးညီညွတ်ရေး, ပညာရေး, ကြီးပွါးရေးတို့နှင့် စပ်သော မင်္ဂလာ တရားတော်များကို ဝတ္ထုသာဓက အတွေ့အကြုံ ဗဟုသုတတို့ဖြင့် ကိုးကား ထုတ်ဖော်၍ ဟောကြား



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒုန်းရွာ ပိဋကတ်တိုက်ကျောင်း
**ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ မဟာထေရ် အဘိဓဇမဟာရဋ္ဌဂုရု**
ဘွဲ့တံဆိပ်တော် အလှူခံပြီး ကြွလှမ်းတော်မူပုံ။

ဆိုးမတော်မူပြီး နက်ဖန်ညမှာ အထူးခြားဆုံးတရားကို ဟောမည်ဟု သတင်းကောင်းပေးတော်မူလိုက်သည်။

ဆရာတော် သတင်းပေးချက်အရ နောက်တနေ့ည ရောက်လာကြသောအခါ ရှေးဦးစွာ ဆုံးမစကား မိန့်ကြားတော်မူ၍ အရက်သေစာ သောက်စား၊ လောင်းကစားတတ်သူတို့အား ပရိသတ်အလယ်မှာပင် နာမည်ကို ခေါ်တော်မူပြီး "ဒါယကာလေး မောင်ဖြူ....ဒါယကာလေးအနေနဲ့ မူးယစ် သောက်စား လောင်းကစားလာတာ ရက်ပေါင်း လပေါင်း နှစ်ပေါင်း ကြာညောင်းလှလေပြီ၊ အဲဒီအလုပ်ကို ဘုန်းကြီးအား မလျှော့နိုင်ဘူးလား" ဟူ၍ မေးမြန်းတော်မူသည်။ ထိုအခါ မောင်ဖြူအတွက် အဖြေရခက်ပြီး မအီမသာ ဖြစ်နေစဉ်မှာပင် ရွာသူကြီး ဦးစိန်ဘိလူးက ထပ်ဆင့် နှိုးဆော် တိုက်တွန်းလိုက် ပြန်ရာ စေတနာမပါသော်လည်း လက်မှတ်ထိုး၍ လျှော့ဒါန်းရသည့်အဖြစ်မျိုးသို့ ရောက်စေခဲ့လေသည်။

"ကျွန်တော် မောင်ဖြူသည် ဤယနေ့မှ အစပြု၍ ၃ – လအတွင်း၌ မူးယစ် သောက်စားခြင်း နှင့် လောင်းကစားခြင်း မျိုးစုံကိုပါ ဆရာတော်ဘုရားအား ကပ်လှူပါသည်ဘုရား" ဟူ၍ နှုတ်ကလည်း ၃ – ကြိမ် ဆိုရလေသည်။ ကျန် ဒါယကာ, ဒါယိကာမများတို့ကလည်း သာဓုခေါ်ကြရသည်။

ဤနည်းဖြင့် ရေးထိုးပြီးသော ကိုယ်တိုင် လက်မှတ်များကို တလလျှင် ၄ - ကြိမ်ကျ အရေးပိုင်ရုံးသို့ တင်ပို့ ပေးလေသည်။ ၃ - လအတွင်းမှာပင် မုဒ္ဒန်းရွာကြီး၌ လူဆိုး လူမိုက်များ ကင်းရှင်း၍ လူလိမ္မာ စာရင်းဝင်များ ဖြစ်လာကြသည်။

## ဂုဏ်ထူးဆောင်လက်မှတ် အလှူခံ ရရှိတော်မူခြင်း

ဤသို့သော ထူးချွန်သော ဆောင်ရွက်ချက်တို့ကြောင့် ဘုရင်ခံ ဂါဗာနာမင်းကြီးကိုယ်တိုင် ဆရာတော်၏ လုပ်ဆောင်ချက်တို့ကို အားရ ကျေနပ် အလေးအမြတ် ပြုပါသဖြင့် ခရစ်သက္ကရာဇ် ၁၉၁၉ – ခုနှစ် မြန်မာ သက္ကရာဇ် ၁၂၈၁ – ခုနှစ်တွင် ရွှေတံဆိပ် နှင့် ဂုဏ်ထူးဆောင် လက်မှတ်တော်ကို အလှူခံ ရရှိတော် မူခဲ့လေသည်။

ထေရဿ ကိစ္စမာဂမ္မ၊ တဒါ ဟိ မင်္ဂလိဿရော။
သဿုဝဏ္ဏလဉ္ဆနေန၊၊ ထုတိပတ္တေန ပူဇယိ။

### ထိုမျှသာ မကသေး

ဆရာတော်ကား ထူးခြားသည့် ဝီရိယပိုင်ရှင်သာတည်း။ မုဒ္ဒန်းကျေးရွာမှ ဒေါင်းဥကျေးရွာအထိ လမ်းမကိုလည်း ဦးစီး၍ ဖောက်လုပ်တော် မူခဲ့သည်။

ယင်းသို့ လုပ်ဆောင်ရန်မှာ သာယာ ဇဝ်ဓိရိယ, သြဇာ ကောင်းရုံနှင့် မဖြစ်နိုင်ပါချေ။ အတိုဆုံး လမ်းခရီးဖြစ်အောင် ဖောက်လုပ်ရမှာပင် ၂ -မိုင်ကျော် ၃ – မိုင်ခန့်ထိ ရှည်လျားလေသည်။ ဆရာတော်သည် လမ်းပုံမှစ၍ ကိုယ်တော်တိုင် ရေးဆွဲတော်မူပြီး ချိုးနွယ် ပိတ်ပေါင်းစသည်များကို ရှင်းစေလျက် နေ့လရက် အနည်းငယ်အတွင်း၌ ပြီးစီးအောင် ဖောက်လုပ်စေတော်မူခဲ့သည်။ ယင်းသို့ ဦးဆောင် ဖောက်လုပ်စေခြင်း၏ အကြောင်းရင်း ရည်ရွယ်ချက်မှာ - တပည့် ဒါယကာ, ဒါယိကာမများ သွားလာပို့ဆောင်မှု လွယ်ကူစေရန် – လွယ်ကူ၍ လူမှုရေး စီးပွားရေးဖက်တွင် ဖွံ့ဖြိုး တိုးတက်လာကြစေရန် ဖြစ်သည်။

ဤမျှသာမကသေး မုဒ္ဒန်းရွာမှ ချောင်းဆုံသွားလမ်းကိုလည်း လမ်းကျယ်လမ်းမကြီးဖြစ်အောင် တလဖြင့်အပြီး ဆရာတော် ဦးစီး၍ လုပ်ဆောင်ပေးတော်မူခဲ့လေသည်။

## ဒုတိယအကြိမ် ရွှေတံဆိပ် နှင့် ဂုဏ်ထူးဆောင် အလှူခံရရှိခြင်း

ယင်းသို့သော ထူးခြားသော ပရဟိတ လုပ်ဆောင်ချက်တို့ကြောင့် ဘုရင်ခံ ဂါဗာနာမင်းကြီးကိုယ်တိုင် အလေးအမြတ်ထား၍ ခရစ်သက္ကရာဇ် ၁၉၂၉ - ခုနှစ် မြန်မာ သက္ကရာဇ် ၁၂၉၁ - ခုနှစ်တွင် ရွှေတံဆိပ် နှင့် ဂုဏ်ထူးဆောင် လက်မှတ်တော်ကို ဒုတိယအကြိမ် ထပ်မံ အလှူခံ ရရှိတော် မူခဲ့လေသည်။

ထေရဿ ကိစ္စမာဂမ္မ၊ ဒုတိယံ မင္ဂလိဿရော။
သသုဝဏ္ဏလဒ္ဓနေန၊ ထုတိပတ္တေန ပူဇယိ။

## ဒေါသ၏ အပြစ်ပြုပုံ နှင့် မေတ္တာ၏ အကျိုးပြုပုံ

ဆရာတော်သည် ဒေါသ၏ အပြစ်ပြုပုံ နှင့် မေတ္တာ၏ အကျိုးပြုပုံ မိန့်ကြားတော်မူချက်မှာ အောက်ပါအတိုင်း မှတ်သားဖွယ် ကောင်းလှသည်။

“ဘယ်လိုကိစ္စမှာမဆို ဒေါသထွက်နေတဲ့သူဟာ အတွေးအခေါ် မှန်ကန်နိုင်မှာမဟုတ်ဘူး၊ အနည်းငယ်မျှသော ကိစ္စကလေးကို ဒေါသ အရှိန်ကြောင့် အကြီးအကျယ်တွေးပြီး အပြောနဲ့အလုပ် မှားတတ်တယ်။

ဒေါသထွက်နေတဲ့အခါ ဒေါသထွက်နေမှန်းတောင် မသိတဲ့အဖြစ်ရောက်ပြီး ဆိုးတဲ့အာရုံနောက်ကို လိုက်ကာလိုက်ကာ သာ၍သာ၍ ဆိုးဝါးလာတဲ့အခါ ပျက်စီးခြင်းနဲ့ အဆုံး သတ်ရတယ်။ ပုထုဇဉ်မှန်သမျှ ဒေါသ ရှိတဲ့သူချည်းဖြစ်တယ်၊ ဒါပေမဲ့ အမျက်ဒေါသကို ဝုန်းကနဲ မထွက်စေပဲ အောင့်ထားနိုင်လျှင် ကိုယ့်မှာ အမှားနည်းပြီး အနိုင်ရနိုင်တယ်။

ကိုယ့်အမှားကို ကိုယ်မမြင်ပဲ ဒေါသ ပြင်းပြင်းနဲ့ ဇွတ်အတင်း ပြောနေလုပ်နေတဲ့သူအတွက် သူ့ဒေါသနဲ့ သူ့အမှားကပဲ သူ့ကို တွန်းချ ပျက်စီးစေလိမ့်မယ်။

ဒေါသမှာ ချမ်းသာ မရှိ၊ မေတ္တာမှာသာ ချမ်းသာ ရှိတယ်၊ ဒါကြောင့် ကိုယ့်အဘွက် ဖြစ်စေ သူတပါးအတွက် ဖြစ်စေ ချမ်းသာကို အလိုရှိလျှင် ဒေါသနဲ့ မရင်းနှီးပဲ မေတ္တာနဲ့သာ ရင်းနှီးရမယ် ” ဟူ၍ မိန့်ကြားတော်မူသည်။

## ဒေါသနည်းပါးသော ဆရာတော်

ဤစာပြုသူသည် ဤအဋ္ဌုပ္ပတ္တိအရှင် မုဒ္ဒန်း ဆရာတော်ဘုရားကြီး အပါအဝင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၁၀-ပါးတို့ကို ကိုယ်တိုင် ကိုယ်ကြပ် ဖူးမြင်ဘူးပါသည်။ မုဒ္ဒန်း ဆရာတော်ဘုရားကြီးမှာ ထာဝစဉ် ရွှင်ရွှင် ပျပျ ကြည်ကြည် လင်လင် နေတော်မူသည့် အသွင်ကို ဆောင်သည်ကို ဖူးတွေ့ရပါသည်။ ယင်းသို့ ရွှင်ရွှင်ပျပျ နေတော်မူတတ်သဖြင့် ယခု သက်တော် ၉၂-နှစ် ရှိသည်တိုင်အောင် ကျန်းမာပကတိ ချမ်းသာစွာ ရှိတော်မူလေသည်။

ထေရဿ ရူပကာယော ဟိ၊ သဒ္ဒါ ပသာဒေါ ဟိ ခေါ။
သဒ္ဒါ သောမနဿေန၊ သံယုတော လက္ခဏော ဘဝေ။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

မုဒ္ဒန်းရွာ ဆရာတော်ဘုရားကြီး အရှင်ကောသလ္လမဟာထေရ်သည် ဖော်ပြပါ သာသနာအကျိုး, လောကအကျိုးတို့ကို သည်ပိုးရွက်ဆောင်တော်မူခြင်း, သီလဂုဏ်, သိက္ခာကာမ အစရှိသော ဂုဏ်တော် အဝဝတို့နှင့် ပြည့်စုံခြင်းကြောင့် သက္ကရာဇ် ၁၃၁၂-ခုနှစ်တွင် ထိုစဉ်က အုပ်ချုပ်သည့် ပဌမဆုံး အကြိမ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရတို့ လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်၊

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနာပိ၊
ပူဇေသုံ မြန်မာဘူပါလာ၊ ပူဇိ ယေန သုသံ သုတံ၊

## မုဒ္ဒုန်းဆရာတော် နှင့် အခြား ဆရာတော် ၂ ပါး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် အလှူခံရရှိ

ထိုသည့် ၁၃၁၂ - ခုနှစ် ဖော်ပြပါ ကျေးဇူးရှင် မုဒ္ဒုန်းဆရာတော်ဘုရားကြီး နှင့် အတူ ၁၂၄၅ – ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၄ - ခုနှစ်တွင် ပျံလွန်တော်မူသော မန္တလေးမြို့ အနောက်ပြင် ပတ္တမြားတိုက် ပတ္တမြား ဆရာတော် ဘုရားကြီး အရှင်ဇာဂရမဟာထေရ်၊ ၁၂၆၁ - ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၉ - ခုနှစ်တွင် ပျံလွန်တော်မူသော ကျန်းဂန်ပေါင်း ၆၀ – ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော အမရပူရမြို့ ဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ တို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူကြကုန်၏။

ထေရေန သဟ အညေပိ၊ ထေရိန္ဒာ သတ္တကောဝိဒါ။
မဟာပဏ္ဍိတောပါဓိနာ၊ မြန်မာ့ရညာ သုပူဇိတာ။


## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

ဤသို့ ဖော်ပြခဲ့သည့်အတိုင်း ငယ်စဉ်ကစ ယခု သက်တော်ရှည် မဟာထေရ် အရွယ်တော် တိုင်အောင် သာသနာအကျိုး, လောကကျိုး တို့ကို သည်ပိုး ဆောင်ရွက်တော်မူခြင်း, သီလဝန္တ, သိက္ခာကာမ ဂုဏ်နှင့်ပြည့်စုံခြင်း, အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း အစရှိသော ဂုဏ်တို့ကြောင့် မုဒ္ဒုန်းဆရာတော်ဘုရားကြီးသည် ၁၃၄၀ -ပြည့်နှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဘိဓဇမဟာရဋ္ဌ — ဂရုပါဓိဝရေနာ ပိ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ မုဒ္ဒုန်းသုထေရပုင်္ဂံ။

## ပူဇော်ပွဲ ဂုဏ်ပြုပွဲများ ကျင်းပခြင်း

ဖော်ပြပါ မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် မုဒ္ဒုန်းရွာ၏ ကျက် သရေဆောင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ရ သက်တော်ရှည် အရှင် ကောသလ္လ ဆရာတော် ဘုရားကြီးကို ၁၃၄၀ - ခုနှစ် တန်ခူးလပြည့်နေ့တွင် မုဒ္ဒုန်းကျေးရွာ၌ ခမ်းနားစွာ ပူဇော်ပွဲ ကျင်းပ၍ ပူဇော် ကန်တော့ကြကုန်၏။



စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
**ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတသီရိ အား**
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် က
"အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပုံ။

တဖန် ၁၃၄၀ - ခုနှစ် နယုန်လဆုတ် ၁ - ရက်နေ့ ညနေ ၂ - နာရီအချိန်တွင်လည်း ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း မွန် ပိဋကတ်တိုက်တွင် ရန်ကုန်မြို့ရှိ ရဟန်း, ရှင်, လူ, တပည့် ဒကာ, ဒကာမများက ခမ်းနားစွာ ပူဇော်ကန်တော့ပွဲ ကျင်းပ၍ ပူဇော် ကန်တော့ကြကုန်၏။

အနေကစာ အနေကေဟိ၊ ထေရိန္ဒံ အဘိပူဇယုံ။
မုဒ္ဒန်းဂါမေ ဓုရဒ္ဓယံ၊ ပူရေန္တံ ထေရပုင်္ဂဝံ။

## မုဒ္ဒန်းဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ရ ကျေးဇူးရှင် မုဒ္ဒန်း ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကြည်ညိုလေ့လာနိုင်ရန် စုဆောင်းရေးသား ဖော်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် လက်စသတ်လိုက်ပါပြီ။

ကောသလ္လမဟာထေရဿ၊ မုဒ္ဒန်းဂါမသုဝိဒုနော။
ဂုဏာရာသိ ဣမိဿံ ဟိ၊ မုခမတ္တ နိဒဿိတာ။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းမြို့၊စစ်ကိုင်းတောင်ရိုး၊ ရွှေဟသ်ာတိုက်သစ် ဆရာတော်ဘုရားကြီး

### အရှင်ပဏ္ဍိတသီရိ မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အို....သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီ စာတော်ဖတ်— သင် စာတော်ဖတ်သည် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းတော်ရိုး ရွှေဟသ်ာတိုက်သစ် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတသီရိ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရား ကိန်းဝပ်သော စိတ်ဖြင့် ကြည့်ရှု လေ့လာရာ၏။

## နိုင်ငံတော်၏ အသက်သွေးကြောဒေသကြီး ဟု ခေါ်ဆိုပညတ်ထိုက်သော ဧရာဝတီတိုင်း

ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အရေးပါ အရာရောက်သည့် ထွက်ကုန်ပစ္စည်းများ ထွက်ရှိ ထုတ်လုပ်ပေးလျက် ရှိလေရာ စီးပွားရေး အမြင်အရ နိုင်ငံတော်၏ အသက်သွေးကြော ဒေသကြီး ဟု ခေါ်ဆိုထိုက် လေသည်။ နိုင်ငံတော်သူ နိုင်ငံတော်သား အပေါင်းအား ငါးပိ ငါးခြောက် ငံပြာရေ အစားဆန်ရေက စ၍ လိုလေသေး မရှိ ပေးရာ, ကျွေးရာ မြစ်ဝကျွန်းပေါ် ဒေသသည် ဧရာဝတီတိုင်း ဖြစ်သည်၊ မြေပြန့်မြေကျယ် ပေါ်များ၍ မြစ်ချောင်းများလည်း ကွန်ခြာသဖွယ် ယှက်သန်းနေသည်၊ သို့ရာတွင် ရခိုင် ကမ်းမြောင် ဒေသ အောက်ပိုင်း နှင့် ရခိုင်ရိုးမ တောင်ထိပ်ကြောင့် အရှေ့ဖက်ပိုင်းတို့လည်း တစိတ်တဒေသ ပါဝင်သည်။ အနောက်ဖက် နှင့် အနောက်မြောက်ဖက်၌ ဘင်္ဂလားအော် နှင့် ရခိုင်ပြည်နယ်၊ မြောက်ဖက် နှင့် အရှေ့မြောက်ဖက်၌ ပဲခူးတိုင်း၊ အရှေ့ဖက်၌ ရန်ကုန်တိုင်းတို့ ဝိုင်းရံလျက် ရှိသည့်ပြင် တောင်ဖက်တွင် ကပ္ပလီပင်လယ်ကို အခြေပြုထား၏။ ပင်လယ်နှင့် နီးကပ်သည့်ပြင် မြေပြန့်ဒေသလည်း ဖြစ်လေရာ မိုး ကောင်းစွာ ရရှိသဖြင့် အပူ အအေး မျှတသည်။

ဧရာဝတီတိုင်း၏ အကျယ်အဝန်းမှာ ၁၃၅၆၇ - စတုရန်းမိုင် ဖြစ်၍ မြို့နယ် ၂၆ - မြို့နယ် ကျေးရွာအုပ်စု ၂၁၂၉ - အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ တိုင်းအတွင်း လူဦးရေမှာ ၄ - သန်းကျော် ဖြစ်၍ ကရင် နှင့် မြန်မာတိုင်းရင်းသားတို့သည် အများစု ဖြစ်ကုန်၏၊ တိုင်း၏ မြို့တော်မှာ ပုသိမ်မြို့ ဖြစ်သည်၊ တိုင်းအတွင်း ပါဝင်သော မြို့နယ်တို့မှာ ပုသိမ်အရှေ့, ပုသိမ်အနောက်, သာပေါင်း, ပုသိမ်, ကျုံပျော်, ရေကြည်, ကျောင်းကုန်း, ဟင်္သာတ, ဇလွန်, လေးမျက်နှာ, မြန်အောင်, ကြံခင်း, အင်္ဂပူ, မြောင်းမြ, အိမ်မဲ, လပွတ္တာ, ဝါးခယ်မ, မော်လမြိုင်ကျွန်း, မအူပင်, ပန်းတနော်, ညောင်တုန်း, ဓနုဖြူ, ဖျာပုံ, ဘိုကလေး, ကျိုက်လတ်, ဒေးဒရဲတို့ ဖြစ်ကုန်၏။

မြေဆီ မြေလွှာ မြေသြဇာ ကြွယ်ဝသော မြေနုကျွန်းပေါ်ဒေသ ဖြစ်သဖြင့် စပါး, မြေပဲ, ဂုန်လျှော်, ဆေး, ငရုပ်, ကြက်သွန်, ပဲမျိုးစုံတို့ကို စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းသည်။ အထူးသဖြင့် မြန်မာနိုင်ငံတော်၌ စပါး အထွက်အကောင်းဆုံးသော တိုင်း နှင့် ဂုံလျှော် အများဆုံး ထွက်သောတိုင်း ဖြစ်သည်။ အခြားသော ဒေသထွက်ပစ္စည်း စသည်တို့လည်း ဧရာဝတီတိုင်း၌ များစွာ ထွက်ကုန်၏။ ၎င်းပြင် တိုင်းအတွင်း၌ စက်ရုံ အလုပ်ရုံပေါင်း ၅၀ - ခန့် ရှိရာ စက်မှုလက်မှု ထွန်းကားသည့် တိုင်းလည်း ဖြစ်၏။

ရောဝတီပဒေသော နာမ၊ အတီဝ ဝိသာလော ဘဝိ။
ယန္တာလယေဟိ နေကေဟိ၊ ဓညာဒီဟိ ပိ ပူရိတော။

## ဟင်္သာတခရိုင်

အဘိဓဇမဟာရဋ္ဌဂုရုလောင်းလျှာ ဖွားမြင်ရာ လေးမျက်နှာမြို့ကား ယခင်က ဟင်္သာတခရိုင် အပါအဝင် ဖြစ်သည်။ ဖော်ပြပါ ဟင်္သာတခရိုင်ကား အလွန်ကျော်ကြားသည့် ဘွဲ့တံဆိပ်တော် ရ, မရ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင်တို့ အစဉ်အဆက် မပြတ် ပေါ်ထွန်းရာ ဒေသမွန် ဖြစ်သည်။

ပဌမကျော်အောင်, ရာဇပါမောက္ခဒီပနီ, ဓမ္မပါမောက္ခဒီပနီ, ဓမ္မသာရပါမောက္ခဒီပနီ, ပကိဏ္ဏကပါမောက္ခဒီပနီ စသည့် ကျမ်းများနှင့် ကမ္မဋ္ဌာန်းသံပေါက် တို့ကို ပြု စီရင်တော် မူခဲ့သော စစ်ကိုင်းတောင်ရိုး ထွတ်ခေါင်ဆရာတော်ဘုရားကြီး အရှင်ဉာဏဝံသသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့အနီး မြင်းကုန်းရွာ ဇာတိ ဖြစ်သည်။ [၁]

ဒွါရသာသနာကို စတင်တည်ထောင်တော်မူသော နိယာမသာရဒီပနီကျမ်း, စန္ဒမလ္လာသုက္ကနိမာနစာတမ်း, ဒွါရသင်္ဂဟစာတမ်း စသည့် ကျမ်းဂန်ပေါင်းများစွာ တို့ကို ပြု စီရင်တော်မူခဲ့သော အုတ်ဖိုဆရာတော်ဘုရားကြီး အရှင်ဥက္ကံသမာလာသည် ဟင်္သာတခရိုင် သာရဝေါမြို့မှ ၂ - မိုင်ကွာ ရွာကလေးရွာ ဇာတိ ဖြစ်သည်။ [၂]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဝဇီရူပမဝိနိစ္ဆယသာရကျမ်း စသည့် ကျမ်းဂန်ပေါင်းများစွာ တို့ကို ပြုစီရင်တော်မူခဲ့သော ဟင်္သာတမြို့ လယ်တီဆရာတော် အရှင်ရာဇိန္ဒသည် ဟင်္သာတမြို့ တာငါးဆယ်ရပ် ဇာတိ ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဓမ္မပဒဝတ္ထုတော်ကြီး -၅ -တွဲ စသည့် ကျမ်းဂန်ပေါင်း ၂၀ - ကျော်တို့ကို ပြု စီရင်တော်မူခဲ့သော ရန်ကုန်မြို့ မဟာအောင်မြေဘုံစံ ဆရာတော် အရှင်စန္ဒိမာသည် ဟင်္သာတခရိုင် မြန်အောင်မြို့ ဇာတိ ဖြစ်သည်။ [၃]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဝုတ္တောဒယမဉ္ဇရီ စသည့် ကျမ်းဂန်ပေါင်းများတို့ကို ပြု စီရင်တော်မူခဲ့သော ပြည်မြို့ ကန်တွင်းဆရာတော်အရှင်သုဘာသိတသည် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် သမ္ဘာရာတိုင်းရွာ ဇာတိ ဖြစ်သည်။ [၄]

---

၁။ အကျဉ်းစစ်ကိုင်းသာသနာဝင်ကြည့်၊ ၂။ အမရပူရသာသနာဝင်ကြည့်။
၃။ အကျယ် မန္တလေးသာသနာဝင်ကျမ်း မြောင်သာသနာဝင်ကြည့်။
၄။ သဒ္ဓရခေတ္တရာသာသနာဝင်ကြည့်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သာသနဝံသဒီပနီ, စွယ်စုံကျော်ထင်ဝိသောဓနီ စသော ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဟင်္သာတ သပြေပင်ဆရာတော် အရှင်သောဘနသည် ဟင်္သာတခရိုင် သမ္ဘရာတိုင်းရွာ ဇာတိ ဖြစ်သည်၊ ၁၂၅၅ - ခုနှစ် ဖွား၊ ၁၃၃၉ - ခုနှစ် ပျံလွန်တော်မူသည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဒွါရနိကာယသံဃနာယက ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်ကေလာသဝံသသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့အပိုင် မြစ်ကျိုးရွာ ဇာတိ ဖြစ်သည်။ [၁]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဝေဠုဝနနိကာယ မဟာနာယကဓိပတိ သထုံမြို့ စန္ဒာရုံဆရာတော် ဘုရားကြီးသည် ဟင်္သာတခရိုင် မြန်အောင်မြို့နယ် တူရွာ ဇာတိ ဖြစ်သည်။ [၂]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သာယာဝတီခရိုင် သာရဝေါတိုက်နယ် ရွာကလေးရွာ မဟာစေတျာရာမကျောင်းတိုက်ဆရာတော် အရှင်ဂုဏဝုဍ္ဎရသည် ဟင်္သာတမြို့နယ် လက်ပန်လှရွာ ဇာတိ ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဝါစ္စဝါစကာဒိကာနိဿယ, သောတာပန္နဝိနိစ္ဆယ စသော ကျမ်းတို့ကို ပြုစီရင်ခဲ့သော မန္တလေးမြို့ စကုတိုက် အလယ်တိုက်ကြီး ဆရာတော် အရှင်နန္ဒာစရိယသည် ဟင်္သာတခရိုင် မြန်အောင်မြို့အပိုင် သပြေကုန်းရွာ ဇာတိ ဖြစ်လေသည်။ [၃]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရူပဝိဓိပကာသနီ စသော ကျမ်းဂန်များကို ပြုစီရင်တော်မူခဲ့သော ဟင်္သာတမြို့ ဒက္ခိဏာရာမပိုးစားတောတိုက် ဆရာတော် အရှင်သိရိန္ဒာဘိဓဇဇောတိကသည် ဟင်္သာတမြို့ ဟင်္သာတနယ်၌ ကြီးပွားသည့် မထေရ်မြတ် ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အမရပူရမြို့ ဗားကရာတိုက် မြသိန်းတန်ဆရာတော် ဦးဉာဏုတ္တရသည် ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ရွှေကျင်ရွာ ဇာတိ ဖြစ်သည်။ [၄]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ငါးဖယ်တူ ဆရာတော် အရှင်နန္ဒိယသည်

---

၁။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်းလည်း ကြည့်၊
၂။ အကျယ် သထုံသာသနာဝင်ကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း စကုတိုက် သာသနာဝင်ကြည့်။
၄။ ၎င်းဆရာတော်သည် ၁၂၅၀ - ပြည့်နှစ်တွင် ဖွားမြင်၍ ၁၃၃၄ - ခုနှစ်တွင် ပျံလွန်တော် မူသည်၊ အမရပူရသာသနာဝင်ကြည့်။

ဟင်္သာတခရိုင် ငဖယ်တူရွာကြီး၌ စာပေချပို့ သက်ဆုံးတိုင် သီတင်းသုံးတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဤအဋ္ဌုပ္ပတ္တိသခင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီးသည်လည်း ဟင်္သာတခရိုင်၌ စွဲလာသန္ဓေ တည်နေတော်မူခဲ့လေသည်။[၁]

အင်ပူဝိနိစ္ဆယ, ပိဋကသမိုင်းကျမ်း နှင့် ထိုထိုကျမ်းစာများ၏ နိဒါန်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဟင်္သာတမြို့ စတုတ္ထ မြစ်ကွေ့ဆရာတော် အရှင်ပညာဝံသသည် ဟင်္သာတခရိုင် ကနောင်မြို့ အိုးဖိုတိုက် ပက်ထယောကြီးခေါ် ချောင်းရိုးကုန်းရွာ၌ ဖွားမြင်တော်မူသည်။ ၁၂၅၁ - ခုဖွား ၁၃၁၆ - ခုနှစ် ပျံလွန်တော်မူသည်။ ဤသို့စသည်ဖြင့် ဟင်္သာတခရိုင်, ဟင်္သာတ နယ်ပယ်သည် ဘွဲ့တံဆိပ်တော်ရ,မရ ကျမ်းဂန်ပြု သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူးတို့၏ ပေါ်ထွန်းရာ ဒေသမွန် ဖြစ်လေသည်။

ဟံသာတပဒေသော စာပိ၊ တိပေဋကသုဝိညုနံ။
သဉ္ဇာတဒေသဘာဝေန၊ ပသိဒ္ဓေါ မြန်မာ့ဘူတလေ။

## ရွှေကျင်သာသနာပိုင်အလျာ ဖွားမြင်ရာ လေးမျက်နှာမြို့

ရာဇဝတီတိုင်းအဝင်အပါ ယခင်က ဟင်္သာတခရိုင်အတွင်းဝင် လေးမျက်နှာမြို့ကလေးသည် မြို့ငယ်ကလေးဖြစ်သော်လည်း အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ ဘုရားမြတ်စွာ သာသနာ့ဝန်ဆောင် ဖွားမြင်ရာ ထူးခြားသည့် မြို့ဖြစ်လေရာ ထိပ်တန်း သာသနာ့ဝန်ဆောင်များ သမိုင်းအဋ္ဌုပ္ပတ္တိတွင် နေရာပေးရလေသည်။ လေးမျက်နှာမြို့သည် ဖော်ပြပါ ရာဇဝတီတိုင်း ( ဟင်္သာတခရိုင် ) အတွင်းရှိ လေးမျက်နှာမြို့နယ်၏ ရုံးစိုက်ရာဖြစ်သည်။ ငဝန်မြစ်၏ အနောက်ဖက် ကမ်းပေါ်တွင် တည်သဖြင့် ကုန်သွယ် စီးပွားရေးတွင် ပုသိမ်ခရိုင်နှင့် ပို၍ အဆက်အဆံများသဖြင့် ဗြိတိသျှ အုပ်စိုးစဉ်က ပုသိမ်ခရိုင်အတွင်း ပါဝင်ခဲ့သည်။ မြို့တည်ပုံမှာ တောင်မြောက် အလျားလိုက် တည်သည့် မြို့ရှည် ဖြစ်သည်။ အလျား ၃ - မိုင် ကျော်ကျော်, အနံ ၂ - ဖါလုံ ရှိကြောင်း မှန်းဆ သိနိုင်ကြသည်။

## စေတီပုထိုး ကိုးကွယ်ရာ နှင့် အစိုးရအဆောက်အဦများ

လေးမျက်နှာမြို့ တည်ရာအရပ်သည် မူလကနဦးက မွန်ဒေသ ဖြစ်၍ ဗညားဒလ မွန်ဘုရင်ခံ၏ လက်ထက်တွင် ထိုမြို့ကို မြို့ရိုး ကျုံးတို့ဖြင့် ခိုင်မာစွာ

---

၁။ ဆက်ဖတ်ရာ၏။

မြို့တမြို့ တည်ထားခဲ့၏။ အလောင်းမင်းတရားကြီး ရာမညတိုင်း မွန် ၃ - ရပ်ကို တိုက်ခိုက် သိမ်းပိုက်သည့်အခါ ထိုမြို့ ပျက်၍ တောအတိ ဖြစ်ခဲ့သည်။ ၎င်း နောက် အနှစ် ၅၀ - ခန့် အကြာတွင် "သမန္တ" အမည်ရှိသော မြန်မာ မင်း၏ ပဲ့နင်းကြီးက ရှင်းလင်း၍ စတင် တည်ခဲ့ လေသည်။ ဗုဒ္ဓဒလ၏ ကောင်းမှုဖြစ်သည့် စေတီတော် နှင့် မြို့ရိုး, ကျုံး ၄ - မျက်နှာ ပတ်လည် တွေ့ရှိ သဖြင့် လေးမျက်နှာမြို့ဟု ခေါ်တွင် စေခဲ့သည်။ မြို့နယ်၏ လူဦးရေမှာ ၆ - သောင်းအောက် မနည်းကြောင်း ခန့်မှန်းနိုင်သည်။ မြို့ပေါ်၌ လေးမျက်နှာ ဘုရားအပြင် ထူပါရုံစေတီ, တာဝတိံသာ တန်ဆောင်း နှင့် ရဟန်း သံဃာ တော်တို့ သီတင်းသုံးရာ ကျောင်းတိုက်များလည်း ရှိ၏။ ၎င်းပြင် အစိုးရ အဆောက်အဦများ ဖြစ်သည့် ပါတီ, ကောပ်စီ ရုံးကြီးများ, ဆေးရုံ, ဈေး, အစိုးရ အထက်တန်းကျောင်းကြီးများလည်း ရှိလေရာ—

စေတိယဝိဟာရာကိဏ္ဏံ၊ ပါသာဒါပဏမန္ဒိရံ။
နဂရံ ဒဿယေ ဝိဒ္ဓါ၊ ရာဇမဂ္ဂေါ ပသောဘိတံ။ [၁]

ဟူသည်နှင့် ညီစွာ မြို့အင်္ဂါ လုံလောက်သည့်မြို့ ဖြစ်လေသည်။


## လမြတ်နတ်တော်

အင်းဝခေတ်လောက်က နတ်တော်လ ဓနုရာသီတွင် မဟာပိန္နဲ နတ်ပူဇော်ပွဲ ကျင်းပရိုး ထုံးစံရှိသည်။ [၂] ယင်း နတ်တော်လကား ငွေနှင်းရည် ကျဖြန်း၍ ချမ်းအေးရာလသဲ ဖြစ်၏။ ဂမုန်းပန်း သဇင်ပန်းတွေပွင့်ရာလလဲ ဖြစ်၏။ ငွေသော် တာလပင်းနှင့် မိဂသီနက္ခတ်တို့ အပြိုင် ထွန်းပရာလလဲ ဖြစ်သည်။ ဖော်ပြပါ နတ်တော်လနှင့် စပ်၍ ဖွဲ့ဆိုထားသည့် အောက်ပါ နတ်တော်ရာဖွဲ့ ဂါထာများ ဖြင့်လည်း နတ်တော်လနှင့်စပ်၍ သိမှတ်ဖွယ်ကို မှတ်သားနိုင်လေသည်။

ဓနုရာသိမာဂသိရ - မာသေ ဟေမန္တသမ္မတေ။
သတ္တိရေသုပုဗ္ဗာသု - သဘာပိ သမ္ဘဝတ္တိတာ။
ဒေဝသမ္ဘတပုပ္ဖာနိ၊ မန္ဒညရုစိရာနိ ပိ။
ပုပ္ဖန္တိ တမှိ မာသမှိ၊ ဟိမပါတော အဟောသိ စ။
ဝိဟာယော ဟောန္တိ ပုဏ္ဏာ စ၊ ခေတ္တေသု မြန်မာ့ဘူတလေ။
မိဂသိရနက္ခတ္တမှိ၊ ဇောတေတိ အာကာသင်္ဂဏေ။ [၃]

---

၁။ ပခုက္ကူ အဘိဓာန် နိဿယသစ်။ နှာ - ၁၄၁။
၂။ အင်းဝခေတ်က ဘုရင်မင်းမြတ်တချို့တို့ နတ်တော်လဆန်း ၁၅ - ရက်နေ့ တွင်မဟာပိန္နဲနတ်ကို ရထားပေါ်တင်၍ ဗလိနတ်စာ ပေးကြကုန်၏။
၃။ ဆယ်နှစ်လရာသီဖွဲ့ပါဠိ နိဿယ။ ၂၅၊ ၂၆၊ ၂၇။



**အဘိဓမ္မမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်

**ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ**

သက်တော် ၈၆-နှစ်၊ သိက္ခာတော် ၆၆-ဝါ

ဘူတော်ဦးမင်းကလဲ —

ရှစ်ခွင့်ကို မြူဆင်းလို့၊ ငွေနှင်းတဲ့ နှစို။
ဂမုန်း သဇင်တို့၊ စုံခွင်မှာ လေချိုညှင်းက။
သုတ်သွင်းဘယ်ညာနှံ၊ သင်းပျံ့ပျံ့ချို။
ယုဂန္ဓိရ် တောင်မိုထိပ်ဖျား။
ရွှေလစန္ဒီနှင့်၊ မိဂသီရောင်ခြည်ဖျန်းတယ်၊
မြန်းတူကြွသွား။ [၁]

ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ဂမုန်းပန်း သဇင်ပန်းတွေ ဝေဝေဆာဆာပွင့်ပြီး ငွေနှင်းတွေ ရွှဲစိုစွာ ကျတတ်သည့် သက္ကရာဇ် ၁၂၅၅ - ခု နတ်တော်လဆန်း ၇ - ရက် ကြာသာပတေးနေ့ ညဉ့် ၃ - နာရီ မိနစ် ၃၀ - အချိန်တွင် အထက်ဖော်ပြပါ ပညာရှင်တို့ ပေါ်ထွန်းရာ ယခင်က ဟသ်ာတခရိုင် လေးမျက်နှာမြို့ အလယ် ရပ်၌ ကုန်သည်မျိုးဖြစ်သော ဦးကျောက်စိမ်း, ဒေါ်သော့တို့မှ အေးမြချမ်းကြည် သော ရွှေနှလုံးရည်ပိုင်ရှင် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ သည် မယ်တော်ဝမ်းကြာတိုက်မှ ဘေးမခ ရှုပတင် ပီးရှုးသန့်စင် ဖွားမြင် တော် မူခဲ့လေသည်။

မာသေ သော မာဂသိရမှိ၊ ထေရကုံရော သုဇာတိပာ။
ဝိဇာတော နိဗ္ဗယော ဟုတွာ၊ သဗ္ဗုဂ္ဂဥပေဟော ဟိ ခေါ။

ဆရာတော်နာမည် မောင်သန်း

ဆရာတော်လောင်းလျာ၏ မိဖမျာ:၌ သား သမီး ၅ - ယောက် ထွန်းလေရာ ယင်း သားသမီး ၅ - ယောက်တွင် ဆရာတော်လောင်းလျာသည် အငယ်ဆုံး ဖြစ်လေသည်။ ဆရာတော် လောင်းလျာ သတို့သား ဘူယယ်ကို ကြီးပြင်း၍ လူလားမြောက် သန်းကြွယ်ချမ်းသာမျိုကို ရည်ရွယ်ကာ ပင်လာဟိတ် အတိတ် ကောင်းယူကြပြီး မိဖညာတိတို့က မောင်သန်း ဟူ၍ မှည့်ခေါ်ကြကုန်၏။

မာတာပိတာရော ပဿန္တာ၊ ဖသာတိတံ ကုမာရံ ဝရံ။
မောင်သန်း ဣတိ နာမခေယျံ၊ ဂဏှိံသု မင်္ဂလေ သုဘော။

ဂဏန်းသင်္ချာ နှင့် ဗေဒင်ကျမ်းများကို သင်ယူခြင်း

ဆရာတော် လောင်းလျာ မောင်သန်း နုနုနယ်နယ် ကျောင်းသား အရွယ် တွင် လေးမျက်နှာမြို့ တာကြီးတန်း ဆရာဆင့် ကျောင်း၌ ပညာသင်ရန် မိဖတို့က

---

[၁] ။ ဆယ်နှစ်ရာသီဖွဲ့ ပေါင်းချုပ်။ ၉၀။

ပို့အပ်ကြသည်။ ထို့နောက် ဂဏန်းသင်္ချာပညာကို သင်ကြား စေလိုသည် တကြောင်း, ရှင်ပြုလိုသည် တကြောင်းတို့ကြောင့် ဂဏန်းသင်္ချာ အသင်အပြ ကောင်းသော မိကျောင်းရဲ အမည်ရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ထား သဖြင့် မိကျောင်းရဲကျောင်း၌ ဂဏန်းသင်္ချာနှင့် တကွ မကာရန္တပေဒင်ကို ဇာတာ ဖွဲ့တတ်သည့် အထိ သင်ယူတော်မူခဲ့သည်။

သင်္ချာသိပ္ပေ စ ဝေဒေ စ၊ ထေရကုံရော သုခီတိမာ။
သိက္ခိတွာ မဟုသာဟေန၊ တေသု ဝိသာရဒေါ အဟု။

## ရှင်သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်

ဆရာတော်လောင်းလျာ၏မိဖများဖြစ်ကြသော ဦးကျောက်စိမ်းနှင့်ဒေါ်ရွှေ သော့ တို့သည်—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ။ ၁

ဘိက္ခဝေ = ချဉ်းကပ်ခစား ရဟန်း များတို့။ တုမှေ = သင် ချစ်သား ရဟန်းတို့သည်။ ဓမ္မဒါယာဒါ = မဂ်, ဖိုလ်, နိဗ္ဗာန်တရား တည်းဟူသော ပေး အပ်သော အမွေကို ခံယူသူတို့သည်။ ဝါ — လောကုတ္တရာ ၉ - ပါး တရား အမွေခံတို့သည်။ ဘဝထ = မုချ စင်စစ် ဖြစ်ကြကုန်လော့။ အာမိသ ဒါယာဒါ= အာမိသ အမွေခံတို့သည်။ မာဘဝထ = မဖြစ်ကြကုန်လင့်။

ဓမ္မ, အာမိသ၊ ယင်းနှစ်ဝ၊ မှတ်ကြအမွေပြား။
ဓမ္မအမွေ၊ သာလွန်ပေ၊ မှတ်လေလွန်ထူးခြား။
ဓမ္မအမွေ၊ ရစေရည်သန်၊ အဖန်ဖန်၊ အမှန်သင်ကြိုးစား။

ဟူသည်နှင့်အညီဓမ္မအမွေ သာသနာ့အမွေ ရရန် ရည်သန်ကြကုန်၍ ဆရာ တော် လောင်းလျာသက်တော် ၁၄ - နှစ်သားအရွယ်တွင် ပဗ္ဗဇ္ဇမင်္ဂလာ ဆင်ယင် ကျင်းပကြပြီးလျှင်ဘုရားမြတ်စွာ သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ကြ သဖြင့် မိကျောင်းရဲကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သို့ ရောက်တော်မူကာ တနှစ် သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေ သည်။ ဘွဲ့တော် ရှင်ပဏ္ဍိတဖြစ်၏။

စုဒ္ဒသဝဿိကော သော ဟိ၊ ပတ္တော သာမဏေရတံ ဝရံ။
သာမဏေရဿ ဘာဝေန၊ ဧကံ ဝဿံ ဝသီ။

---

၁။ မူလပဏ္ဏာသပါဠိ၊ ဓမ္မဒါယာဒသုတ်။ (မ၊ ၁၊ ၁၅)။

## အကြီး, ဒေါ်ကြီးတို့က ထပ်မံရှင်ပြုကြပြန်ခြင်း

သာမဏေ၀တ်ဖြင့် တနှစ် သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့ပြီး လူထွက်၍ မိဖများနှင့်အတူ အိမ်မှာနေစဉ် ရှင်သာမဏေ၀တ်ပြီး ပိဋကတ်စာပေများ သင်ကြားလိုသောဆန္ဒ ထက်သန်စွာ ဖြစ်ပေါ်လာသဖြင့် ဘကြီး, ဒေါ်ကြီး များကို ပန်ကြားရာ မောင်သန်း မင်း တလ စဉ်းစားရမည်ဟု ဆိုသဖြင့် တလ စဉ်းစားပြီး နောက် ထပ်မံ၍ ရှင်သာမဏေ ဝတ်လိုကြောင်း ထပ်မံ ပြောကြား ခွင့် တောင်းချက်အရ ဘကြီး, ဒေါ်ကြီးတို့က ကျဉ်းကျဉ်း ထပ်မံ ရှင်ပြု ပေးကြသဖြင့် ရှင်သာမဏေ၀တ်၍ သာသနာ့ဝန်ကို ထမ်းဆောင် ခဲ့လေသည်။

ပုန သော ပဗ္ဗဇ္ဇံ ဥပ - ဂန္တွာန သုမိတိပါ။
သမ္မာပစ္စ ဝေက္ခိတွာန၊ ဇိနသာသနဘာရဓော။

## မော်လမြိုင်မြို့ ပြည်ကျောင်းဆရာတော် အရှင်ပညာသာမိ

လေးမျက်နှာမြို့ ဇာတိဖြစ်သော အရှင်ပညာသာမိသည် မော်လမြိုင်မြို့ ပရမ်းကုန်းရပ် ပြည်ကျောင်းတိုက်၌ ကျောင်းထိုင် နာယကဆရာတော်ဖြစ်၍ ရဟန်း သာမဏေ တပည့် စာသင်သားတို့အား ဗာလာဝတာ, သဒ္ဒါကြီး စသည့် ပိဋကတ် အခြေပြု ကျမ်းစာများကို ချပို့တော်မူ၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူသည်။ နောင်အခါတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် သာဓု ကျောင်းတိုက်က ပင့်သဖြင့် သာဓု ကျောင်းတိုက်ဆရာတော်အဖြစ် ထင်ရှား ခဲ့လေသည်။

ပညာသာမိသငျဈော ဟိ၊ ပညာသာမိဿ သာသနေ။
ဓုရေ သော ပူရယိတွာန၊ ဇိနသာသနဇောတကော။

## ဆရာတော်လောင်းလျာ အရှင်ပညာသာမိထံ ပညာသင်

ဆရာဖြစ်သော မိကျောင်းရဲဘုန်းကြီးသည် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရုလျောင်းလျာ သာမဏေ ရှင်ပဏ္ဍိတကို ဖော်ပြပါ မော်လမြိုင်မြို့ မရမ်းကုန်းရပ် ပြည်ကျောင်းတိုက်၌ စာပေ ပို့ချအုပ်ချုပ် သာသနာ့ဝန်ကို ထမ်းဆောင်လျက်ရှိသော အရှင်ပညာသာမိထံ လေးမျက်နှာမြို့မှ လေးမျက်နှာ ဇာတိဖြစ်သည့် စာချဘုန်းကြီး အရှင်ဝါယာမ အကြုံတွင် ပညာသင်ကြားရန် အပ်နှံလိုက်လေသည်။ သို့ဖြစ်၍ ဆရာတော်လောင်းလျာ ရှင်ပဏ္ဍိတသည် မော်လမြိုင်မြို့ ပြည်ကျောင်းတိုက် ဆရာတော် အရှင်ပညာသာမိအထံ ၂ - နှစ် သီတင်းသုံးတော်မူ၍ စာချဘုန်းကြီး အရှင်ဝါယာမအထံ ဗာလာဝတာရ

သန္နိ, နာမ်, အာချာတ်, ကိတ်လေးစောင်နှင့် နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်း တို့ကို ကျေညက်အောင် သင်ကြားတော်မူ၍ ပါဠိဘာသာ ပါဠိ နယ်ပယ်သို့ ဝင်ရောက်တော် မူခဲ့လေသည်။

ဗာလာဝတာရေ အာဂတ - သန္ဓိနာမာဒယော ပိ စ။
သိက္ခိတွာ ပဠမံ သော ဟိ၊ ပါဠိဝေက္ခိ ပါဠိဘာရတိံ။

## မဟာဓမ္မဒီပိကာရာမ ( ကျောင်းတော်ရာ ) ရွှေကျင်တိုက်

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ မြောက်ဖက်တွင် မဟာဓမ္မဒီပိကာရာမ ( ကျောင်းတော်ရာ ) ရွှေကျင် ကျောင်းတိုက်ကြီး တည်ရှိ၏။ ယင်းကျောင်းတိုက်ကြီးကား သာသနာတွင် ထင်ရှားသည့် ရွှေကျင် နိကာယဝင် ကျောင်းတိုက်ကြီး ဖြစ်သည်။ သက္ကရာဇ် ၁၂၄၀ - ပြည့်နှစ်တွင် ပဌမ သံဂါယနာတင် မင်းတုန်းမင်းတရားသည် မန္တလေး နေပြည်တော်နှင့်တကွ အထက်မြန်မာပြည်၌သာ ဘုရားမြတ်စွာ သာသနာ ပွင့်လင်း၍ ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ အောက်မြန်မာနိုင်ငံ၌ သာသနာ ပွင့်လင်း စည်ပင်ခြင်း မရှိသေးရကား အောက်မြန်မာနိုင်ငံ၌သာသနာပြုနိုင်ရန် ရည်ရွယ်၍အင်္ဂလိပ်အစိုးရထံ ရန်ကုန်မြို့ပေါ်၌ သင့်လျော်သော မြေကွက်လပ်ကို သာသနာ့မြေအဖြစ် အပိုင်ပေးရန် တောင်းသဖြင့် ဗဟန်းရပ်ရှိ ရွှေတိဂုံစေတီတော် အရှေ့မြောက်ဖက် ကျောင်းတော်ရာ မြေကွက်ကို ရရှိလေသည်။ ယင်း မြေကွက်သည် ပဌမ သံဂါယနာတင် ပင်းတုန်းမင်းတရားကြီး ကျောင်းတော်ဆောက်ရန် ရည်သန်၍ လှူတော်မူသော မြေဖြစ်ရကား ကျောင်းတော်ရာဟု တွင်လေသည်။

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ကျောင်းတော်ရာ အရံကို ရွှေကျင်ဆရာတော် ဘုရားကြီးအား လှူဒါန်း၍ စိတ်ကြိုက်ညစ်သည့်အတိုင်း သာသနာပြုခွင့် ရရှိတော်မမူခဲ့ချေ။ အထမမြောက်မီ နတ်ရွာစံတော်မူခဲ့လေသည်။ နောင်အခါ ရွှေကျင်ဆရာတော်ဘုရားကြီးက ကျောင်းတော်ရာမြေကို တပည့်ရင်းဖြစ်သော "သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ဆရာတော်အား အပ်နှံတော်မူ၍ ကိုယ်တော်စား သာသနာပြု စေတော်မူခဲ့လေသည်။ မဟာဓမ္မ ဒီပိကာရာမ မည်သော ယင်းကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးကား ကျောင်းပေါင်း ၃၀ - ကျော် သံဃာတော်ပေါင်း ၂၀၀ - ကျော်, ၃၀၀ - ခန့်တို့ဖြင့် စည်ကားလျက် ရှိပေသည်။

ရန်ကုန်ပုရေ မဟာဓမ္မ – ဒီပိကာစရိယသမ္မတော။
ကျောင်းတော်ရာအာရာမေ အာသိ၊ ယတိဂ္ဂဏနိသေဝိတော။

## ဆရာတော် လောင်းလျှာ ကျောင်းတော်ရာ ရွှေကျင်တိုက် ရောက်ပြီ

မော်လမြိုင်မြို့၌ ၂-နှစ်ကြာသောအခါ စာချပေးသော အရှင်ဝါယာမသည် ရန်ကုန်မြို့သို့ ပြောင်းသွားသည်။ သက္ကရာဇ် ၁၂၇၂-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်တွင် ဆရာတော် လောင်းလျှာ သာမဏေ ရှင်ပဏ္ဍိတသည် အရှင်ဝါယာမ ကြွရောက် လာခေါ်သဖြင့် ဖော်ပြပါ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ရောက်ရှိခဲ့လေသည်။ အရှင်ဝါယာမသည် စိတ်လှုပ်ပါး လူဝတ်လဲပြီး ကွယ်လွန် ရှာလေသည်။

ထေရကုံရော ဒီပိကာဝှ – ကျောင်းတော်ရာ အာရာမံ သုဘံ။
သမ္ပတ္တော ပုဗ္ဗပုညေန၊ ပဏ္ဍိတော ပဏ္ဍိတာလယံ။

## စာတတ်ချင်၍ ညောင်တုန်းလိုက်မည်ဟု ဝန်ခံ

ဆရာတော် လောင်းလျှာ သာမဏေ ရှင်ပဏ္ဍိတသည် ပဌမတွင် ကျောင်းတော်ရာ ကျောင်းတိုက်၌ ထန်းပင်ဆရာတော်ကြီး သီတင်းသုံးရာ ဘုံပြန်ကျောင်း၌ သီတင်းသုံးတော်မူသည်။ နောက်တွင် နေရာကျဉ်းမြောင်းကြပ်တည်းသဖြင့် ပြာသာဒ် ကျောင်း၌ ပြောင်းရွှေ့ နေထိုင်တော်မူသည်။ ရှင်ပဏ္ဍိတသည် တတ်နိုင်သမျှ မိမိဘာသာ ကျက်သင့်သော ကျမ်းစာများကို ကျက်မှတ်ရွတ်အံ၍ စာတတ်ချင်သည် မကြာခဏ ညည်းနေသည်ကို ပြာသာဒ် ကျောင်းဆရာတော်ကြီး ကြားသဖြင့် ကိုရင် မင်း စာတတ်ချင်လျှင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရတိုက်သို့သွား၊ ကျောင်းတော်ရာ ဆရာတော်ကြီး နယ်ယူနိုင်လ ညောင်တုန်း ကြွလိမ့်မည်၊ ကိုရင် လိုက်ချင်လျှင် အပ်ပေးလိုက်မည်ဟု အမိန့်ရှိရာ လိုက်ပါမည်ဟု ဝန်ခံလိုက်လေသည်။

ပဏ္ဍိတော ပဏ္ဍိတတ္တံ သော၊ ဉတ္ဝာ ညောင်တုန်း ပုရံ သုဓီ။
ဂန္တုံ ထေရေန သဒ္ဓိံ ဟိ၊ တဒါ စိန္တာပရော ဟိ ခေါ။

## ရာဇာဝိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အရှင် သာသန မဟာထေရ်

ဆရာတော်ဘုရားကြီးသည် အမရပူရမြို့ မင်းပိုင်းရပ်နေ ခရိုင်အုပ် မင်းကြီး ဦးဖေါ့, ဒေါ်စပယ်တို့မှ သက္ကရာဇ် ၁၂၀၅-ခု နှစ်ဦး တန်ခူး လဆုတ် ၇-ရက် သောကြာနေ့ နံနက် ၄-ချက်တီး အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၅-ယောက်အနက် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

သက်တော်ဂ-နှစ်သား အရွယ်တွင် သစ်ဆိမ့်ကြီးရွာဦးခေတ္တ သီတင်းသုံးတော်မူသော သီးလုံး ဆရာတော်ဘုရားကြီးထံ၌ စာပေ သင်ကြားတော်မူခဲ့၍ ၉ - နှစ်သားအရွယ်တွင် အမရပူရမြို့ သာသနာပြု ရှမ်းကလေးကျွန်း ဆရာတော်ထံ မိဖတို့ အပ်နှံသဖြင့် သူတော်ငယ်ဖြစ်၍ ၁၀ - ပါးသီလဖြင့် နေထိုင်ခဲ့လေသည်။ သူတော်ငယ်အဖြစ်ဖြင့် ကောဘနိက်, ပတ္တပိဏ္ဍ ဓုတင်များကိုလည်း နေ့စဉ်ကျင့်သုံးခဲ့သည်။ ယင်း အကြောင်းကို မင်းတုန်းမင်းတရားကြီး သိလေရာ သူတော်ငယ်အား လစဉ် ၁၀ - တန် ပစ္စည်းများကို လှူဒါန်းလေသည်။

သက်တော် ၁၃ - နှစ်သားအရွယ်တွင် တောင်နန်းမတော် စကြာဒေဝီ မိဖုရားကြီးက တောင်းယူ ရှင်ဒါယိကာမအဖြစ် ခံယူသဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော် ရှင်သာသန [1] ဖြစ်သည်။

ထို့နောက် ရှမ်းကလေးကျွန်း ဆရာတော်ပျံလွန်တော်မူသောအခါ ရွှေကျင်ဆရာတော်ဘုရားကြီး အထံ သာမဏေအဖြစ်ဖြင့် ရောက်ရှိတော် မူသည်။ သက်တော် ၂၀ - ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၂၄ - ခုနှစ် ဝါဆိုလဆန်း ၄ - ရက်နေ့တွင် ရွှေကျင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မင်းတုန်းမင်းကြီး၏ သမီးတော် တပင်တိုင် စလင်း မင်းသမီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်း ဒါယိကာမဖြစ်သော စလင်း မင်းသမီး၏ လစဉ် လှူဒါန်းသော ၃၀ - တန် ပစ္စည်း နှင့် တနှစ် သင်္ကန်း ၃ - စုံ [2] စသည့် လှူဖွယ်ဝတ္ထုတို့ကို အလှူခံ ရရှိတော်မူသည်။

ရဟန်းဖြစ်ပြီးနောက် ရွှေကျင်ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူရာ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်၌ ဓုရ ၂ - ပါး ပွားများ အားသစ် သီတင်းသုံးတော် မူခဲ့သည်။ ရဟန်းသိက္ခာ ၇ - ဝါအရတွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မှ ဖဲခွာတော်မူ၍ သစ်ဆိမ့်ကြီးရွာမှ တာပေါင်း ၇၀၀ - ခန့် ကွာလှမ်းသော ဆုတောင်းပြည့် တောရ၌ သီတင်းသုံးတော်မူ၍ ဝိပဿနာ ဓုရ အလုပ်ကို ကြိုးကုတ် အားသစ်တော်မူသည်။ ၎င်းမှတဖန် ရေဝတီမြစ် အနောက်ဖက် ငါးပယ်ချောင်းရွာမှ တာပေါင်း ၇၀၀ - ခန့် ကွာလှမ်းသော ဓူတင်တောင်တောရ၌ သီတင်းသုံးတော်မူသည်။

---

၁။ ညောင်တုန်းမြို့ ရွှေဟသာ တောရတိုက်၌ ပူဇော်သောအားဖြင့် ကျောင်းအမည်များကို သာသနပါလ, သာသနာ လင်္ကာရ, သာသနဝံသာနုရက္ခ, သာသနဇောတိက, သာသနဒီပ - စသည်ဖြင့် အမည်ပေးသေသည်။

၂။ စလင်းမင်းသမီးက တဥတု သင်္ကန်း တစုံ, ထီးတလက်, ဘိနပ်တရံ စသည် လှူသတတ်။

ယင်းသို့ သီတင်းသုံးစဉ် ရွှေကျင်ဆရာတော်ဘုရားကြီး အမိန့်အရ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက်သို့ ပြန်ကြွလာ၍ ဓုရ ၂ – ပါးကို ပွားများ အားသစ်တော်မူသည်။ ရဟန်းသိက္ခာ ၁၁ - ဝါအရတွင် ဒုတိယ စာချ ဖြစ်လေသည်။ ၁၃ – ဝါအရတွင် အုံးတဇင် တောရသို့ ကြွတော်မူသည်။ ၎င်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးသို့ ပြန်ကြွလာ၍ ဂန္ထဓုရဝန်ကိုပါ ထမ်းဆောင်တော် မူရလေသည်။ ၁၄ – ဝါအရတွင် ပဥ္စမ စာချအဖြစ် ချီးမြှင့် ပူဇော်ခြင်း ခံရလေသည်။ ရဟန်းသိက္ခာ ၁၈ - ဝါအရတွင် မင်းလှရွာမှ တာပေါင်း ၇၀၀ - ကွာလှမ်းသော နယ်လယ်ကူးတောရသို့ ကြွရောက်၍ ဝိပဿနာ ဓုရကို အားထုတ်တော်မူသည်။ ဆရာတော်ကား ဝိပဿနာဓုရ၌ ထာဝစဉ် ညွတ်ကိုင်းသော စိတ်ရှိတော်မူသည်။

၁၂၄၂ - ခုနှစ်တွင် ရွှေကျင် ဆရာတော်ဘုရားက ရဟန်းတော် အရှင်သာသနအား ပဥ္စမ သံဂါယနာတင် မင်းဘုန်းမင်းတရားက မိမိအား လှူဒါန်းသည့် ရန်ကုန်မြို့ ဗဟန်း ရပ်ကွက်ရှိ ကျောင်းတော်ရာ ရွှေကျင်တိုက်တာအရာမ်ကို အပ်နှံ သာသနာပြုစေတော်မူသဖြင့် ယင်း ရန်ကုန်မြို့ မဟာဓမ္မ ဒီပိကာရာမ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူရာ သံဃာတော် ၂၀၀ - ကျော်အထိ တိုးတက် များပြားခဲ့လေသည်။

ရဟန်း သိက္ခာ ၂၃ – ဝါအရ သက္ကရာဇ် ၁၂၄၇ – ခုနှစ် သီတင်းကျွတ်လဆုတ် ၄ - ရက် [၁] နေ့တွင် သီပေါမင်းတရား ဆက်ကပ် လှူဒါန်းသည့် "သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

၁၂၆၂ - ခုနှစ် တပေါင်းလဆန်း ၁၂ - ရက်နေ့တွင် ပင့်လျှောက်ချက်အရ ပဲခူးတောရဆရာတော် ဦးသီလနှင့်တကွ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး, မြန်အောင်မြို့ ဂူကိုးလုံးဆရာတော်, ပုသိမ်မြို့ သဘော်ကျင်းတောရ ဆရာတော်, ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင် ဆရာတော်, ရန်ကုန်မြို့ မြေနီကုန်း ဆရာတော် ဦးအာစယဟူသော သံဃနာယကဆရာတော်ဘုရားကြီးတို့ ဦးစီး၍ သံဃာတော် ၅၀ - ကျော်တို့ ရန်ကုန်မှ သဘော်ဖြင့် ညောင်တုန်းမြို့သို့ ကြွတော်မူကြသည်။ တပေါင်းလဆန်း ၁၃ - ရက် ၁၄ - ရက်တို့၌ ရွှေဟသာတောရ အရာမ်တွင်း၌ သိမ်နှုတ်ကိစ္စကို ရွက်ဆောင်တော်မူကြပြီး တပေါင်းလပြည့် တနင်းလာနေ့တွင် သိမ်သမုတ်ခြင်း ကိစ္စကို ဆောင်ရွက်တော်မူကြသည်။ တပေါင်းလဆုတ် ၁ - ရက်နေ့တွင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး

---

၁။ ၂-ရက်ဟုလည်း ဆိုကြသည်။

စသည့် ဆရာတော်များ ပြန်ကြွတော်မူကြသည်။ တောရဆရာတော် ဦးသီလနှင့် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးနှင့် သံဃာအချို့သာ ကျန်ရစ်ခဲ့လေသည်။ ဆရာတော် ဦးသီလမှာ ၁၀ - ရက်မျှသာ သီတင်းသုံးတော်မူ၍ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကို စာသင်တိုက် ဖြစ်သည်အထိ ဆောင်ရွက်ရန် ညွှန်ကြား၍ ရွှေဟသ်ာ တောရကျောင်းတိုက်ကို လုံးဝ အပ်နှံကာ အပြီးပြန်ကြွ သွားတော်မူသည်။

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် မူလကပင် ညောင်တုန်းမြို့၌ စာသင်တိုက် တည်ထောင်ရန် တာဝန်ကို လက်ခံတော်မူခဲ့ပြီးဖြစ်သည့်အတိုင်း တပည့် ရဟန်းတော် အရှင်ဝါယာမစသော တပည့်သံဃာ ၂၀ - ကျော်မျှကို ခေါ်ဆောင်လာခဲ့ပြီး ညောင်တုန်းမြို့ ရွှေဟသ်ာ တောရ ကျောင်းတိုက်ကြီးကို တည်ထောင်တော် မူခဲ့လေသည်။ ဆရာတော်သည် ၁၀ – ဝါတိတိ သီတင်းသုံးတော်မူပြီး မိမိ၏ တပည့်ရင်း တိုက်အုပ် ဆရာတော် အရှင်ဝါယာမ အား (စံကျောင်းဆရာတော်) ဟူသော အမည်ဖြင့် ရွှေဟသ်ာ တောရကျောင်းတိုက်ကို အပ်နှင်းပြီး ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ပြန်ကြွတော်မူသည်။ ၎င်းနောက် ၅ - နှစ်အတွင်း ကာလမျှ ရန်ကုန် ညောင်တုန်း အလှည့်ကျ သီတင်းသုံးတော်မူသည်။ ၁၂၈၅ - ခုနှစ်တွင် အရှင်ဝိမလ [၁] အား ဥပသမ္ပဒကံ ဆောင်ရန်ကိစ္စဖြင့် နောက်ဆုံး ကြွတော်မူသည်။ သက်တော် ၈၃ – နှစ် သိက္ခာတော် ၆၄ - ဝါ ရရှိရာ သက္ကရာဇ် ၁၂၈၇ - ခုနှစ် သီတင်းကျွတ်လဆုတ် ၁ · ရက် သောကြာနေ့ နံနက် ၄ – နာရီ ၃၅ – မိနစ်အချိန် ပျံလွန်တော်မူသည်။

### သံဝေဂယူရန်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သ ဂစ္ဆံ န နိဝတ္တတိ။ [၂]

ယံ - ယော မာဏဝေါ-ကြုံလာဖြစ်လာ အကြင်သတ္တဝါသည်။ ကေရတ္တိံ - တညဥ့်၌။ ဝါ-တညဥ့်ပတ်လုံး။ ပဌမံ- ရှေးဦးအစ ပဋိသန္ဓေခဏ၌။ ဂဗ္ဘေ- အမိဝမ်း၌။ ဝသတိ- စွဲပိုက်သန္ဓေ တည်နေ၏။ သော မာဏဝေါ- ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ - သေဘေးသို့ ရှေ့ရှုသည်အဖြစ်ဖြင့် ဆက်လက်

၁။ ယခု တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိမလ မဟာထေရ် ဖြစ်သည်၊ ဆရာတော်သည် အရှင်ဝိမလအား ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် ချီးမြှောက်တော် မူခဲ့သည်။
၂။ ဇာ၊ ၁။ ၃၅၃ (အယောဃရဇာတ်)။



**အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး အား**
ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် က သက်န်းစသော လှူဖွယ်ဝတ္ထုများ
ဆက်ကပ်လှူဒါန်းနေပုံ။

မျှော်ရည် တည်လျှော်သာလျှင်။ ယာတိ-ဆက်ကာ မနား သွားရရှာ၏။ ဂစ္ဆံ-ဂစ္ဆန္တော- သေဘောသို့ ရွေးရှု၍ တသွားတည်းသွားသော။ သ - သော မာဏ-ဝေါ-ထို ကြုံလာဖြစ်လာ သတ္တဝါသည်။ န နိဝတ္တတိ-တအောက် တခဏ တနာရီ တဆံချည်မျှလည်း မရပ်တည် မဆုတ်နစ်။

## ဆရာတော်လောင်းလျာ ညောင်တုန်း ကြွတော်မူခြင်း

ဖော်ပြပါ " သာသနာလင်္ကာရ သဒ္ဒမ္မာဘိဝံသ ကဝိဇ ပဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ဆရာတော် ဘုရားကြီး ညောင်တုန်းမှ ရန်ကုန်သို့ ခေတ္တ ပြန်ကြွလာရာ ၁၂၇၃ - ခုနှစ် နယုန်လဆန်း ၁၄- ရက်နေ့တွင် ညောင်တုန်းသို့ ဝါကပ်ရန် ကြွတော်မူလျှင် အဘိဇ မဟာ ရဋ္ဌဂုရု လောင်းလျာ သာမဏေ ရှင်ပဏ္ဍိတသည် " ပစ္ဆာ သာမဏေရ "အဖြစ် ဖြင့် လိုက်ပါရ၍ ညောင်တုန်း ရွှေဟင်္သာ တောရတိုက်သို့ ရောက်တော်မူလေ သည်။ ဆရာတော် လောင်းလျာသည် ညအချိန်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရဘိုက်သို့ ရောက်တော်မူသည်။ နံနက်အာရုံဆွမ်း ဘုဉ်းပေးပြီးလျှင် စာသင်သား သံဃာတော်များ ဇေတဝန် ဘုရားကျောင်းကြီးပေါ် စုဝေး၍ စာအံနေကြသော အသံကို ကြားလျှင် ရှင်ပဏ္ဍိတ လွန်စွာ ဝမ်းမြောက်နေသည်၊ ငါတော့ စာတတ်တော့မဟဲ့ ဟု တကြိတ်ကြိတ် ထပ်ကာထပ်ကာ ဝမ်းမြောက် နေသည်။

ဘဝိဿာမိ ကေန္တေန၊ ပဏ္ဍိတော ပဏ္ဍိတော အဟံ။
ဣတိ သော ပဟဋ္ဌော အာသိ၊ အာရာမံ သမ္ပတ္တော ဟိ ခေါ။

## ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည်—သက်တော် ၂၀- ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၅ - ခုနှစ် ဝါဆိုလဆန်း ၁၄ - ရက်နေ့တွင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်းတိုက် သီလဝိသောဓနီခဏ္ဍသိမ်တော်ကြီး၌ ရန်ကုန်မြို့ ကျောင်း တော်ရာ ရွှေကျင်တိုက် " သာသနာလင်္ကာရ သဒ္ဒမ္မာဘိဝံသ ကဝိဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု " ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အရှင်သာသနကို ဥပဇ္ဈာယ်ပြု၍ ဘကြီး, ဒေါ်ကြီး ဖြစ်သော လေးမျက်နှာမြို့ ပရိက္ခရာ ကုန်သည်ကြီး ဦးလူကြီး, ဒေါ်ရွှေမှုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း ဘဝ ဒုလ္လဘသို့ ရောက်တော်မူသည်။ ထိုအခါ တိုက်အုပ်ဆရာတော်, တိုက် ကြပ် ဆရာတော်များက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်တော်မူကြသည်။

ဥပဇ္ဈာယံ ကရိတွာန၊ သာသနံ သာသနေ သုတံ။
ဒုလ္လဘံ အလဘီ ဓီရော၊ ဒုလ္လဘော ဗုဒ္ဓသာသနေ။

၎င်းပြင် ညောင်တုန်းမြို့ ကုန်သည်ကြီးများ ဖြစ်ကြသော ဦးကျော်ဒွန်း, ဒေါ်ကြည်နှင့် ဦးချက်, ဒေါ်ဒွန်းတို့ကလည်းကောင်း, ရွှေတောင်မြို့ ဒေါ်ဉာဏဝတီကလည်းကောင်း, မန္တလေးမြို့ ဓားတန်းရပ် ဒေါ်ခင်မြင့်ကလည်းကောင်း, ရန်ကုန်မြို့ ဒေါ်ခင်သန်းနုစ်တို့ကလည်းကောင်း သိက္ခာထပ်ကာ ရဟန်းဒါယကာ, ရဟန်း ဒါယိကာမ ပြုလုပ်ကြကုန်၏။ ဆရာတော်လောင်းလျာကား ငယ်ကတည်းကပင် ပုဉ်းကံ ကြီးမားတော်မူသည်။

ဒဟရော သမာနော ယော၊ ပုညေန သံယုတော သုဓီ။
သီလဝါ ပညဝါ ဆေကော၊ ပရိယတျာဘိရာမကော။

**အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်ဘုရားကြီး အရှင်ဝါယာမ**

ဆရာတော်သည် ပဲခူးမြို့ ကျောက်တန်းရွာ၌ သက္ကရာဇ် ၁၂၃၅ - ခုနှစ် တပေါင်းလဆန်း ၁၀ - ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ - နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ သားသမီး ၈ - ယောက်အနက် သတ္တမမြောက် သားရတနာ ဖြစ်သည်။ ငယ်မည် မောင်ဉာဏ်ဖြစ်၏၊ ၇ - နှစ်သားအရွယ်တွင် ကျောင်းနေ ပညာသင်ကြားခဲ့ပြီး ၁၇ - နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူသည်။ ဘွဲ့တော် ရှင်ဝါယာမ ဖြစ်သည်။

သာမဏေဝတ်ပြီး ရန်ကုန်မြို့ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အရှင်သာသနမဟာဇထေရ်ထံ ချဉ်းကပ် ရောက်ရှိ ပညာသင်ကြားခဲ့သည်။ သက်တော် ၂၀ - တွင် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်း သိက္ခာ ၄ - ဝါအရတွင် ဂဏဝါစက စာချအဖြစ်ဖြင့် ချီးမြှင့်ခြင်း ခံရသည်။ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ၁၂၆၂ - ခုနှစ် တပေါင်းလဆန်း ၁၂ - ရက်နေ့တွင် ညောင်တုန်းမြို့သို့ ကြွ၍ ရွှေဟသံ့တောရ ကျောင်းတိုက် တည်ထောင်သောအခါ အရှင်ဝါယာမ ပါရှိခဲ့လေသည်။ ကျောင်းတော်ရာ ဆရာတော်ကြီးသည် အရှင်ဝါယာမကို တိုက်အုပ်အဖြစ် ချီးမြှောက်တော်မူသည်။ ၁၈ - ဝါအရတွင် ကျောင်းတော်ရာ ဆရာတော်ကြီး၏ စံကျောင်းဆရာတော် ဟူသော ဘွဲ့မည်နာမဖြင့် ချီးမြှောက်ခြင်းကို ခံရပြီး ရွှေဟသံ့ကျောင်းတိုက်ကြီးကိုလည်း လွှဲအပ်ခြင်း ခံယူတော်မူရသည်။

ရွှေကျင် နိကာယ ဂဏပါလကတာဝန်, ရွှေကျင် နိကာယ မဟာနာယကတာဝန်, နယ်လှည့် သာသနာပြု တာဝန်တို့ကို ထမ်းဆောင်တော် မူခဲ့သည်။

၁၂၉၉ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံ ရရှိတော် မူခဲ့သည်။ ၁၃၀၀ - ခုနှစ်တွင် ရွှေကျင် နိကာယ တွဲဖက်ဥက္ကဋ္ဌ မဟာနာယက အဖြစ်ဖြင့် ချီးမြှောက်ခြင်း ကိုလည်း ခံယူရသည်။

ဆရာတော်သည် မြန်မာ စာပေ, ပါဠိစာပေများ၌ သာမက သက္ကတ စာပေ ဟိန္ဒီစာပေ စသည်၌လည်း ကျွမ်းကျင်တော် မူသည်။ သံဃာတော် များစွာတို့အား စာပေ ချပို့ရန်ကိစ္စ အကြားတွင် ကံ ဉာဏ် ဝီရိယ အဖွင့် ကျမ်း, မင်္ဂလာ အဖွင့်ကျမ်း, သမ္ဗုဒ္ဓေ အဖွင့်ကျမ်း, မေတ္တာ အဖွင့်ကျမ်း, အပရိဟာနိယ အဖွင့်ကျမ်း, အလင်္ကာ နိဿယကျမ်း စသည့် ကျမ်းပေါင်း ၂၀ - ကျော်တို့ကိုလည်း ပြုစီရင်တော် မူခဲ့သည်။

၁၃၀၃ - ခုနှစ် ဝါခေါင်လဆုတ် ၁ - ရက်နေ့တွင် ပျံလွန်တော် မူသည်။

အစ္စန္တံ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံ ဝ ဩဒကံ။ ၁

ကုန္နဒီနံ- ငယ်ကျဉ်းတုံလစ် မြစ်ချောင်းတို့၏။ ဩဒကံ- ရေသည်။ ခီယတိ ဣဝ- ကာလကြာရှည် မတည်ပုံသေ ကုန်ခန်းလေသကဲ့သို့။ တထာ- ထို့အတူ။ အဟောရတ္တာ- နေ့ညဥ့်တို့သည်။ အစ္စယန္တိ- မုချကေန် အမှန် ပုံသေ ကုန်သွားလေကုန်၏။ မစ္စာနံ-ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ- အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ-ချုပ်၏။ မစ္စာနံ-ကြုံလာ ဖြစ်လာ သတ္တဝါတို့၏။ အာယု- အသက်သည်။ ခီယတိ-ကုန်ဆုံး ပျက်စီး၏။

## ဆရာတော်လောင်းလျာ စံကျောင်းဆရာတော်ထံ ပညာသင်

ဆရာတော်လောင်းလျာ ရှင်ပဏ္ဍိတသည် ဖော်ပြပါ စံကျောင်းဆရာတော် ဘုရားကြီးအရှင်ဝါယာမထံ၌လည်း ပိဋကတ် အခြေပြု ကျမ်းစာများကို သင်ယူ တော် မူခဲ့လေသည်။

သန္တိကေ ဝါယာမဿ ပိ၊ ဝါယာမသံယုတော သုဓီ။
သုစိတ္တံ သော ဟိ ပဗ္ဗဇိတွာ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

## ဒုတိယစံကျောင်းဆရာတော် အရှင်ကလျာဏ

ဒုတိယ စံကျောင်းဆရာတော် ဟု ထင်ရှားသော အရှင်ကလျာဏ မဟာ ထေရ်သည် ထားဝယ်မြို့ မြေပိုင်ရှင် ကုန်သည်ကြီး ဦးဖိုးတူ, ဒေါ်ချောတို့မှ

---

၁။ သံ၊ ၁။ ၁၁၁၊ မာရသံယုတ်၊ ဒုတိယ အာယုသုတ်။

သက္ကရာဇ် ၁၂၄၄ - ခုနှစ် တပေါင်းလဆန်း ၇ - ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်စဉ်ကပင် ဖခင်ကြီး ဦးဖိုးတူ၏ ညီအရင်း ဖြစ်သော ရန်ကင်းမြို့ ဗဟန်းရပ် ကန်သာ ဆရာတော်ဘုရားကြီးထံ ရောက်ရှိ ပညာ သင်ကြား ခဲ့လေသည်။ ကန်သာ ဆရာတော်မှ တဆင့် ကျောင်းတော်ရာ ရှေ့ကျုင်တိုက် ကံသာကျောင်းဆရာတော် အရှင်ဇောတိကထံ အပ်နှံ၍ ပညာ သင်ကြားစေသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို အားသွန်ကိုးပမ်း ထမ်းရွက်တော်မူသည်။ ကန်သာ ဆရာတော် ဘုရားကြီး၏ အပ်နှံသဖြင့် ပဌမ စံကျောင်းဆရာတော် လောင်းလျာ အရှင်ဝါယာမထံ၌ လည်း ပညာသင်စားခွင့်ကို ရရှိတော်မူသည်။ နောက်တွင် ညောင်တုန်းမြို့ ရေဟသ်ာ တောရတိုက်သို့ ရောက်၍ စံကျောင်းဆရာတော် အရှင်ဝါယမ နှင့် ဋီကာကျော် ယောဇနာ ကျမ်းပြု အရှင်ဉာဏိန္ဒာသဘထံတွင် ပညာ သင်ကြား ခဲ့သည်။ သက်တော် ၂၀ - တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူသည်။ ရဟန်း သိက္ခာ ၅ - ဝါ အရတွင် ဂဏဝါစက စာချ ဖြစ်၍ ရဟန်းသိက္ခာ ၁၀ - ဝါ အရတွင် တိုက်ကြပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ နောက်တွင် တိုက်အုပ်ဆရာတော် ဖြစ်လေသည်။ ၁၃၀၉ - ခုနှစ်တွင် ပဌမ စံကျောင်းဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ဆရာတော် ဦးကလျာဏသည် ရွှေဟသ်ာတောရ ကျောင်းတိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူသည်။ ဆရာတော်သည် အာနိသံသ ဒီပက ကျမ်း, အာမဂန္ဓ အဆုံးအဖြတ်, ပဋိသမ္ဘိဒါ မဂ် ဘာသာပြန် စသည့် ကျမ်းဂန် တို့ကိုလည်း ပြုစီရင်တော် မူခဲ့သည်။ ၁၃၁၃ - ခု နှစ် ဝါဆိုလဆန်း ၈ - ရက်နေ့တွင် ပျံလွန်တော် မူသည်။

## ဆရာတော်လောင်းလျာ အရှင်ကလျာဏထံ ပညာသင်

အဘိဓဇမဟာရဋ္ဌဂုရု လောင်းလျာ ရှင်ပဏ္ဍိတသည် ဖော်ပြပါ ဒုတိယ စံကျောင်းဆရာတော် အရှင်ကလျာဏထံ၌လည်း ကျမ်းအချို့ကို သင်ယူတော် မူခဲ့လေသည်။

သန္တိကေ ကလျာဏ ဿ၊ ကလျာဏေန သံယုတော။
ပဏ္ဍိတော ဥဂ္ဂဏှိ မိရော၊ ပဏ္ဍိစ္စံ ဣစ္ဆန္တော ဟိ ခေါ။

## ဆရာတော် အရှင်ယုဂန္ဓရထံ ဆိုဝါဖြင့် သင်ယူ

ဆရာတော် အရှင်ယုဂန္ဓရသည် ညောင်တုန်းမြို့ ဇာတိဖြစ်သည်၊ ညောင်တုန်း မြို့ ရွှေဟသ်ာ တောရတိုက် စမ္ပာယ်ရုံ ကျောင်း၌ စာချဘုန်းကြီးဖြစ်၍ နှစ်ပေါင်း ၂၀ - ခန့် စာပေ ပို့ချ သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့သည်။ သက်တော် ၇၃ - နှစ် ရှိရာ ၁၃၁၅ - ခုနှစ်တွင် ညောင်တုန်းမြို့ ယာမာကျောင်းတွင်

ဂျုံလွန်တော် မူသည် [၁]။ဆရာတော် လောင်းလျာသည် ဖော်ပြပါ အရှင်ယုဂန္ဓရ ထံတွင်လည်း ဝိနည်း ပါဠိတော်ကြီးများကို ဆိုဝါဖြင့် သင်ယူခဲ့သည်။

သန္တိကေ ယုဂန္ဓရဿ၊ ယောဇေန္တော ဝီရိယေ သုဓီ။
သုဝိတ္တံ သော ဟိ ပဌေတွာ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

## အရှင်မေဓာဝီထံ ပညာသင်ကြားခြင်း

အရှင်မေဓာဝီသည် မြန်မာ သာသနာ့ စာပေနယ်တွင် ထင်ရှားသည့် ပညာရှိ ရဟန်းတော်တပါး ဖြစ်သည်။ ဓားပိန်မြို့ ဇာတိဖြစ်သည်၊ 'မေဓာဝီသာဘိ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ' ဘွဲ့တံဆိပ်ကိုလည်း အလှူခံ ရရှိခဲ့သည်။ နောက်တွင် လူဝတ်သဲ၍ မေဓာဝီဆရာဆိုင်ဟု ထင်ရှားသည်။

• ဆရာဆိုင်သည် ကစ္စာယနဂဏ္ဌိတ္ထဒီပနီ, ဝိနယဂဏ္ဌိပဒတ္ထ ဒီပနီ, အဘိဓမ္မတ္ထ ဂဏ္ဌိတ္ထ ဒီပနီ, သစ္စဝါဒီဋီကာကျမ်း စသည်တို့ကိုလည်း ပြုစီရင်ခဲ့သည်။ ၁၁၂၀ - ခုနှစ် လောက်တွင် ကွယ်လွန်သည်။ ဆရာကြီးသည် ရဟန်းဝတ်နှင့် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်း၌ စာသင် စာချ၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ ဘူးသည်။ [၂]

ဆရာတော် လောင်းလျာသည် ဖော်ပြပါ လူအမည် ဆရာဆိုင်, ရဟန်း ဘွဲ့မည် အရှင်မေဓာဝီထံ၌လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းစာအချို့ကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့သည်။

မေဓာဝီ အဘိဓာနဿ၊ သုမေဓာဝိနော သုဓီ။
သုဝိတ္တံ ဣစ္ဆမာနော သော၊ သန္တိကေ အသိက္ခိ ဝိဒူ။

## ပဋ္ဌမငယ်, ပဋ္ဌမလတ်တန်း စာမေးပွဲ အောင်မြင်

ဆရာတော် လောင်းလျာသည် ဖော်ပြပါ ဆရာသမားများထံ နေ့ဝါ ညဝါ ကျမ်းစာ သင်ယူ လေ့လာတော်မူပြီး အစိုးရ စာမေးပွဲကို ဝင်ရောက် ဖြေဆိုတော်မူရာ ရဟန်း သိက္ခာ ၂ - ဝါအတွင်း အစိုးရစာမေးပွဲ ပဋ္ဌမငယ် တန်း, ပဋ္ဌမ လတ်တန်းတို့ကို ဖြေဆို အောင်မြင်တော် မူခဲ့သည်၊ ပဋ္ဌမကြီး တန်း ဖြေဆိုချိန်၌ ကျန်းမာရေး ချို့တဲ့၍ စာမကျက်နိုင်သောကြောင့် အကြီး ကိုကား မအောင်မြင်ခဲ့ပေ။ [၃]

---

၁။ ရွှေဟင်္သာ တောရသမိုင်း၊ ၁၄၉ - ၁၅၀ - ကြည့်။
၂။ ရွှေဟင်္သာ တောရကျောင်းအတွင်း မြလေးရုံကျောင်း ဓာတ်ရာ ဘုန်းကြီးအဖြစ် ထင်ရှားသည်။
၃။ ဆရာတော် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ကျဉ်း နှာ - ၄။

## မန္တလေးမြို့သို့ ပညာသင် ကြွတော်မူခြင်း

မန္တလေးမြို့ကား သာယာလှသည်၊ စည်ကားလှသည်၊ အရှေ့ဖက်တွင် မြရောင်ဆိုင်း၍ မှိုင်းနေသော ရန်ကင်း တောင်တော် နှင့် ရှမ်းရိုးမ တောင်တန်း၊ မြောက်ဖက်တွင် မန္တလေးတောင်၊ အနောက်ဖက် တလွှားတွင် စစ်ကိုင်းတောင် မင်းဝံတောင်၊ ဧရာဝတီ မြစ်နဒီ ရေတသွင်သွင်နှင့် တောင်ဖက်တွင် အမရပူရ မြို့တော်ဟောင်း အင်းဝ မြို့တော်ဟောင်း မြစ်ချောင်း အင်းအိုင် လယ်ယာ ရွှေမြေ ပတ်လည် ဝိုက်သန်း ကာရံလျက် ရှိပေ၏။

ဂါထာဝဇီ၊ ခုနှစ်ချီဖြင့်၊ သံပြိုတွတ်တွတ်၊ တောင်းပန်ရွတ်သော်၊ နတ်လည် မိုးဖျား၊ နဂါးမြေယံ၊ ပတ်ဝန်းခြံလျက်၊ အောင်သံရင့်ဂူ၊ ခါတမူကား၊ ဇမ္ဗူပျံ့မွှေး၊ မန္တလေးဝယ်၊ စည်ရှေးကမ္ဘာ၊ ကြိုက်ခဲစွာသား၊ ရတနာပုံ၊ မျက်စုံရောင်ခြည်၊ နန်းမြို့ပြည်ကို၊ ဇာနည်ဘုန်းခေါင်၊ ကိုယ်လုံးအောင်သည်၊ ကုန်းဘောင်နတ်ဆွေ၊ ဆယ်ပွင့်နေလျှင်၊ ကျက်သရေကြီးခံ့၊ ပြီးစေအံ့ဟု၊ ရဲဝံ့မနစ်၊ အားတော်သစ်၏၊ ဓမ္မရာဇ်မင်းဆုံး၊ မြတ်နှလုံးကို၊ ပိုက်ကျုံးနှစ်ထောင်း၊ ရှင်စေကောင်းဟု၊ နတ်ပေါင်းလျှင်မြန်၊ ပြည်ကြီးဖန်သည်၊ ဗိမာန်တုမဲ့ ဘုံသီးတည်း။[၁]

ဤသို့ စသည်ဖြင့် စာဖွဲ့မကုန် မန္တလေးကား လူနေ အိမ်ခြေလည်း ထူထပ်လှ၏၊ ရန်ကုန်မှလွဲလျှင် မြန်မာပြည်တွင် အကြီးဆုံးမြို့ ဖြစ်သည် မဟုတ်ပါလော၊ မြူနီစပါယ် ရပ်ကွက်ပေါင်း ၃၈ - ရပ်ကွက်ရှိပြီး အိမ်ခြေပေါင်း ၅၀၀၀၀- ကျော်ခန့်ရှိပြီး လူဦးရေ ၃ - သိန်း ကျော်ခန့် ရှိ၏။ ကျောင်းတိုက်ပေါင်း ၂၅၀- ကျော်ခန့်ရှိ၍ သံဃာဦးရေ ၁ - သောင်းပတ်ဝန်းကျင် ရှိလေသည်။ အဘိဓဇ မဟာရဋ္ဌဂုရု လောင်းလျာ ရဟန်းတော်အရှင်ပဏ္ဍိတသည် ရဟန်း သိက္ခာ ၄ - ဝါ အရတွင် ဆရာတော်များထံ မန္တလေး သွားရောက် ပညာသင်ကြားရန် ခွင့်ပန်လျှောက်ထားလေရာ ဆရာတော်များက ကြည်သာနူးညွတ်ခွင့်ပြုတော်မူပြီးလျှင် ပါဠိဘာသာစာဖြင့် ရေးသားသောအပ်နှံစာကိုပါချီးမြှောက်တော် မူကြသည်။

အနုညာတော အာစေရေဟိ၊ ပဏ္ဍိတော ပဏ္ဍိတော သုမိ။
မန္တလေးဝါစနာနယံ၊ ဂဏှိတုံ မဂနံ ကရိ။

---

၁။ စလေဦးပုည မန္တလေးဘွဲ့ မော်ကွန်း၊

## ငါးဆူတိုက် ဆရာတော် အရှင်သဒ္ဓမ္မာစာရ

မန္တလေးမြို့ အနောက်ပြင် ပလိုင်းရပ်၌ ငါးဆူကျောင်းတိုက်ကြီး တည်ရှိသည်။ ကျောင်းတိုက်ကြီး၏ အရှေ့ဖက်၌ စကုတိုက် တည်ရှိသည်။ ကျောင်းတိုက်ကြီးကို မဟာရံတံတိုင်း ဝန်းရံဝိုက်ကာလျက် သားနားစွာ တွေ့မြင်ရ၏။ ယခုအခါ ကျောင်းတိုက် အတွင်း၌ (၁) ဝါးခယ်မ အုတ်ကျောင်းကြီး၊ (၂) ဝါးခယ်မ ဆွမ်းစားကျောင်း၊ (၃) သာသနဝိသုတကျောင်း၊ (၄) ပိုက်ကျုံး ဆွမ်းစားကျောင်း၊ (၅) မရမ်းခြံ အုတ်ကျောင်း၊ (၆) ရတနာဘုံမြင့်ကျောင်း၊ (၇) သိမ်ကျောင်း ဟူသော ကျောင်းအဆောက်အဦများ နှင့် စေတီ ပုထိုးပေါင်း ၁၄ - ဆူမျှ တည်ရှိ၏။ ယင်းစေတီများအနက် ရှေးက တည်ရှိခဲ့သော စေသီဟောင်း ၅ - ဆူကို စွဲ၍ ၅ - ဆူတိုက် ခေါ်ကြောင်း သိရ၏။ ၁

ယင်း ၅ - ဆူတိုက် ပဌမဆရာတော်ကြီးမှာ အရှင်သဒ္ဓမ္မာစာရ ဖြစ်သည်။ ဆရာတော် အရှင်သဒ္ဓမ္မာစာရသည် ပခုက္ကူခရိုင် (ယခင် ပုဂံမြို့နယ်) ထနောင်းရွာ၌ အဖ ဦးရွှေကံ နှင့် အမိ ဒေါ်သီတာ တို့မှ သက္ကရာဇ် ၁၂၁၀ - ခုနှစ် ပြာသိုလဆုတ် ၆ - ရက်နေ့တွင် ဖွားမြင်တော်မူသည်။ အရွယ် ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူလေသည်။ သက္ကရာဇ် ၁၂၅၀ - ခုနှစ်ကွင် ငါးဆူကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ စာသင်သား ရဟန်း သာမဏေ တို့အား ကွပ်ကဲ အုပ်ချုပ် စာပေ ချပို့ သာသနာ ပြုတော်မူခဲ့လေသည်။

ဆရာတော်သည် ၁၂၇၄ - ခုနှစ်တွင် ရတနာဂိရိစံ သီပေါမင်းတရား လှူဒါန်းသည့် "သဒ္ဒမ္မာဘိပဏ္ဍိတ ဓဇ သာသနဝံသပဟာဓမ္မရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် နှင့် "သဒ္ဓမ္မာဘိဓဇပဝရာလင်္ကာရ သာသနဝုဒ္ဓိကရ" ဟူသော သံဃဒတ္တိယ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည်၊ ၁၂၉၀ - ခုနှစ် တပေါင်းလဆုတ် ၈ - ရက်နေ့တွင် ပျံလွန်တော်မူသည်။ ၁

## ဆရာတော်လောင်းလျာ ငါးဆူတိုက် ဆရာတော်ကြီးထံ ပညာသင်ကြားခြင်း

ရဟန်းတော် အရှင်ပဏ္ဍိတသည် ဖော်ပြပါ မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် ဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မာစာရထံ ရောက်ရှိ၍ ဆရာတော်ထံ၌ပင် နေ့အချိန်အခါ၌ ကစ္စာဝိတရဏီ အဋ္ဌကထာ နှင့် သဒ္ဒတ္ထဘေဒစိန္တာကျမ်း တို့ကို ဆိုဝါဖြင့် သင်ယူတော် မူခဲ့လေသည်၊ ညဖက်တွင် ပဒ်စင် စသည်တို့ကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့သည်။ ထိုအခါ ငါးဆူ ဆရာတော်ဘုရားကြီး

---

၁။ **အကျယ် မန္တလေး သာသနာ့ဝင်ကျမ်း ငါးဆူတိုက် သာသနာ့ဝင်ကြည့်၊**

အရှင်သဒ္ဓမ္မာစာရမှာ သက်တော် ၇၅ - နှစ် ရှိတော်မူပြီး ဖြစ်သော်လည်း သုတ်စဉ်, သုတ်နက်, ပုဒ်စစ်, သုတ်စစ်, သဒ္ဒါစစ်, နည်းလေးဆယ်, သံဝဏ္ဏနာ စသည်တို့ကို နှုတ်တက်ရွရွ အာဂုံရလျက်ပင် ရှိသေးသည်၊ ပုဒ်စစ် စသည်တို့ကို ဆရာတော် လောင်းလျာ ကြို့တင် ကျက်မထားရ ဆရာတော်ကြီး နှုတ်တိုက် ချပေးတော် မူပြီးမှ အဓိပ္ပာယ် ပြောတော်မူသည်။ ရဟန်းတော် အရှင်ပဏ္ဍိတ သည် ငါးဆူဆရာတော်ကြီးထံ ရောက်ရသည်မှာ များစွာ အကျိုးရှိလေသည်။

သန္တိကေ သဒ္ဓမ္မာစာရ - ထေရဿာပိ သုဝိညုနော။
သိက္ခိတွာ ဗဟဝေါ ဂန္ထေ၊ တေသု ဆေကော ဝိသာရဒေါ။

## အခြားဆရာတော်များထံ လေ့ကျက် ဆည်းပူးခြင်း

ငါးဆူတိုက် ပတ်ဝန်းကျင်ရှိ စကုတိုက်, ခင်မကန်တိုက်, တောင်သမန်တိုက်, ထီးလင်းတိုက်, မိုးကောင်းတိုက်, ချမ်းသာကြီးတိုက်, ဆင်တဲတိုက် တို့၌ ထင်ရှားသော စာချဆရာတော်များထံ၌လည်း စာလိုက်၍ လေ့လာဆည်းပူးတော် မူခဲ့ လေသည်။ များသော အားဖြင့် ဥပုသ်နေ့ နှင့် စာဝါပိတ်ရက်နေ့များ၌ အရှေ့ ပြင် မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက်သို့ ဗဟုဿုတ ဆည်းပူးရန်, အေးချမ်း သာယာစွာ နေရန် အလိုရှိသဖြင့် ကြွရောက် သီတင်းသုံးတော်မူသည်။ မန္တလေး မြို့၌ သီတင်းသုံးတော်မူစဉ် ဝမ်းတွင်းမြို့ မြောက်ဖက် ၃ - တိုင်ခန့် ကွာလှမ်း သော ဒေါင်းသူတောရ ဆရာတော်ကြီးထံ၌ နည်းနာနိဿယ ခံယူရင်း ဆန်း ကျမ်းကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့သည်။ ဤသို့ မန္တလေးမြို့၌ ၂ - နှစ်ခန့် သီတင်းသုံး သင်ယူခြင်းဖြင့် မန္တလေး စာချနည်း၌ ကျွမ်းကျင် တတ်မြောက် တော်မူခဲ့လေသည်။

ဒွိဝဿံ သော ဝသိတွာန၊ မန္တလေးဝှယပုရုတ္တမေ။
ဂန္ထေ သော သိက္ခိတွာန၊ ဒက္ခော ပရိယုရော အဟု။

## ကျောင်းဘုန်းကြီး နှင့် ဒုတိစာချ ဖြစ်ခြင်း

မန္တလေးမြို့၌ ၂ - နှစ် ပညာသင်ကြားတော်မူပြီး ညောင်တုန်းမြို့ မိခင် ရွှေဟသ်ာတောရ ကျောင်းတိုက်သို့ ပြန်ကြွတော်မူ၍ မှန်ကျောင်း၌ သီတင်းသုံး တော်မူသည်။ ၁၂၈၀ - ပြည့်နှစ် နယုန်လ၌ ကျောင်းတော်ရာ ဆရာတော် ဘုရားကြီး အရှင် သာသန မဟာထေရ်သည်။ ညောင်တုန်း ရွှေဟသ်ာတောရ တိုက်၌ ဝါကပ်ရန် ကြွတော် မူလာသော အခါ ရဟန်းတော် အရှင်ပဏ္ဍိတ သည် ရဟန်းသိက္ခာ ၆ - ဝါ ရချိန်အခါ ဖြစ်သည်၊ နယုန်လပြည့်နေ့ သံဃာ တော်များ ဘုရားဝတ်ပြုပြီး၍ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး

အရှင်သာသနမဟာထေရ်သည် ရဟန်းတော် အရှင်ပဏ္ဍိတ၏ ဂုဏ်ကျေးဇူးစကား တို့ကို အထိုက်အလျောက် မိန့်ကြားတော်မူပြီးလျှင် ကျောင်းဘုန်းကြီး ခန့်အပ်သော စာတမ်းကို ရဟန်းတော် တပါးကို ဖတ်စေသည်။ ထို့နောက် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ကိုယ်တိုင် "ယနေ့က စ၍ မှန်ကျောင်း မောင်ပဏ္ဍိတကို ဒုတိယ စာချ စွယ်တော်ကျောင်း ဘုန်းကြီး ဟု ခေါ်ကြရမည်" ဟူ၍ မိန့်တော်မူသည်။ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အရှင်သာသန မဟာထေရ်သည်—

နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။
သုသုခေနေဝ ဇောတေယျ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။

ဟူသော မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီး၏ လမ်းစဉ်နှင့် တူစွာ ကျင့်ဆောင်တော်မူသည်။

### စစ်ကိုင်းတောင်ရိုးသို့ ကြွရောက် သီတင်းသုံးခြင်း

ရဟန်းတော် အရှင်ပဏ္ဍိတသည် ၁၂၁၄ - ခုနှစ်, ၁၂၁၆ - ခုနှစ်တို့၌ နှစ်ကြိမ်မျှ စစ်ကိုင်း တောင်ရိုးသို့ ဘုရားဖူး ရောက်တော်မူသည်။ တခေါက်လျှင် တလစီ သီတင်း သုံးတော်မူရာ စစ်ကိုင်း တောင်ရိုး ဥတုရာသီနှင့် သပ္ပာယဖြစ်သဖြင့် သီတင်း သုံးသမျှ ရက်အတွင်း ကျန်းမာရေး ကောင်းသည်ကို သတိပြုမိရာ စစ်ကိုင်း တောင်ရိုး၌ နေရလျှင် ကျန်းမာမည်ဟု စိတ်တွင် ထင်မြင်စွဲလမ်းကာ ကျေးဇူးရှင် ဆရာတော်များထံ ခွင့်ပန် လျှောက်ထားလေရာ ၃ - နှစ် ကြာသော်လည်း ခွင့်ပြုချက် မရပေ။

၁၂၁၈ - ခုနှစ် ကထိန်အပြီးကွင် အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်း စာချ ဆရာတော်[1] အရှင်ဓမ္မသာမိထံ ပဋ္ဌာန်း ညဝါ သင်ရန် အကြောင်းပြပြီး လျှောက်ထား၍ ထွက်ခွါတော် မူခဲ့သည်။ လျှောက်ထားခဲ့သည့်အတိုင်း ပဋ္ဌာန်း စာချ အရှင်ဓမ္မသာမိထံ၌ ကိုယ်တိုင် ဆိုဝါဖြင့် သီးခြား စာဝါ လျှောက်ထား၍ ပဋ္ဌာန်းကိုလည်း ဆိုရင်း ဟောရင်း စစ်ကိုင်း တောင်ရိုး၌ ကျောင်း နေရာရှာပြီး ကျောင်းနေရာ ပြုပြင် ထားလေသည်။

ဝသိတုံ ဇေယျာစလမှိ၊ ဒင္ဂစ္ဆန္ဒေ သုဗုဒ္ဓိမာ။
ဝုဋ္ဌိယာ သာသနဿေဝ၊ အရောဂါယ ဟိတာယ စ။

### ဝါး ကျောင်းငယ်ကလေး၌ မွေ့လျော်တော်မူ

ရဟန်းတော် အရှင်ပဏ္ဍိတသည် ၁၂၁၉ - ခုနှစ် ကဆုန်လတွင် ဆရာတော် ၂ - ပါးအား မရ - အရ လျှောက်ထား၍ ထွက်ကြွတော် မူခဲ့သည်၊ ညောင်တုန်း

---

၁။ နောက်တွင် မင်္ဂလာတိုက်သစ် တိုက်ပိုင်ဆရာတော် ဖြစ်လာသည်။

ရွှေဟင်္သာ တောရတိုက်က ဆရာတော်များကလည်း သဘောမတူ၊ ဒကာ, ဒကာမ များကလည်း သဘောမတူပဲ ထွက်လာခဲ့ခြင်း ဖြစ်လေရာ ကျောင်း ဆောက်ပေးမည့် ဒကာ, ဒကာမလည်း မရှိ, ဆွမ်း ဒကာ, ဒကာမလဲ မရှိချေ။ ထိုရာတွင် အစ်မဝမ်းကွဲ တော်စပ်သော မဂ္ဂင်ချောင်း၌ နေသော သီလရှင် မနန္ဒာက ရှိသမျှ ဝတ္ထုငွေများကို စုပြီး ဝတ္ထုငွေ ၇ဝဝိ-တန် ဝါး ကျောင်း ကလေး ဆောက်လုပ် လှူဒါန်းသဖြင့် ယင်း ဝါးကျောင်းကလေး၌ပင် စိတ် ချမ်းသာစွာ ခုရ ၂-ပါး ပွားများ အားသစ် သီတင်းသုံးတော်မူခဲ့လေသည်။

ဝေဠုမယကုဋိယံ ဟိ၊ ဝသိတွာ ထေရကုဉ္စရော။
ဓုရဒွယေဟိ မောဒေန္တော၊ လောကဂ္ဂသာသနန္ဒရော။

## ရွှာထောင်ရွာ ဆွမ်းခံ ဘုဉ်းပေးမျှတခဲ့

ရဟန်းတော် အရှင်ပဏ္ဍိတအဖို့ အလွန် ချမ်းသာနေသည်။ ဗလိဗောဓလဲ အလွန် နည်း၏။ နံနက်ခင်း ဆွမ်းခံကြွလျှင် အဝန်းညီစွာ သင်းပိုင်, ကေစ္စိ တို့ကို ဝတ်ရုံ၍ လေးတောင်မျှ ကြည့်ရှုကာ ရွှာထောင်ရွာသို့ နေ့စဉ် ဆွမ်းခံ ကြွတော်မူ၍ ဆွမ်း အာဟာရ မျှတတော်မူသည်။ အညောင်းအညာလဲ ပြေ, လေကောင်း လေသန့်လဲ ရသဖြင့် ပို၍ ကျန်းမာ လာသည်၊ ကျန်းမာရေးလဲ ကောင်းလာလေသည်။ ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်ကလဲ-

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တဇီဝိကော။
ပဟီနာဟာရလောလုပ္ပော၊ ဟောတိ စာတုဒ္ဒိသော ယတိ။
ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝံ ဿ ဝိသုဇ္ဈတိ။
တသ္မာ ဟိ နာတိမညေယျ၊ ဘိက္ခာစရိယာယ သုပေမသော။[၁]

ယသ္မာ- အကြင်ကြောင့်။ ပိဏ္ဍိယာလောပသန္တုဋ္ဌော - တလုပ်တခဲ နဲ့များ မဟူ သဒ္ဓါကြည်ဖြူလှူဒါန်းအပ်သော ဆွမ်းဘောဇဉ်ဖြင့် ရောင့်ရဲသော။ အပရာ-ယတ္တ ဇီဝိကော- သူတပါးနှင့် မစပ်သွယ်သော အသက်မွေးခြင်း ရှိသော။ ပဟီနာဟာရလောလုပ္ပေါ- အာဟာရ လောလုပ္ပကို ပယ်ပြီးသော။ ယတိ-သာသနာ့ဝန်ထမ်း ရဟန်းတော်သည်။ စာတုဒ္ဒိသော - ရပ်လေးမျက်နှာ မတွယ်မတာပဲ အလိုရှိရာသို့ သွားနိုင်သည်။ ဟောတိ-ဖြစ်၏။

ကောသဇ္ဇံ-မပျော်မွေ့ခြင်း ပျင်းရိခြင်းကိုလည်း။ ဝိနောဒယတိ- မုချ တကယ် ပယ်ဖျောက်ရ၏။ အဿ- ဆွမ်းခံဓလေ့ဖြင့် ပျော်မွေ့ ဝန်ထမ်း ထိုယောဂီ ရဟန်း၏။ အာဇီဝေါ- အသက် မွေးခြင်းသည်။ ဝိသုဇ္ဈတိ- အပြစ်

---

၁။ ဝိသုဒ္ဓိ မဂ်၊ ၆၄၊ ဓုတင်္ဂနိဒ္ဒေသ။

မတွယ် စင်ကြယ်၏။တဿ္မာဟိ တဿ္မာဝေ-ထို့ကြောင့်သာလျှင်။ သုမေဓသော-ကြုံခဲ ကြုံတောင်း ကောင်းသော ပညာ အသိ ရှိသော ရဟန်းတော်သည်။ ဘိက္ခာစရိယာယ - ဘိက္ခာစာရံ- ဘုရားချီးမွမ်း ဆွမ်းခံအကျင့်ကို။ နာတိ-မညေယျ- မထေမဲ့မြင် မမှတ် မထင်ရာ။ ဝါ- အမြတ်တနိုး ထင်မှတ်ကာ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။

ဟူ၍ တိုက်တွန်းစကား မိန့်ကြားတော် မူခဲ့သည်။

## စစ်ကိုင်းတောင်ရိုး၌ အခြေစိုက်နိုင်ခြင်း

ကျောင်းနေရာကို ရက္ခမူဆရာတော် အရှင်အာစာရ နှင့် ရက္ခမူကျောင်း ဒါယကာ, ဒါယိကာမများက ရက္ခမူဇရပ်မြေကို ပိုင်းခြား၍ လှူဒါန်းသော ကြောင့် ကျောင်းနေရာအပြည့်အစုံရရှိသဖြင့် စစ်ကိုင်းတောင်ရိုး၌ အခြေစိုက် နိုင်ခြင်း ဖြစ်လေသည်။

## အထွတ်အထိပ်ရောက်စာတတ်ရန် မမျှော်မှန်းခဲ့

ဆရာတော်၏ စစ်ကိုင်းတောင်ရိုး၌ ကြွရောက် သီတင်းသုံးလိုခြင်းဆန္ဒမှာ ကျန်းမာရေးပြည့်ရန်, စာကြည့် စာရေး တရားနှလုံးသွင်းရန်, တပါးတည်း သီတင်းသုံးရန်သာ ရည်ရွယ်ခြင်းရှိတော်မူ၏။ ဆရာတော်ကား အထွတ်အထိပ် ရောက် စာတတ်မြောက်ရန်ဆန္ဒ မရှိပါ။ ဆရာတော်ကား ငယ်စဉ်ကပင် တခါ တရံ ကျေးဇူးရှင် ဆရာတော်များကို "တပည့်တော် အထွက်အထိပ်တိုင်အောင် စာတတ်လိုခြင်းမရှိပါ၊ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ကြည့်ရှုနိုင်လျှင် ကျေနပ် ပါပြီ။ တောကျောင်းကလေး၌ စာကြည့် တရားနှလုံးသွင်း၍ ကိုယ့်ဆွမ်း ကိုယ်ခံကာ မျှတ၍ ကုသိုလ်ပွားများအောင်သာ အေးအေး ဆေးဆေး နေလို ပါသည်"ဟု လျှောက်ထားဘူးသည်ဟု သိရ၏။ ဆရာတော်ကား နူးညံ့သိမ်မွေ့ ပြီး စိတ်နှလုံး အေးကြည်၍ သဘောကောင်း နှလုံးရှိတော်မူသည်။

သဒ္ဓော စ သုခုမော စေဝ၊ သဒါ သီတလမာနသော။
ကလျာဏာဒမ္မော စ သော အာသိ၊ သဒါ ဓမ္မပရာယဏော။

## ရွှေဟင်္သာတိုက်သစ် ဖြစ်ပေါ်လာခြင်း

ကျန်းမာရေးကောင်း၍ စာပေပို့ချစအခါက လက်ထောက်အကူအညီ စာချ ဘုန်းကြီး မရှိပါချေ။ တပါးတည်း ပို့ချခဲ့ရာ ဆရာတော်ပို့ချသည့် တပည့်ထဲက ပဌမကြီးတန်း, စာချတန်းအောင်မြင်သူများ ပေါ်ပေါက်လာသော အခါမှ သာလျှင် အထောက်အပံ့ အကူအညီများ ရလာသည်။ ယင်းသို့ တတ်စွမ်းသမျှ အားထုတ်လာခဲ့ရာ စာသင်သား သံဃာများ တိုးပွားလာလေသည်။ ကျောင်း,

သိမ်, ရေကန် စသည်တို့ တည်ဆောက်လိုသော ဒါယကာ, ဒါယိကာမများ လည်း ပေါ်ပေါက်လာရာ ရွှေဟင်္သာချောင်ဟောင်း နေရာမှာ ကျဉ်းမြောင်း လှသောကြောင့် လေးမျက်နှာ (နောက် ရန်ကုန်) မြို့ကုန်သည်ကြီး ဦးစင်ကြူ ဒေါ်လှိုင်, သမီး ဒေါ်အုန်းသူ, ဒေါ်ကြင် စသော ဒါယကာ, ဒါယိကာမ တို့က ၁၂-ဧက၊ ဒသမ ၆၀- ရှိမြေကွက်ကို ဝယ်ယူ၍ လှူဒါန်းကြပြီးလျှင် သိမ်တိုက်, ဆွမ်းစားတိုက်ကျောင်း, ရေကန်ကြီးတို့ကို ရှေးဦးစွာ ဆောက်လုပ် လှူဒါန်းကြကုန်၏။ နောက်အခါ တဖြေးဖြေး တိုးတက်လာခဲ့သည်မှာ ယခု မျက်မှောက်အခြေအနေသို့ ရောက်ကာ တိုးတက်ခိုင်မြဲလျက်ပင် ရှိလေသည်၊ ရွှေဟင်္သာတိုက်သစ်၌ သံဃာတော် ၃၀-အထက်က စ၍ (၆၀) ကျော် အထိ ရှိလာသည်။

## စာအောင်ပုဂ္ဂိုလ်ပေါင်း ၁၂၁-ပါး ပေါ်ထွန်းခဲ့

ဆရာတော်၏ကြိုးပမ်းမှုကြောင့် ၁၂၉၈-ခုနှစ်မှစ၍ ၁၃၄၀-ပြည့်နှစ် အထိ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ စာမေးပွဲအောင် သံဃာများမှာ အစိုးရဓမ္မာစရိယအောင် ၁၂-ပါး၊ ပဌမကြီးတန်းအောင် ၁၉-ပါး၊ ပဌမလတ် တန်းအောင် ၂၅-ပါး၊ ပဌမငယ်တန်းအောင် ၆၂-ပါး၊ သက်သာ်သီဟအောင် ၂-ပါး၊ ဇောတိကာရာမအောင် ၁-ပါး စုစုပေါင်း ၁၂၁-ပါး ထွန်းကား ပေါ် ပေါက်ခဲ့သည်။

## အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင်ဇောတိပါလ

အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် တောင်သာမြို့နယ် သီးကုန်းရွာ၌ အဖ ဦးသံသာ, အမိ ဒေါ်ဟင်္သာတို့မှ သက္ကရာဇ် ၁၂၃၅-ခုနှစ် ဝါဆိုလဆုတ် ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့သည်။ ဘွဲ့တော် အရှင်ဇောတိပါလ ဖြစ်သည်။ ဥပဇ္ဈာယ်ဆရာတော် အရှင်ကေသရမဟာထေရ် နှင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား,ဒက္ခိဏာရာမဘုရားကြီးတိုက် စာချဆရာ တော် ဦးရန်ကုန်စသည့် ကျမ်းဂန်တတ် အကျော်အမော် ဆရာတော်များထံပိဋက ကျမ်းဂန် အတန်တန် နှင့် ဘာသန္တရ သက္ကတ ပညာရပ်များကိုပါ လေ့လာ သင်ယူ တတ်မြောက်တော်မူခဲ့ လေသည်။ မန္တလေးမြို့ အနောက်ပြင် မဟာ ဝိသုဒ္ဓါရုံတိုက်၌ ကြာမြင့်စွာ သီတင်းသုံး စာပေချပို့တော်မူ ခဲ့သည်။ မန္တလေး မြို့ ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ "ဘဒ္ဒန္တဇောတိပါလာဘိဝံသ ပရိ- ယတ္တိ သာသနဟိတ ဓမ္မာစရိယ (မူလစာချ)" ဘွဲ့တံဆိပ်တော်ဖြင့် ကိုးကွယ် လှူဒါန်းခြင်းကိုလည်း ခံယူတော်မူရသည်။

၁၂၇၇ - ခုနှစ် သိကြၤာ ဝါ ၂၃ - ဝါ အရတွင် စစ်ကိုင်း တောင်ရိုးသို့ ဘောထွက်တော်မူခဲ့သည်။ စစ်ကိုင်းတောင်ရိုး ရက္ခမူအတိသုဒ္ဓါရုံ ကျောင်း၌ စာပေချပို့ သာသနာ ပြုတော်မူရာ သံဃာတော် ၅၀ - ခန့်တို့ ဆရာတော်ထံ မှီခိုချောက်၍ စာပေကျမ်းဂန် လေ့လာ သင်ယူကြကုန်၏။ ဆရာတော်သည် စစ်ကိုင်းတောင်ရိုးရှိ ရွှေကျောင်ဂိုဏ်း သံဃာ၏ ပဟာနာယကလည်း ဖြစ်တော်မူသည်၊ ၁၃၁၃ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ သက်တော် ၈၆၊ သိက္ခာတော် ၆၆ - ဝါရရှိရာ ၁၃၂၀ - ပြည့်နှစ် နတ်တော်လဆုတ် ၂ - ရက်နေ့ နံနက် ၃ - နာရီ အချိန်တွင် ဘဝ နတ်ထံ ပျံလွန်တော်မူသည်။[၁]

## ရှုမှတ် ပွားများ ဆင်ခြင်ရန်

အဗလံ ဒုဗ္ဗလံ အာယု၊ ဗဟူဟိ သမ္ဗန္ဓံ ဘဝေ။
တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ခေါ။

ယသ္မာ-အကြင်ကြောင့်။ အာယု-အသက်သမုတ် နာမ် နှင့်ရုပ်သည်။ အဗလံ-အားခွန်ဗလ မရှိသည်လည်းကောင်း။ ဒုဗ္ဗလံ - အားနည်းသည် လည်းကောင်း။ ဗဟူဟိ - ထွက်သက် ဝင်သက် လေးချက် ဣရိယာ, တဖြာပူအေး လေးထွေ ဘုတ်မဟာ အစာ အာဟာရ စသည်စုပေါင်း များစွာ အကြောင်းအရာ တို့နှင့်။ သမ္ဗန္ဓံ - ဆက်စပ်သည်။ ဘဝေ- ဖြစ်၏။ တသ္မာ - ထို့ကြောင့်။ မုဟုတ္တန္တရေပိ- တမုဟုတ် ချက်တဖြုတ် တိုတောင်းသော ကာလ အတွင်း၌လည်း။ မရဏံ - စုတိ ပြတ်ကြေ သေလွန်ခြင်းသည်။ ဘဝေယျ ဟိ ခေါ- ဖြစ်နိုင်ပေ သည်သာ။[၂]

## သက္ကတဘာသာကို လေ့လာခြင်း

မာဂဓာ ပါကတာ စေဝ၊ သက္ကတ ဝေါဟာရော ပိ စ။
ဧတေသု ကောဝိဒေါ ပညော၊ မီရော ပါဠိံ ဝိသောဓယေ။[၃]

မာဂဓာ - မာဂဓဘာသာ လည်းကောင်း။ ပါကတာစေဝ - ပါကတ (ပြာကရိတ်)ဘာသာလည်းကောင်း။ သက္ကတ ဝေါဟာရောပိစ- သက္ကတဘာသာ စကားလည်းကောင်း။ ဧတေသု - လုတ်ဆိုမိန့်မှာ ဤဘာသာ သုံးရပ်တို့၌။ ကောဝိဒေါ- ကျွမ်းကျင်လိမ္မာသော။ မီရော-အသိပညာနှင့် ထာဝစဉ် ယှဉ်သော။ ပညော- ပညာရှိပုဂ္ဂိုလ်သည်။ ပါဠိံ - ပါဠိကျမ်းဂန် အရပ်ရပ်ကို၊ ဝိသောဓယေ - သုတ်သင် ပြင်ဆင် ရာ၏။

---

၁။ အကျယ် စစ်ကိုင်းသာသနာဝင်ကြည့်။ ၂။ မရဏာဿတိဘာဝနာ။ ၂၂၁။
၃။ ကဝိဒပ္ပဏနီတိ၊ ၄၁ - ဂါထာ။

ဟူသည်နှင့် အညီ စာပေကျမ်းဂန်ပြင်ဆင်သုတ်သင်လို ကျမ်းဂန်ပြုစုစီရင်လို သည့်ပုဂ္ဂိုလ်တို့ သင်ယူရမည့် ဘာသာရပ်တို့တွင် တရပ်အပါအဝင်ဖြစ်သည့် သက္ကတဘာသာကို ဖော်ပြပါ အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင်ဇောတိ- ပါလထံ သင်ယူတော် မူခဲ့လေသည်။ ဆရာတော်သည် ဖော်ပြပါ အတိသုဒ္ဓါရုံ ဆရာတော်အရှင်ဇောတိပါလထံ၌ စာဏကျနီတိစာကိုယ် ဋီကာ, မုဒ္ဓဗောဓ စာ ကိုယ် ဋီကာစသော ကျမ်းစာများကို သင်ကြားလေ့လာရသဖြင့် သက္ကတစာပေ၌ အထိုက်အလျောက် တတ်မြောက်ကျွမ်းကျင်တော်မူခဲ့လေသည်။

သက္ကတာနေကသတ္ထေသု၊ နိပုဏော ကုသလော ဝိဒ္ဒါ။
သဒ္ဒါ ဝီရိယသံယုတ္တော၊ သပ္ပညော ကောဝိဒေါ အဟု။

## ဂိုဏ်းဝန်ဆောင်တာဝန်ကို ထမ်းဆောင်ခြင်း

ဆရာတော်သည် ၁၃၁၀ - ခုနှစ် စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်း၏ ဝန်ဆောင်ဆရာတော် လေးပါးတွင် တပါးအပါအဝင် တင်မြှောက်ခြင်း ခံရ သည့်ပြင် ၁၃၁၄ - ခုနှစ် တပေါင်းလ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ချောင်၌ စည်းဝေးသော နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ ဗဟိုဌာနကမ္မကာရက ဝန်ဆောင် ၉ - ပါး အဖွဲ့တွင် တပါး အပါအဝင် တင်မြှောက်ခြင်းကိုလည်း ခံတော်မူရလေသည်။

ဂဏဘာရနိတ္ထာရက - ဘာဝေန ထေရကုဥ္စရော။
လောကဂ္ဂသုသာသနဿ၊ ဝုဒ္ဓိယာ ဝါယာမံ အကာ။

## ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် ဖြစ်ခြင်း

၁၃၃၇ - ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄ - ရက် နေ့မှ စ၍ ၄ - ရက် တိုင်တိုင် ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် နိုင်ငံလုံးဆိုင် ရာ ရွှေကျင်ဂိုဏ်း သံဃာ့ အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ ဉပဉက္ကဋ္ဌ မဟာနာယက ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် အဖြစ် တင်မြှောက်ခြင်း ကိုလည်း ခံယူတော်မူရလေသည်။

နိကာယေ ဉပဉက္ကဋ္ဌ - မဟာနာယကံ ဂတော။
ပဏ္ဍိတော ပဏ္ဍိတော ဟုတွာ၊ မုနိန္ဒသာသနန္ဓရော။

## ရွှေဟင်္သာဝံသ သံဃမဟာနာယက အဓိပတိတာဝန်

ရင်းပြင် ၁၃၃၇ - ခုနှစ်၌ပင် တပေါင်း လပြည့်နေ့ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ ကျောင်းတိုက် တိုက်သက် ၇၅ - နှစ်မြောက် အထိမ်းအမှတ်

အဖြစ် ကျင်းပအပ်သော စိန်ရတုသဘင်၌ စိန်ရတုသဘင်သို့ တက်ရောက်တော်မူကြသော ၅၀၀ - ကျော်သော ရွှေဟင်္သာအနွယ် ရွှေဟင်္သာဖွား ရွှေဟင်္သာဝံသ သံဃာသဘာက ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ်အား "ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းကိုလည်း ခံယူတော်မူ ရသည်။

ရွှေဟင်္သာဝံသ သံဃဿ၊ မဟာနာယကတံ သုဓီ၊
ယာတော ဟုတွာန စက္ကဿ၊ ဝုဒ္ဓိယာ ဝါယာမံ ကရီ။

**ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခြင်း**

ဆရာတော်သည် အမျိုးဘာသာ သာသနာ ကြီးပွားရာ ကြီးပွားကြောင်း အထောက်အကူပြုသည့် ကျမ်းဂန်ပေါင်းများစွာ တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်းတို့မှာ–

၁။ ဥပုသ်သည်လက်စွဲ ကျမ်း။
၂။ မြန်မာအလင်္ကာ ကျမ်း။
၃။ မေတ္တာသုတ် မြန်မာပြန် ဋီကာ။
၄။ ပရာဘဝသုတ် မြန်မာဋီကာ။
၅။ မင်္ဂလသုတ် လက်စွဲ။
၆။ စာဏက္ကနီတိ နိသျ။
၇။ ရွှေဟင်္သာတောရ သမိုင်း။
၈။ ဟိ, စ, ပန နိပါတတ္ထ ဒီပနီ။
၉။ ထွဋ်ခေါင်ဆရာတော် အကြောင်း။
၁၀။ ရှေ့သွားမင်္ဂလာ။
၁၁။ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ။
၁၂။ ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်။
၁၃။ အာစေရဝဏ္ဏနာ ပျို့။
၁၄။ မဟာထေရုပ္ပတ္တိကထာ နိသျ။
၁၅။ ပဒေသာ ဆုံးမစာ။
၁၆။ ဂရုဓမ္မ ဝတ္ထု။
၁၇။ ရွှေကျင်နိကာယသာသနာဝင် အကျယ်၊
၁၈။ ရွှေကျင်နိကာယသာသနာဝင် အကျဉ်း။

၁၉။ ယုဝေါဝါဒ ဆုံးမစာ။

၂၀။ ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားစာ။

၂၁။ ကာယာနုပဿနာ။

၂၂။ စံကျောင်းဆရာတော်၏ ကျမ်းစာများ။

၂၃။ လူမင်း နတ်မင်း ဦးညွှတ်ခြင်း။

၂၄။ သာသနာရေး တရားတော်။

၂၅။ အမတဂါမိနီ တရားတော်။

၂၆။ ခန္ဓသုတ် မြန်မာဋီကာ။

၂၇။ ဝေဒနာနုပဿနာ။

၂၈။ ရွှေကျင်ဗိမာန်တော် သမိုင်း။

၂၉။ ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း နှစ်ရပ်။

တို့ ဖြစ်ကုန်၏။ ကျမ်းစာရေးသားမှုကို ရဟန်းသိက္ခာ ၅ - ဝါအရမှ စတင်တော်မူခဲ့သည်။

ဖော်ပြပါ ကျမ်းများအနက် ဥပုသ်သည် လက်စွဲကျမ်းကို စံကျောင်းဆရာတော်ဘုရား နည်းလမ်းညွှန်ကြား စေခိုင်းတော်မူချက်အရ ရဟန်း ၈ - ဝါက ရေးသား စီရင်သော ကျမ်း ဖြစ်သည်။ မြန်မာအလင်္ကာ ကျမ်းမှာ ရဟန်းသိက္ခာ ၁၄ - ဝါအရတွင် ရေးသားစီရင်တော်မူသည်။ ပဌမအကြိမ် ကာဗျတန်ဆာ မြန်မာ အလင်္ကာကျမ်း အမည်ဖြင့် သူရိယ သတင်းစာတိုက်၌ ရိုက်နှိပ်သည်။ ဒုတိယအကြိမ် မြန်မာအလင်္ကာအမည်ဖြင့် ဟံသာဝတီတိုက်၌ ရိုက်နှိပ်သည်။ တတိယအကြိမ် သင့်ဘဝပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

## စာဏကျနီတိ နိဿျ

စာဏကျနီတိမှာ စာဏကျပဏ္ဍိတ် စီရင်ခဲ့သည့် သက္ကတနီတိကျမ်းငယ် ဖြစ်သည်။ ဂါထာပေါင်း ၁၁၀ - မျှသာ ရှိ၏။ ဆရာတော်သည် ယင်း စာဏကျနီတိကို ၁၂၉၅ - ခုနှစ်က ပါဠိနိဿယ, မြန်မာဆောင်ပုဒ်လင်္ကာ ပြောင်းသဲ မွမ်းမံ တန်ဆာဆင်၍ စီရင်တော်မူခဲ့သည်။ ၁၉၅၅ - ခုနှစ် ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ရိုက် ကဒ္ဒေါင်း ၁၆ - ချိုးဆိုက် ၈၁ - မျက်နှာ ရှိသည်။ ကျမ်း၏အဆုံး၌ "တရာ့တဆယ်, ဂါထာသွယ်၍၊ ကျမ်းငယ်နီတိ၊ ဆီအတိကို၊ ပဏ္ဍိတ်ရှင်၊ စာဏကျသည်၊ ဗန္ဓစီကုံး၊ ကျမ်းအလုံး၏၊ နိဂုံးဆိုက်ရောက်၊ တံခွန်ဆောက်သည်၊ ပြီးမြောက်ဆုံးခဏ်း ဤတွင်တည်း" ဟူသော ကေပိုဒ် လင်္ကာဖြင့် အဆုံးသတ်တော် မူခဲ့လေသည်။

## ရွှေဟင်္သာတောရ သမိုင်း

ရွှေဟင်္သာတောရသမိုင်းမှာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ သီရိမဟာမင်္ဂလာရာမတိုက်၏ သမိုင်းအဆက်အနွယ်ကို ဖော်ပြသည့် ကျမ်းဖြစ်သည်။ ၁၉၅၅ - ခုနှစ် ရန်ကုန်မြို့အမှတ် - ၆၀၊ ရေကျော်လမ်း၊ ကုသလဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆ - ချိုး ၁၉၅ - မျက်နှာ ရှိ၏။ ကျမ်းအဆုံး၌ –

သိက္ခိတံ သုစိရံ ဌာတုံ၊ သေက္ခာ ပါလေန္တု သံ မနံ။
ရွှေဟင်္သာဝိဇာလယံ ဘာတု၊ ယာဝ ဒိဗ္ဗတိ သာသနံ။

ဟူသော ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

## ရွှေကျင်နိကာယသာသနာဝင် အကျယ်

ဆရာတော်ကား သမိုင်း ရာဇဝင်လည်း နိုင်နင်းတော်မူသည်၊ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်ရပ်တို့၌လည်း ကျမ်းကျင် တတ်မြောက်တော်မူသည်။ ရွှေကျင်နိကာယ သာသနာဝင် ကျမ်းကြီးကိုလည်း ၁၃၂၅ - ခုနှစ်က ကျယ်ဝန်းစွာ စီရင်တော်မူခဲ့သည်။ ယင်း ရွှေကျင်နိကာယ သာသနာဝင်ကျမ်းကြီးမှာ ရှစ်ပေါင်ဆိုက် ၅၁၉ - မျက်နှာ ရှိလေသည်၊ ကျမ်းဦး၌ "နမော တဿ" ဘုရားရှိခိုးပါဠိနိဿယဖြင့် ပဏာမပြု၍လည်းကောင်း-

သာသနဋ္ဌိတိကာမေန၊ မဟ္မရာဇဿ သတ္ထုနော။
ရာဇနတ္တယုပါသကေန၊ ထိန်ဝင်းနာမေန ယာစိတော။

သာသနေ ရွှေကျင်နိကာယ-ဝရဂဏဿ ဘူတလေ။
ဘေရာနံ ဝံသဒီပက-ဝါကျံ ကဿာမိ သာခဝေ။

၂ - ဂါထာဖြင့် ပဏာမ ပဋိညာဉ် ပြုတော်မူ၍ ကျမ်း၏ အဆုံး၌ -

နိဋ္ဌမေတ္တာဝတာ ရွှေကျင် - နိကာယဝရ သာသနာဝင်။
မုခဂ္ဂကေ သာကေ ဇုဏှေ၊ အသဠ္ဌိယုတ္တမာသကေ။

ပုဏ္ဏိန္ဒုဒိပသေ သေဋ္ဌေ၊ ဓမ္မစက္ကာဝတ္တကေ။
ပုဏ္ဏေန္တု နိဿေသာ သဗ္ဗေ၊ ယထိစ္ဆိတ ဝရေ ဝရေ။

ဟူသော ၂ - ဂါထာဖြင့် နိဂုံး အုပ်တော် မူခဲ့သည်။

## ရွှေကျင်နိကာယသာသနာဝင် အကျဉ်း

တဖန် ဖော်ပြပါ ရွှေကျင် နိကာယ သာသနာဝင် အကျယ်ကို ၁၃၂၆ -ခုနှစ်က အကျဉ်းချုံး၍ စီရင်တော် မူခဲ့သည်၊ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်ရိုက် ရှစ်ပေါင်ဆိုက် ၃၆၇ - မျက်နှာ ရှိသည်။ ကျမ်းဦး၌–

သဒ္ဒေသဝံသကံ ဗုဒ္ဓိ၊ ဓမ္မံ သံဃဉ္စ သံသုဒ္ဓိ။
ဝံသာနုပါလကေ ထေရေ၊ ရွှေကျင်နိကာယ ဘူသနေ။
ပဏာမံ သာဒရံ ကတွာ၊ ရွှေကျင်နိကာယ ဝံသကံ။
သံခေပံ ဒီပကံ ကဿံ၊ သုဒ္ဓဝါကျေန သံယုတံ။

ဟူသော ၂ - ဂါထာဖြင့် ပဏာမ, ပဋိညာဉ် ပြုတော် မူခဲ့သည်။ ကျမ်း၏ အဆုံး၌ -

ဇေယျံ့ာစလမ္မိ ရွှေဟင်္သာ - နာမေန ရာဇမေ သုဒ္ဓမ္မကေ။
ပုရာဏေ ဘိနဝေ အမှို၊ ပဓာနော ထေရပုင်္ဂဝေါ။
ဒီပိတာယံ သုဒ္ဓဝံသော၊ ရွှေကျင်နိကာယဝံသကော။
မဃာ ပဏ္ဍိတနာမေန၊ မဟာထေရေန ဓိမတာ။
ဟောတာယံ ရွှေကျင်နိကာယ - ဝံသော ဇယဓဇူပမော။
ကတညျူမင်္ဂလံ မယှံ၊ ဂဂနေ သတ္တုသာသနေ။
နိဋ္ဌမေတ္တာဝတာ ရွှေကျင် - နိကာယဝရသာသနာဝင်။
စက္ခုဂေါပေ သာကေ ဇုဏှေ၊ မာဃသံယုတ္တ မာသကေ။
ပဏ္ဏိန္ဒြဒိဝသေ သဌ္ဌေ၊ ယာဂုဒါနသဘာ သုဘေ။
ပုဏ္ဏေန္တု နိခိလာ သဗ္ဗေ၊ ယထိစ္ဆိတ ဝရေ ဝရေ။

ဟူသော ၅ - ဂါထာဖြင့် ပြည့်စုံစွာ ဖော်ပြ၍ နိဂုံး အုပ်တော် မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ထုတ်ဆို ဖော်ပြခဲ့သည့်အတိုင်း ဘုရားမြတ်စွာ သာသနာ့ဝန်ကို ထူးချွန်စွာ ဆောင်ရွက်တော်မူခြင်း, သီလ, သမာဓိ, ပညာ ဂုဏ် သိက္ခာတို့နှင့် ပြည့်စုံခြင်းတို့ကြောင့် ၁၃၂၂ - ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့ လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လေးမြတ် ကြည်ဖြူ အလှူခံတော် မူရလေသည်။

အဂ္ဂမဟာပဏ္ဍိတော တိ၊ ဂရုပါဓိဝရေနာ ပိ။
ပူဇေသုံ မြန်မာဘူပါလာ၊ ပဏ္ဍိတံ ပဏ္ဍိတံ ဝိဒုံ။

## ဆရာတော်နှင့် အတူ ဘွဲ့တံဆိပ်တော် အလှူခံရရှိသည့် အခြား ဆရာတော်များ

ဆရာတော် အရှင်မဟာပဏ္ဍိတ မဟာထေရ်၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိသည့် ၁၃၂၂ - ခုနှစ်တွင်ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်

မဟာနာယက ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ မဟာထေရ်သည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူရသည့်ပြင် မြိတ်မြို့ တောကျောင်းတိုက် ဆရာတော် အမျှင်ပဒုမ၊ မန္တလေးမြို့ အနောက် ပြင် ခင်မကန်တိုက် တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ၊ သာယာဝတီခရိုင် သာရဝေါတိုက်နယ် ရွာကလေးရွာ အရှင်ဂုဏုတ္တရ၊ ပုသိမ်ခရိုင် ရေကြည်မြို့ ဒီပါရုံ ကျောင်းတိုက် ဆရာတော် အရှင်ဥတ္တရာဇီဝ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ပဟာရာဇ်ကာရုံတိုက် ဆရာတော် အရှင်မိရက္ကဌ၊ တောင်ကြီးမြို့ အောင်မြေ သာစည်ကျောင်းတိုက် ဆရာတော် အရှင်နန္ဒိယ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အရှင်အာစိဏ္ဏ၊ ပခုက္ကူမြို့ သာသနဝိပုလာရာမတိုက် ဆရာတော် အရှင်သာသန၊ မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် ဆရာ တော် အရှင်ဝိသုဒ္ဓ၊ မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက် ညောင်ရမ်း ကျောင်း ဆရာတော် အရှင်လက္ခဏ၊ မန္တလေးမြို့ အနောက်ပြင် စကုတိုက် ဆရာတော် အရှင်နန္ဒာစရိယတို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူကြကုန်၏။

သဟ ပဏ္ဍိတ ထေရေန၊ ထေရာ အညေပိ ကောဝိဒါ။
လဘိံသု အဂ္ဂပဏ္ဍိတ – ဥပါဓိံ ဝိသိဋ္ဌာရဟံ။

## ရွှေဟင်္သာကျောင်းတိုက်ကြီးကို အပြီးအပိုင် လှူအပ်ခြင်း

ဆရာတော်သည် မိမိ ကိုယ်ကျိုး ကိုယ့် စီးပွား အတွက် လောဘရမ္မက် ရှိတော် မမူပါချေ၊ ၁၃၄၀ - ပြည့်နှစ် တော်သလင်း လပြည့်ကျော် ၅ - ရက် နေ့တွင် မိမိ သိတင်းသုံးရာ စစ်ကိုင်း တောင်းရိုးရှိ ရွှေဟင်္သာ တောရ ကျောင်းတိုက်ကို ထိန်းသိမ်း စောင့်ရှောက်ရန် အပြီးအပိုင် လှူအပ်တော် မူလေ သည်။ ဆရာတော်ကား မြင့်မြတ်သော စိတ်ဓာတ်ပိုင်ရှင် စစ်မှန်လှသော ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဤသို့ ထုတ်ဆို ဖော်ပြခဲ့သည့်အတိုင်း ဘုရားမြတ်စွာ သာသနာတော် အကျိုးကို သည်ပိုး တမ်းရွက်တော်မူခြင်း, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခြင်း, ရတ္တညူမဟာနာယကဂုဏ်နှင့် ပြည့်စုံတော်မူခြင်း, ဂန္ထနှင့် ဗာဟုသုစ္စဂုဏ်, လောက ဗဟုကာရ ဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံခြင်း ကြောင့် ၁၃၄၀ -ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ တော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသည့် “အဘိဓဇ မဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဘိဓဇ ပဟာရဋ္ဌ – ဂရုပါဓိဝရေနာ ပိ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ပဏ္ဍိတံ ပဏ္ဍိတံ သုဓိံ။

## ချီးကျူး ပူဇော်ကြခြင်း

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး အရှင်ပဏ္ဍိတသီရိအား နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ပင့်၍ ချီးကျူး ပူဇော်သည့် ပြင် ၁၃၄၁-ခု နယုန်လဆုတ် ၁-ရက်နေ့တွင် သာသနာရေး ဦးစီးဌာန ခန်းမ၌ စစ်ကိုင်း ကျောင်းသားဟောင်းများ အသင်းမှ ပူဇော်ပွဲ ကျင်းပ၍ ချီးကျူး ပူဇော်သည်။ ၎င်းပြင် အခြားသော ဆရာတော်ဘုရားကြီး၏ တပည့် ဒကာ, ဒကာမများကလည်း ပင့်၍ ချီးကျူး ပူဇော်ကြသည်။

## ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိသန္ဒီပနီ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော် သတင်းတို့ကား များလှကုန်၏။ အကျွန်ုပ် ပြည့်စုံအောင် မဖော်ထုတ်နိုင်ပါချေ။ သို့ရာတွင် ဤမျှ ဖော်ပြခဲ့ပြီးသော စကားရပ်ဖြင့်ပင် အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စ သတ်လိုက်ပါပြီ။


ပဏ္ဍိတမဟာထေရဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒီပနီယံ၊ မုခမတ္တနိဒဿနံ။

——

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ အရှေ့ပြင်
မဟာဝိသုဒ္ဓါရုံတိုက်၊ ကြေးမြင်ကျောင်း
ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ဘုရားကြီး
အရှင်ဇောတယမဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အိုသူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီစာတော်ဖတ်.... အသင် စာတော်ဖတ်သည့်၊ ပြည်သောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ကြေးမြင်ကျောင်း

**ဆရာတော် ဘဒ္ဒန္တဇောတယ**

သက်တော် ၉၄-နှစ်၊ သိက္ခာတော် ၇၄-ဝါ

ကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ရွှေကျင်နိကာယသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဇောတယ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညိုယိုဖိတ် သဒ္ဓါတရား ကိန်းဝပ်သောစိတ်ဖြင့် ကြည့်ရှုလေ့လာရာ၏။

## မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင်ရှိသော မန္တလေးတိုင်း

မန္တလေးတိုင်းသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသည်၊ တောင်ဖက်တွင် ပဲခူးတိုင်း၊ အနောက်ဖက်တွင် မကွေးတိုင်း၊ မြောက်ဖက်တွင် စစ်ကိုင်းတိုင်း နှင့် အရှေ့ဖက်တွင် ရှမ်းပြည်နယ်တို့ ဝိုင်းရံလျက် ရှိ၏၊ တိုင်း၏အကျယ်အဝန်းမှာ ၁၄၂၉၅-စတုရန်း မိုင် ဖြစ်သည်။ တိုင်း၏မြို့တော်မှာ မန္တလေးမြို့ ဖြစ်၏။ မန္တလေးတိုင်း အတွင်းတွင် မေမြို့၊ အမရပူရမြို့၊ ကျောက်ဆည်မြို့၊ မြင်းခြံမြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့၊ ရမည်းသင်းမြို့၊ ပုဂံ (ညောင်ဦး) နှင့် ကျောက်ပန်းတောင်းမြို့ စသော ထင်ရှားသောမြို့ကြီးများ ပါဝင်သည်။

## မိတ္ထီလာမြို့ မိတ္ထီလာခရိုင်

ယခင်ကမူ မိတ္ထီလာမြို့သည် မန္တလေးတိုင်းတွင် ခရိုင်တခုအဖြစ်ဖြင့် ပါဝင်ခဲ့သည်။ ယင်းမိတ္ထီလာခရိုင်အတွင်း မိတ္ထီလာမြို့၊ မလှိုင်မြို့၊ သာစည်မြို့၊ ဝမ်းတွင်းမြို့၊ သဲတောမြို့ စသည်တို့ ပါဝင်သည်။ ယင်း မိတ္ထီလာခရိုင်သည် သွဲ့တံဆိပ်တော်ရ မရ ကျမ်းဂန်တတ်၊ ကျမ်းဂန်ပြု၊ ကျမ်းဂန် ချပို့သူ ရဟန်းသံဃာတော် မြားမြောက်စွာတို့၏ ပေါ်ထွန်းရာ ဖြစ်လေသည်။

"ကဝိန္ဒာဘိသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇာဂုရု" ဘွဲ့ တံဆိပ်တော်ရ နိဒါနဝဏ္ဏသံယုတ်ပါဠိတော် နိဿယ၊ ခန္ဓဝဂ္ဂသံယုက်ပါဠိတော်နိဿယ၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် နိဿယ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် နိဿယ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၁၅၅-ခုနှစ် ဖွားမြင်၍ ၁၂၁၂-ခုနှစ် ပျံလွန်တော်မူသော ပင်းဆရာတော် ဟု ထင်ရှားသော ဆရာတော် အရှင်ကဝိန္ဒသည် မိတ္ထီလာခရိုင် (မိတ္ထီလာမြို့ကျေး) သပြေကုန်းရွာ ဇာတိ ဖြစ်သည်။

"ဇာဂရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် နှင့် "ဇာဂရာဘိဓဇသီရိပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" "ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သံဝေဂဝတ္ထုဒီပနီကျမ်း၊ ဗြဟ္မဝိဟာရဒီပနီကျမ်း၊ ပါရာဇိကဏ်ပါဠိတော် နိဿယ၊ ပါစိတ်ပါဠိတော် နိဿယ၊ နေတ္တိပါဠိတော် နိဿယ၊ သံပျင်ဒီကာ နိဿယ၊

မောဂ္ဂလ္လာန် နိဿယ, မူလသိက္ခာ နိဿယ, သင်္ဂြိုဟ်ဂဏ္ဌိ, ဘုရားကြီးနိယံ, ပါစိတျာဒိယောဇနာကျမ်း, ဒီပဝံသဋီကာပါဠိ စသော ကျမ်းဂန်ပေါင်းများစွာတို့ကို ပြု စီရင်တော်မူခဲ့သော မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် အရှင်ဇာဂရသည် မိတ္ထီလာခရိုင် ကဖြူရွာ ဇာတိ ဖြစ်သည်။[၁]

" ဇာဂရန္တသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်ဇာဂရသည်လည်း မိတ္ထီလာမြို့နယ် ဇာတိ ဖြစ်သည်။

" ပဏ္ဍိတာဘိသီလာလင်္ကာရ ကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု " ဘွဲ့ တံဆိပ်တော်" ပဏ္ဍိတဓဇာဓိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဟူသော ဘွဲ့တံဆိပ်တော် ၂-ထပ်ရ အဏ္ဏရာဝိသောဓနီကျမ်း, ဒါနဂ္ဂဟဒီပနီကျမ်းတို့ကို ပြု စီရင်တော်မူခဲ့သော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဒုတိယမြောက် သံဃနာယကဆရာတော် အရှင်ပဏ္ဍိတသည် မိတ္ထီလာခရိုင် ကဖြူရွာ ဇာတိ ဖြစ်သည်။[၂]

သမထဝိပဿနာသင်္ခေပကျမ်း, ဝိနယဂဏ္ဌိဒ္ဓာနဝိနိစ္ဆယကျမ်း, တိပိဋကပါဠိကဏ္ဍကဒီပနီကျမ်း စသည်တို့ကို ပြု စီရင်တော်မူခဲ့သော ပဋိပတ္တိအရာထင်ရှားသော အရှင်မေဓာဝီသည် မိတ္ထီလာမြို့ အနောက် ကန်ထက်အိုင်ရွာ ဇာတိ ဖြစ်သည်။[၂]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မြောက်ပြင် သစ်ဆိမ့်တိုက် ဆရာတော် အရှင်သူရိယသည် မိတ္ထီလာခရိုင် ကန့်တက်အောင်သာရွာ ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ သစ်ဆိမ့်တိုက် သာသနာဝင်ကြည့်။)

"အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချ အကျော် ဆရာတော် အရှင်ဝါသဝသည် မိတ္ထီလာခရိုင် ကဖြူရွာ ဇာတိ ဖြစ်သည်။[၃]

"အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ လက္ခဏာဒိပကာသနီကျမ်း, အလင်္ကာရတ္ထ ဒီပနီကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဒသမမြောက် သံဃနာယက ဆရာတော် အရှင်ဥက္ကံသ ( ဦးကြယ် ) သည် မိတ္ထီလာရိုင် ကွက်ယော်ရွာ ဇာတိ ဖြစ်သည်။[၃]

---

၁။ အကျယ်မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမသာသနာဝင်ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမသာသနာဝင်ကြည့်။
၃။ မန္တလေး သာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမ သာသနာဝင်ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ သုဗုဒ္ဓဒီပနီကျမ်းပြု မန္တလေး မြို့ အနောက်ပြင် ငွေတောင်တိုက် ဆရာတော်ဘုရားကြီး အရှင်ကဝိန္ဒသည် မိတ္ထီလာခရိုင် ကန့်ဖြူရွာ ဇာတိ ဖြစ်သည်။[၁]

"အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့ တံဆိပ်တော်ရ သီလက္ခန်ဋီကာသစ် နိဿယ, သီလက္ခန်ဋီကာဟောင်း နိဿယ စသည့် ကျမ်း ပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဆဋ္ဌသံဂါယနာ သံဃမဟာနာယက ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတသည်မိတ္ထီလာခရိုင် ညောင်ရမ်း မြို့နယ် ပေါက်တောရွာ ဇာတိ ဖြစ်သည်။[၂]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့ မြောက်ပြင် ဝေဠုဝန်တိုက်ဆရာတော် အရှင်အာဒိစ္စမဟာထေရ်သည် မိတ္ထီလာကန်အောက် ရုံးတောရွာ ဇာတိ ဖြစ်သည်။ ( အကျယ် မန္တလေး သာသနာဝင် ကျမ်း၊ ဝေဠုဝန်တိုက် သာသနာဝင်ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ ကန္တာရတိုက် ဆရာတော် အရှင်ဥတ္တမသည် မိတ္ထီလာမြို့နယ် ကတ္တူကုံရွာ ဇာတိ ဖြစ်သည်။[၃]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပဋ္ဌာန်းသင်နည်း အကျဉ်း ကျမ်း၊ ပဋ္ဌာန သမီပနယူပဒေသကျမ်း, အလင်္ကာရ ရုံသီကျမ်း, ယထာဝါဒီ တထာ ကာရီကျမ်း စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်, တိုက်ဟောင်းတို့၏ ပဟာနာယက ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသသည် မိတ္ထီလာခရိုင်၊ မလှိုင်မြို့,မြို့သစ်ရပ် ဇာတိ ဖြစ်သည်။[၄]

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ တံဆိပ်တော်ရ ညောင်ရမ်း ဝိဘာဝိနီကျမ်း, နမက္ကာရ ဋီကာ နိဿယကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော မန္တလေး မြို့ မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ် ဆရာတော် အရှင်လက္ခဏ သည် မိတ္ထီလာမြို့နယ် အိုင်ရွာ ဇာတိ ဖြစ်သည်။[၅]

"အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ၁၂၄၅ - ခုဖွား ၁၃၃၄ - ခုနှစ် ပျံလွန် မအူပင်မြို့ မြို့လယ်ကျောင်းတိုက် ဆရာတော် ဘုရားကြီး အရှင် အာစိဏ္ဏသည် မိတ္ထီလာခရိုင် သာစည်မြို့နယ် အိုင်ဒွန်းရွာ ဇာတိ ဖြစ်သည်။

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ ငွေတောင်တိုက် သာသနာဝင်ကြည့်။
၂။ မန္တလေး သာသနာဝင်ကျမ်း၊ မိုးကောင်းတိုက် သာသနာဝင်ကြည့်။
၃။ မိတ္ထီလာ သာသနာဝင်ကြည့်။
၄။ မန္တလေး သာသနာဝင်ကျမ်း၊ မစိုးရိမ်တိုက် သာသနာဝင်ကြည့်။
၅။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ မိုးကောင်းတိုက် သာသနာဝင် ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ပန္တလေးမြို့ အရှေ့ပြင် ရွှေဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အရှင်ဇလန္ဒြိယသည် မိတ္ထီလာခရိုင် ပျော်အိုင်ရွာ ဇာတိ ဖြစ်သည်။ ၁

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကေသရသည် မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကြက်မောက်ရွာ သီတင်းသုံး ကြီးပွားသည်။ အရှင်ကေသရသည် ၁၂၇၇ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍိစ္စသည် မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွန်းကုန်းရွာ၌ ယက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြုသည်။ အရှင်ပဏ္ဍိစ္စသည် ၁၂၇၇ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ သရက်တောတိုက် ပန်းအိုင်ရွာ ဆရာတော် အရှင်ဝိလာသသည် မိတ္ထီလာခရိုင် ပန်းအိုင်း၌ သီတင်းသုံး ကြီးပွား သာသနာပြုသည်။

"ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (မူလ စာချ)" ဘွဲ့ခံ ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချဆရာတော် အရှင်ဇာဂရာဘိဝံသသည် မိတ္ထီလာမြို့နယ် ကထိန်ဒိုင်ရွာ ဇာတိ ဖြစ်သည်။ ၂

"ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (မူလ စာချ)" ဘွဲ့ တံဆိပ်တော်ရ ပဒရုပသိဒ္ဓိဂဏ္ဌိကျမ်းပြု မြင်းဝန်တိုက် ပတ္တမြားကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသသည် မိတ္ထီလာမြို့ အရှေ့အပျော်ရွာ ဇာတိ ဖြစ်သည်။ ၃

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ရ မလှိုင်မြို့ ဝါးခွရွာ ဘောလှိုင်ကျောင်း စာချဆရာတော် အရှင်ပရမာဘိဝံသသည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဝါးခွရွာ ဇာတိ ဖြစ်သည်။

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ ဇလန္ဒြိယာရာမ ရွှေဂူတိုက် သာသနာဝင်ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမ သာသနာဝင်ကြည့်။

၃။ မန္တလေး သာသနာဝင်ကျမ်း၊ မြင်းဝန်တိုက် သာသနာဝင်ကြည့်။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဗဟန်း ဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် အရှင်ဝါသဝါဘိဝံသ သည် မိတ္ထီလာခရိုင် ချင်းယားရွာ ဇာတိ ဖြစ်သည်။ [၁]

"ဒီဃဘာဏက, ဒီဃနိကာယကောဝိဒ နှင့် ပရိယတ္တိသာသနဟိတ ဓမ္မာ-စရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ရ ဓမ္မာစရိယ လမ်းညွှန် ကျမ်းပြု မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ် ကထိက အရှင် ဥာဏာဘိဝံသသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းရွာ ဇာတိ ဖြစ်သည်။ [၂]

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတောင်ရိုး လဇ္ဇနောဒယကျောင်း အရှင်သဇ္ဇနာဘိဝံသသည် မိတ္ထီလာ မြို့နယ် သဖန်းရွာ ဇာတိ ဖြစ်သည်။ [၃]

ဤသို့စသည်ဖြင့် မိတ္ထီလာခရိုင်သည် ဘွဲ့တံဆိပ်တော် ရ-မရ ဂန္ထကာရက သာသနာပြု ပုဂ္ဂိုလ်ကျော် များမြောက်စွာတို့၏ ပေါ်ထွန်းရာ ခရိုင် ဖြစ်လေသည်။

မိတ္ထီလာပဒေသော နာမ၊ ဝိသိဋ္ဌော ရာမဏိယကော။
ဝိသိဋ္ဌာနံ သုဝိညူနံ၊ ဥပ္ပတ္တိပဒေသော ဟိ ခေါ။

## ဝမ်းတွင်းမြို့နယ်

ဝမ်းတွင်းမြို့သည် မန္တလေးတိုင်းတွင် ပါဝင်သည့် ဝမ်းတွင်းမြို့နယ်၏ ရုံးစိုက်ရာ မြို့ ဖြစ်သည်၊ အိမ်ခြေ ၉၀၀-ကျော် လူဦးရေ ၅၀၀၀-ခန့် ရှိ၏။ ဝမ်းတွင်းမြို့နယ်သည် ၅၃၀-စတုရန်းမိုင် ကျယ်ဝန်းသည်၊ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၉၆-ရွာ ရှိ၍ အိမ်ခြေပေါင်း ၂၀၀၀၀ (၂-သောင်း) ကျော်ခန့် ရှိပြီး လူဦးရေ ၉၀၀၀၀ (၉-သောင်း) ခန့် ရှိ၏။ ဝမ်းတွင်းမြို့သည် ရန်ကုန်, မိတ္ထီလာ, မန္တလေး မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည်။ မိတ္ထီလာနှင့် မိုင် ၂၀-ကွာ၍ ရန်ကုန်မြို့နှင့် ၃၅၀-မိုင် ကွာလှမ်းသည်။

## ထူးခြားသည့် လပြာသို

ပြာသိုလ မကာရရာသီသည်လည်း တနည်းတဖုံအားဖြင့် ထူးခြားသည့် လ ဖြစ်သည်၊ ယင်း ပြာသိုလ မကာရရာသီမှာ အဟိုရှေးက သေနင်ဗျူဟာ

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် ဝိသုဒ္ဓါရုံသာသနာဝင်ကြည့်၊
၂။ မန္တလေး သာသနာဝင်ကျမ်း၊ မိုးကောင်းတိုက်သာသနာဝင်ကြည့်။
၃။ စစ်ကိုင်း သာသနာဝင်ကျမ်းကြည့်။

အခမ်းအနားတရပ် ဖြစ်သော ဆင်ခင်းပွဲများ ဆင်ယင်ကျင်းပရိုး ရှိသည်။ ထို့ပြင်တတွေ ငွေသော်တာ လပင်း နှင့် ဖုသျှနက္ခက်တို့ လမ်းဆုံရာ လလဲ ဖြစ်သည်။ ၎င်းပြင် ငွေ-နှင်းတွေ တဝေဝေနှင့် အချမ်းခေတ်, အအေးခေတ်က ပိုရာ လလည်း ဖြစ်သည်။ သူတော်ဦးပင်းက ဖော်ပြပါ မကာရရာသိ ပြသိုလကို—

ငွေသော်တာစန္ဒနှင့်၊ ဖုသျှတွဲလမ်းဆုံ။
တိမ်လွှာမှာရောင်ဝါကျင်းလို့၊ နှစ်မင်းမူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ။
ဘရဂုံ မြိုင်စုံမြနန်း။
နုစိမ်းစိုစိုနှင့်၊ ပန်းခွာညို ငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း။ [၁]

ဟူသော သဖြန်ဖြင့် ဖွဲ့ဆို ချီးမွမ်းခဲ့လေသည်။

ဆယ့်နှစ်လရာသီဖွဲ့ ပါဠိ နိဿယကျမ်း၌လည်း—

မကာရေ ဖုဿမာသေ ပိ၊ ပုပ္ဖတ္တိ ပဝါယန္တိ စ။
သုနီလဝလ္လိပုပ္ဖာနိ၊ ဇနမနောဟာရာနိ ပိ။

သေနာဗျူဟမ္ပိ ကရောန္တိ၊ ဘူပါလာ မြန်မာ့ရဋ္ဌကာ။
သပရိသာ ဥဒိက္ခန္တိ၊ ဟတ္ထိ အဿာဒိ အာဒယော။

တမ္ပိ အတိသီတလမ္ပိ၊ ဒက္ခိဏာယာနကောဋ္ဌိယံ။
အဋ္ဌာ ပုဏ္ဏမဒိနမ္ပိ၊ သူရိယော လောကမာနိတော။ [၂]

ဟူသော ၃-ဂါထာဖြင့် ပြသိုလကို ဖွဲ့ဆိုထား၏။

## ရွှေကျင်နိကာယသာသနာပိုင်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ မန္တလေးတိုင်း (မိတ္ထီလာခရိုင်) ဝမ်းတွင်းမြို့နယ် သာဖန်းရွာ သူဌေးကုန်းရပ်၌ အဖ ဦးစီလုံး, အမိ ဒေါ်ဖော့တို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် ဖော်ပြခဲ့သည့်အတိုင်း တနည်းတဖုံအားဖြင့် ထူးခြားသည့် ပြသိုလပြည့် အင်္ဂါနေ့ နံနက် ၃-နာရီ ၃၀-မိနစ် အချိန်တွင် အဂ္ဂမဟာပဏ္ဍိတ သာသနာပိုင်လောင်းလျာသည် မီးရှူးသန့်စင် ပွားမြင်တော် မူခဲ့လေသည်။ ဦးစီလုံး, ဒေါ်ဖော့တို့၌ သား ၃-ယောက် သမီး ၇-ယောက် ထွန်းကားရာ ဆရာတော်လောင်းလျာသည် ဒုတိယမြောက် ဖြစ်သည်။

---

၁။ ဆယ့်နှစ်လရာသီဖွဲ့ ပေါင်းချုပ်၊ နှာ-၉၁။

၂။ ဆယ့်နှစ်ရာသီဖွဲ့ ပါဠိ နိဿယ။ ၂၀၊၂၉၊ ၃၀-ဂါထာ။

## ဆရာတော်နာမည် မောင်စံပွင့်

မိဖုရားတိတို့သည် ထူးထူးခြားခြား ပေါက်ဖွားပေါ်ထွန်း လာရကား အမျိုး၏ ကျက်သရေဆောင် "စံပြပန်းပွင့်" ဟူသော အနေဖြင့် အတိုကောက် အားဖြင့် မောင်စံပွင့် ဟူ၍ မှည့်ခေါ်ခဲ့ကြကုန်၏။ တကယ်တော့ မိဖုရားတိတို့ သဘော ရှုမြင်ကြသည့်အတိုင်း လူ့လောကအမျိုးအနွယ်၏ စံပြပန်းပွင့်သာ မဟုတ်ပဲ ဘုရားမြတ်စွာ သာသနာတော်၏ အထူးအားဖြင့် ရွှေကျင်နိကာယ ဂိုဏ်းမဟာ၏ စံပြကျက်သရေဆောင် ထူးခြားတောက်ပြောင်သည့် သာသနာ့ ခေါင်းဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော် ဖြစ်တော်မူလာခဲ့လေ သည်။

မောင်စံပွင့် ဉာတိ ကန္တမိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမွိ တေ စ သန္တာယ၊ မာတာပိတာဒိဉာတယော။

ပဉ္စတန္တ (ဩန္တ) ကျမ်းနှင့် ကဝိဒပ္ပဏနီတိကျမ်းတို့၌ ဖြစ်ထွန်းပေါက်ဖွား သားဟူသည်မှာ ထက်ရပ်လွင့်တင် တံခွန်အသွင် မိမိအမျိုးအနွယ် ထိပ်ဖျားမှာ မတက်ရောက် နိုင်ပါလျှင် ဝါ–အမျိုးဂုဏ်ကို မမြှင့်တင်နိုင်ပါလျှင် ဝါ– အမျိုး၏ ကျက်သရေကို မဆောင်နိုင်ပါလျှင် မိခင်မှာ မွေးဖွားသဖြင့် အရွယ် ယုတ်သွင်းအိုမင်းရုံမျှသာ အကျိုးရသည်ဟူ၍–

သီဟံ တေန ဇာတု ဇာတေန၊ မာတု ယောဗ္ဗနဟာရိနာ။
အာရောဟတိ န ယော သက– ဝံသ အဂ္ဂေ ဓဇော ယထာ။ [၁]

ဟူသော ဂါထာဖြင့် မိန့်ဆိုလေသည်။ ယခုဆရာတော် လောင်းလျာ မောင်စံပွင့်သည် အမျိုးဘာသာ, သာသနာ၏ ကျက်သရေဆောင် စင်စစ် ပုဂ္ဂိုလ်ထူး ဖြစ်ပေသတည်း။

## ဆရာတော်၏ ရုပ်ရည် လက္ခဏာ

ဤစာပြုသူသည် မိမိ မဟာထေရုပ္ပတ္တိသန္ဒီပနီပန်းကုံးဖြင့် ရေးသားပူဇော် ရမည့် ဖော်ပြပါ ရွှေကျင်နိကာယသာသနာပိုင် ဆရာတော်ဘုရားကြီးကို အကြိမ်ကြိမ်အခါခါ မြင်ဘူး၏။ ဆရာတော်၏ ရုပ်ရည်ရူပကာယ ရူပနိကာယ် ကြံ့အင်လက္ခဏာ အသွယ်သွယ်မှာ ပြည့်စုံလုံလောက် ကောင်းမွန်လှ၏။

"အရှည်ငါးပါး ပိုင်းခြားပြဆို၊ အတိုကားလေး၊ အသေးစတို၊
သိမှုမှတ်ချင့်၊ အမြင့်ခြောက်လီ၊ အနိခုနစ်၊ တွက်စစ်သီးသန့်၊

---

၁။ ပဉ္စတန္တ (ဩန္တ) မိတ္တဘေဒ သီဟသူကရကထာ၊ ကဝိဒပ္ပဏနီတိ၊ ၁၆၀-ဂါထာ။

ကြီးပြန့်သုံးထွေ၊ နက်စေသုံးဖြာ'' စသော စာဆိုတော် နဝဒေး စပ်ဆိုသည့် ကြီးထွန်းကားမည့် သာ့မြတ်များ လက္ခဏာပြ သာမုဒြိကပျို့ လင်္ကာ နှင့် ယဘုယျအားဖြင့် ကိုက်ညီလေသည်။

ထေရဿ ရူပကာယော ပိ၊ အဘိဝ သောဘနော ဘဝိ။
သမ္ပုဏ္ဏော သုဝိရင်္ဂေဟိ၊ အနူနော ပရိပူရော ဟိ ခေါ။

**လက်ဦးဆရာ မည်ထိုက်စွာ မာတာပိတ မိနှင့်ဖ**

လက်ဦးဆရာ ဟူသော အမည်ထူးကို မပြုမပြင် ပင်ကိုယ်အားဖြင့် ရပြီးသော ဦးစီလုံး, ဒေါ်ဖော့တို့သည် ဆရာတော် လောင်းလျာအား စကား ပြီစကပင် နမောတဿ, သရဏဂုံ ၃ - ပါး, ဩကာသ ဘုရားရှိခိုး စသည် တို့ကို နှုတ်တိုက် သင်ကြားပေးကြကုန်၏၊ နောက်တွင် ဆက်လက်၍ သင်ပုန်းကြီး စသည် တို့ကို သင်ကြားပေးကြပြီး မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ခန္ဓသုတ်, မောရသုတ်, ဝဋ္ဋသုတ်, ဓဇဂ္ဂသုတ်, အာဋာနာဋိယသုတ်, အင်္ဂုလိမာလသုတ်, ဗောဇ္ဈင်္ဂသုတ်, ပုဗ္ဗဏှသုတ်— ဟူသော ပရိတ်ကြီး ၁၁ - သုတ်ကို ရွှေကျင်နိကာယ သာသနာပိုင် လောင်းလျာ မောင်စံပွင့်အား နှုတ်တိုက် ချပေးကြကုန်၏။

ဆရာတော် မိဖ ၂ - ပါးတို့ကား –

"မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ"

ဟူသော မိဖတို့၏ ဝတ္တရားကို မောက်သုံ့အောင် ပိုပိုကြီး ပြုကြကုန်၏၊ ဆရာတော် လောင်းလျာကား ဉာဏ် အလွန် ထက်မြက်သည်၊ သို့ဖြစ်၍ ပရိတ်ကြီး ၁၁ - သုတ် ပါဠိကို မိဖတို့ သင်ပေးသည့် အတိုင်း ကရားရေလွှတ် တကွတ်တွတ် နှုတ်တက် ရရှိတော်မူခဲ့ လေသည်။

နိခိလံ ပရိတ္တံ သော ဟိ၊ ဝါစုဂ္ဂတံ ကရိ သုဓိ။
ဒဟရော ကုမာရောယေဝ၊ ဒက္ခော သပ္ပုရိသော ဘဝိ။

**သာဖန်းရွာ သူဌေးကုန်းကျောင်း ဆရာတော်အရှင်ဝိမလ**

သာဖန်းရွာ သူဌေးကုန်းကျောင်း ဆရာတော် အရှင်ဝိမလသည် မိမိထံ မှောက် ရောက်ရှိလာသည့် တပည့်တပန်း ရဟန်းသာမဏေတို့အား ပိဋကတ် အခြေခံ ကျမ်းစာများ, ဘုရားမြတ်စွာ စကားတော်များကို သင်ကြားချပို့ပေး ခြင်း, ဆိုက်ရောက်လာသည့် ဒါယကာ, ဒါယိကာမတို့အား တရားဓမ္မဟောပြခြင်း, ဩဝါဒစကား မြွက်ကြားခြင်း စသည်ဖြင့် ရဟန်းအလုပ် လုံးပမ်းကြိုးကုတ်နေသည့် ဆရာတော်တပါး ဖြစ်တော်မူသည်။

ဘဒန္တဝိမလော ထေရော၊ ဝိမလော ဝိမလသာသနေ။
ဝိမလံ သော ဟိ ဒေသေတွာ၊ မုနိန္ဒသာသနန္ဓရော။

ဆရာတော် လောင်းလျာသည် ဖော်ပြပါ ဆရာတော် အရှင်ဝိမလထံတွင် မိဖတို့ အပ်နှံသဖြင့် စာပေကျမ်းဂန်တို့ကို သင်ယူခွင့် ရရှိတော်မူသည်။

## မဟာဝိသုဒ္ဓါရာမတိုက် ရောက်ရှိ ပညာသင်ကြားခြင်း

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးသို့ ကျောင်းသားဝတ်ဖြင့် အသက် ၁၄ - နှစ် အရွယ်မှ စ၍ ရောက်ရှိကာ မဟာဝိသုဒ္ဓါရုံတိုက် ပဌမတိုက်အုပ် ဆရာတော် အရှင်ကောသလ္လထံ ရောက်ရှိ၍ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူခဲ့လေသည်၊ ထို့ပြင် ကန္တီဆရာတော် အရှင်ကောသလ္လထံ၌ လည်း ကျောင်းသားဝတ်ဖြင့် ကစ္စာယနသံခိပ်ကျမ်းကို သင်ယူလေရာ ကျက် လွယ်, ရလွယ်, မှတ်မိလွယ်သည့်အတွက် ကစ္စာယနသံခိပ် ပဌမ ရိုက် စာအုပ်ကို ဆုအဖြစ် ချီးမြှင့်ခြင်းကို ခံယူခဲ့ရလေသည်။

## ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း

ပရိတ် ၁၁ - သုတ် ကရားရေလွှတ် တတွတ်ရွတ်ရနေသော ဆရာ တော် လောင်းလျာ မောင်စံပွင့်သည် သက်တော် ၁၅ - နှစ် အရွယ်တော်ခေတ် ရောက်ရာ ၁၂၆၂ - ခုနှစ်၊ ကဆုန်လဆန်း ၃ - ရက်နေ့တွင် မိဖ ၂ - ပါး တို့၏ ပဋ္ဌယာနုဂ္ဂဟဖြင့် သုဓမ္မေးကုန်း ဆရာတော်ဘုရားကြီး အရှင်ဝိမလ ထံ တော်၌ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈံ သော ကရိတွာန၊ ဝိမလံ ထေရပုင်္ဂဝံ။
သာမဏေရတ္တနံ ပတ္တော၊ ဝိမလေ ဗုဒ္ဓသာသနေ။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သက်တော် ၂၀ - ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၆၇ - ခုနှစ် နယုန် လဆုတ် ၈ - ရက်နေ့ နံနက် ၈ - နာရီ မိနစ် ၃၀ - အချိန်တွင် မဟာဝိသုဒ္ဓါ- ရာမခဏ္ဍသိမ်တော်၌ ကာရကသံဃာတော် ၂၀၀ - ကျော်တို့၏ ချီးမြှောက်မှု ဖြင့် တိုက်အုပ်ဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ စစ်ကိုင်းတောင်ရိုး ခေမေသချောင် ကည်းတောပ်သူ သီလရှင်ဆရာကြီး ဒေါ်မေခါ၏ ပဋ္ဌယာနုဂ္ဂဟဖြင့် ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညံ ပညာဝန္တံ ဝိဒုံ။
ဒုလ္လဘံ အလဘီ ဓီရော၊ သုဝိရစိနသာသနေ။

### ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ချီးမြှောက်

ဤသို့ အရှင်ဇောတယ ရဟန်းပြုရာ၌ "ဝိသုဒ္ဓါစာရကဝိဇမဟာဓမ္မရာဇဂုရု, ဝိသုဒ္ဓါစာရကဝိဇဒမိပတိသိရိပဝရမဟာဓမ္မရာဇဂုရု, အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်သုံးထပ်ရ ကျေးဇူးရှင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကိုယ်တိုင် တပါးတည်း ကမ္မဝါစာဖတ်၍ ချီးမြှောက်မှုကို ခံယူတော်ရသည့်အပြင် "သာသနာ့ဘောင်မှာ မပျင်းနဲ့၊ စာကြိုးစား" ဟု မိန့်ကြားတော်မူပြီး သိမ်နှင့် အလယ်ကျောင်းကြီးအကြားမှ မတ္တရာဝန်ကတော်ကြီး - ပစ်ထားသော ပံသုကူ သင်္ကန်းတစုံကို ကိုယ်တော်တိုင် ကောက်ယူ၍ ချီးမြှောက်ပေးသနားမှုကိုလည်း ခံယူ ရရှိတော်မူရလေသည်။

ဝိသုဒ္ဓါစာရတွေ့ရေနေ၊ ရွှေကျင်နိကာယ ကေဘုနာ။
အနုဂ္ဂဟိတော ဂဟိတော၊ ထေရကုံရော သုမာနသော။

### ဆရာတော်အရှင်ပညာ, အရှင်ဩဘာတို့ထံ ပညာသင်ခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌ ပဌမတိုက်အုပ်ဆရာတော် အရှင်ပညာမဟာထေရ်, ဒုတိယတိုက်အုပ် ဆရာတော် အရှင်ဩဘာခေါ် အရှင်ဥဿျတို့၏ အထံ၌လည်း ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

### တွံတေးဆရာတော်အရှင်နာဂမဟာထေရ်ထံ ပညာသင်ကြားခြင်း

တွံတေးဆရာတော်ဟု ကျော်စောသော အရှင်နာဂမဟာထေရ်သည် မန္တလေးခရိုင် စဉ့်ကူးမြို့နယ် စကျင်ရွာ၌ အဖ ဦးချစ်, အမိ ဒေါ်ရွှေအင်းတို့မှ သက္ကရာဇ် ၁၂၂၀ - ပြည့် နှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ခင်မကန်တိုက် နှင့် လက်နက်ဝန်တိုက်တို့၌လည်း ပညာသင်ခဲ့ပြီး လက်နက်ဝန်တိုက်၌ ပဌမစာချဖြစ်၍ စာပေချပို့ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့သည်။ ၎င်းနောက် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ ရောက်၍ဆက်လက်ကာ မာဂဓ, သက္ကတ ကျမ်းစာများကိုသင်ကြားတော်မူသည်။ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက် သပြေပင်ကျောင်း၌ သီတင်းသုံး၍ စာပေချပို့သာသနာပြုတော်မူခဲ့သည်။ နောက်တွင် တွံတေးမြို့ ဒကာ, ဒကာမများက ကျောင်းတိုက်တည် ပင့်တင်လှူဒါန်းသဖြင့် တွံတေးဆရာတော်ဟု ထင်ရှားလေသည်။ ကစ္စာနယသံခိပ်ပါဠိ, ကစ္စာယနသံခိပ်နိဿယ, ပရိတ်ကြီး

နိသ္သယ, နမက္ကာရပါဠိနိသ္သယ, အတွင်းအောင်ခြင်း နိသ္သယ, အပြင်အောင်ခြင်း နိသ္သယ, ဂန္ထာဘရဏဋီကာသစ်, ဆန်းလက်ာစုံစသော ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်။ ၁၂၇၁ - ခုနှစ်တွင် ပျံလွန်တော်မူသည်။[၁]

ဆရာတော်လောင်းလျာသည် ဖော်ပြပါ တံတွေးဆရာတော် အရှင်နာဂမဟာထေရ်ထံ၌လည်း ပိဋကတ်အခြေခံကျမ်းစာများ နှင့် ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းတို့ကို သင်ယူတော်မူခဲ့လေသည်။

ဘဒ္ဒန္တနာဂထေရဿ၊ နာဂဿ နာဂေါ သော သုဓီ။
ဥဂ္ဂဏှိ သန္တိကေ နေက - ဂန္ထေသု သုဝိသာရဒေါ။

**ကန္နီဆရာတော် အရှင်ကောသလ္လထံ ပညာသင်ခြင်း**

ကန္နီဆရာတော် အရှင်ကောသလ္လသည် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ တိုက်အုပ်ဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည့်ပြင် ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာသေနာပတိလည်း ဖြစ်တော်မူဘူးသည်။ မုံရွာခရိုင် ကန္နီမြို့နယ် အင်ပေါင်းတိုက် ပန်းတိမ်ရွာ၌ အဖ ဦးသာပြော, အမိ ဒေါ်လှမင်းတို့မှ ၁၂၂၇ - ခုနှစ် နတ်တော်လဆုတ် ၉-ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ဘွဲ့တော် အရှင်ကောသလ္လ ဖြစ်၏။ မုံရွာမြို့ သိမ်တောင်ကျောင်းတိုက်မှ တဆင့် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်ရှိ၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားထံ ပညာသင်ကြား တတ်မြောက်ခဲ့လေသည်။ ၁၂၆၅ - ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသောအခါ အရှင်ကောသလ္လ လိုက်ပါခဲ့လေသည်။ တိုက်ကြပ်,တိုက်အုပ်,ဂိုဏ်းလုံးဝန်ဆောင်နာယက,ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယက တာဝန်တို့ကိုလည်း အခါအားလျော်စွာ ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၁၂ - ခုနှစ်တွင် ပျံလွန်တော်မူသည်။ သာသနာပိုင် ဆရာတော်လောင်းလျာ ရဟန်း အရှင်ဇောတယသည် ဖော်ပြပါ ကန္နီဆရာတော် အရှင်ကောသလ္လထံ၌လည်း ကျမ်းဂန်အချို့ကို သင်ယူတော်မူခဲ့လေသည်။[၂]

သန္တိကေ ကောသလ္လဿာပိ၊ ကောသလ္လံ ဉာဏဗန္ဓော ဝိဒူ။
သိက္ခိတွာန ဗဟူ သော၊ ကုသလော ဂန္ထေသု သုဓီ။

၁။ အကျဉ်းမန္တလေးသာသနာဝင်ကျမ်း၊ မဟာဝိသုဒ္ဓါရာမသာသနာဝင်ကျမ်း ကြည့်၊

၂။ အကျဉ်း မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ သာသနာဝင်ကြည့်။

ရင်းပြင် အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင်ဇောတိပါလထံ၌လည်း ကျမ်းဂန်များကို သင်ယူခဲ့သေးသည်၊ အစိုးရစာမေးပွဲများ၌လည်း ဝင်ရောက် ဖြေဆိုတော်မူခဲ့ရာ ပဌမငယ်, ပဌမလတ်တန်းတို့ကို အောင်မြင်တော်မူသည်။

## ပရိယတ္တိသာသနဟိတ အသင်းကြီး

မန္တလေးသာသနာ့ အရှိန်မပျက် ဆက်လက် ထွန်းလင်းတောက်ပရာ၌ ပရိယတ္တိသာသနဟိတအသင်းကြီးက ပူလ စာချဆရာတော်များအား ဆွမ်း ဆန်တော် ထောက်ပံ့ လှူဒါန်းခြင်း၊ သီးခြား စာချပုဂ္ဂိုလ်များ ပေါ်ပေါက် အောင် စာမေးပွဲကျင်းပ၍ ရွေးချယ်ခြင်း စသည်တို့သည် အဓိက အကြောင်း အဖြစ် ပါဝင်လေသည်။

မန္တလေးမြို့ ဆိုင်းတန်းရပ်နေ ပွဲစားကြီး ဦးထွန်း ဟော့ကုန်းရပ်နေ အရေး ပိုင်ရုံးစာရေးကြီး ဦးခင် အစရှိသော ဥပါသကာ သူတော်ကောင်း ၁၂-ဦးတို့ ထိုစဉ်က သက်တော်ထင်ရှား ရှိတော်မူသော "သုဇာတာဘိသီရိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု,သုဇာတာဘိသီရိဓဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ မိုးတာသာသနာပိုင် ဘုရာတော်ဘုရားကြီး အရှင်သုဇာတ မဟာထေရ် "ပဏ္ဍိတဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် အရှင်ပဏ္ဍိတမဟာထေရ် စသော တံဆိပ်တော် ရ-မရ ဆရာတော်ဘုရားကြီးများ ထံမှလည်း အကြံဉာဏ် ရယူကြကုန်၍ သက္ကရာဇ် ၁၂၆၀ - ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် " ပရိယတ္တိသာသနဟိတ" အသင်း ကြီးကို တည်ထောင်၍ သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ကြကုန်၏။

ပရိယတ္တိသာသနဟိတ အသင်းကြီး တည်ထောင်သော်လည်း ၅ - နှစ်အတွင်း စာမေးပွဲ မကျင်းပသေးပဲ ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်များအား လစဉ် ဆွမ်းဆန်, ဆီ, ဆား, ငြုတ်, ကြက်သွန်တို့ကို ထောက်ပံ့ လှူဒါန်း၍ သာသနာ ပြုကြကုန်၏။

အသင်းကြီး တည်ထောင်ပြီး ၅-နှစ်ကြာ ရှိရာ ၁၂၆၅ -ခုနှစ် နယုန်လမှ စ၍ သကျသီဟ သီးခြားစာသင်တန်း စာမေးပွဲကို စတင် ကျင်းပ၍ သီးခြားစာချ တန်းလောင်းလျာ သာသနာ့ အာဇာနည်များကို ရွေးချယ်ကြကုန်၏။ ယင်း စာမေးပွဲသည် သကျသီဟရုပ်ရှင်တော်ကိန်းဝပ်ရာ မဟာချံတံတိုင်း အတွင်း၌ နှစ်စဉ် ကျင်းပပြုလုပ်ခဲ့သည်ကို စွဲ၍ "သကျသီဟ" စာမေးပွဲ ဟု ထင်ရှား လေသည်။

ယင်း သကျသီဟစာမေးပွဲသည် အတန်းအားဖြင့် (၁) သီးခြားစာချတန်း (၂) သီးခြားစာသင်တန်း ဟူ၍ ၂-တန်း ရှိသည်။ ယင်း ၂-တန်းတွင် သီးခြား

စာသင်တန်း၌- ( ၁ ) ဝိနည်းအတွက် ဒွေ ပါတိကာ။ ( ၂ ) ကစ္စည်းသဒ္ဒါကြီး, ပုဒ်စစ်, သံဝဏ္ဏနာ, နည်းလေးဆယ်။ ( ၃ ) သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ, မာဂခအဘိဓာန်, ဝုတ္တောဒယဆန်း။ ( ၄ ) သင်္ဂြိုဟ်။ ( ၅ ) ညဝါ မာတိကာ အရကောက်, ဓာတုကထာ အရကောက်, အောက်ယမိုက်အရကောက် ၅-ကျမ်းတို့ ပြဋ္ဌာန်းထား၏။

သီးခြားစာသင်တန်း ဖြေဆိုရမည့် ၇-ဝါထက် မကြီးသေးသော ရဟန်းတော်များသည် ဖော်ပြပါ ပိဋကတ် အခြေပြု ကျမ်းစာများ၏ ပါဠိ, အနက်ကို သေချာ ကျနစွာ ရရှိပြီးလျှင် ခက်ရာ ခက်ဆစ် ဌာနများ၌ ဝိနိစ္ဆယ နှင့် တကွ အဓိပ္ပာယ်များကိုပါ သင်ကြား နာယူရသည်။

သီးခြား စာချတန်း၌ - ပါရာဇိကကဏ္ဍအဋ္ဌကထာ, သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာ ဟူသော အဋ္ဌကထာကြီး ၃ - ကျမ်းကို သဒ္ဒါနည်း, အလင်္ကာနည်း, ဆန်းနည်း, နေဘ်အရကောက်နည်း, ညသ်ကောက်နည်း, ယမိုက်နည်း, ပဋ္ဌာန်းနည်း စသည့် နည်းမျိုးစုံတို့ဖြင့် မေးမြန်းရန် သတ်မှတ်ထားသည်။ ယင်းစာမေးပွဲ ၂ - တန်းလုံးပင် ခက်ခဲ နက်နဲ၏။ ဉာဏ်ဝီရိယ ပြည့်စုံသူဘို့သာ ဤစာမေးပွဲကို အောင်မြင်နိုင်သည်။ [၁]

တော ပိ ဒွေ ပရိက္ခာ၊ ဂမ္ဘီရာ ဒုန္နယာ ဟိ ခေါ။
ဝီရိယဉာဏယုတ္တာနံ၊ ဝိသယာ ဝ န ဏ္ဏတရေ။

### သက္ကျသီဟစာသင်တန်း ဖြေဆို အောင်မြင်တော်မူခြင်း

ဆရာတော် လောင်းလျာ ရဟန်းတော် ဇောတယသည် ရဟန်းသိက္ခာ ၇ - ဝါ မရခင်က ဖော်ပြပါ သက္ကျသီဟ စာမေးပွဲတွင် စာသင်တန်း၌ ဝင်ရောက် ဖြေဆိုရာ အောင်မြင်တော်မူခဲ့ လေသည်။ ဆရာတော်လောင်းလျာကား ဝီရိယလည်းကောင်း, ဉာဏ်လည်းထက်မြက်သူ ဖြစ်ရာ ငယ်စဉ်ကပင် စာပေအရာ လိမ္မာကျွမ်းကျင်သူ ဖြစ်လေသည်။

### သာသနာရေး အားပေးထောက်ပံ့တော်မူခြင်း

ဆရာတော် အရှင်ဇောတယသည် ရဟန်းသိက္ခာ ၁ - ဝါ ရသည့်အခါမှစ၍ တပည့်တာန်းတို့အား စာပေကျမ်းဂန် တို့ကို ချပို့တော်မူ၍ ပရိယတ္တိ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့သည်။

ရဟန်းသိက္ခာ ၆ - ဝါ အရ ၁၂၇၃ - ခုနှစ် တပေါင်းလဆုတ် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ဂဏာဓိက စာချဘုန်းကြီး အဖြစ်

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ ပရိယတ္တိသာသနဟိတအသင်းကြည့်။

ချီးမြှောက်တော်မူသဖြင့် စာချဘုန်းကြီး မဖြစ်ခင်ကထက် ပိုမို၍ စာပေကျမ်းဂန်တို့ကို ကြိုးစား ချပို့ သာသနာပြုတော်မူခဲ့သည်။

ရင်းပြင် မော်လမြိုင်မြို့ သူဌေး ဦးသာညွှန်း၏ အထောက်အပံ့ကို ဆရာတော်ကြီး အမိန့်အရ ခံယူလျက် ရဟန်းသိက္ခာ ၂၄-ဝါ ရရှိရာ ၁၂၉၁-ခုနှစ် တန်ခူးလတွင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်ကြီး၌ ကြေးမြင်ကျောင်း နာယက ဘုန်းကြီးအဖြစ်ဖြင့် တာဝန် လွှဲအပ်ခြင်း ခံယူတော်မူရသည်သာမက ၁၂၉၇-ခုနှစ်တွင် တိုက်ကြပ်ဆရာတော်အဖြစ်ဖြင့် စာပေပို့ချ တိုက်တာအုပ်ချုပ်မှု ကိစ္စအဝဝကိုလည်း ကူညီ ပြုလုပ် ဆောင်ရွက်တော်မူခဲ့လေသည်။

## ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ

ဆရာတော်သည် စာလိုက်သံဃာ များစွာတို့အား စာပေချပို့ သာသနာ့ဝန် အားသွန် ကြိုးပမ်း ထမ်းဆောင်ခြင်းကြောင့် ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ "ဘဒ္ဒန္တဇောတယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မူလ စာချ)" ဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း၍ ကိုးကွယ် လှူဒါန်း တောက်ပံ့ခြင်းကိုလည်း ခံယူတော်မူရလေသည်။

## ရွှေကျင်နိကာယ ရဇ္ဇည္ဟူ မဟာနာယက

သိက္ခာတော် ၄၇-ဝါ ရရှိရာ ၁၃၁၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ကျင်းပသော ရွှေကျင်နိကာယ အဋ္ဌမ အစည်းအဝေးကြီး၏ "ရွှေကျင်နိကာယ ရဇ္ဇည္ဟူ မဟာနာယက သာသနာပြု ဆရာတော်" အဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။

## မဟာဝိသုဒ္ဓါရာမ တိုက်အုပ်ဆရာတော်

တဖန် ၁၃၂၁-ခုနှစ်မှ စ၍ မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက်ကြီး၏ သဋ္ဌမမြောက် တိုက်အုပ်ဆရာတော် ဖြစ်၍—

"သည်းခံ, နိုးကြား, သနား, ထကြွ, နိစ္စမေသွေ့, ခွဲဝေနှုတ်, သူမြတ်တို့ဂုဏ်" ဟူသည်နှင့် အညီ နာယကဂုဏ် ၆-ပါး လက်ကိုင်ထား၍ တိုက်တာကို အုပ်ချုပ် စောင့်ရှောက်တော်မူခဲ့လေသည်၊

## ကောဒသမ ရွှေကျင်နိကာယ သမ္မုတိ သာသနာပိုင်

ဆရာတော်ကား ပဉ္စင်းကံပါရမီ လွန်စွာ ကြီးမားတော်မူလှသည်၊ သက်တော်လည်း ရှည်၏၊ ခန္ဓာကိုယ်တော်လည်း ခန့်ကျန်းလှပါ၏၊ ၁၃၃၇-ခုနှစ် ပဲခူးမြို့

ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ကောဒသမ ရွှေကျင်နိကာယ သံဃအစည်းအဝေးကြီးက ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ လက်တော်ပွားတည့်ကြီး ဖြစ်တော်မူခြင်း, တိုက်ဘာဂိုဏ်းဂဏကို ရိုးသားဖြောင့်မတ်စွာ စောင့်ရှောက်တော်မူခြင်း, သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးကို လေးစားစွာ ကျင့်သုံးတော်မူခြင်း စသော ဂုဏ်ထူးဝိသေသတို့ကြောင့် ကောဒသမ ရွှေကျင် နိကာယ ဥက္ကဋ္ဌ ပဟာနာယက သမ္မုတိ ( သာသနာပိုင် ) သံဃရာဇာအဖြစ် ရွေးကောက် တင်မြှောက်သဖြင့် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သမ္မုတိသာသနာပိုင် တာဝန်ကိုသည်း ထမ်းဆောင်တော်မူခဲ့လေသည်။

သမ္မုတိ သံဃရာဇာ သော၊ ရွှေကျင်နေကာယိကေ ဗဟူ၊
တောသေတွာ သင်္ဂိဠေဟိ၊ ဇိနသာသနဘာရဝေါ။

### ရွှေကျင်နိကာယ သာသနပိုင် အစဉ်အဆက်

ရွှေကျင်နိကာယ သာသနာပိုင် အစဉ်အဆက်ကို အောက်ပါအတိုင်း မှတ်သားရာ၏--

| | | |
|---|---|---|
| **ပဌမသာသနာပိုင်** | ရွှေကျင် ဆရာတော်ဘုရားကြီး | ၁၂၃၀ - ၁၂၅၅။* |
| **ဒုတိယသာသနာပိုင်** | ပိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး | ၁၂၅၆ - ၁၂၇၀။ |
| **တတိယသာသနာပိုင်** | ကျိုက္ကစံ ဆရာတော်ဘုရားကြီး အရှင်ဥတ္တမသာရ | ၁၂၇၀ - ၁၂၇၉။ ( အောက်နိုင်ငံ ) |
| **တတိယသာသနာပိုင်** | ဒီပဲရင်း ဆရာတော်ဘုရားကြီး အရှင်ဉာဏဝရ | ၁၂၇၀ - ၁၂၈၉။ ( အထက်နိုင်ငံ ) |
| **စတုတ္ထသာသနာပိုင်** | အလုံ ဆရာတော်ဘုရားကြီး အရှင်တိသာ | ၁၂၈၉ - ၁၂၉၀။ |
| **ပဥ္စမသာသနာပိုင်** | ချမ်းသာကြီး ဆရာတော်ဘုရားကြီး အရှင်ဇနိန္ဒ | ၁၂၉၁။ ( ကဆုန်လမှ ဝါခေါင်လထိ ) |

* ထမ်းဆောင်သည့်ကာလ ဖြစ်သည်။

| | | |
|---|---|---|
| **ဆဋ္ဌသာသနာပိုင်** | လှတော ဆရာတော်ဘုရားကြီး အရှင်နာဂိန္ဒ | ၁၂၈၄ - ၁၂၈၄။ |
| **သတ္တမသာသနာပိုင်** | ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး အရှင်ကေလာသ | ၁၂၈၄ - ၁၃၁၁။ |
| **အဋ္ဌမသာသနာပိုင်** | တိုက်အုပ် ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ | ၁၃၁၁ - ၁၃၁၂။ |
| **နဝမသာသနာပိုင်** | စံကင်း ဆရာတော်ဘုရားကြီး | ၁၃၁၂ - ၁၃၃၄။ |
| **ဒသမသာသနာပိုင်** | မြေပြောင်းမြ ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသ | ၁၃၃၄ - ၁၃၃၇။ |
| **ဧကာဒသမသာသနာပိုင်** | အရှင်ဇေတယ ဆရာတော်ဘုရားကြီး | ၁၃၃၇။ |

မှတ်ချက်။ ။ကျိုက္ကစံ ဆရာတော်ဘုရားကြီး အရှင်ဥတ္တမသာရ နှင့် ဒီပဲရင်း ဆရာတော်ဘုရားကြီး အရှင်ဉာဏဝရတို့ကို တတိယ, ပဉ္စမ အနေအားဖြင့် ယူလျှင် အရှင်ဇောတယ ဆရာတော်ဘုရားကြီးမှာ ဒွါဒသမ သာသနာပိုင် ဖြစ်သည် ဟု သိရာ၏။ လှတော ဆရာတော်ဘုရားကြီးမှာ ၁၂၈၆-ခုနှစ်တွင် ပျံလွန်တော်မူသည်၊ သို့ရာတွင် ပျံလွန်တော်မမူမီ ၁၂၈၄-ခုနှစ် မှာပင် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး အရှင်ကေလာသအား သာသနာပိုင်အရာ အပ်နှံတော်မူသည်။

## အခြား ဆောင်ရွက်ချက်များ

ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကျောင်းတော်ရာ ဝိနည်းစာပြန်ပွဲ, ပဲခူးမြို့ ဝိနည်းစာပြန်ပွဲ စသည့် သာသနာရေးကိစ္စ၊ ရွှေကျင် ဂိုဏ်း ဂဏအတွင်း ဖြစ်ပေါ်လာသော ပြဿနာ မေးခွန်းများကို ဖြေရှင်း ဆုံးဖြတ်ခြင်းတို့၌လည်းစိတ်ဝင်တစား ဆောင်ရွက်တော်မူခဲ့လေသည်။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ဆရာတော်၏ ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်နှင့် စပ်၍ ကြည်ညိုမှတ်သားဖွယ်ကောင်းသော အချက်တခုမှာ ကျောင်းသားအရွယ် ငယ်စဉ်ကာလ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နေစဉ်က ဖြစ်ပါသည်။

''ဆရာတော် လောင်းလျာ ကျောင်းသားငယ်မှာ ဘုရားဝတ်တက် မလိုက်မိဘဲ ကျင့်ဝက် ပျက်ခဲ့မိသည်။ သို့အတွက် အပြစ်ရှိနေလေရာ ကျောင်းသားကြပ် ဘုန်းတော်ကြီး ဦးနာဂထံ ကိုယ်တိုင်အသိဖြင့် သွား၍ ဒဏ်တောင်း

လေသည်။ ထိုအခါ ဘုန်းတော်ကြီးက ခြေဆင်းပေးသဖြင့် ချိုးနှိပ် ဝတ်ဖြည့်ပြီး ပြန်ခဲ့ရဘူးလေသည်။

ဆရာတော်၏ ကျန်းမာရေးကား အားရဖွယ် ကောင်းလှပါ၏။ သက်တော် ၉၀-ကျော်သည့်အထိ ဒူး အနည်းငယ် နာသည်မှအပ ပကတိအတိုင်း ကျန်းမာတော်မူဆဲ ဖြစ်ပါသည်။ လှုပ်ရှားသွားလာမှု သွက်လက်ဆဲဖြစ်ပါသည်။ မျက်စိမှာ မည်သည့်အခါမျှ မျက်မှန်မတတ်ခဲ့ရ၊ နားမှာလည်း ကြည်လင်ဆဲ၊ သွားမှာလည်း အထက်သွား နှစ်ချောင်းသာ ကျိုးသေးသည်။ ကျန်းမာရေးကျင့်စဉ်နှင့် စပ်၍ မိန့်ကြားတော်မူသည်မှာ -

" ပျင်းတဲ့သူ ပကျန်းမာဘူး။ ကျုပ်တို့ ပနက်ဘိုင်း တံမြက်နဲ့ လှုပ်ရှားခဲ့သည်၊ ၁၃၃၁-ခုနှစ် ဒီဘက်မှာသာ ကိုရင်များကို သင်ပြပြီး အသုံ့ ခိုင်းတယ်၊ ပြီးတော့ ဆီး နဲ့ ဝမ်း မှန်အောင် လုပ်တယ်၊ ဆီး တခါမျှ မဝါရဘူး၊ ဓာတ်လဲ တနေ့တခါ မှန်တယ်၊ ဆီး နဲ့ ဝမ်း မှန်ရင် အညောင်း အကိုက်တောင် မဖြစ်ဘူး၊ မျက်စိဘော့ ရေချိုးတဲ့အခါ မှေ့ပြီး တဖလားလောက် ယောင်းလိုက်တာဘဲ၊ မျက်စိထဲ ရေဝင်တော့ အခိုးမရိုက်ဘူး " ဟူ၍ ဖြစ်ပါသည်။

ဆရာတော်သည် မိမိ ဘဝတလျှောက် ကျင့်သုံးတော်မူခဲ့သော စိတ်ထား သဘာဝ မူဝါဒနှင့် စပ်၍ အောက်ပါအတိုင်း မိန့်ကြားတော် မူပါသည်။

"ကိုယ့်ကိုယ်ကို ကြည်ညိုအောင် နေ၊ ကိုယ့်ကိုယ်ကို ကြည်ညိုဘို့ အရေးကြီးတယ်၊ သူတပါး မကြည်ညိုတာ အရေးမကြီး၊ ကိုယ်ပြုထားတဲ့ ကုသိုလ် အကုသိုလ် ကိုယ်ကသာ သိတယ် သူတပါး မသိဘူး" ဟု မိန့်ကြားတော် မူခဲ့ပါသည်။

ဆရာတော်အတွက် "ဂိုဏ်းစောင့်ဆရာတော်ကြီး" ဟူ၍ ဆိုရလောက်အောင် အနေ စွဲမြဲတော်မူခြင်းမှာလည်း "အနေ မြဲစေ" ဟူသော စကားအရ ထူးခြားသော ဂုဏ်ရည်တော် တရပ်ပင် ဖြစ်ပါသည်။

မဟာဝိသုဒ္ဓါရုံတိုက်ကြီး၌ ၁၇-နှစ် သားအရွယ် ကျောင်းသားငယ် ဘဝမှ စ၍ ယနေ့တိုင်အောင် ကျောင်းသားဘဝ ၂-နှစ်၊ ကိုရင်ဘဝ ၄-နှစ် ရဟန်းဘဝ ၇၃-နှစ်၊ ပေါင်း ၇၉-နှစ် တိုင်တိုင် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ပည်သည့်အရပ်ဒေသ၊ ပည်သည့်ကျောင်းတိုက်သို့မျှ ပြောင်းရွှေ့ခြင်း မပြုပဲ ၁၃၀၇-ခုနှစ် ကမ္ဘာစစ်အတွင်းမှာပင် ပြောင်းရွှေ့ခြင်း မပြုပဲ ၃-နှစ် တိုင်တိုင် သီတင်းသုံးပြီး စောင့်ရှောက် နေထိုင်တော်မူခဲ့ပါသည်။

ဆရာတော်သည် နေ့စဉ် အရဏ်မတက်မီ စောစောထ၍ မျက်နှာသစ်ပြီးလျှင် ''နိသဇ္ဇ်စုံတင် ဆောက်တည်ခြင်း, ပစ္စဝေက္ခဏာဆင်ခြင်ခြင်း, မေတ္တာဘာဝနာပွားခြင်း, ဂုဏ်တော် နှင့် ပရိတ်ဘာဝနာ ရွတ်ပွားခြင်း, ဆိတ်ငြိမ်သော အချိန်တို့တွင် ကမ္မဋ္ဌာန်း ၄၀–မှ စီဖြန်းမြဲ''ပါဠိဟာရိယ ကမ္မဋ္ဌာန်း'' တို့ကို စီးဖြန်း ပွားများတော်မူခြင်းတို့ကို ပြုလုပ်တော်မူလျက် ဝိနည်းသိက္ခာ အကျင့်သီလတော်လည်း အသက်ကဲ့သို့ အလေးမူ၍ အရေးတယူ စောင့်စည်းတော်မူလေ့ရှိပါသည်။

အကျင့်သီလနှင့် စပ်၍ မိန့်ကြားတော်မူသော ဩဝါဒတော်တခုမှာ–

''သီလ စင်ကြယ်လုံခြုံရေးသည် မဂ် ဖိုလ် ရရေးထက် ပို၍ ခက်၏၊ သီလစင်ကြယ်လုံခြုံလျှင် ပင် ဖိုလ်ကို အလွယ်တကူ ရနိုင်၏၊ သီဟိုဠ်ကျွန်း၌ ဂိလာနဖြစ်နေသောသံဃရက္ခိတမထေရ်ကြီးသည် ပါတိမောက္ခသံဝရသီလနှင့် အလွန်ပြည့်စုံ၏။ ရောဂါဝေဒနာခံစား၍ သေလုမျောပါး ဖြစ်နေရာ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုသည်ကို ဖူးမြင်လိုကြပါကြောင်း အများ၏ ဆန္ဒကို အလုပ်အကျွေးပုဂ္ဂိုလ်က လျှောက်ထားသဖြင့် မိမိ၏ သီလကို ဆင်ခြင်၍ တရားကိုရှုမြင် သုံးသပ်တော်မူရာ ခဏချင်းပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ထို့ကြောင့် မဂ် ဖိုလ် ရရေးသည် သီလစင်ကြယ်ရေးလောက် မခက်၊ သီလစင်ကြယ်ရေးကသာ မဂ် ဖိုလ် ရရေးထက် ခက်သည်။ သီလစင်ကြယ်လျှင် သံဃရက္ခိတမထေရ်ကြီးကဲ့သို့ မဂ် ဖိုလ်ကို အလွယ်တကူ ရနိုင်ပေသည်''

ဟူ၍ ဖြစ်ပါသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ယင်းသို့ဖြင့် သာသနာရေးရာ အဖြာဖြာကို သည်ပိုးထမ်းဆောင်တော်မူခြင်း, ပရိယတ္တိအလုပ်, ပဋိပတ်အလုပ်တို့၌ အားထုတ်ကြိုးပမ်းတော်မူခြင်း, သီလဝန္တ, သိက္ခာကာမဖြစ်ခြင်း အစရှိသော ဂုဏ်တို့ကြောင့် ၁၃၄၀ - ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတော တိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မာဘူပါလာ၊ ထေရံ ထိရေသု သဏ္ဌိတံ။

### ချီးကျူးပူဇော်ကြခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ လည်းကောင်း,



ရေဝတီဘိုင်း ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာကျောင်း
**ဆရာတော်ဘုရားကြီး အရှင်လောကိဿရ မဟာထေရ် အား**
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
ဆက်ကပ်လှူဒါန်းပုံ။

အခြား တပည့် တပန်းများရှိရာ ကျောင်းတိုက်များမှ လည်းကောင်း ချီးကျူး ပူဇော်ကြသည်။

## မဟာဝိသုဒ္ဓါရုံ ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဇောတယမဟာထေရ်၏

### မဟာထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ဝိသုဒ္ဓါရုံ ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဖြစ်စဉ် ဖြစ်ရပ် အတ္ထုပ္ပတ်နှင့် သာသနာတွင် ဆောင်ရွက်ချက် အမျိုးမျိုးတို့ကို အကျဉ်းချုပ် ထုတ်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

ဇောတယထေရသေဋ္ဌဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒိပနိယံ၊ သုသခေ်ပနိဒဿနံ။

---

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရေဝတီတိုင်း ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာကျောင်း ဆရာတော်ဘုရားကြီး

## အရှင်လောကိဿရ မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

အိုသူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒိပနီ စာတော်ဖတ်.... အသင် စာတော်ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသော သက်တော်ရှည် ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာကျောင်း ဆရာတော် အရှင်လောကိဿရ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညိုယိုဖိတ် သဒ္ဓါတရားကိန်းဝပ်သောစိတ်ဖြင့် ကြည့်ရှုလေ့လာရာ၏။

### ရေဝတီတိုင်း ပန်းတနော်မြို့

ပန်းတနော်မြို့သည် ရေဝတီတိုင်းအတွင်း ပါဝင်ထင်ရှားသည့် မြို့ ဖြစ်သည်။ ယခင်က မအူပင်ခရိုင်အဝင်အပါ မြို့ ဖြစ်သည်။ ပန်းတနော်မြို့နယ်၏ ရုံးစိုက်မြို့

ဖြစ်သည်။ ပန်းတနော်မြို့နယ်သည် ၄၈၃-စတုရန်း မိုင် ကျယ်ဝန်း၍ ရောဝတီ မြစ်မကြီးမှ ဖြာထွက်သော မြစ်ခွဲကလေးပေါင်း များစွာသည် မြို့နယ်အတွင်း ဖြတ်သန်း ဖြာယှက် စီးဆင်းနေ၏။ ပန်းတနော်မြို့နယ်၌ လူဦးရေ ၁-သိန်း ၅-သောင်းခန့် ရှိသည်။ ပန်းတနော်မြို့သည် ဓနုဖြူမြို့မှ ၂၉-မိုင် ကွာလှမ်း၍ ဟင်္သာတမြို့မှ ၆၆-မိုင်ခန့် ရှည်လျားသော တာရိုးအတိုင်း ကုန်းလမ်းခရီးဖြင့် ဆက်သွယ်နိုင်သည်။

## ပန်းကျနော်မှ ပန်းတနော်

ပန်းတနော်မြို့၏ အနောက်ဖက် ၁-မိုင်ခန့် ဝေးကွာသော နေရာရှိ ရွှေမြင်တင်ဘုရားသည် ပန်းတနော်မြို့၏ ကျက်သရေဆောင် တန်ခိုးကြီး ဘုရား ဖြစ်၏။ ပုသိမ်ရာဇဝင်လာ ဥမ္မာဒန္တီမင်းသမီးသည် မင်းသားများ အန္တရာယ်မှ ကင်းဝေးရန် ထွက်ပြေးရင်း ပင်ပန်းနွမ်းသဖြင့် ဦးခေါင်းမှ ပန်းများ ကျရာ အရပ်ဒေသတွင် တည်ထားသော စေတီ ဖြစ်ရကား ပန်းကျနော်ဘုရား ဟု တွင်ခဲ့၍ မြို့သည်လည်း ပန်းကျနော်ဟု ခေါ်တွင်ခဲ့ရာမှ ကာလ ကြာညောင်းသဖြင့် ပန်းတနော်ဟု တွင်ကြောင်း ဆိုကြသည်။

ပန်းကျနော်ဣတိ ပုရေဟိ၊ သန္တေဟိ အဘိသမ္မတံ။
သမ္ပတိ ပန်းတနော်ဣတိ၊ နဂရံ သမ္ပဝုစ္စတိ၊

## ဗောဓိချောင်း ရေလဲကျေးရွာနေ ဦးချိတ် နှင့် ဒေါ်ဆိုင်

ဖော်ပြပါ ရောဝတီတိုင်း ပန်းတနော်မြို့နယ် ဗောဓိချောင်း ရေလဲ ကျေးရွာ၌ ဦးချိတ်, ဒေါ်ဆိုင် ဟူသော ဇနီး မောင်နှံ ၂-ဦးတို့သည် ( ၁ ) စီးပွားရှာမှု၌ ထကြွလုံ့လနှင့် ပြည့်စုံခြင်း၊ ( ၂ ) ရရှိပြီး ဥစ္စာပစ္စည်းတို့ကို ရန်သူမျိုး ငါးပါးမှ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံခြင်း၊ ( ၃ ) မိတ်ကောင်း ဆွေမှန် ရှိခြင်း၊ ( ၄ ) ဝင်ငွေ ထွက်ငွေကို သိ၍ မျှတစွာ အသက်မွေးတတ်ခြင်း ဟူသော မျက်မှောက်ဘဝ ပစ္စုပ္ပန် ချမ်းသာကြောင်း တရား ၄-ပါးနှင့် ( ၁ ) ရတနာသုံးတန် ကံ ကံ၏ အကျိုး၌ ယုံကြည်မှုနှင့် ပြည့်စုံခြင်း၊ ( ၂ ) ငါးပါးသီလ အကျင့်နှင့် ပြည့်စုံခြင်း၊ ( ၃ ) စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုနှင့် ပြည့်စုံခြင်း၊ ( ၄ ) အဖြစ်အပျက်ကို သိတတ်သော ပညာနှင့် ပြည့်စုံခြင်း ဟူသော တမလွန်ဘဝ ချမ်းသာကြောင်း တရား ၄-ပါး ၂-ရပ်ပေါင်း သမ္ပဒါတရား ၈-ပါးတို့နှင့် အသိုက်အလျောက် ပြည့်စုံသော သူတော်စင် သူတော်ကောင်းတို့ ဖြစ်ကြကုန်၏။

ဦးချိတ်တိ ဂေဟပတိ စ၊ ဒေါ်ဆိုင်တိ ဃရသာမိနီ။
ဥဘော တေ ပုဂ္ဂလာ အာသုံ၊ သမ္ပဒါသု သုသံယုတာ။

## သာယာထူးကဲ လ တပို့တွဲ

ကိုးရာသီ တပို့တွဲလ ရာသီကား သာယာထူးကဲသည့် လ ဟု ဆိုထိုက်ပေ၏၊ ဆောင်းရာသီ ဆောင်းဥတု ကုန်ဆုံးတော့မည် ဖြစ်သဖြင့် အအေး အချမ်းလည်း ပေါ့လျော့သော လ ဖြစ်သည်။ ပေါက်ပန်းတွေ ဝေဝေဆာဆာ နှင့် လောကသားတို့မှာ သည်လ သည်ရာသီကား တဖုံကမျိုး ကျက်သရေတိုးရာ လ လည်း ဖြစ်၏။ သူတော်ဦးမင်းသည် -

ရာသီချိန်ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ ပွင့်ညီ။
ရွှေဖီနံ့သာနှင့် ခြောက်ရောင်ဝါ စေတီရင်းမှာ
ဆယ်စင်း လက်စုံကြူး၊ ဦးမြှောက်လို့ ချီ။
ငှ - နှင်းရယ်စီ၊ သုံးလီသာမယ။
ယူဇနာ မြင့်မြတ်ကယ် သချ်ာနှင့်၊ ယုဂန်ညာ တောင်တော်
စွန်းမှာ ထွန်းလိမ့်မာဃ။[1]

ဟူသော သဖြန်းဖြင့် တပို့တွဲလ၏ သာယာတင့်ဆန်းပုံကို အမှမ်းတင်ခဲ့လေသည်။

ဆယ့်နှစ်ရာသီဖွဲ့ ပါဠိနိဿယ၌လည်း –

ကုမ္ဘေ သုမာဃမာသေဟိ၊ ထူလဒုမာ သုပုပ္ဖရေ။
ပုဏ္တာလာ မဓုရရသံ၊ မာနုဇာနံ ဒဒန္တိ စ။
ယာဂုမဟာဥဿဝေါ ပိ၊ ပါကဋ္ဌော မြုမာဘူတလေ။
အဝသေသသုမေဃော ပိ၊ ထနယံ အဘိဝဿတိ။
နရနာရီ မနုညာနိ၊ ပဒရာနိ ပက္ကာနိ စ။
ပုစိမန္ဒဒုမာ နဝ - ပတ္တာနိ မာရေန္တိပိ စ။[2]

ဟူသော ၃ - ဂါထာဖြင့် ဖွဲ့ဆိုထား၏။

### အဂ္ဂမဟာပဏ္ဍိတ ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ရောဝတီတိုင်း ပန်းတနော်မြို့နယ် ဗောဒိချောင်း ရေသဲ ကျေးရွာ၌ ထုတ်ဆိုဖော်ပြခဲ့သည့် အတိုင်း သမ္မဒါတရားတို့နှင့် ကိုးလုံ လောက်ငပြည့်ဝသော အဖဦးချိတ်, အမိ ဒေါ်ဆိုင်တို့မှ ၁၂၅၀ - ခုနှစ် သာယာထူးကဲ တပို့တွဲ လဆန်း ၃ - ရက် ဗုဒ္ဓဟူးနေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူ ရရှိတော်မူသည့် ဆရာတော် အရှင်လောကိဿရ လောင်းလျာသည် ဘေးမခ ရန်မသိ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

---

၁။ ဆယ့်နှစ်ရာသီဖွဲ့ ပေါင်းချုပ်။ ၉၁ - နှာ။
၂။ ဆယ့်နှစ်ရာသီဖွဲ့ပါဠိနိဿယ။ ၃၁၊ ၃၂၊ ၃၃ - ဂါထာ။

## မိဖ နှစ်ဦး ကြည်နူး ဝမ်းမြောက်ကြ

ဦးချိတ် နှင့် ဒေါ်ဆိုင်တို့သည် ရုပ်ရည်နှုပကာယ လှပကြည်လင် သားရွှေစင်ကို ရရှိ ဖွားမြင်ရခြင်းအတွက် လွန်စွာ အားတက် ဝမ်းမြောက်ကြကုန်၏၊ သား ရွှေစင်၏ ရုပ်သွင်ကို မြင်လျှင် မြင်ချင်း အားမလို အားမရ အလွန်ကို ချစ်ခင်ကြကုန်၏၊ ပီတိတွေ မှိုလိုပေါက်ပြီး မျှိုပလောက် ချစ်ခင်ကြကုန်၏၊ သား သမီး ၉ - ယောက်ရှိရာ ဆရာတော်သည် အဋ္ဌမ မြောက် သားရတနာ ဖြစ်လေသည်။

## ဆရာတော်လောင်းလျာ ငယ်စဉ်က ( မယ်တော်, ခမည်းတော်တို့ ) ကွယ်လွန်ကြခြင်း

ဆရာတော်လောင်းလျာ၏ ခမည်းတော်ကြီး ဦးချိတ် နှင့် မယ်တော်ကြီး ဒေါ်ဆိုင်တို့သည် ဆရာတော်လောင်းလျာ ငယ်စဉ်က ဆရာတော်လောင်းလျာကို စွန့်ခွါ၍ ကွယ်လွန် သွားကြကုန်၏။ ဆရာတော် လောင်းလျာ လူလား မြောက်အောင်, ရှင်သာမဏေ ဝတ်သည်တိုင်အောင်, ရဟန်း ဖြစ်သည် တိုင်အောင် သေမင်းသည် မဆိုင်းခဲ့ချေ၊ သေမင်း၏ အန္တရာယ်ကို ဘယ်သူမှ မကယ်နိုင်ခဲ့ချေ၊ အားလုံး လက်မှိုင်ချ၍ အရှုံးပေးကြရသည်။

> လူ့ဘုံ ကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မီးဘေး ရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတရေး၊ ကယ်နိုင်သေး၏၊ အိုဘေး နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သား နှင့် အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်ဘွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပို်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ နေရစွာရှင့်။ ၁

## ကျောင်းသားအရွယ် သင်ပုန်းကြီး မင်္ဂလသုတ် စသည် သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်တွင် ကျောင်းမှာနေ၍ သင်ပုန်းကြီး, မင်္ဂလသုတ်, နမက္ကာရ, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း စသည့် ဗုဒ္ဓဘာသာဝင် သူငယ်တို့ တတ်ကောင်းတတ်ရာ အတတ်ပညာတို့ကို သင်ယူတော်မူခဲ့လေသည်။

---

၁။ မဃဒေဝ။ ၂၇၄၊ ၄၀၀။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ကပိုင်ကျေးရွာကျောင်း

ဆရာတော် ဘဒ္ဒန္တလောကိဿရ

သက်တော် ၉၁-နှစ်၊ သိက္ခာတော် ၇၀-ဝါ

## ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် သက်တော် ၁၇-နှစ်သား အရွယ်ဘွင် ရေလဲ့ရွာ ဦးလေးတော်စပ်သူ ဆေးဆရာကြီး ဦးညို, ဆရာကတော် ဒေါ်ဖေ့တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရောဝတီတိုင်း ပန်းတနော်မြို့နယ် အင်းတကောရွာကျောင်း ဆရာတော် အရှင်ပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်၊ ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာသာမိသည် ဆရာတော်လောင်းလျာ၏ ဘွဲ့မည်ကို လောက လူအများ၏ အကြီးအကဲ အဓိပတိ ကိုးကွယ်အားထားရာဖြစ်မည်ကို ပဝတ္တိနိမိတ်ပြု၍ "ရှင်လောကာဓိပတိ" ဟူ၍ မှည့်ခေါ်တော်မူသည်။

> ပညာသာမိံ ကရိတွာန၊ ဥပဇ္ဈာယံ မဟာဂုရုံ။
> သာမဏေရဘာဝံ သော ပတ္တော၊ သမ္ပတ္တော ဗုဒ္ဓသာသနေ။

## သာမဏေဝတ်နှင့် စာပေ တော်တော်များများ လေ့လာတတ်သိခဲ့

ဆရာတော်လောင်းလျာသည် သာမဏေပတ်နှင့် သာမဏေတို့ မုချ သိရ တတ်ရမည့် သေခိယပါဠိ, အနက်, စုဒ္ဒသခန္ဓကဝတ် ပါဠိ အနက် စသည်တို့ကို ဆရာသမား ချပို့ ပေးသည့် အတိုင်း အာဂုံ နှုတ်တက် ရရှိတော်မူခဲ့လေသည်။

## ဝတ္တရားကျေပြွန်သည့် သာမဏေ

ဆရာတော် လောင်းလျာကား ဥပဇ္ဈာယ်ဝတ်, ဆရာသမားဝတ် တို့ကို ကျေပြွန်အောင် ကျင့်ဆောင်လေ့ ရှိသည့် သိမ်မွေ့ ညံ့တွား နှလုံးသားပိုင်ရှင် ဖြစ်တော်မူသည်။ သာမဏေ ဖြစ်စက ဥပဇ္ဈာယ်ဆရာ သင်ပေးသည့်—

> ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
> အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
> ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
> အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။
> တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
> ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ တတော နိဗ္ဗာန မေဟိတိ။

ဝတ္တံ – ကျင့်သင့်ကျင့်ဖွယ် ဝတ်ကြီး ဝတ်ငယ်ကို။ အပရိပူရေန္တော – ပျင်းရိလေးဖင့် မဖြည့်ကျင့်သော ရဟန်း သာမဏေသည်။ သီလံ – သီလကို။ န ပရိပူရတိ – ဖြည့်ကျင့်သည် မမည်။ အသုဒ္ဓသီလော – ပစင်ကြယ်သော သီလ ရှိသော။ ဒုပ္ပညော – ပညာကင်းကွေ ရဟန်း သာမဏေသည်။ စိတ္တေကဂ္ဂံ–စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို။ န ဝိန္ဒတိ – မုချပိုင်ပိုင် မရနိုင်။

ဝိက္ကိတ္တစိတ္တော - လေခတ်သော တံခွန်တရထည် ပျံ့လွင့်သောစိတ် ရှိသူသည်။ ဟုတွာ - ဖြစ်၍။ နေကဂ္ဂေါ - မတည်ကြည်သော ရဟန်း သာမဏေသည်။ သမ္မာ - ကောင်းစွာ။ ဓမ္မံ - မဂ်ဖိုလ် နိဗ္ဗာန်တရားကို။ န ပဿတိ- လင်းလင်း ထင်ထင် မမြင်နိုင်။ သဒ္ဓမ္မံ - သူတော်ကောင်း တရားကို။ အပဿမာနော - မမြင်သော ရဟန်း သာမဏေသည်။ ဒုက္ခာ - သံသရာညွှတ် ဝဋ္ဋဒုက္ခမှ။ န ပရိမုစ္စတိ - မုချဆတ်ဆတ် မလွတ်မြောက်နိုင်။

တသ္မာဟိ - တသ္မာဝေ - ထို့ကြောင့်သာလျှင်။ ဝိစက္ခဏော - တွေးခေါ်မြင်သိ ပညာမျက်စိရှိသော။ ဇိနပုတ္တော - ဘုရားဇိနေ၁် သားတော်သည်။ ဗုဒ္ဓသေဋ္ဌဿ - လောကဥက္ကဋ္ဌ ဘုရားမြတ်၏။ ဩဝါဒံ - အဆုံးအမတော် ဖြစ်သော။ ဝတ္တံ - ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို။ ပူရေယျ - ဖြည့်ကျင့်ရာ၏။ တတော - ထိုသို့ ဖြည့်ကျင့်ခြင်းကြောင့်။ နိဗ္ဗာနံ - မီးတဆယ့်တဘန် ငြိမ်းရာမှန်သည့် မြတ်နိဗ္ဗာန်သို့။ ဟေတိ - ပုံသေမုချ ရောက်ရလိမ့် လတ္တံ့။

ဟူသော ဩဝါဒ အနုသာသနီ ၃ - ဂါထာကို အာရုံနှုတ်ဘက်ဆောင်ရွက်မှတ်သားတော်မူခဲ့ပြီး ပြုအပ်ပြုသင့်ပြုထိုက်သည့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ကျေပြွန်စွာ ဆောင်ရွက်တော်မူခဲ့လေသည်၊ ၎င်းပြင် ဥပဇ္ဈာယ် ဆရာတော် အရှင်ပညာသာမိထံ၌ ပိဋကတ် အခြေခံ ကျမ်းစာ များကို သင်ယူတော်မူခဲ့လေသည်။

> ဝတ္တံ သော ပူရယိတွာန၊ အသိက္ခိ သိက္ခိတဗ္ဗံ။
> တိပေဋကမူလဘူတ — ဂန္ထံ သဗ္ဗဂ်သောဘနံ။

## ရေလဲရွာကျောင်း ဆရာတော် အရှင်ပဒုမထံ ပညာသင်ခြင်း

ပန်းတနော်မြို့နယ် ရေလဲရွာကျောင်း ဆရာတော်အရှင်ပဒုမသည် ရောက်ရှိမှီခိုလာသည့် တပည့်တပန်း ရဟန်း သာမဏေ ကျောင်းသား တို့အား ထိုက်သင့် လျော်ကန်သည့် ကျမ်းဂန် စာပေ တို့ကို သင်ကြား ချပို့ပေးမှု ဟူသော ကိုယ့်တာဝန်ကို မလစ်ဟင်းအောင် သင်ပြပေးသည့် တောရွာဒေသ သာသနာ့ဝန်ဆောင်ကောင်း တပါး ဖြစ်တော်မူသည်၊ ဆရာတော် လောင်းလျာသည် ဖော်ပြပါ ရေလဲရွာကျောင်း ဆရာတော် အရှင်ပဒုမထံ၌လည်း ပိဋကတ် အခြေခံ ကျမ်းဂန်များကို—

> "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ် တပည့်ဝတ် မချွတ် ငါးခုသာ"

ဟူသည်နှင့် အညီ တပည့်ဝတ် ၅ - ပါး မလစ်ဟင်းစေပဲ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ပဒုမဿာ ပိ၊ ပဒ္မသန္ဒိဘော သုဓိ။
ဥဂ္ဂဏှိ ပေဋကပါဒ - ဂန္ထံ နာနပ္ပကာရကံ။

## သာသနာရေး လွန်အားပေးသည့် မန္တလေးမြို့တော်

မန္တလေး မြို့သူ မြို့သား တို့ကား သာသနာရေးဆို လွန်စွာ အားပေးကြ ဟုန်၏၊ ယင်းသို့ မန္တလေး ရွှေမြို့တော်သူ, ရွှေမြို့တော်သား ဒါယကာ, ဒါယိကာမများ၏ သာသနာရေး အားပေးမှုကြောင့် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့ မန္တလေး၌ ပျော်ရွှင် ချမ်းမြေ့စွာ သီတင်းသုံး၍ စာပေ သင်ကြား ချပို့နိုင်ကြကုန်၏၊ "အင်္ဂလိပ်လွှင့် ပဥ္စမသံဂါယနာတင်" ဟူသည်နှင့် အညီ သက္ကရာဇ် ၁၂၁၄ - ခုနှစ် တပေါင်း လဆန်း ၁၁ - ရက်နေ့တွင် ရန်မာန် ပြီးမြောက် အထွတ်အထိပ်သို့ ရောက်တော်မူသော ပဥ္စမသံဂါယနာ တင် မင်းတုန်း မင်းတရားကြီးသည် မြို့တော်, ကျုံးတော်, လောကမာရဇိန် စေတီတော်, သိမ်တော်ကြီး, သုဓမ္မာဇရပ်တော်ကြီး, အတုလဝေယန်ကျောင်း တော်ကြီး, ပိဋကတ်တိုက်တော်အားဖြင့် ၇ - ဌာနကို မြို့တည်သည်နှင့် တပြိုင် နက် တည်တော်မူခဲ့လေသည်။

"အုတ်ကျစ်ကျော်ဇ မန္တလေး" ဟူသည့်အတိုင်း သက္ကရာဇ် ၁၂၂၁ - ခုနှစ် တွင် နန်းမြို့ရိုး, သစ်တပ်, ရွှေနန်းတော်ပြာသာဒ်, မှန်နန်းတော်မှ စ၍ ပြီးပြေ သဖြင့် ဒုတိယ ဝါဆိုလဆန်း ၆-ရက် စနေနေ့ နံနက် ၆ - နာရီကျော် အချိန်တွင် အမရပူရမြို့တော်မှ မန္တလေး နန်းမြို့တော်သစ်သို့ ရွှေ့ပြောင်း စံတော်မူလေ သည်။

> မြို့ကျုံးစေတီ၊ သိင်္ဂီလျှံမောင်း၊ သိမ်ကျောင်းသုဓမ္မာ၊ ရွှေစာ
> အမြုတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမှန်၊ ခုနစ်ဌာန်ကို၊ ဆောင်ဖန်
> အောင်စည်၊ တပြိုင်တည်က။ [၁]

### ဘုရားမြတ်စွာသာသနာ ပွင့်လင်း

မင်းကေရာဇ်၏ လျှောက်ထားချက်အရ အမရပူရမြို့တော်မှ ကျမ်းဂန်တတ် ဆရာတော် သံဃာတော် ၇၀၀ - ကျော်တို့လည်း ၁၂၁၉-ခုနှစ် တန်ဆောင် မုန်းလမှ စ၍ မန္တလေးမြို့သို့ ရွှေပြောင်း၍ ယာယီကျောင်းများ၌ စံနေတော်မူ ကြကုန်၏။ ကျောင်းတိုက်ကြီးများပြီးမှ ကိုယ့်ကျောင်းတိုက်များ၌ သီတင်းသုံး တော်မူကြ၍ ဓုရ - ၂ - ပါးကို ကြိုးစားအားသစ်ချပို့ ရှုမှတ်ကြကုန်၏။ ထိုအချိန်မှ စ၍ ယခုတိုင် မန္တလေးသည် ဘုရားဘုန်းခိုင်၏ သာသနာတော် မှိုင်မှိုင်ဆိုင်ဆိုင် ပွင့်လင်း စည်ပင်ရာ မြန်မာပြည်တွင် ပဌမစွဲသည့်မြို့ ဖြစ်လေသည်။ ရှေးက

---

၁။ မင်္ဂလာချောင်းကြည့်။

မန္တလေး, အမရပူရမြို့တို့၌ ကျောင်းတိုက်ပေါင်း ၂၁၇ – တိုက် ရှိသည်။ ယခုမူ မန္တလေးတမြို့ထဲ ကျောင်းတိုက် ကြီး ငယ်ပေါင်း ၂၅၀-ကျော်ခန့် ရှိလေသည်။

မန္တလေး အဂ္ဂပုရေ ဟိ၊ သာသနံ ဝိရုဠ္ဟ ဘဝ။
ဣဒ္ဓံ ဖိတံ စ သောဘနံ၊ သောဂတေဟိ သုမာနိတံ။

"ဥဩတွန်သံသာ မန်းမြို့သံဃာ" လင်္ကာအရ သံဃာဦးရေ ၁၁၇၆၆- ပါး သို့မဟုတ် ၁၁၀၆၆ - ပါး ရှိခဲ့ဘူး၏ဟု သိရ၏။ ယခုမူ ၁၀၀၀၀ (တသောင်း) ခန့် ရှိကြောင်း သိရ၏။ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီးသည် အောက်ပါ မန္တလေးသာသနာဖွဲ့ကို ဖွဲ့ဆို ရေးစပ်ခဲ့လေသည်။

## မန္တလေးသာသနာဖွဲ့

မန်းပဏ္ဍလာ၊ ရွှေတိုင်းမှာတည့်၊ သာယာကဲလွန်၊ နတ်ရေကန်ဝယ်၊ ဖန်ရည်ဘိုးတပ်၊ လွန်တင့်အပ်သား၊ သပ်သပ်ပယ်ပယ်၊ ကြီးငယ်သံဃာ၊ ရွှေဟင်္သာတို့၊ ကျာကျာညံညံ၊ ပျော်မြူးစံလျက်၊ နိုင်ငံပြည်သူ၊ ပြောထူများစွာ၊ ဘမရာငှက်၊ ဝင်ထွက်သွယ်သွယ်၊ ပန်းဝတ်သယ်သည့်၊ ကြည်ဖွယ်စုံပေါင်း၊ မကြုံတောင်းရှင့်၊ ပုံ့ပျော်းကြူသုံ၊ အမုံကြိုင်သင်း၊ ဆိုင်ကာဝိုင်ကာ၊ ခိုင်ညွှာခက်ညွှတ်၊ ဝိမုတ်ရသ်ဟု၊ သတပတ်ရွှေကြာ၊ ပွင့်စေငှာတည့်၊ သာသနာအခြေ၊ အာကာဗွေဝယ်၊ ရွှေဘုန်းတော်မြတ်၊ တုလွှတ်ရဝိ၊ ရဲရဲညိသည်၊ ဒုတိယသျှံဝင်၊နေပြဘင်လျှင်၊ ဆောင်ရှင်လင်းစည်၊ထွန်းလာသည်ကြောင့်၊ နှိုင်းရှည့်စရာ၊ ဥပမာပင်၊ မွေ့ရှာမမြင်၊စည်ပင်လှစွာ၊ သာသနာနှင့်၊ ပြည်ရွာနိုင်ငံ၊ စံမြဲဖွယ်၊ ကြီးကျယ်ပြောပ၊ တိုးတက်လှ၏။

ဤသို့ စသည်ဖြင့် မန္တလေးမြို့ကား စာဖွဲ့၍ မကုန်နိုင် မဆုံးနိုင်အောင် စည်ပင် ပွင့်လင်းခဲ့လေသည်။

## အနောက်ပြင် ခင်မကန်ကျောင်းတိုက်ကြီး

မန္တလေးမြို့ အနောက်ပြင် ပြည်ကြီး ပျော်ဘွယ်ရပ်၌ ခင်မကန် ကျောင်းတိုက်ကြီး တည်ရှိလေသည်။ ယင်းကျောင်းတိုက်ကြီးကို မဟာရံ တံတိုင်းကြီး ဝန်းရံလျက် ခမ်းနားစွာ တွေ့မြင်ရ၏။ ကျောင်းတိုက် ဝိုင်းကြီး အတွင်း၌—

မြင်းဝန်ကျောင်း, နန်းမတော်ကျောင်း, မြို့ကန်ကျောင်း, ရွှေတောင်ကျောင်း, လှထောင်ကျောင်း, စည်သာကျောင်း, မြကိုးကျောင်း, အလယ်တိုက်ကြီး, ဘွားတော်ကျောင်း, ထိပ်ပင်ကျောင်း, တရုပ်တန်းကျောင်း, ကျောက်ဆောက်

---

၁။ မြပခက်တော်တင် မင်္ဂလာချောင်း။

ကျောင်း၊ သွပ်မိုးကျောင်း၊ ဝေဠုဝန်ကျောင်း၊ ပိဋကတ်အုတ်တိုက်ကျောင်း၊ ရေလယ်ကျောင်း၊ ဓမ္မိက အုတ်ကျောင်း၊ ကျောင်းသစ်ကျောင်း၊ ခုံတော်ကျောင်း၊ အုတ်လှေကားကျောင်း၊ပုပ္ပားကျောင်း၊မိုးထားကျောင်း၊ မန်ကျည်းပင်ကျောင်း စသောအားဖြင့် ကျောင်းပေါင်း ၃၀ - ကျော်ရှိသည်ကို ယခုပစ္စက္ခတွင် တွေ့မြင်နိုင်၏။

## သမိုင်းအကျဉ်း

မန္တလေး မြို့တော်သစ် ယာယီကျောင်းများ ပြီးစီး၍ ၁၂၁၉ - ခုနှစ်တန်ဆောင်မုန်းလတွင် သံဃာတော် ၅၀၀ - ကျော်တို့ကို အခမ်းအနားနှင့် ပင့်ဆောင်စဉ်က " မဏိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇ ဂုရု " " မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇ ဂုရု " ဟူသော ဘွဲ့ တံဆိပ်တော် ၂ - ထပ်ရ ခင်မကန် ဆရာတော် ဘုရားကြီး အရှင်မဏိဇောတ မဟာထေရ်လည်း ပါဝင်ခဲ့၏။ မင်းတုန်း မင်းတရားကြီးသည် မြေသန့်စင်စေပြီး အရံကျောင်း ၃ - ကျောင်း၊ ပြာသာဒ် ၁ - ဆောင်၊ ရေတွင်း စသည်တို့ကို ဆောက်လုပ်တူးဖော်စေပြီးလျှင် ဖော်ပြပါ ခင်မကန် ဆရာတော်ဘုရားကြီး အရှင်မဏိဇောတအား လှူဒါန်းခဲ့လေသည်။ မူလကျောင်းတိုက် အမည်မှာ " ပဏ္ဍိတာရာမ " မည်ကြောင်း ဆိုကြသည်။ " မဏိဇောတာရာမ " ဟူ၍လည်း အဆိုရှိ၏။ ခင်မကန် ဆရာတော်ဘုရားကြီး၏ ဇာတိချက်ကြွေ မွေးရပ် ရွာမြေကို စွဲ၍ ခင်မကန်တိုက်ဟူ၍ ယနေ့တိုင် တွင်ခဲ့လေသည်။ ၁

## ခင်မကန်တိုက် သူဌေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတထံ ပညာသင်

ခင်မကန်တိုက် သူဌေးကျောင်းဆရာတော် အရှင်ရေဝတသည် မန္တလေးမြို့၌ ကျော်စောကိတ္တိရှိသည့် စာချကျောင်းဆရာတော် ဖြစ်တော်မူသည်။ မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အင်းကန်ရွာ၌ ၁၂၄၇ - ခု သီပေါမင်းပါတော်မူသောနှစ်တွင် ဖွားမြင်တော်မူသည်။ သို့ဖြစ်၍ မိဖတို့က သတို့သားကို မောင်သီပေါ ဟု မှည့်ခေါ်ကြသည်။ အရွယ်ရောက်သော် ရှင်၊ ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူသည်။ ဘွဲ့တော် အရှင်ရေဝတ ဖြစ်သည်၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် သူဌေးတိုက်ကျောင်းကြီး၌ သက်ဆုံးတိုင် သီတင်းသုံး စာပေပို့ချတော် မူခဲ့လေသည်။ ဆရာတော်သည် ကစ္စည်းသဒ္ဒါကြီး နှင့် ဝိနည်း ၅ - ကျမ်းကို မပြတ် ချပို့တော် မူသည်။ ကစ္စည်းသဒ္ဒါကြီးကို—

---

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်တိုက် သာသနာဝင်ကြည့်။

သမ္ဗန္ဓော စ ပဒစ္ဆေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရော စ၊ ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။[၁]

ဟူသော ဂါထာကို နေ့စဉ်လိုလို ရွတ်တော်မူကာ သမ္ဗန် ၆-ပါးလှည့်၍ ချပို့တော်မူလေ့ရှိသည်။ သူ့ဌေးတိုက်ကြီး လျှံအောင် စာလိုက်တွေ များလှ၏။ ၁၂၉၈-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူသည်။ ၁၃၀၇-ခုနှစ်တွင် ပျံလွန်တော်မူသည်။ အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ ရဟန်းတော် အရှင်လောကိယသရသည် ဖော်ပြပါ ပန္ထလေးမြို့ အနောက်ပြင် ခင်မကန်တိုက် စာချအကျော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သူ့ဌေးတိုက်ကျောင်းဆရာတော် အရှင်ရေဝတထံ၌လည်း သမ္ဗန် ၆-ပါး လှည့် စာပြောနည်းတို့ကို ကျနစွာ သင်ယူတော် မူခဲ့လေသည်။

သန္တိကေ ရေဝတဿ ပိ၊ ထေရကိုရော သုဓီတိပ၁။
ဝါယာမသံယုတော ဟုတွာ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

## အုတ်လှေကားကျောင်း ဆရာတော် အရှင်ဉာဏိန္ဒထံ ပညာသင်ခြင်း

ခင်မကန်တိုက် အုတ်လှေကားကျောင်း ဆရာတော်အရှင်ဉာဏိန္ဒသည် အလွန်လျှင် စာပေကောင်းသည်၊ စာချလျှင် ဘေဒစိန္တာ, ကစ္စာယနသာရ, အဘိဓာန်, အလင်္ကာ, ဆန်းတို့ကို ရွှေမြင့်မိုရ် ဖြိုချသလို ဒိုးဒိုးဒေါက်ဒေါက် ရွတ်ဆို၍ ချပို့လေ့ရှိရာ စာသင်သားတွေ များစွာ နှစ်ခြိုက် ကြကုန်၏။ စစ်ကိုင်းခရိုင် ကျောက်ကာရွာ၌ ၁၂၅၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်၊ ၁၂၈၆-ခုနှစ်တွင် သကျသီဟ စာချတန်းကို နံပါတ် ၁-ဖြင့် အောင်မြင်တော် မူသဖြင့် "ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ၁၃၃၅-ခုနှစ်တွင် ပျံလွန်တော်မူသည်။[၂] ဆရာတော်လောင်းလျာ အရှင်လောကိယသရ ရဟန်းတော်သည် မိမိအောက် အသက်သိက္ခာ ဝါငယ်သော ဖော်ပြပါ အရှင်ဉာဏိန္ဒထံ၌လည်း စာပြောပုံနာယူတော် မူခဲ့လေသည်။

သန္တိကေ ဉာဏိန္ဒဿ ပိ၊ လောကိယံရော ဝိစက္ခဏော။
လောကဂ္ဂဇိနစက္ကဿ၊ ဝုဒ္ဓိယာ သိက္ခနံ အကာ။

ရင်းပြင် ယင်းခင်မကန်တိုက် မိုးထားကျောင်းဆရာတော် အထံ၌လည်း စာပေ လိုက်နာ သင်ယူတော် မူခဲ့လေသည်။

---

၁။ မုခမတ္တဒီပနီ (ဋီကာသ) ဇွဲဗ္ဗောဓ အင်္ဂရသညာတောသုတ် အဖွင့်။
၂။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်တိုက် သာသနာဝင် ကြည့်။

### ဒက္ခိဏာရာမဘုရားကြီးတိုက်

"မစဲသုံးပါး ကွဲပြားမရှိ ဒက္ခိဏာရုံ ကျောင်းရွှေဘုံ" ဟူသည်နှင့် အညီ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီး ကျောင်းတိုက်ကြီးကား ကျောင်းပေါင်း ၁၀၀ - ကျော်ရှိ၍ သံဃာတော် ၇၀၀၊ ၈၀၀၊ ၉၀၀-စသည် သီတင်းသုံးတော်မူ၍ စာပေပရိယတ် ချပို့သင့်ယူတော် မူလျက်ရှိရာ (၁) စာအံသံ မစဲခြင်း။ (၂) ဝတ္တကုဋ္ဌိ၌ ပရိသတ် မစဲခြင်း။ (၃) ကျောင်းတိုက်ဝင်း အတွင်း ဝင်ထွက်သံ မစဲခြင်း ဟူသော မစဲ ၃ - ပါးနှင့် ပြည့်စုံသည်ဟု ဆိုရိုးရှိသည်၊ ကျောင်းတိုက်ကြီး တည်ထောင်ရာ ၁၂၀၉ - ခုနှစ်မှ စ၍ ယခုနှစ် ၁၃၄၁ - ခုနှစ် တိုင်အောင် သံဃနာယက ၁၁ - ဆက်တိုင်ခဲ့လေပြီ။ နှစ်သက္ကရာဇ်တွေ တွက်စစ်ရေတွက်လျှင် ကျောင်းတိုက်သက်ပေါင်း ၁၃၀ -ကျော်ခဲ့လေပြီ၊ ယင်းနှစ်ပေါင်း ၁၃၀ - ကျော်အတွင်း ဂဏဝါစက စာချပညာရှင်တွေ ဘယ်နှစ်ဘယ်ကာလမှ ဆိတ်သုဉ်းသည်ဟူ၍ မရှိခဲ့ချေ။ ပညာရှင်ဂဏဝါစက စာချရဟန်းတော်တို့ နိစ္စယာဝရ စာပေချို့ချ သာသနာပြုတော် မူကြကုန်၏။ [၁]

မန္တလေး ပုရေ ဒက္ခိဏ - အာရာမော ဝိချာတော ဘဝိ။
တေပိဋ္ဌကပါရဂေဟိ၊ သမ္ဗုဒ္ဓါ ဘူသိတော ဘဝိ။

### ဆရာတော်လောင်း ဒက္ခိဏာရာမတိုက်၌ ပညာသင်

ဆရာတော်သည် ဖော်ပြပါ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီး တိုက် ကျမ်းတတ်အကျော်ဆရာတော်တို့ထံ သ[illegible]အပ် သင်[illegible] သင်ထိုက်သော ကျမ်းဂ[illegible]ရပ်ကို [illegible]ပေးသော လုံ့လဝီရိယဖြင့် သ[illegible]ယူတော်မူခဲ့လေသည်။ ၎င်းအပြင် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်စသည်၌လည်း သင်ယူတော် မူခဲ့သေးသည်။ ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်လောကိဿရသည်—

အဇရာမရံဝ ပညော၊ ဝိဇ္ဇာ မတ္ထဋ္ဌ စိန္တယေ။
ဂဟိတော ဣဝ ကေသေသု၊ ပစ္စုနာ ဓမ္မ မာစာရေ။ [၂]

ပညော - တွေးခေါ် မြင်သိပညာရှိသည်။ ဝိဇ္ဇဋ္ဌ - တတ်သင့်တတ်ရာ ပညာ သီးသီး ဆည်းပူးစုဆောင်းခြင်းကိုလည်းကောင်း။ အတ္ထဋ္ဌ - ပန္နည်းဥစ္စာ ရရာရကြောင်းဆည်းပူးစုဆောင်းခြင်းကိုလည်းကောင်း၊ အဇရာမရံဝ - မိမိကိုယ်ကို ပအိုမည့်သူပသေမည့်သူကိုကဲ့သို့။ စိန္တယေ - ကြံစည်ဆင်ခြင်ရာ၏။ မစ္စုနာ - မစ္စုမည်လျှင်းရှင်သေမင်းသည်။ ကေသေသု - ဥသျှောင်ဆံပင်တို့၌။ ဂဟိတော ဣဝ-

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမ သာသနာဝင် ကြည့်။
၂။ ဂုဏ်ဝိဒပွဏ္ဏနီတိ။ ဂ။ ဂါထာ၁။

သတ်ရန်ပုံသေ ဆုတ်၍ နေအပ်သကဲ့သို့။ စိန္တေတွာ -ကြံဆင်ခြင်၍။ ဓမ္မံ - သူတော်စင်တို့ထာဝစဉ် နိစ္စကျင့်ရသော တရား ဓမ္မကို။ အာစရေ - မလေးမဖင့် ပြင်းထန်စွာ ကျင့်ကြံအားထုတ်ရာ၏။

ဟူသည် နှင့် အညီ အတတ်ပညာ သင်စဉ်အခါက မသေမည့်သူကဲ့သို့ သဘောထား၍ သင်ယူတော် မူခဲ့လေသည်။

## ရန်ကုန်မြို့ ဗဟန်း အရှင်ပညာထံ ပညာသင်ယူခြင်း

ရန်ကုန်မြို့ ဗဟန်း ရေတာရှည် ဆရာတော် အရှင်ပညာသည်လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ, ညဝါချုပ်မှု၌ နိုင်နင်းသည်ဟု ကျော်စောသည်၊ ဆရာတော် လောင်းလျာ ရဟန်းတော် အရှင်လောကိဿရသည် ဖော်ပြပါ အရှင်ပညာထံ၌ လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းများ နှင့် ညဝါတို့ကို သင်ယူတော်မူခဲ့လေသည်။

## အင်္ဂလိပ်မြန်မာ သတ္တမတန်း အောင်မြင်ခြင်း

ရန်ကုန်မြို့၌ ပရိယတ္တိ ပညာရပ်များကို ဆည်းပူးသင်ကြားတော်မူစဉ် အင်္ဂလိပ်မြန်မာသတ္တမတန်းကိုလည်း အောင်မြင်အောင် အလွတ်သင်ကြားတော် မူခဲ့သည်။ နောက်တွင် ဆက်လက်လေ့လာရာ အင်္ဂလိပ်စာ, မြန်မာစာတို့၌ ကျွမ်းကျင် တတ်မြောက်တော် မူသည်။ စင်စစ်တမူကား ဆရာတော် အရှင်လောကိဿရကား "ဓမ္မလဲ မယွင်းနဲ့ လောကလဲမဖျင်းနဲ့" ဆိုသည့် စကားပုံနှင့် ညီစွာ ဓမ္မလဲ မယွင်းသည့် ပုဂ္ဂိုလ်တည်း။ လောကလဲ ပြည့်စုံကုံလုံသည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူ၏။

သာသနာသဘာဝေ စေဝ၊ လောကာယတ္တဓမ္မေ ပိ စ။
အဝိရဒ္ဓေါ ပရိပူရော၊ အနူနော သမ္ပုဏ္ဏော သုဓီ။

## ရေလဲ့ရွာကျောင်း စာသင်တိုက်၌ စာချပို့ သာသနာပြု

ဆရာတော် အရှင်လောကိဿရသည် သာမဏေဘဝမှ စ၍ ရဟန်းသိက္ခာ ၁၀ - ဝါ ရသည့်တိုင်အောင် မန္တလေး, ရန်ကုန် ပညာစွယ်စုံသည့် တိပ်တန်း ပရိယတ္တိ ဝန်ဆောင် ဂဏဝါစက စာချပုဂ္ဂိုလ်မြတ်တို့ထံ နိယံမပြတ် အပတ်တကုတ် သင်ယူအားထုတ်ခဲ့လေရာ စာပေဖြင့် ဦးဆောင်နိုင်သည့် ပုဂ္ဂိုလ်မြတ် အဖြစ်သို့ စင်စစ် ဆိုက်ရောက်ခဲ့လေပြီ။ သို့ဖြစ်၍ အရှင်လောကိဿရ၏ စွမ်းရည်ကို သိသော ပန်းတနော်မြို့နယ် ရေလဲ့ရွာကျောင်း စာသင်တိုက်မှ မူလဆရာတော်သည် အရှင်လောကိဿရ စာပေချပို့ သာသနာပြုရန် မိန့်ခေါ်တော် မူသည်။ သို့ဖြစ်၍ ရဟန်းသိက္ခာ ၁၀ - ဝါ၇ အရှင်လောကိဿရ ရဟန်းတော်သည် ရေလဲ့ရွာကျောင်း မူလဆရာတော်၏ အမိန့်တော်မြတ် သတပတ်ရွှေကြာကို ဦးထိပ်ရွက်

ပန်ဆင်ကာ ပန်းတနော်မြို့နယ် ရေလဲရွာကျောင်း စာသင်တိုက်သို့ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူ၍ ၁၄ - နှစ်တိုင်တိုင် တပင်တပန်း ရဟန်း သာမဏေ ၂၀ - ခန့်တို့အား စာပေကျမ်းဂန်ချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

ရေလဲဂါမေ ဝသိတွာန၊ သိဿာနံ ဂန္ထဝါစကော။
လောကနာထဿ စက္ကဿ၊ ဝုဍ္ဎိယာ ကိစ္စကာရကော။

## ကပိုင်ကျေးရွာ၌ သီတင်းသုံးတော်မူခြင်း

သိက္ခာဝါ ၂၄ - ဝါ ရရှိရာ ၁၂၉၄ - ခုနှစ်သို့ ရောက်သောအခါ ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာမှ ရွာသူကြီးဖြစ်သူ ဦးဘောပွင့်နှင့် ကျောင်းဒါယကာ, ကျောင်းဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ယင်း ကပိုင်ရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ကျောင်းတိုက်တာကို ကွပ်ကဲ အုပ်ချုပ်တော်မူခြင်း, တပည့်အပေါင်းတို့အား စာပေပို့ချတော်မူခြင်း, ဩဝါဒ အနုသာသနီများ ပေးတော်မူခြင်း, လိမ္မာယဉ်ကျေးအောင် တရားဓမ္မဟောပြတော်မူခြင်း စသည်ဖြင့် ဘုရားမြတ်စွာ သာသနာ စည်ပင်ရေးကို အားပေးဆောင်ရွက်တော်မူသည်။

ဝသိတွာ ကပိုင်ဂါမေ ပိ၊ ဝိဝိဓံ သုကိစ္စံ အကာ။
ဝါစနံ ဩဝါဒဉ္စာပိ၊ ဒေသနံ သိဿာနံ ဝိဒ္ဒါ။

## ပန်းတနော်မြို့နယ် ဝိနည်းဓိုရ်တာဝန် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်အစိုးရသည် ခရစ်သက္ကရာဇ် ၁၉၄၉ - ခုနှစ် ကောဇာသက္ကရာဇ် ၁၃၁၁ - ခုနှစ်တွင် အက်ဥပဒေ အမှတ် ၆၅ - အနေဖြင့် ဝိနိစ္ဆယ အက်ဥပဒေကို ထုတ်ပြန်၍ ဗုဒ္ဓသာသနာရေးဆိုင်ရာ မှုခင်းများကို နိုင်ငံတော်ဝိနည်းဓိုရ်, ခရိုင်ဝိနည်းဓိုရ်, မြို့နယ်ဝိနည်းဓိုရ်ဆရာတော်ထံ အဆုံးအဖြတ်ခံယူကြရမည်။ နိုင်ငံတော်အစိုးရသည်—

(က) သိက္ခာတော် ၂၀ - အောက် မငယ်သော မထေရ် ဖြစ်ခြင်း။

(ခ) မြို့နယ်အတွင်း၌ ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(ဂ) လောကီလောကုတ္တရာ နှစ်ဌာနလုံး၌ ကျမ်းကျင်လိမ္မာ၍ လုံ့လ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

(ဃ) ကျောင်းထိုင်ကျောင်းပိုင်ဖြစ်ခြင်း၊ သို့မဟုတ် စာသင်တိုက်တစုံတခုအတွင်း၌ အမြဲနေထိုင်သော တိုက်အုပ်, တိုက်ကြပ်, စာချ တာဝန်တခုခု ဆောင်ရွက်နေသော ပုဂ္ဂိုလ် ဖြစ်ခြင်း။

( င ) ဝိနယဂရုက, လဇ္ဇီပေသလဖြစ်ခြင်း။

( စ ) ရဟန်းရှင်လူ ပြည်သူအများတို့ယုံကြည် ကိုးစားခြင်း, ယုံကြည် ကိုးစားခံထိုက်သော ပုဂ္ဂိုလ် ဖြစ်ခြင်း။

( ဆ ) သမစိတ္တရှိ၍ ကာလညူ, ခေတ္တညူ, ဓမ္မညူ, ပုဂ္ဂလသာခရဏ ဆေက ပုဂ္ဂိုလ် ဖြစ်ခြင်း။

( ဇ ) မိမိအပေါ်သို့ ကျရောက်သော တာဝန်ဝတ္တရားများကို ကေန် မုချ ကျေပြွန်စွာ ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ် ဖြစ်ခြင်း —

ဟူသော [၁] ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ဆရာတော်ကို နိုင်ငံတော်သမ္မတ လက်မှတ်, သာသနာရေးဝန်ကြီးလက်မှတ်ဖြင့် မြို့နယ်ဝိနည်းဓိုရ်အဖြစ် အသိ အမှတ်ပြု ကိုးကွယ်လေသည်။

ဆရာတော်အရှင်လောကိဿရမဟာထေရ်သည် ဖော်ပြပါ အင်္ဂါရပ်များနှင့် ပြည့်စုံလုံလောက်သဖြင့် ပန်းတနော်မြို့နယ် ဝိနိစ္ဆယဌာန ဝိနည်းဓိုရ်အဖြစ် ခန့်အပ် ကိုးကွယ်ခြင်း ခံတော်မူရ လေသည်။ ယင်းသို့ ခံတော်မူရသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဌာန မြို့နယ် ဝိနည်းဓိုရ် ဆရာတော်။ အမှတ် (        ) မအူပင်ခရိုင် ပန်းတနော်မြို့ ကပိုင်ကျေးရွာ ကပိုင်ကျောင်းတိုက် သိက္ခာဝါ (        ) ရှိ ဆရာတော် ဦးလောကိဿရအား ၁၃၁၁ - ခုနှစ် ဝိနိစ္ဆယဌာနဥပဒေအရ မအူပင်ခရိုင် ပန်းတနော် မြို့နယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့နယ်ဝိနည်းဓိုရ်ဆရာတော်ဖြစ်ကြောင်း အသိအမှတ်ပြု၍ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်၏ အခွင့်အာဏာများကို ဆက်ကပ် အပ်နှင်းတော်မူသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဌာန**

ဟူသော စာတမ်းပါရှိသော လက်မှက်တော်ကို နိုင်ငံတော်သမ္မတလက်မှတ် သာသနာရေးဝန်ကြီးလက်မှတ်ဖြင့် ဆက်ကပ်လှူဒါန်းခြင်းကိုလည်း ခံယူတော် မူရလေသည်။

ပန်းတနော်ဒေသသေဋ္ဌမှိ၊ ဝိနယေ ကောဝိဒေါ ဝိဒ္ဒါ။
ဟုတွာ ဝိနယဓရောယေဝ၊ လောကဂ္ဂသာသနန္တရော။

**ပဓာန နာယကဆရာတော်တာဝန်**

ပန်းတနော်မြို့နယ်၌ သံဃာ့အဖွဲ့အစည်း နိကာယပေါင်း ၇ - ခု ရှိ၏။ ယင်း သံဃာ့အဖွဲ့အစည်း ရှစ်ဖွဲ့ဝင် သံဃာတော်များအားလုံးသည် ဆရာတော် အရှင် လောကိဿရမဟာထေရ်ကို—

---

၁။ ၁၃၁၁ - ခုနှစ် ဝိနိစ္ဆယအက်ဥပဒေ။ ၆ - နှာ။

ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခတာ။
နာယကဿ ဂုဏာ ဧတေ၊ ဣစ္ဆိတဗ္ဗာ သတံ သဒါ။[၁]

ဟူသည်နှင့် အညီ (၁) သည်းခံခြင်း၊ (၂) နိုးကြားခြင်း၊ (၃) ထကြွလုံ့လ ပြုခြင်း၊ (၄) ဝေဖန်ပေးကမ်းခြင်း၊ (၅) သနားခြင်း၊ (၆) မြော်မြင်ခြင်း- ဟူသော နာယကဂုဏ် ၆ ပါးနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်ဟူ၍ သိမှတ်ယုံကြည် တော်မူကြသည်၊ ယင်းသို့ယုံကြည်တော်မူကြသဖြင့် ပန်းတနော်မြို့နယ်လုံးဆိုင်ရာ သံဃနိကာယ ဂ-ဖွဲ့၏ ပဓာန နာယကဆရာတော်အဖြစ် တင်မြှောက်ခြင်း ခံရလေသည်။ ယင်းတာဝန်ကိုသည်း ဓမ္မဝိနယကြောင်းနှင့် မဆန့်ကျင်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ပန်းတနော်ပဒေသေ အဋ္ဌ-နိကာယာနံ မဟာဝိဒူ။
ပုဗ္ဗင်္ဂမော ပုရေစာရီ၊ ပဓာနော ထေရပုင်္ဂဝေါ၊

## ရွှေမြင်တင် ဂေါပကဩဝါဒါစရိယ မဟာနာယက

ရွှေမြင်တင်စေတီတော်ကြီးသည် ဗြဟ္မာသူနတ် အရပ်ရပ်တို့ လေးမြတ်ရိုကိုး ဆင့်ဆင့်တိုး၍ ကိုးကွယ်ဦးခိုက်ပူဇော်ရာ ပန်းတနော်မြို့နှင့် ပန်းတနော်မြို့နယ်၏ အထိကရကျက်သရေဆောင် တန်ခိုးကြီး စေတီကြီး ဖြစ်တော်မူသည်။ နှစ်စဉ် တပေါင်းလတိုင်း ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ ပူဇော်ရာ ဝေးနီး အရပ်များမှ သိုက်မြိုက်စည်ကားစွာ လာရောက်ကြသည်။ ယင်း ရွှေမြင်တင် စေတီတော်ကြီး ပိုင်ဆိုင်သည့် ရွှေ ငွေ မှ စ၍ ပရိဘောဂ ပစ္စည်း အရပ်ရပ်များကို စီမံစိတ်ကျ ဂေါပကအဖွဲ့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရာ ဆရာတော်သည် ဖော်ပြပါရွှေမြင် တင်စေတီတော်ကြီး၏ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မဟာနာယက အဖြစ် တာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။

ရွှေမြင်တင်ဂေါပကဿာပိ။ ဩဝါဒါစရိယော သုဓီ။
စေတိယဝုဒ္ဓိဘာဝါယ၊ ကိစ္စကာရီ မဟာမတိ။

## သံဃဆေးရုံတည်ဆောက်ရေး ဩဝါဒါစရိယ နာယကချုပ်တာဝန်

မနာမကျန်းဖြစ်သော သံဃာတော်များ ပန်းတနော်ပြည်သူ့ဆေးရုံကြီး ထဲမှာ လူတွေ တမိုးတရံတည်း နေ့နေ့ညည ဦးခေါင်းချ ကုသရသဖြင့် ရဟန်း တော်များမှာ သဟသေယျသိက္ခာပုဒ် ဥပဒေတော်အရ ပါစိတ်အာပတ်သင့် သည်။ ယင်းအာပတ်ဘေးမှကင်းဝေးရန် ပန်းတနော်မြို့၌ မြို့နယ်သံဃာ့ဆေးရုံ တည်ဆောက်ရေးအဖွဲ့တဖွဲ့ ဖွဲ့စည်း၍ သံဃာ့ဆေးရုံတည်ဆောက်ရန် ကြိုးပမ်း ကြကုန်၏။ ယင်းသံဃာ့ဆေးရုံ တည်ဆောက်ရေး အဖွဲ့ကို သွန်သင်ညွှန်ပြ ဆုံးမ

၁။ ကဝိဒပ္ပဏနီတိ။ ၂၅၆ - ဂါထာ။

ဩဝါဒပေးရန် ဩဝါဒါစရိယ ဆရာတော်များ အဖွဲ့ရှိ၏၊ ဆရာတော် အရှင်လောကိဿရသည် ဖေါ်ပြပါမြို့နယ် သံဃာ့ဆေးရုံ တည်ဆောက်ရေးအဖွဲ့ ဩဝါ-ဒါစရိယဆရာတော်များ၏ နာယကချုပ်ဆရာတော်တာဝန်ကိုထမ်းဆောင်တော်မူခဲ့လေသည်။

သံဃတိကိစ္စာဂါရမှိ၊ အာရဘိံသု သုမာနုဇာ။
တဿဝါဝါဒါစေရာနံ၊ ပမာနနာယကော ဝိဒူ၊။

**ခေါင်းဆောင်ကောင်း**

ဆရာတော် အရှင်လောကိဿရမဟာထေရ်သည် သာသနာ့ ခေါင်းဆောင်ကောင်း ဖြစ်တော်မူသည်။

ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။
ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။

ဟူသည့် ဂါထာနှင့်အညီ ဆရာတော် အရှင်လောကိဿရ မဟာထေရ် တည်းဟူသော ခေါင်းဆောင်မှုကောင်းသဖြင့် ပန်းတနော် နယ်ပယ်ရှိ တပည့်သံဃာများ ဒကာ၊ ဒကာမများ ညီညီညွတ်ညွတ် စည်းစည်း လုံးလုံး ကျေကျေလည်လည် ရှိကြလေကုန်၏။

**အခြားဆောင်ရွက်ချက်များ**

ၶင်းပြင် ဆရာတော်သည် ကျေးရွာ၌ စာသင်ကျောင်း တည်ဆောက်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား ဘာသာရေး သင်ခန်းစာနှင့် ကျောင်း သင်ခန်းစာများ သင်ကြား ပို့ချပေးခြင်း၊ ဟောင်းနွမ်း ပျက်စီးနေသော သိမ်၊ ကျောင်း၊ ဇရပ်၊ စေတီပုထိုးများကို ဦးဆောင် ပြုပြင် မွမ်းမံခြင်း၊ ရွာလယ် အုတ်လမ်းမကြီး တည်ခင်းခြင်း၊ ရေတွင်း ရေကန်များ တူးဖော်စေခြင်းတို့ဖြင့် သာသနာ၊ လောက နှစ်ဝသော တာဝန်တို့ကို အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့လေသည်။ စင်စစ် တမူကား ဆရာတော်ပေါ်ထွန်းလာခြင်းသည် လောက၊ သာသန နှစ်ဖြာလုံးအတွက် အလွန်လျှင်ကျေးဇူး များလှပေသည်။ ဤကဲ့သို့ အာဇာနည် ပုဂ္ဂိုလ်များ ရံဖန်ရံခါသာပေါ်ထွန်း တတ်လေသည်။

ထေရဿ သုပါတုဘူတော၊ လောကသာသနသတ္တကော။
ဒေိသော သုအာဇာညော ဟိ၊ ကဒါ ဝ ဥပ္ပဇ္ဇတိ။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရှေးဘုန်း ရှေးကံ ကြီးမား၍ လာဘ်လာဘ လွန်စွာ ပေါများ သော်လည်း ရရှိလာသော လာဘ်လာဘများကို ကိုယ့်ကျိုး ကိုယ့်စီးပွားအတွက် သုံးဆောင်တော်မူခြင်း မရှိပါ။ "ကိုယ်တည်း တယောက်၊ ဆင်းရဲရောက်၍၊ ကိုယ့်နောက်အများ၊ ချမ်းသာပွားမူ၊ တပါးဖြစ်ထွေ၊ ဆင်းရဲစေတော့" ဟူသော စိတ်ဓာတ်ကို မွေးမြူ၍ အများကောင်းကျိုးအတွက် စွန့်လွှတ်တော်မူလေ့ ရှိပါသည်။

> ပန်းတနော် မြို့ပေါ်တွင် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဆေးရုံ တည်ဆောက်ခြင်း, ကပိုင်ကျေးရွာတွင် ရေတွင်း ရေကန် တူးဖော်ခြင်း, ရွာလယ် အုတ်လမ်းမကြီး ဖောက်လုပ်ခြင်း စသည်တို့၌ ဆရာတော်သည် ဦးစီး ကြပ်မတ်ရုံသာ မဟုတ်ပဲ မိမိပိုင် လာဘ်လာဘ များကိုပါ စွန့်ကြဲ လှူဒါန်းခြင်း ဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါသည်၊ ကျေးရွာ၌ စာသင်ကျောင်း တည်ထောင် ဖွင့်လှစ်သည် ဟု ဆိုရာ၌လည်း သင်ကြားပေးသော ဆရာ နှင့် သင်ယူသူ တပည့် ကျောင်းသားများ ကိုပါ ဝတ်ရေး, စားရေး, ပညာရေး တို့အတွက် ယနေ့တိုင် ကူညီ စောင့်ရှောက်၍ တည်ထောင် ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်၊ ထို့ပြင် နှစ်စဉ် ရသမျှ လာဘ်လာဘများကို မွေးဖွားတော်မူရာနေ့ရောက်တိုင်း မြို့နယ်အတွင်းရှိ သံဃာတော်များအား အမြဲ ထာဝရ လှူဒါန်းတော်မူလေ့ ရှိပါသည်၊ ယင်းသို့ ကိုယ်ကျိုးမဖက် သိုဂှက် သိမ်းဆည်းခြင်း အလျင်းမရှိသည့် အတွက်ကြောင့် "ပစ္စည်းမသို၊ ဝန်မတို၊ ခင်ပျို ကြီးပွားကြောင်း" ဟူသော ရှေးပညာရှိကောင်း တို့၏ စကားနှင့် အညီ ဆရာတော်မှာ လာဘ်လာဘ ပေါများမှုနှင့် စပ်၍ ပေးမကုန် လှူမခန်း ဖြစ်တော်မူခဲ့ပါသည်။

ဆရာတော်၏ ကြီးမားသော သီလ, သမာဓိ, ပညာ သိက္ခာတရားနှင့် ထူးခြားသော အဆုံးအမ စကားတို့ကြောင့် မြို့နယ်လုံးရှိ ရှင်, ရဟန်းများ၏ အလေးအစားကိုလည်း ကောင်းစွာ ခံယူ ရရှိတော်မူပါသည်။

> "ဆရာတော်သည် ပန်းတနော်မြို့နယ် ဝိနိစ္ဆယဌာန ဝိနည်းဓိုရ် ဆရာတော် အဖြစ် ဆောင်ရွက်တော်မူခဲ့ရာ သံဃာတော်ချင်း ဖြစ်ပေါ်လာသမျှ မှုခင်းကိစ္စများကို အချင်းချင်း သင့်တင့် ညီညွတ်မှု ရရှိစေခြင်းဖြင့်သာ ပြေငြိမ်းအောင် ဖြေရှင်း ပေးတော်မူခဲ့ပါသည်၊ ရုံးနည်းဖြင့် ဆုံးဖြတ်၍ ဝိနိစ္ဆယ ချခြင်း ဟူ၍ တစုံတရာမျှ မရှိခဲ့ပါ"။

ဆရာတော်သည် သက်တော် အနှစ် - ၉၀၊ သိက္ခာတော် ၇၀ - ရ၍ သက်ရှယ်တော် ကြီးရင့် ဇရာသင့်လျက် နားပသာဒ ပင် ချွတ်ယွင်းတော်မူလျက် ရှိနေပါသည်၊ သို့ရာတွင် ဆရာတော်၏ သာသနာချစ် စိတ်ဓာတ် နှင့် သာသနာပြု အာ.မာန်တို့မှာ လုံးဝ လျော့နည်း ကျဆင်းခြင်း မရှိသေးပါ၊ သာသနာတော် အရေးနှင့် စပ်လျဉ်း၍ "သာသနာ့အရေး ငါ့အရေး" ဟု နှလုံးပိုက်တော်မူလျက် ဥတုမရွေး, ဒေသ မရွေး မညည်းမညူ အရေး ကြွရောက် ဆောင်ရွက်တော်မူဆဲ ရှိနေပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်တော်မူခြင်းနှင့် စပ်၍ အထူး မှတ်သားဖွယ် ကောင်းသော ဆရာတော်၏ အဆုံးအမ တခုမှာ—

"ဘုရားရှင် ဟောဖော် ညွှန်ပြ ဆုံးမတော်မူတဲ့ တရားတော် များဟာ ဆည်းပူးလို့ မကုန်နိုင် ဆောင်ရွက်လို့လဲ မကုန်နိုင်ဘူးကွဲ့၊ မင်းတို့ မှတ်ထားကြပါ၊ ဆောင်လဲ ဆောင်ရွက်ကြပါ၊ ငါသဲ သေသည်အထိ ဆောင်ရွက် နေမှာပဲကွဲ့" ဟု ဖြစ်ပါသည်။


အောင်မြင်သော မျိုးစေ့ကောင်း မှန်သော်လည်း အသူတရာနက် ချောက်ထဲသို့ ပစ်ချ စိုက်ပျိုးပါက စည်ပင်ပေါက်ရောက်ခြင်း မရှိနိုင်ပဲ ကောင်းသော မြေ ကောင်းသော ရေနှင့် ကောင်းစွာ စိုက်ပျိုး မှသာ စည်ပင်ပေါက်ရောက်၍ ဖွံ့ထွား ကြီးမားသော အသီး အပွင့် များကို ရရှိနိုင်သကဲ့သို့ အလှူဒါန မျိုးစေ့ စိုက်ပျိုးကြရာတွင်လည်း အလှူပေး အလှူခံ စင်ကြယ်မှ လှူဒါန်းသမျှ အကျိုးဖလ အရများနိုင်ကြပေသည်။

ဆရာတော်သည် အလှူဒါန ပြုလုပ်ကြသူတိုင်း အကျိုးဖလ အရ များစေရန် သီလ မဆောက်တည်မီ လှူဒါန်း ကျွေးမွေးခြင်း, သုံးဆောင် စားသောက်ခြင်း လုံးဝ မပြုစေပဲ သီလ ဆောက်တည်ပြီးမှသာ လှူဒါန်း ကျွေးမွေးခြင်း, သုံးဆောင် စားသောက်ခြင်း တို့ကို ပြုစေတော်မူလျက် အလှူပေး နှင့် အလှူခံ စင်ကြယ်မှုရရန် နည်းလမ်းပြ ဆုံးမလေ့ ရှိပါသည်၊ ဆရာတော်၏ ဩဝါဒခံ တပည့် မှန်သရွေ့ သီလ ယူပြီးမှ လှူကြရ စားကြရသည်— ဆိုသည့်အထိ စွဲမြဲသော အသိ ရှိနေကြပေသည်၊ အတုယူဘွယ် ကောင်းလေစွ။

ဤကား ဆရာတော်၏ အထူး မိန့်ကြားတော်မူချက် ဖြစ်သည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိခြင်း

ယင်းသို့ သာသနာ ကြီးပွားရေး လောက ကြီးပွားရေးကို ထူးချွန်စွာ ဆောင်ရွက်တော်မူခြင်း, သီလဝန္တ - သိက္ခာကာမဂုဏ်နှင့် ကုံလုံ ပြည့်ဝခြင်း စသည့် ဂုဏ်တော်တို့ကြောင့် ၁၃၄၀ - ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ပဲခူးတိုင်း၊ မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ

သက်တော် ၇၇-နှစ်၊ သိက္ခာတော် ၆၈-ဝါ

သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မဝှဘူပါလာ၊ လောကိဿရံ သုပဏ္ဍိတံ။

## ဆရာတော်ကြီးအား ပူဇော်ကြခြင်း

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်လောကိဿရ အား ဘွဲ့တံဆိပ်တော် ဆက်ကပ်ကြောင်း နိုင်ငံတော်အစိုးရက ကြေငြာပြီး နောက် များမကြာမီ ဆရာတော် သီတင်းရာ ကပိုင်ရွာ၌ ပူဇော်ပွဲ ကျင်းပ၍ ဆရာတော်ဘုရားကြီးအား ပူဇော်ကြကုန်၏၊ ၎င်းပြင် သာသနာရေး နှင့် ပြည် ထဲရေးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီး နောက်တနေ့ ဖြစ်သည့် ၁၃၄၁ - ခုနှစ် နယုန်လဆုတ် ၁ - ရက် တနင်္ဂနွေနေ့ တွင် ရန်ကုန်မြို့ အင်းလေးဓမ္မာရုံကြီး၌ ပန်းတနော်မြို့ ပရိယတ္တိသာသနာနုဂ္ဂဟ အသင်း ( ရန်ကုန် ) က ကြီးမှူး၍ ပူဇော်ပွဲ ကျင်းပ ပူဇော်ကြကုန်၏။

## ပန်းတနော် ကပိုင်ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

" အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ပန်းတနော် ကပိုင် ကျေးရွာ ဆရာတော်ဘုရားကြီး ၏ အဖြစ်တော်စဉ် အဋ္ဌုပ္ပတ္တိ နှင့် လောက, သာသနာ နှစ်ဖြာသော ဆောင်ရွက်ချက်တို့ကို အကျဉ်းချုပ် ထုတ်ပြခဲ့ရာ အတော်အသင့် စုံလင်ပြီ ဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

ဘဒ္ဒန္တလောကိဿရဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒိပနိယံ၊ မုခမတ္တနိဒဿနံ။

---

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ပဲခူးတိုင်း မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက်
**ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ ၏**

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒိပနီ စာတော်ဖတ်.... အသင် စာတော်ဖတ်သည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်

ကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်း ခံရသော ဘက်တော်ရှည် မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘုရားကြီး အရှင်ပဏ္ဍိတ မဟာထေရ်၏ ဓာဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရား ကိန်းဝပ်သော စိတ်ဖြင့် ကြည့်ရှု လေ့လာရာ၏။

## ပဲခူးတိုင်း

ပဲခူးတိုင်းသည် ဧရာဝတီတိုင်းမှလွဲလျှင် စပါး အထွက်ဆုံးသော တိုင်း ဖြစ်သည်။ ၁၅, ၂၁၄ - စတုရန်းမိုင် ကျယ်ဝန်း၍ မြောက်ဖက်တွင် မန္တလေး တိုင်း နှင့် မကွေးတိုင်း, အနောက်မြောက်ဖက်တွင် ရခိုင်ပြည်နယ်, အနောက် ဖက်တွင်ဧရာဝတီတိုင်း, တောင်ဖက်တွင် ရန်ကုန်တိုင်း နှင့် အရှေ့ဖက်တွင် ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့ တည်ရှိကြကုန်၏။

ယင်း ပဲခူးတိုင်းတွင် ပြည်, ပေါက်ခေါင်း, ပန်းတောင်း, ပေါင်းတည်, သဲကုန်း, ရွှေတောင်, သာယာဝတီ, လက်ပန်းတန်း, မင်းလှ, အုတ်ဖို, ဇီးကုန်း, နတ္တလင်း, မိုးညို, ကြို့ပင်ကောက်, တောင်ငူ, ရေတာရှည်, ကျောက်ကြီး, ဖြူး, အုတ်တွင်း, ထန်းတပင်, ပဲခူး, သနပ်ပင်, ကဝ, ဝေါ, ညောင်လေးပင်, ကျောက်တံခါး, ဒိုက်ဦး, ရွှေကျင်မြို့နယ် အားဖြင့် မြို့နယ် ၂၈ - ခု နှင့် ကျေးရွာပေါင်း ၁၆၂၃ - ရွာတို့ ပါဝင်သည်၊ ပဲခူးမြို့သည် တိုင်းမြို့တော် ဖြစ်သည်။

ဖော်ပြပါ ပဲခူးတိုင်း အတွင်း ပြည်သူပိုင် စက်ရုံပေါင်း ၅၀ - ခန့် ရှိ၏၊ အများစုမှာ ဆန်စက်, သစ်စက်, လျှပ်စစ်ဓာတ်အားပေးစက်များ ဖြစ်သည်၊ ပြည်မြို့ တဖက်ကမ်းရှိ ဆင်တဲစက်မှုလုပ်ငန်း အကြီးစား စက်ရုံမှ လယ်ထွန်စက်, ရေစုပ်စက် စသည်တို့ ထုတ်လုပ်လျက် ရှိ၏၊ ၎င်းပြင် ပဲခူးတိုင်း အတွင်း၌ မြန်မာ့သမိုင်းတွင် အလွန်လျှင် ကျော်စောကိတ္တိ ရှိသည့် ရှေး မင်းနေပြည် မြို့တော်များ တည်ရှိကုန်၏၊ ပဲခူးတိုင်း၏ အရှေ့မြောက်ဖက်တွင် တပင်ရွှေထီး နှင့် ဘုရင့်နောင်တို့ လက်ထက်က "ကေတုမတီ" အမည်ဖြင့် သတင်း သင်းကြူးခဲ့သည့် တောင်ငူမြို့ တည်ရှိ၏၊ အနောက်မြောက်အစွန် ပြည်မြို့အနီး၌ ရှေးခေတ် ပျူမြို့တော် ဖြစ်ခဲ့သော သရေခေတ္တရာ မြို့ဟောင်း တည်ရှိ၏၊ ပဲခူးမြို့သည်လည်း ရှေး ဟံသာဝတီ မွန်ဘုရင်များ၏ မင်းနေပြည် ဖြစ်ပေ သည်။

ပဲခူးဝှယပဒေသော ပိ၊ ဝိသေသော ဝိတ္တိဏ္ဏော ဘဝိ။
ပေါရာဏအဂ္ဂပုရေ ဟိ၊ လက္ခဏော ရာမဏ္ဏိယကော။

## မိုးညိုမြို့

မိုးညိုမြို့သည် မိုးညိုမြို့နယ် ရုံးစိုက်ရာမြို့ ဖြစ်သည်၊ မိုးညိုမြို့သည် မီးရထား လမ်းပေါ်တွင် တည်သောမြို့ မဟုတ်ချေ၊ မိုးညိုမြို့မှ မင်းလှမြို့သို့ လမ်းကြမ်း တခု ပေါက်သည်၊ မိုးညိုမြို့နယ်သည် နယ်နိမိတ်အားဖြင့် မြောက်ဖက်တွင် ပြည်ခရိုင် ပြည်မြို့နယ်, အရှေ့ဖက်တွင် နတ္တလင်း, ဇီးကုန်း နှင့် ကြို့ပင်ကောက် မြို့နယ်များ, တောင်ဖက်တွင် လက်ပန်းမြို့နယ်, နှင့် အနောက်ဖက်တွင် ဧရာဝတီ မြစ်တို့ ပိုင်းခြား ကန့်သတ်လျက် တည်ရှိ၏။ မိုးညိုမြို့နယ်သည် စတုရန်းမိုင် ၂၅၂-ကျယ်ဝန်း၏။ ကျေးရွာပေါင်း ၄၁ - ရွာ နှင့် လူဦးရေ ၆ - သောင်းခန့် ရှိသည်။

### ကြို့ပင်သာအုန်းကုန်းရွာနေ ဦးဖိုးသာ နှင့် ဒေါ်နှင်းအေး

ဖော်ပြပါ ပဲခူးတိုင်း မိုးညိုမြို့နယ် ကြို့ပင်သာအုန်းကုန်းရွာနေ ဦးဖိုးသာ နှင့် ဒေါ်နှင်းအေး တို့သည် သာသနာ့ဝန်ထမ်း ပညာရှိ ရဟန်းတော်၏ မိဖ ဖြစ်နိုင်လောက်သည့် ကောင်းမှုကုသိုလ် ပါရမီကို တာရှည်ဆည်းပူး ဂုဏ်ရောင် မြူးသည့် ဘုရားရှင်သာသနာကြည်ညိုသဒ္ဓါ, သီလ ပိုမိုသည့် ကူးခြားသော ဇနီး မောင်နှံတို့ ဖြစ်ကုန်၏။

ဦးဖိုးသာ ဥပါသကော စ၊ ဒေါ်နှင်းအေး ဥပါသိကာ။
ဥဘော သာသနေ ပသန္နာ၊ သဒ္ဓါသီလာဒိသံယုတာ။

### ထူးမြတ်ကဲပို လ ပြာသိုလ်

ပြာသိုလ မကာရရာသီကား တနည်းတဖုံအားဖြင့် ထူးကဲသော လ ဖြစ်သည်၊ ''ဖုဿေန ပုဏ္ဏစန္ဒယုတ္တေန နက္ခတ္တေန ယုတ္တော မာသော ဖုဿော'' ဟူသည် နှင့် အညီ ဖုသျှနက္ခတ် နှင့် စန်း ယှဉ်သော လ လည်း ဖြစ်၏၊ ယင်းပြာသိုလပြည့် နေ့တွင် ဘုရားရှင် သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာ သာသနာ့ဘေးဒဏ်, ရန်မာန် များကို ဒုတ်သင်ရန် ကြွတော်မူကြောင်း--

ဗောဓိတော နဝမေ မာသေ၊ ဖုဿပုဏ္ဏမိယံ ဇိနော။
လင်္ကာဒီပံ ဝိသောဓေတုံ၊ လင်္ကာဒီပမုပါဂမိ။

ဟူသော မဟာဝံသ [၁] ကျမ်းထွက်စကားဖြင့် သိသာသည်၊ ဖော်ပြပါ ပြာသို လနှင့် စပ်၍—

လပြာသို မကာရမှာ၊ ကြယ်ဖုသျှ ယှဉ်ကာ။
ဒွါဒသ ပါဒ်နှစ်ဖြာဝယ်၊ ရိပ်ဆာယာ ခြောက်ဖဝါး။

၁။ မဟာဝံသ။ ၁။ ၁၉။ ပခုက္ကူ အဘိဓာန်နိဿယသစ်။ နှာ - ၆၂ - လှည့်ကြည့်။

ဆတ္တိံသ ညဉ့်နာရီမှာ၊ ဇောစမ္မံ နေ့မှန်လျက်သွား။
ထီးတရာ့ ဥသျှောင်ငယ်၊ အာဏာရောင် စက်သွား။
ရန်တကာ ပယ်ရှား၍၊ တိပ်ညွှန့်စား မြင်းပျံ။
ရိန္ဒမာ လှံ ယဉ်စွဲပါလို့၊ မြင်းခင်းပွဲ သဘင်တော်ခံ၊
စုံတော၀ မြိုင်ယံမှာ၊ ဖူးပွင့်တံ ညှာဦးရှုံးလို့။
မဟတုန်း ဆင်ပါဆို၊ ပန်းမြ ခွာညို။
ကြာနန်းမြင့် ရိပ်ခို၀ယ်၊ စိတ်လိုတော်မူပဲထင့်လေး။ [၁]

ဟူ၍ စာဆိုတော်ကြီး ဦးပုည ဖွဲ့ဆိုခဲ့လေသည်။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ပဲခူးတိုင်း မိုးညိုမြို့နယ် ကြို့ပင်သာ အုန်းကုန်းရွာနေ အဖ ဦးဖိုးသာနှင့် အမိ ဒေါ်နှင်းအေးတို့မှ သက္ကရာဇ် ၁၂၅၄-ခုနှစ် လေပြန်လောင်းသည့် ချမ်းစိမ့်စိမ့် ဆောင်းရာသီ ပြာသိုလဆန်း ၁၂-ရက် ကြာသပတေးနေ့ နံနက် ၁၀-နာရီ အချိန်တွင် ချမ်းမြ အေးကြည်သည့် စိတ်နှလုံး ပိုင်ရှင် ဆရာတော် လောင်းလျာသည် မိခင်ရှုး သန့်စင် ဖွားမြင်တော် မူခဲ့လေသည်။ [၂]

ဦးဖိုးသာ, ဒေါ်နှင်းအေးတို့၌ (၁) မောင်တက်ပြား၊ (၂) မောင်မြတ်ပွင့်၊ (၃) မမယ်ကျင်၊ (၄) မဖွား၊ (၅) မောင်ဘဟန်= သခင်ဘဟန် ဟူ၍ သားသမီး ၅-ယောက် ထွန်းကားရာ ဆရာတော် လောင်းလျာသည် ဒုတိယမြောက် ထွန်းပေါ်သည့် သားရတနာ ဖြစ်လေသည်။ မြင့်မြင့် မြတ်မြတ် ပွင့်လင်းမည့် မင်္ဂလာ လက္ခဏာ နိမိတ်ကိုယူ၍ ဆရာတော် လောင်းလျာ သတို့သား၏ အမည်ကို မောင်မြတ်ပွင့်ဟု မှည့်ခေါ်ကြကုန်၏။

မောင်မြတ်ပွင့်ဉာတိ ကန္တမိ၊ ဟိတ္တေသိ အဘိဓာနကံ။
ဘာဝမိ တေ စ သန္တာယ၊ မာတာပိတာဒိဉာတယော။

## ဆရာတော် လောင်းလျာ၏ ရုပ်ရည်လက္ခဏာ

ဤစာပြုသူသည် ဤအဋ္ဌုပ္ပတ္တိသခင် အရှင်ပဏ္ဍိတ ဆရာတော် ဘုရားကြီးကို အနီးကပ်၍အကြိမ်ကြိမ် ဖူးမြင်ဘူးပါသည်၊ ဆရာတော်နှင့် စကားလည်းပြောဘူးပါသည်၊ ယင်းဖူးမြင်ရ, စကားပြောကြားရသဖြင့် ဆရာတော် ငယ်စဉ်က ရုပ်ပုံတော်ကို မှန်းဆ ရည်ရွယ် မြော်မှန်း၍ သိနိုင် ကောက်ချက်ချနိုင်ပါသည်၊ ဆရာတော် လောင်းလျာ၏ ရုပ်ရည် ရူပကာယသည်—

---

၁။ ဆယ်နှစ်ရာသီဖွဲ့ပေါင်းချုပ်။ နှာ-၁၀၃။
၂။ ညဉ့် ၁၀-နာရီဟုလည်း မှတ်စု၌ရှိသည်။

“ ရှည်ရာထွက်ကျူး၊ မောင်းလက်ရုံးနှင့်၊ မျက်လုံးလျှာရှည်၊ တမည် မေးညောင်း၊ နှာခေါင်း နှာတန်၊ နက်စံ ဆုံးဖြတ်၊ သမြက် အကြား၊ မှတ်သားသိလို၊ အတို လေးမည်၊ လည်နိမိတ်နှုန်း၊ ကျောက် ကုန်း မြင်းခေါင်း၊ သေးသွယ်လျှောင်းသား၊ ခြေချောင်း လက်တန်၊ ဆံအရိုးသွား၊ အမြင့်အားမူ၊ နံပါးဝမ်းရင်၊ အပြင်ကုန်အောင်၊ နှာ ရောင်မြင့်ပြူး၊ ပခုံးနဖူး၊ အထူးသီးခြား၊ အနီပြားကား၊ ဖဝါး လက်ခြေ၊ နီတွေချင်းချင်း၊ မျက်ကွင်း အစုံ၊ ပေါက်ငုံပွင့်နည်း၊ ခြေလက် သည်းနှင့်၊လျှာလည်းငုင်း၊ နီမောင်းစက်စက်၊ အောက်ထက် နှုတ်ခမ်း၊ ကျီးအာရှမ်းသို့၊ နှိုင်းတမ်း ထုံးတီး၊ ကြီးစေ တင့်ခေါင်၊ ပေါင် ဥကျှောင်ဦး၊ နဖူးကြီးပြက်၊ အနက်သုံးမည်၊ အတည်အစုံ၊ အသံ အသွား၊ အသားချက်မှာ၊ နက်စေရာသည်၊ ကောင်းစွာအတု—လွတ် ကြူးတည်း ”

ဟူ၍ သာမုဒြိကလက္ခဏာကျမ်းလာလက်ာနှင့် ယေဘုယျအားဖြင့်ပြည့်စုံတော်မူသည်။

## လက်မှန်မဆွ အာစရိယ မိနှင့်ဖ

ဖခင်ကြီး ဦးဖိုးသာ နှင့် မိခင်ကြီး ဒေါ်နှင်းအေးတို့သည်—

မာတာပိတုကတာဘျာသော၊ ဂုဏိတမေတိ ဗာလကော။
န ဂဗ္ဘစုတိမတ္တေန၊ ပုတ္တော ဘဝတိ ပဏ္ဍိတော။[၁]

မာတာပိတုကတာဘျာသော- အမိအဖတို့သည် ပြုစေအပ်သော အတတ် ပညာ သင်ကြားလေ့ကျက်မှုရှိသော။ ဗာလကော= အသက်အရွယ် နုနယ် ညံ့ထွား သတို့သား သူငယ်သည်။ ဂုဏိတံ- ဂုဏ်ရှိသူ၏ အဖြစ်သို့။ ဧတိ-ရောက် ၏။ (?) ဂဗ္ဘစုတိ မတ္တေန- လွယ်ယူ ပိုက်ထွေး မွေးဖွား၍ ပေးကာ မျှဖြင့်။ ပုတ္တော- အရွယ်နုနယ် သားသူငယ်သည်။ ပဏ္ဍိတော- ကဝိပဏ္ဍိ ပညာ ရှိသည်။ န ဘဝတိ- ကေန် စင်စစ် မဖြစ်နိုင်ချေ။

ဟူသည်နှင့်အညီ အတတ်ပညာ မသင်စေပဲ မွေးဖွားပေးရုံဖြင့် လူရည်ချွန် ပုဂ္ဂိုလ်မှန် ပညာရှိ မဖြစ်သေး၊ ပညာသင်စေမှ လူရည်ချွန် ပုဂ္ဂိုလ်မှန် ပညာရှင် ဖြစ်နိုင်သည်သာ၊ အတွေးအခေါ် ကြိုတင် ရှိထားသူများ ဖြစ်ကြရာ ရှေးဦးစွာ ဘုရားရှိခိုး, သရဏဂုဏ်, ငါးပါးသီလ စသည်တို့ကို နှုတ်တိုက်ချ သင်ကြား ပေးကြပြီး “ လက်မှန်မဆွ အာစရိယ ” အဖြစ်ကိုလည်း ယူလိုက်ကြကုန်၏။

ပဌမံ ဝေ သိက္ခိတဗ္ဗံ၊ သိက္ခာပေတ္ဘာန တေ ဥဘော။
ပုဗ္ဗာစရိယာဘာဝံ တေ၊ သမ္ပတ္တာ ဒမ္ပတီဟိ ခေါ။

---

၁။ ကဝိဒပ္ပဏနီတိ၊ ၆၃ - ဂါထာ။

### ကျောင်းနေ ပညာသင်

ဦးဖိုးသာ, ဒေါ်နှင်းအေး ဟူသော မိဖ ၂-ဦးတို့သည် မိမိတို့၏ ရင်နှစ်ရင်သွေး ရင်ကမွေးသည့် သားကလေး မောင်မြတ်ပွင့်ကို မန္ဒသကာခေတ် ဖြစ်သော ၁၀-နှစ်သား အရွယ်ဘွင် ကြို့ပင်သာ အုန်းကုန်း ရွာဦးကျောင်း ဆရာတော်ထံ အပ်နှံ ပညာ သင်ကြား စေကြကုန်၏။[၁] ယင်းသို့ အပ်နှံသဖြင့် ၁၀-နှစ်သားအရွယ်တွင် ဖော်ပြပါ ကြို့ပင်သာ အုန်းကုန်း ရွာဦးကျောင်း၌ သင်ပုန်းကြီး မင်္ဂလသုတ် စသည်တို့ကို သင်ယူတော်မူခဲ့လေသည်။ သာမဏေဝတ်ရန် ဖြစ်သဖြင့် သက်န်း တောင်းပုံ, သီလ ဆောက်တည်ပုံ, ပစ္စဝေက္ခဏာ ပါဠိ, အနက်, လိင် ဆယ်ပါး ပါဠိအနက်, ဒဏ် ဆယ်ပါး ပါဠိအနက်, သေခိယ ပါဠိအနက်, စုဒ္ဒသခန္ဓကဝတ် ပါဠိ အနက် စသည်တို့ကို သင်ယူတော် မူခဲ့လေသည်။

### ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်ခြင်း

ဆရာတော် လောင်းလျာ မောင်မြတ်ပွင့်သည် သက်တော် ၁၂-နှစ်သား အရွယ်တွင် အဘိုးဖြစ်သူ သမားတော်ကြီး ဦးမြတ်သာ, အဘွား ဒေါ်ရွှေမိ နှင့် မိဖတို့၏ ပဋ္ဌယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

ဉပဇ္ဈာယ် ဆရာတော်သည် မောင်မြတ်ပွင့်၏ ဉာဏ်ရည် ဉာဏ်သွား စွမ်းပကား ကို ထောက်ထား ဆင်ခြင် မြော်မြင်တော်မူကာ—

ယဿ ပညာ ဗုဒ္ဓိ ဇာတာ၊ အတ္ထီတိ ပညတော ဘဝေ။
ပညတိ ဉာဏဂတိယာ၊ ဝ ဗ္ဗတီတိ ပိ ပညတော။

ဟူသော ဝိဂ္ဂဟ်ဝစနတ်ဗျုပ္ပတ်ကိုရှုမှတ်ဆင်ခြင်၍ နေ့နံအလိုက် ညီစွာ ရှင်ပညတ ဟူ၍ မှည့် ခေါ်တော် မူလေသည်။

### မင်းလှမြို့ နှစ်မြို့

မြန်မာပြည်၌ မင်းလှမြို့ ၂-မြို့ ရှိသည်၊ မင်းလှမြို့ တမြို့မှာ မကွေးတိုင်း ယခင်က သရက်ခရိုင်၊ သရက်နယ်တွင် ပါဝင်သော မင်းလှမြို့ ဖြစ်သည်၊ ယင်းကို အထက် မင်းလှဟု ခေါ်ကြသည်။ ပဲခူးတိုင်း ယခင်က သာယာဝတီခရိုင် အတွင်း ပါဝင်သည့် မင်းလှမြို့လည်း ရှိသည်၊ ယင်းကို အောက် မင်းလှဟု ခေါ်ကြသည်။ ဤအဋ္ဌုပ္ပတ္တိ သခင် အရှင်မြတ် သီတင်းသုံးရာ မင်းလှကို အောက် မင်းလှဟု သတိပြုရန် ဖြစ်၏။ ဖော်ပြပါ အောက် မင်းလှမြို့သည်

---

၁။ ထိုစဉ်က ဒွါရဝါဒီ ရွှေလောင်းကျောင်း ဆရာတော်သည် ဆွေမျိုးများရှိရာ ကြို့ပင်သာ ကျောင်းသို့ ကြွရောက် သီတင်းသုံးသဖြင့် ထိုဆရာတော်ထံ အပ်နှံကြခြင်း ဖြစ်၏။

ရန်ကုန်မြောက်ဖက် ၉၂ - မိုင် ကွာလှမ်းသည်။ ရန်ကုန်ပြည်ပီးရထားလမ်းပေါ်တွင် တည်ရှိရာ ခရစ် သက္ကရာဇ် ၁၀၇၇ - ခုနှစ်က မင်းလှမြို့ ဘူဘာရုံကို ဖွင့်လှစ်ခဲ့သည်။ ပြည်မြို့မှ တောင်ဖက် ရထားလမ်း မိုင် ၇၀ - ကွာဝေးသည်။

## မင်းလှမြို့ ပင်းကျောင်း အရှင်အာလောကထံ ရောက်ရှိခြင်း

ဆရာတော် လောင်းလျာ ရှင်ပဏ္ဍိတ သာမဏေဝတ်ပြီး မကြာမီ ဥပဇ္ဈာယ် ဆရာတော် ပျံလွန်တော်မူသဖြင့် မင်းလှ ( အောက်မင်းလှ ) မြို့ မင်းကျောင်း တိုက် အဘိုးတော်စပ်သော ဆရာတော် အရှင်လောကထံ ပြောင်းရွှေ့ သီတင်း သုံး၍ ပိဋကတ် အခြေခံ သဒ္ဒါ, သင်္ဂဟ စသော ကျမ်းဂန်များကို သင်ယူတော် မူခဲ့လေသည်။

သန္တိကေ အာလောကဿာ ပိ၊ ပညာလောက ဂဝေသကော။
ပတ္တွာန ခေါ တိပေဋက-ပါဒံ ဂန္တံ သမုဂ္ဂဏှိ။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး

ပခုက္ကူမြို့၌ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကို ကျေးဇူးရှင် ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီးသည်သက္ကရာဇ်၁၂၆၅-ခုနှစ်တပို့တွဲလဆုတ်၄-ရက် နေ့တွင် စတင်ပန္နက်ချ တည်ထောင်တော်မူသည်။ သံဃာတော်များသီတင်းသုံး နေထိုင် ဖြစ်လောက်အောင် အဆောက်အဦများ ပြီးစီးရာ ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် အရှေ့ ပန်းစွာကျောင်းတိုက်မှ မိမိ ( ရေစကြို ဆရာတော်ဘုရားကြီး) နှံသင့် စကားနှစ် ရပ်ပွားဆင်းတုတော်၂-ဆူနှင့် ဓမ္မက္ခန္ဓာ ပေစာများကို ထီးဖြူစိုက်ဆင့်ဆောင်ဘော်မူခဲ့ပြီး သံဃာတော် ၁၆၀ - ကျော်တို့ နှင့် တကွ မဟာဝိသုတာရာမကျောင်းတိုက်သစ်သို့ ကြွရောက် သီတင်းသုံးတော် မူသည်။ ၁၂၇၆ - ခုနှစ်ကွင် ရေစကြိုဆရာတော် ဘုရားကြီး ပျံလွန်တော်မူသည်။ ၎င်းနောက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာသည် မဟာဝိသုတာ ရာမ တိုက်ကြီး၏ အဓိပတိမဟာနာယက ဖြစ်တော်မူ၍ နိကာယ်၅-ရပ် ပါဠိ, အဋ္ဌကထာ, ဋီကာ ချပို့တော်မူ၍ ပခုက္ကူစာချနည်းဖြင့် ပရိယတ္တိ သာသနာကို ဆက်လက်သယ်ဆောင်တော်မူခဲ့လေသည်။ ဖော်ပြပါ ဆရာတော် အရှင်ပညာ လက်ထက်တွင် မဟာဝိသုတာရာမတိုက်ကြီး အတိုးတက်ဆုံး ဖြစ်သည်။ ထိုစဉ်က သံဃာ ၇၀၀၊ ၀၀၀၊ ၉၀၀၊ ၁၀၀၀- ခန့်အထိ ရှိခဲ့၏။ ၁၃၀၀-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ် ပျံလွန်တော်မူသဖြင့် အဘိဓဇမဟာရဋ္ဌဂုရု , အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရမဟာထေရ်, အဂ္ဂမဟာ ပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ ဆက်လက်အုပ်ချုပ်တော်မူ၍ ပရိယတ္တိ သာသနာ ဆက်လက်သယ်ဆောင်တော် မူခဲ့ကြကုန်၏။ ယင်း မဟာနာယက

ဆရာတော် ၂-ပါး အနက် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်မှာ ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူ၍ အဘိဓဇမဟာရဋ္ဌဂုရု,အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သုန္ဒရမဟာထေရ်မှာ ၁၃၃၄-ခုနှစ်တွင် ပျံလွန်တော်မူရာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်သည် မဟာနာယက ဖြစ်၍ ဆက်လက်ထိန်းသိမ်း အုပ်ချုပ် သာသနာပြုတော်မူသည်။ တဖန် ၁၃၄၁-နယုန်လဆုတ် ၁၄-ရက်နေ့တွင် " တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက " ဘွဲ့တံဆိပ် တော်ရ အရှင်နေမိန္ဒထေရ်အား မဟာနာယက အဖြစ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်က လွှဲအပ်တော်မူသည်။ ၁၃၄၁-ခုနှစ်တွင် မဟာဝိသုတာရာမ တိုက်ကြီး၌ သံဃာတော် ၅၂၀-တို့ ပုရိမဝါ ကပ်တော်မူကြသည်။

## ရှင်ပဏ္ဍိတ ပခုက္ကူ မဟာဝိသုတာရာမတိုက် ရောက်ရှိ ပညာသင်

ဆရာတော် လောင်းလျာ သာမဏေ ရှင်ပဏ္ဍိတသည် ဆရာတော် အာလောက မဟာထေရ်၏ ညွှန်ကြားချက်အရ ဖော်ပြပါ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးသို့ရောက်၍ ကျေးဇူးရှင် ဒီဃဒဿိ ရေစကြို ဆရာတော်ဘုရားကြီး နှင့် စာချဆရာတော်များထံ ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပါဠိ,အဋ္ဌကထာများကို လိုက်နာသင်ယူတော် မူခဲ့လေသည်။

ဝိဿုတော သော သမ္ဘူတာန၊ ပဏ္ဍိတော ပဏ္ဍိစ္စံ သုဓီ။
ပိဋကေ တီဏိ ဥဂ္ဂဏှိ၊ ဝါယာမေန သုသံယုတော။

ဌင်းပြင် ပြည်မြို့ ခေမာရုံ ( နောက် ဂန္ဓာရုံ ) ကျောင်းတိုက်၌လည်း ဆက်လက် ပညာသင်ကြားတော်မူခဲ့ လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၃-ခုနှစ် တန်ခူးလဆန်း ၇-ရက် တနင်္ဂနွေနေ့ နေ့လယ် ၂-နာရီ ၁၇-မိနစ်အချိန်တွင် မင်းလှမြို့ မင်းကျောင်း ခဏ္ဍသိမ်တော်၌ ဝေဠုဝန် ဆရာတော် အရှင်ပညာဝံသကို ဥပဇ္ဈာယ် ပြု၍ မင်းလှမြို့ ဆေးရုံတန်းရပ်နေ ဘုရားအမကြီး ဒေါ်ပု၏ ပစ္စယာနုဂ္ဂဟဖြင့် ကမ္မဝါဆရာ,ကာရက သံဃာတော် ၂၀-တို့ ချီးမြှောက်အပ်ရကား သိက္ခာပုဒ် တော် နှစ်ရာ နှစ်ဆယ် ခုနှစ်သွယ်တို့ ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီး ထမ်းသည့် ရဟန်းဘဝ ဒုလ္လဘကို ရတော်မူလေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညံ ပညာဝံသံ ဝိဒုံ။
ဒုလ္လဘံ ပဏ္ဍိတော ပတ္တော၊ သဗ္ဗညုသာသနမှေ။

## ဆက်လက် ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် ပြည်မြို့ ခေမာရုံ စာသင်တိုက်, သထုံ ဘီးလင်းမြို့ မင်းကျောင်း စာသင်တိုက်, ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန် စာသင်တိုက်တို့၌လည်း —

"ဝါကျသွား ဝါကျလာ အမျိုးအမျိုး၊ အနှံ့သန္ဓေ အထွေထွေ၊ ကျမ်းရိုးအသွယ်သွယ်၊ အဘိပ္ပာယ် အဖြာဖြာ၊ ဥပနာပဋ္ဌက၊ ဥပနာဆက္က" စသည့် နည်းနာနယ အဝဝကို ကျနစွာ သင်ယူတော်မူခဲ့ လေသည်။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အရှင်ပညာမဟာထေရ်

ဆရာတော် အရှင်ပညာမဟာထေရ်သည် ပိဋကတ်သုံးသွယ် နိကာယ်ချုပ်နည်း၌ လွန်စွာ ကျမ်းကျင် နိုင်နင်းတော်မူသည်။ မြင်းခြံခရိုင် တောင်ဆင်းမြို့နယ် ခွေးပြုတ်ရွာ၌ အဖ ဦးပျော့, အမိ ဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက်နေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ ၁၂၇၆-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာလယတနကြီး၌ မဟာနာယက အဖြစ်သို့ ရောက်တော်မူ၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ မအားနိစ္စ ချပို့တော်မူသည်။ သီမာဝိနိစ္ဆယ, မင်္ဂလာဒီပနိစ္ဆယ, မင်္ဂလာသုတ္တနိဿယသစ်, ဋီကာကျော်နိဿယသစ်စသော ကျမ်းဂန်များကိုလည်းပြုစီရင်တော် မူသည်။ ၁၂၉၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ သက်တော် ၆၉-နှစ်ရှိရာ ၁၃၀၀-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် ပျံလွန်တော်မူသည်။[၁]

## အရှင်ပညာထံ ပညာ သင်ကြားခြင်း

ဆရာတော် လောင်းလျာ ရဟန်းတော် အရှင်ပဏ္ဍိတသည် သာမဏေဝတ်နှင့် ပခုက္ကူနေခဲ့ရသည်မှာ အားမရ မကျေနပ်သေး၍ ထပ်မံ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွရောက် သီတင်းသုံးတော် မူကာ "ယေတပ္ပါဒရဇောကိုဏ္ဏာ၊ တေဝသာဓုဝိဝေကိနော" ပညာတတ်မြောက် မုံသောက်မာတင် စွယ်စုံပညာရှင်တို့၏ ခြေ၌ လိမ်းကျံကပ်ငြိ မြူမှုန်တို့ဖြင့် ပြည့်နှက်သော ဦးခေါင်းရှိသော တပည့်တို့သည်သာလျှင် ဂုဏ်နှင့် အပြစ် စိစစ်ဝေဖန်နိုင်သည့် ထိပ်တန်းပညာရှိ ကဝိပဏ္ဍိတ ဖြစ်နိုင်သည် ဟူသော အတွေ့အကြုံရှိ သုဗောဓာ-

---

၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်၊ ၂၂၁-၂၄၃။ မဟာထေရလင်္ကာရ-တို့ကို ကြည့်။

လက်ာင္ကျမ်းဆရာ အရှင်သံဃရက္ခိတ ထေရ်မဟာ၏ ဥပဒေသ စကားအတိုင်း ဂုဏ် နှင့် အပြစ် စိစစ်နိုင်ဘိ ပညာရှိဖြစ်ရန် ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ အရှင်ပညာမဟာထေရ်ထံ၌လည်း ပိဋကတ် ကျမ်းဂန် အခန်း ခန်းတို့ကို အဋ္ဌကထာ, ဋီကာတွဲဖက်၍ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ပညာထေရဿ၊ ထိရေသု သဏ္ဍိတော ဝိဒ္ဒါ။
ဝိဒ္ဒတ္တံ သော ဟိ ဣစ္ဆန္တော၊ ပေဋကသိက္ခနံ အကာ။

ဆရာတော်သည် ငယ်စဉ်က အစိုးရ ပါဠိပဌမပြန် စာမေးပွဲ၌ ပဌမငယ် တန်း အောင်ရှိသာ ဝင်ရောက်ဖြေဆိုတော် မူခဲ့သည်။

## သီဟိုဠ်သာသနာရောင်

ဒေဝါနံပီယတိဿမင်း လက်ထက် သာသနာသက္ကရာဇ် ၂၃၆ - ခုနှစ် နယုန် လပြည့်နေ့တွင် သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒထေရ် ဦးဆောင်သော သာသနာပြု အဖွဲ့ ကြွရောက်တော်မူ၍ သာသနာပြုတော်မူခဲ့ရာ သာသနာရောင် လွန်စွာ ထွန်း ပြောင်တော်မူခဲ့လေသည်။ ဆန်စပါး နေလှန်း၍ ခက်ခဲအောင် ကောင်းကင်၌ ဈာန်ပျံရဟန်းတို့ဖြင့် ပြည့်ခဲ့ဘူးသည်။ ၂၃၆ - ခုနှစ် နယုန်လဆုတ် ၂ - ရက် နေ့တွင် မဟာဝိဟာရကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ သာသနာပြုရာ လွန်စွာ ထိရောက်သည်။ အရှင်မဟိန္ဒနှင့် အတူ ပါလာတော်မူသော အရှင် ဣဋ္ဋိယ, အရှင်ဥတ္တိယ, အရှင်သမ္ဗလ, အရှင်ဘဒ္ဒသမ္ဗလ တို့သည်လည်း ရဟန္တာ ပုဂ္ဂိုလ်ကြီးများဖြစ်ကြကုန်၍ ပိဋက ၃ - ပုံ, နိကာယ် ၅ - ရပ်တို့ကို ချပို့တော် မူကြ၍ သက်ဆိုးတိုင် သာသနာ ပြုတော်မူကြကုန်၏။

ငင်းနောက် အရှင်မဟိန္ဒထေရ်မှ စ၍ အဆက်ဆက်ထွန်းပေါ်ခဲ့သော သီဟိုဠ် ထေရဝါဒ သာသနာ့ ခေါင်းဆောင် တို့ကား အရှင်အရိဋ္ဌထေရ်, အရှင် တိဿဒတ္တထေရ် ( ငင်းသည် ဘာသာ ၁၈ - မျိုးတတ် မထေရ်တည်း ), အရှင် ဒီဃနာမထေရ်, အရှင်ဒီဃသုမနထေရ်, အရှင်ကာဠသုမနထေရ်, အရှင် မဟာနာမထေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်, အရှင်တိဿထေရ်, အရှင်ဒေဝထေရ်, အရှင်သုမနထေရ်, အရှင်စူဠနာဂထေရ်, အရှင်ဓမ္မပါလိတထေရ်, အရှင်ခေမာ ထေရ်, အရှင်ဥပတိဿထေရ်, အရှင်ဖုဿဒေဝထေရ်, အရှင်သုမနထေရ်, အရှင်ပဒုမထေရ်, အရှင်မဟာသိဝထေရ်, အရှင်ဥပါလိထေရ်, အရှင် မဟာနာဂထေရ်, အရှင်ဘယထေရ်, အရှင်တိဿထေရ်, အရှင်သုမနထေရ်, အရှင်စူဠာဘယထေရ် , အရှင်တိဿထေရ်, အရှင်စူဠဒေဝထေရ် ,အရှင်သိဝ ထေရ် စသည်တို့ကား သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၏ အကြီး အကဲ အဖြစ် သီတင်းသုံးတော်မူကြကုန်၍ သီဟိုဠ်သာသနာကို ထွန်းပြောင်စေ တော်မူခဲ့ကြကုန်၏။

ၡင်းပြင် အရှင်အာနန္ဒာထေရ်၊ အရှင်ခမ္မပါလထေရ်၊ အရှင်ဗုဒ္ဓဒတ္တထေရ်၊ အရှင်ဥပါတိဿထေရ်၊ အရှင်မဟာနာမထေရ်၊ အရှင်ဥပသေနထေရ်၊ အရှင်ဝဇိရဗုဒ္ဓိထေရ်၊ အရှင်အနုရုဒ္ဓါထေရ်၊ အရှင်ဓမ္မသိရိထေရ်၊ အရှင်ဗုဒ္ဓရက္ခိတထေရ်တို့သည်လည်း မဟာဝိဟာရအဆက်အနွယ်၌ ပါဝင်တော်မူကြကုန်သော သီဟိုဠ်သာသနာ့ဝန်ဆောင် မထေရ်မြတ်တို့ ဖြစ်ကြကုန်၏။ အရှင်တိပိဋကစူဠနာဂထေရ်၊ အရှင်တိပိဋကစူဠာဘယထေရ်၊ အရှင်တိပိဋကမဟာသိဝထေရ်၊ အရှင်ဝိနယဓရဥပတိဿထေရ်၊ အရှင်ဓမ္မရက္ခိတထေရ်၊ အရှင်ဒီဃဘာဏကအဘယထေရ်၊ အရှင်အာဘိဓမ္မိကအဘယထေရ်၊ အရှင်မဇ္ဈိမဘာဏကဒေဝထေရ်၊ အရှင် စတုနိကာယိကတိဿထေရ်၊ အရှင် တိပိဋကစူဠသုမနထေရ်၊ အရှင်အာဘိဓမ္မိကဂေါဒတ္တထေရ်၊ အရှင်ဗုဒ္ဓမိတ္တထေရ် စသည်တို့ကား သီဟိုဠ်ကျွန်း၌ လွန်စွာထင်ရှားခဲ့သော သာသနာ့ဝန်ဆောင် သာသနာပြုပုဂ္ဂိုလ်ထူးတို့ ဖြစ်တော်မူကြကုန်၏။ အရှင်မဟာသံဃရက္ခိတမဟာထေရ်သည် မဇ္ဈိမနိကာယ်လာ အခက်အခဲတို့ကို အဆုံးအဖြတ်ပေးတော်မူခဲ့သည့် မဟာဝိဟာရကျောင်းတိုက် ပညာရှင် တပါး ဖြစ်တော်မူသည်။ ၁

အရှင်မဟာဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၌ လျှမ်းလျှမ်းတောက် ကျမ်းပြုအကျော်အမော်ဆုံး မထေရ်မြတ် ဖြစ်တော်မူသည်။

အရှင်သံဃပါလထေရ်၊ အရှင်ဗုဒ္ဓသိရိထေရ်၊ အရှင်သောဏထေရ်၊ အရှင်စူဠဗုဒ္ဓဃောသထေရ်၊ သုမင်္ဂလပရိဝေဏဝါသီ အရှင်ဒါဌာနာဂသံဃထေရ်၊ အရှင်ဗုဒ္ဓမိတ္တထေရ်၊ အရှင်ဇောတိပါလထေရ်၊ အရှင်ဗုဒ္ဓဒေဝထေရ် စသည်တို့သည် အဋ္ဌကထာသစ် ကျမ်းကြီးများ ရေးသားပြုစုရန် အရှင်မဟာဗုဒ္ဓဃောသထေရ်အား တောင်းပန်မှု အာယာစန ပြုကြသည့် မထေရ်မြတ်တို့ ဖြစ်ကြကုန်၏။

ၡင်းပြင် ပုလတ္ထိပုရခေတ်၌ ထင်ရှားသော ဥဒုမ္ဗရဂိရိမဟာဝိဟာရဝါသီ အရှင်မဟာကဿပထေရ်၊ ၡင်း၏တပည့် သာရတ္ထဒီပနီ စသည်ကျမ်းပြု အရှင်သာရိပုတ္တရာထေရ်၊ ၡင်း၏ တပည့်များ ဖြစ်ကြသော သုဗောဓာလင်္ကာရ၊ ဝုတ္တောဒယ ဆန်းကျမ်း စသည်ပြု အရှင်သံဃရက္ခိတထေရ်၊ ဋီကာကျော်ကျမ်း စသည်ပြု အရှင်သုမင်္ဂလထေရ်၊ ဒါဌာဝံသကျမ်းပြု ရာဇဂုရု အရှင်ဓမ္မကိတ္တိထေရ်၊ ဝိနယဝိနိစ္ဆယ ဋီကာကျမ်းပြု အရှင်ဝါစိဿရထေရ်၊ ကင်္ခါဋီကာသစ်ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ် စသည်တို့သည်လည်း မဟာဝိဟာရအနွယ်များ ဟု ဆိုနိုင်လေသည်။

---

၁။ မ၊ ဋီ၊ ၁။ ၂၉၉။ (သမ္မာဒိဋ္ဌိသုတ် အဖွင့်)

ငွေ့ရေး၊ ပြစ်သိမ်း ဂျစ်အီးနယ်၊ ပီနယ်ဗီ ဗုဒ္ဓဝ ဂျစ်ကွ ထင်ရှား ကျော် ကျော်ပုဂ္ဂိုလ်

ငင်းပြင် မောဟဝိစ္ဆေဒနီအဋ္ဌကထာ၊ ဝိမတိဝိနောဒနီဋီကာကျမ်းပြု အရှင်စောင်္ဃယကဿပထေရ်၊ အဘိဓာနပ္ပဒီပိကာ ကျမ်းပြုအရှင်မောဂ္ဂလ္လာန်ထေရ်၊ သမန္တကူဋဝဏ္ဏနာကျမ်း စသည်ပြု အရှင်ဝေဒေဟထေရ်၊ ဇိနာလင်္ကာရစာကိုယ်နှင့် ဋီကာကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတထေရ်၊ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်၊ ပဒသာဓနကျမ်းပြု အရှင်ပိယဒဿီထေရ်၊ ပဒသာဓနဋီကာကျမ်းပြု အရှင်ရာဟုလာထေရ်၊ ဗာလာဝတာရ ဋီကာသစ်ကျမ်းပြု သီရိသုမင်္ဂလထေရ်၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်းပြု အရှင်သုဘူမိထေရ် စသည်တို့သည်လည်း သီဟိုဠ်သာသနာပြုမထေရ်တို့ ဖြစ်ကုန်၏။ [၁]

## သီဟိုဠ်၌ ထင်ရှားသော စေတီ ပုထိုးများ

သီဟိုဠ်ကျွန်း၌ ကိုးကွယ်ရာ ဗောဓိ၊ စေတီ၊ ပုထိုး စသည်တို့လည်း မည်သည့်သမိုင်းဆရာမှ ကုန်စင်အောင် မဖော်ပြနိုင်အောင် များလှကုန်၏။ အနုရာဓမြို့မှ ဇယသိရိသံဃမိတ္တာဗောဓိ၊ သုဝဏ္ဏမာလီ မဟာစေတီ၊ ထူပါရာမစေတီ၊ လံကာရာမစေတီ၊ အဘယဂိရိစေတီ၊ ဇေတဝနစေတီ၊ ကူဿရမုနိစေတီ၊ ဝေဿဂိရိစေတီ၊ မရိစဝဋ္ဋိစေတီ၊ စေတီယတောင် စေတီများ၊ နာဂဒီပကျွန်းမှ နာဂဒီပစေတီ၊ တရိန်တောန်မာလီမြို့မှ မင်္ဂလာ မဟာစေတီ၊ ပုလတ္ထိမြို့မှ ထူပါရာမစေတီ၊ ရတနကောဋ္ဌစေတီ၊ ကိရိဝေဟေရစေတီ၊ မလယ (မာတလေ) ဒိစတြိတ်မြောက်ပိုင်းရှိ ဒမ္ဗုလဘုရားကျောင်း၊ မလယ (မာတလေ) မြို့အနီးရှိ ပေါတ္ထကာရုဋ္ဌသံဂါယနာတင်ရာ အာလောကလိုဏ်၊ ကိုလံဘိုမြို့အနီး ရှိကလျာဏီစေတီ၊ ကန္ဒီမြို့ရှိ လံကာတိလက ဘုရားကျောင်း၊ ဘုရားရှင်စွယ်တော်တိုက်၊ ဘဒ္ဒုလမြို့ရှိ မုတိယင်္ဂဏစေတီ၊ မဟိယင်္ဂဏစေတီ၊ ဒီဃဝါပီအရပ်ရှိ ဒီဃပါပီစေတီ၊ ရောဟဏတိုင်းရှိ တိဿမဟာရာမ စေတီ၊ စိတ္တလတောင် စေတီ ပုထိုး စသည်တို့ကား သီဟိုဠ်ကျွန်း၌ ထင်ရှားသော ကိုးကွယ်ရာ စေတီ ပုထိုး ဘုရားကျောင်းတို့ ဖြစ်ကုန်၏။

## ထင်ရှားခဲ့သော ကျောင်းတိုက်များ

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် နန်းတက်သော ဒေဝါနံပိယတိဿမင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့တော်ရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီး၊ သာသနာသက္ကရာဇ် ၄၅၅ - တွင် ဒုတိယအကြိမ် နန်းတက်သော ဝဋ္ဋဂါမဏိ (ဝလဂမ္ဗာ) မင်း၏ ကောင်းမှုတော် အနုရာဓမြို့ အဘယဂိရိကျောင်းတိုက်ကြီး၊ သာသနာသက္ကရာဇ် ၈၁၉ - ခုနှစ်တွင် နန်းတက်သော မဟာ

၁။ အကျယ် သီဟိုဠ်သာသနာဝင်ကြည့်။ မဟာဝိသုတာရာမနိကာယသာသနာဝင် ကျမ်းဦး မှတ်ဖွယ်လည်းကြည့်။

သေနပမင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့ ဇေတဝန် ကျောင်းတိုက်ကြီး သာသနာသက္ကရာဇ် ၁၇၀၇-ခုနှစ်ကွင် သီဟိုဠ်၌ နန်းတက်သော ပုလတ္ထိမြို့ တော်ရှိ ဇေတဝန်ကျောင်းကြီး စသည်တို့ကား လွန်စွာ လေ့လာကြည့်ရှု သံဝေဂယူစရာ ကျောင်းတိုက်ကြီးတို့ ဖြစ်ကုန်၏။

## အဋ္ဌကထာ, ဋီကာကျမ်းတို့ ပေါ်ထွန်းရာ

ကမ္ဘာအရပ်ရပ်၌ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကျက်မှတ် သင်အံ လေ့လာ ကြည့်ရှုကြရသည့် အဋ္ဌကထာကျမ်း အားလုံး နှင့် ဋီကာကျမ်း အားလုံးလိုလိုသည် ဖော်ပြပါ သီဟိုဠ်ကျွန်းမှ သာသနာဝန်ဆောင်တို့ ရေး သားစီရင်တော်မူခဲ့သော ကျမ်းတို့ ဖြစ်ကုန်၏။[၁]

## အဘယဂိရိကျောင်းတိုက်ထွက် ကျမ်းများ

သာသနာ သက္ကရာဇ် ၇၅၇-၇၇၉ တွင် နန်းတက်သော ဝေါဟာရ တိဿမင်းသည် တရားဆုံးဖြတ်မှု၌ လိမ္မာကျွမ်းကျင်သော ကပိလအမတ်ကို အဘယဂိရိကျမ်းစာများကို စီစစ်စေရာ ထေရဝါဒနှင့် ဖြောင့်ဖြောင့် ဆန့် ကျင်သဖြင့် သာသနာကျေးဇူးမပြုဟု ယူဆကာ အဘယဂိရိကျောင်းတိုက် နှင့် အဘယဂိရိဂိုဏ်းသုံး ကျမ်းစာများကို မီးရှို့ဖျက်စေလေ၏။

ဝေတုလ္လဝါဒံ မဒ္ဒိတွာ၊ ကာရေတွာ ပါပနိဂ္ဂဟံ။
ကပိလေန အမစ္စေန၊ သာသနံ ဇောတိယိစ သော။[၂]

သို့ဖြစ်၍ အဘယဂိရိဂိုဏ်းသုံးကျမ်းစာ သီဟိုဠ် ( သီရိလင်္ကာ )၌ ယခု ရှာ မရတော့။ သို့ရာတွင် ဥတ္တရဝိဟာရဝံသအဋ္ဌကထာကျမ်း ( အဘယဂိရိ သမိုင်း ) ကျမ်း ရှိခဲ့သည်ဟု သိရ၏။

ဂုင်းပြင် ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာ မထေရ် ရေးသားစီရင်သော သဒ္ဓ- မ္မောပါယန ကျမ်းကိုကား တွေ့ရှိနိုင်လေသည်။ ယင်းသဒ္ဓမ္မောပါယနကျမ်း ကား အားလုံးဂါထာချည်းဖြင့် ပြီးသော ပဉ္စမယကျမ်းကည်း။ ဂါထာ ပေါင်း နိဂုံးအလွတ် ၆၂၁-ဂါထာရှိ၏။ နိဂုံးဂါထာ ၈-ဂါထာရှိ၏။ ၂-ရပ် ပေါင်းသော် ၆၂၉-ဂါထာ ရှိ၏။ ကျမ်းဦး၌—

သဗ္ဗာသဝဝိနိမုတ္တံ၊ သဗ္ဗသာဓုဂုဏာကရံ၊
သဗ္ဗလောကဂရုံ ဝီရံ၊ ဟိတံ အမတမဂ္ဂဒံ။

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင် ကျမ်းဦးမှတ်ဖွယ်ကြည့်။
၂။ မဟာဝံသ-၃၆၊ ၄၁။

သဗ္ဗာဒရေန ဝန္ဒိတွာ၊ သမ္မာသမ္ဗုဒ္ဓမာဒိတော။
အတ မဗ္ဘူ သံဃဉ္စ၊ သဒ္ဓယာ မုဒ္ဒနာ အဟံ။
သဒ္ဓမ္မောပါယနံ ကိဉ္စိ၊ ရစယိဿာမိ ပေသိတုံ။
နာမတော ဗုဒ္ဓသောမဿ၊ ပိယသဗြဟ္မစာရိနော၊
အဠွက္ခကဏဝိနိမုတ္တံ၊ ခဏံ ပရမဒုလ္လဘံ။
ဥပလဒ္ဓေန ကတ္တဗ္ဗံ၊ ပုညံ ပုညဝတာ သဒါ။

ဟူသော ၄-ဂါထာဖြင့် ပဏာမ, အဘိယာစက, ပဋိညာဉ်, ဥယျောဇဉ် တို့ကို ဖော်ပြခဲ့သည်။ ဤကျမ်းသည် သီဟိုဠ်နိဿယနှင့် တကွ ရွိုင်ဆိုက် ၁၂၇-မျက်နှာ ရှိလေသည်။ ဤသည်လျှင် သီဟိုဠ်သာသနာ့သမိုင်း အမြွက် တည်း။

## သီဟိုဠ်ကျွန်းသို့ ကြွရောက် သိတင်းသုံးတော်မူခြင်း

ရဟန်းတော် အရှင်ပဏ္ဍိတသည် သက္ကရာဇ် ၁၂၇၁-ခုနှစ် ရဟန်းသိက္ခာ ၇-ဝါ အရတွင် ဖော်ပြပါ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက် ရာဖြစ်သည့် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ကြွရောက်တော်မူ၍ ကိုလံဘိုမြို့ ဒီမတဂေါဒလမ်းရှိ မကုဋာရာမ မြန်မာကျောင်းတိုက်၌ ၁-ဝါ သိတင်းသုံး တော်မူ၍ သက္ကတဘာသာ, သီဟိုဠ်ဘာသာ, အင်္ဂလိပ်ဘာသာ စသည့် ဘာသန္တရများကိုလည်း ဆည်းပူးလေ့လာတော်မူခဲ့သည်။

## အနုရာဓမြို့ စေတီပုထိုးများ ဖူးမြော်ခြင်း

ယင်းသို့ သီဟိုဠ်ကျွန်း၌ သိတင်းသုံးတော်မူစဉ် အနုရာဓမြို့တော်ဟောင်းရှိ သုဝဏ္ဏမာလိမဟာစေတီတော်ကြီး, ထူပါရာမစေတီတော်, အဘယဂိရိစေတီ တော်, ဇေတဝနစေတီတော်, လံကာရာမစေတီတော်, မရဝဋ္ဋိစေတီတော်, ဒက္ခိဏသာခါမဟာဗောဓိ, လောဟပါသာဒ ကြေးပြာသာဒ်တော်, ဣဿရမုနိ စေတီတော်, စေတီယတောင်ရှိ စေတီတော်များကို ကြွရောက် ဖူးမြော်တော် မူခဲ့လေသည်။

အနုရာဓသေပုရေ ပိ၊ သုဝဏ္ဏမာလိအာဒယော။
စေတိယေ ဝန္ဒိတွာန၊ ပုညံ အနပ္ပကံ အကာ။

## ပုလတ္ထိမြို့တော် ပုထိုးများ ဖူးမြော်ခြင်း

ထိုမှ တပါး အနုရာဓမြို့တော်ဟောင်းမှ ၆၄-မိုင် ကွာလှမ်းသည့် ပုလတ္ထိမြို့ တော်ဟောင်းရှိ စွယ်တော်တိုက်, ထူပါရာမဘုရားကျောင်းတော်, သာသနာ တော်သုတ်သင်စဉ် (ဂိုဏ်းကြီး ၃-ဂိုဏ်း ညီညွတ်အောင်ပြုစဉ်) က အသုံးပြု

ခဲ့သည့် လတာမဏ္ဍပ, ဗုဒ္ဓသိမ်ပြာသာဒ်, လုံကာတိလကဝိဟာရ, အလျားပေ ၁၇၀, အနံပေ ၆၆-ပေရှိ အုတ်ကျောင်းတိုက်ကြီးအတွင်းရှိ ဦးခေါင်းတော် မရှိတော့သော ဆင်းတုတော်ကြီး, အလျား ၄၄-တောင်ရှိ လျောင်းတော်မူ ဆင်းတုတော်ကြီး, အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန် (အဘိဓာန-ပ္ပဒီပိကာကျမ်းပြု) စသည့် ထေရ်ကျော်မဟာတ် ပုဂ္ဂိုလ်မြတ်တို့ သီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်ကြီး, ပရက္ကမဗာဟုမင်းကြီး၏ ရူပဝတီမိဖုရားကြီး ကောင်းမှုတော် ပဝါလစေတီ, ပဋ္ဌမဝိဇယဗာဟုမင်းကြီး၏ ကောင်းမှုတော် မဏိစေတီ, နိဿင်္ကမလ္လမင်း၏ ကောင်းမှုတော် ရတနထုပိကစေတီ, ပရက္ကမဗာဟုမင်းကြီး၏ သုဘဒ္ဒါမိဖုရားကောင်းမှုတော် ခိရိစေတီ (ပါရိဝေဟေရ), လုံးပတ်ပေ ၁၉၅၀, အမြင့်ပေ ၄၅၀-ရှိ ပရက္ကမဗာဟုမင်းကြီး၏ သုံ့ပန်းတမိတ်လူမျိုးတို့ကို တည်စေသော ဒမိဠစေတီ စသည်တို့ကို ကြွရောက် ဖူးမြော်လေ့လာ သံဝေဂ ယူတော်မူခဲ့လေသည်။

ပုလိတ္ထိနဂရေ စာပိ၊ ဝိပုလညာဏိကော ဝိဒ္ဓါ။
ဝိဟာရထူပဒိကေ ပိ၊ ဉက္ခဏ ဝန္ဒနံ အကာ။

### ဒမ္ဗုလတောင် ဘုရားများ စွယ်တော် စသည်တို့ကို ဖူးမြော်ခြင်း

ရဟန်းတော် အရှင်ပဏ္ဍိတသည် ကြုံတောင့်ကြုံခဲ သိဟိုဠ်ကျွန်း ရောက်မှီ ခိုက်တွင် ဒမ္ဗုလတောင်ရှိ ရှေးဟောင်း ဘုရား ဆင်းတုတော်များ, စတုတ္ထ သံဂါယနာဘင်ရာ အာသောကလိုဏ်, ကန္ဒီမြို့ရှိ ဗုဒ္ဓမြတ်စွာစွယ်တော်, ကိုလံဘို မြို့အနီး ကလျာဏီယ အရပ်ရှိ ကလျာဏီစေတီတော်, သမန္တကူဋ တောင်ပေါ်တွင် တည်ရှိတော်မူသည့် ဘုရားရှင် ခြေတော်ရာ, ဘဒ္ဒုလမြို့၌ တည်ရှိသည့် မုတိယင်္ဂဏ စေတီတော်, မဟိယင်္ဂဏ အရပ်၌ တည်ရှိသည့် မဟိယင်္ဂဏ စေတီတော်စသည်တို့ကို မြတ်နိုးကော်ရော် ဖူးမြော် ပူဇော်ခဲ့လေသည်။

နိမုဂ္ဂမာနသော ဗုဒ္ဓ - ဂုဏေသု ပဏ္ဍိတော သုဓီ။
ဒမ္ဗုလေ ပဋိမာဒယော၊ သော ဟိ နမဿနံ ကာ၊။

### ဘီးလင်းမြို့ မင်းကျောင်း၌ စာပေချပို့ သာသနာပြုခြင်း

ဘီးလင်းမြို့သည် ကျိုက်ထိုမြို့ နှင့် သထုံမြို့အကြား အလယ်ခန့်တွင် ဘီးလင်း မြစ်၏ လက်ဝဲကမ်းပေါ်၌ တည်ရှိသည်၊ ဘီးလင်းမြို့ပေါ်၌ ပင်းကျောင်းတိုက် အစရှိသော ကျောင်းပေါင်း ၂၀-ကျော်ခန့်ရှိသည်။ လူ နတ် အများ မြတ်နိုး နိုးနိုး ကိုးကွယ်ရာ ဘုရားပုထိုး စေတီများလည်း ရှိ၏။ ဘီးလင်းမြို့မှ ၃-မိုင်ကွာ ကုသိနာရုံဘုရား နှင့် မြို့ပေါ်ရှိ ကြေးသွန်းဘုရားများ ဖြစ်သည်။ မြို့ အရှေ့ဖက် ရွှေရောင်ပြတောင်ပေါ်ရှိ ဘုရားသည်လည်း ထင်ရှားသော စေတီ ဖြစ်သည်။

ဆရာတော် အရှင်ပဏ္ဍိတသည် ဖော်ပြပါ ဘီးလင်းမြို့ ပင်းကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန် ချပို့ သာသနာပြုတော်မူခဲ့သည်။

ဘီးလင်းပုဋ္ဌဘေဒနေ ဂ ၁၊ မင်းကျောင်းဝှသာဓုနန္ဒနေ။
အာရာမေ ပိ ဝသိတ္ဝာန၊ ဂန္ထာနံ ဝါစကော သုဓီ။

## စိန်ပုရွာ စိန်ပုတောကျောင်း သီတင်းသုံးခြင်း

၁၂၈၅-ခုနှစ် ရဟန်းသိက္ခာ ၁၁-ဝါအရတွင် မင်းလှမြို့ အနောက် စိန်ပုရွာ စိန်ပုတောရကျောင်းမှ အရှင်သီဟာသန နှင့် ဦးထွန်းပေါ် စသော ဒါယကာ-ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ စိန်ပုရွာ စိန်ပုတောရ ကျောင်း၌ သံဃာတော် ၁၅-ပါးနှင့် အတူ ကျောင်းထိုင် ဘုန်းကြီးအဖြစ် သီတင်းသုံး၍ စာပေချပို့တော်မူသည်။

စိန်ပုဝှသံဝသထေ ပိ၊ စိန်ပုတောရ သုသောဘနေ။
သန္ဒဿယေ အာရာမေ ပိ၊ ဝသိတ္ဝာ သာသနဘာရဓော။

## မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက် တည်ထောင် စာပေချပို့

စိန်ပုတောရ ကျောင်း၌ ကျောင်းထိုင်၍ မကြာမီ ကထိန် ခေတ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော် ဘုရားကြီးသည် စိန်ပုသို့ ကြွတော်မူလာသည်။

ထိုအခါ မင်းလှမြို့မှ ရတနာ ၃-ရပ် ထာဝရ မပြတ် ဆည်းကပ်ကြည်ညိုသည့် ဥပါသိကာမကြီး ဒေါ်ပုက မင်းလှမြို့ပေါ်မှာ တပည့်တော်မမှာ မြေနေရာ ရှိပါသည်၊ တပည့်တော်မက ကျောင်းဆောက်၍ ကိုးကွယ်ပါမည်ဟု လျှောက် ထားရာ ဝေဠုဝန် ဆရာတော်ဘုရားကြီးက မောင်ပဏ္ဍိတ သိပ်ကောင်းတာပဲ၊ မင်းနဲ့ သိပ်တော်သည်၊ မင်းလှမြို့မှာ မောင်ပဏ္ဍိတ သာသနာ ပြုရမည်ဟု မိန့်တော်မူသည်။ သို့ဖြစ်၍ မင်းလှမြို့သို့ သီတင်းသုံးရန်ဖြစ်လာသည်။ သို့ရာတွင် ဒေါ်ပု၏ မူလနေရာမှာ လူစည်ကားလှသည့် ရပ်ကွက်ဖြစ်နေ၍ လူမပြမ်းလှပဲ သွားရေး လာရေးလည်း လွယ်ကူသည့် ယခု ကျောင်းတိုက် တည်ရာမြေကို ရွေးချယ်၍ ၁၂၈၇-ခုနှစ်တွင် ကျောင်းတိုက်တည်ထောင်၍ ကျောင်းတိုက်ကြီး၏

---

၁။ ပုဋ္ဌဘေဒန အဒ္ဓပါအဝင် မြို့တော ပရိယာယ် ၁၀-ပုဒ်ကို—

ပဋ္ဋနဉ္စ အဓိဋ္ဌာနံ၊ နဂရံ ပုဋ္ဌဘေဒနံ၊
ထိယော ပု နဂရီ ပုရိယော၊ ဌာနိယံ ကဗ္ဗဋံ ပုဋံ။ ဟူသော ဂါထာဖြင့် ဌဝါပဒဒေဝဆရာ ဆိုသည်။ ပဒုက္က။ အဘိဓာန် နိဿယ၊ နှာ-၁၄၅၈-ကြည့်။

အမည်ကို ဝေဠုဝန်တိုက်ဟု သမိုက်ပညတ်ကာ တည်ထောင်၍ စာသင်သား ရဟန်းသာမဏေ ၆၀-ကျော်ခန့်တို့အား စာပေချပို့၍ ပရိယတ္တိ ကန်ပေါင် ကန်သင်းကို ဆည်ဖို့တော်မူခဲ့လေသည်။

သမုဋ္ဌာပေတွာန ထေရော ပိ၊ ဝေဠုဝနသနာမကံ။
ပရိယတ္တိပါဠိံ သမ္မာ၊ အာဗန္ဓိ ထိရစေတသာ။

## ကျမ်းစာရေးစု သာသနာပြု

ဆရာတော်သည်—

ကဝိဟေရညကာ ကတ္ဝာ၊ ဥတ္တတ္တံ သတ္တကဥ္စနံ။
ဘူသနံ ဂဇ္ဇပဇ္ဇာဒိံ၊ ကရောန္တိ စ မနောဟရံ။ [၁]

ဤလောကမှာ ပညာရှိ ကဝိ ရွှေပန်းထိမ်သည်တို့သည် စာပေကျမ်းဂန် ရွှေ ထည်ကို ရှူ၍ခြင်း လော်ပြီး ညှိုးသည်ကို ပြုကြ၍ ပညာရှိတို့ နှစ်မြို့ဖွယ်ရာ စုဏ္ဏိယ, ဂါထာဗန္ဓ စသည် ပါရှိသော ကျမ်းဂန်များကို ပြုစီရင်ကြ၏။ ဟူ သည်နှင့် အညီ ပညာရှိ ကဝိ ရွှေပန်းထိမ်သည်ကြီး ပီပီ ကျမ်းစာများကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်းတို့မှာ—

၁။ ဗုဒ္ဓဂုဏာအလင်းပြကျမ်း၊
၂။ သီလမဂ္ဂတာသာကျမ်း စသည်တို့ ဖြစ်ကုန်၏။

ဆရာတော်သည် မိမိတည်ထောင်ခဲ့သည့် ကျောင်းတိုက်ကို သတိရတော်မူ သည်၊ သမိုင်းကြောင်းအတွက် နောင်လာ နောက်သားတို့ အခက်အခဲမတွေ့ စေလို့ ကရုဏာတော် ပိုလှသည်။ ထို့ဖြစ်၍ ဗုဒ္ဓဂုဏာအလင်းပြကျမ်း တနေရာ တွင်—

"မြက်စွာပရမေ ဂူ့ အာဆွေ၏ အသရေမြတ်မှန် ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတိုက်နှင့် အမည်တူ ကျောင်းတိုက်ကို ၁၂၀၇-ခုနှစ် ဥတုဟေမန္တ ပြာသိုလ၏ ဆန်းပက္ခ ကောင်းမြက်သော အချိန်ကာလတွင် သံဃာတော် အရှင်မြတ်များနှင့် သိုက်မြိုက်စွာ တည်ထောင်ခဲ့သည်" ဟု ဖော်ပြထား၏။ [၂]

## အခြားသာသနာရေးကိစ္စများ ဆောင်ရွက်တော်မူခြင်း

၎င်းပြင် မင်းလှမြို့နယ် ဝိနည်းစိုရ်တာဝန်, သံဃာသာမဂ္ဂီအဖွဲ့ဝင်ဆရာတော် တာဝန်, စစ်ကွင်း, မင်းလှ, အုတ်ဖို ၃-မြို့နယ် ရွှေကျင်နိကာယ ဥက္ကဋ္ဌ

---

၁။ ကဝိဒပ္ပဏနီတိ။ ၆-ဂါထာ။
၂။ ခေတ်စုံဘွဲ့နှင်းအမြင် နှင့် ယခုနေ့ဘွဲ့ရအချင်း၊ အုပ်။ ၂၀။

တာဝန်, သာယာဝတီ, ပြည်, သရက်, ၃-မြို့နယ် ဝိနည်းစာပြန်ပွဲ ဥက္ကဋ္ဌတာဝန်, ရွှေကျင်နိကာယ ရတ္တညူမဟာနာယကတာဝန်, နယ်လှည့်ဓမ္မကထိကတာဝန်, ဆဋ္ဌသံဂါတိဘာဏကတာဝန်, မှော်ဘီသံဃအစည်းအဝေး နယ်ကိုယ်စားလှယ်တာဝန် စသည်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့လေသည်။

ဝိနယဓရာဒိဘာရေ ပိ၊ ဂဟေတွာန မဟာသုဓီ။
ကာလာနုရူပံ ကတ္တဗ္ဗ- ကမ္မံ ကာသိ သုဓီတိမာ။

## ဩစတြေလျ= AUSTRALIA နိုင်ငံ သို့ ကြွရောက်တော်မူခြင်း

ဩစတြေလျနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုက်ကြီး ၆-တိုက်အနက် အငယ်ဆုံးသော တိုက်ဖြစ်ပြီး အကြီးဆုံးသော ကျွန်း ဖြစ်သည်။ မြောက်ဖက် နှင့် အရှေ့ဖက်တွင် ပစိဖိတ်သမုဒ္ဒရာ, အနောက်ဖက်တွင် အိန္ဒိယသမုဒ္ဒရာတို့ ဝိုင်းရံတည်ရှိ၏။ မြောက်ဖက်တွင် အင်ဒိုနီရှားကျွန်းစု, အရှေ့ဖက်တွင် နယူးဇီလန်ကျွန်းစုတို့ ရှိသည်။

ဆရာတော် အရှင်ပဏ္ဍိတသည်—

နရတ္တံ ဒုလ္လဘံ လောကေ၊ ဝိဇ္ဇာ တတြ သုဒုလ္လဘာ။
ကဝိတ္တံ ဒုလ္လဘံ လောကေ၊ သတ္တိ တတြ သုဒုလ္လဘာ။[၁]

လောကမှာ လူဖြစ်ရဖို့ မလွယ်ဘူး၊ လူဖြစ်ရပြန်လဲ အတတ်ပညာဆရာသမားနဲ့ စံနစ်တကျ သင်ရဖို့ ခဲခက်တယ်။ ၎င်းပြင် ပညာရှိကဝိ ဖြစ်ဖို့လဲခက်တယ်၊ စွမ်းရည်သတ္တိရှိဖို့လဲ သိပ်ခက်တယ်။ ဟူသည့် မျက်စိကြီး နားကြီးတို့၏ နီတိနှင့် အညီ ခဲယဉ်းတဲ့အရာ ၄-ပါးလုံးကို အရှင်ပဏ္ဍိတမဟာထေရ်ရရှိတော်မူသည်။ ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့ ဟူ၍ မိမိကိုယ်ကို အားပေးထားဟန် တူပါသည်။ ဖော်ပြပါ ဩစတြေလျနိုင်ငံ အစည်းအဝေးပွဲကြီးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မြန်မာ့ကိုယ်စားလှယ်အဖြစ် တက်ရောက် ဆွေးနွေးတော်မူခဲ့လေသည်။

ဩစတြေလျန္တရီပမှိ၊ ပဏ္ဍိတော ပဏ္ဍိတော ဝိဒူ။
ဘယတာဏာယ သာကစ္ဆံ၊ ဂန္တွာ သုကိစ္စံ အကာ

၎င်းပြင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌လည်း ၁-ဝါ ဆိုတော်မူ၍ ဘာသာရေး, သာသနာရေး တရားမြေ့တို့ကို ဟောပြောတော်မူလျက် သာသနာ ထွန်းကားရေးကို ဆောင်ရွက်တော်မူသည်။

---

၁။ ကဝိဒပ္ပဏနီတိ။ ၁၇၁-ဂါထာ။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ရဟန်းတော်များအတွက် ဂန္ထဓုရ, ဝိပဿနာဓုရဟူ၍ ပရိယတ်,ပဋိပတ်သာသနာပြုလုပ်ငန်းနှစ်ရပ်ရှိရာတွင် ဂန္ထဓုရပရိယတ် သာသနာပြုလုပ်ငန်းရပ်သည် သာသနာ တည်တံ့ရေးအတွက် ပမာပြုထိုက်သော လုပ်ငန်းတရပ် ဖြစ်သကဲ့သို့ ဝိပဿနာဓုရ ပဋိပတ်သာသနာပြုလုပ်ငန်းသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်မျက်မှောက်ပြုရေးအတွက် အရေးကြီးသော သာသနာပြုလုပ်ငန်းတရပ်ပင်ဖြစ်သည်။ ယင်းသာသနာပြုလုပ်ငန်းနှစ်ရပ်တွင် အခြေခံကျသော ဂန္ထဓုရပရိယတ္တိ သာသနာပြု လုပ်ငန်းကို ဆရာတော်သည် ၁၀ - နှစ်သားအရွယ်ကစ၍ သက်တော် ဂ၀ - အထိ မရပ်မနား ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။ သက်တော်ဂ၀ - သို့ ရောက်သောအခါ ပြုလုပ်ဆဲ ဂန္ထဓုရပရိယတ် သာသနာပြု လုပ်ငန်းကို အရှိန်မပျက်စေပဲ ဝိပဿနာဓုရပဋိပတ်သာသနာပြု လုပ်ငန်းကိုပါ တိုးတက်ဆောင်ရွက်နိုင်ရန် ရည်သန်တော်မူ၍ တချက်ခုတ် နှစ်ချက်ပြတ် သာသနာပြု လုပ်ငန်းစဉ်တရပ်ကို ပြောင်းလဲချမှတ်ကာ အောက်ပါအတိုင်း ဆောင်ရွက်တော် မူခဲ့ပါသည်။

ဆရာတော်သည် မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်မှ ဦးကုဏ္ဍလ ( ဓမ္မာစရိယ ) အား မိမိပိုင် ၄-ကောန့်ရှိ ကျောင်းဝင်းခြံမြေနှင့် ကျောင်းအဆောက်အဦ ဂရုဘဏ် လဟုဘဏ်များကို ချီးမြှင့်လှူဒါန်း၍ မိမိအရိုက်အရာ သာသနာပြု လုပ်ငန်းရပ်တို့ကို အရှိန်မပျက်ဆက်လက်ဆောင်စေတော်မူပြီးလျှင် ကမ္မဋ္ဌာန်းဘာဝနာတရားများကို ကိုယ်တော်တိုင်ချမှတ်ပွားများတပည့်များကိုလည်းနည်းပေးညွှန်ပြတော်မူလျက် ဝိပဿနာဓုရပဋိပတ် သာသနာပြု လုပ်ငန်းတို့ကို အေးချမ်းစွာ တိုးတက်ဆောင်ရွက်တော်မူလျက် ရှိပါသည်။ သာသနာပြု ပုဂ္ဂိုလ်တို့အတွက် နည်းမှီး ဒာတုပြုဖွယ်ကောင်းသော သာသနာပြု လုပ်ငန်းတရပ်ပင် ဖြစ်ပါသည်။ ဤသည်ပင်လျှင် ဆရာတော်၏ မိန့်ကြားဆောင်ရွက်ချက် ဖြစ်ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိခြင်း

ယင်းသို့ သာသနာရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်တော်မူခြင်း, အထူးအားဖြင့် ပရိယတ္တိသာသနာ စည်ပင်ပြန့်ပွားရေးကို အားပေး စောင့်ရှောက်ကြိုးပမ်းတော်မူခြင်း, သီလဝန္တ- သိက္ခာကာမဖြစ်ခြင်း စသည် ဂုဏ်တော်အဝဝတို့ကြောင့် ၁၃၄၀-ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ပဏ္ဍိတံ ပဏ္ဍိတံ ဝိဒုံ။

## ချီးကျူးပူဇော်ကြခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ မဟာထေရ်အား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စသည်၌လည်းကောင်း, မင်းလှမြို့ ဝေဠုဝန် ကျောင်းတိုက်၌လည်းကောင်း သက်ဆိုင်ရာ တပည့်ဒကာ, ဒကာမတို့က ချီးကျူးပူဇော်ကြကုန်၏။

## မင်းလှမြို့ ဝေဠုဝန်ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတမဟာထေရ်၏ မဟာထေရုပ္ပတ္တိသန္ဒီပနီ လက်စသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မင်းလှမြို့ သက်တော်ရှည် ဝေဠုဝန် ဆရာတော် ဘုရားကြီး၏ ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ်နှင့် သာသနာ ဆောင်ရွက်ချက် အမျိုးမျိုးတို့ကို အကျဉ်းချုပ် ထုတ်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

ပဏ္ဍိတထေရ သေဋ္ဌဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒီပနိယံ၊ သုသင်္ခေပနိဒဿနံ။

---


အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ

မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး

### အရှင်ဂန္ဓမာ မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အိုသူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီစာတော်ဖတ်....အသင်စာတော် ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရား ကိန်းဝပ်သော စိတ်ဖြင့် ကြည့်ရှုလေ့လာရာ၏။



မခုက္ကူမြို့ မဟာဝိသုတာရာမတိုက် **ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ အား**
**ဝန်ကြီး** ဗိုလ်မှူးချုပ်စိန်လွင် က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
ဆက်ကပ်နေပုံ။

## မြန်မာနိုင်ငံ၏ အကျယ်ဆုံးသော စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းသည် ငါတို့ ပျော်စံ မြန်မာနိုင်ငံတွင် အကျယ်ဆုံးသော တိုင်း တတိုင်းဖြစ်၏။ အကျယ်အဝန်း စတုရန်းမိုင် ၃၆,၅၃၄-မိုင် ကျယ်ဝန်းသည်။ ယင်း စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းကျသောတိုင်းလည်းဖြစ်၏။ အနောက်ဖက်တွင် ချင်းပြည်နယ်, တောင်ဖက်တွင် မကွေးတိုင်း နှင့် မန္တလေး တိုင်း, အရှေ့ဖက်တွင် ရှမ်းပြည်နယ် နှင့် အရှေ့မြောက်ဖက်တွင် ကချင် ပြည်နယ်တို့ တည်ရှိကုန်၏။

တိုင်း၏ အဓိက ထွက်ကုန်များမှာ စပါး, ဂျုံ, မြေပဲ, ပဲမျိုးစုံ နှင့် ဝါတို့ ဖြစ်သည်၊ တိုင်းအတွင်း၌ မြို့နယ်ပေါင်း ၃၇-မြို့နယ် ပါဝင်သည်။ ယင်းတို့မှာ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ငန်းဇွန် ( ငဇွန် )၊ ဖောင်းပြင်၊ မော်လိုက်၊ တမူး၊ ကလေးဝ၊ ကလေးမြို့၊ မင်းကင်း၊ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမော်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ် (အုံပေါ) နှင့် နန်းယွန်း တို့ ဖြစ်ကုန်၏။ တိုင်း၏ မြို့တော်မှာ စစ်ကိုင်းမြို့ ဖြစ်သည်။ ယင်း စစ်ကိုင်းမြို့သည် မန္တလေးမြို့နှင့် ၁၃-မိုင်ကွာလှမ်း၍ ရေလမ်း, မီးရထားလမ်း, မော်တော်ကားလမ်း ဆုံရာဖြစ်ရကား အရောင်း အဝယ် စည်ကားသော မြို့ ဖြစ်သည်။

### စစ်ကိုင်းနယ်မှ ပေါ်ထွန်းသော ပညာရှင်များ

စစ်ကိုင်းခရိုင် စစ်ကိုင်း နယ်သည်လည်း ဘွဲ့တံဆိပ်တော် ရ-မရ ပညာရှင်, ကျမ်းဂန်ပြု ပညာရှင် သာသနာ့ဝန်ဆောင်တို့၏ ပေါ်ထွန်းရာ ဖြစ်၏။

သဒ္ဒသာရတ္ထဇာလိနီကျမ်းပြု အုးတွင်းပစ်သရာတော် အရှင်နာဂိတသည် စစ်ကိုင်းခရိုင် သာစည်ရွာ ဇာတိ ဖြစ်သည်။

ကန်တော်မင်းကျောင်း မေတ္တာစာ, လောကသာရပျို့ စသည်တို့ကို ပြုစီ ရင်တော်မူခဲ့သော ကန်တော်မင်းကျောင်း ဆရာတော်သည် စစ်ကိုင်းခရိုင် မြင်းမူ မြို့နယ် ထီးဆောင်းရွာ ဇာတိ ဖြစ်သည်။

မေ့ဓနီတိပျို့ကို ပြုစီရင်တော်မူခဲ့သော စဥ့်ပါဆရာတော်သည် စစ်ကိုင်းခရိုင် မကျည်းစင်ရွာ ဇာတိ ဖြစ်သည်။

"ကေတုဓဇာဘိပဝရမဟာဓမ္မရာဇဂုရု, ကေတုဓဇာဘိသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု, ကေတုမာလာဘိဓဇအတုလဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိ

ရာဇဂုရု ” ဘွဲ့တံဆိပ်တော် ၃-ထပ်ရ စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုသည် စစ်ကိုင်းခရိုင် ဂေါင်းဇင်ရွာ ဇာတိ ဖြစ်သည်။[၁]

စာချအကျော် ဝတ်ချက် ( ဝချက် ) မင်းကျောင်းဆရာတော် ဘုရားကြီး အရှင်သောမသည် စစ်ကိုင်းခရိုင် သာစည်ရွာ ဇာတိ ဖြစ်သည်။[၂]

ပေဋကောပဒေသအဋ္ဌကထာ, မိလိန္ဒပဉှာအဋ္ဌကထာ—စသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော မူလမင်းကွန်း ဆရာတော်ဘုရားကြီး အရှင်နာရဒသည် စစ်ကိုင်းခရိုင် ကန်ကြီးကုန်းရွာ ဇာတိ ဖြစ်သည်။[၃]

“ အဘိဓဇမဟာရဋ္ဌဂုရု ” ဘွဲ့ တံဆိပ်တော်ရ ရွှေကျင်နိကာယ သာသနာပိုင် သက်တော် ( ၁၀၂ ) ရာကျော်ရှည် စံကင်း ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းခရိုင် လင်ယဉ်ရွာ ဇာတိ ဖြစ်သည်။[၃]

“ အဂ္ဂမဟာပဏ္ဍိတ ” ဘွဲ့ တံဆိပ်တော်ရ ရွှေကျင်နိကာယ သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသသည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ဝမ်းပေါ့ရွာ ဇာတိ ဖြစ်သည်။[၄]

“ အဂ္ဂမဟာပဏ္ဍိတ ” ဘွဲ့ တံဆိပ်တော်ရ လလိတဝိတ္ထာရဗုဒ္ဓဝင် မြန်မာပြန် ကျမ်းပြု ဆရာတော် အရှင်သုန္ဒရာဘိဝံသသည် စစ်ကိုင်းခရိုင် အရှေ့ရွာ ဇာတိ ဖြစ်သည်။[၄]

“ အဂ္ဂမဟာပဏ္ဍိတ ” ဘွဲ့ တံဆိပ်တော်ရ ဟိတောပဒေသဘာသာပြန် စသည့် ကျမ်းပြု ဆရာတော် အဖျောက်ဆရာတော် ဟု ထင်ရှားသော အရှင်အာစာရသည် စစ်ကိုင်းခရိုင် တံတားဦးမြို့နယ် မြို့သာရွာ ဇာတိ ဖြစ်သည်။

“ အဂ္ဂမဟာပဏ္ဍိတ ” ဘွဲ့ တံဆိပ်တော်ရ ရန်ကုန်မြို့ အလယ်တောရ ဆရာတော်ဘုရားကြီး အရှင်ရေဝတသည် မြင်းမူမြို့နယ် ခြေတော်ရာရွာ ဇာတိ ဖြစ်သည် ။[၅]

“ အဂ္ဂမဟာပဏ္ဍိတ ” ဘွဲ့ တံဆိပ်တော်ရ ဆဆက္ကသုတ် မြန်မာပြန် စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူသော ရွှေစေတီဆရာတော်ဘုရားကြီး အရှင်သုန္ဒရသည် စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွာ ဇာတိဖြစ်သည်။ ၁၂၆၂-ခု ဖွားတည်း။[၅]

---

၁။ စစ်ကိုင်းသာသနာဝင်ကြည့်၊ မန္တလေးသာသနာဝင်ကျမ်း၊ ဝိဇိတာရာမ-သာသနာဝင်လည်းကြည့်။

၂-၃။ စစ်ကိုင်းသာသနာဝင်ကြည့်။

၄။ မဟာဝိသုတာရာမနိကာယသာသနာဝင်၊ ၆၁၃-ကြည့်။

၅။ စစ်ကိုင်းသာသနာဝင်ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ရွှေပန်းဆရာတော် အရှင်ကေသရသည် စစ်ကိုင်းခရိုင် ရွှေကျက်ထောင့်ရွာ ဇာတိ ဖြစ်သည်။[၁]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဤ အဋ္ဌုပ္ပတ္တိသခင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် စာသုတ္တမြောက် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာသည် စစ်ကိုင်းခရိုင် ဇေ့ွန်မြို့နယ် သားကျင်ရွာ ဇာတိ ဖြစ်သည်။[၂]

နဝရတ်ခိုင် ခေါ် ဘုံ ၉ - ဆင့်တက် ကျမ်းကြီး, သက္ကတ ဘာသာမှ မြန်မာပြန် သာမုဒ္ဒိက လက္ခဏာကျမ်း စသည်တို့ကို ပြုစီရင်ခဲ့သော ညောင်ပင်သာ ဦးပုညသည် စစ်ကိုင်းမြို့ အစေခံရပ် ဇာတိ ဖြစ်သည်။

ရှင်ပင်သက်ဟော်ရ ဘုရားသမိုင်း လင်္ကာ စသည်တို့ကို ပြုစီရင်ခဲ့သော ဆရာ ဦးကြီးသည် စစ်ကိုင်းခရိုင် ခဿွားတောင်ကြားရွာ ဇာတိ ဖြစ်သည်။

လုံးချင်းဝတ္ထုရှည်ပေါင်း ၆၀ - ကျော်ခန့်ကို ပြုစီရင်ခဲ့သော နိုင်ငံကျော် စာရေးဆရာကြီး မဟာဆွေသည် စစ်ကိုင်းမြို့ မင်းစံရပ် ဇာတိ ဖြစ်သည်။

ဤသို့ စသည်ဖြင့် စစ်ကိုင်းနယ်ပယ်ဒေသသည် ဘွဲ့တံဆိပ်တော် ရ - မရ ကျမ်းဂန်ပြု ပညာရှင်တို့၏ ပေါ်ထွန်းပေါက်ဖွားရာ ဒေသခွန် ဖြစ်လေသည်။

## ဇေ့ွန်မြို့နယ် သားကျင်ရွာ

ဇေ့ွန်မြို့သည် ဖော်ပြခဲ့သည့်အတိုင်း ဘွဲ့တံဆိပ်တော်ရ ပညာရှင်တို့ အဆက်မပြတ် ပေါ်ထွန်းရာဖြစ်သော ယခင်က စစ်ကိုင်းခရိုင်အတွင်း ပါဝင်သည့် မြင်းမူမြို့ နှင့် စစ်ကိုင်းမြို့အကြား ရေဝတီမြစ် တောင်ဖက်ကမ်းပေါ်တွင် တည်ရှိသည်။ မြို့၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၈ - မိုင်သာ ကျယ်ဝန်း၏။ မြန်မာနိုင်ငံ၌ ကျော်ကြားသော ဇေ့ွန်ထေပတ်မှာ ဇေ့ွန်မြို့ကို စွဲ၍ ခေါ်ဝေါ်သော ထေပတ် ဖြစ်သည်။ ယင်း ဇေ့ွန်မြို့နယ်တွင် ပါဝင်သည့် သားကျင်ရွာသည် ရွာဟု ခေါ်သော်လည်း မြို့ငယ်တမြို့လောက်နီးနီး စည်ကားသော ရွာဖြစ်သည်။

ဝိစိတ္တဒေဝါယတနံ၊ ပါသာဒါပဏမဋ္ဌိရံ။
နဂရံ ဒဿယေ ဝိဒ္ဓါ၊ ရာဇမဂ္ဂေါ ပသောဘိတံ။

ဟူသော စိန္တာမဏိဋီကာ[၃] လာ မြို့အင်္ဂါ တချို့နှင့်လည်း ကိုက်ညီ၏။

---

၁။ စစ်ကိုင်းသာသနာဝင်ကြည့်။
၂။ ဤ အဋ္ဌုပ္ပတ္တိ မဟာစေထေရုပ္ပတ္တိသန္နိဗန်ဆက်ကြည့်။
၃။ စိန္တာမဏိဋီကာ၊ ၁၂၁။ ပခုက္ကူ အဘိဓာန်နိဿယသစ်၊ ၁၄၀ - နှာလည်း ကြည့်။

## ဦးထွန်းအေး, ဒေါ်မယ်စံ

ဖော်ပြပါ ငွေနှံမြို့နယ် သားကျင်ရွာ၌ ဦးထွန်းအေး, ဒေါ်မယ်စံ ဟူသော အိမ်သား, အိမ်သူ ၂-ဦးတို့သည် သူတို့၏ မိဖ ဘိုးဘွား အဆက်ဆက်မှစ၍ ရတနာသုံးတန်, ကံ, ကံ၏အကျိုးကို ယုံကြည်ကိုးစားသူတို့မှ ဆင်းသက်ခဲ့သည့် မြေပိုင်ရှင် တောင်သူရိုးရာ သူတော်စင်သူတော်ကောင်းတို့ ဖြစ်ကြကုန်၏။

ဦးထွန်းအေး သပ္ပုရိသော စ၊ ဒေါ်မယ်စံ သာဓု မာနသာ။
ဥဘော တေ သဒ္ဓါသမ္ပန္နာ၊ ပသန္နာ ရတနတ္တယေ။

## လွန်ထူးခြားလှ တပေါင်းလ

တပေါင်းလ မိန်ရာသီကား ဆောင်းရာသီလွန်မြောက် နွေဦးပေါက်စဖြစ်၍ လွန်စွာ ချစ်စဖွယ် ကြည်နူးစဖွယ်ကောင်းသည့် လ ဖြစ်သည်။ တပေါင်းလတွင် အဟိုရှေးအခါက သံပုံစေတီပွဲများ ကျင်းပရိုး ရှိကြောင်း သိရသည်။ ယင်း တပေါင်းလမှာ ပန်းပိတောက်တွေ ဝေ ဝေ ဆာ ဆာ ပွင့် သည်။ ၎င်းပြင် ငွေသော်တာ လမင်းနှင့် ဥတ္တရာဘရဂုဏ် နက္ခတ်တို့ ဆုံရာ လ, ငွေဇင်ယော်ငှက်တို့ ထူးထူးခြားခြား ပျော်ပါးမြူးတူးရာ လလည်း ဖြစ်၏။ ၎င်းပြင်—

ကေဝဿော ဝ သမ္ဗုဒ္ဓေါ၊ ဝရေ ဖဂ္ဂုဏပုဏ္ဏမေ။
သကျာနံ နဂရံ ဂန္တွာ၊ သိဿေဟိ ပရိဝါရိတော။

ဟူသည်နှင့် အညီ ယင်းသည့် လေပြေ ခညောင်း တပေါင်းလပြည့်နေ့မှာ ဘုရား မြတ်စွာသည် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် သာကီဝင်တို့ ရှင်ပျော် ပြို့သည့် ကပိလဝတ်နန်းမြို့တော်သို့ တပည့်ရဟန္တာ သံဃာတော်ပေါင်း ၂ - သောင်းခြံရံကာ ကြွရာ လ ဖြစ်သည်။ ဖော်ပြပါ တပေါင်းလကို အရှင် ကာဠုဒါယီ မထေရ်သည် ဂါထာပေါင်း ၆၀ - ခန့်တို့ဖြင့် ဖွဲ့ဆို ခဲ့ သည်။ ဖော်ပြပါ တပေါင်းလ နှင့် စပ်၍ သူတော် ဦးမင်းက—

ပန်းရွှေပိ ကြိုင်လျောက်လို၊
ပိတောက်ကယ်နှင့် သင်းချို။
ဥတ္တရာဘရဂုဏ်က၊
တိမ်ဘုံမှာ ရောင်ခြည်လင်းလို့၊
လမင်း သော်တာနှင့် တူမကွာ ထိန်ဝါလဲ့၊
ထွန်းတဲ့ ခါကို။
သောင် သဲယံ မိုရေညိုရစ်မို့ ။
လေညှင်းယ်လာ စုံဟောမာမြိုင်ထဲက။

ဝမ်းဘဲ ရွှေဇင်ယော်တို့။
ဖော်ခေါ်သံ မောင်မယ် ကျူးတယ်၊ မြူးပျော်က လို့။ ၁

ဟူ၍ ဖွဲ့ဆိုခဲ့သည်။

ဇင်းပြင် ဆယ့်နှစ်လရာသီဖွဲ့ ပါဠိနိဿယ၌လည်း တပေါင်းလကို —

မီနေ ဖဂ္ဂုဏမာသမှိ၊ သုရဘိဂန္ဓိကာ သုဘာ။
ပုပ္ဖန္တိ ဝနမှိ ဒုမာ၊ နဝပတ္တေဟိ သောဘရေ။
ဒက္ခိဏဒေသတော တမှိ၊ ဝါတော ပဝါယတီတိ စေ။
ဝါဋ္ဋုပိဋ္ဌေသု ဝါလုက—ထူပေ ကတ္တာန ပူဇိသုံ။
ပဋမဂိမှ မာသမှိ၊ နာနာဒုမာ သုပုပ္ဖရေ။
တေန သဗ္ဗမှိ ဝိပိနံ၊ ဝိစိတ္တံ ဒဿနီယံ ဘဝေ။ ၂

## ပခုက္ကူ မဟာဝိသုတာရာမ ဆရာတော်လောင်းလျာ ဖွားမြင်ခြင်း

ဖော်ပြခဲ့သည့်အတိုင်း တိုင်း, မြို့, ရွာ အင်္ဂါစုံလင်သည့် စစ်ကိုင်းတိုင်း (စစ်ကိုင်းခရိုင်) ငွေနှံမြို့နယ် သားကျင် (စကျင်) ရွာ၌ အဖ ဦးထွန်းအေး, အမိ ဒေါ်မယ်စံတို့မှ သက္ကရာဇ် ၁၂၅၄ - ခုနှစ် အကောင်းတကာ့စုံလင်သည့် လေပြေညှောင်း တပေါင်းလဆန်း ၁၃ - ရက် တနင်းလာနေ့တွင် မီးရှူး သန့်စင် ဖွားမြင်တော် မူလေသည်။

## ဆရာတော်နာမည် မောင်ဖိုးကျူး

ဦးထွန်းအေး နှင့် ဒေါ်မယ်စံတို့၌ (၁) ကိုဖိုးဦး။ (၂) ကိုဖိုးကျူး (ဆရာတော်လောင်းလျာ)။ (၃) ကိုသာမှူး။ (၄) ကိုသာချစ်။ (၅) မလှကြီး။ (၆) မလှယ် - အားဖြင့် သား သမီး ၆ - ယောက် ထွန်းကားခဲ့ရာ ဆရာတော် လောင်းလျာသည် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

ဖခင်ကြီး ဦးထွန်းအေး နှင့် မိခင်ကြီး ဒေါ်မယ်စံတို့သည် အလွန်အကျူး ထူးမြတ်သော ပုဂ္ဂိုလ်ဖြစ်မည့် ပဝတ္တိနိမိတ်ဂုဏ်ဟိတ်ကိုယူ၍ ဆရာတော် လောင်းလျာသူငယ်ကို မောင်ဖိုးကျူးဟု မှည့်ခေါ်ကြကုန်၏။

မောင်ဖိုးကျူး ဣတိ ကန္တမှိ၊ အန္ဓတ္တံ နာမ မင္ဂဟုံ။
ပုညသံယုတပုဗ္ဗာဿ၊ ဇနကဇနိကာဒယော။

---

၁။ ဆယ့်နှစ်လရာသီ ဖွဲ့ပေါင်းချုပ်။ ၉၁ - နှာ။
၂။ ဆယ့်နှစ်လရာသီဖွဲ့ ပါဠိနိဿယ။ ၃၄၊ ၃၅၊ ၃၆ - ဂါထာ။

## ဆရာတော်လောင်းလျာ၏ ရုပ်သွင်တော်

ဤစာပြုသူသည် ဤကျမ်းပါ ဆရာတော်ဘုရားကြီး ၁၃ - ပါးတို့ကို အကြိမ်ကြိမ် ဖူးမြင်ဘူး၏။ အထူးအားဖြင့် ဤအဋ္ဌုပ္ပတ္တိသခင် ကျေးဇူးရှင် မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးကိုကား အရွယ်ကျိုနုစဉ်ကစ၍ ဖူးမြင်ရသည်မှာ ယခုတိုင်ဖြစ်၏။ ဤစာပြုသူသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ၁၇ - နှစ်အရွယ်မှစ၍ ရောက်ရှိနေထိုင် စာသင်, စာချပြီး ဆရာတော်ဘုရားကြီးတို့၏ ခြေတော်ရင်း၌ အမှုတော်ထမ်းရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်၏။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်ကို အမှန်အတိုင်း ဖွင့်ဆိုပါအံ့။

### ကိုယ်ရေကိုယ်အသားတော်များ သိမ်မွေ့နူးညံ့ခြင်း

ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ် အသားတော်များမှာ အကြိမ်ကြိမ် ဖတ်ထားသည့် ဝါဂွမ်းပမာ လွန်စွာမှ သိမ်မွေ့နူးညံ့ကုန်၏။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီးသည် ငယ်စဉ်မှ စ၍ ဉာဏ်ပညာ ထူးချွန်တော်မူသည်။ ဉာဏ်ပညာ ထူးချွန်သဖြင့် စာပေ ကျမ်းဂန် ချပို့မှု၌ နိုင်နင်းတော်မူသည်။ ယင်းသို့ အသား အရေတော်များနူးညံ့ခြင်းမှာ ဘဝများစွာက ပညာဉာဏ် တိုးတက်မြင့်မားလိုသဖြင့် မေးမြန်းခဲ့သော ကုသိုလ်ကောင်းမှု ပုညကြောင့် ဖြစ်၏။

" ပညာလို့၍ မေးမြန်းလေ့ကြောင့် သိမ်မွေ့ကိုယ်ရေ ဉာဏ်မိုးစွေ၏။ "၁

### အဆင်းတော်ဝါဝင်း ထိန်ပြေ ကျက်သရေရှိ

ဆရာတော်၏ရုပ်အဆင်းတော်မှာ ဝါဝင်း ထိန်ပြေ ကျက်သရေ ရှိလှသည်။ ရွှေရောင်, ရွှေအဆင်း, မဟာလှေကားပန်းအဆင်း, အနောဇာပန်းအဆင်းတမူတူ၏။ ယင်းသို့ အဆင်းတော် ဝါဝင်းထိန်ပြေကျက်သရေဆောင်၍နေခြင်းမှာ ဘဝများစွာ သံဃာက အခင်းအခြုံအရုံများကို ပေးလှူခဲ့ခြင်း စသောကောင်းမှု ပုညနှင့် အမျက်ဒေါသ နည်းပါးခြင်း တို့ကြောင့် ဖြစ်သည်။ ဆရာတော်ကား ကရုဏာ ကြီးမားတော်မူသည်။ တိုက်ကြီးထဲမှာ တချို့ တချို့ ဦးပဉ္စင်း, ကိုရင်များ ခွေးရိုက်ကြောင်ရိုက်လျှင် ဆရာတော်က ကိုယ်တော်တို့ သည်လို သတ္တဝါတွေကို ရိုက်လားပုတ်လား မလုပ်ကြပါနဲ့ တိရစ္ဆာန် ကိုယ်လုပ်သလို ခံရမှာ သနားစရာပဲ စသည်ဖြင့် မိန့်ကြားတော်မူလေ့ ရှိသည်။ သတ္တဝါတွေကလဲ သိကြတယ်၊ဆရာတော်နား တကပ်ကပ် နေတတ်ကြသည်။

---

၁။ ဒွတ္တိံသ မဟာပုရိသလက္ခဏာဒီပနီ။ အပိုဒ်-၈။

ချုပ်နေမာန်မျက် သဒ္ဓါထက်၍ လှူဆက်ချောနု ခင်းရုံမှုကြောင့်
ရွှေတုအဆင်း ချောလွန်မင်းသည် အခင်းကိုယ်ရုံပေါမျှားတုံ၏။

## အသံ အလွန်ကောင်းခြင်း

ဆရာတော် အသံတော်သည်လည်း အလွန်ကို ကောင်းသည်၊ ကြည်လင်သည်၊ ပြတ်သားသည်၊ နားဝင်ချိုသည်၊ ဆဲရေးခြင်း, တိုင်းထွာခြင်းမှ ရှောင်ကြဉ်ခဲ့သဖြင့် အသံကောင်းခြင်း ဖြစ်သည်၊ ပခုက္ကူမြို့ ပဟာဝိသုတာရာမတိုက်ကြီးထဲမှာ ရောက်စကတည်းကပင်တိုင် ပါတိမောက်ပြ, ပင်တိုင်တရားဟော, ပင်တိုင်စာချ၍ သာသနာပြုတော်မူခဲ့သည်၊ ပရိသတ်ကများစွာ သဘောကျသည်၊ အသံတော်လက္ခဏာကြောင့် ဆရာတော်သည် သြဇာကောင်းသည်၊ ဆိုတိုင်းအောင် ပြောတိုင်း မိန့်တိုင်း တင့်တယ်သည်။

ဆဲရေးဆိုမြည် ရှောင်ခဲ့သည်ကြောင့် ပါးရှာပြန့်လျှာ သံဗြဟ္မာသို့
လက္ခဏာနှစ်ပါး ဆိုစကားကို အများယူကြ။ ၂

## မောင်ဖိုးကျူး ကျောင်းနေ ပညာသင်

ဖခင်ကြီး ဦးထွန်းအေး နှင့် မိခင်ကြီး ဒေါ်မယ်စံတို့သည် မိမိတို့၏ ရင်သွေး သာသနာ့ အညွန့်အဖူး မောင်ဖိုးကျူးကို ဖွေးဦးမဆွ အစစွာ ဩကာသ ဘုရားရှိခိုး, သရဏဂုံ, သီလ စသည်တို့ကို နှုတ်တိုက်ချ သင်ကြား ပေးကြ၍ လက်ဦးဆရာ ဘွဲ့ထူး ဆွတ်ခူးကြပြီး မောင်ဖိုးကျူး ကျောင်းသား အရွယ်နုနုနယ်နယ် ၁၀-ယ်ကို သားကျင်ရွာ နန်းတွင်းကျောင်း ဆရာတော်အရှင်သုန္ဒရထံသို့ အပ်နှံ၍ ပညာသင်ကြားစေကြ သဖြင့် ဆရာတော် အရှင်သုန္ဒရထံတွင် သင်ပုန်းကြီး, နမက္ကာရ, ပရိတ်ကြီး စသည်တို့ကို သင်ယူတော်မူခဲ့လေသည်။

သုန္ဒရထေရသေဋ္ဌဿ၊ သုန္ဒရံ ဝသန္တော သုဓီ။
ဥဂ္ဂဏှိ ဗာလ ပေါတ္ထက- ဒါရကသိက္ခိတဗ္ဗကံ။

## ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်

သက်တော် ၁၃-နှစ်သား အရွယ်တွင် သားကျင်ရွာ နန်းတွင်းကျောင်း ဆရာတော် အရှင်သုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဂန္ဓမာဟူ၍ ဘွဲ့မည်တော် နာမကို ပေးသနား ချီးမြှင့်တော်မူသည်။

---

၁။ ဒွတ္တိံသမဟာပုရိသလက္ခဏာဒီပနီ၊ အပိုဒ်၊ ၉။
၂။ ဒွတ္တိံသမဟာပုရိသလက္ခဏာဒီပနီ၊ အပိုဒ်၊ ၁၇။

တေရသဝဿိကော သော ဟိ၊ ပတ္တော သာမဏေရတံ ဝရံ။
သုန္ဒရံ ဥပဇ္ဈံ ကတွာ၊ သုန္ဒရေ ဗုဒ္ဓသာသနေ။

## ပညာသင်ကြားတော်မူခြင်း

မဟာဝိသုတာရာမ ဆရာတော်လောင်းလျာ သာမဏေ ရှင်ဂန္ဓမာသည်—

"ပဋ္ဌမအရွယ်၊ ငယ်သော်ကတည်း၊ သိပ္ပခေါင်အား၊ တတ်မြောက်များမူ၊ တောသားရန်အောင်၊ ခြသေ့ ယောင်သို့၊ မရှောင်မညာ၊ တျင်းတျင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"

ဟူသည်နှင့် အညီ ပဌမအရွယ် ငယ်စဉ်ကပင် တတ်ကောင်းရာရာ ပညာရပ်များကို တတ်အောင်သင်ကြားမှ ဖြစ်မည် ဟူ၍ သဘောပေါက်သဖြင့် ဥပဇ္ဈာယ်ဆရာတော် အရှင်သုန္ဒရမဟာထေရ်ထံတွင်—

ကစ္စည်းသဒ္ဒါကြီး, သဂြိုဟ်, ပါတိမောက်, ပုဒ်စစ်, သုတ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, မာတိကာ, ဓာတုကထာအရကောက် စသည့် နေ့ဝါ ညဝါ တို့ကို သင်ယူတော်မူခဲ့လေသည်၊ သို့ဖြစ်၍ ရဟန်းမဖြစ်မီကပင် ပိဋကတ် ၃-ပုံ နိကာယ် ၅-ရပ်ပင်လယ်ကို ကူးခပ်နိုင်ကြောင်း အခြေခံကောင်းကို ရရှိတော်မူလေသည်။

သာမဏေရော သမာနော ဝ၊ ထေရကုံရော သုဓီတိမာ။
သိက္ခိတဗ္ဗေ သိက္ခိတွာန၊ ပတ္တော သုဝိညုတံ ဝိဒ္ဒါ။

## ရဟန်းဘဝဒုလ္လဘသို့ ရောက်ခြင်း

ဆရာတော်လောင်းလျာ သာမဏေ ရှင်ဂန္ဓမာသည် ရဟန်းဘဝ ဒုလ္လဘကို လိုချင်သည်၊ ရဟန်းဘဝရခဲကြောင်း အသက်အရွယ် ငယ်ငယ်ကပင် ကလေးနှင့် မလိုက် သိခဲ့၏။

ကောဏ္ဍညာ မင်္ဂလာ နှင့် သုမေဓသုဇာတာ ဖုဿဝေဿဘူဟု ကောက္ကုသံ ကောဏာဂ ကဿပတဖြာ၊ တို့မြတ်စွာ သာသနာ ဘိက္ခု ကိုးကြိမ်သာရခဲ့ကြောင်း ဇာတ်ဟောင်းကိုရှု။[၁]

ဟူသည်နှင့်အညီ ကောဏ္ဍညဘုရား, မင်္ဂလဘုရား, သုမေဓဘုရား, သုဇာတာဘုရား, ဖုဿဘုရား, ဝေဿဘူဘုရား, ကောက္ကုသံဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား, ဂေါတမဘုရား ဟူသော ဆယ်ဆူသောဘုရားရှင်တို့ လေးသင်္ချေနှဲ့ ကမ္ဘာတသိန်းအတွင်း ရဟန်းဘဝ ကိုးကြိမ်သာ ရတော်မူကြကြောင်း ဆိုကြသည်။

---

၁။ ရွှေးလှက်ာ။

သို့ကလေက် ရခဲသော ရဟန်းဘ၀ ဒုလ္လဘကို ဆရာတော် လောင်းလျာသည် သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၇၄-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့တွင် ပင်လယ်ရွာ ကျောက်မော်တောရကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဝါကျမြောင်တောရဆရာတော် အရှင်သာဂရကို ဥပဇ္ဈာယ်ပြု၍ ရယူတော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ သာဂရံ သာရသံယုတံ။
ဒုလ္လဘံ အလဘိ ဓီရော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

ဆရာတော်လောင်းလျာ ရဟန်းခံစဉ်က ဖက်ပင်အိုင်ဆရာတော်၊ ဆီမီးခုံမင်းကျောင်းဆရာတော်၊ ပေါက်စိမ်းဆရာတော် စသည့် သက်တော်ကြီး ဝါတော်ကြီး သီလဝန္တ၊ သိက္ခာကာမ ဆရာတော်ဘုရားကြီးတို့ ကမ္မဝါဆရာ၊ ကာရကသံဃာအဖြစ်ဖြင့် ချီးမြှောက်တော်မူကြကုန်၏။

## ဝါကျမြောင်ဆရာတော်ထံ ဆက်လက်ပညာသင်

ရဟန်းဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဝါကျမြောင်တောရဆရာတော်ဘုရားကြီး အရှင်သာဂရထံတော်၌ ၁-ဝါ သီတင်းသုံးတော်မူ၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်းစသည်တို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ သာဂရဿာပိ၊ ဥပဇ္ဈာယ သုဝိညုနော။
ဝိဘာဝိနီအာဒယော ပိ၊ ဗဟဝေါ သုသိက္ခိ ဟိ ခေါ။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကား နိကာယ် ၅-ရပ် ပိဋကတ် ၃-ပုံ ပါဠိကို အဋ္ဌကထာ၊ ဋီကာ တွဲဘက်၍ နောက်ဆုံးပိတ် အချော သင်ကြားပို့ချရာ ဝိဇ္ဇာလယတနကြီးဖြစ်သည်။ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး ယိုယွင်းပြီးနောက် မဟာဝိဟာရကျောင်းတိုက်ကြီး၏ လုပ်ငန်းကို ပခုက္ကူမြို့ မဟာဝိသုတာမတိုက်ကြီးက ကာလအတော်ခြားပြီး ယူလိုက်သည်ဟု ဆိုချင်ပါသည်။ ကျောင်းတိုက်ကြီး၏ သမိုင်းကို အောက်ပါ မော်ကွန်း လင်္ကာဖြင့် သိရာ၏။

## မဟာဝိသုတာရာမတိုက်သမိုင်း မော်ကွန်းလင်္ကာ

မင်္ဂလာမဏ္ဍိုင်၊ ကြံ့ကြံ့ခိုင်သား၊ ရောင်ဆိုင်လေးထွေ၊ စကြာဝေ့ဟု၊ မေရုစွင့်စွင့်၊ ဖြိုးဖြိုးမြင့်သား၊ ငါးဆင့်အာလိန်၊ တောင်ဂိရိန်မှ၊ ရောင်ရှိန်မှန်းသိပ်၊ ဇမ္ဗူဒိပ်တွင်၊ မာရ်နှိပ်သခင်၊ ရှင်ပင်အစု၊ ဂင်္ဂါတုသည့်၊ ဝါလု


နှိုင်းကျော်၊ မြန်ဇီနော်ဟို၊ ဟောဖော်မြွက်ကြား၊ တရားတည်ရာ၊ ဆိုထိုက်စွာသား၊ ပြည်မတမှတ်၊ ပြည်သာဝတ်သို၊ ညီညွတ်နှိုင်းတူ၊ သမိုင်းမူသည်၊ ရွှေကူသမုတ်၊ မြို့ပခုက်ကား၊ သမ္ဗုဒ်သာသနာ၊ ကည်အံ့ရာကြောင့်၊ မဟာဘုန်းမို၊ ရေစကြိုဟု၊ နဂိုရ်စွဲမှတ်၊ ရွှေဘွဲ့ခတ်သည်။ ထေရ်မြတ်သခင်၊ ဉာဏ်ဥ္ဓထင်၍၊ ဤလျှင်ဌာန၊ ဤဒေသကား၊ ဘုရားသာသနာ၊ တည်ထိုက်ရာဟု၊ မဟာဥဿာဟ၊ ရွှေလုံ့လဖြင့်၊ ပါဒနှစ်ဆူ၊ မြို့ရွှေကူသို၊ ရွှေရှုလွှန့်လွှန့်၊ ချီ၍ကွန့်သော်၊ အငုန့်ဗိုလ်လူ၊ ရွှေမြို့သူတို၊ ဝိဒူလောက၊ ဘုရာ့ရှင်ပင်၊ ကြသည်ထင်လျက်၊ စိတ်ရွှင်မြူးမြူး၊ တိုက်ထူး၍၊ နတ်မှူးဣန္ဒာ၊ ပင့်ဆောင်လာဟု၊ သဒ္ဒါနူးနူး၊ ပဒုံဖူးဖြင့်၊ ရှိဦးလက်တင်၊ ကြိုပင့်ငင်လျက်၊ လေးအင်ယာပိုထ်၊ မျှညီကြိုက်အောင်၊ အခိုက်စံရာ၊ ဖြစ်စိမ့်ငှာလျှင်၊ ပန်းစွာရိပ်ချမ်း၊ ကျောင်းသင်္ခမ်းကို၊ ခဃမ်းကြည်လင်၊ လှူထားတင်၏၊ ကောင်းကင်တာရာ၊ ကြယ်တကာနှင့်၊ သော်တာရွှေလ၊ နှိုင်းမမျှအောင်၊ ထွန်းပသောနှယ်၊ သံဃာ့လယ်၌၊ နိကာယ်နှုတ်မြွတ်၊ ထုတ်ချင်းခတ်အောင်၊ မပြတ်စွဲမြဲ၊ စာတော်ပွဲကို၊ ဆင်နွှဲချိမ့်ငြာ၊ စာပွဲနာတို၊ နေရာမမျှ၊ ကျဉ်းမြောင်းလှ၍၊ ဌာနသပ္ပာယ်၊ မြေပြန့်ကျယ်၌၊ ရွှေးချယ်မှတ်သား၊ တိုက်သီးခြားကို၊ တည်ထားလိုကြောင်း၊ ခွင့်ပန်တောင်းသော်၊ ငြိမ့်ငြောင်းဝစီ၊ ကုန်မချိပဲ၊ တုဏှိဘာဝေ၊ ဆိတ်ဆိတ်နေက၊ ဇေယျာသီရိ၊ ပရာဇီသို၊ ဘူမိနက်သန်၊ ကြန်မင်္ဂလာ၊ ရွှေးချယ်ကာဖြင့်၊ ကောဇာတ္တက်စစ်၊ သက္ကရာဇ်ဟု၊ တစ်နှစ်ခြောက်ငါး၊ နှစ်နောက်ဖျားဝယ်၊ ဖြူးထွားဝင်းတောက်၊ လေးလုံးဆောက်သည်၊ သံကောက်မာဃ၊ ယှဉ်သည့်လ၌၊ ကာဠဆုတ်ပက်၊ ကျော်လေးရက်ဟု၊ ကြက်ဂုရုမင်း၊ နေ့အတွင်းတွင်၊ နေမင်းစက်ရောင်၊ ဥဒည်တောင်မှ၊ ထွန်းပြောင်ပေါ်ထွက်၊ ကျော်လေးချက်၌၊ ပနက်လေးထွေ၊ လကျာခွေသည်၊ ရွှေငွေကြေးကျောက်၊ အရွှေမြောက်မှ၊ စဉ်လျောက်ပတ်ဝိုက်၊ နံသင့်ရိုက်က၊ ဤတိုက်ဤတာ၊ ပေါ်ထွန်းလာခဲ့၊ မဟာဝိသုတ၊ အာရာမဟု[၁] နာမသမိုက်၊ မော်ကွန်းစိုက်သည်၊ ကျောင်းတိုက်လက်မွန်ခမ်းနားတည်း။

### ရဟန်းတော် အရှင်ဂန္ဓမာ
### ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ပညာသင်ကြ

ရဟန်းဖြစ်၍ ရဟန်းသိက္ခာ ၁-ဝါရ ရဟန်းတော် အရှင်ဂန္ဓမာသည်

---

၁။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ ထေရုပ္ပတ္တိဒီပနီနှင့် အမိုးတန်ဆောင်ပေများ ကျမ်း။ ၁၂၁-၁၂၂။ မဟာဝိသုတာရာမနိကာယ သာသနာဝင်၊ ၅၃၉- ကြည့်။ မဟာဝိသုတာရာမတိုက် ဆရာစဉ်ဆက်ကို ဤကျမ်း မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ် အဋ္ဌုပ္ပတ္တိ အခန်းတွင်ဖော်ပြခဲ့ပြီ။



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

**မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်**

**ဆရာတော် ဘဒ္ဒန္တဂန္ဓမာ**

သက်တော် ၈၇-နှစ်၊ သိက္ခာတော် ၆၇-ဝါ

ဥပဇ္ဈာယ်ဖြစ်တော်မူသော ဝါကျမြောင်တောရ ဆရာတော် အရှင်သာဂရ မဟာထေရ်၏ ညွှန်ကြားချက်အရ ဖော်ပြခဲ့သည့်အတိုင်း သမိုင်းမော်ကွန်း ပြောင်မြောက်လှသည့် ပခုက္ကူမြို့ ပဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသို့ သက္ကရာဇ် ၁၂၇၅ - ခုနှစ်တွင် ရောက်ရှိတော် မူခဲ့လေသည်။

## ပိဋကပါရဂါမီ ဒီဃဒဿီ
## ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်သည် ပရိယတ္တိ သာသနာတော် မကွယ်မပအောင် ကြိုးမားလှသော လုံ့လဝီရိယဖြင့် ထူးထူး ချွန်ချွန် ဆောင်တော်မူသည်။ ပရိတ်ရွတ်, ဆွမ်းစဉ်မလိုက်ပဲလည်းကောင်း, သာရေးနာရေးကိစ္စအဝဝသို့မကြွပဲလည်းကောင်း, ဥပုသ်နေ့ သီတင်းနေ့ဟူ၍ ပိတ်ရက်မထားပဲလည်းကောင်း နိကာယ်ငါးရပ်ပါဠိကို အဋ္ဌကထာ တွဲဖက်၍ ရံခါ ဋီကာတွဲဖက်၍ အဆက်မပြတ်ချပို့တော်မူ၍ ပရိယတ်ကန်ပေါင်ကန်သင်းကို ဆည်ဖို့တော် မူခဲ့သည်။

ပခန်းကြီးမြို့ အလယ်ကန်တိုက်နယ် ညောင်ပင် (ယခု မကွေးတိုင်း မြိုင် မြို့နယ် ညောင်ပင်) ရွာ၌ အဖ ဦးလူပု, အမိ ဒေါ်မင်းခဲတို့မှ သက္ကရာဇ် ၁၁၉၄ - ခုနှစ် တပေါင်းလဆုတ် ၁၃ - ရက် တနင်းလာနေ့တွင် ဖွားမြင်တော် မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင် တော် မူခဲ့သည်။

ဖျာသီးဗေယျာဘုံသာ ဆရာတော်, ရေစကြိုဆရာတော် အရှင်ဝရသမ္ဘောဓိ, ဆင်တဲ အရှင်ဣန္ဒာသဘ, မန္တလေးမြို့ တောင်ပြင် အသောကာရာမတိုက်လေးထပ် ဆရာတော်, မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် သာသနာပိုင် ဆရာတော် အရှင်ဥေယျမ္မ - စသည့် ကျမ်းဂန်တတ် အကျော် ဆရာတော် ၁၃ - ပါးတို့၏အထံ၌ ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့ကို သင်ယူ တတ် မြောက်တော် မူသည်။

၁၂၄၁ – ခုနှစ်တွင် ရေစကြို အောင်မြေသာယာ ကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူကာ တိုက်တာကို ကွပ်ကဲအုပ်ချုပ် စာပေချပို့တော်မူသည်။ ၁၂၅၉ – ခုနှစ်တွင် ပခုက္ကူမြို့သို့ ကြွတော်မူ၍ ပခုက္ကူမြို့ ဈေးအနောက်ဖက်ရှိ ပန်းစွာကျောင်းတိုက်၌ သီတင်းသုံး စာပေချပို့ သာသနာပြုတော်မူသည်။

၁၂၆၅ - ခုနှစ် တပိုတွဲလဆုတ် ၄ - ရက်နေ့တွင် ပဟာဝိသုတာရာမ တိုက်ကြီးကို စတင်တည်ထောင်တော်မူ၍ ၁၂၆၆ - ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ – ရက်နေ့တွင် ပန်းစွာတိုက်မှ သံဃာတော် ၁၆၀ – ကျော်တို့နှင့် အတူတကွ **မဟာဝိသုတာရာမ တိုက်တော်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ပရိယတ်**

ကို သမ္မာဆန္ဒ, အစ္စာရဒ္ဒဝီရိယဖြင့် ပပြတ်ပို့ချတော်မူသည်၊ ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ ၎င်းတို့မှာ—

(၁) ပကိဏ္ဏကစာစပ်။
(၂) ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဒါန်းစာစပ်။
(၃) ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဿယ။
(၄) သုတ်သီလက္ခန် ပါဠိတော် နိဿယ။
(၅) သုတ်မဟာဝါ ပါဠိတော်နိဿယ။
(၆) သုတ်ပါထေယျ ပါဠိတော် နိဿယ။
(၇) မူလပဏ္ဏာသ ပါဠိတော် နိဿယ။
(၈) မဇ္ဈိမပဏ္ဏာသ ပါဠိတော် နိဿယ။
(၉) ဥပရိပဏ္ဏာသ ပါဠိတော် နိဿယ။
(၁၀) မူလပဏ္ဏာသ အဋ္ဌကထာ နိဿယ။
(၁၁) မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ နိဿယ။
(၁၂) ဥပရိပဏ္ဏာသ အဋ္ဌကထာ နိဿယ။
(၁၃) သဂါထာဝဂ္ဂသံယုတ် ပါဠိတော် နိဿယ။
(၁၄) နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နိဿယ။
(၁၅) ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် နိဿယ။
(၁၆) သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် နိဿယ။
(၁၇) မဟာဝဂ္ဂ သံယုတ် ပါဠိတော် နိဿယ။
(၁၈) အင်္ဂုတ္တိုရ် ဧကက, ဒုက, တိက, စတုက္က နိပါတ် ပါဠိတော် နိဿယ။
(၁၉) အင်္ဂုတ္တိုရ် ပဉ္စက, ဆက္က, သတ္တက ပါဠိတော် နိဿယ။
(၂၀) အင်္ဂုတ္တိုရ် အဋ္ဌက, နဝက, ဒသက, ဧကာဒသက ပါဠိတော် နိဿယ။
(၂၁) ပါရာဇိကဏ် ပါဠိတော် နိဿယ။
(၂၂) ပါစိတ် ပါဠိတော် နိဿယ။
(၂၃) ဝိနည်းမဟာဝါ ပါဠိတော် နိဿယ။
(၂၄) ပါရာဇိကဏ်အဋ္ဌကထာ နိဿယ။
(၂၅) ပါစိတ် အဋ္ဌကထာ နိဿယ။
(၂၆) ဝိနည်းမဟာဝါ အဋ္ဌကထာ နိဿယ။
(၂၇) ဧကနိပါတ်အစ ပဟာနိပါတ် အဆုံး ဇာတ်အဋ္ဌကထာ နိဿယ။
(၂၈) အန္တရာယ်ကင်း ကမ္မဝါစာများ စသည်တို့ ဖြစ်ကုန်၏။

၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့ ၁၂-နာရီ စာဝါချတော်မူ၍ ၁-နာရီခွဲလုနီးတွင် စာဝါ ပြီးသည်။ စာဝါချပို့အပြီး မိနစ် ၃၀-ခန့်အကြာတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ [၁]

ဂန္ထသာရော မဟာထေရော၊ ဂန္ထသာရေသု ကောဝိဒေါ။
ဂန္ထသာရေ ဝါစယိတ္ဝာ၊ ဂတော သာရပုရံ သုခီ။

## ရေစကြိုဆရာတော်ဘုရားကြီးထံ ပညာသင်

ဆရာတော် လောင်းလျာ ရဟန်းတော် အရှင်ဂန္ဓမာသည် ရဟန်းသိက္ခာ ၁-ဝါအရတွင် ဖော်ပြပါ ဒီဃဒဿီ တိပိဋကသာဂရပါရဂါမီ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရထံ ရောက်ရှိ၍ ပညာသင်ကြား လိုက်နာခွင့်ကို ရရှိတော် မူခဲ့လေသည်။

သန္တိကေ ဂန္ထသာရဿ၊ ဂန္ဓမာသမဏော ဝိဒ္ဒါ။
မဟာတာ ပရိယာသမေန၊ ဂန္ထာနံ သိက္ခနံ အကာ။

## အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ အရှင်ပညာမဟာထေရ်သည် ဒီဃဒဿီ ရေစကြိုဆရာတော် ဘုရားကြီး အရှင်ဂန္ထသာရ ပျံလွန်တော်မူပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမ သံဃာ့အရံ ဗိမာန်တော်ကြီးကို ဆက်လက်၍ ထိန်းသိမ်း အုပ်ချုပ် မဟာနာယက ပြုလုပ်၍ ပရိယတ္တိ သာသနာတော် ကန့်ပေါက်နင်း ဆက်လက် ဆည်းဖိုးတော်မူသည်။ ၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် ပျံလွန်တော်မူသည်။ [၂]

ဆရာတော် လောင်းလျာ ရဟန်းတော် အရှင်ဂန္ဓမာသည် ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်ထံ၌လည်း—

"ပါဠိ၊ အဋ္ဌကထာ၊ ဋီကာမကျန်၊ ကျမ်းဂန်ကိုချ၊
ဝါကျဥဿုံ၊ နည်းစုံယောဇနာ၊ ကျမ်းလာခဲကပ်၊
ဒုန္နယတ်ရှင်း၊ ချပို့ခြင်းဟူ၊ ပခုက္ကူစာချ၊ နည်းနယ"

ဟူသော ပခုက္ကူ စာချနည်းကို ပိုင်ပိုင် မိမိ တတ်သိ နားလည်အောင် သင်ယူတော်မူခဲ့သည်။

---

၁။ အကျယ် မဟာထေရစုတ္တန္တပ္ပဋိပိကာ နှင့် မဟာဝိသုဘာရာမနိကာယ သာသနာဝင်ကျမ်း၊ ၁၉၀-၂၂၀-ကြည့်။

၂။ ဤကျမ်းဖော်ပြပါ ဝေဠုဝန်ဆရာတော် အရှင်ပဏ္ဍိတမဟာထေရ်၏ ထေရုပ္ပတ္တိသန္တိပနီ။ ပခုက္ကူမြို့ မဟာဝိသုဘာရာမတိုက် အရှင်ပညာမဟာထေရ်လည်း ကြည့်။

သန္တိကေ ပညာထေရဿ၊ ပညာဝုဒ္ဓိဂဝေသကော။
ဗဟဝေါ သိက္ခိတဗ္ဗေ သော၊ အသိက္ခိ သိက္ခနေ ပရော။

## အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညမဟာထေရ်

ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်တည် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ကောဏ္ဍညသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ၁၆-နှစ်ကြာမျှ သီတင်းသုံး၍ ပိဋကတ် ၃-ပုံကို အဋ္ဌကထာ, ဋီကာ တွဲဖက်၍ သင်ယူတော်မူ၍ စာပေချပို့ သီတင်းသုံးတော်မူခဲ့သည်။ ၁၂၄၇-ဖွားတည်း၊ ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူသည်။ [၁]

## ဆရာတော်လောင်းလျာ အရှင်ကောဏ္ဍညထံ ပညာသင်ခြင်း

ဆရာတော်လောင်းလျာသည် ရေစကြိုဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်နှင့် အရှင်ပညာ မဟာထေရ်တို့ထံ မဆိုရ မလိုက်ရသော ကျမ်းစာများကို ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညအထံ၌ ဆိုဝါလိုက်ဝါတို့ဖြင့် သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ကောဏ္ဍညဿာပိ၊ ကောဏ္ဍညေ ပသန္နော ဝိဒ္ဒါ။
မဟတာ ဝါယာမေနေဝ၊ ဗဟုန္နံ သိက္ခနံ အကာ။

## ဒက္ခိဏာရာမဘုရားကြီးတိုက် စာချဆရာတော် အရှင်ဇာဂရာဘိဝံသ

အရှင်ဇာဂရာဘိဝံသ မဟာထေရ်သည် မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ မျက်နှာဖုံးစာချအဖြစ် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့၏၊ မိတ္ထီလာမြို့နယ် ကထိန်ဒိုင်ရွာ၌ သက္ကရာဇ် ၁၂၂၉-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာဝန်ကို ထမ်းဆောင်တော်မူသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၄၉-ခုနှစ်တွင် မင်းထင်တိုက် ခဏ္ဍသိမ်တော်၌ မိုးထားဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဆရာတော်သည် ဉာဏ်လည်းထက်မြက်, ဝီရိယလည်းကောင်း၏၊ များစွာသော သံဃပရိသတ်ကို စာပေပို့ချ၍ သာသနာပြုတော်မူခဲ့သည်။ ၁၂၆၀-ခုနှစ်တွင် "ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" ဖြစ်၍ သကျသီဟအသင်းကြီး၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရသည်။ သက်တော်ကြီးရင့်သောအခါ

---

၁။ အကျယ် မဟာဝိသုဒ္ဓာရာမ နိကာယ သာသနာဝင်၊ ၃၄၆-၃၅၄-ကြည့်။

ဧင်ကိုင်းတောင်ရိုး ကြေးရက် သီတင်းသုံးတော်မူသည်။ ၁၃၀၁-ခုနှစ်တွင် ပျံလွန်တော်မူသည်။[၁]

## ဆရာတော်လောင်းလျာ အရှင်ဇာဂရာဘိဝံသထံ ပညာသင်

ဆရာတော် အရှင်ဂန္ဓမာသည် မန္တလေးမြို့သို့ ကြွတော်မူ၍ တောင်ပြင် အောင်မြေရွှေဘုံတိုက်၌ ၁-ဝါ သီတင်းသုံးတော်မူ၍ ဖော်ပြပါ ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချအကျော် ဆရာတော် အရှင်ဇာဂရာဘိဝံသ အထံတွင် မန္တလေးစာပြောနည်း, မန္တလေးစာချနည်းတို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဇာဂရဿာပိ၊ သဒ္ဒါ ဇာဂရေ သုဓီ။
သုစိတ္တံ သော ဟိ ပတ္တေတွာ၊ ဂန္ထာနံ သိက္ခနံ ကရီ။

## ဂဏဝါစကစာချ ဖြစ်ခြင်း

ဆရာတော်လောင်းလျာသည် ရဟန်းသိက္ခာ ၉-ဝါ အရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချ အဖြစ် ချီးမြှောက်ခြင်း ခံရ သဖြင့် သံဃာတော်များစွာတို့အား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဝိနည်း ၅-ကျမ်း ပါဠိ,အဋ္ဌကထာ, ဒီဃနိကာယ်ပါဠိ, အဋ္ဌကထာ စသည့် ကျမ်းဂန်များကို တခေါက်ပြီး တခေါက် အဆက်မပြတ် ချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဝိသုတေ သော ဝသိတွာန၊ ဗဟူနံ ဂန္ထဝါစကော။
ဂန္ထေသု ကောဝိဒေါ ဧသော၊ ဂန္ထေသု နိစ္စသံယုတော။

## ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၌ စာချခြင်း

ညောင်ဦးမြို့ မဟာဝိသုတာရာမ တိုက်သစ်၌လည်း ၂-နှစ်ခန့် သီတင်းသုံး တော်မူ၍ စာလိုက်သံဃာ များစွာတို့အား စာပေချပို့၍ သာသနာပြုတော် မူခဲ့သည်။ စာချလည်းကောင်း, တရားဟောလည်း ကောင်းလေရာ ညောင်ဦး မြို့မှ ဒကာ, ဒကာမတွေ ဆရာတော်အား များစွာ ကြည်ညိုကြကုန်၏။

ညောင်ဦးဝှနဂရေစာပိ၊ ဝသိတွာ ဂန္ထဝါစကော။
သာသနဝုဒ္ဓိဘာဝါယ၊ သဒါ ဝီရိယသံယုတော။

## မဟာဝိသုတာရာမ်ကနိုကာယဂဏဘာရနိတ္ထာရကတာဝန်

ဆရာတော်သည် တိုက်တာကိစ္စ, ဂိုဏ်းဂဏကိစ္စ, သာသနာ့ကိစ္စ တာဝန် များကို များစွာပြုလုပ်ဆောင်ရွက်တော်မူသည်။ ၁၃၁၀-ခုနှစ် မဟာဝိသုတာ

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမ သာသနာဝင်ကြည့်။

ရာမိကဂဏ၀ါစကနိကာယ အစည်းအဝေးလောက်မှစ၍ ဂဏဘာရနိတ္ထာရက=
ဂိုဏ်း၀န်ဆောင် ဆရာတော်တာ၀န်ကို ဆောင်ရွက်တော်မူသည်။

## ဂဏမဟာဝိနာယကတာ၀န်

ငင်းပြင် ၁၃၂၂-ခု ဆင်္ဃအကြိမ် မဟာဝိသုတာရာမိကနိကာယ အစည်းအဝေးကြီးတွင် မဟာဝိသုတာရာမိကဂဏ၀ါစကနိကာယဂဏမဟာဝိနာယက အဖြစ်ဖြင့် ရွေးကောက် တင်မြှောက်ခြင်း ခံရသဖြင့် ထိုနှစ်မှ စ၍ ငင်းဂဏ မဟာဝိနာယကတာ၀န်ကို ထမ်းဆောင်တော်မူရသည်။

## ဓမ္မကထိကတာ၀န်

မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏ၀ါစက ဖြစ်ချိန်မှ စ၍ ယခုတိုင် အခါ အား လျော်စွာ ဓမ္မကထိကတာ၀န်ကို ဆောင်ရွက်တော်မူသည်၊ ဆရာတော် ကား ရေစက်ချ, တရားဟောရာ၌ မတို မရှည် ဆီလျော်အောင် ပြောတော် မူလေ့ရှိရာ ရဟန်း, ရှင်, လူ အားလုံးလိုလို ကြိုက်နှစ်သက်ကြကုန်၏။

## ရဟန်းလောင်းဆုံးမစာ စသည် ပြုစုခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး ရောက်စက သံဃ ဥပုသ်ပြုရာ၌ ပါတိမောက္ခုဒ္ဒေသက တာ၀န်ကို ဆောင်ရွက်တော်မူခဲ့သည်။ တိုက်ထဲမှာ ရဟန်းခံကိစ္စ ရှိတိုင်းလိုလို ရဟန်းလောင်းဆုံးမခြင်း ကိစ္စကိုလည်း ဆရာတော်ကြီးများ အမိန့်အရ ဆောင်ရွက်တော်မူရသည်။ ယင်းသို့ ရဟန်း လောင်း ဆုံးမရသည့်အတွက် မိမိအတွက် လွယ်ကူစေရန်လည်းကောင်း, တပည့် ရဟန်းငယ်တို့ အတုယူ ဆုံးမနိုင်ရန်လည်းကောင်း ရဟန်းလောင်း ဆုံးမစာကို လည်း ရေးသား စီရင်တော်မူခဲ့သည်။ ငင်းပြင် သိမ်သမုတ်ကိစ္စများ မကြာ မကြာ ကြုံတတ်သဖြင့် သိမ်အောင်စာများကို စီရင်တော်မူခဲ့သည်။

## မဟာဝိသုတာရာမတိုက်ကြီး မဟာနာယကတာ၀န်

၁၃၃၄-ခုနှစ် ပဥ္စမ၀ါဆိုလပြည့်နေ့တွင် "အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ-မဟာရဋ္ဌဂုရု"ဘွဲ့ တံဆိပ်တော်ရ ကျေးဇူးရှင် သက်တော်ရှည် မဟာဝိသုတာ ရာမ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ် ပျံလွန်တော်မူသဖြင့် ဆရာ တော်အရှင်ဂန္ဓမာ မဟာထေရ်သည် ပခုက္ကူမြို့ မဟာဝိတာရာမနိကာယ တက္က သိုလ် ဗဟို စာချကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူ သည်။

ဂန္ဓမာထေရသေဋ္ဌော ဟိ၊ ဝိသုတာရာမနာယကော။
ဒိဝင်္ဂတေ သုန္ဒရမှိ၊ ပခုက္ကူတိ ပုရေ ဝရေ။

## ကျမ်းပြုအဖွဲ့ မဟာနာယက

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဦးစီးဌာန၏ထောက်ထားချက် အရ ဓမ္မာစရိယ, ဂဏဝါစက, ဘီအေ (ဂုဏ်ထူး) ဦးဆောင် ပြုစုသည့်'တိပိဋက ပါဠိ မြန်မာ အဘိဓာန် နှင့် တိပိဋကပါဠိပဒကျမ်းညွှန်း' ပြုစု ရေးသားသည့် အဖွဲ့ ရှိ၏၊ ဆရာတော်သည် ထိုကျမ်းပြုအဖွဲ့ကြီး၏ မဟာနာယကလည်း ဖြစ် တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော် အလှူခံရရှိခြင်း

ဖော်ပြပါ ဆောင်ရွက်ချက်အမျိုးမျိုးတို့ကြောင့် သာသနာတွင် ကျော်ကြား ထင်ရှားသည့်ပြင် သီလ, သမာဓိ, ပညာ ဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ၁၃၄၀ - ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ် တော်ကို အလှူခံ ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရူပါဓိဝရေနာပိ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ထေရံ ဂန္ဓမာသဝှယံ။

## ဆရာတော်အား ပူဇော်ကြခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာမဟာထေရ်အား ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်၌ လည်းကောင်း, သရက်တော ကျောင်းတိုက် ဖျာပုံတိုက်သစ်၌လည်းကောင်း, အင်းစိန်မြို့ ရွာမကျောင်းတိုက်၌ လည်းကောင်း, နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌လည်းကောင်း, သက်ဆိုင်ရာ ဘုရားတပန်း ရဟန်း, ရှင်, လူ တို့က ပူဇော်ပွဲ ကျင်းပ၍ ပူဇော်ကြကုန်၏။ ၎င်း ပြင် ၁၃၄၁ - ခုနှစ် နယုန်လဆုတ် ၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပခုက္ကူ အသင်းက ကမကထပြု၍ ပခုက္ကူခရိုင်အာရုံခံ တန်ဆောင်း၌ ပူဇော်ပွဲ ကျင်းပ၍ လှူဒါန်းဖွယ်တို့ဖြင့် ပူဇော်ပွဲ ကျင်းပ ပူဇော်ကြကုန်၏။

ရန်ကုန်ပုရေ ဝသန္တာ ပိ၊ ဂဟဋ္ဌာ ပဗ္ဗဇိတာ ဥဘော။
ထေရိန္ဒံ အဘိပူဇေသုံ၊ ပူဇေတဗ္ဗာနုဘောရတံ။

## ပခုက္ကူမြို့က ပူဇော်ကြခြင်း

ဆရာတော်ဘုရားကြီးသည် ၁၃၄၁ - ခုနှစ် နယုန်လပြည့်နေ့တွင် သီရိမင်္ဂလာ ဘဏ္ဍာအေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာ လိုဏ်ဂူတော်ကြီး၌ ပြည်ထဲရေး နှင့်

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင် ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူပြီး နယုန်လပြည့်ကျော် ၈- ရက်နေ့ကိုင်အောင် ရန်ကုန်မြို့တွင် သက်ဆိုင်ရာ အသင်း အဖွဲ့ ရဟန်း, ရှင်, လူတို့၏ အကြည်ညို အပူဇော် ခံတော်မူပြီး ၁၃၄၁-ခု နယုန်လပြည့်ကျော် ၉-ရက်နေ့တွင် ရန်ကုန်မှ ညောင်ဦးသို့ လေယာဉ်ဖြင့် ပြန်ကြွတော်မူသည်။ ပခုက္ကူ ဒကာ, ဒကာမတို့သည် အထူးသဘောဖြင့် ညောင်ဦးမှ ပခုက္ကူသို့ ပင့်ဆောင်ကြသည်။ ပခုက္ကူမှ ကားအစီးပေါင်း ၄၀-ကျော်ဖြင့် ကြိုဆိုကြသည်၊ ဆရာတော်ဘုရားကြီး ကြွရောက်ပြီး နောက်တနေ့ဖြစ်သည့် ၁၃၄၁ ခုနှစ် နယုန်လပြည့်ကျော် ၁၀-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီးပေါ်၌ ပါတီ, ကောင်စီ, မဟာဝိသုတာရာမ ဂေါပကအဖွဲ့ဘို့မှ ဦးစီး၍ ပူဇော်ကန်တော့ပွဲ ကျင်းပ၍ ပူဇော်ကြသည်။ ယင်း ပူဇော်ပွဲတွင် သံဃာတော် ၄၀၀-ကျော်တို့အား ဆွမ်းကပ်လှူဒါန်း၍ ပါတီဥက္ကဋ္ဌ ဦးနိုင်ဝင်း, ကောင်စီဥက္ကဋ္ဌ ဦးသိမ်းမောင်, မဟာဝိသုတာရာမ ဂေါပကအဖွဲ့ ဦးတင်ဦး, ပါတီ အတွင်းရေးမှူး ဦးသန်းစိုး, ကောင်စီ အတွင်းရေးမှူး ဦးအောင်သိန်း, မဟာဝိသုတာရာမဂေါပကအဖွဲ့အတွင်းရေးမှူးဦးအောင်ဆင့်တို့ အသီးအသီး လျှောက်လွှာ ပူဇော်လွှာ စသည်တို့ကို ဖတ်၍ ပူဇော်ကြ ကုန်၏။ ၎င်းပြင် ဓမ္မာစရိယဘွဲ့ရ အရှင်ကုမာရ (မင်းကန်) က ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး) ရေးသားသည့် ၂-ဂါထာကို ရွတ်ဖတ်၍ ဆရာတော်ဘုရားကြီးအား ပူဇော်သည်။

ပခုက္ကူ အဓိဋ္ဌာနေ ပိ၊ ဂဟဋ္ဌာ ပဗ္ဗဇိတာ ဥဘော။
ပူဇိသုံ ထေရိန္ဒံ သေဋ္ဌံ၊ ဝိသုတာရာမပုင်္ဂဝံ။

## အရှင်နေမိန္ဒအား မဟာနာယကအဖြစ် လှူအပ်

ဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ၍ ပြန်ကြွတော်မူ၍ ၅-ရက်မြောက်ဖြစ်သော ၁၃၄၁-ခုနှစ် နယုန်လပြည့်ကျော် ၁၄-ရက်နေ့တွင် အလယ်သိမ်ကျောင်းတော်ကြီးပေါ်၌ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒသည် သံဃာတော် ၅၃၀-ကျော်တို့အား မိမိအနယ်နယ် အစိုစိုအမြို့မြို့ အရွာရွာမှ အလှူခံရရှိသော ၃-သောင်းကျော်ဖိုးခန့် ပစ္စည်းမျိုးစုံကို များစွာသော ရဟန်းသံဃာတော် နှင့် ဒကာ, ဒကာမတို့၏ ရှေ့မှောက်တွင် လှူဒါန်းလေသည်။ ယင်း လှူဒါန်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ်က အောက်ပါ စာတမ်းကို ဆရာတော် အရှင်ဇဝန (တိုက်ကြပ်)အား အသံချဲ့စက်ဖြင့် လူသိရှင်ကြား ဖတ်စေ၍ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒအား မဟာဝိသုတာရာမ

တိုက်ကြီးကို ဆက်လက် ထိန်းသိမ်း အုပ်ချုပ် သာသနာပြုရန် လွှဲအပ်တော်မူသည်။

## မဟာနာယကအဖြစ် တိုက်တာလွှဲ စာတမ်း

အရှင်နေမိန္ဒသည် ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ တိုးတက် ကြီးပွားရေး ကိစ္စများကို သာမဏေအဖြစ်ဖြင့် ဤကျောင်းတိုက်ကြီးကို ရောက်ချိန်မှ စ၍ ယခုအချိန်တိုင်အောင် ပစ္စယ, ဓမ္မ-၂ မျိုးတို့ဖြင့် ထူးခြား ကြီးကျယ်စွာ ဆောင်ရွက်နေသော ပုဂ္ဂိုလ် ဖြစ်၍ အထူးအားဖြင့် " တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက " ဘွဲ့ထူးဖြင့် ဤကျောင်းတိုက်ကြီး၏ ဂုဏ်ရောင်ကို ထူးခြားစွာ တောက်ပြောင်စေခဲ့သည်။

သို့အတွက် "တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက" ဖြစ်သော အရှင်နေမိန္ဒအား ဤကျောင်းတိုက်ကြီး၏ တာဝန်ခံ ကိစ္စအားလုံးတို့ကို ဆောင်ရွက်ရန် မဟာနာယက အနေဖြင့် အသိအမှတ်ပြုကာ ပေးအပ် ခန့်ထားခဲ့သည်။

ဤသို့ ပေးအပ်ခန့်ထားခဲ့သော်လည်း လက်မခံပဲ အတန်တန် ငြင်းဆန်ခဲ့သည်။ သို့သော် ဤကျောင်းတိုက်ကြီး၏ တာဝန် ကိစ္စများကို ထူးခြားစွာ ဆောင်ရွက်နေသော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့် မည်သည့်အရပ်၌ နေသည် ဖြစ်စေ, မည်သို့ဖြစ်စေ "တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက" ဖြစ်သော အရှင်နေမိန္ဒကို ဤမဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ မဟာနာယက အဖြစ်ဖြင့် အသိအမှတ်ပြုလိုက်သည်။

**အရှင်ဂန္ဓမာမဟာထေရ်**
အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် ဘုရားကြီး
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

၁၃၄၁-ခု၊ နယုန်လပြည့်ကျော် ( ၁၄ ) ရက်။
၁၉၇၉-ခု၊ ဇွန်လ ( ၂၃ ) ရက်။
မိတ္တူမှန်

ဆရာတော် အရှင်နေမိန္ဒသည် အောက်ပါ စာတမ်းကို ကိုယ်တိုင်ဖတ်၍ လက်ခံတော်မူသည်။

## လျှောက်ထားလွှာ

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး
မဟာဝိသုတာ ရာမတိုက်
ပခုက္ကူမြို့။


နေ့စွဲ။ ၁၃၄၁-ခု၊ နယုန်လပြည့်ကျော် (၁၄) ရက်။
၁၉၇၉-ခု၊ ဇွန်လ (၂၃) ရက်။

ဘုရားတပည့်တော် ရိုသေလေးစားစွာ လျှောက်ထား အပ်ပါသည်ဘုရား။ များစွာသော အကြောင်းအမျိုးမျိုးကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ၂-ကြိမ်တိုင်တိုင် ဤမဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ မဟာနာယကအနေဖြင့် ပေးအပ်ခဲ့သော ကျောင်းတိုက်ကြီး၏ တာဝန်ကိစ္စများကို ဘုရားတပည့်တော် ၂-ကြိမ်တိုင်တိုင် ငြင်းဆန်ခဲ့သော်လည်း ယခုအချိန်တွင် အထူးအားဖြင့် ဆရာတော်ဘုရားကြီး စိတ်ချမ်းသာတော်မူစေခြင်း အကျိုးငှာလည်းကောင်း၊ သာသနာတော်ကို မြတ်နိုးကြသော ရဟန်း, ရှင်, လူ သူတော်စင်တို့ ချမ်းသာအမျိုးမျိုး တိုးပွားစေခြင်း အကျိုးငှာ လည်းကောင်း၊ မည်သည့်အရပ်၌ နေသည်ဖြစ်စေ, မည်သို့ဖြစ်စေ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးက မဟာနာယက အဖြစ်ဖြင့် အသိအမှတ်ပြုထားလိုက်သည်အား လျော်စွာ ဤကျောင်းတိုက်ကြီး၏ တာဝန်ကိစ္စအရပ်ရပ်ကို စွမ်းနိုင်သမျှ အနှောင်အဖွဲ့မရှိ လွတ်လပ်စွာ ဆောင်ရွက်မည်ဖြစ်ပါကြောင်းကို ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နေမိန္ဒ
တိပိဋကရေမ္မဘဏ္ဍာဂါရိက
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

## ဘဝနတ်ထံ ပံ့လွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တော်အဝဝတို့နှင့် စေ့စုံလုံတော်မူသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ်သည် သက်တော် ဂ၈-သိက္ခာတော် ၆၈-ဝါရှိရာ ၁၃၄၂-ခု နယုန်လဆန်း ၃-ရက်နေ့ ညနေ ၅ နာရီ၊ ၂၅ မိနစ် အချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တောင်ကျောင်းကြီး

ဆရာတော် ဘဒ္ဒန္တနရိန္ဒ

သက်တော် ၈၄-နှစ်၊ သိက္ခာတော် ၆၅-ဝါ

## သံဝေဂယူရန်

အနေ့ာတတ္တာ၊ စသည်သီးသီး၊ အိုင်ကြီးများလည်း၊ ပျက်စီးချိန်ရောက်၊ မဖောက်ကေန်၊ အမှန်မုချ၊ ပျက်စီးရ၏၊ တောနက်ထိုထို၊ ပြိုင်ညိုစိမ့်စမ်း၊ ဆန်းလှကျက်သရေ၊ ပြည့်သည့်မြေလည်း၊ ကေန်မုချ၊ ပြိုကွဲရ၏၊ သခ်ါရ ဉဿုံ၊ အားလုံးစုံလည်း၊ ကုန်ဆုံးပျက်စီးခြင်းသဘော ရှိစွတကား....။ ကျိုးပဲ့ ပျက်စဲ မှုံမှုံကျဲကျဲ သဘောရှိစွတကား....။

## အရှင်ဂန္ဓမာ မဟာထေရ်၏ ထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက်ကြီး၏ မဟာနာယက သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင် ဂန္ဓမာ မဟာထေရ်၏ ဖြစ်စဉ် ဖြစ်ရပ် အဋ္ဌုပ္ပတ်နှင့် ကြည်ညိုဖွယ်ရာ လုပ် ဆောင်ချက်တို့ကို ပြဆိုရာ ထေရုပ္ပတ္တိသန္ဒိပနီကို ရေးသားခဲ့ရာ အတော် အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် တခန်းရပ် လက်စသတ်လိုက်ပါပြီ။

ဂန္ဓမာထေရသေဋ္ဌဿ၊ ဝိသိဋ္ဌာ ဝုတ္တာန္တာ ဗဟူ။
ဥပမိဿံ သန္ဒိပနိယံ၊ သုသခေပနိဒဿနံ။

---

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ
### ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကျောင်းကြီး
### ဆရာတော် အရှင်နရိန္ဒမဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒိပနီစာတော်ဖတ်....အသင် စာတော် ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင် စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကျောင်းကြီးဆရာတော် အရှင်နရိန္ဒမဟာထေရ်၏ အဖြစ် တော်စဉ်ကို ကြည်ညိုယိုဖိတ် သဒ္ဓါဘရား ကိန်းဝပ်သောစိတ်ဖြင့် ကြည့်ရှုလေ့ လာရာ၏။

## မွန်ပြည်နယ် သိမ်ဆိပ်မြို့နယ်

မွန်ပြည်နယ်အတွင်း ထင်ရှားသော သိမ်ဆိပ်မြို့နယ်သည် ကျယ်ဝန်းသော ကြက်ပေါင်စေးခြံကြီးများဖြင့် ထို ဒေသသူ, ဒေသသားတို့ ပျော်ရွှင်စွာ နေ

ကြသည်။ ကြက်ပေါင်စေးခြစ်ယူခြင်းသည် ထို ဒေသ,ထိုမြို့နယ်မှ လူများ၏ လုပ်ငန်းတရပ် ဖြစ်လေသည်။ ဖော်ပြပါ သိမ်ဆိပ်မြို့နယ်သည် ယခင်က သထုံခရိုင်အတွင်းတွင် ပါဝင်သည့် မြို့နယ်တနယ် ဖြစ်သည်။

သထုံသည် သာသနာ့သမိုင်းတွင် အလွန်လျှင် သမိုင်းကြောင်း ကောင်းခဲ့သော မြို့ ဖြစ်သည်။ ယင်း သထုံမြို့ကို "သုဓမ္မပုရ" ဟူ၍ လည်းကောင်း၊ "သုဝဏ္ဏဘူမိ"ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။ သုဝဏ္ဏဘူမိ ဟူသော အမည်ကို ကျမ်းကြီး ကျမ်းခိုင်များ၌လည်း တွေ့ရသည်။ အဋ္ဌကထာကြီးများ၌ "သုဝဏ္ဏဘူမိံ ဂမနီယံ နာဝံ အဘိရုဟိ" [၁] ဟူ၍ လည်းတွေ့ရသည်။ ၎င်းပြင် "သုဝဏ္ဏဘူမိယံ ရာဇကုလေ နိဗ္ဗတ္တိ" [၂]။ ထို့ပြင်တပါး "ဝါဏိဇာ သုဝဏ္ဏဘူမိံ ဥဒ္ဒိဿ နာဝါယ မဟာသမုဒ္ဒံ ပြတရိံသု" [၃] ဟူ၍ လည်းကောင်း လာသည်ကိုလည်း တွေ့ရ၏။ "သာ ဣတ္ထိ သုဝဏ္ဏဘူမိဂါမိနိံ နာဝံ အဘိရုယှ ဂစ္ဆတိ" [၄] ဟူ၍ လာသည်လည်း ရှိ၏။ သို့ဖြစ်ရာ သုဝဏ္ဏဘူမိခေါ် သထုံမြို့သည် ရှေးယခင်းနှစ် ရာပေါင်း, ထောင်ပေါင်း များစွာပင် သင်္ဘောဆိပ် လှေဆိပ် မြို့ကြီး ဖြစ်ကြောင်း သိသာသည်။

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် မဇ္ဈိမဒေသ ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်ကြီးအတွင်း၌ ကျင်းပသော တတိယသံဂါယနာတင်ပွဲကြီးအပြီးတွင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အလွန်လျှင် လူနေအိမ်ခြေစည်ကားသည့် သုဝဏ္ဏဘူမိတွင်မည် သထုံပြည်သို့ သာသနာပြုအဖွဲ့တဖွဲ့ စေလွှတ်လျှင် တခေတ်တွင် မြန်မာပြည်ဟူ၍ ထင်ရှားမည့် နိုင်ငံတော်တွင် ဘုရားဇိနော် သာသနာတော် ပွင့်လင်းမည်။ ငါတို့ တတိယ သံဂါတနာတင်သလို ယင်းနိုင်ငံတော်၌ ပဥ္စမသံဂါယနာ, ဆဋ္ဌသံဂါယနာ ပွဲသဘင်များ တင်၍ သာသနာပွင့်လင်းမည် စသည်ဖြင့် မြင်မြော်တော်မူဟန် ရှိပါသည်။ သို့ဖြစ်၍ ဤ သုဝဏ္ဏဘုံ သထုံပြည်သို့ အရှင်သောဏ, အရှင်ဥတ္တရတို့ ဦးဆောင်သည့် သာသနာပြု သံဃာတော် ၅-ပါး အဖွဲ့ကို စေလွှတ်တော်မူခဲ့လေသည်။

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိသုံ။ [၅]

---

၁။ အံ၊ ဋ္ဌ၊ ၁။ ၂၁၀ (တေဒဂ္ဂဝဂ်- မာဟိယဒါရု စီရိယတ္ထေရ ဝတ္ထုအဖွင့်)။
၂။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၃၃၄ (သုကရပေါတိကာ ဝတ္ထုအဖွင့်)။
၃။ ပေတ၊ ဋ္ဌ။ ၃၄ (ခလ္လာဋိယပေတိဝတ္ထု အဖွင့်)။
၄။ ပေတ၊ ဋ္ဌ၊ ၂၅၄ (ပါဋလိပုတ္တပေတဝတ္ထု အဖွင့်)။
၅။ ဝိ၊ ဋ္ဌ၊ ၁။ ၅၂။

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရော မဟိဒ္ဓိကော။
နိဒ္ဓမေတွာ ပိသာစေ ပိ၊ မောစေသိ ဗန္ဓနာ ဗဟူ။[၁]

သုဝဏ္ဏဘူမိံ ထေရေ ဒွေ၊ သောဏဉတ္တရမေဝစ။[၂]

ဖော်ပြပါ သထုံခရိုင်၌ စေတီပုထိုး ဘုရားတန်ခိုးကြီးတွေ မြောက်မြားစွာ တည်ရှိကုန်၏။ ၎င်းတို့မှာ နိုင်ငံတနှံ့လုံး၌ ထင်ရှားကျော်ကြားသော ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားအပြင် သထုံမြို့ပေါ်ရှိ ရွှေစာရံဘုရား, ရန်အောင်မြင်ဘုရား, ဇင်းကျိုက်တောင်ပေါ်ရှိ ဇင်းကျိုက်ဘုရား, သထုံမြို့၏ အရှေ့ဖက် သိဂ်ံနိုက်တောင်ကုန်းပေါ်ရှိ သိဂ်ံနိုက်ဘုရား (မြသပိတ်ဘုရား), ဘီးလင်းမြို့ အရှေ့မြောက်ဖက် ရှစ်မိုင်ခန့်အကွာ ကုသိနာရုံတောင်ကုန်းပေါ်၌ သောဏဉတ္တရ နှင့် ရဟန္တာဆင်းတုတော်များ, ကေလာသတောင်ပေါ်ရှိ ကေလာသစေတီ, ဒုံသမိမြစ်တဖက်ကမ်းရှိ ဘုရင့်ညီဂူအတွင်း၌ ကိန်းဝပ်တော်မူသော ဆင်းတုတော်များ စသည်တို့ ဖြစ်ကုန်၏။ စင်စစ်တမူကား ဘုဝဏ္ဏဘူမိ (သထုံ)သည် အဟိုရှေးရဟန္တာသခင်အရှင်မြတ်များစွာတို့ သီတင်းသုံးရာ ဌာနမွန်ဖြစ်ခဲ့သည်။

ယခုအခါတွင်လည်း သထုံမြို့၌ သာသနာ ထွန်းလင်း တောက်ပဆဲဖြစ်သည်။ သထုံမြို့၌ သက္ကရာဇ် ၁၂၈၄-ခုနှစ်က တည်ထောင်ခဲ့သော "သုဝဏ္ဏဘူမိပရိယတ္တိ သာသနာဟိတအသင်းကြီး" သည် ပရိယတ္တိသာသနာ ထွန်းကားရေးအတွက် အလွန်အရေးပါ အရာရောက်သော အသင်းကြီး ဖြစ်သည်။ ယင်းအသင်းကြီး၏ ကြိုးပမ်းမှုကြောင့် ပိဋကတ္တယပါရဂူ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်ပေါင်းများစွာ ပေါ်ထွန်းခဲ့လေသည်။

ဖော်ပြပါ သုဝဏ္ဏဘုံ မြို့သထုံ၌ သာသနာတွင် ထင်ရှားသော သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့ များစွာ ပေါ်ထွန်း သီတင်းသုံး၍ သာသနာပြုခဲ့ကြကုန်၏။

အရှင်သောဏထေရ် နှင့် အရှင်ဉတ္တရထေရ်, အရှင်သောဘိတထေရ်, အရှင်သောမဒတ္တထေရ်, အရှင်သုမနတိဿထေရ်, အရှင်သောပါကထေရ်, အရှင်သောမဒတ္တထေရ်, အရှင်အနောမဒဿီထေရ်, အရှင်အဓိသီလထေရ်, အရှင်ပြာဏဒဿီထေရ်, အရှင်သီလဗုဒ္ဓိထေရ်, အရှင်မဟာကာလထေရ်တို့သည် သထုံသာသာနာဆက်တွင် အလွန်လျှံ ထင်ရှားသည့် သာသနာပြုမထေရ်မြတ်တို့ ဖြစ်ကုန်၏။

သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း နာယကဆရာတော်များ အဖွဲ့ ပဌမဉက္ကဋ္ဌ ဆရာတော်ဘုရားကြီး သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်ဆရာတော်

---

၁။ ဒီပဝံသ၊ ဂ၊ ၁၁။
၂။ မဟာဝံသ။ ၁၂၊ ၆။

ဘုရားကြီး အရှင်မာလာသည် သထုံ၌ ထင်ရှားသည့် သာသနာ့ဝန်ဆောင် ဖြစ်တော်မူသည်။[၁]

"အဂ္ဂမဟာပဏ္ဍိတ" အရှင်သီလဝံသ မဟာထေရ်သည် သထုံ၌ လွန်စွာ ထင်ရှားသည့် ဆရာတော်ကြီး ဖြစ်သည်။ ၁၂၀၄-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတ အသင်း ဒုတိမြောက် ဥက္ကဋ္ဌ ဓမ္မမေဒနီ ကျောင်းတိုက် ဆရာတော် ဘုရားကြီး သည် သထုံမြို့၌ ထင်ရှားသည့် သာသနာ့ဝန်ဆောင် ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည်။[၂]

သုဝဏ္ဏဘူမိ ပရိယတ္တိအသင်းကြီး၏ နာယကဆရာတော်များအဖွဲ့ တတိယ မြောက် ဥက္ကဋ္ဌ ဝါးတော အာသောကာရာမကျောင်းတိုက် ဆရာတော် ဘုရား ကြီး အရှင်ပညာဝံသသည်လည်း သထုံမြို့၌ ထင်ရှားသည့် သာသနာ့ဝန်ဆောင် ဆရာတော်တပါး ဖြစ်သည်။

မိလိန္ဒပဉှာအဋ္ဌကထာ, ပေဋကောပဒေသအဋ္ဌကထာ, မိလိန္ဒပဉှာ အဋ္ဌက ထာနိဿယ, ပေဋကောပဒေသအဋ္ဌကထာနိဿယ-စသည့် ကျမ်းဂန်များစွာတို့ ကို ပြုစီရင်တော်မူခဲ့သော ဇေတဝန်ဆရာတော်ဘုရားကြီး အရှင်နာရဒသည် သထုံမြို့ ဇေတဝန်ကျောင်းတိုက်၌ သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြု တော်မူသည့် သထုံသာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။[၃]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဝေဠုဝနနိကာယမဟာနာယ ကာဓိပတိ စန္ဒာရုံဆရာတော်ဘုရားကြီး အရှင်အာစိဏ္ဏသည် သထုံမြို့ ဝေဠုဝန် ကျောင်းတိုက်ကြီး၌ သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြုတော်မူသည်။ စန္ဒာရုံဆရာတော်ဘုရားကြီးကား ၁၂၂၇-ခုနှစ် ဖွားတည်း။ သက်တော် ၉၀- ကျော်တွင် ပျံလွန်တော် မူသည်။

ဇင်းပြင် သထုံမြို့သည် "ပိဋကတ္တယပါရဂူ" ဘွဲ့ တံဆိပ်တော်ရ သာသနာ့ အာဇာနည် သာသနာ့ဝန်ဆောင် ဆရာတော်များ၏ ပေါ်ထွန်းရာ နယ်ပယ် ဒေသလည်း ဖြစ်သည်။ "ပိဋကတ္တယပါရဂူ" ဘွဲ့ တံဆိပ်တော်ရ အရှင်မေဓာဝီ

---

၁။ သက်တော် ဝ၂-နှစ်, ဝါတော် ၆၃-ရရှိရာ ၁၃၁၆-ခုနှစ်က ပျံလွန်သည်။
၂။ သက်တော် ၇၅-နှစ်, သိက္ခာတော် ၅၆-ဝါ အရ ၁၃၁၈-ခုနှစ် ပျံလွန် သည်။
၃။ ဇင်းဆရာတော်ဘုရားကြီးသည် ၁၃၁၄-ခုနှစ်တွင် ပျံလွန်တော်မူသည်။ အကျယ် စစ်ကိုင်း သာသနာဝင်ကြည့်။

သည် သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်၏ နာယက ဖြစ်၍ သာသနာရောင် ထွန်းလင်းပြောင်အောင် ဆောင်ရွက်တော်မူသည်။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ,ပိဋကတ္တယပါရဂူ, သာသနဓဇသီရိပဝရဓမ္မာစရိယ, အမျိုးသား ပရိယတ္တိ ပဌမကျော်" ဘွဲ့တံဆိပ်များကို ရရှိတော်မူသော ဆရာတော် အရှင်အဂ္ဂဝံသမဟာထေရ်သည် သထုံမြို့ လယ်ဝန်ကျောင်းတိုက်၌ စာပေချပို့ သာသနာပြုတော်မူသည်။

"ပိဋကတ္တယပါရဂူ" ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်ပညာဝံသသည် သထုံမြို့ ဓမ္မမေဒနီကျောင်းတိုက်၌ သီတင်းသုံး၍ သာသနာ ပြုတော်မူသည်။

"ပိဋကတ္တယပါရဂူ" ဘွဲ့ တံဆိပ်တော် နှင့် "သာသနဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်သုဝဏ္ဏဇောတိသည် သထုံမြို့ မေဃဝန်ကျောင်းတိုက်၌ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။

"ပိဋကတ္တယပါရဂူ" ဘွဲ့ တံဆိပ်တော် နှင့် "သာသနဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့ တံဆိပ်တော်ရ အရှင်ဣန္ဒာစာရသည် သထုံမြို့ ဓမ္မမေဒနီ ကျောင်းတိုက်၌ တိုက်အုပ်ဖြစ်၍ ပရိယတ္တိသာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်။

"ပိဋကတ္တယပါရဂူ "ဘွဲ့တံဆိပ်တော် နှင့် "သာသနဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒောဘာသသည် သထုံမြို့အနီး နောင်ကလားရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဤအဋ္ဌုပ္ပတ္တိသခင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကျောင်းကြီး ဆရာတော် အရှင်နရိန္ဒသည်လည်း သထုံခရိုင် သိမ်ဆိပ်မြို့နယ် တံတားဦးကျေးရွာ ဇာတိ ဖြစ်သည်။

ဤသို့ စသည်ဖြင့် သထုံမြို့, သထုံဒေသ, သထုံနယ်ပယ်သည် ပညာရှိ ပရိယတ္တိသာသနာ့ဝန်ဆောင်, ပဋိပတ္တိသာသနာ့ဝန်ဆောင် ဆရာတော် သံဃာတော်များစွာတို့၏ သီတင်းသုံး ပေါ်ထွန်းရာ ဖြစ်သည်။ အမှန်စင်စစ်ကား သထုံသည် သထုံသာသနာဝင် ကျမ်းကြီး တကျမ်း ရေးသား၍ မှတ်တမ်းတင်နိုင်လောက်အောင် သာသနာရောင် တောက်ပြောင် ထိန်ဝင်း လင်းလက်ရာ မြို့ ဖြစ်သည်။

သထုံဝှပဒေသော နာမ၊ ဝိညူနံ ပိဋကတ္တယေ။
သဥ္စာတနိဝါသတ္တေန၊ ပါကဋ္ဌော မြန်မာ့ဘူတလေ။

**အခါကောင်းမျိုးစုံ လ ကဆုန်**

ကဆုန်လ ပြိဿရာသီကား အထူးခြားဆုံးသော လ ဖြစ်၏။ ယင်းလမှာ နေသူရိန်မင်းလည်း ပူပြင်း၏၊ စကားပန်းတွေလည်း ဝေဝေ ဆာဆာ ပွင့်ကုန်၏။

ကဆုန်မာသ ပုဏ္ဏရက်တွင်၊
ငါတို့ဘုရား မွေးဘွားသန့်စင်၊
ငါးပါးမာရ်ယုတ် ပယ်ဖြုတ်အောင်မြင်၊
ကိစ္စပြီး ပြည်ကြီး နိဗ္ဗာန်ဝင်။

ဟူသည်နှင့် အညီ ကဆုန်လကား ဘုရားရှင် ဖွားမြင်ရာ, မာရ်ငါးပါးကိုအောင်မြင်၍ ဘုရားသဗ္ဗညုဖြစ်ရာ, ပရိနိဗ္ဗာန်ဝင်ရာ လ ဖြစ်သည်။ ၎င်းပြင် ယင်းသည့် ကဆုန်လပြည့်နေ့ကား ဘုရားဖြစ်လိမ့်အံ့ ဟု ဒီပင်္ကရာဘုရားရှင်ထံမှ ဗျာဒိတ်တော်ရရာလ ဖြစ်သည်သာမက အလောင်းအလျာ သိဒ္ဓတ္ထ မင်းသား အဖြစ်၌ တည်စဉ် ယသောဓရာ အလှကညာ နှင့် စုလျားရစ်ပတ် လက်ထပ်ရာ လလည်း ဖြစ်သည်။

ယင်းသည့် ကဆုန်လပြည့်နေ့မှာပင် ဘုရားရှင်သည် ဆွေတော်ရှစ်သောင်း, မျိုးတော်ပေါင်းတို့အား တန်ခိုးပြာဋိဟာပြတော်မူ၍ ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောဖော် မြွက်ကြားတော် မူသည်။ ၎င်းပြင် ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ရာ နိုင်ငံများ၌ ရိုးများ, အစိုးရအလုပ်ရုံများ၊ ဈေးရုံများ စသည်တို့ကို ပိတ်၍ ဘုရားရှင်တရားတော်မြတ်ကို ရှုမှတ် နှလုံးသွင်း ဥပုသ်စောင့်သုံးကြကုန်၏။

သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ ကဆုန် လပြည့်နေ့မှာ ကျင်းပသည့် "ဝေသာခပူဇာ" ဗုဒ္ဓဘာသာပွဲတော်ကြီးမှာ ကမ္ဘာက အံ့သြရ၏။ ငါတို့ စံရာ မြန်မာပြည်မှာ ဆဋ္ဌသံဂါယနာ (ပါဠိတော်သံဂါယနာ) ပွဲသဘင်ကြီးကို ၁၃၁၆ - ခုနှစ် ကဆုန်လပြည့်နေ့တွင် စတင်၍ ၁၃၁၈ - ခုနှစ် ကဆုန်လပြည့် နေ့တွင် သိမ်းပွဲ ကျင်းပ ခဲ့လေသည်။

ဤသို့ စသည်ဖြင့် ထုတ်ပြ၍ အတောမတတ်နိုင်အောင် နေ့ထူး နေ့မြတ်တို့ စုံလင် ပေါများသည့် လ ဖြစ်သည်။ ဖော်ပြပါ ကဆုန်လကို—

စကားဝါ ငုံသင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်တွေမှာ ရောင်ကြည်ရွှန်း၊ ထွန်းတဲ့ ချိန်ပါ။
စုံကန္တာ ဟေမာမြိုင်ထဲ၊
ရွှေကျေး အပျံသင်လို့၊
စံပျော်ရှင် သည် ဟိုကူးတယ်၊ မြူးကြစမြဲ။ ၁

ဟူ၍ သူတော်ဦးမင်းက ဖွဲ့ဆိုခဲ့သည်။

---

၁။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။ ၈၉ - နှာ။

ဆယ့်နှစ်လရာသီဘွဲ့ ပါဠိ နိဿယကျမ်း၌လည်း —

ဝေသာခဝှယမာသော တု၊ သုဝိသိဋ္ဌော သုပါကဋော။
လောကဂ္ဂနာထံ ပဋိစ္စ၊ သန္တေဟိ အဘိလက္ခိတော။
တမှိ ဝေသာခမာသမှိ၊ စမ္ပကာ ပိ သုပုပ္ဖရေ။
ဗောဓိံ ဒကေဟိ သိဉ္စိတွာ၊ သဇ္ဇနာ သမ္ပမောဒရေ။
ဝနေ သုဝပေါတကာ ပိ၊ ပက္ကန္နတ္တိ ဒိသောဒိသံ။
ဝိကူဇန္တာ သဘာသာယ၊ ဇနသောတရသာယနံ။ ၁

ဟူသော ၃ - ဂါထာဖြင့် ကဆုန်လကို ဖွဲ့ထား၏။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ယင်းသို့ ဖော်ပြခဲ့သည့်အတိုင်း ပညာရှင် သာသနာ့ဝန်ဆောင်တို့ သာသနာပြုရာ, သာသနာရောင်ထွန်းရာ မွန်ပြည်နယ် ( ယခင်က သထုံခရိုင်အပါအဝင် ) သိမ်ဆိပ်မြို့နယ် တံတားဦးကျေးရွာ၌ အဖ ဓမ္မကာရီ ကျောင်းဒါယကာကြီး ပအိုဝ်အမျိုးသား ဦးချွန်, အမိ ဒေါ်အုပ်တို့မှ သက္ကရာဇ် ၁၂၅၇ - ခုနှစ်တွင် ဖော်ပြခဲ့သည့်အတိုင်း အခါကောင်း အခါထူးတွေ မျိုးစုံသည့် ကဆုန်လပြည့်ကျော် ၄ - ရက် စနေနေ့ ညဉ့် ၁၀ - နာရီ မိနစ် ၄၀ - အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော် မူခဲ့လေသည်။ ဦးချွန်, ဒေါ်အုပ်တို့၌ သားသမီး ၅ - ယောက်ရှိရာတွင် ဆရာတော်သည် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

## ဆရာတော်နာမည် မောင်ထွန်းမောင်

မွေးသဖခင် မွေးသမိခင်များ ဖြစ်ကြသော ဦးချွန် နှင့် ဒေါ်အုပ်တို့သည် ဆရာတော်လောင်းလျာ၏အမည်ကို စနေသား ဖြစ်သည့်အလျောက် နေ့သင့်နံသင့်ယူ၍ မောင်ထွန်းမောင် ဟု မှည့်ခေါ်ကြကုန်၏။

မောင်ထွန်းမောင် ဣတိ ကန္တမှိ၊ ပိတ္တေသုံ အဘိဓာနကံ။
သာဝမှိ တေ စ သန္ဒာယ၊ ဇနေတ္တိဇနကာဒယော။

## မိဖတို့၏သင်ပေးမှုကြောင့် ဘုရားရှိခိုးများရခဲ့

ဆရာတော်လောင်းလျာသည် စကားပီစ ငယ်ရွယ်စဉ်ကပင် ဖခင် ကျောင်းဒါယကာကြီး ဦးချွန်, မိခင် ကျောင်းဒါယိကာမကြီး ဒေါ်အုပ်တို့၏ နှုတ်တက်သင်ပြပေးမှုကြောင့် ဩကာသ ဘုရားရှိခိုး, နမောတဿ ဘုရားရှိခိုး, ဣတိ ပိ

---

၁။ ဆယ်နှစ်လရာသီဘွဲ့ ပါဠိနိဿယ။ ၄၊ ၅၊ ၆ - ဂါထာ။

သော ဘဂဝါ - စသည့် ဘုရားဂုဏ်တော် ပါဠိ စသည်များကို နှုတ်တက် ရရှိခဲ့သည်။ ဆရာတော် လောင်းလျာသည် ကလေးငယ်ဘဝကပင် မိဖ တို့ သင်ပြပေးသည့် ဘုရားရှိခိုးများ, ဂုဏ်တော်များကို သီချင်းလို ဆို ရွတ်နေခြင်းကြောင့် တစုံတရာ ရောဂါပေဒနာမျှ ကျန်းမာပကတိ ရှိခဲ့လေသည်။

## ရှင်သာမဏေအဖြစ်သို့ ရောက်ခြင်း

ကျောင်းဒါယကာကြီး ဦးချွန် နှင့် ကျောင်းအမကြီး ဒေါ်အုပ်တို့သည် —

တာဒိသော ပိ မဟာစာဂီ၊ ဒါယဒေါ သာသနဿ န။
ပစ္စယဒါယကောတွေဝ၊ ဝုစ္စတေ မနုဇာဓိပ။ [၁]

မနုဇာဓိပ - တိုင်းသားပြည်သူ လူများသနင်း သီရိဓမ္မာသောက မင်းတရား။ တာဒိသော ပိ - ကုဋေတရာ မြားမြောက်လှစွာသော ငွေအသပြာ တန်ဘိုးရှိသော ပစ္စည်းတို့ကို ပေးကမ်းလှူဒါန်းသူ၏ အဖြစ်ဟူသော ရှုအပ်သောသဘောရှိသည်လည်း ဖြစ်သော။ မဟာစာဂီ - များပြားလှစွာ လေးဖြာသောပစ္စည်းကို စွန့်လှူခြင်းရှိသော သင် မင်းကြီးကို။ သာသနဿ - ဘုရားမြတ်စွာ သာသနာတော်၏။ ဒါယာဒေါ - ဘုရားမြတ်စွာ သာသနာတော်က ပေးအပ်သော အမွေကို ခံယူသူ ဟူ၍။ န ဝုစ္စတေ - မဆိုအပ် မဆိုပိုင် မဆိုနိုင်သေးသည်သာ။ ပစ္စယဒါယကောတွေဝ - ပစ္စယ ဒါယကာ ဟူ၍ သာလျှင်။ ဝါ - လေးဖြာသော ပစ္စည်းဖြင့် ဘုန်းမီးနေလ တောက်ပထိန်ညီး ဘုရားရှင်သာသနာတော် မြတ်ကြီးကို ထောက်ပံ့ချီးမြှင့် လှူဒါန်းသူ ဟူ၍ သာလျှင်။ ဝုစ္စတေ - ခေါ်ဆို ပညတ်သမုတ်အပ်ပေ၏။

ယော တု ပုတ္တံ ဓီတရံ ဝါ၊ ပဗ္ဗာဇေတိ သာသနေ။
သော သာသနဿ ဒါယာဒေါ၊ ပစ္စယဒါယကော အပိ။

မနုဇာဓိပ - တိုင်းသားပြည်သူ လူများသနင်း သီရိဓမ္မာသောကမင်း။ ယော - အကြင် ပုဂ္ဂိုလ်သည်။ ပုတ္တံဝါ - ရင်က မွေးဖွား မိမိ သားရင်းကိုသော် လည်းကောင်း။ ဓီတရံ ဝါ - ချစ်၍မငြီး မိမိ သမီးရင်းကိုသော် လည်းကောင်း။ သာသနေ - အံ့ဖွယ်ရှစ်ဖြာ ပြည့်စုံစွာသည့် ဘုရားရှင် သာသနာတော်၌။ ပဗ္ဗာဇေတိ - ရှင်,ရဟန်း ပြုစေ၏။ သော - ထို ချစ်၍မငြီး မိမိ သားရင်း မိမိ သမီးရင်းကို ရှင်, ရဟန်းပြုစေသော သူသည်လျှင်။ သာသနဿ - ကြုံခဲလှစွာ ဘုရားရှင် သာသနာတော်မြတ်ကြီး၏။ ဒါယာဒေါ အပိ - လောကုတ္တရ ဓမ္မ ကိုးထွေ အမွေခံထိုက်သူ မည်သည်လည်းကောင်း။ ပစ္စယဒါယကော အပိ -

---

၁။ မဟာ၀ံသ။ ၅၊ ၁၉၆။

ပစ္စည်းလေးဖြာဖြင့် ဘုရားမြတ်စွာ သာသနာတော်ကို ထောက်ပံ့ လှူဒါန်းသူမည်သည်လည်းကောင်း။ ဟောတိ - မုချ စင်စစ် ဖြစ်ပေ၏။

ဟူ၍ သံဃနာယက အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်က ဒီပစက္ကဝတ္တိ သိရိဓမ္မာသောကမင်းတရားကြီးအား ဟောပြသည့် ဒေသနာ သဘောသွားကို နှလုံးသွင်း သဘောပေါက်ကြပါသဖြင့် ဆရာတော် လောင်းလျာ ၁၀ - နှစ်သား အရွယ် ရောက်သော အခါ ဦးချုန်, ဒေါ်အုပ်တို့သည် ပဗ္ဗဇ္ဇမင်္ဂလာ ဆင်ယင်ကျင်းပကြ၍ သာမဏေတို့၏ အသုံးအဆောင် ပရိက္ခရာ စုံလင်စွာဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြင့် ကြသဖြင့် တံတားဦးရွာ တောင်ကျောင်းကြီးဆရာတော် အရှင်ပညာထံတော်၌ ရှင်သာမဏေအဖြစ်သို့ ရောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့ လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညထေရံ ထိရေ ရတံ။
သာမဏေရတ္တနံ ပတ္တော၊ လောကဂ္ဂသာသနေ သုဘော။

## ရှင်နရိန္ဒ ဘွဲ့ နာမ

ဥပဇ္ဈာယ်ဆရာတော်သည် လူကဲခတ်ကောင်းသည်၊ ဆရာတော်လောင်းလျာ၏ မြင့်တက် ဖြောင့်မတ်သော ကိုယ်ကာယ, လှပ ချောမွေ့ သေသပ်သော ကိုယ်နေ ကိုယ်ဟန် ကိုယ်ပေါက် ကိုယ်ရောက်, ကြည်လင် ခန့်ညားသော မျက်နှာ အနေ အထား, ကား၍ စွန့်နေသော နားနှစ်ဖက်, သုံးရက်လသဏ္ဌာန် ကော့ညွတ်သော မျက်ခုံးစသည်တို့ လက္ခဏာတို့ကို ကြည့်ရှုစဉ်းစားပြီး "ကိုရင်မင့်ကို ဘွဲ့ပေးမယ် မင်းကြီးလျှင် ထူးချွန် မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်မည်၊ များစွာသော လူများတို့၏ အကြီးအကဲ ကိုးစားရာ ရဟန်းမင်းသဖွယ် ဖြစ်လိမ့်မည်၊ သို့ဖြစ်၍ ရှင်နရိန္ဒ ဟု ဘွဲ့မည်ပေးရမည် " ဟု မိန့်ကြားတော်မူ၍ ရှင်နရိန္ဒ ဟူ၍ မှည့်ခေါ်တော်မူလေသည်။

ကာယင်္ဂံ အပေက္ခိတွာန၊ ဥပဇ္ဈာယော သုခီတိမာ။
နရိန္ဒောဏ္ဏတိ သမည်၊ အဒါ ဥပဇ္ဈာယော ဝိဒူ။

ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာမဟာထေရ်သည် ဘွဲ့မည် ပေးပြီးနောက် "ရှင်နရိန္ဒ " ဟု ၃ - ကြိမ် ခေါ်တော်မူရာ ရှင်နရိန္ဒက ဘုရား, ဘုရား, ဘုရား ဟု ယဉ်ကျေးစွာ ပြန်လည် လျှောက်ကြား လေသည်။ ဖခင် ဒါယကာကြီး ဦးချုန် နှင့် မိခင် ဒါယိကာမကြီး ဒေါ်အုပ်တို့သည် ပြုံးပြုံး - ပြုံးပြုံးနှင့် လွန်စွာ ဝမ်းမြောက်နေကြကုန်၏။

## ပဋ္ဌမဆုံး မိဖတို့ ရှိခိုးကြ

ရှင်သာမဏေ ဖြစ်ပြီးစ ဦးချွန်, ဒေါ်အုပ်တို့ ဝမ်းမြောက် ဝမ်းသာ ရှိနေကြစဉ် ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာမထေရ်က "မောင်ချွန် နှင့် မိအုပ်တို့ ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းသလဲ မောင်ချွန် နှင့် မိအုပ်တို့ ဝမ်းမြောက် ဝမ်းသာ ရှိကြရဲ့မဟုတ်လား" ဟု မေးရာ "ဆရာတော် ဘယ့်နှယ် မိန့်ပါလိမ့် တပည့်တော်တို့ ဝမ်းမြောက်ကြပါတယ် ဘုရား၊ သည်လောက် ဝမ်းမြောက် ဝမ်းသာ ရှိတာ မကြုံရသေးပါ" ဟု လျှောက်ထားကြသည်တွင် ဆရာတော် အရှင်ပညာက "ကဲ—သည်တော့ မင်းတို့ ကိုရင်ဖြစ်စ သားရင်းကို ရှိခိုးကြ၊ ရှိခိုးကြ" ဟု မိန့်ဆိုလေရာ ဦးချွန် နှင့် ဒေါ်အုပ်တို့သည် ၁၀ - ပါးသီလ နှင့် စုံလင် လောက်သည့် သာမဏေ ရှင်နရိန္ဒ ကို ရိုသေမြတ်နိုး ရှိခိုးဦးချကြကုန်၏။

> သုခညာ မာတာပိတရော၊ ဝန္ဒန္တိ ဝန္ဒနာရဟံ။
> ပဗ္ဗဇ္ဇူပဂတံ သေဋ္ဌံ၊ ဒသသီလသမာယုတံ။

## ဘုရင်သား ဖိုလ်ချုပ်ကလေးလို အလွန်ကို လှပ

မိုးဦးပေါက်သစ် မျှစ်စို့လိုလို နုပျို ပြည့်တင်း ထွားကြိုင်းလှပသော ခန္ဓာကိုယ် ရူပကာယကို ကိလေသာသူပုန် အမိုက်ကို တိုက်ခိုက်ရန် ဖန်ရည်စွန်းသည့် သင်္ကန်းဖြင့် ဆင်မြန်းထားသည်မှာ လွန်စွာ လှပတင့်တယ်လှပေ၏၊ ရှေ့တန်း စစ်မျက်နှာသို့ သူပုန်သူကန်များကို တိုက်ခိုက်ရန် ထွက်သွား ချီတက်ရမည် ဖြစ်၍ ချပ်ဝတ်တန်ဆာ စစ်ဝတ်စုံ ဝတ်ထားသော ရေမြေ့သနင်း ဘုရင်မင်းမြတ်၏ သားတော် စစ်ဖိုလ်ချုပ်ကလေးတမူ တူလှပေ၏။

> မာရသေန ဝိဃာတာယ၊ သုစီဝရဓရော ယတိ။
> သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ရာဇပုတ္တောဝ သောဘတိ။

## ဥပဇ္ဈာယ်ဆရာတော်ထံ ဆက်လက် ပညာသင်

ဆရာတော်လောင်းလျာကား ပညာသံဝေတ္တနိက ရှေးကမ္မနှင့် လောက်ကဲ ကုံလုံသူ ဖြစ်သည်။ သို့ဖြစ်၍ ပညာသင်ချင်သည်၊ စာတတ်ချင်သည်၊ ငယ်ငယ်ကတည်းက ကြားဘူးသည်မှာ—

> ဒါနေ တပသိ သူရေ စ၊ ယဿ န ပတ္တိတော ယသော။
> ဝိဇ္ဇာယ မတ္ထလာဘေ စ၊ ကေဝလံ အဝိကောဝ သော။

ယဿ - အကြင်သူအား၊ ဝါ - အကြင်သူမှာ။ ဒါနေစ - ပေးကမ်းလှူဒါန်းခြင်း၌လည်းကောင်း။ တပသိ စ - ကိုယ်ကျင့်တရား၌ လည်းကောင်း။ သူရေစ -

ရဲရင့်ခြင်း၌ လည်းကောင်း။ ဝိဇ္ဇာယစ – အတတ်ပညာ၌ လည်းကောင်း။ အတ္တ-လာဘေစ – ပစ္စည်းဥစ္စာ ရရာ ရရေး၌ လည်းကောင်း။ ပတ္ထိတော ယသော – တော်ပါပေသည် စွမ်းနိုင်ပါပေသည် ဟု ထင်ပေါ် ကျော်စောမှုသည်။ န အတ္ထိ – တစိုးတစိ မရှိ။ သော – ထို သူသည်။ ကေဝလံအဓိကော ဝ – လူပို သက်သက်သာတည်း။ ။မလျှမဒါန်း ကျင်းသမားလဲ လူပို၊ ကိုယ်ကျင့်တရား မပြည့်စုံသျှင်လဲ လူပို၊ ပညာ မတတ်လျှင်လဲ လူပို၊ ပစ္စည်းဥစ္စာ မကြွယ်ဝ လျှင်လဲ လူပိုဟု ဖြစ်သည်။ သည်တော့ ငါ လူပိုသဲ မပါအောင် စာပေ ကျိုးစားမှ ဖြစ်မည် ဟု သဘောပိုက်၍ ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာဝံသ စသည့်တို့ထံ၌ သာသနာ့ ဝန်ထမ်းတို့ တတ်သိရမည့် လောကနီတိ, ပရိတ် စသည်တို့ပင် မကျန် ကစ္စည်း သဒ္ဒါကြီး, သင်္ဂြိုဟ်, ပါတိမောက် အစရှိသည့် ကျမ်းဂန် အရပ်ရပ်ကို မပြတ်မလပ် သင်ယူ ကြိုးပမ်းတော်မူခဲ့ လေသည်။

သန္တိကေ ပညာ ဒီနမ္ပိ၊ ပညာယ နိန္ဒမာန သော။
သိက္ခိဟမ္ဗေ သော သိက္ခိတ္ဘာ၊ မာရဇိစက္ကဘာရဓော။

## ရဟန်းဘဝ ဒုလ္လဘသို့

သက်တော် ၂၀ - ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၆ - ခုနှစ် ဝါဆိုလ ဆန်း ၇ - ရက်နေ့တွင် သိမ်ဆိပ်မြို့နယ် တံဘားဦးရွာ မြောက်ကျောင်း ခဏ္ဍ သိမ်တော်၌ အင်ပူမြို့နယ် ဘမ္ဘရာတိုး သက်ငယ်ပြင် ကျောင်းပိုက် ဦးစီး နာယက ဖြစ်တော်မူသော အရှင်မုနိန္ဒ ဆရာတော်ဘုရားကြီး ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်ဦးချွန်, မယ်တော် ဒေါ်အုပ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် လောကိယ သမ္ပဒါတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သော ရဟန်းဘဝ ဒုလ္လဘကို ရရှိ တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတ္ဘာန၊ မုနိန္ဒံ မုနိမာနိတံ။
ဒုလ္လဘံ အလဘိ မိရော၊ နရိန္ဒော နရိန္ဒသာသနေ။

## ကျိကွော်မြို့၌ ပညာသင်

အဂ္ဂမဟာပဏ္ဍိတ တောင်ကြီးမြို့ တောင်ကျောင်းကြီး ဆရာတော် လောင်း လျာသည် ကျိကွော်မြို့ ကုသိနာရုံကျောင်း ဆရာတော်များထံ၌လည်း—

ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ် သော်က၊ ကြိုးလို့လ၍၊ နှိမ်ချပုဆစ်၊ ဆရာစပ်၌၊ ကြောက်ချစ် ရိုသေ၊ လုပ်ကြွေးထွေဖြင့်၊ စာပေ တတ်ကြောင်း၊ တချောင်းချောင်း လျှင်၊ မြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တနေ့

တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေး
ဇူးကို၊ ဆည်းပူးသိမြင်၊ ကြွယ်စေမင်း။[၁]

ဟူသည်နှင့် အညီ တတ်ကောင်း တတ်ရာ ပိဋကတ်အခြေခံပညာများကို သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် ကျီကွေ့ာ်မြို့၌ပင် သုခိတာရုံတိုက်သစ် ဆရာတော် အရှင်စာရိန္ဒထံ၌လည်း ဆက်လက် ပညာဆည်းပူးတော်မူခဲ့ လေသည်။

ကျီကွေ့ာ်ဝှနဂရေ စာပိ၊ ဝိဇ္ဇတ္တိကော သုမိ ဝိဒ္ဓါ။
ဝိဒ္ဓတ္တံ သော ဟိ ပတ္တောတွာ၊ ဗဟူနံ သိက္ခနံ အကာ။

## မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သည် သာသနာလောကတွင် အလွန်ထင်ရှားသည့် ကျောင်းတိုက်ကြီး ဖြစ်၏။ ဂဏဝါစက ဓမ္မာစရိယ ပညာရှိ ကဝိစုံလင်စွာဖြင့် သုံးအင်ပိဋကတ် သွားနည်းကို စနစ်တကျ နည်းပေး ချပို့ သင်ပြရာ ဝိဇ္ဇာယတနကြီး ဖြစ်လေရာ ပရိယတ္တိ စာပေလောကတွင် တစ်ခွဲလိုသူတိုင်း ဒက္ခိဏာရာမ ဘုရားကြီးတိုက်သို့ သွားရောက် ပညာ သင်ကြားဖို့ တာစူကြသည်။

မန္တလေးပုရေ ဒက္ခိဏ – အာရာမောတိ သုဝိဿုတော။
သာသနုဂ္ဂတိဟာသေဟိ၊ သဗ္ဗဒါ ဟိ အဘိနဝေါ။

## စာချဆရာတော် အရှင်ဇာဂရာဘိဝံသထံ ပညာသင်

စာချ ဆရာတော် အရှင်ဇာဂရသည် ဒက္ခိဏာရာမ ဝိဇ္ဇာယတန၏ ဓဇူပမ ပါကဋတရ ဂဏဝါစက စာချ ပုဂ္ဂိုလ် ကဝိမိုရ် ဖြစ်တော်မူ၏၊ ဒက္ခိဏာရာမ ပုဗ္ဗာစရိယ တို့၏ ပါဠိ, အဋ္ဌကထာ, ဋီကာ ချဉ်းနည်း နိသျည်း ဥပဒေသတို့ကို ဟတ္ထမုဋ္ဌိ ရရှိတော်မူသည့် ဂဏဝါစက စာချအကျော် ဆရာတော်တပါး ဖြစ်တော်မူသည်။ ဆရာတော် လောင်းလျာသည် ဖော်ပြပါ ဂဏဝါစက စာချဆရာတော် အရှင်ဇာဂရာဘိဝံသထံ၌လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ ချဉ်းနည်း နိသျည်းကို စည်းသေမျဉ်းကျ သင်ယူတော်မူခဲ့လေသည်။[၂]

သန္တိကေ ဇာဂရဿာ ပိ၊ ဇာဂရသံယုတော သုဓီ။
ဝုဒ္ဓိယာ သုဝိစက္ခဿ၊ ဥဂ္ဂဏှိ ထိရစေတသာ။

---

၁။ လောကသာရအုံးမစာ။ ၁၃-ပိုဒ်။
၂။ ဤကျမ်း အရှင်ဂန္ဓမာဆေရုပ္ပတ္တိသန္ဒီပနီလည်း ကြည့်။

## စာချ ဆရာတော် အရှင်ဝိမလထံ ပညာ သင်ကြားခြင်း

စာချ ဆရာတော် အရှင်ဝိမလသည်လည်း မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၏ ကျက်သရေဆောင် ထိပ်တန်း စာချ ဆရာတော် ဖြစ်တော်မူသည်။ ပခုက္ကူခရိုင် ထန်းဘိုကျည်းကန်ရွာ၌ ၁၂၃၀ - ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ဘွဲ့ရင်း အရှင်ဝိမလာစာရ ဖြစ်သည်။ ဒက္ခိဏာရာမ ဘုရားကြီးတိုက်တော်တည် "ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃ - ထပ်ရ ဆရာတော် အရှင်ဇာဂရာဘိဝံသ မဟာထေရ်မြတ်မှ စ၍ ဒက္ခိဏာရာမ သာသနာ့အာဇာနည်တို့ အဆက်အနွယ်ကို ဆက်လက် ထိန်းသိမ်း ဆောင်ယူခဲ့သည့် စာချနည်းကို ပိုင်ပိုင်မိမိ တတ်သိသည့် ပထေရ်မြတ် ဖြစ်သည်။ နောက်တွင် အနောက်ပြင် တောင်သမန်တိုက်က ပင့်သဖြင့် တောင်သမန်တိုက်သို့ ပြောင်းရွှေ့ သီတင်းသုံး စာပေ ချပို့ သာသနာပြုတော်မူသည်။ အလင်္ကာဋီကာ နိဿယသစ်, ရုပ်ဝိထိဆိုရိုး စသည့် ကျမ်းဂန်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၃၀၃ - ခုနှစ်တွင် ပျံလွန်တော်မူသည်။ [၁]

ဆရာတော်လောင်းလျာ အရှင်နရိန္ဒ ရဟန်းတော်သည် ဖော်ပြပါ စာချ ဆရာတော် အရှင်ဝိမလထံတော်၌လည်း စာပြောနည်း, ဝိနိစ္ဆယဖြတ်ထုံး စသည်တို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဝိမလဿာ ပိ၊ နိမ္မလပညကောဝိဒူ။
ဝိဒုဘာဝံ ဟိ ဂစ္ဆန္တော၊ ဗဟာဝေါ သော သမုဂ္ဂဟို။

## ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ ပညာသင်

ရွှေရေးဆောင် ဆရာတော်ဦးကြည် ( အရှင်အာဒိစ္စရံသီ ) သည် ထိုခေတ်က မပေါ် မဖြစ်သည့်နှယ် ပေါ်ထွန်းလာသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ စာချ ဆရာတော်များသမိုင်းတွင် အလွန်လျင် ထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်၏။ စာလိုက်သံဿ ၆၀၀, ၇၀၀, ၈၀၀ - ကို ကြားနိုင်လောက်အောင် သန့်ရှင်းမြည်ဟိန်း ကြည်လင်သည့် အသံတော်နှင့် ပြည့်စုံတော်မူသည်။ အကယ်၍ စာတတ်ပစေဦး ဖော်ပြပါ အသံအင်္ဂါလက္ခဏာနှင့် မပြည့်စုံလျှင်ကား ဤမျှများမြောက်သော စာလိုက် သံဃာပရိသတ်ကို မထိန်းနိုင်ရာ။ ဆရာတော်ကား သုံးထွေပိဋကတ်တတ်ကြောင်း ဧကန် ဖြစ်သည့် ပုဒ်နေ, ပုဒ်ထား, ပုဒ်သွား,

---

၁။ ပခုက္ကူ သာသနာဝင်၊ ၂၁၄ - ကြည့်။

ပုဒ်လာ, ပုဒ်မှာ, ပုဒ်ထပ်, ပုဒ်ဟောစပ်၍ တပ်တပ်ထင်ထင် သိမြင်သည့် ဂဏဝါစက စာချ အကျော် ဖြစ်၏။ [၁]

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်နရိန္ဒသည် ဖော်ပြပါ ရွှေရေးဆောင် ဆရာတော် ဦးကြည် (အရှင်အာဒိစ္စရံသီ) ထံ၌လည်း သုံးထွေပိဋကတ် တတ်ကြောင်းမှန်ပေသည့် ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာ ပုဒ်မှာ ပုဒ်ထပ် တို့ကို တပ်တပ်ထင်ထင် သိမြင်အောင် သင်ယူတော်မူခဲ့သည်။

သန္တိကေ ဦးကြည်ထေရဿ၊ ရွှေရေးဆောင်ဌာနသာမိနော။
သာမိဘာဝံ ပတ္တေတွာန၊ သိက္ခိတဗ္ဗံ အသိက္ခိ သော။

## သူဌေးဆရာတော် အရှင်ရေဝတထံ ပညာသင်

ရဟန်းတော်တပါး ဖက်စုံပညာတတ်ဖို့ မလွယ်ကူချေ။ ဝိနည်းလဲနိုင်မှ ဖြစ်တယ်၊ သုတ္တန်လဲပိုင်မှဖြစ်တယ်၊ အဘိဓမ္မာလဲ အောက်တန်းမကျမှ ဖြစ်တယ်၊ ပိဋကတ်သုံးပုံ တည်းဟူသော တောကို ရှင်းလိုလျှင်, ပိဋကတ် တကယ်တတ်ချင်လျှင် သဒ္ဒါမတတ်လို့မဖြစ်၊ သဒ္ဒါမနိုင်လို့မဖြစ်၊ သို့ဖြစ်၍ အတွေ့အကြုံရှိ စာပေပညာရှင်တို့က—

ယော နိရုတ္တိံ န သိက္ခေယျ၊ သိက္ခန္တော ပိဋကတ္တယံ။
ပဒေပဒေ ဝိကင်္ခေယျ၊ ဝနေ အန္ဓဂဇော ယထာ။

ဗျာကရဏ၊ ဂန္ထခေါ်မှန်း၊ သဒ္ဒါကျမ်းကို၊ ဖက်ကမ်းပေါက်
ရောက်၊ မတတ်မြောက်ပဲ၊ စောက်နက်ပြောကျယ်၊ သုံးသွယ်
ပိဋကတ်၊ ခက်ရပ်ဆစ်ဘွေ၊ သင်ယူခြေက၊ ပဒထိုထို၊ ယုံမှား
ပိုလိမ့်။ ဟု မိန့်ဆိုသတိပေးတော်မူခဲ့သည်။

သို့ဖြစ်၍ ကြိုတင်မြော်မြင်ခဲ့သော အရှင်နရိန္ဒရဟန်းတော်သည် သဒ္ဒပါရဂူ လင်းယဉ်ထူသည့် ကဝိတဆူ ဖြစ်တော်မူသော မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် သူဌေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတ [၂] ထံ ဗျာကရဏခေါ်မှန်း သဒ္ဒါကျမ်းတို့ကို ထပ်မံသင်ယူတော် မူခဲ့လေသည်။

သန္တိကေ ရေဝတဿာပိ၊ ဆေကတ္တံ ဂန္ထန္တော သုဓီ။
ဝိမံသိ သဗ္ဗဒါ ဟုတွာ၊ ဗျာကရဏေ သမုဂ္ဂဏှိ။

---

၁။ ဤကျမ်း ပွင့်လှသိမ်ကုန်းဆရာတော်၏ ထေရုပ္ပတ္တိသန္ဒိပနီ ကြည့်။ မန္တလေးသာသနာဝင်ကျမ်း။ ရွှေရေးဆောင် သာသနာဝင်လည်းကြည့်။

၂။ သူဌေးဆရာတော်နှင့် စပ်၍ သိမှတ်ဖွယ် ဤကျမ်း အရှင်လောကိဿရ ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိသန္ဒိပနီကြည့်၊ မန္တလေး သာသနာဝင်ကျမ်း၊ အနောက်ပြင်ခင်မကန်တိုက် သာသနာဝင်လည်းကြည့်။

## မန်းကျည်းပင်ကျောင်းဆရာတော် အရှင်သီလာစာရထံ ပညာသင်

မန္တလေးမြို့ အနောက်ပြင် ခင်မကန်ကျောင်းတိုက် မန်ကျည်းပင်ကျောင်း ဆရာတော် အရှင်သီလာစာရသည် မန္တလေးမြို့၌ ကျော်စောသည့် စာချ ဆရာတော်တပါး ဖြစ်တော်မူသည်။ မန္တလေးမြို့ အိုးဘိုရပ်၌ ၁၂၄၅ - ခုနှစ် တွင် ဖွားမြင်တော်မူခဲ့သည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ နောက်တွင် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း၌ ထင်ရှားသည့် စာချဆရာတော်တပါး ဖြစ်၍ စာလိုက်သံဃာများစွာတို့အား စာပေချပို့ သာသနာပြုတော်မူခဲ့သည်။ ဆရာတော် အရှင်သီလာစာရသည် သက္ကတကျမ်းစာများကိုလည်း ကျွမ်းကျင် တတ်မြောက်တော်မူသည်။ ခရစ်သက္ကရာဇ် ၁၉၂၁ - ခုနှစ်က မန္တလေးမြို့ ရတနသိဒ္ဓိ ပုံနှိပ်တိုက်ရိုက် (၁) ဝုတ္တိမောဂ္ဂလ္လာန် ဗျာကရုဏ်းကျမ်း။ (၂) ဏွာဒိမောဂ္ဂလ္လာန် ဗျာကရုဏ်းကျမ်း။ (၃) ပဒသာဓနဋီကာ စသောကျမ်း ၃ - ကျမ်း နိဒါန်း နှင့် (၄) သာသနဝံသပ္ပဒီပိကာ (ဘောဂဝတီ ပုံနှိပ်တိုက်ရိုက် မန္တလေး) စသည်တို့၏ ပါဠိနိဒါန်း စသည်ကိုကိုလည်း စီရင်တော်မူခဲ့သည်။ သက်တော် ၇၅ - နှစ်ရှိရာ ၁၂၈၀ - ပြည့်နှစ်တွင် ပုလိပ် ကပ်ရောဂါဖြင့် ပျံလွန်တော်မူသည်။[၁]

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်နရိန္ဒသည် ဖော်ပြပါ မန္တလေး မြို့ အနောက်ပြင် ခင်မကန်တိုက် မန်းကျည်းပင်ကျောင်း ဆရာတော် အရှင် အရှင်သီလာစာရထံ၌လည်း သင်အပ် သင်ထိုက်သော ပညာရပ်များကို သင် ကြား ဆည်းပူးတော်မူခဲ့လေသည်။

သန္တိကေ သီလာစာရဿ၊ သီလာစာရေန သံယုတော။
နရိန္ဒော သုသိက္ခိတဗ္ဗေ၊ အသိက္ခိ သိက္ခနေ ဝိဒူ။

၎င်းပြင် မန္တလေးမြို့ အနောက်ပြင် စကုဝိုက် "ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ" အရှင်သဒ္ဓမ္မထံ၌လည်း ပညာသင်ကြားတော်မူခဲ့သည်။

## တောင်မြို့ မင်္ဂလာတိုက် ညဝါအကျော် ပဌမကျော်ဆရာကြီးဦးအုန်း

ညဝါအကျော် ပဌမကျော် ဆရာကြီး ဦးအုန်းသည် နွားထိုးကြီးတိုက်နယ် အပါအဝင် ရမည်းသင်း စီရင်စု အလယ်ကုန်းရွာ၌ အဖ ဦးတုပ်ပေါ်, အမိ ဒေါ်တူးတို့မှ သက္ကရာဇ် ၁၂၀၀ - ခုနှစ် တော်သလင်း လဆန်း ၈ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ ၉ - နှစ်သားအရွယ်တွင် အင်းကုန်းကျောင်းတိုက်

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်တိုက် သာသနာ ဝင်ကြည့်။

ဂိုဏ်းထောက် ဆရာတော် အရှင် သုဒဿနာဘိ ခိုလှုံ ရောက်ရှိ ပညာ သင်ကြားခဲ့သည်။ ၁၂၂၃-ခုနှစ်တွင် အရှင်သုဒဿနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်။ ဘွဲ့တော် ရှင်အာဒိစ္စ ဖြစ်သည်။

သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် မန္တလေးမြို့ မြောက်ပြင် မန္တလေးတောင်ခြေ အနောက်ဖက် မဏ္ဍလာရာမ (ပြည်) တိုက်သို့ ရောက်ရှိ၍ ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းများကို သင်ယူခဲ့သည်။ ၁၂၂၈-ခုနှစ်တွင် ပဌမကျော် စာမေးပွဲကို ဖြေဆို အောင်မြင်တော်မူခဲ့သည်။ ယင်း သည်နှစ်မှာပင် သက်တော် ၂၀-ပြည့်သဖြင့် ပြည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘွဲ့တော် မူလ အတိုင်း အရှင်အာဒိစ္စ ဖြစ်သည်။ ၁၂၃၅-ခုနှစ်တွင် ပဌမ စာချဖြစ်၍ မင်းတရား၏ ဆွမ်းဆံတော် ထောက်ပံ့လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။ ၁၂၄၈-ခုနှစ်တွင် လှူ့ဘောင်သို့ ဆင်းခဲ့လေသည်။ လူ့ဘောင်သို့ရောက်သောအခါ ဆရာကြီးအုန်း ဟူ၍ ထင်ရှားလေသည်။

အမရပူရမြို့ ပန်းဘဲတန်းရပ်တွင် အိမ်ထောင်ကျ၍ သမီးတယောက် ထွန်းကားခဲ့သည်၊ ၎င်းနောက် အိမ်ရှင်မနှင့် ကွဲခဲ့ရာ ထပ်မံ အိမ်ထောင်မပြုတော့ပဲ စာပေ ချပို့၍ ပရိယတ္တိ သာသနာကို ချီးမြှောက်ခဲ့သည်။ ၁၂၆၇-ခုနှစ်တွင် သံဃာ ၁၀-ပါးနှင့် တကွ မင်္ဂလာတိုက်သို့ ရောက်ရှိ၍ စာပေ ချပို့ သာသနာပြုလေသည်။

> သမ္ဗာလေတု မုနိဿရော၊ အနန္တဉာဏ်ကော မိရော၊
> ဟာတမောဟာတမော ထိရော၊ ဇိနော မေ မာနသံ မိရံ။
>
> သာရသေဋ္ဌဟိ သမ္ဗုဏ္ဏံ၊ ဝက္ခာမေတံ သုပါကဋံ။
> သုဏာထ သာဓုကံ တုမှေ၊ သာဝေဝါ တံ သုမာနသာ။

ဟူသော ၂-ဂါထာ ဂန္ထာရမ္ဘဖြင့် စတင်၍ အဘိဓမ္မာ တံခွန်ကျမ်းကြီးကိုလည်း စီရင်ခဲ့သည်။ ၁၂၈၇-ခုနှစ် ကဆုန်လဆုတ် ၈-ရက်နေ့တွင် ကွယ်လွန်သည်။[၁]

## ပဌမကျော်ဆရာကြီးထံ အဘိဓမ္မာ ညဝါများသင်ယူ

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်နရိန္ဒသည် ဖော်ပြပါ အဘိဓမ္မာညဝါအကျော် ပဌမကျော် ဆရာကြီး ဦးအုန်းထံ၌လည်း မာတိကာ,

---

၁။ အကျယ် အမရပူရ သာသနာဝင်ကြည့်။

ခေတုကထာ, ယမိုက်, ပဋ္ဌာန်း, ညဝါအချကောက် ကျမ်းတို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ယူတော်မူခဲ့လေသည်။

ဦးအုန်းတိနာမဓေယျဿ၊ ပဌမကျော် ဥပါခ်ိနော။
သန္တိကေ ရဇနိဂန္ထ—ဂန္ထေ ပိ ဥဂ္ဂဏှိ ဝိဒူ။

ဆရာတော်လေောင်းလျာ အရှင်နရိန္ဒကား—

"ပရမတ္ထ၊ သဘာဝ၏၊ အတ္ထအရာ၊ ခွဲစိပ်ဖြာသော်၊ ဝေဒနာငါးခု၊ ဟေတုခြောက်စုံ၊ အာရုံဒွါရ၊ ကိစ္စဝတ္ထု၊ ခြောက်ငါးစုနှင့်၊ ရှစ်ခုမဂ္ဂင်၊ ဗောဇ္ဈင်ခုနစ်၊ စိစစ်ရေမှတ်၊ ဣဒ္ဓိပါဒ်လေးခု၊ လေးခုသြဃ၊ ယောဂလေးနေ၊ လေးထွေသစ္စာ၊ လေးဖြာပရမတ်၊ ခေတ်နှင့်ခန္ဓာ၊ ပုဗ္ဗာပရ၊ ဗလဣန္ဒြေ၊ မှတ်ထွေရွေးနှောင်း၊ စုပေါင်းနာမ်ရုပ်၊ ဖြစ်ချုပ်ဝီထိ၊ စုတိပဋိသန်၊ လည်ပြန်ဘဝင်၊ တဖျင်ဖျင်ကို၊ သိမြင်နေ့တိုင်း၊ ဉာဏ်ကသိုဏ်းဖြင့်၊ ဆစ်ပိုင်းနည်းနာ၊ ဘိဓမ္မာ၌၊ ဒ်သာဆယ်ရပ်၊ ဆယ်ထပ်ကဲမျိုး၊ လက်အောင်ကြိုး၍၊ နှံကျိုးသေချာ၊ မြတ်ဆရာဝယ်၊ သြဝါဆုံးမ၊ ခယမြဲမြံ၊ ကိုယ်ကိုနှံမှု၊ မာန်စောင်ချ၍၊ ဘဝနိဿာရဏ၊ ဝဋ်မှလွတ်ကင်း၊ စာသင်ခြင်းဖြင့်၊ မပျင်းနိုင်စေကုန်သတည်း။"[၁]

ဟူသည်နှင့် အညီ ကျင့်ဆောင်တော်မူသည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖက်ပင်အိုင့်ဆရာတော် အရှင်ဒီပထေရ်

ဖက်ပင်အိုင့်ဆရာတော် အရှင်ဒီပသည် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမစလင်းတိုက်၌ ကြာမြင့်စွာ စာပေပို့ချ သီတင်းသုံးခဲ့သည့် ပရိယတ်အရာ လွန်စွာကျော်စောသော ဆရာတော် ဖြစ်တော်မူသည်။

ဗေဒင်ကျမ်း နက္ခတ်ကျမ်းတို့၌လည်း တက်သိလိမ္မာတော်မူသည်။မြင်းခြံခရိုင် ဖက်ပင်အိုင့်ရွာ၌ ၁၂၁၇-ခု ပြာသိုလဆန်း ၇ -ရက် စနေနေ့တွင် ဖွားမြင်တော် မူသည်။ ၁၂-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော် မူသည်။ သက်တော် ၁၁-နှစ်ရှိရာ ၁၂၃၅-ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမစလင်းတိုက်သို့ ရောက်၍ ပထမစာချ အရှင်ဥတ္တရ, ရေနံချောင်းဆရာတော် အရှင်ဇာဂရ, ပဌမစာချ ကင်းဝန်မင်းကြီး ဆရာတော်ဦးလှဲ့ တို့ထံ ပညာ သင်ကြားတော်မူခဲ့သည်။

---

၁။ အရှင်ဓမ္မသာမိနိယံ။ ၆–ပိုဒ်။

သက်တော် ၂၀ - တွင် " ကေတုမဇာဘိသီရိပဝရ မဟာ ဓမ္မရာဇာဓိ - ရာဇဂုရု " စသည့် ဘွဲ့ တံဆိပ်တော် ၃ - ထပ်ရ ဆရာတော် အရှင်ကေတုမာလာ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော် မူသည်။ ရဟန်းသိက္ခာ ၅ - ဝါ အရတွင် ပဋ္ဌမစာချ ဖြစ်သည်။ ၁၂၅၀ - ပြည့်နှစ်မှ စ၍ မိမိ၏ဇာတိ ချက်ကြွေ မွေးရပ်မြေ ဖြစ်သော ဖက်ပင်အိုင့်ရွာ၌ စာပေ ချပို့ သီတင်းသုံးတော် မူသည်။

( ၁ ) လက္ခဏာတ္တယ ဒီပနီကျမ်း။
( ၂ ) သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယသစ်။
( ၃ ) မူလဋီကာ ဂဏ္ဌိ။
( ၄ ) ဝါကျသင်္ဂဟစာ။
( ၅ ) သံဒိဋ္ဌမဟာဋီကာကျမ်း။
( ၆ ) သူရိယသိဒ္ဓန္တသင်္ကြန်တွက်နည်းကျမ်း။
( ၇ ) သံဝစ္ဆရာဒိစတုက္ကကျမ်း။
( ၈ ) ဝါထပ်ရက်ငင်ဆိုင်ရာ အဝိမသိဋ္ဌီကာကျမ်း -

စသည် တို့ကိုလည်း ပြုစီရင်တော် မူသည်။ သက်တော် ၈၃ - နှစ် ဝါတော် ၆၃ - ဝါ ရရှိရာ ၁၃၀၀ - ပြည့်နှစ် တော်သလင်း လဆုတ် ၁၁ - ရက်နေ့တွင် ပျံလွန်တော် မူသည်။ [၁]

### ဆရာတော်လောင်းလျာ အရှင်ဒီပထံ ပညာသင်

ရဟန်းတော် အရှင်နရိန္ဒ သည် ဖော်ပြပါ ဖက်ပင်အိုင့် ဆရာတော် အရှင်ဒီပထံ၌လည်း နောက်ဆုံးပိတ် အချောသတ် ဝါကျကိုင်တွယ်နည်း, ဆုံးဖြတ်ချက်ချနည်း , စာပြောနည်း - စသည်တို့ကို သင်ယူတော် မူခဲ့လေသည်။

ဘဒန္တဒီပထေရဿ၊ ဒီပဿေ ပဝိ သုဝိညုနော။
ပညာဒီပံ သုဇောတေတုံ၊ သဥ္ဇိနိ နိစ္စယံ ဗဟုံ။

### စာမေးပွဲများ ဖြေဆို အောင်မြင်ခြင်း

စာပေများ လေ့လာရင်း သွားရင်း ဟန်လွှဲ သဘောမျိုးဖြင့် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ( ၁ ) အစိုးရပဋ္ဌမငယ်တန်း။ ( ၂ ) အစိုးရပဋ္ဌမလတ်တန်း။ ( ၃ ) သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ စာမေးပွဲ ဒုတိယစာချ သာသနဇောတိပါလ အဆင့် စာမေးပွဲများကို အောင်မြင်တော် မူခဲ့သည်။

---

၁။ အကျယ် မန္တလေး သာသနာ့ဝင်ကျမ်း၊ မဟာဓမ္မိကာရာမ စလင်းတိုက် သာသနာ့ဝင်ကြည့်။

## ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်ကား သာသနာတော်၌ ဆောင်ရွက်ဖွယ် ကိစ္စတွေ တော်တော်များများ ဆောင်ရွက်တော် မူခဲ့သည်။ ၁၂၇၃ - ခုနှစ်တွင် သိမ်ဆိပ်မြို့နယ် တံတားဦးကျေးရွာ ဓမ္မကာရီကျောင်းတိုက်သို့ ရောက်ရှိ သီတင်းသုံးတော်မူ၍ တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေကျမ်းဂန်များ ချပို့တော် မူခဲ့သည်။ ၁၂၈၀ - ပြည့်နှစ်တွင် သထုံမြို့ ဝေဠုဝနနိကာယ တတိယ မဟာနာယကာဓိပတိ အဂ္ဂမဟာပဏ္ဍိတ စန္ဒာချံ ဆရာတော်ဘုရားကြီး၏ အမိန့်အရ ကျိုက်ထိုမြို့ ဘုရားကြီးတိုက်၌ ၁ - ဝါ သီတင်းသုံး၍ စာပေချပို့တော် မူခဲ့သည်။

၎င်းပြင် ၁၂၈၂ - ခုနှစ်တွင် ခရမ်းမြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက်၌ ၁ - ဝါ သီတင်းသုံး၍ စာပေ ချပို့တော်မူခဲ့သည်။ တဖန် ၁၂၈၄ - ခုနှစ်မှစ၍ သထုံမြို့၌ ပုဗ္ဗာရုံစာသင်တိုက်ကို တည်ထောင် ဖွင့်လှစ်၍ တပည့်တပန်း ရဟန်းသာမဏေတို့အား ၉ - ဝါတိုင် သီတင်းသုံး၍ စာပေ ချပို့တော် မူခဲ့သည်။

၁၃၀၇ - ခုနှစ်တွင် ရှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့မှ တပည့် ဒါယကာ, ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ တောင်ကြီးမြို့ တောင်ကျောင်းကြီးသို့ ကြွရောက်တော် မူ၍ ကိုးခန်းဇရပ်ဟောင်းပေါ်၌ တပည့်များနှင့်အတူ ဖြစ်သလို သီတင်း သုံးတော် မူပြီး စာပေ ကျမ်းဂန်များကို ချပို့တော်မူရာ သံဃာတော် ၂၀၀ - ခန့် ဆရာတော်ထံ ရောက်ရှိမှီခို ပညာ သင်ကြားကြကုန်၏။ ယင်းသို့ ကြိုးပမ်း စာပေ ချပို့မှုကြောင့် အစိုးရ ဓမ္မာစရိယ ဘွဲ့ရ ရဟန်းတော်များ, ပဌမငယ်, ပဌမလတ်, ပဌမကြီး အောင် တပည့်ရဟန်း သာမဏေများ, ညောင်ရွှေ ဝိနယာဒိနုဂ္ဂဟ အာဂုံပြန် ရေး ဖြေ အောင် တပည့်ရဟန်း သာမဏေ များစွာတို့ ပေါ်ထွန်းခဲ့ကုန်၏။

၎င်းပြင် ပအိုဝ့် စာပေညီညွတ်ရေး သံဃာအဖွဲ့၏ နာယကအဖြစ် ထမ်းဆောင်တော်မူလျက် ပအိုဝ့် စာပေရေးနည်း သင်ပုန်းကြီး မူဟောင်းကို အတည်ပြု ပြဋ္ဌာန်းပေးတော် မူခဲ့ရာ " တောင်ကြီးမူ " အဖြစ် ယနေ့တိုင် ထင်ရှားလျက် ရှိ၏။

ထိုမှတပါး တောင်ကြီး, ပင်လုံ, ဆီဆိုင်, ပင်လောင် ဒေသများအတွင်းရှိ သံဃာတော် ၆၃၆၃ - ပါး တို့အား အဆုံးအမ ဩဝါဒပေး၍ သာသနာပြု တော် မူခဲ့သည်။

ထိုမှတပါး —

၁။ မူလတန်း ပအိုဝ့် ဖတ်စာ။

၂။ ပဌမတန်း ပအိုဝ့် ဖတ်စာ။

၃။ ပအိုဝ့် မြန်မာ နှစ်ဘာသာ အဘိဓာန်။
၄။ လောကနီတိ ပအိုဝ့်ဘာသာပြန်။
၅။ မင်္ဂလသုတ် ပအိုဝ့်ဘာသာပြန်။
၆။ သိင်္ဂါလောဝါဒသုတ် ပအိုဝ့်ဘာသာပြန် စသော ကျမ်းပေါင်း ၄၂-ကျမ်းတို့ကိုလည်း စီစဉ်ရေးသား၍ ကြီးကြပ်ပုံနှိပ်ပေးတော် မူခဲ့သည်။

ထို့ပြင် ၁၃၁၂-ခုနှစ်ကတကြိမ်၊ ၁၃၂၂-ခုနှစ်ကတကြိမ် အင်္ဂလန်၊ ဂျာမဏီ၊ ဆိုက်ပရပ်၊ ဆွစ်ဇာလန်၊ သီဟိုဠ်(သီရိလင်္ကာ)၊ အိန္ဒိယ စသော နိုင်ငံများသို့ နှစ်ကြိမ်တိုင် ကြွရောက်တော်မူ၍ တရားဟောပြောခြင်း စာပေဗဟုသုတ နိုင်ငံဗဟုသုတလေ့လာခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်တော် မူခဲ့သည်။

အနေကေသု ကတ္တဗ္ဗေသု၊ ကိစ္စကာရီ မဟာယတိ။
လောကသာသနဝုဒ္ဓိယာ၊ သတတံ ဝါယာမော သုဓီ။

**အထူးမိန့်ကြား ဆောင်ရွက်တော်မူခြင်း**

သာသနာ့သစ်ပင်နှင့် တူသော ရဟန်းသံဃာတော်များသည် "သိမ်" အတွင်းမှ ဖြစ်ထွန်း ပေါက်ဖွားကြရ၍ ဝိနည်းတော်အရာ ကံကြီး၊ ကံငယ် အသွယ်သွယ်သော အမှုကိစ္စတို့ကိုလည်း သိမ်အတွင်း၌ပင် ဆောင်ရွက်ကြရ သည်ဖြစ်ရာ "သိမ်"သည် ရဟန်းတော်တို့အတွက် မရှိ-မဖြစ်အောင် အရေးကြီး ပစ္စည်းတခု ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်အဆက်ဆက်သာသနာ့ရှေ့ဆောင် မထေရ်ကျော် ဆရာတော်ကြီးတို့သည် သိမ်သမုတ်ခြင်းကို သာသနာတော် အတွက် အသက်နှင့် ထပ်တူ အထူးအရေးယူ ဆောင်ရွက်တော်မူခဲ့ကြပါသည်။ ထိုနည်းတူစွာ တောင်ကျောင်းကြီး ဆရာတော်ဘုရားသည်လည်း သိမ်သမုတ်မှု ကိစ္စကို အလေးထား ဆောင်ရွက်တော်မူခဲ့ပါသည်။

"ဆရာတော် သီတင်းသုံးတော်မူရာ ရှမ်းပြည်နယ်တွင် နယ်ချင်း ကျောင်းချင်းဝေး၍ "ဗဒ္ဓသိမ်"လည်း နည်းပါးလျက်ရှိသောကြောင့် ကံကြီး၊ ကံငယ်ဆောင်ရွက်ဖွယ်ကိစ္စရှိလျှင် သံဃာတော်များသည် ဗဒ္ဓ သိမ်ရှိရာအရပ်သို့ ဝေးလံခက်ခဲစွာ ကြွရောက်ပြီး ကံဆောင်တော်မူကြ ရပါသည်။ သို့အတွက် ဆရာတော်သည် တိုအခက်အခဲကို ကျော်နိုင် ရန် နှင့် သံဃာတော်များ ချမ်းသာ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ရှေ့ရှုတော်မူလျက် ဗဒ္ဓသိမ်သမုတ်တော်မူရေး နည်းပေး တိုက်တွန်းတော် မူ၍ ကိုယ်တော်တိုင်လည်း သံဃာတော် ၅၀၀-တို့ဖြင့် သမုတ်အပ်သော တောင်ကျောင်းကြီးအတွင်း၌ "သာသနာ ၂၅၀၀-ပြည့် အထိမ်း အမှတ် သိမ်တလုံး အပါအဝင် သိမ်အလုံးပေါင်း ၃၀-ကျော်တို့ကို

တပည့်များနှင့် အတူ အောင်မြင်စွာ သမုတ်တော်မူခဲ့ပါသည်။ ယင်းသို့ သမုတ်တော်မူရာတွင် " သိမ်သမုတ်လျှင် မြေသဦးသည် မြေပျက်သည်" ဟူသော ရွာသူရွာသားတို့၏ အသိမှား အမြင်မှား အယူအဆ များကို ပါဠိယ်ရား သုတ်သင်၍ အသိအမြင် စင်ကြယ်အောင် ဟောပြော ဆောင်ရွက်တော်မူခဲ့ပါသည်"

ဆရာတော်သည် ပြည်နယ်သာသနာပြု လုပ်ငန်းကို လုပ်ဆောင်ရာတွင် အထူးအောင်မြင်တော်မူသော ဆရာတော်တပါး ဖြစ်ပါသည်။ ယင်းသို့ သာသနာပြုလုပ်ငန်းတို့၌ စွမ်းစွမ်းတမန် လုပ်ဆောင် အောင်မြင်တော်မူခြင်းမှာလည်း ဝီရိယနှင့် ဇွဲသတ္တိရှိမှုတို့ကြောင့်သာ အောင်မြင်တော်မူခြင်းမဟုတ်ပါ၊ အကျိုးနှင့် အပြစ်ကို စီစစ်ဝေဘန်ရာတွင် " ကုသိုလ် ဆယ်ပိဿာ လုပ်နေတဲ့အထဲမှာ အကုသိုလ် တပိဿာလောက်တော့ ဂါကရုမစိုက်ပါဘူး " ဟု လယ်တီဆရာတော်ကြီး မိန့်ကြားတော်မူဘူးသကဲ့သို့ အကျိုးရများလျှင် အနည်းငယ်မျှသော အပြစ်ကလေးများကို ခွင့်လွှတ်သည်းခံတော်မူတတ်သော နှလုံးသွင်း စိတ်ခာတ်မှာလည်း အဓိက အကြောင်းတရပ်ပင် ဖြစ်ပါသည်။

တခါက နယ်စပ်မှ ပြန်လာသော စစ်ဗိုလ်တဦးက " အရှင်ဘုရားများကို ဖူးတွေ့ရသည်မှာ စိတ်များ ချမ်းသာမှု ဖြစ်ရသော်လည်း နယ်စပ်မှာ ဘုန်းကြီးအဖြစ်ဖြင့် ဝိနည်းတော်နှင့် ဆန့်ကျင့် ပြုမူနေသည်ကို တွေ့ခဲ့ရ၍ စိတ်မချမ်းသာမှု ဖြစ်ခဲ့ရကြောင်း " တင်ပြလျှောက်ထားရာ "ဝိနည်းတော်နှင့် ဆန့်ကျင်ပြုမူနေသည်ဆိုသော အသုပ်မှာ ရဟန်း သံဃာတော်များနှင့် အပ်စပ်သောလုပ်ငန်းမဟုတ်၍ မကောင်းကြောင်း၊ သို့ရာတွင် အကြည်ညိုတန်ရုံကလွဲ၍ ရဟန်းကောင်းတို့နှင့် လုံးဝပေါင်း သင်းဆက်ဆံခြင်း မပြုနိုင်လောက်အောင် သာသနာတော်မှ ဆုံးရှုံး သွားရသည့် အဖြစ်မျိုးအထိတော့ မရောက်သေးကြောင်း၊ လွန်စွာ ရှားပါး၍ ဆင်းရဲဒုက္ခကြီးမားလှသော နယ်စပ်ဒေသချိုးတွင် ဆင်းရဲ ပင်ပန်းမှုဒဏ်ကို အထိုက်အလျောက် သည်းခံ၍ နေနိုင်ရန်ပင် မလွယ်ကူ လှသောကြောင့် ခုလိုနေပေးဖော်ရသည်မှာ သူတို့ကိုပင် ကျေးဇူးတမျိုး တင်ထိုက်ကြောင်း၊ ဤသို့နေပေးသည့်အတွက် ဘုရားရှင် လက်ထက် တော်မှ အစဉ်မပျက် ဆင်းသက်လာသော ရဟန်း သံဃာတော်ဆိုသည် မှာ ဤသို့အသွင်အပြင်ရှိသည်ဟု သိရှိနိုင်ကြ၍ဗုဒ္ဓဘာသာဝင်တို့အတွက် သရဏဂုံ (တည်) ရခြင်း၊ ရှိခိုးကန်တော့ရခြင်း စသော အကျိုးများကို လည်းရနိုင်ကြပါသည်။ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသူတို့အား ကောင်းစွာ ထိန်းသိမ်း၍ လူမျိုးရေး စည်းလုံးမှုကိုလည်း ကောင်းစွာ ရစေနိုင်ပါ သည် " ဟု ပြန်လည်မိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော်သည် ပြည်နယ်ပြည်မ နှင့် ပြည်ပအထိ ကြွရောက်၍ သာသနာရေးရာကိစ္စတာဝန်တို့ကို အားသွန်ဆောင်ရွက်တော်မူခဲ့ရာ သာသနာပြုလုပ်ငန်းတွင် အတွေ့အကြုံကြီးမားသော ဆရာတော် တပါးလည်း ဖြစ်ပါသည်။ မိမိ၏ သာသနာပြု အတွေ့အကြုံအရ ဆရာတော်၏ ပိန့်တော်မူချက် ဩဝါဒတော်တခုမှာ—

"နိုင်ငံခြား သာသနာပြုရေးသည် မလွယ်ကူလှပါ၊ နိုင်ငံခြားသာသနာပြုထက် ပြည်တွင်း သာသနာပြုရေးကို ပိုမိုဦးစားပေးပြုသင့်သည်၊ ဤသို့ပြုလုပ်ရာတွင်လည်း ပြန့်ပွား ထွန်းကားရေးထက် စံနစ်တကျ သန့်ရှင်း တည်တံ့ရေးကို ပို၍ အလေးထားသင့်ကြသည်" ဟူ၍ ဖြစ်သည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ယင်းသို့ အမျိုးဘာသာ သာသနာတွင် ထူးချွန်စွာ ဆောင်ရွက်တော်မူခြင်း, သီလသမာဓိပညာနှင့် ပြည့်စုံခြင်း, အထူးသဖြင့် ပရိယတ္တိသာသနာ့ဝန်ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် ဆရာတော် အရှင်နရိန္ဒသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ နရိန္ဒံ နရပူဇိတံ။

## ပူဇော်ပွဲ ကျင်းပပူဇော်ကြခြင်း

ဆရာတော်ဘုရားကြီး အရှင်နရိန္ဒအားလည်း တပည့်ဒကာ, ဒကာမတို့က ပူဇော်ပွဲ ကျင်းပ၍ ပူဇော်ကြကုန်၏။ ၁၃၄၁-ခုနှစ် နယုန်လဆုတ် ၁-ရက်နေ့တွင် ရန်ကုန်မြို့ ကုက္ကိုင်း ဟာမစ်တိတ်လမ်း တောင်ကြီး ကျောင်းတိုက်၌လည်းကောင်း၊ နယုန်လဆုတ်၄-ရက်နေ့တွင် သထုံ သိမ်ဆိပ် ကျိုက်ကော်ကျောင်းတိုက်၌လည်းကောင်း၊ နယုန်လဆုတ် ၅-ရက်နေ့တွင် တောင်ငူမြို့ ဇရပ်ကြီးကျေးရွာ ဆရာတော် ဦးဣန္ဒကကျောင်းတိုက်၌လည်းကောင်း၊ နယုန်လဆုတ် ၇-ရက်နေ့တွင် အောင်ပန်းမြို့ အောင်ချမ်းသာ ဆရာတော် စာသင်တိုက်၌လည်းကောင်း၊ နယုန်လဆုတ်၈-ရက်နေ့တွင် တောင်ကြီးမြို့ ပဌမ တောင်ကျောင်းကြီး စာသင်တိုက်၌လည်းကောင်း ပူဇော်ပွဲ ကျင်းပ၍ ခမ်းနားစွာ ပူဇော်ကြကုန်၏။



ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်းကျောင်းတိုက်
**ဆရာတော် အရှင်နာရဒ မဟာထေရ် အား**
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး က
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပုံ။

## တောင်ကြီးမြို့ တောင်ကျောင်းကြီး ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကျောင်းကြီး ဆရာတော် ဘုရားကြီး အရှင်နရိန္ဒမဟာထေရ်၏ အဖြစ်တော်စဉ် လောကသာသနာဆောင်ရွက်ချက် အမျိုးမျိုးတို့ကို အကျဉ်းချုပ် ပြဆိုခဲ့ရာ အတော်အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

နရိန္ဒထေရသေဋ္ဌာ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒိပနိယံ၊ မုခမတ္တနိဒဿနံ။

---

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ

ရန်ကုန်မြို့ ပြည်လမ်း ပဌာန်းကျောင်းတိုက်

### ဆရာတော် အရှင်နာရဒ မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒိပနီ စာတော်ဖဘ်.... အသင် စာတော်ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ရန်ကုန်မြို့ ပြည်လန်း ပဌာန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်နာရဒ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်သိုသိုဖိတ် သဒ္ဓါတရား ကိန်းဝပ်သော စိတ်ဖြင့် ကြည့်ရှု လေ့လာရာ၏။

### ပဲခူးတိုင်း (သာယာဝတီခရိုင်) ကြို့ပင်ကောက်မြို့

ပဲခူးတိုင်း အတွင်း၌ မြို့နယ်ပေါင်း ၂၈-ခု နှင့် ကျေးရွာပေါင်း ၁၆၂၃-ရွာ ပါဝင်သည်။ ကြို့ပင်ကောက်မြို့သည် ယခုအခါ ပဲခူးတိုင်း အတွင်းရှိ မြို့နယ်အဖြစ် ထင်ရှားခဲ့သည်။ ယခင်က သာယာဝတီခရိုင်တွင် ပါဝင်သည့် မြို့ဖြစ်သည်။ သာယာဝတီခရိုင်သည် မြန်မာလူမျိုးတို့ အများဆုံး နေထိုင်ရာ နယ်ပယ် ဖြစ်သည်။ ကရင်လူမျိုးများလည်း အသင့်အတင့် ရှိသည်၊ သာရဝန္တ ဟူသော ပါဠိမှ ဆင်းသက်လာ၍ ပေါများ ကြွယ်ဝခြင်း ရှိသော မြို့၊ ခရိုင်၊ နယ်ပယ် ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။ သို့ဖြစ်၍ တချို့က " သာရာ

ဝတီ" ဟူ၍ ရေးလိုကြသည်။ သို့ရာတွင် ရ - ကို ယ - ပြု၍ သာယာဝတီ ရေးလျှင်ကား လောကနှင့် မဆန့်ကျင် ပို၍ပင် ကောင်းပါသည်။ "သာယာ ဝန္တု" ပုဒ်တည်၍ သာယာဝပြော အစာပေါသောမြို့ဟု အဓိပ္ပာယ်ယူလျှင် လည်း သင့်မြတ်ပါသည်။ သာယာဝတီသည် လွှတ်လပ်ရေးတိုက်ပွဲတွင် အချက် အချာ နေရာတို့၌ ပါဝင်ခဲ့သော လူပုဂ္ဂိုလ်များ ပေါ်ထွန်းရာ ဖြစ်သလို ကျမ်းဂန်တတ် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တို့ ပေါ်ထွန်းရာ ဒေသလည်း ဖြစ်သည်။

သာယာဝတီ သုဒေသော ဟိ၊ ပိညူနံ ပိဋကတ္တယေ။
ဆေကာနံ သုဓိပ္ပတ္တာနံ၊ ပါတုဘူတောတိ ဝိဿုတော။

"အဘိဇဇမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဒွါရ နိကာယ သာသနာပိုင် ဟသ်ာတမြို့ ဘုရားကြီးဆရာတော် အရှင်စာရိန္ဒာသဘ သည် သာယာဝတီခရိုင် လက်ပံတန်းမြို့အပိုင် သာရဝေါ်ရွာ ဇာတိ ဖြစ် သည်။ ၁

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ မဟာအတုလဋီကာကျမ်းပြု မိုးညို မြို့ ဝေဇယန္တာရာမကျောင်းတိုက် ဆရာတော် အရှင်နာဂိန္ဒသာမိသည် သာယာ ဝတီခရိုင် ကျောက်သောင်ရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဗားကရာတိုက် တိလော ကာရုံကျောင်းဆရာတော် အရှင်တိလောကာဘိဝံသသည် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကွမ်းခြံရွာ ဇာတိ ဖြစ်သည်။ ဆရာတော်ကား ၁၂၆၀-ခု ဖွားတည်း။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ယမကတ္ထဝိဘာဝနီ, ပဋ္ဌာနသာရ ဝိဘာဝနီ, ဓာတုကထာဝိဘာဝနီ, မာတိကာဘ္ထဝိဘာဝနီစသော ကျမ်းဂန် တို့ကို ပြုစီရင်တော်မူခဲ့သော လက်ပံတန်းမြို့ သဒ္ဓမ္မောဒယဆရာတော် အရှင် ဝိသုဒ္ဓာဏသည် သာယာဝတီခရိုင် လက်ပံတန်းမြို့ ဇာတိ ဖြစ်သည်။ ၁၂၆၂-ခု ဖွားတည်း။

"ဘဒ္ဒန္တဝိမလာဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ ( သီးခြားစာချ )" ဘွဲ့ တံဆိပ်တော်ရ သုံးဆယ်ဆရာတော် အရှင်ဝိမလသည် သာယာဝတီခရိုင် သုံးဆယ်မြို့အပိုင် မာလကာကုန်းရွာ ဇာတိ ဖြစ်သည်။ ၁၂၇၃-ခု ဖွားတည်း။

၁၃၄၀-ပြည့်နှစ် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဤအဋ္ဌုပ္ပတ္တိ သခင် ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး

---

၁။ ဆရာတော်သည် ၁၂၂၉-ခု ဖွား ၁၃၁၀-ခုနှစ် ပျံလွန်သည်။

အရှင်နာရဒမဟာထေရ်သည်လည်း ပဲခူးတိုင်း ( သာယာဝတီခရိုင် ) အပါ အဝင် ကြို့ပင်ကောက်မြို့ ဇာတိ ဖြစ်သည်။ ၁

ဤသို့ စသည်ဖြင့် သာယာဝတီခရိုင်သည် ဘွဲ့တံဆိပ်တော်ရ ကျမ်းဂန်တတ် ပညာရှင်တို့ ပေါ်ထွန်းရာလည်း ဖြစ်၏။

## ကြို့ပင်ကောက်မြို့

ကြို့ပင်ကောက်မြို့သည် ပဲခူးတိုင်း (ယခင်က သာယာဝတီခရိုင်အတွင်း) ပါဝင်ထင်ရှားသည့် မြို့ ဖြစ်သည်။ ရန်ကုန် ပြည်လမ်းမကြီးပေါ်တွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၁၀၉-မိုင် ဝေးကွာသည်။ အိမ်ခြေ ၂-ထောင်ကျော် ၃-သောင်ခန့်ရှိ၍ လူဦးရေ ၁-သောင်းခန့် ရှိကြောင်း သိရ၏။ ကျောင်း ကန် ဘုရား စေတီပုထိုး တို့ဖြင့် တင့်တယ်သည့် မြို့ ဖြစ်သည်။

## လပြတ်နတ်တော်

နတ်တော်လ သည်လည်း ချမ်းပျိုးသည့် တမျိုးတဖုံထူးသည့်လ ဖြစ်သည်။ နတ်တော်လနှင့် စပ်၍ စာဆိုတော် ကဗျာခိုရ် ဦးပုညသည်—

ဆောင်းဟေမန် ခါအလှမှာ၊ ပြတ်ခနု ရာသီ။
နတ်တော်လ သိင်္ဂီဝယ်၊ ဆဓမ္မိ နွေးကူး။
ဇောတြို ညဥ့်နာခီမှာ၊ မိဂသီ မိုးလယ်က မြူး။
နှစ်ဆယ်က တပါဒ်မှီသည်၊ ဖဝါးငါးလီ ရိပ်ပြူး။
ရွှေသဇင် ပင်ပေါ်ဦးက၊ ပွင့်ဖူးစစီစီ။
နတ်ဒေဝီ ဆိုသည့်ပွဲကိုလ၊ ခြိမ့်သဲအောင် ပြုပြန်တော့သည်။
နှင်းသတ်တဲ့ကြာချည်မှာ၊ တကိုယ်ရည် အကုန်ဆွေးစေဖို့။
နတ်ရေးတဲ့ ရွှေဖူးစာ၊ လွဲချက်ကယ်နာ။
စက်မဲ့သူဝေးကွာသည်၊ ဆောင်းကြမ္မာ ကံဆိုးထင့်လေး။

ဟူ၍ တေးဆပ် ဖွဲ့ဆို မှတ်တမ်းတင်ခဲ့လေသည်၊ ဆယ့်နှစ်လရာသီဖွဲ့ပါဠိနိဿယ ကျမ်း၌လည်း -

ခနုရာသိမာဿသိရ - မာသေ ဟေမန္တသမ္ဘဝေ။
သတ္တဝရ သုပ္ပဇာဝှ - သဘာပိ သမ္ဘဝတ္တိတာ။
ဒေဝသမ္မတပုပ္ဖာနိ၊ မန္ဒညရစိရာနိ ပိ။
ပုပ္ဖန္တိ တမှိ မာသမှိ၊ ဟိမပါတော အဟောသိ စ။

---

၁။ ရှေ့ဆက်ကြည့်။ အကျယ် လာလတ္တံ့။

ဝိဟာယော ဟောတ္တိ ပက္ကာ စ၊ ခေတ္တေသု မြန်မာ့ဘူတလေ။
မိဂသိရနက္ခတ္တမှိ၊ ဇောတေတိ အာကာသင်္ကဏော။ ၁

ဟူ၍ ၃ - ဂါထာဖြင့် ဖွဲ့ဆိုထားသည်။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ပဲခူးတိုင်း (ယခင်က သာယာဝတီ) ကြို့ပင်ကောက်မြို့ အဖ စာရေးကြီး ဦးစိန်, အမိ ဒေါ်မေတို့မှ သက္ကရာဇ် ၁၂၅၉ - ခုနှစ်တွင် ဖော်ပြခဲ့သည့်အတိုင်း ပဏ္ဍိတ်စာဆို ကဝိမိုရ်တို့ ဖွဲ့ဆို ချီးကျူးအပ်သော နတ်တော်လဆန်း ၄ - ရက် စနေနေ့ ၁၂ - နာရီကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ဦးစိန်, ဒေါ်မေတို့၌ သားသမီး ၇ - ယောက် ထွန်းကားရာ ဆရာတော်လောင်းလျာသည် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

## ဆရာတော်နာမည် မောင်စိန်ထွန်း


ဆရာတော်လောင်းလျာ၏ နာမည်ကို မိဖ စသူတို့သည် စိန်ကဲ့သို့ အဖိုးတန် ထွန်းထွန်းပေါက်ပေါက် ဖြစ်အံ့သည်ကို ရည်ရွယ်၍ မောင်စိန်ထွန်း ( မောင်ထွန်းစိန် ) ဟု မှည့်ခေါ်ကြကုန်၏။

မောင်စိန်ထွန်း ဣတိ ကန္တမှိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမှိ တေ စ သန္ဓာယ၊ ဇနေတ္တိဇနကာဒယော။

## ဥယျာဉ်ပျိုးသလို စောင့်ရှောက်ခဲ့ကြ

ဖခင်ကြီး ဦးစိန် နှင့် မိခင်ကြီး ဒေါ်မေတို့သည် ရုပ်ရေရှုပကာယ လှပ စုံစွာ သားရတနာ၏ ပိုင်ရှင် ဖြစ်ကြရသဖြင့် လွန်စွာ ဝမ်းမြောက်ကြကုန်၏။ ဖခင်ကြီးထက် မိခင်ကြီးက ပို၍ ဝမ်းမြောက်သည်၊ မိခင်ကြီးသည် သားလှ လှုကလေး မောင်ထွန်းစိန် ကျန်းမာ ချမ်းသာရန် နေ့စဉ် ဘုရားစင် ရှေ့တော်မှာ တောင်းဆုချွေ၏၊ နို့ရည်မသန့် ဖြစ်မည်စိုး၍ မသင့်တင့်သော အစာများကို မစားမသောက်ဘဲ ရှောင်ကြဉ်၍ သင့်တင့်သော အစား အစာများကိုသာ စားသောက်ခဲ့၏၊ ထို့ပြင် သားကလေး မောင်စိန်ထွန်းကို အမေ့ အဖေ ခေါ်တတ်အောင် သင်ပေး၏၊ သင်ပေးလို့ အမေလို့ခေါ်လိုက်လျှင် ကတော့မလို ခုန်တော့မလောက် ဝမ်းမြောက်၏။

၁။ ဆယ်နှစ်လသုဥ္ဈသီဋ္ဌပါဠိနိဿယ။ ၂၅၊ ၂၆၊ ၂၇ - ဂါထာ၁။



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်

**ဆရာတော် ဘဒ္ဒန္တနာရဒ**

သက်တော် ၈၂-နှစ်၊ သိက္ခာတော် ၆၂-ဝါ

နေ့တိုင်း နေ့တိုင်း၊ သားသက်နှိုင်းကို၊ ကသိုဏ်းအတု၊ မပြတ်ပြု သည်၊ ရှုမငြီးဘိ၊ မျက်စိမျက်နှာ၊ ထပ်ခါခါသည်၊ မြင်ပါချင်စိတ်၊ ရေသို့ဖိတ်လျက်၊ သားလှသက်သည်၊ ထို့ထက်တာရှည်၊ တည်ပါ စေသား၊ မောင်ရွှေသားဟု၊ သနားကရုဏာ၊ မေတ္တာစုံမက်၊ ဆထက် ကြင်နာ၊ မိမာတာကား၊ ထပ်ခါတိုးပွား၊ မှောက်ကားတကြွ၊ တော့တတော့တိ၊ မပီစကား၊ အသံကြားလည်း၊ သနားကြင်နာ၊ မျက်နှာရွှင်ပျ၊ မြင်တို့ရလည်း၊ ဝမ်းကမဆန့်၊ ပီတိနှံ့လျက်၊ နှစ်သက် ရွှင်ပြုံး၊ သားရွှေတုံးကို၊ မျက်လုံးကဲ့သို့ ထင်၏တည်း။ ၁

## မိဖ နှစ်ပါး စာဝါသနာ ပါသူများ

ဆရာတော်လောင်းလျာ၏ မိဖ များမှာ စာပေဝါသနာပါသူများ ဖြစ် ကြ၏၊ ဖခင်ကြီး ဦးစိန်မှာ စာရေးကြီးဖြစ်ရာ—

သကိံဝုတ္တဂဟိတတ္ထော၊ လဟုဟတ္ထော ဇိတက္ခရော။
သဗ္ဗသတ္ထသမာလောကီ၊ ပကဋ္ဌော နာမ လေခကော။

သကိံဝုတ္တဂဟိတတ္ထော - တကြိမ်တခါမျှ ပြောဆိုခြင်းဖြင့် သိရှိ နားလည် မှတ်ယူနိုင်သော အနက်ကဓိပ္ပာယ်ရှိသော။ လဟုဟတ္ထော - လက်ရေးလျင်မြန် သော။ ဇိတက္ခရော - အောင်မြင်ကျွမ်းကျင်သော ပုဒ်, ပါဋ္ဌ်, အက္ခရာရှိသော။ သဗ္ဗသတ္ထသမာလောကီ-စပ်ဆိုင်ပတ်သက်သည့်ကျမ်းစာဥဿုံအလုံးစုံကို ကောင်း စွာ ကြည့်ရှုလေ့ရှိသော။ ပုဂ္ဂလော - ပုဂ္ဂိုလ်သည်။ ပကဋ္ဌော - မြတ်သော။ ဝါ - အကြီးအချုပ်ဖြစ်သော။ လေခကော နာမ - စာရေးကြီး မည်၏။ ဟူသော အင်္ဂါနှင့် ညီသော စာဝါသနာပါသူ ပညာရေးသမား ဖြစ်၏။ ဒေါ်မေမှာ ဦးစိန်နှင့် ဆန္ဒတူသည့်အလျောက် မျက်ရိပ် မျက်ခြီကမ်းမိသဖြင့် ချစ်ကြိုးပတ်ခဲ့ရာ စာဝါသနာပါသည့် အမျိုးသမီးပင် ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာအက္ခရာ သရဗျည်း, အင်္ဂလိပ်စာ အက္ခရာ သရဗျည်းတို့ကို ဆရာတော် လောင်းလျာ သူငယ်အား စကား ပြီစကတည်းက နှုတ်တိုက်ချပေးကြကုန်၏။

ဇနကော ဝိဇ္ဇာသု ပိဒယော၊ ဇနိကာ ဝိဇ္ဇာသု တထာ။
ဥဘောပိ သမာနစ္ဆန္ဒာ၊ သမုပ္ပန္နေ ကိစ္စာဟိစ္စေ။

## သတ္တမတန်း အောင်မြင်သည်အထိ ပညာသင်

ဆရာတော်လောင်းလျာ မောင်စိန်ထွန်းသည် ၁၀ - နှစ်သားအရွယ်မှ စ၍ ကြို့ပင်ကောက်မြို့ အစိုးရအတန်းကျောင်း၌ သတ္တမတန်း အောင်မြင်သည်

---

၁။ ပုဏ္ဏောဝါဒဆုံးမစာ။ အပိုဒ်-၈။

အထိ အတန်းပညာကို သင်ယူဆည်းပူးတော်မူခဲ့သည်။ ဆရာတော် လောင်းလျာကား နက်နဲသော ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားပိုင်ရှင် ဖြစ်ရကား သတ္တမတန်းကို အခက်အခဲမရှိ အောင်မြင်ခဲ့လေသည်။

ရာဇည ဝိဇ္ဇာလယေ ပိ၊ သိက္ခိတွာ ဒါရကော သုဓီ။
ဇယိတွာ သတ္တမံ ပန္တိံ၊ ပန္တိသု နိပုဏော ပဍ္ဍု။

## ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်

ဆရာတော်လောင်းလျာ၏ ဖယ်တော်ကြီးသည် တရားရှုမှတ်မှု အားထုတ်မှု၌ အထုံဝါသနာပါလေရာ ပြည်မြို့ အင်ကြင်းမြောင်တောရ ဆရာတော်ဘုရားကြီးထံ တပည့်ခံ၍ တရားရှုမှတ် နာယူလေ့ရှိသူ ဖြစ်၏။ သို့ဖြစ်၍ မိမိ၏ သားကိုလည်း အင်ကြင်းမြောင်တောရ ဆရာတော်ဘုရားကြီး၏ တပည့်အဖြစ် ခံယူစေလိုသဖြင့် မယ်တော်ကြီး၏ အပ်နှံချက်အရ ဆရာတော်လောင်းလျာ သက်တော် ၁၉ - နှစ်ရှိရာ ၁၂၇၀ - ခုနှစ် တန်ခူးလပြည့်ကျော် ၇ - ရက် နံနက် ၆ - နာရီ မိနစ် ၃၀ - တွင် အင်ကြင်းမြောင်တောရဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ သာမဏေဘွဲ့ ရှင်နာရဒ ဖြစ်လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ အင်ကြင်းမြောင်ထေရပုင်္ဂဝံ။
ဒုလ္လဘံ အလဘီ ဓီရော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## ရဟန်းဘဝ ဒုလ္လဘသို့

ဆရာတော်လောင်းလျာသည် သာမဏေဝတ်ပြီး မိနစ် ၃၀ - အကြာ ထိုနေ့ ၁၂၇၀ - ခုနှစ် တန်ခူးလပြည့်ကျော် ၇ - ရက်နေ့ ၇ - နာရီအချိန်တွင် ပြည်မြို့ အင်ကြင်းမြောင်တောရ ခဏ္ဍသိမ်တော်၌ အင်ကြင်းမြောင်တောရ ဆရာတော်ဘုရားကြီးပင် ဥပဇ္ဈာယ်ပြု၍ စစ်ကွင်းမြို့ သေဋ္ဌာရာမဆရာတော် အစရှိသော ကမ္မဝါ ဆရာတော်များ၏ ချီးမြှောက်မှုကြောင့် မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် လောကီယသမ္ပဒါတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သော ဥပသမ္ပဒဇာတ် ဗုဒ္ဓမြတ်စွာ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## ပြည်မြို့၌ ပိဋကတ်အခြေခံ ကျမ်းစာများသင်ယူ

ဆရာတော် လောင်းလျာသည် ရဟန်းဖြစ်ပြီးနောက် ပြည်မြို့ ခေမာရုံကျောင်းတိုက်နှင့် ဂုဏဝတီကျောင်းတိုက်တို့၌ ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

## ကြိုးကြိုးစားစား သင်ယူခဲ့ခြင်း

ဆရာတော်လောင်းလျာ ဗုဒ္ဓသာသနာဆိုင်ရာ ပိဋကတ်အခြေခံ ကျမ်းစာများ သင်ယူရသည်မှာ နောက်ကျသည်၊ သို့ရာတွင် ဝီရိယ ဦးဆောင်၍ ကြိုးကြိုးစားစား သင်ယူခဲ့လေရာ သင်ယူရသလောက် ခရီးရောက်သည်၊ အချိန်ကို အလကားမထား စာနှင့်သာ အသုံးချသည်။ သို့ဖြစ်၍နှစ်အနည်းငယ် အတွင်း ပိဋကတ်ကျမ်းဂန်များ ကြည့်ရှုရန် အခြေကို ပိုင်ပိုင်မိမိ ရရှိတော်မူခဲ့လေသည်။

ဝီရိယံ ပုဗ္ဗင်္ဂံ ကတွာ၊ နာရဒေါ ဟိ သုဓီတိမာ။
ဥဂ္ဂဏှိတွာ ပေဋကပါဠိ - ပေါတ္ထကေသု သုကောဝိဒေါ။

## ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံသို့

မန္တလေးမြို့တောင်ပြင် ရွှေရေးဆောင်တိုက်၌ စာပေချပို့ ရှင်ပျော်ပို့တော်မူသော ဂန္ထန္တရဝိဒူ တံခွန်ထူသည့် ဆရာတော် ဦးကြည်၏ စာပေချပို့ ကျမ်းကျင်နိုင်နင်းမှု ဂုဏ်သတင်းသည် မြန်မာသာသနာတခုလုံး အုပ်ဖုံးကျော်စောလျက်ရှိ၏။ ယင်းသတင်းသည် ပြည်မြို့ ဂုဏဝတီကျောင်းတိုက်၌ ပညာသင်ကြားနေသော အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းဆရာတော် လောင်းလျာ ရဟန်းတော် အရှင်နာရဒထံသို့ ရောက်ရှိလာသည်။ သို့ဖြစ်၍ ရဟန်းတော် အရှင်နာရဒသည်—

သုဿုသာ သုတဝဍ္ဎနီ၊ သုတံ ပညာယ ဝဍ္ဎနံ။
ပညာယ အတ္ထံ ဇာနာတိ၊ အတ္ထော ဉာတော သုခါဝဟော။[၁]

သုဿုသာ - သွန်သင်ညွှန်ကြား ဆရာသမားအထံမှ စာစကား အဆုံးအမစကားနားထောင်လိုခြင်းသည်။ သုတဝဍ္ဎနီ - သုတကိုလုံ ပြည့်စုံတိုးပွားခြင်းကို ဖြစ်စေနိုင်၏။ သုတံ - နာယူမှတ်သား များစွာသော ဗဟုသုတသည်။ ပညာယ - အသိပညာ၏။ ဝဍ္ဎနံ - တိုးပွားကြောင်းသည်။ ဟောတိ - မုချစင်စစ်အမှန်ဖြစ်၏။ ပညာယ - အသိပညာဖြင့်။ အတ္ထံ - အကျိုး အကြောင်းကို။ ဇာနာတိ - သိနိုင်၏။ ဉာတော - သိအပ်သော။ အတ္ထော - အကျိုးအကြောင်းသည်။ သုခါဝဟော - ချမ်းသာကို ရွက်ဆောင်နိုင်သည်။ ဟောတိ - ဖြစ်၏။

ဟူသည်နှင့်အညီ ငယ်ငယ်ရွယ်ရွယ် ဆရာသမားများထံမှ စာပေအတတ်ပညာစကား, ဩဝါဒစကားများ နာယူထားမှ ဗဟုသုတ ဘဏ်တိုက် ဖြစ်မယ်၊ ဗဟုသုတဘဏ်တိုက်ဖြစ်မှ ပညာဉာဏ် တိုးပွား ရင့်ကျက်မယ်၊ ပညာဉာဏ်

---

၁။ ကဝိဒပ္ပဏနီတိ။ ၈၈ - ဂါထာ။

တိုးပွား ရင့်ကျက်မှ ပညာဉာဏ်ရည်ဝမယ် အကျိုးအကြောင်း ကောင်းကောင်းသိမယ်၊ အကျိုးအကြောင်း ကောင်းကောင်းသိမှ လောက သံသရာ နှစ်ဖြာသော ချမ်းသာကို ဆောင်နိုင်မယ်။ သို့ဖြစ်၍ ငါသည် မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည်ထံသွားရောက်ပြီး ပညာသင်မယ်၊ ဆရာတော် ဦးကြည်ပြောသမျှ စာစကားတွေ, ဩဝါဒတွေ ငါ သိအောင် လုပ်မယ်ဟု နှလုံးသွင်း၍ ကြီးမားလှသော ဆန္ဒာဓိပတိဖြင့် မန္တလေးမြို့ ကြွတော်မူပြီး တောင်ပြင် ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည် (အရှင်အာဒိစ္စရံသီ) ထံ ပိဋကသုံးခင်း ချဉ်းနင်းနည်း နိဿယည်းကို အပြီးတိုင် သင်ယူတော်မူခဲ့လေသည်။

ဆရာတော်ဦးကြည်၏—

"သုံးထွေပိဋကတ်၊ တတ်ကြောင်းမှတ်လေ၊ ပုဒ်နေပုဒ်ထား၊ ပုဒ်သွားပုဒ်လာ၊ ပုဒ်မှာပုဒ်ထပ်၊ ပုဒ်ဟောစပ်၍၊ တပ်တပ်မမြင်၊ မသိလျှင်ပဲ၊ အမြဲမှန်စွာ၊ ရှည်ကြာညဉ့်နေ့၊ အားထုတ်၍လည်း၊ မတွေ့ခိုပ္ပာယ်၊ အနက်ပြယ်လိမ့်၊ ပုဒ်ဝယ်ဆုံးဖြတ်၊ ဆတ်ဆတ်မှချ၊ သိပါကလည်း၊ ဝါကျသိုထား၊ စကားသွားကို၊ မမှားကေန်၊ မသိပြန်သော်၊ အာဘော်မသိ၊ ကျမ်းမမိတည့်၊ မှတ်ဘိနောင်လာ၊ မျိုးသိဿာတို့၊ ပုဒ်မှာဝါကျ၊ အာဘော်ရအောင်၊ နေယျလီန၊ ဂူဠတ္ထ နှင့်၊ ဝဏ်ဥဇု၊ နီတတ်စုမှာ၊ ယုတ္တာယုတ္တိ၊ ရှေ့နောက်ညှိ၍၊ သိအောင်ကြံသော်၊ အာအော်လည်းသိ၊ ကျမ်းလည်းသိလိမ့်၊ မသိရှိသော်၊ သု, စိ, ပု, ဘာ—ဤလေးဖြာဖြင့်၊ ဆရာထံရင်း၊ ဝပ်စင်းတုပ်ကွ၊ နာခံကမူ၊ နေယျအာဒိ၊ ထိုးထွင်းသိ၍၊ နက်ရှိုရှစ်ဖြာ၊ မသိပါ၍၊ ကျမ်းမှာပါဠိလျှောက်၊ နက်ရောက်မျှသာ၊ လေ့လာပြွမ်းတီး၊ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ်မမည်"

ဟူသော အဆုံးအမ လင်္ကာကြီးကိုလည်း ဆောပ်မှတ်၍ စာတတ်မည်သည့် ပုဂ္ဂိုလ်ဖြစ်ရမည် ဟူသော သဘောပိုက်ကာ ဆရာတော် ဦးကြည်ထံ ရွှေရေးဆောင်နိုယ်နှင့် တကွ ပါဠိ, အဋ္ဌကထာ, ဋီကာ—ကျမ်းကြီးများကို မဟာသဘာဟဇ္ဇလို့လဖြင့် သင်ယူတော်မူခဲ့လေသည်။ ဆရာတော် ဦးကြည်ကား အဘိဓမ္မာ အဋ္ဌကထာကြီးများကို မူလဋီကာတွဲဖက်၍ ချုပ်ဆိုတတ်၏။ အရှင်နာရဒသည် ဦးကြည်ထံကပင် ပါဠိ, အဋ္ဌကထာ, ဋီကာများကို ကြည့်ရှု ချဉ်းနင်း နိုင်ရန် နည်းနာ နိဿယည်းများကို ရရှိခဲ့လေသည်။

ဦးကြည်တိသုပသိဒ္ဓဿ၊ ထေရဿ သန္တိကေ ဝိဒ္ဒါ။
ဝိဒ္ဒတ္ထံ သော ဟိ ပတ္တေတွာ၊ ဗဟူနံ သိက္ခနံ အကာ။

## စာချဆရာတော် အရှင်ဇာဂရ, အရှင်ဝိမလ တို့ထံ ပညာသင်

၎င်းပြင် "နည်းပေါင်းစုံမှ ဉာဏ်ဟုန်ပြင်း" ဆိုသည့်အတိုင်း နည်းနာနယ စုံလင်ပြီး ဉာဏ်ဟုန်ပြင်းလိုသဖြင့်, ဉာဏ်ထက်မြက်လိုသဖြင့် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချဆရာတော် အကျော်အမော်များ ဖြစ်တော်မူကြသော ဆရာတော် အရှင်ဇာဂရ, ဆရာတော်အရှင်ဝိမလ တို့ထံ၌လည်း ကျမ်းစာ အချို့ကို သင်ယူတော် မူခဲ့လေသည်။

ဝိမလဇာဂရာနံ ပါ၊ သန္တိကေ နာရဒေါ သုဓီ။
သုမိတ္တံ အဘိကခ်ာနွေ၊ ကေစေ့ သိက္ခနံ ကရီ။

## မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး

မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ် အာရှဲ့ပိုင်း အကွက်နံပါတ် ၂၀၉-၌ မစိုးရိမ်ကျောင်းတိုက်ကြီး တည်ရှိသည်။ ဦးပိုင်နံပါတ် ၃၅၊ ၃၆၊ ၃၇၊ ၃၀၊ ၅၀ - ဖြစ်သည်။ ကျောင်းတိုက်ကြီးကား ၄ - ကေ ဒသမ ၄၄၇၀ - ကျယ်ဝန်း၏။ လေးဖက်လေးတန် ပဟာရ် တံတိုင်းကြီး ဝန်းရံလျက်ရှိပြီး ရွှေပိန်းချ ရွှေရောင်တောက်နေသော တိုက်ကျောင်းကြီး ၁၆ - တိုက်တို့ဖြင့် ရောက်ရှိ တွေ့မြင်ရသူတို့၏ နှလုံးခါတ် ပီတိအိမ်ကို ဆီထိကာ စိမ်သလို အကြိမ်ကြိမ် အထပ်ထပ် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏။ ၎င်းပြင် စာကက်ချိန်, စာအံချိန်, စာရွတ်ချိန်, စာချချိန်ကို ပြောနေသည့် နာရီစင်ကြီးလည်း ရှိသည်။

ယင်း ကျောင်းတိုက်ကြီး၏ သမိုင်းအကျဉ်းကား ဤသို့တည်း—

မန္တလေးမြို့ ဆိုင်းတန်းရပ်နေ လက်ဘက်ပွဲစားကြီး ဦးသက်ရှည်သည် မစိုးရိမ်ဥယျာဉ်မြေကို ဝယ်ယူ၍ ၁၂၆၉ - ခုနှစ်တွင် စတင်၍ မူလ မစိုးရိမ် အမည်ဖြင့်ပင် မစိုးရိမ်ကျောင်းတိုက်ကြီးကို တည်ဆောက်ခဲ့လေသည်။ သာသနနယူပဒေသ အသယ်ကျောင်းတော်မှာ ၁၂၇၁ - ခုနှစ်တွင် ရွှေချပြီးသည်အထိ ပြီးစီးလေသည်။

ယင်းသို့ အသယ် သာသနနယူပဒေသကျောင်းကြီး ပြီးလျှင် မြို့ပြင်ကြီး ဆရာတော်၏ အသက်အန္တယ်ဖြစ်သည့် ဘင်္လားဆရာတော် ဦးရဝိန္ဒကို ပင့်၍ စာတုဒ္ဒိသသံဃိက ရေစက်ချ၍ လှူဒါန်း လေသည်။ ၎င်းနောက်မှ တိုက်ကျောင်းကြီး ၁၅ - တိုက် စသည်တို့ကို ဆက်လက် တည်ဆောက် လှူဒါန်း လေသည်။ ထိုစဉ်ကာင် သိန်း ၂၀ - မျှ ကုန်ကျသည်ဟု သိရ၏။ မြန်မာနိုင်ငံ

ကျောင်းတိုက်များသမိုင်းတွင် ဒါယကာ တဦးတည်းက ဆောက်လုပ်လှူဒါန်းသည့် ဤမျှ ကြီးကျယ်ခမ်းနားသည့် ကျောင်းတိုက်ကို မတွေ့ဘူးပါချေ။ [၁]

မစိုးရိမ်နာမ အာရာမော၊ ရာမညီယော သုသောဘနော။
နိခိလေ မြန်ပဒ္ဓဘူတလေ၊ အတီဝ ပသိဒ္ဓေါ ဟိ ဝေ။

ဖော်ပြပါ မစိုးရိမ်ကျောင်းတိုက်ကြီး၌ ဘင်္ဂလားဆရာတော် အရှင်ရဝိန္ဒ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သောဘ, "အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ, မဟာရဋ္ဌဂုရု" ဆရာတော် အရှင်သုရိယ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကောသလ္လ, ဆရာတော် အရှင်ဉာဏဝံသ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဝိသုဒ္ဓတို့သည် အစဉ်အတိုင်း မဟာနာယက ဆရာတော်ဘုရားကြီးတို့ ဖြစ်ကုန်၏။ စင်စစ်တမူ မစိုးရိမ်တိုက်ကြီးကား သကျသီဟာဓမ္မာစရိယဘွဲ့ရ, ပဌမကျော်ဘွဲ့ရ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဂဏာဝါစက စာချပညာရှင်တို့ဖြင့် လျှမ်းလျှမ်းတောက် စည်ကားသည့် ဝိဇ္ဇာယတနကြီး ဖြစ်လေသည်။

## အရှင်နာရဒ မစိုးရိမ်ကျောင်းတိုက်၌ ပညာသင်

ဆရာတော်လောင်းလျာ အရှင်နာရဒသည် အရှည်မြော်မြင် 'ဒီဃဒဿီ' ဉာဏ်အဆင်အခြင် နှင့် ပြည့်စုံသူပေတည်း။ သို့စဉ်ကလောက် လျှမ်းလျှမ်းတောက် ပညာရှင် တို့နှင့် ပြည့်နေသည့် စာသင်တိုက်ကြီး မနေခဲ့လျှင် သမိုင်း နောက်ကြောင်း အကောင်း နဲ့လိမ့်မည်။ လိုနေသည့် ကွက်လပ်များ လိုလျက်ပင် ရှိနေပည်။ သို့ဖြစ်၍ ထာဝစဉ် သမိုင်းကြောင်း ကောင်းရေးကိုလည်း ရှုမြော် ဟာကွက်ကိုလည်း တင်းကြမ်းပြည့် ဖြည့်စွက်လိုသဖြင့် ဖော်ပြပါ မစိုးရိမ် ကျောင်းတိုက်ကြီး၌လည်း ပညာသင်ကြားတော် မူခဲ့သည်။

မစိုးရိမ်ဝိဇ္ဇာလယေ ပိ၊ သမ္ပတ္တာ ထေရသေခရော။
ဂန္ထေပိ ဗဟဝေါ သုဓီ၊ အသိက္ခိ သိက္ခနေ ပရော။

ငှင်းပြင် မန္တလေးမြို့ တောင်ပြင် မြင်းဝန်တိုက်၌လည်း ပညာဆည်းပူးတော် မူခဲ့လေသည်။

## ညဝါအတွက် တောင်မြို့ထွက်

"ညဝါအတွက် တောင်မြို့ထွက်" ဆောင်ပုဒ် စကားသည် ထိုစဉ်က ခေတ်စားခဲ့သည့် စကား ဖြစ်သည်။ ယခု သည်လိုမဟုတ်တော့ချေ၊ ခေတ်တွေကား ပြောင်း၍ ပြောင်း၍ လာလေပြီ။ ဆရာတော် လောင်းလျာ အရှင်နာရဒ

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ မစိုးရိမ်တိုက် သာသနာဝင်ကြည့်။

သည် မာတိကာ, ဓာတုကထာ, ယမိုက်,ပဋ္ဌာန်း အဘိဓမ္မာအရကောက် ကျမ်းကြီးများကို ပါဠိဂူပေါက် တတ်မြောက်လိုသည်။ သို့ဖြစ်၍ တောင်မြို့ (အမရပူရမြို့) ၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း အဘိဓမ္မာအရကောက်ကျမ်းကြီးများကို ပိုမို လွန်ကဲလှသော ဝီရိယဖြင့် သင်ယူတော်မူခဲ့လေသည်။

ဝသိတွာ အမရပူရ-နဂရေ သာဓုမာနိတော။
ဂန္ထိရေ အဘိဓမ္မေ ပိ၊ ဥဂ္ဂဏှိ ထိရစေတသာ။

## ပခုက္ကူ ပိဋကတ် အတတ်မြို့တော်

ပခုက္ကူမြို့ကား ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရ-နိကာယ်, ခုဒ္ဒကနိကာယ် ဟူသော နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော် ကျမ်းဂန်များကို အဋ္ဌကထာ, ဋီကာ တွဲဖက်၍ ချပို့ရာ မဟာဝိသုဟာရာမတိုက်, မဟာဝိဇယာရာမတိုက် နှင့် သာသနဝိပုလာရာမ ပန္တလေးကျောင်းတိုက် အစ ရှိသော စာသင်တိုက်ကြီးတို့နှင့် ပြည့်နှက်နေရကား သာသနာ့လောကတွင် ပခုက္ကူ ပိဋကတ်အတတ်မြို့တော် ဟု ထင်ရှားခဲ့လေသည်။

ရှင်းပြင် သီဟိုဠ်ရှင်ဘုရား, ရွှေကူဘုရား, ဖောင်တော်ဦးဘုရား စသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အစဉ်ထာဝရ ကုသိုလ်ပုညမျိုးချရာ ပုညတိတ္ထ, ပုညဘူမိ, ပုညပကြတ္တိုဖြင့်လည်း ဗုဒ္ဓဘာသာဝင်တို့ စိတ်ခတ်ကြည်နူးပျော် မွေ့လျော်ကြသည်။

ရှင်းပြင် ပခုက္ကူမြို့တွင် စာသင်တိုက်ကြီးများ တည်ပြီး နှစ် အနည်းငယ် အတွင်း ပေါ်ပေါက်လာခဲ့သော, တနည်းသော် စာသင်တိုက်ကြီးများ၏ ဖွား ဖက်တော်များ ဖြစ်သော ကုသလဝါယာမ ဆွမ်းလောင်းအသင်း, သာသနာ နုဂ္ဂဟ ဆွမ်းလောင်းအသင်းတို့ကလည်း မြို့လုံးကျွတ် သံဃာ၏ ဆွမ်းဒါယကာ အဖြစ် ခံယူလောင်းလှူကြကုန်၏။ တကယ်တော့ ပခုက္ကူသည် သယမ္ဘူ စော မြတ်စွာ၏ သာသနာတည်ရာ ဟင်္သာလင်းရာဖြစ်၏။ အောက်ပါ ပခုက္ကူသာသနာ့ ဘွဲ့ဖြင့် ပခုက္ကူ သာသနာ့အကြောင်း တစိတစေါင်း အကဲခတ်နိုင်၏။

## ပခုက္ကူ သာသနာ့ဘွဲ့

မြန့်တိုင်းရပ်ပေါ်၊ ကျော်ပေါက်သင်းကျူ၊ ပခုက္ကူကား၊ သယမ္ဘူ
ဘုရား၊ မြတ်ဖျားသာသနာ၊ တည်ထွန်းရာတည်း၊ ရှေးခါယခင်၊
ခတ်ကပင်လျှင်၊ များဖြင်သင်္ဂြာ၊ ပညာရှင်များ၊ ထွန်းကားခဲ့ရာ၊
ပေါ်ထွန်းရာတည့်၊ ယခုမှာလည်း၊ သုံးဖြာ ပရိယတ်၊ ပိဋကတ်ကို၊

ပတ်ပတ်နှောက်မွေ၊ ကျောကြီးကျောကြ၊ တတ်မြောက်ကြဘိ၊ ကဝိဂိုဏ်းဝင်၊ ပညာရှင်တို့၊ ရှင်ကျွံ့နေရာ၊ သာသနာ့ဘူမိ၊ တုမရှိခဲ့၊ ဝိသုဝိဇယာ၊ သာသနဝိပုံ၊ သုံးခုံထင်ပေါ်၊ ကျောင်းတော်ဝိဟာ၊ ယင်းတို့မှာကား၊ မြတ်ဖျားစိပျော်၊ တိုက်တော်ဇေတဝန်၊ ကဲ့အဟန်သို့၊ လွန်လျှင်ဆန်းကြယ်၊ အံ့ဩဖွယ်တည်း၊ ကိုးကွယ်ကြည်ညို၊ သီဟိုဠ်ရှင်နှင့်၊ လွန်လျှပ်ထင်ပေါ်၊ ရွှေကူခေါ်မည်၊ သညီထွန်းပြောင်၊ မြတ်ဖောင်တော်ဦး၊ လွန်ဆန်းထူး၏၊ ထွတ်ဖူးပရမေ၊ စိန္တေမြတ်စွာ၊ သာသနာ၏၊ တည်ရာကေန်၊ အရပ်ဌာန်ကား၊ ကေန်ပခုက္ကူပါတည်း။

ပခုက္ကူမြို့၌ ဒုတိယကမ္ဘာစစ်မဖြစ်မီက သံဃာတော် ၃၀၀၀ ( သုံးထောင် ) ခန့် သီတင်းသုံးကြောင်း သိရ၏။ ယခုမူ ပခုက္ကူမြို့ပေါ်၌ သံဃာတော် ၁၂၀၀ - ကျော်ခန့် ရှိကြောင်း သိရ၏။ စင်စစ်တမူကား ပခုက္ကူသည် ရဟန်းသာမဏေတို့၏ သက်နှင်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းရာ, ရဟန်းသာမဏေတို့၏ ကျွေးခြင်း ဆန့်ခြင်းကြောင့် ဖြစ်သော လေတို့၏ တိုက်ခပ်ရာ မြို့ ဖြစ်ပေ၏။

ပခုက္ကူနဂရံ နာမ၊ သာသနဝိရူဠံ ဘဝေ။
ကာသာဝပဇ္ဇောတံ ဣသိ - ဝါတပရိဝါတံ ဘဝေ။

## အရှင်နာရဒ ပခုက္ကူကြွ ပိဋကသင်ယူ

ရဟန်းတော် အရှင်နာရဒသည် ဖော်ပြပါ သာသနဘူမိ ပခုက္ကူမြို့သို့ ကြွရောက်ကာ မဟာဝိသုတာရာမတိုက်ကြီး၌ သီတင်းသုံးတော်မူ၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့ကို လေ့လာ သင်ယူတော် မူခဲ့လေသည်။

ပခုက္ကူနဂရံ ပတ္တာ၊ နာရဒေါ နာရဒေါ ဝိဒ္ဒါ။
ဥဂ္ဂဏှိ ပိဋကေ တီဏိ၊ မဟုဿာဟေန စေတသာ။

## စာမေးပွဲများ အောင်မြင်ခြင်း

စာပေသင်ကြားရင်း စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ အစိုးရ ပဌမငယ်တန်း, အစိုးရ ပဌမလတ်တန်း, အစိုးရ ပဌမကြီးတန်း တို့ကို အောင်မြင်တော် မူခဲ့လေသည်။ ဆရာတော်သည် ၁၁ - နှစ်တာ ကာလဖြင့် နေ့ဝါ ညဝါ ကျမ်းစာအားလုံး သင်ယူခြင်းကိစ္စ၊ အစိုးရစာမေးပွဲ ငယ်, လတ်, ကြီး အောင်ခြင်းကိစ္စများကို ပြီးဆုံးစေတော် မူခဲ့သည်။

## အဘိဓမ္မာကျမ်းစာ ချပို့ သာသနာပြုတော် မူခြင်း

ဆရာတော်သည် သာသနာရေး အားပေးလိုစိတ် အပြည့်အဝ ရှိတော်မူသည်။ ပညာသင်ကြားပြီးနောက် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက်၌ ခေတ္တ ရောက်ရှိ သီတင်းသုံးခိုက် ကိစ္စတခုကြောင့် ရွှေဘိုခရိုင် ခင်ဦးမြို့သို့ ကြွရောက်စဉ် နေထိုင်သော ရဟန်းသံဃာ ကင်းမဲ့သော ရွှေဘေးကင်းတောရကျောင်းတိုက်၌ ၁၂၉၈ - ခုနှစ် ဝါ၊ ၁၂၉၉ - ခုနှစ် ဝါ၊ ၁၃၀၀ - ပြည့်နှစ် ဝါ အားဖြင့် ၃ - ဝါ သီတင်းသုံးတော်မူ၍ ပဋိပတ် အလုပ်ကို ပြုလုပ်တော် မူသည်။

ယင်းသို့ တောရကျောင်း၌ တရားအားထုတ်၍ သီတင်းသုံးစဉ် နေ့အခါ၌ ရှေးက သင်ကြားခဲ့သော ပါဠိ၊ အဋ္ဌကထာ များကို ကြည့်ရှုပြီး ဥပုသ်နေ့များ၌ ဥပုသ်သည်များအား တရားဓမ္မ ဟောပြတော်မူပြီး ပရိယတ္တိ အခြေခံရစိမ့်သောငှာ သင်္ဂြိုဟ်နှင့် ပဋ္ဌာန်ကျမ်းများကို သင်ကြား ချပို့တော်မူခဲ့သည်။

ယင်းသို့ သင်ကြားပို့ချရာဝယ် ပဋ္ဌာန်း ၂၄ - ကျမ်း ကုန်ဆုံးသည် တိုင်အောင် ပေယျာလ များကိုပါ ဖော်စေလျက် လွန်ခက်ခဲသော ပစ္စည်းပြိုင်ခေါ် ဃဋနာ နှင့် ပဉ္စာဝါရပစ္စနိက်များကိုပါ အလွယ်ကူဆုံးဖြစ်အောင် ကြံဆ၍ သင်ကြား ချပို့ပေးတော် မူခဲ့လေသည်။ ၁၃၀၅၊ ၁၃၀၆ - ခုနှစ်တို့၌ ဆရာတော် အရှင်ဉာဏိန္ဒကန်၏ ပင့်လျှောက်ချက်အရ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး မဟာသိဝချောင်၌ သီတင်းသုံးတော်မူ၍ ပဋ္ဌာန်းကျမ်းကြီး အခါခါ အခေါက်ခေါက် ပေါက်ရောက် ပြီးမြောက်အောင် ချပို့တော် မူခဲ့သည်။

၎င်းပြင် ဒုတိယ ကမ္ဘာစစ် မဖြစ်မီက အလယ်တောရ ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ အလယ်တောရကျောင်းတိုက်၌လည်းကောင်း၊ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယ၏ တိုက်တွန်းချက်အရ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌လည်းကောင်း၊ ဒုတိယ ကမ္ဘာစစ်အတွင်း ချပ်သင်းသူဌေး ဦးဘတင်၏ ပင့်လျှောက်ချက်အရ စစ်ကိုင်းတောင်ရိုး၌လည်းကောင်း ပါတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော အဘိဓမ္မာကျမ်းများကို ချပို့တော် မူခဲ့လေသည်။

၎င်းပြင် ဒုတိယကမ္ဘာစစ်ပြီးသောအခါ သက်ဆိုင်ရာ ရဟန်းရှင် လူတို့၏ ပင့်လျှောက်ချက်အရ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ရန်ကုန်မြို့ ဇေယျာဝတီကျောင်းတိုက်တို့၌လည်းကောင်း၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၌လည်းကောင်း အဘိဓမ္မာ ညဝါကျမ်းများကို ချပို့တော် မူခဲ့လေသည်။

ရန်ကုန်မြို့ ဆူးလေစေတီ ယင်ပြင်တော် အဘိဓမ္မာပြန့်ပွားရေးအသင်း၌လည်း နှစ်ပေါင်း ၃၀ - တိုင်တိုင် အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ မာတိကာ၊ ဓာတု

ကထာ, ယမိုက်, ပဋ္ဌာန်းတို့ကို ချပို့ သာသနာ့ပြုတော် မူခဲ့သည် သာမက မိမိ သီတင်းသုံးရာ ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်းကျောင်းတိုက်၌လည်း ရဟန်း ရှင် လူ အမျိုးသား, အမျိုးသမီး များစွာတို့အားလည်း ချပို့တော် မူခဲ့ လေသည်။ ယင်းသို့ ချပို့ပြီး အရည်အချင်းစစ် စာမေးပွဲများကိုလည်း ပြုလုပ် ကျင်းပတော် မူခဲ့သည်။

ဆရာတော်ကား အဘိဓမ္မာ စာချအကျော် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော် မူပေ၏။

သဗ္ဗဒါ အဘိဓမ္မေသု၊ နိက္ခတ္တလောစနော သုဓီ။
ဝါစကော အဘိဓမ္မဿ၊ အဘိဓမ္မေသု နိပုဏော။

### ကျမ်းဂန်များ ရေးသား စီရင်တော်မူခြင်း

ဆရာတော်သည် အဘိဓမ္မာသာသနာထွန်းကားရေးအတွက် အလေးအနက် ထား၍ သင်္ဂြိုဟ်, ပဋ္ဌာန်း စသော အဘိဓမ္မာဆိုင်ရာ ကျမ်းစာများကို မနေမနား သင်တန်းဖွင့်လှစ် ချပို့တော်မူစဉ် ကျမ်းဂန်ပေါင်း များစွာတို့ကိုလည်း ရေး သား စီရင်တော် မူခဲ့သည်။ ၎င်းကျမ်းဂန်များမှာ —

၁။ သင်္ဂြိုဟ် ၉ - ပိုင်း သရုပ်ခွဲဇယား အကျဉ်း။
၂။ သင်္ဂြိုဟ် ၉ - ပိုင်းသရုပ်ခွဲဇယား အကျယ်။
၃။ ပဋ္ဌာန်းပါရဂူကျမ်း။
၄။ ယမိုက်ပါရဂူကျမ်း။
၅။ မာတိကာ, ဓာတုကထာပါရဂူကျမ်း။
၆။ ယမိုက်ပါရဂူကျမ်း နောက်ဆက်တွဲ။
၇။ ပရမတ္ထဝိနိစ္ဆယကျမ်း နှင့် နာမရူပပရိစ္ဆေဒကျမ်းဇယား။
၈။ ဆဝါရသင်္ချာ ( အသံဖမ်းပဋ္ဌာန်းပို့ချစဉ် )ကျမ်း။
၉။ ပဉ္စဝါရဝိဘင်္ဂ ( အသံဖမ်းပဋ္ဌာန်းပို့ချစဉ် ) ကျမ်း။
၁၀။ ပစ္စယနိဒ္ဒေသ ပဌမပိုင်း, ဒုတိယပိုင်း ( အသံဖမ်းပို့ချစဉ် ) ကျမ်း။
၁၁။ ပဉ္စဝါရသင်္ချာ အနုလုံ ပစ္စနိက် ပစ္စနိယာနုလောမ (အသံ ဖမ်း ပို့ချစဉ် ) ကျမ်း။
၁၂။ ပဉ္စဝါရသင်္ချာ အနုလောမ ပစ္စနိက် ပနိစ္စယာနုလောမ ( အသံဖမ်း ပို့ချစဉ် ) ကျမ်း။
၁၃။ ဆဝါရဝိဘင်္ဂ ( အသံဖမ်းပို့ချစဉ်) ကျမ်း။
၁၄။ သင်္ခါရယမိုက် ( အသံဖမ်းပို့ချစဉ် ) ကျမ်း။
၁၅။ အနုသယယမိုက် ( အသံဖမ်းပို့ချစဉ် ) ကျမ်း။

၁၆။ စိတ္တ နှင့် စေမ္မယမိုက် ( အသံဖမ်းပို့ချစဉ် ) ကျမ်း။
၁၇။ ဣန္ဒြိယယမိုက် ( အသံဖမ်း ပို့ချစဉ် ) ကျမ်း။
၁၈။ သစ္စယမိုက် ( အသံဖမ်း ပို့ချစဉ် ) ကျမ်း။
၁၉။ အာယတန နှင့် ဓာတုယမိုက် (အသံဖမ်းပို့ချစဉ် ) ကျမ်း။
၂၀။ ဓာတုကထာ ( အင်္ဂလိပ်ဘာသာပြန် ) ကျမ်း။
၂၁။ ပဋ္ဌာန်း ပဌမအုပ် ( အင်္ဂလိပ်ဘာသာပြန် ) ကျမ်း။
၂၂။ ပဋ္ဌာန်းဟောပုံ နည်းမျိုးစုံ ( အင်္ဂလိပ်ဘာသာပြန်)ကျမ်း။
၂၃။ ပဋ္ဌာန်း ဒုတိယအုပ် ( အင်္ဂလိပ်ဘာသာပြန် )ကျမ်း -

စသည်တို့ ဖြစ်ကြကုန်၏။

ဖော်ပြပါ ကျမ်းများအနက် ပဋ္ဌာန်းပါရဂူကျမ်းကြီးကို ၁၃၁၃ - နှစ်က ရိုက်နှိပ်ခဲ့ရာ နိဒါန်း၌ —

ပါရံ ပါပေတိ ဉာဏ်မိနာ၊ ပဋ္ဌာနနယသာဂရေ။
ဇာယံ ကာရေတိ သော ဝ၊ မဟာပဋ္ဌာန ပါရဂူ။
ဉာဏ်မိနာ ဂန္တုယာနေန၊ အဇ္ဈော ဂါဠှ နယဏ္ဏဝေ။
ဥဇုံ ပါရံ သုခံ ယန္တု၊ ဝိဒ္ဓါ ပဋ္ဌာနသာမိကာ။

ဟူသော ဂါထာဖြင့် နိဒါန်းရေးသူ အရှင်ဉာဏိန္ဒကထေရ်က တိုက်တွန်းခဲ့သည်။

ဖော်ပြပါ ပဋ္ဌာန်း ပါရဂူကျမ်းကြီးသည် အလျား တောင်ဆုပ်၊ အနံ တထွာသာသာရှိ ဆိုက်ကြီးဖြင့် ၂၀၆ - မျက်နှာ ရှိသည်။

ဓာတုကထာကျမ်းကို (                    ) အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆို၍ ၁၉၆၂ - ခုနှစ်က လန်ဒန်ပါဠိအသင်းမှ ထုတ်ဝေခဲ့သည်။ ပဋ္ဌာန်း ပစ္စယာဝါရဝိဘင် (အသံဖမ်းပဋ္ဌာန်းပို့ချစဉ်) ကျမ်းကို ၁၃၃၀ - ခုနှစ်က ရိုက်နှိပ်ထုတ်ခဲ့ရာ မဂ္ဂဇင်းဆိုက် ၃၆၆ - မျက်နှာ ရှိလေသည်။

## ပင်ပန်းမှုကို မမှုပဲ ကျမ်းစာများ ပြုစုခဲ့

ဆရာတော်သည် ဤမျှ များပြားသော ကျမ်းဂန်တို့ကို ပင်ပန်းမှုကို ဂရုပြုတော်မမူပဲ, ပင်ပန်းမှုကို မမှုပဲ သာသနာတော်၌ လုပ်အားအပြည့် ပေးတော် မူခဲ့သည်။ ဈာန်ဝင်စားသော ပုဂ္ဂိုလ်တို့သည်သာလျှင် ဈာန်၏အရသာကို သိကုန်၏။ ကျမ်းဂန်ပြုစုသူ ကျမ်းပြုပုဂ္ဂိုလ်၏ ပင်ပန်းမှုနှင့် ပညာရှင်တို့၏ စွမ်းရည်ကို **စာပေသမား ပညာရှင်တို့သာလျှင် သိနိုင်ကုန်၏။**

ဗျာယိဝ ဗျာနသုခမဂ္ဂရသံ ဝိဒန္တိ၊
ဇာနန္တိ ကိန္တု သုတိမဂ္ဂရသံ ဒုဝိညော။
ဇေံ ဂန္ထကာရကဿ ဟရိသမဥ္စ၊
ဇာနန္တိ သာဝုကဝယော ဝ ကဝိတ္တနုဥ္စ။ ၁

## ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ချက်များ

ဆဋ္ဌသံဂါယနာ မဟာဒမ္မသဘင်ကြီး၌ သီလက္ခန္ဓဝဂ္ဂပါဠိ၊ ပဉ္စပကရဏ အဋ္ဌကထာပါဠိကျမ်းများကို သုတ်သင်ရာ၌ မူလသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓက အဖြစ်ဖြင့် သုတ်သင် ပြင်ဆင် သာသနာပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်တော် မူခဲ့သည့်သာမက ယမိုက်အရ ကောက်ကျမ်းကိုလည်း သုတ်သင်တော် မူခဲ့သည်။ ၎င်းပြင် ဆဋ္ဌသံဂါယနာတင်ချိန်တွင် အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမဏီ၊ သီဟိုဠ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီယား စသော နိုင်ငံခြားသားတို့အား သင်္ဂြိုဟ်၊ ပဋ္ဌာန်း စသည်တို့ကို သင်ကြားပို့ချပေးတော် မူခဲ့သည်။

## ဩဝါဒါစရိယ တာဝန်များ

ဆရာတော်သည် နိုင်ငံတော် ဩဝါဒါစရိယတာဝန်၊ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ဩဝါဒါစရိယ တာဝန်၊ ဆူးလေစေတီတော် ဂေါပက အဖွဲ့ကြီး၏ ဩဝါဒါစရိယတာဝန်၊ ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့ကြီး၏ ဩဝါဒါစရိယတာဝန် တို့ကိုလည်း ထမ်းဆောင်တော် မူခဲ့လေသည်။

## အတူ မိန့်ကြား ဆောင်ရွက်တော်မူခြင်း

သာသနာ့ဝန်ထမ်း ရှင် ရဟန်းအဖြစ် ရခြင်းကား လူ့ဘဝ အတွက် ရခဲသော အခွင့်ထူးတရပ်ဖြစ်၍ မြင့်မြတ်လှပါသည်။ သို့ရာတွင် ကိုယ်တိုင် ကိုယ်ကျ သံဝေဂဉာဏ် အခြေခံ မပါလျှင် "မျိုးစေ့မမှန် ပင်မသန်" ဆိုသကဲ့သို့ ဘုရားရှင်၏မွေစက် သာသနာ့မြေတွင် ရှင် ရဟန်း အဖြစ်ဖြင့် ကြာရှည်စွာ စည်ကား ပေါက်ရောက်နိုင်ဖို့ လွယ်ကူလှမည် မဟုတ်ပါ။ ဆရာတော်၏ သာသနာ့ဝန်ထမ်း ရှင် ရဟန်း အဖြစ် ရခဲ့ခြင်း၌ကား သံဝေဂဉာဏ်ပါ၍ အခြေခံ ခိုင်မာလှသည်ဟု ဆိုနိုင်ပါသည်။

ပြည်မြို့ အင်ကြင်းမြောင်တောရသို့ သွား၍ တရားအားထုတ်ရာတွင် မိခင် ကြီးအား ပြုစုလုပ်ကျွေးရန် မိခင်ကြီးနှင့် အတူ လိုက်ပါခဲ့ရပြီး အင်ကြင်း

---

၁။ မဟာကဝိ အရှင်ဝိမလထေရ်(သီဟိုဠ်)၏ သာသနဝံသဒီပ၊ ၂-ဂါထာ။

ပြောင်တော်ရ၍ နေထိုင်စဉ်အတွင်း ဆရာတော်ဘုရားကြီး နှင့် မိခင်ကြီးတို့၏ ဝေယျာဝစ္စများကို ပြုလုပ်၍ တနှစ်လျှင် ၆ - လမျှ တရားအားထုတ် ဥပုသ် စောင့် နေခဲ့ပါသည်။ ယင်းသို့ တရားအားထုတ်နေရာမှ သံဝေဂရလာပြီး ရှင် ရဟန်း ပြုနိုင်လောက်သော အချိန်အရွယ်သို့လည်း ရောက်ပြီး ဖြစ်သည့်အတွက် ရဟန်းပြုရန် ဆုံးဖြတ်ကာ ရဟန်း ပြုလုပ်လာခဲ့ခြင်းပင် ဖြစ်ပါသည်။

"ဖြစ်လျှင် မုချ ချုပ်ပျက်ရမည်" ဆိုသော ဘာဘာဝအတိုင်း ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် စောင့်ရှောက် ပြုစုသူတို့၏ ဇွဲလုံ့လ ဝီရိယ ဉာဏ်ပညာ နှင့် သဒ္ဓါစေတနာ အင်အား အလျောက်သာတည်တံ့၍ ဇွဲ လုံ့လ ဝီရိယ ဉာဏ်ပညာ နှင့် သဒ္ဓါစေတနာ အင်အား နည်းပါးလာသော အချိန် တွင် တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်ရမည်မှာ ဓမ္မတာ ဖြစ်ပါသည်။ ထိုသို့ ပျောက်ကွယ်ရာတွင် အဘိဓမ္မာတရားတော်သည် အစဆုံး ဖြစ်၍ အဘိဓမ္မာ တွင်လည်း "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ" ဟူသော စာဆိုနှင့် လိုက်အောင် ခက်ခဲလှသော "ပဋ္ဌာန်းကျမ်းသည် အစ ဆုံး ကွယ်ပမည်" ဟု ကျမ်းဂန်တို့၌ အဆိုအမိန့် ရှိခဲ့ပါသည်။ ယခုပင် ပဋ္ဌာန်း ကျမ်းကို သင်ကြား တတ်မြောက်သူ နည်းပါး၍ လူများစွာတို့၏ သန္တာန်၌ ကွယ်ပလျက် ရှိနေခဲ့ပါပြီ။ ဤသို့သော သာသနာ့ရန်ဘေးကြီးကို မြော်မြင် တွေးဆတော်မူပြီးလျှင် ဆရာတော်သည် သာသနာတော် မကွယ်ပရေး နှင့် တည်တံ့တွန်းလင်းရေးအတွက် အဘိဓမ္မာကို ဦးစားပေး၍ ထူးထူးခြားခြား ပို့ချ သင်ကြားပေးတော်မူပါသည်။

ဆရာတော်သည် ခက်ခဲလှသော အဘိဓမ္မာဆိုင်ရာ ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း ကျမ်းတို့ကို သင်ကြား ပို့ချပေးရာ၌ ဉာဏ်ထက်မြက် သူတို့သာ များစွာ အကျိုးရှိစေသော သမားရိုးကျ နည်းဖြင့် ချပို့သင် ကြားပေးခြင်းမဟုတ်ပဲ ပါဠိစာပေနှင့် ရင်းနှီးမှုမရှိသော အမျိုးသမီး ငယ်များသော်မှပင် နားလည် တတ်မြောက်အောင် ဇယားနည်းများ ကို စမ်းသပ် တည်တွင်ပြီး ပို့ချသင်ကြားပေးခဲ့ရာ အထူးပင် အောင် မြင်ခဲ့ပါသည်။ ယခုအခါ မြန်မာပြည်တဝှန်းလုံးလိုလို လက်ခံနည်းယူ၍ သင်ကြားလာသည်အထိ တွင်ကျယ်မှုရှိခဲ့ပါသည်။

"အရှင်ဘုရား စီစဉ်တဲ့ ဓာတုကထာများဟာ ချီးမွမ်းအံ့သြလို့ပင် မကုန်နိုင်ပါ၊ ပဋ္ဌာန်းမှာလည်း ဓာတုကထာ ဇယားများလို အား လုံးခြုံငုံမိအောင် ရေးဖို့ ရည်ရွက်ချက်ရှိပါသလား၊ ဒီလိုရေးမယ်ဆိုယင် အထူးကျေးဇူးတင်ပါမယ်၊ ဒါဟာ တပည့်တော်ရဲ့ ကြီးမားသော လို လားမှု ဖြစ်ပါတယ်" စသည်ဖြင့် ချီးကျူးဝေဘန်စာ အများအပြား ပို့သည်အထိ အဘိဓမ္မာလိုလားသူ နိုင်ငံခြား တိုင်းပြည်များကလည်း

ကောင်းစွာ လက်ခံကြပါသည်။ ဆဋ္ဌသံဂါယနာတင်စဉ် အချိန်က ယမိုက် ၁၀-ကျမ်း၊ ပဋ္ဌာန်း ၂၄-ကျမ်းကို ပဋိဝိသောဓက အဖြစ် တာဝန်ယူ၍ ပြင်ဆင်ခဲ့ရာ ဤနည်း ကျေးဇူးကြောင့်ပဋ္ဌာန်းကျမ်းကြီး၌ သာသနာ အဆက်ဆက် မည်သည့်အခါကမျှ မဖော်ပြခဲ့ဘူးသော ပေယျာလ သိန်းကျော်ကို ကောင်းစွာ ဖော်နိုင်ခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဤသို့ ဖော်ပြသည့်အတိုင်း သာသနာတော်တွင် ထူးချွန်စွာ ဆောင်ရွက်တော်မူခြင်း,သီလ - သမာဓိ- ပညာဂုဏ်တို့နှင့် ပြည့်စုံခြင်းတို့ကြောင့် ဆရာတော် အရှင်နာရဒသည် ၁၃၄၀-ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မာဘူပါလာ၊ ထေရံ ထိရေသု သဏ္ဌိတံ။


## ချီးကျူး ပူဇော်ကြခြင်း

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ်တော်ရ ပဋ္ဌာန်းဆရာတော် ဘုရားကြီး အရှင်နာရဒမဟာထေရ်အား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများကလည်းကောင်း ပြည်လမ်း ပဋ္ဌာန်းကျောင်းတိုက်၌ တပည့် ဒကာ,ဒကာမများကလည်းကောင်း ချီးကျူးပူဇော်ပွဲ ကျင်းပ၍ ချီးကျူးပူဇော်ကြကုန်၏။ အခြား ဌာနများမှလည်း ဆရာတော်၏ တပည့် ဒကာ,ဒကာမများက ပူဇော်ကြသေးသည်။

## ဆရာတော်အရှင်နာရဒမဟာထေရ်၏ ထေရုပ္ပတ္တိသန္နိပါတ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ကျေးဇူးရှင် ရန်ကုန်မြို့ ပြည်လမ်း ပဋ္ဌာန်း ကျောင်းတိုက် ဆရာတော် ဘုရားကြီး၏ အဖြစ်တော်စဉ် နှင့် ဆောင်ရွက်ချက် အမျိုးမျိုးတို့ကို အကျဉ်းချုပ် ထုတ်ပြခဲ့ရာ အတော် အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

နာရဒထေရသေဋ္ဌဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဠမိဿံ သန္နိပနိယံ၊ သုသခေပနိဒဿနံ။



မန္တလေးမြို့ အနောက်ပြင်  ဝိသုဒ္ဓါရုံတိုက်သစ်
ပိုက်ကျုံးဆရာတော် အရှင်ဇာနေယျဗုဒ္ဓိ မဟာထေရ် အား
ညီထွဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် က
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပုံ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်
**ပိုက်ကျုံးဆရာတော် အရှင်ဇာနေယျဗုဒ္ဓိ မဟာထေရ်၏**

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီ စာတော်ဖတ်.... အသင် စာတော်ဖတ်သည် ပြည့်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်ဘုရားကြီး အရှင်ဇာနေယျဗုဒ္ဓိ မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညိုယိုဖိတ် သဒ္ဓါ တရားကိန်းဝပ်သောစိတ်ဖြင့် ဖတ်ရှု လေ့လာရာ၏။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံတွင် အကျယ်ဝန်းဆုံးသော တိုင်း ဖြစ် သည်၊ စတုရန်းမိုင် ၃၆,၅၃ ကျယ်ဝန်း၏။ ဤအဌုပ္ပတ္တိသခင် ပေါ်ထွန်းရာ ဒေသသည် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ဖြစ်သည်။ ယင်း ဒီပဲယင်းမြို့နယ် ကား ယခင်က ရွှေဘိုခရိုင်အတွင်း ပါဝင်သော မြို့နယ် ဖြစ်သည်။ ဖော်ပြပါ ရွှေဘိုခရိုင်ကား ပညာရှိ ရဟန်းတို့ မြားမြောက်စွာ ပေါ်ထွန်းရာ ဒေသမှန် ဖြစ်သည်။

"ဝံသာဘိလင်္ကာရမဟာဓမ္မရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ သုံးပုံတံချူကျမ်း စသည် တို့ကို ပြုစီရင်တော်မူခဲ့သော မုံတိုင်ပင်ဆရာတော် အရှင်ဝံသသည် ရွှေဘို ခရိုင် တပယင်းမြောက်လက် မုံတိုင်ပင်ရွာ ဇာတိ ဖြစ်သည်။

"တိလောကာလင်္ကာရ" ဘွဲ့ တံဆိပ်တော်ရ ပရိတ္တဋီကာကျမ်းပြု အရှင် တေဇောဒီပသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကံဖျားရွာ ဇာတိ ဖြစ်သည်။

"ပဏ္ဍိတဇေမဟာဓမ္မရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ရွှေတောင်ကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိတသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် နဂါးဖိုလ်ရွာ ဇာတိ ဖြစ်သည်။ ( အမရပူရ သာသနာဝင်ကြည့်။ )

"ဇိနာဘိသဒ္ဓမ္မဇေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ဒုတိယ စပါးတော ဆရာတော် အရှင်ဇိနသည် ရွှေဘိုခရိုင် ဒီပဲယင်းတောင်လက် ပြရိပ် ရွာ ဇာတိ ဖြစ်သည်။ ( အမရပူရသာသနာဝင်ကြည့်။ )

"ဉာဏာသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ဒုတိယ မန်ကျည်းတောဆရာတော် အရှင်ဉာဏသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့ လေးရွာ ဇာတိ ဖြစ်သည်။ (အမရပူရ သာသနာဝင်ကြည့်။)

"နေမိမဂ္ဂဇိုးခန်းပျို့, နေမိငရဲခန်းပျို့, နေမိဘုံခန်း, သုဝဏ္ဏသျှံသူဌေးခန်းပျို့, သုဝဏ္ဏသျှံမြွားပစ်ခန်းပျို့, သုဝဏ္ဏသျှံသစ္စာခန်းပျို့ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော အင်းဝခေတ် စာဆိုတော် အရှင်အဂ္ဂသမာဓိသည် ရွှေဘိုမြို့ ဒီပဲယင်း အရှေ့တောင်ဖက် ကန်ဖျားရွာ ဇာတိ ဖြစ်သည်။ (အင်းဝ သာသနာဝင်ကြည့်။)

"မဟာအတုလယသဓမ္မရာဇာဂုရု" ဘွဲ့ တံဆိပ်တော်ရ ကျွမ်းဂန်တတ်ဆရာတော် အရှင်မာလာသည် ရွှေဘိုမြို့နယ် ကန်တော်ရွာ ဇာတိဖြစ်သည်။

"သုမနာစာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အလ္လကပ္ပတိုက် ဆရာတော်ဘုရားကြီး အရှင်သုမနာစာရသည် ရွှေဘိုခရိုင် တောင်လက် မင်းကြီးရွာ ဇာတိဖြစ်သည်။ ၁၂၀၁-ခု ဖွားတည်း။ (မန္တလေး သာသနာဝင်ကျမ်း၊ အလ္လကပ္ပတိုက် သာသနာဝင်ကြည့်။)

"သေီသာရဓမ္မပါလကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်သေီသည် ရွှေဘိုခရိုင် သစ်ဆိမ့်ကြီးရွာ ဇာတိ ဖြစ်သည်။ (အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ သစ်ဆိမ့်တိုက် သာသနာဝင်ကြည့်။)

"ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိ အတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇရဂုရု" ဘွဲ့ တံဆိပ်တော်ရ နေတ္တိလီနတ္ထသင်္ဂဟကျမ်း, နေတ္တိဟာရဝိဘာဝိနီကျမ်း, ရူပဘေဒဝိဘာဝိနီကျမ်း, ဂဏဘေဒဒီပနီကျမ်း, နိဿယင်္ဂဝိနိစ္ဆယကျမ်း စသော ကျမ်းပေါင်း ၃၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ရွှေကျင်နိကာယသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရသည် ရွှေဘိုခရိုင် ရွှေကျင်ရွာ ဇာတိ ဖြစ်သည်။[၁]

"စန္ဒိမာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဝိနည်းဖြတ်ထုံးကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော သီးလုံးဆရာတော်ဟု လွန်စွာ ကျော်စောသော အရှင်စန္ဒိမာသည် ရွှေဘိုခရိုင် သီးလုံးရွာ ဇာတိ ဖြစ်သည်။ (ရွှေဘိုသာသနာဝင်ကြည့်။)

"နန္ဒမဉ္ဇူသာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ လင်္ကာရာမဆရာတော်ဘုရားကြီး အရှင်နန္ဒမဉ္ဇူသည် ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ်

---

၁။ စစ်ကိုင်းသာသနာဝင်၊ မန္တလေးသာသနာဝင်၊ ရွှေဘိုသာသနာဝင်ကြည့်။

လင်းဖြူရွာ ဇာတိဖြစ်သည်။ ၁၂၀၉ - ခုဖွားတည်း။ (မန္တလေး သာသနာဝင်ကျမ်း၊ လက်ာရာမသာသနာဝင်ကြည့်)။

"ပညာဒီပကဝိဇ္ဇဒီသာပါဠိ ပေါရာဏ ဋီကာ လက်ာရ" ဘွဲ့ တံဆိပ်တော်ရ ငှက်တွင်းဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့သော ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍဝသည် ရွှေဘိုမြို့ ဇာတိ ဖြစ်သည်။ ၁၁၉၃ - ခု ဖွားတည်း။ (စစ်ကိုင်း သာသနာဝင်ကြည့်)။

"ပညာတိသီရိသဒ္ဓမ္မကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ မမ္မဒီပနီ၊ ဒွတ္တိံသကာယဒီပက - စသည့် ကျမ်းဂန်တို့ကို ပြုစုစီရင်တော်မူခဲ့သော မန္တလေးမြို့ အရှေ့ပြင် ဝဇီရာရာမဆရာတော်ဘုရားကြီး အရှင်ပညာသီရိသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ချမ်းသာရွာ ဇာတိ ဖြစ်သည်။ (မန္တလေး သာသနာဝင်ကျမ်း၊ ဝဇီရာရာမသာသနာဝင်ကြည့်)။

"ဂုဏာဝါဘိလင်္ကာရသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ သြဝါဒကထာစာတမ်း စသည်တို့ကို ပြုစုစီရင်တော်မူခဲ့သော လုံးတော်ဆရာတော် အရှင်ဂုဏာဝါသည် ရွှေဘိုခရိုင် ဒီပဲယင်း ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ လုံးတော်ပိုက် သာသနာဝင်ကြည့်)။

"ဝိသုဒ္ဓါစာရကဝိဓဇ မဟာဓမ္မရာဇဂုရု၊ ဝိသုဒ္ဓါစာရကဝိဓဇမိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်များကြီး ဘွဲ့ တံဆိပ်တော် ၃ - ထပ်ရ ဝိသုဒ္ဓါရုံ ကနည်းဘာတ်နယ်၊ ပရမတ္ထသင်္ချာ ဘေဒနီကျမ်း စသော ကျမ်းပေါင်းများစွာတို့ကို ပြုစုစီရင်တော်မူခဲ့သော ဒုတိယမြောက် ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရသည် ရွှေဘိုခရိုင် စမွန်းရွာ ဇာတိ ဖြစ်သည်။ ၁

"ဉာဏာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇဂုရု၊ ဉာဏာဘိဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော် ၂ - ထပ်ရ ကြေးသီးကုန်းဆရာတော် အရှင်ဉာဏသည် ရွှေဘိုမြို့နယ် ကြေးသီးကုန်းရွာ ဇာတိ ဖြစ်သည်။ (မန္တလေး သာသနာဝင်ကျမ်း၊ အနောက်တိုက်ဘော် သာသနာဝင်ကြည့်)။

"ဣန္ဒကာဘိဓဇသီရိပဝရမဟာဓမ္မရာဇဂုရု၊ ဣန္ဒကာဘိဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့ တံဆိပ်တော် ၃ - ထပ်ရ အရှင်ဣန္ဒက (ဦးအုန်းညွန့်) သည် ရွှေဘိုခရိုင် သရိုင်ရွာ ဇာတိ ဖြစ်သည်။ (ရွှေဘိုသာသနာဝင်ကြည့်)။

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ မဟာဝိသုဒ္ဓါရုံ သာသနာဝင်ကြည့်။

" ကဝိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု, အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့ တံဆိပ်တော်ရ မောက်ကြိုးဆရာတော် အရှင်ကဝိန္ဒသည် ရွှေဘိုခရိုင် မောက်ကြိုးရွာဇာတိ ဖြစ်သည်။ ၁၂၀၇ - ခု ဖွားတည်း။ (မန္တလေးသာသနာဝင်ကျမ်း၊ အနောက်တိုက်တော်သာသနာဝင်ကြည့်)။

" ပညာလင်္ကာရသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု, ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု, အဂ္ဂမဟာပဏ္ဍိတ " ဘွဲ့ တံဆိပ်တော် ၃ - ထပ်ရ ပေါင်းထောင်ကူဆရာတော် အရှင်ပညာသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ပေါင်းထောင်ကူရွာ ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ အနောက်တိုက်တော် သာသနာဝင်ကြည့်)။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပရမတ္ထဒီပနီကျမ်း, နိရုတ္တိဒီပနီကျမ်း, ဝိပဿနာ ဒီပနီကျမ်း စသော ကျမ်းပေါင်း ၁၀၀-ကျော်တို့ကို ပြုစီရင်တော် မူခဲ့သော လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏသည် ရွှေဘိုခရိုင် ဒီပဲရင်း မြို့နယ် စိုင်ပြင်ရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ မုဒ္ဒဗောဓနိဿယ, ကလာပ်နိဿယ, မဏိဇောတိက ပုစ္ဆာကျမ်း, မဏိဇောတိက ဝိသဇ္ဇနာကျမ်း စသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ပတ္တမြား ဆရာတော်ဘုရားကြီး အရှင်ဇာဂရသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် နဂါးဖိုလ်ရွာ ဇာတိ ဖြစ်သည်။ ( စစ်ကိုင်း သာသနာဝင်ကြည့် )။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ချမ်းသာကြီးတိုက် စာချအကျော် ဆရာတော် အရှင်ပဏ္ဍဝသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အနောက်ဘက် ပေါင်းထောင်ကူရွာ ဇာတိ ဖြစ်သည်။ ၁၂၁၄-ခု ဖွားတည်း။ (မန္တလေးသာသနာဝင်ကျမ်း၊ ချမ်းသာကြီးတိုက် သာသနာဝင်ကြည့် )။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ရတနာ့ဂုဏ်ရည်ကျမ်း, အခြေပြု သင်္ဂြိုဟ်ကျမ်း,သင်္ဂြိုဟ်သာသာဋီကာကျမ်း,အခြေပြုသဒ္ဒါကျမ်း,ရူပသိဒ္ဓိဘာသာဋီကာကျမ်း, ကစ္စည်းဘာသာဋီကာကျမ်း, ပါရာဇိကဏ် ဘာသာဋီကာကျမ်း, သီလက္ခန်ဘာသာဋီကာကျမ်း, အဋ္ဌသာလိနီဘာသာဋီကာကျမ်း - စသည့် ကျမ်းပေါင်း ၆၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ဆရာတော်အရှင်ဇနကာဘိဝံသသည် ရွှေဘိုခရိုင် သရိုင်ရွာ ဇာတိဖြစ်သည်။ [၂]

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ မဟာဇောတိကာရာမ သာသနာဝင်ကြည့်။
၂။ မဟာဝိသုတာရာမ နိကာယ သာသနာဝင် ၃၀၀-ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဝိပဿနာရှုနည်းကျမ်း, ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ, ဝိသုဒ္ဓိမဂ် မြန်မာပြန်– အစရှိသော ကျမ်းဂန်ပေါင်း ၆၀- ကျော်ခန့်တို့ကို ပြုစီရင်တော်မူခဲ့သော မဟာစည် ဆရာတော်ဘုရားကြီး အရှင်သောဘနသည် ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ သုစရိတဝိနိစ္ဆယကျမ်း- စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ဒါးပိန်မြို့ ဇီးဖြူကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်နာဂိန္ဒသည် ရွှေဘိုခရိုင် ယင်းမာပင်ရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ တံဆိပ်တော်ရ ဘာဝနာ အလင်းပြကျမ်း, ဝိပဿနာ အလုပ်ပေးကျမ်း, ဝိပဿနာနီတိကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ရန်ကုန်မြို့ မိုးညှင်းဝိပဿနာတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ ... ရွှေဘိုခရိုင် ရေဦးမြို့ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ တံဆိပ်တော်ရ စာချအကျော် မန္တလေးမြို့ အနောက် ပြင် ခင်မကန်တိုက် ဆရာတော်ဘုရားကြီး အရှင်နန္ဒိမာသည် ရွှေဘိုခရိုင် ကန့် ဘလူမြို့နယ် အိုင်ပေါင်ရွာ ဇာတိ ဖြစ်သည်။[1]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပဒုမာရုံ ဆရာတော်ဘုရားကြီး အရှင်ပဒုမသည် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကလသင်ရွာ ဇာတိ ဖြစ်သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဤအင်္ဂါပွဲပ္ပသခင် ဆရာတော် အရှင်ဇာနေယျဗုဒ္ဓိသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ချုံရွာ ဇာတိ ဖြစ်သည်။[2]

ပရမတ္ထစက္ကုကျမ်း, သဒ္ဒစူဠက = သဒ္ဒါငယ်ကျမ်း, လောကစက္ခုကျမ်း, မနောဒွိဌဝန္တနာဘုရားရှိခိုးကျမ်း–စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ရွှေကျင် နိကာယ သာသနာပိုင် ဒီပဲယင်း ဆရာတော်ဘုရားကြီး အရှင်ဉာဏသည် ရွှေဘို ခရိုင် ဒီပဲယင်းမြို့နယ် ထောက်ရှာရွာ ဇာတိ ဖြစ်သည်။ (မန္တလေး သာသနာ့ဝင်ကျမ်း၊ ဝိသုဒ္ဓါရုံ သာသနာဝင်ကြည့်)။

အဘိဓမ္မတ္ထဒီပကကျမ်း, ပရိတ်ကြီးဂဏ္ဌိကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော ပုသိမ်မြို့ ဗိုလ်ကုန်း ဆရာတော်ဘုရားကြီး အရှင်ဥက္ကဋ္ဌသည် ရွှေဘို မြို့ ဇာတိ ဖြစ်သည်။ ၁၂၀၄-ခု ဖွားတည်း။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" စာချအကျော် မန္တလေးမြို့ တောင်ပြင် မင်းထင်တိုက် ဆရာတော်အရှင်တိဿသည် ရွှေဘိုခရိုင် ဒီပဲယင်း

၁။ မန္တလေးသာသနာ့ဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်တိုက် သာသနာ ဝင်ကြည့်။
၂။ ဆရာတော်၏ ဖြစ်စဉ် တွေ့ရသော့သတ္တံ့။

မြို့နယ် ငုတောင်ရွာ ဇာတိ ဖြစ်သည်။ ၁၂၁၆-ခု ဖွားတည်း။ (မန္တလေး သာသနာဝင်ကျမ်း၊ မင်းထင်တိုက် သာသနာဝင်ကြည့်)။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" မန္တလေးမြို့ အနောက်ပြင် ခပ်မကန့်တိုက် စာချဆရာတော် အရှင်သူရိယသည် ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ ဇာတိ ဖြစ်သည်။ ၁၂၁၆-ခု ဖွားတည်း။

ပဋိပတ္တိအရာ လွန်စွာ ကျော်စောကိတ္တိရှိသော ဝေဘူဆရာတော်ဘုရားကြီး အရှင်ကုမာရသည် ရွှေဘိုခရိုင် အင်ကြင်းပင်ရွာ ဇာတိ ဖြစ်သည်။

"သက္យသီဟဓမ္မာစရိယ, အစိုးရ ဓမ္မာစရိယ" စစ်ကိုင်းတောင်ရိုး ဂန္ဓာရုံ ဆရာတော် အရှင်ပညိန္ဒသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သခွတ်တောရွာ ဇာတိ ဖြစ်သည်။[၁]

"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)" စစ်ကိုင်းတောင်ရိုး ပါဠိကာရီ သုံးခွချောင်းဆရာတော် အရှင်ဝရသာမိဘိဝံသ သည် ရွှေဘိုခရိုင် ညောင်ပင်ကြီးရွာ ဇာတိ ဖြစ်သည်။[၁]

"သက္ယသီဟဓမ္မာစရိယ, အစိုးရဓမ္မာစရိယ" ပစ္စယတ္တဝဗောဓနီ ကျမ်းပြု, စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပ္ပဏချောင်ဆရာတော် အရှင်ဝိသုဒ္ဓိသည် ရွှေဘိုခရိုင် သရိုင်ရွာ ဇာတိ ဖြစ်သည်။[၁]


"ဥပသဂ္ဂဝိဘာဝနီကျမ်း, အာချာတပဒဝိဘာဝနီကျမ်း, ဓာတုဝိဘာဝနီကျမ်းစသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော် မူခဲ့သော အရှင်ပရမ မဟာထေရ်သည် ရွှေဘိုမြို့ မြောက်မျက်နှာ ရွာသန်းရွာ ဇာတိ ဖြစ်သည်။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" ဘုံ တံဆိပ်တော်ရ အရှင်တိလောကာဘိဝံသသည် ရွှေဘိုခရိုင် ဒီပဲယင်း တောင်လက် ထုံးဘိုရွာ ဇာတိ ဖြစ်သည်။[၂]

"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)" မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော် အရှင်သုဝဏ္ဏ ဇောတိသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ပန်းပုရွာ ဇာတိ ဖြစ်သည်။[၃]

---

၁။ စစ်ကိုင်းသာသနာဝင်ကြည့်။
၂။ မဟာဂိသုတာရာမနိကာယသာသနာဝင်၊ ၃၆၃-ကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း၊ ဝိသုဒ္ဓါရုံတိုက်သစ်သာသနာဝင်ကြည့်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

မန္တလေးမြို့၊ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တဇောနေယျဗုဒ္ဓိ

သက်တော် ၇၇-နှစ်၊ သိက္ခာတော် ၅၇-ဝါ

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" မန္တလေးမြို့ မစိုးရိမ်တိုက် နာယက စာချဆရာတော် အရှင်စာရိန္ဒသည် ရွှေဘိုခရိုင် ရေဦးမြို့ အပိုင် ဖလံကုန်းရွာ ဇာတိ ဖြစ်သည်။ ၁

"တိပိဋကဓရ, တိပိဋကဓရကောဝိဒ" ဘွဲ့တံဆိပ်တော်ရ အရှင်သုမင်္ဂလာလင်္ကာရသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ဇာတိ ဖြစ်သည်။ ၂

ဤသို့ စသည်ဖြင့် ရွှေဘိုခရိုင်သည် 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ, 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ, 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ရ, 'တိပိဋကဓရ, တိပိဋကကောဝိဒ' ဘွဲ့ တံဆိပ်တော်ရ, ဂန္ထကာရကကျမ်းပြု ပုဂ္ဂိုလ်တို့၏ ပေါ်ထွန်းရာ ဒေသမွန် ဖြစ်လေသည်။

ရွှေဘိုဝှပဒေသော နာမ၊ ပိညူနံ ပိဋကဘ္ဘဃော။
ဥပ္ပတ္တိဒေသဘာဝေန၊ ပသိဒ္ဓေါ မြန်မာ့ဘူတလေ။

### ဒီပဲယင်းမြို့

ယခုအခါ ဒီပဲယင်းမြို့သည် စစ်ကိုင်းတိုင်း အတွင်း ပါဝင်သည့် မြို့ဖြစ်သည်။ ပုဂံမြို့ သမတီးကျောက်စာ၌ ဒီပဲယင်းကို တိပေအ်သျင် ဟု ရေးထိုးသည်။ သို့ဖြစ်၍ ဒီပဲရင်း (ယင်း) သည် ရှေးမြို့ ဖြစ်ကြောင်း သိသာ၏။ ဒီပဲယင်းမြို့သည် ရေဦးမြို့မှ အနောက်ဖက် ၉-မိုင်ကွာ ရေဦး မုံရွာ မီးရထားလမ်းပေါ်တွင် တည်ရှိသည်။ ဒီပဲယင်းမြို့မှာ စတုရန်းမိုင် ၆၁၅-မိုင် ကျယ်ဝန်းပြီး ကျေးရွာပေါင်း ၂၃၁-ရွာ ပါဝင်၏။ ဒီပဲယင်းကား ရဟန်းပညာရှိများသာမက စစ်သူကြီး မဟာဗန္ဓုလ အစရှိသော သူရဲကောင်းများ၏ ပေါ်ထွန်းရာလည်း ဖြစ်၏။ ယင်း ဒီပဲယင်းမြို့နယ် ချုံရွာကား အဂ္ဂမဟာပဏ္ဍိတ ကဝိမိုရ်ပုဂ္ဂိုလ် ပေါ်ထွန်းသည့်ရွာ ဖြစ်၏။

ဒီပဲယင်း နဂရံနာမ၊ သူရာနံ ပိဋကတ္တယော။
ဝီရာနံ သမ္ဘဟာရေပိ၊ ဥပ္ပတ္တိ မြန်မာ့ဘူတလေ။

### တပ်ထူးကဲ့ တန်ခူးလရာသီ

တန်ခူးလ မိဿရာသီကလည်း တမျိုးတဖုံ ထူးပါသည်၊ ဘုရားရှင်သည် တန်ခူးလဆုတ်နေ့တွင် သိဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ် ကြွရောက်တော်မူသည်။

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ မစိုးရိမ်ဘွဲ့ သာသနာဝင်ကြည့်။
၂။ အကျယ် တိပိဋကဓရဝတ္ထုသန္ဒီပနီကျမ်း။ ၂၂၁-၂၄၈- ကြည့်။

ယင်း တန်ခူးလ မိဿရာသီတွင် သင်္ကြန်ပွဲတော်ကို ကျင်းပရိုး ရှိ၏။ နှစ်ဟောင်းလွန်ကြူ၍ နှစ်သစ်ကူးပွဲတော်၌ မြန်မာလူမျိုးတို့ နံ့သာရေဖြင့် တဦးကို တဦး ပက်ဖြန်း ပျော်မြူးလေ့ ရှိကြ၏။ တောမြိုင်တခွင်လုံးမှာလဲ ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေ ဝေခါစ လလဲ ဖြစ်သည်။ ဖော်ပြပါ တန်ခူးလ မိဿရာသီမှာ ကံ့ကော်ပန်းတွေလဲ ပွင့်ကုန်၏၊ စိတြနက္ခတ် နှင့် ငွေသော်တာ လမင်းတို့ ပြိုင်ဆိုင် ထွန်းပ ကြကုန်၏။ ယင်း တန်ခူးလ မိဿရာသီနှင့် စပ်၍ ဖိုးသူတော် ဦးမင်းသည်—

ဟောင်းရွက်ညှာ ခွာလှစ်လို့၊ တာသစ်ကယ်တဲ့ နံ့ကြိုင်။
သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော် ဝတ်မှုံကျင်း၊ သင်းပျံ့လှိုလှိုင်။
ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။
စိတြယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာ ဟောင်းတော်စွန်းမှာ။
ထွန်းထိန်လို့လင်း။[၁]

ဟူ၍ သဖြန်ကဗျာ ဖွဲ့ဆိုခဲ့လေသည်။

သမ္ဘဝဇာတ် ပါဠိ (ဇာ၊ ၁။ ၃၇၈)၌ လည်း—

ယထာပိ ရမ္မကော မာသော၊ ဂိမှာနံ ဟောတိ ဗြာဟ္မဏော။
အတေဝညေဟိ မာသေဟိ၊ ဒုမပုပ္ဖေဟိ သောဘတိ။

ဟူ၍ တန်ခူးလ ချီးမွမ်းခန်းလာရှိ၏။

ဆယ့်နှစ်လရာသီဖွဲ့ ပါဠိနိဿယကျမ်း၌လည်း—

စိတ္တာသမ္ဘတမာသော ဟိ၊ အတေဝညေဟိ သောဘတိ။
ရမ္မကမာသော ရမ္မမာသော၊ ဘေနေဝ ဝေါဟာရော ဘဝိ။
တသ္မိံ သုစိတ္တမာသမှိ၊ နာဂဒုမာ သုပုပ္ဖရေ။
ပုပ္ဖန္တိ အသနဒုမာ၊ ဝါယန္တိ ကာနနေဟိ ဝေ။
သက်ဠမဟုဿဝေါ ပိ၊ တမှိ မာသမှိ ဝတ္တတေ။
ဂန္ဓောဒကေဟိ အညောညံ၊ သိဥ္စမာနာ သုမောဒရေ။[၂]

ဟု လာရှိ၏။

## ဆရာတော် လောင်းလျာ ဖွားမြင်ပြီ

ဘွဲ့ တံဆိပ်တော်ရ ပညာရှင်တို့ အဆက်မပြတ် ပေါ်ထွန်းရာ ဖော်ပြပါ စစ်ကိုင်းတိုင်း ယခင်က ရွှေဘိုခရိုင်အပါအဝင် ဒီပဲယင်းမြို့နယ် ချုံရွာ၌ အဖ

---

၁။ ဆယ့်နှစ်လရာသီဖွဲ့ပေါင်းချုပ်။ ၈၉-နှာ။
၂၊ ဆယ့်နှစ်လရာသီဖွဲ့ပါဠိ နိဿယ။ ၁၊ ၂။ ၃-ဂါထာ။

ဝိုက်ပူကြီး ဦးဖိုး, အမိ ဒေါ်သဲမှုန်တို့မှ ၁၂၆၄-ခုနှစ် တဖုံထူးခြားသည့် တန်ခူးလဆုတ် ၁၄-ရက် အင်္ဂါနေ့တွင် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇောနေယျ ပုဒ္ဓိလောင်းလျာသည် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ဦးဖိုး-ဒေါ်သဲမှုန်တို့၌ သား ၃-ယောက် သမီး ၃-ယောက် အားဖြင့် သားသမီး ၆ယောက် ထွန်းကားရာ ဆရာတော်သည် ဆဋ္ဌ (၆ · ယောက်) မြောက် သားရတနာ ဖြစ်လေသည်။

## ဆရာတော်နာမည် မောင်လှ

ဆရာတော်လောင်းလျာသူငယ်ကား ဝါဝင်း ထိန်ပြေ ကျက်သရေနှင့် ပြည့်စုံသည့် အဆင်း နှင့် ချောမွတ်နူးညံ့သော ကိုယ်ရေ အသား နှင့် ပြည့်စုံခြင်း စသည့် အလှ ကြန်အင် စုံလင်သဖြင့် မိ ဖ ဉာတိတို့က ဆရာတော်လောင်းလျာကို မောင်လှ ဟူ၍ မှည့်ခေါ်ကြကုန်၏။

မောင်လှတ္တတိ မနုညမ္ပိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမ္ပိ တေ စ သန္ဓာယ၊ မာတာပိတာဒိ ဉာတယော။

## ကျောင်းနေ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ မောင်လှသည် ကျောင်းလိုက်နိုင်သော အရွယ်တွင် မိဘတို့၏ အပ်နှံမှုကြောင့် ဒီပဲယင်းမြို့နယ် ချုံရှာကျောင်းဆရာတော်ထံ၌ ကလေးတို့ သင်အပ် သင်သင့် သင်ထိုက်သော သင်ပုန်းကြီး, နမက္ကာရ, ပရိတ်, လောကနီတိ အစရှိသော စာပေများကို သင်ယူတော်မူခဲ့လေသည်။

## ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်ခြင်း

သက်တော် ၁၂ - နှစ်အရွယ်တော် ခေတ်သို့ရောက်ရာ ၁၂၇၆ · ခုနှစ် တန်ခူးလဆန်း ၁၂ - ရက်နေ့တွင်-

သာသနံ ပုညဝန္တဿ၊ ပုညပန္တာဝ လာဘရေ။
အပ္ပပုညာ ကာရဟာစိ၊ ပဂ္ဂဏှိတု မဂ်ိသယော။

ပုညဝန္တဿ- ပုဉ်းကံကြီးမား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ- သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ- ကုသိုလ်ကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်။ ပဂ္ဂဏှိတုံ- ပဉ္စင်း, မွေ့ နှစ်ဝလုံလောက် ချီးမြှောက်ယောက်ပံ့ခြင်းငှာ။ လာဘရေ-မုချပိုင်ပိုင် ရနိုင်ကုန်၏။ အပ္ပပုညာ- ပုဉ်းကံ ပါးရှား

---

၁။ ဝိမ်ဗွာသာရ မ္ဗဒသနသျေချိ၊ ပ၂၈တွဲ - ၁၃၇။

ပုဂ္ဂိုလ်များတို့သည်။ အဝိသယာ— အလှမ်းဝေးကွာ မရာသည်၏အဖြစ်ကြောင့်။ ကရဟစိ— တရံတခါမျှ။ ဝါ— တရံတဆစ်မျှ။ ပဂ္ဂဏှိတုံ — ပစ္စယ, ဓမ္မ နှစ်ဝ လုံလောက် ချီးမြှောက်ထောက်ပံ့ခြင်းငှာ။ နလဘာရေ— မရနိုင်ကြကုန်။

ဟူသည်နှင့် အညီ ပုဉ်းကံကြီးမားသော ဖခင်ကြီး ဦးဖိုး နှင့် မိခင်ကြီး ဒေါ်သမှုန်တို့သည် သာသနာတော်၏ အသုံးအဆောင် ပရိက္ခရာ စုံလင်စွာဖြင့် ပုဉ်းကံကြီးမားသော သားကို ဒိပဲယင်းမြို့နယ် ကျွန်းဦးကျောင်း ဆရာတော် အရှင်ဇောတကို ဥပဇ္ဈာယ်ပြုစေ၍ သာသနာတွင်း သွတ်သွင်း ချီးမြှောက်ကြကုန်၏။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဇာနေယျ ဟူသော ဘွဲ့မည်ကို မှည့်ခေါ်တော်မူသည်။

ဥပဇ္ဈာယံ ကိရိတ္ဂာန၊ ဇောတံ သာသနဇောတကံ။
သာမဏေရတ္တနံ ပတ္တော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## မဟာဝိသုဒ္ဓါရုံတိုက် ရောက်ရှိပညာသင်

ဆရာတော်လောင်းလျာ ရှင်ဇာနေယျဗုဒ္ဓိသည် ငယ်စဉ်ကပင် ရွှေကျင် နိကာယ ဗဟိုဌာနချုပ် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်ရှိ၍ ပညာသင်ကြားခွင့်ကို ရရှိတော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခြင်း

သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၇၃ - ခုနှစ် တပေါင်းလဆန်း ၁၂ - ရက်နေ့ နံနက် ၉ - နာရီအချိန်တွင် စစ်ကိုင်းမြို့နယ် ပန်းချီရွာ အရှင် ဣဿရိယကျောင်း ခဏ္ဍသိမ်တော်၌ ရွှေကျင်နိကာယ သမ္မုတိ သာသနာပိုင် ဒိပဲယင်းဆရာတော်ဘုရားကြီး အရှင်ဉာဏဝရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းမြို့နယ် ပန်းချီရွာ ကျောင်းဒါယကာ ပွဲစားကြီး ဦးမြို့, ဒေါ်အေးပွင့် သား မောင်ကြာကြီး, သမီး မဖွားစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူသည်။ ဆရာတော် အရှင်ဇာနေယျဗုဒ္ဓိရဟန်းခံစဉ် ဆရာ တော် အရှင်ပရမ, အရှင်ဒီပ, အရှင်ဣဿရ, အရှင်ရာဇိန္ဒ, အရှင်ပညာ, အရှင် ဇောတ, အရှင်ဉာဏ အစရှိသော မထေရ်မြတ်တို့သည် ကမ္မဝါ ရွတ်ဖတ် ချီးမြှောက်တော်မူကြကုန်၏။

ဥပဇ္ဈာယံ ကရိတ္ဂာန၊ ဒီပဲယင်းသံဃပိတရံ။
ဉာဏဝရံ သံဃရာဇံ၊ ဒုလ္လဘံ အလဘိ သုဓီ။

## ဒီပဲယင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉာဏဝရ

ဒီပဲယင်းဆရာတော်ဘုရားကြီး အရှင်ဉာဏဝရသည် သက္ကရာဇ် ၁၂၇၀ -ခု နှစ် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ရွှေကျင် ဂိုဏ်းကြီးကို ဆက်လက်စောင့်ရှောက် အုပ်ချုပ်ရန် အထက်မြန်မာနိုင်ငံတော် အတွက် ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် တင်မြှောက်ခြင်း ခံ တော်မူရလေသည်။ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ထောက်ရှာရွာ၌ ဦးရွှေဆေး, ဒေါ်ရှိန်တို့မှ သက္ကရာဇ် ၁၂၁၄ - ခုနှစ် တော်သလင်းလဆုတ် ၁၀ - ရက် အင်္ဂါ နေ့တွင် ဖွားမြင်တော်မူသည်။

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့သည်။ ဆရာတော်သည် အလွန် ဉာဏ်ထက်မြက်တော်မူသည်။ ငယ်စဉ်ကပင် တပည့်တပန်း ရဟန်း, သာမဏေတို့ကို စာပေချပို့ သာသနာကို ချီးမြှောက်တော် မူသည်။ သဒ္ဒတ္ထဋီကသဒ္ဒါငယ်ကျမ်း, လောကစက္ခုကျမ်း, ပရမတ္ထစက္ခုကျမ်း, မနောဒိဋ္ဌိဝန္ဒနာ ဘုရားရှိခိုးကျမ်း စသည်တို့ကို ပြုစီရင်တော်မူသည်။ ၁၂၈၉- ခုနှစ် ပြာသိုလဆန်း ၅ - ရက်နေ့တွင် ပျံလွန်တော်မူသည်။[၁]

## ဒီပဲယင်းဆရာတော်ဘုရားကြီးထံ ပညာသင်

ဆရာတော်လောင်းလျာသည် ဖော်ပြပါ ရွှေကျင်နိကာယ သမ္မုတိ သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီး အရှင်ဉာဏဝရထံ၌လည်း စာပေ ကျမ်းဂန်အရပ်ရပ်တို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဉာဏဝရဿ၊ ရွှေကျင်နိကာယ ကေတုနော။
ဗဟာဝေါ ဂန္ထေပိ သိက္ခိ၊ သိက္ခနေ နိန္နမာနသော။

## ရွှေကျင်နိကာယဉပဉက္ကဋ္ဌ အရှင်အဂ္ဂဓမ္မာဘိဝံသ

ရွှေကျင်နိကာယ ဉပဉက္ကဋ္ဌ အရှင်အဂ္ဂဓမ္မာဘိဝံသသည် မာဂဓ, သက္ကတ ကျမ်းဂန်အရပ်ရပ်တို့၌ လိမ္မာကျွမ်းကျင် တတ်မြောက်တော်မူသည်။

မြင်းခြံမြို့နယ် ဖလံရွာ၌ အဖ ဦးရွှေဇင်, အမိ ဒေါ်ရွှေပြုံးတို့မှ ၁၂၄၀ - ပြည့်နှစ် တပေါင်းလဆန်း ၁၁ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူ သည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့သည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ၉ - နှစ်တိုင် သီတင်း

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက် သာသနာဝင်ကြည့်။

သုံး၍ နိကာယ် ၅-ရပ်ကို သင်ယူတော်မူခဲ့သည်။ အရှင်အဂ္ဂဓမ္မသည် ဆရာတော်အရှင်ပညာ, အရှင်နန္ဒဝံသ, အရှင်နန္ဒိယတို့နှင့် အတူ မဟာပိသုတာရာမတိုက်ကြီးကို လွှဲအပ်ခြင်းကိုလည်း ခံတော်မူရသည်။ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်၌ သီတင်းသုံး၍ မိုးတားသာသနာပိုင်, မိုင်းခိုင် ဆရာတော် စသည်တို့ထံ၌လည်း ပညာသင်ကြားခဲ့သည်။ အရှေ့ပြင် ခင်မကန်တိုက် အရှင်အရိယဝံသထံ၌လည်း အဘိဓမ္မာညဝါများကို သင်ကြားတော်မူခဲ့သည်။ မန္တလေး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက် မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးထံ၌လည်း သက္ကတကျမ်းစာများ နှင့် ဖြတ်ထုံး စသည်များကို သင်ယူတော်မူခဲ့သည်။ သကျသီဟစာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ စာသင်တန်း, စာချတန်း ၂-တန်းလုံး၌ နံပါတ် ၁-ဖြင့် ချည်း အောင်မြင်တော်မူသည်။ အိန္ဒိယနိုင်ငံ, သီဟိုဠ်ကျွန်းတို့၌လည်း သီတင်းသုံး၍ သက္ကတဘာသာကို သင်ကြားခဲ့ရာ ပါရဂူပေါက် တတ်မြောက်တော်မူသည်။ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်၌ ဂဏဝါစကဖြစ်၍ ကြာမြင့်စွာ သီတင်းသုံးတော်မူသည်။

၁၂၈၉-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် ဒီပဲယင်းဆရာတော် ကိုယ်တိုင် သံဃာတော်များစွာဖြင့် ကိုယ်တိုင်လိုက်ပို့ကာ အဘယာရာမတိုက်သစ်ကို အရှင်အဂ္ဂဓမ္မာဘိဝံသအား အပ်နှင်းချီးမြှောက်တော်မူသည်။ ထိုအခါမှစ၍ အဘယာရာမဆရာတော်ဟု လွန်စွာ ကျော်စောလေသည်။ ဆရာတော်သည် အဘိဓာန်နိဿယသစ်, မောဂ္ဂလ္လာန်နိဿယ, ပဉ္စိကာနိဿယ စသော ကျမ်းဂန်ပေါင်း များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၂၉၄-ခုနှစ် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံတော်မူရသည်။ ၁၂၉၅-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ၁၃၀၅-ခုနှစ် နတ်တော်လဆုတ် ၆-ရက်နေ့တွင် ပျံလွန်တော်မူသည်။[၁]

## ဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မာဘိဝံသထံ ပညာသင်

အရှင်ဇာနေယျဗုဒ္ဓိသည် ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ, ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသထံ၌လည်း ရူပသိဒ္ဓိ, မောဂ္ဂလ္လာန် စသည့် ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်။

သန္တိကေ အဂ္ဂဓမ္မဿ၊ အဂ္ဂဓမ္မာဘိ ကာမိနော။
သိက္ခိတဗ္ဗေ သော သိက္ခိတွာ၊ တေသု ဆေကော ဝိဒူ အဟု။

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ အဘယာရာမတိုက် သာသနာဝင် ကြည့်။ မဟာဝိသုတာရာမ နိကာယ သာသနာဝင် ၃၇၆-၃၇၉ - လည်း ကြည့်။

## ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အရှင်ကောသလ္လာဘိဝံသ

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသသည်လည်း မာဂဓ, သက္ကတ ပညာရှင်ဖြစ်တော်မူသည်။ မြင်းခြံမြို့တောင်လက် လယ်ကြီးရွာ၌ အဖ ဦးချင်းအို, အမိ ဒေါ်စိတ်ကောင်းတို့မှ ၁၂၅၀ - ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၂ - ရက်နေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်,ရဟန်း ပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ ၁၂၇၄- ခုနှစ်တွင် "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း၌ သီတင်းသုံး၍ စာပေပို့ချသဖြင့် စည်ရှင်ဆရာတော်ဟု တွင်သည်။ ၁၃၀၁ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ၁၃၀၈ - ခုနှစ် တပေါင်းလဆန်း ၁၂ - ရက်နေ့တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံတော်မူရသည်။ မဟာရူပသိဒ္ဓိနိဿယ, ဝိသုဒ္ဓါရုံ ပိဋကတ် အဘိဓာန်စသော ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်ခဲ့သည်။ ၁၃၁၁- ခုနှစ် နတ်တော်လဆန်း ၁၀ - ရက်နေ့တွင် ပျံလွန်တော်မူသည်။ [၁]

## စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသထံ ပညာသင်

ဆရာတော်လောင်းလျာသည် ဖော်ပြပါ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ, အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသထံ၌လည်း မာဂဓ, သက္ကတကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

> သန္တိကေ ကောသလ္လာဘိ၊ ကောသလ္လမိဋ္ဌနာမ္ဘော သုဓီ။
> ဥဂ္ဂဟိ မာဂဓဉ္စာပိ၊ သက္ကတဉ္စ ပုနာပရံ။

## ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ကြီး

မဟာဝိဇယာရာမစာသင်တိုက်ကြီးသည် ပခုက္ကူမြို့ အရှေ့ပိုင်း ဈေးအရှေ့ဖက်တွင် တည်ရှိသည်။ အလျားပေ ၂၅၀ - အနံပေ ၁၅၀ - မျှ အဝေသာကာရုံ ကျောင်းတော်ကြီးကို အုတ်တိုက်ကျောင်းဆောင် ၃၀-ခန့်တို့ဖြင့် ဝန်းရံ တည်ရှိ၏။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက ယင်းကျောင်းတိုက်ကြီး၌ သံဃာတော် ၅၀၀-၆၀၀-ခန့်တို့ နှစ်စဉ် သီတင်းသုံးတော်မူ၍ နိကာယ် ၅-ရပ် ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းများကို သင်ယူချပို့တော်မူခဲ့ကြကုန်၏။ ယခုလဲ သံဃာတော် ၃၀၀-ကျော်တို့ သီတင်းသုံး၍ စာပေသင်ယူချပို့တော်မူကြကုန်၏။ မဟာနာယက ဆရာတော် ဘုရားကြီး အမှူးရှိသော တိပိဋက ကျမ်းဂန်တတ် ဂဏ

---

၁။ အကျဉ်း မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ သာသနာဝင်ကြည့်။

ဝါစက စာချ ဆရာတော်တို့သည် စာသင်သား ရဟန်း, သာမဏေတို့အား နေ့ဝါညဝါ ကျမ်းစာ ပို့ချ၍ နှစ်သိမ့်စေတော်မူကြကုန်၏။

" အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု " ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် အရှင်ဇဝန ဆရာတော်ဘုရားကြီးသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဓာသာရထံ ၁၅-နှစ်ခန့် သီတင်းသုံးတော်မူ၍ စာပေချပို့ခြင်း, တရားဓမ္မဟောပြခြင်း, ကူညီကွပ်ကဲအုပ်ချုပ်ခြင်း စသည်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ၁၂၈၁-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့တွင် မဟာဝိဇယာရာမ စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်တော်မူသည်။ ရှေးဦးစွာ ပခုက္ကူမြို့ ပန်းပဲတိုက် ကျောက်စေတီဘုရားဝိုင်း အတွင်း၌ ယာယီကျောင်းများ ဆောက်လုပ်စေ၍ စာပေချပို့ သီတင်းသုံးတော်မူသည်။

နောက်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဥယျာဉ်တိုက် အဂ္ဂမဟာပဏ္ဍိတ လေသာ ဆရာတော် အရှင်မေဓိကမထေရ် ပုဂ္ဂလိကလှူဒါန်းသည့် မန်ကျည်းတော ကျောင်းဝိုင်းမြေ, ဦးချင်းလှူသည့်မြေ, မန်ကျည်းချောင်းရပ် ပိုးကုန်သည် မတင့် လှူသည့်မြေနှင့် အစိုးရက လှူဒါန်းသည့် မြေကွက်လပ်များပေါ်၌ ဤမည်သော မဟာဝိဇယာရာမကျောင်းတိုက်ကြီးကို အခိုင်အမြဲတည် ဆောက်ကြပြီး ဆရာတော်ဘုရားကြီး အရှင်ဇဝနထံ စာတုဒ္ဒိသသံဃိက ကျောင်းတိုက်ကြီး အဖြစ် လှူဒါန်းကြကုန်၏။ သံဃာတော် များစွာတို့ ချမ်းသာစွာ သီတင်းသုံးဖြစ်အောင် အဆောက်အဦများ ပြီးစီးသဖြင့် ၁၂၈၄-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့နံနက် မင်္ဂလာအချိန်ကောင်းတွင် ဆရာတော်ဘုရားကြီးသည် ကျောက်စေတီဘုရားဝိုင်းအတွင်းမှ သံဃာတော် ၄၀၀-ကျော်တို့နှင့် အတူတကွ မဟာဝိဇယာရာမတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူ၍ စာပွဲသဘင် မစဲယင်တော်မူခဲ့ရာ မြန်မာနိုင်ငံသာသနာတွင် ထင်ရှားသည့် ကျောင်းတိုက်ကြီး ဖြစ်လေသည်။

ပါဠိတက္ကသိုလ်ခေတ်တွင် " မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် " အဖြစ် ထင်ရှားခဲ့သည်။ ဤမဟာဝိဇယာရာမ ပါဠိတက္ကသိုလ်မှ 'သာသနဓဇသီရိပဝရဓမ္မာစရိယ, သာသနဓဇဓမ္မာစရိယ, ပါဠိပါရဂူ " ဘွဲ့ တံဆိပ်တော်ရ ရဟန်းသံဃာတော်များစွာတို့ ပေါ်ထွန်းခဲ့သည်။

မဟာဝိဇယအာရာမော၊ ပသိဒ္ဓေါ မြန်မာဘူတလေ။
ပသိဒ္ဓေဟိ သပညေဟိ၊ သဗ္ဗဒါ သောဘတု နန္ဒနော။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်

ဆရာတော် ဘုရားကြီး အရှင်ဇဝန မဟာထေရ်ကား စာချကောင်းခြင်း, အဟောအပြောကောင်းခြင်း, ဩဝါဒအပေးကောင်းခြင်း စသည်တို့ကြောင့် သံဃာ့ဖခင်အရာ ထိုက်တန်တော်လျော်လှပါပေသည်။

မြင်းခြံခရိုင် သေဿယာက်စီရင်စု, ဇီး (ဆီး) တောရွာ၌ အဖ ဦးပိန်ကျော်, အမိ ဒေါ်သောင်းတို့မှ ၁၂၃၉-ခုနှစ် ဝါခေါင်လဆန်း ၅-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ၁၀-နှစ်သား အရွယ်တွင် သေယောက် ရွှေမြင်ကျောင်းတိုက်ဆရာတော် အရှင်စန္ဒိမာထံတွင် ရောက်ရှိပညာသင်ကြားခဲ့သည်။ ၁၂-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်သည်။ သက်တော် ၂၀-တွင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့သည်။ ရဟန်း ၂-ဝါတွင် ပခုက္ကူမြို့ ရေစကြိုဆရာတော်ဘုရားကြီးထံ ရောက်ရှိပညာသင်ကြားတော်မူသည်။ ရဟန်း ၃-ဝါမှ ၈-ဝါအထိ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက်, အရှေ့ပြင် ခင်မကန်, အနောက်ပြင် မိုးကောင်းတိုက်တို့၌ သီတင်းသုံး၍ နေ့ဝါ ညဝါများကို သင်ယူတော်မူခဲ့သည်။

ရဟန်းသိက္ခာ ၈-ဝါမှစ၍ ၂၃-ဝါအထိ ၁၅-နှစ်တိုင်တိုင် မဟာဝိသုတာရာမတိုက်ကြီး၌ သီတင်းသုံး၍ စာပေကျမ်းဂန်တို့ကို သင်ကြားပို့ချတော်မူသည်။ ၂၃-ဝါအရ ဖော်ပြခဲ့သည့် မဟာဝိဇယာရာမတိုက်ကြီးကို တည်ထောင် ဖွင့်လှစ်တော်မူ၍ ပိဋကသုံးပုံပါဠိကို အဋ္ဌကထာ, ဋီကာဘဲ့ဖက်၍ ချပို့တော်မူခဲ့သည်။ ဝိနည်း ၅-ကျမ်း ပါဠိတော်နိဿယ, သံယုတ်ပါဠိတော် ၅-ကျမ်း ပါဠိတော်နိဿယ, အင်္ဂုတ္တိုရ် ၁၁-ကျမ်း ပါဠိတော် နိဿယ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယ, နေတ္တိ ပါဠိတော်နိဿယ, ဒီဃနိကာယ် ပါဠိတော်နိဿယ စသည့် ကျမ်းပေါင်း ၃၅-ကျမ်းတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၂၈၉-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူ၍ ၁၃၁၈-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူသည်။ ၁၃၂၀-ခုနှစ် တပို့တွဲလဆုတ် ၇-ရက်နေ့တွင် ပျံလွန်တော်မူသည်။

ဆရာတော် အရှင်ဇဝနမဟာထေရ် ပျံလွန်တော်မူပြီးနောက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဇောတိက မဟာထေရ် မဟာဝိဇယာရာမ ကျောင်းတိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူသည်။ အရှင်ဇောတိကကား ၁၂၅၅-ခု ဖွားဖြစ်၍ ၁၃၃၄-ခုနှစ်တွင် ပျံလွန်တော်မူသည်။ ဆရာတော် အရှင်ဇောတိက ပျံလွန်တော်မူပြီးနောက် ဆရာတော် အရှင်ဉာဏိန္ဒမဟာထေရ်သည် မဟာဝိဇယာရာမတိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူသည်။[၁]

---

၁။ အရှင်ဉာဏိန္ဒကား ၁၂၅၇-ခုနှစ် ပြာသိုလဆုတ် ၂-ရက်နေ့ ဖွားတည်း။ ပခုက္ကူ သာသနာဝင် ၈၇-၉၃-ကြည့်။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနဝံ ပညာသင်

အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ အရှင်ဇာနေယျဗုဒ္ဓိ ရဟန်းတော်သည် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ကြီးသို့ ရောက်၍ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဇဝန မဟာထေရ်ထံ ပိဋကကျမ်းဂန်ပါဠိတော်တို့ကို အဋ္ဌကထာ, ဋီကာ, တွဲဖက် ဆိုဝါ, လိုက်ဝါတို့ဖြင့် သင်ယူလေ့လာတော်မူခဲ့လေသည်။

ဇဝနထေရသေဋ္ဌဿ၊ သန္တိကေ ဗုဒ္ဓိနန္ဒနော။
ဗုဒ္ဓိယာ ဝုဒ္ဓိဘာဝါယ၊ ဗဟူနံ သိက္ခနံ အကာ။

## စာဆိုကောင်း အဖြစ် ကျော်စောခဲ့

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့ မဟာဝိဇယာမ ဆရာတော် ဘုရားကြီးထံ စာသိစဉ် စာဆိုကောင်းအဖြစ် ကျော်စောခဲ့သည်။ စာနာလာသူ ကျောင်းဒါယကာကြီးတဦး၏ စာဆိုကောင်းသဖြင့် လှူဒါန်းသည့် ကပိုက်ဆောင် နာရီ တလုံးကိုလည်း အလှူခံ ရရှိတော်မူခဲ့ဘူးသည်။ ဆရာတော်ကား ပခုက္ကူ၌ ဆက်နေလျှင် ဂဏဝါစက, တိုက်အုပ်, နာယက ဖြစ်မည် ကေန်ဖြစ်၏။

## စာမေးပွဲများ ဖြေဆို အောင်မြင်ခြင်း

အရှင်ဇာနေယျဗုဒ္ဓိသည် စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ ဝိသုဒ္ဓါရုံ ဂဏဝါစက ပဋ္ဌမငယ်တန်း, ပဋ္ဌမလတ်တန်း, ပဋ္ဌမကြီးတန်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိစာသင်တန်း, အစိုးရပဋ္ဌမငယ်တန်း, ပဋ္ဌမလတ်တန်း, ပဋ္ဌမကြီးတန်းတို့ကိုလည်း ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။

## သာသနဓဇသီရိပဝရဓမ္မာစရိယ

ဆရာတော်သည် အစိုးရဓမ္မာစရိယ စာချတန်းကို ဖြေဆိုတော်မူလေရာ ၁၃၀၉ - ခုနှစ်တွင် ဂုဏ်ထူးဆောင်ကျမ်းများနှင့် တကွ ကျမ်းရင်း ၃ - ကျမ်းကို ဖြေဆိုအောင်မြင်တော်မူသဖြင့် နိုင်ငံတော်အစိုးရတို့ ဆက်ကပ်လှူဒါန်းသည့် "သာသနဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ ( မူလစာချ )

၁၂၇၆-ခုနှစ် ဒီပဲယင်း ဆရာတော်ဘုရားကြီးလက်ထက် ဖောာဝိသုဒ္ဓါရုံတိုက် သစ်၌ မန္တလေးမြို့ ပိုက်ကျုံးရပ် ဒေါ်စုက ဆောက်လုပ်လှူဒါန်းသော အုဋ္ဌ တိုက်ကို အလှူခံတော်မူရသည်။ ယင်း ပိုက်ကျုံး ကျောင်းတိုက်၌ သီတင်းသုံး

တော်မူသဖြင့် ပိုက်ကျုံးဆရာတော်ဟု ထင်ရှားလေသည်။ ဆရာတော်သည် စာလိုက်သံဃာများစွာတို့အား စာပေပို့ချတော်မူသဖြင့် ပရိယတ္တိ သာသနဟိတအသင်းကြီးက ၁၃၀၉ - ခုနှစ်တွင် "ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ ဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ( မူလစာချ )"အဖြစ်ဖြင့် ထောက်ပံ့လှူဒါန်း ကိုးကွယ်ခြင်းကို ခံယူတော်မူရသည်။

## ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပါဠိတက္ကသိုလ် ကိုယ်စားလှယ် တာဝန်, ဆင့္ဃသံဂါယနာ ပါဠိဝိသောဓက တာဝန်, နိုင်ငံတော်အစိုးရခုံဝိနိစ္ဆယ ဝိနည်းမိုရ်တာဝန်, ဝိနိစ္ဆယ နှင့် ခုံဝိနိစ္ဆယ ထပ်မံပြင်ဆင်ရေးအဖွဲ့ ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ်တာဝန် စသည်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။ ရွှေကျင်ဂိုဏ်း ကိစ္စ၏ တာဝန် အရပ်ရပ်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ( တွဲဖက် သာသနာပိုင် )

၁၃၃၇ - ခုနှစ်တွင် ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်၌ ကျင်းပသော ဇောဒသမ ရွှေကျင်နိကာယ သံဃအစည်းအဝေးကြီးက ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဖြစ်ဖြင့် တင်မြှောက်သဖြင့် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ( တွဲဖက်သာသနာပိုင် ) အဖြစ်ဖြင့် သာသနာ့အကျိုးကို သည်ပိုး ထမ်းဆောင်တော်မူသည်။[၁]

## တိပိဋက ပါဠိ မြန်မာ အဘိဓာန် နှင့် ပါဠိပဒပိဋကကျမ်းညွှန်း ကြီးမှူးပြုစု

၁၃၂၇ - ခုနှစ် ပြာသိုလဆုတ် ၁၃ - ရက် ( ၁၉၊ ၁၊ ၆၆ ) နေ့တွင် ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်း စစ်ဆေးရေးကော်မီတီ အတွင်းရေးမှူး ဦးလှမောင် နှင့် ငွေစာရင်းချုပ် ဦးချစ်တင်, အဘိဓာန်ဌာနမှူး ဦးဗိုလ်မောင်တို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ မြောင်းမြဆရာတော်ဘုရားကြီး ရှေ့မှောက်၌ လျှောက်ထားချက် အရ ဝိသုဒ္ဓါရုံဂဏဝါစက အဖွဲ့က စ-ဝဂ်ကို တာဝန်ယူ၍ တိပိဋက ပါဠိ

---

၁။ ယင်းကြခတ်ဝိုင်း အစည်းအဝေးမှ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက် တိုက်အုပ် ဆရာတော်ဘုရားကြီး အရှင်ဇောတိကို ရွှေကျင်နိကာယဥပဥက္ကဋ္ဌ, ရွှေကျင်နိကာယ သာသနာပိုင် အဖြစ် တင်မြှောက်၍ စစ်ကိုင်းတောင်ရိုး ရွှေဘုံသာဆရာတော် အရှင်ပဏ္ဍိတ, အမရပူရမြို့ ဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ, မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံ အသောကာရုံ ဆရာတော် အရှင်သုဂဏ္ဏဇောတိ, ပိုက်ကျုံးဆရာတော် အရှင်ဇာနေယျဗုဒ္ဓိတို့ကို ရွှေကျင်နိကာယဥပဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။

မြန်မာ အဘိဓာန်ကျမ်းကို ပြုစုတော်မူလျက် ရှိ၏။ စ-ဝဂ် အဘိဓာန်များကို သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ဘုရားကြီး တို့ကို အမှူးထား၍ ပြုစုခဲ့သည်။

ငင်းပြင် ပဝဂ်တွင် ပ နှင့် တွဲပုဒ်များကို ဝိသုဒ္ဓါရုံဂဏဝါစက အဘိဓာန်အဖွဲ့က ဆက်လက်ပြုစုရာတွင် ဖော်ပြပါ စံကင်းဆရာတော်ဘုရားကြီး နှင့် မြောင်းမြဆရာတော်, အသောကာရုံဆရာတော်တို့ ပျံလွန်တော်မူကြပြီး ဖြစ်သဖြင့် ပိုက်ကျုံးဆရာတော်သည် ဝိသုဒ္ဓါရုံတိုက်သစ် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး, တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျဉ်း, ပါဠိပဒပိဋက ကျမ်းညွှန်း ပြုစုရေးအဖွဲ့၏ အကြီးအမှူး ဖြစ်တော်မူသည်။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

မြန်မာနိုင်ငံ ပရိယတ္တိ စာပေ သင်ကြားရေး လောကတွင်—( ၁ ) မန္တလေးနည်း။ ( ၂ ) ပခုက္ကူနည်းဟူ၍ ထူးခြား ထင်ရှားသော စာသင်နည်း နှစ်နည်း ရှိလေသည်။ ယင်း နှစ်နည်းလုံးပင် ပရိယတ္တိစာပေ ကျမ်းကျင် လိမ္မာ တတ်မြောက်စေရေး အတွက် အထောက်အကူ ပေးနိုင်စွမ်း ရှိသော နည်းများပင် ဖြစ်ရာ ပိဋကသုံးအင် ကျမ်းကျင် လိမ္မာတော်မူကြသော ကဝိထေရ်ကျော် ဆရာတော်ကြီး အဆက်ဆက် တို့သည် ယနေ့ ထက်တိုင် လေးလေးနက်နက် လက်ခံ အသုံးပြု နေတော်မူခဲ့ကြပေသည်။ ထိုတွင် မန္တလေးနည်းမှာ စာချ ပုဂ္ဂိုလ်တို့၏ ပါဠိ, အဋ္ဌကထာ, ဋီကာစုံ ကြည့်၍ ပို့ချ ပေးရခြင်းကြောင့် စာချ ပုဂ္ဂိုလ်တို့၏ ဉာဏ်ပညာကို စံတင်ရာ ရောက်၍ ပခုက္ကူနည်းမှာ ဆိုဝါရ စာသင်သားတို့က ပါဠိ, အဋ္ဌကထာ, ဋီကာစုံ ကြည့်၍ ဆိုပြရသောကြောင့် စာသင်သားတို့၏ ဉာဏ်ပညာကို စံတင်ရာရောက်ပေသည်။ မန္တလေးနည်းအရ စာသင်သား အများက လက်ခံသော စာချ ပုဂ္ဂိုလ်တပါး ဖြစ်ရန် မလွယ်ကူသကဲ့သို့ ပခုက္ကူနည်းအရ စာချ ပုဂ္ဂိုလ်များက လက်ခံသော ဆိုဝါရ စာသင်သား တဦး ဖြစ်ရန်လည်း ခက်ခဲလှပေသည်။ ဆိုဝါရ စာသင်သားတဦး ဖြစ်ရန် "ဉာဏ်ပညာ ထက်ရသည်၊ လုံ့လ ဝီရိယ ရှိရသည်၊ အသံသြဇာနှင့် ပြည့်စုံရသည်" ဤအရည်အချင်း အင်္ဂါတို့နှင့် ပြည့်စုံပါမှ ဆိုဝါရ စာသင်သားတဦး ဖြစ်နိုင်ပေသည်။

ဆရာတော်သည် ပခုက္ကူ၌ စာပေ သင်ကြားနေစဉ် ဆိုဝါရ စာသင်သား တဦး ဖြစ်ခဲ့၏။ ဆိုဝါရ စာသင်သားတိုင်း ရှိရမြဲ ဖြစ်သော အရည်အချင်း အင်္ဂါတို့နှင့် ပြည့်စုံကာမျှသောက်ဖြင့် ဆိုဝါရ စာသင်သားတဦး ဖြစ်ခဲ့ရခြင်း ကား မဟုတ်ပေ။ စာဆိုရာ၌ အထစ်အငေါ့ မရှိခြင်း, ကြည်လင်ပြတ်သား၍ သာယာနာပျော်ဖွယ် ရှိခြင်း စသည်တို့က သာလွန် ထူးခြားသောကြောင့် စာချ

ဆရာတော်များ၏ ချီးကျူး မြှောက်စားခြင်းကို ခံခဲ့ရရုံမျှ မက စာနာသူ ကျောင်းဒါယကာ တဦး၏ စာဆိုမှု၌ ကြည်ညိုလွန်း၍ လှူဒါန်း ဆက်ကပ်သော နာရီတလုံးကိုပင် အလှူခံခဲ့ရသေးသည်။ မိမိ ပညာစွမ်းဖြင့် လှူဒါန်း၍ လက်ခံရရှိခဲ့သော ထိုနာရီကို ကိုယ်တိုင် သုံးစွဲခြင်း မပြုပဲ ဝိသုဒ္ဓါရုံတိုက်သို့ ပြန်လည်ရောက်ရှိသော အခါ မိမိ ဆရာအား လှူဒါန်းခဲ့လေသည်။

ထို့ပြင် " ရွှေကျင်သာသနာ အတွက် စာပေဘက်၌ ထူးချွန်သူများ ဖြစ်လိမ့်မည် " ဟု တတိယမြောက် ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော် ဘုရားကြီး ကိုယ်တိုင် နိမိတ်ဖတ်စကား မိန့်ကြား၍ ချီးမြှောက်ခြင်းခံခဲ့ရသော ဆရာတော်တပါး ဖြစ်လေသည်။

ဆရာတော်သည် ယခုအခါ ရွှေကျင်ဂဏသမဋ္ဌာပက ဖြစ်တော်မူကြသော ၁။ ရွှေကျင်ဆရာတော် ၂။ မဟာဝိသုဒ္ဓါရုံဆရာတော် ၃။ ဒီပဲယင်းဆရာတော် စသည့်တို့၏ ဩဝါဒလမ်းစဉ်များကို လိုက်နာကျင့်သုံးလျက် ကျောင်းတိုက်ပေါင်း တထောင်ကျော် သံဃာတော်ပေါင်း တသောင်းကျော်ရှိသော ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ဝတ္တရား အားလုံးကို တာဝန်ယူ ဆောင်ရွက်တော်မူလျက် ရှိပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ယင်းသို့ သာသနာတော် အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက, ဂန္ထဓုရာဝဟ, မဟာထေရ, ပရိယတ္တိဝိသာရဒ, လင်္ကာဒီပသလ, သိက္ခာကာမ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ၁၃၄၀-ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါမိဓေန တံ။
ပူဇေသုံ မြန်မာဘူပါလာ၊ ထေရံ ထိရသု သဏ္ဌိတံ။

## ချီးကျူး ပူဇော်ကြခြင်း

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ အရှင်ဇာနေယျာဘိဝံသ မဟာထေရ်မြတ်ကြီးအား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ, ချမ်းမြေ့ရိပ်သာ စသည်တို့မှလည်း ပင့်၍ ချီးကျူးပူဇော်လှူဒါန်းကြကုန်၏။

## ဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော် အရှင်ဇာနေယျဗုဒ္ဓိ၏ ထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်ဘုရားကြီး အရှင်ဇာနေယျဗုဒ္ဓိ၏ ဖြစ်စဉ်ဖြစ်ရပ် အတ္ထုပ္ပတ္တိ နှင့် ဆောင်ရွက်ချက် အမျိုးမျိုးတို့ကို အကျဉ်းထုတ်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် တရပ်ခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

ဇာနေယျဗုဒ္ဓိထေရဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒိပနိယံ၊ သုသခေပ နိဒဿနံ။

--

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက်

### ဆရာတော် အရှင်ဣန္ဒက မဟာထေရ်၏

# မဟာထေရုပ္ပတ္တိသန္ဒိပနီ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒိပနီ စာတော်ဖတ်.... အသင်စာတော်ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက် ဆရာတော် အရှင်ဣန္ဒက မဟာထေရ်၏ အဖြစ်တော်စဉ်ကို ကြည်ညို ယိုဖိတ် သဒ္ဓါတရားကိန်းဝပ်သောစိတ်ဖြင့် ဖတ်ရှုလေ့လာရာ၏။

### ရောဝတီတိုင်း ဓနုဖြူမြို့

ရောဝတီတိုင်းအတွင်း၌ မြို့နယ်ပေါင်း ၂၆ - မြို့နယ်ပါဝင်ရာ ဓနုဖြူမြို့သည်လည်း ရောဝတီတိုင်းအတွင်းတွင် ပါဝင်သည့် မြို့ ဖြစ်သည်၊ ဓနုဖြူမြို့သည် ယခင်က မအူပင်ခရိုင် အတွင်းတွင် ပါဝင်သည့် မြို့နယ်တနယ် ဖြစ်သည်။ ယခင်က မအူပင်ခရိုင်တွင် မအူပင် နှင့် ညောင်တုန်းမြို့နယ်များ ပါဝင်၍ တဖန် မအူပင်နယ်မှာ မအူပင်မြို့နယ် နှင့် ပန်းတနော်မြို့နယ် တို့ဖြင့် လည်းကောင်း၊ ညောင်တုန်းနယ်မှာ ညောင်တုန်းမြို့နယ် နှင့် ဓနုဖြူမြို့နယ် တို့ဖြင့်



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ပဥ္စာန်းသိပ္ပံတိုက်

ဆရာတော် ဘဒ္ဒန္တဣန္ဒက

သက်တော် ၇၇-နှစ်၊ သိက္ခာတော် ၅၇-ဝါ

လည်းကောင်း ဖွဲ့စည်းထားသည်။ သို့ဖြစ်၍ ယခင်က မအူပင်ခရိုင်တွင် နယ် ၂-နယ် နှင့် မြို့နယ် ၄-ခု ရှိလေသည်။

ဖော်ပြပါ မအူပင်ခရိုင်သည် ရှေးဌတီတိုင်း (တနည်း) အောက်မြန်မာပြည် အနေနှင့် ကျေးနပ် ဂုဏ်ယူနိုင်လောက်အောင် ဗုဒ္ဓမြတ်စွာ သာသနာ့ ဝန်ဆောင် ရဟန်းတော်တို့၏ သီတင်းသုံး ပေါ်ထွန်းရာ ခရိုင် မြို့နယ် ဖြစ်ကြောင်း သမိုင်းကြောင်းအရ သိသာလှ၏။

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃနာယက, နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ဘုရားကြီး အရှင်အာစိဏ္ဏမဟာထေရ်သည် မအူပင်မြို့ မြို့လယ်ကျောင်းတိုက်၌ သက်ဆုံးတိုင် သာသနာပြုတော်ခဲ့မူသည်။ ဆရာတော် အရှင်အာစိဏ္ဏ မဟာထေရ်ကား ၁၂၄၅-ခုနှစ်တွင် ဖွားမြင်၍ ၁၃၃၄-ခုနှစ်တွင် ပျံလွန်တော်မူသည်။[၁]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ သာရုပသာဒကကျမ်း, စာဏကျနီတိ နိဿယကျမ်း, သာရုသမာစာရကျမ်း စသော ကျမ်းဂန်ပေါင်း ၂၀-ကျော်တို့ကို ပြု စီရင်တော်မူခဲ့သော ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ဆရာတော်ဘုရားကြီး အရှင်ကောသလ္လသည် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သံကြိုးရွာဇာတိ ဖြစ်သည်။[၂]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ အလင်္ကာနိဿယသစ်, အပရိဟာနိယအဖွင့် စသည့် ကျမ်းဂန်တို့ကို ပြု စီရင်တော်မူခဲ့သည့် စံကျောင်းဆရာတော်ဘုရားကြီး အရှင်ဝါယမသည် မအူပင်ခရိုင် ညောင်တုန်းမြို့၌ သက်ဆုံးတိုင် သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် ဩဝါဒါစရိယ, ဆဋ္ဌသံဂါယနာ သံဃနာယက အရှင်ရေဝတဓမ္မ ဆရာတော်ဘုရားကြီးသည် မအူပင်ခရိုင် ညောင်တုန်းမြို့၌ မဟာဝိသုတာရာမ စာသင်တိုက်ကို တည်ထောင်တော်မူ၍ ကြာမြင့်စွာ သီတင်းသုံး စာပေချပို့တော် မူခဲ့သည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက် နာယကဆရာတော်ဘုရားကြီး အရှင်စန္ဒရံသီသည် မအူပင်ခရိုင် ဓနုဖြူမြို့ သာပေါင်းရပ် ဇာတိ ဖြစ်သည်။ ၁၂၆၂-ခု ဖွားတည်း။

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ မိုးကောင်းတိုက် သာသနာဝင်ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ မြတောင်တိုက်သာသနာဝင်ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပန်းတနော်မြို့ ကပိုင်ဆရာတော် ဘုရားကြီး အရှင်လောကိဿရသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဗောဓိချောင်း ရေလယ်ကျေးရွာ ဇာတိ ဖြစ်သည်။ [၁]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်ဝိမလမဟာထေရ် သည် မအူပင်ခရိုင် ညောင်တုန်းမြို့ ရွှေဟသာ်ာတောရကျောင်းတိုက်ကြီး၏ တိုက်အုပ် နာယကဖြစ်၍ သာသနာပြုတော် မူသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဤ အဋ္ဌုပ္ပတ္တိသခင် စစ်ကိုင်း တောင်ရိုး ပဋ္ဌာန်းသိပ္ပံ တိုက် နာယကဆရာတော် အရှင်ဣန္ဒကမဟာထေရ် သည်လည်း မအူပင်ခရိုင် ဓနုဖြူမြို့ တောင်ပိုင်းရပ် ဇာတိ ဖြစ်သည်။

ဤသို့ စသည်ဖြင့် မအူပင်ခရိုင်သည် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ် တော်ရ ပညာရှိရဟန်းတော်တို့၏ ပေါ်ထွန်းရာ, သီတင်းသုံးရာ ဒေသမွန် ဖြစ် လေသည်။

မအူပင် ပဒေသောစာပိ၊ လဒ္ဓေါပါဓိကသုဓီနံ။
ဥပ္ပတ္တိဋ္ဌာန ဘာဝေန၊ ပညာတော မြန်မာ့ဘူတလေ။

## ဓနုဖြူမြို့

ဓနုဖြူမြို့သည် ယခုအခါ ဧရာဝတီတိုင်း အပါအဝင် ဓနုဖြူမြို့နယ်၏ ရုံး စိုက်ရာ မြို့ ဖြစ်သည်။ ယခင်က မအူပင်ခရိုင်အတွင်း ပါဝင်သည့် မြို့ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်အရပ်ရှိ ဧရာဝတီမြစ် အနောက်ဖက်ကမ်းတွင် တည်ရှိသည်။ ခရစ်သက္ကရာဇ် ၁၈၂၅-ခုနှစ်တွင် ဓနုဖြူတွင် ကျဆုံးခဲ့သော မြန်မာ့စစ် သူကြီး မဟာဗန္ဓုလ၏ သင်းချိုင်းသည် ဓနုဖြူ၌ တည်ရှိသည်။ ဓနုဖြူမြို့၌ သဒ္ဓမ္မဇောတိကာရာမတိုက်, မဟာဗောဓိကျောင်းတိုက် အစရှိသော ထင်ရှား သော ကျောင်းတိုက်များလည်း ရှိကုန်၏။

## လေပြေခညောင်း တပေါင်းလရာသီ

တပေါင်းလကား ပါဠိအခေါ် 'ဖဂ္ဂုဏ' ဖြစ်သည်။ ဖဂ္ဂုနီယာ ပရိပုဏ္ဏော စန္ဒ- ယုတ္တာယ ယုတ္တော မာသော ဖဂ္ဂုဏော=ဖဂ္ဂုနီနက္ခတ်နှင့် စန်းယှဉ်သော လ ဟူ၏။ [၂] ဖော်ပြပါ တပေါင်းလမှာ တောမြိုင်အတွင်း ပိတောက် အင် ကြင်းတွေ သင်းကုန်၏။ ပိတောက်ပန်းနံ့ အင်ကြင်းပန်းနံ့တွေကို လေများ

---

၁။ ဤကျမ်း ဆရာတော် အရှင်လောကိဿရမဟာထေရ်၏ ထေရုပ္ပတ္တိသန္ဒိပနီ ကြည့်။

၂။ ပဒရူပအတိဓာန်နိဿယသစ်၊ ၆၂-နှာကြည့်။

သယ်ဆောင်လာပြီး သတ္တဝါတို့၏ ဿနပသာဒသို့ အရောက် ပို့ဆောင်၏၊ လောကသားတို့ တပေါင်းလရာသီကို မျှော်လင့်ကြသည်။ ယင်းလမှာ ရာသီဥတုလဲ မပူမအေး နေလို့ အလွန်ကောင်းသည် မဟုတ်ပါလော။ ယင်းလကို "လေပြေညှောင်း တပေါင်းလ"ဟု သမုတ်ခဲ့ကြကုန်၏။ ကဗျာခိုရ် စလေဆရာ ဦးပုညသည် ဖော်ပြပါ တပေါင်းလကို—

မိန်ရာသီ ခါပြောင်းလို့၊ လတပေါင်း တူညီ၊
ကြယ်ပြုဗ္ဗာ ဘရဏီယံ၊ ရောင်စုံခြယ် ယှက်သန်း၊
သတ်ဝီသ ပါဒ်သုညာမှာ၊ ဖဝါးဆာယာ လေးခုသို့လှမ်း၊
ဗာတ္တိံသ ညဉ့်နာရီမှာ၊ အငှ်စမ္မိ နေ့မှန်း၊
ဖူးတန်စီ ထွေဆန်းလို့၊ အင်ကြင်းပန်း ရွှေဖီ၊
သဲစေတီ တည်စမြဲပေ၊ သဘင်ပွဲ သည်လရာသီ၊
ပဋ္ဌမပိုဒ် အစချီသည်၊ မကိုဋ္ဌညီဘုမ္မစိုးငယ်နှင့်၊
မြေနှင့်မိုး အလုံးစုံ၊ သိမ်းပိုက်လို့ ကြုံ၊
လာဘ်လာဘ ပြည့်စုံသည်၊ ဇာနည်ဂုဏ်ဉာဏ်မျိုးရှင့်လေး။

ဟူသော တေးထပ်ဖြင့် ဖွဲ့ဆို ချယ်သခဲ့လေသည်။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဖော်ပြပါ ဧရာဝတီတိုင်း (ယခင်က မအူပင်ခရိုင်) အပါအဝင် ဓနုဖြူမြို့ တောင်ပိုင်းရပ်တွင် အဖ ဦးအောင်ရ, အမိ ဒေါ်အေးလှတို့မှ သက္ကရာဇ် ၁၂၆၄ ခုနှစ် တပေါင်းလဆုတ် ၃-ရက် တနင်္ဂနွေနေ့ နံနက် ၁၀-နာရီ ၃၀-မိနစ် အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

## မိဖတို့ ကြီးပြင်းအောင် စောင့်ရှောက်ခြင်း

ဆရာတော်လောင်းလျာ သတိုးသား သူငယ်ကို ဖခင်ကြီး ဦးအောင်ရ နှင့် မိခင်ကြီး ဒေါ်အေးလှတို့သည် ဥယျာဉ်ပျိုးသလို အမျိုးမျိုး ကြီးပြင်းအောင် စောင့်ရှောက်ကြကုန်၏။ အထူးသဖြင့် မိခင် ဒေါ်အေးလှမှာ သားကလေး ကျန်းမာရေးအတွက် နို့ရည်သန့်ရှင်းရန် ရည်ရွယ်၍ သင့်တင့်သော အစားအစာများကိုသာ စား၍ နို့ရည်သန့်, နို့ရည်ကောင်း, နို့ရည်ချိုတိုက်ကျွေး၍ ယုယုယယ မွေးမြူခဲ့သည်။ သူငယ်လောင်းလျာ အသားနုကလေးတွေ ရှမည်စိုး၍ နူးညံ့သိမ်မွေ့ ချောမွတ်သော အနှီးအဝတ်များထွေး၍ သာသာယာယာ မွေးမြူခဲ့လေသည်။ မိခင်ကြီး ဒေါ်အေးလှသည် သားလှ ရွှေသွေ့

ဆရာတော်လေ၀င်းလျှာ လူကလေးအတွက် စောင့်ရှောက်ရသော ဒုက္ခအပူကို သိတဂူဟု ထင်မှတ်ခဲ့သည်။

ဦးအောင်ရ ဂဟပတိ စ၊ ဒေါ်အေးလှ ဃရသာမိနီ။
ရက္ခိ သု ထေရကုံရံ တံ၊ ပုညသမ္ဘာရ သံယုတံ။

## ရှေးဦးစွာ အတတ်ပညာ သင်ပေးကြခြင်း

ဆရာတော်လေ၀င်းလျှာ သတိုးသားသူငယ်ကို ဖခင်ကြီး ဦးအောင်ရနှင့် မိခင်ကြီး ဒေါ်အေးလှတို့သည် သြကာသ ဘုရားရှိခိုး, ဇာတိပိ သော ဘဂ၀ါ စသော ဘုရားဂုဏ်တော်, သွာက္ခာတော ဘဂ၀တာ ဓမ္မော အစရှိသော တရားဂုဏ်တော်, သုပ္ပဋိပန္နော ဘဂ၀တော သာဝကသံဃော အစရှိသော သံဃာ့ဂုဏ်တော် စသည်တို့ကို သင်ပေးခဲ့ကြကုန်သည်။ ဆရာတော်လေ၀င်းလျှာကား နှုတ် အလွန် ကောင်းသည်။ပါးစပ်ခပ်ကြီးကြီးနှင့် သင်ပေးလိုက်လျှင် ရလွယ်သည်။ ဤစာပြုသူသည် ဆရာတော် သီတင်းသုံးရာ စစ်ကိုင်းမြို့ စစ်ကိုင်း တောင်ရိုး ပဌာန်းသိပ္ပံတိုက်သို့ ၁၃၃၉-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့က သွားရောက်၍ ဆရာတော်အား သမိုင်းကြောင်းနှင့် စပ်၍ သိစရာတချို့ကို မေးလျှောက်ဘူးပါသည်။ ၎င်းပြင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ခံယူစဉ်ကလဲ ကဏ္ဍာဒေး ပုဗ္ဗဝိဒေဟကျောင်းဆောင်ပေါ်၌လည်းကောင်း, ဆင့်သံဂါယနာ မဟာပါသာဏလိုဏ်ဂူထဲ၌လည်းကောင်း အနီးကပ် ဖူးမြင်လေ့လာမိပါသည်။ သို့ဖြစ်၍ ဆရာတော့် နှုတ်စ လျှာစ, ရုပ်ရည်ရူပကာယကို ရိပ်စားမိပါသည်။

## ရှင်သာမဏေ၀တ်၍ သာသနာ၀န်တမ်းရွက်ခြင်း

ဆရာတော်လေ၀င်းလျှာ သတိုးသားသည် သက်တော် ၇-နှစ်သား အရွယ်တွင် ရန်ကုန်မြို့ ပုဇွန်တောင် ကျိုက်ထီးရိုးကျောင်းတိုက်တွင် အစ်ကိုဝမ်းကွဲ တော်သော အရှင်သောဘိတ အထံတွင် ရှင်သာမဏေ၀တ်ခဲ့သည်။ ဘွဲ့တော် ရှင်ဣန္ဒက ဖြစ်သည်။ ၎င်းနောက် ရွှေဖြူးမြို့ တောင်ပိုင်းရပ် ဘယ ဆေးကုန် သည်ကြီး ဦးအောင်ပွင့်, ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟာဖြင့် ရွှေဖြူးမြို့ မဟာ ဗောဓိကျောင်းတိုက်ကြီးကို ဦးစွာပဌမ တည်ထောင်ဖတော်မူသော ဆရာတော် ဘုရားကြီး အရှင်ကဝိန္ဒ၏ အထံတော်၌ ရှင်သာမဏေ၀တ်၍ ဘုရားမြတ်စွာ သာသနာ့၀န်ကို တမ်းဆောင်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ကဝိန္ဒသည် ရှင်ဣန္ဒကကို သားရင်းပမာ လွန်စွာစောင့်ရှောက်တော်မူသည်။ လောကမှာ ရနိုင်ခဲတဲ့ အရာတွေများစွာရှိတယ်။ ၎င်းတို့မှာ ( ၁ ) ဘုရားရှင်ပွင့်တဲ့အခါ ရခဲခြင်း၊ ( ၂ ) သူတော်ကောင်းတရား နာကြားရဖို့ ရခဲခြင်း၊ ( ၃ ) သံဃာ

တော်တွေ့ဖူးမြင်ရဖို့ ရခဲခြင်း၊ (၄) သူတော်ကောင်းနှင့် ပေါင်းရဖို့ ရခဲခြင်း အားဖြင့် ၄-ပါး ဖြစ်၏။

ဗုဒ္ဓေါ စ ဒုလ္လဘော လောကေ၊ သဒ္ဓမ္မဿဝနမ္ပိ စ။
သံဃော စ ဒုလ္လဘော လောကေ၊ သပ္ပုရိသောတိ ဒုလ္လဘော။[၁]

တနည်းဆိုလျှင် (၁) လူ အဖြစ်ကို ရခဲခြင်း၊ (၂) ဘုရား ပွင့်တော်မူရာ သာသနာနှင့် ကြုံဖို့ ရခဲခြင်း၊ (၃) ပတိရူပဒေသဝါသစသော အထူးအခွင့် ပြည့်စုံဖို့ ရခဲခြင်း၊ (၄) သူတော်ကောင်းတရား နာရဖို့ ရခဲခြင်းအားဖြင့် ၄-ပါး ဖြစ်၏။

ဒုလ္လဘဉ္စ မနုဿတ္တံ၊ ဗုဒ္ဓုပ္ပါဒေါ စ ဒုလ္လဘော။
ဒုလ္လဘာ ခဏသမ္ပတ္တိ၊ သဒ္ဓမ္မော ပရမဒုလ္လဘော။[၁]

တနည်း ဒုလ္လဘတရား ၅-မျိုးလာသည်။ ၎င်း ၅-မျိုးကား (၁) ဘုရား ပွင့်ရာအခါ ရခဲခြင်း ကြုံခဲခြင်း၊ (၂) လူအဖြစ် ရခဲခြင်း ကြုံခဲခြင်း၊ (၃) သင့်မြတ်သောအရပ် နေရခြင်း၊ မျက်စိ, နား, နှာခေါင်း, ခြေလက် စသော အင်္ဂါတို့ မချို့တဲ့ခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းစသော ဂုဏ်ကိုရခဲခြင်း၊ (၄) ရဟန်း အဖြစ် ရခဲခြင်း၊ (၅) သူတော်ကောင်းတရားကြားနာရဖို့ ရခဲခြင်းအားဖြင့် ၅-ပါး ဖြစ်၏။[၂]

ဆရာတော်လေဝင်းလျှာကား ရခဲခြင်းမျိုးစုံကို ရတော်မူ၏။ ရဟန်းအဖြစ် ရဖို့ရန် ရောင်နီဦးဖြစ်သည့် ရှင်အဖြစ်ကို ရတော်မူလေပြီ။

သန္တိကေ ထေရသေဋ္ဌဿ၊ ကဝိန္ဒဿ သုပိညုနော။
သာမဏေရတ္တနံ သော ဟိ၊ ပတ္တော သုဝိသိဋ္ဌ သုဓီ။

## ဥပဇ္ဈာယ်ဆရာတော်အထံ၌ ပညာသင်ကြားခြင်း

သာမဏေ ဝတ်ပြီးနောက် ဥပဇ္ဈာယ် ဆရာတော် အရှင်ကဝိန္ဒအထံ၌ ရှင်ကျင့်ဝတ်, နမက္ကာရ, ပရိတ်ကြီး စသည့် သာမဏေယ်တို့ တတ်အပ် တတ်သင့် တတ်ထိုက်သော ပညာရပ်များကို သင်ယူတော်မူခဲ့လေသည်။

ဥပဇ္ဈာယန္တိကေယေဝ၊ ဂန္ထကော ဟိ သုဓာတိမာ။
သိက္ခိတဗ္ဗေ သုသိက္ခိတွာ၊ သာသနာနုဂ္ဂဟံ အကာ။

---

၁။ ဇိနာလင်္ကာရဋီကာ။ ၁၇-နှာကြည့်။
၂။ ဒီ၊ ဋ္ဌ၊ ၁။ ၄၇။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၀၈-ကြည့်။

## အဂ္ဂမဟာပဏ္ဍိတ မဟာသိဝချောင်ဆရာတော် အရှင်ကုမာရမဟာထေရ်

ဆရာတော် အရှင်ကုမာရသည် စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒကာ၏ ဆရာသားလည်း ဖြစ်၏။ ဝမ်းကွဲ အစ်ကိုတော် လည်းဖြစ်၏။ မဟာသိဝချောင်ကို စတင် တည်ထောင်၍ သာသနာပြုတော်မူ သည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။ ဆရာတော်သည် ချောင်းဦးမြို့၌ အဖ ဦးအောင်ဘပ်[၁], အမိ ဒေါ်စံမယ်တို့မှ သက္ကရာဇ် ၁၂၄၂-ခုနှစ်တွင် ဖွား မြင်တော်မူသည်။ နံတော် တနင်းလာသားတည်း။ အရွယ်ရောက်သော် ရှင်, ရဟန်း ပြု၍ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော် မူခဲ့လေ သည်။ ဘွဲ့တော် အရှင်ကုမာရဖြစ်လေသည်။

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံး၍ မဟာ ဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး နှင့် အခြားထင်ရှားသည့် ကျမ်းဂန်တတ် ဆရာ တော်များထံ နေ့ဝါ, ညဝါ ကျမ်းဂန်များကို သင်ယူတတ်မြောက်တော် မူခဲ့ လေသည်။ ပညာသင်ကြားပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူ၍ ဇေတဝန်ချောင်၌ သီတင်းသုံးတော်မူပြီး ဇေတဝန်ဘုရားကို ဦးဆောင်ပြုပြင် ဆင်ခြင်း စသော ဗုဒ္ဓဝေယျာဝစ္စကို ပြုတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၇၁-ခုနှစ်တွင် မဟာသိဝချောင်ကို တည်ထောင်တော်မူ၍ သာသနာပြု တော်မူခဲ့သည်။ မဟာသိဝချောင် (မဟာသိဝကျောင်းတိုက်) ၏ ခမ်းနားပုံကို ပဋ္ဌာန်းသိပ္ပံဆရာတော် ဦးဣန္ဒကမဟာထေရ်က—

> မဟာသိဝါတိပညာတံ- မဟာသိဝ မည်နာမဖြင့် မြန်မာ့တိုင်းတွင် ပေါ်လွင်ကျော်ကြား အလွန်ထင်ရှားသော။ မဟာရာမံ- သမထ, ဝိပဿနာ, ဘာဝနာယောဂီ အလီလီတို့ ရှင်ကြည်ဖို့ရာ သာယာပြန့် ကျယ် လမ်းသွယ်သွယ်နှင့် ခန့်ထယ်ကြီးမြတ် ဇရပ် တန်ဆောင်း ဂူ ကျောင်း တိုက်တာ မဟာရံတံတိုင်းကြီးတို့ဖြင့် ဝေဆာတင့်ဆန်း နတ် ဘုံနန်းမျှ မခန်းအံ့ရာ ပြည့်စုံစွာသော တိုက်တာ အရာမ်ကြီးကို။[၂]

ဟူ၍ ဖွဲ့ဆိုတော်မူခဲ့လေသည်။

မဟာသိဝဆရာတော်သည် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းတို့ကို လွယ်ကူစွာ ကြည့်ရှုလေ့လာ ကူးခပ် ချုပ်နိုင်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည့်အပြင် တရားဟော ကောင်း မေ့ကထိက အကျော်အမော်လည်း ဖြစ်သည်။ ၎င်းပြင် –

---

၁။ စစ်ဖြစ်ရာ၌ အောင်ပွဲရသည့်တပ်ကို စွဲ၍ ဦးအောင်တပ် တွင်သတတ်။

၂။ ပဋ္ဌာနသာရဒီပနီ။ ၂၉။

၁။ မဂ္ဂဗောဓကကျမ်း၊

၂။ ဥဿာဟဒီပနီကျမ်း၊

၃။ မစုရတ္တဝိနိစ္ဆယကျမ်း (ပေါင်းတည်မြို့နေ ဒါယကာတဦး မေးလျှောက်သဖြင့် ဆုံးဖြတ် ဖြေဆိုသည့် ကျမ်းဖြစ်သည်)။

၄။ သံဝေဇနီယကထာကျမ်း (မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူစဉ် ဖွဲ့ဆိုရေးသားသည့် ကျမ်းဖြစ်သည်)။

တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။

သက်တော် ၅၈-နှစ်ရှိရာ ၁၃၀၀-ပြည့်နှစ် ပြာသိုလဆန်း ၁၃-ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

သက်တော် ၇၁-နှစ်အတွင်း ရောက်ရှိရာ ၁၃၀၃-ခုနှစ်တွင် ပျံလွန်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ မဟာသိဝဆရာတော်ထံ ပညာသင်

အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပ ဆရာတော် လောင်းလျာ ဘာမဏော ရှင်ဣန္ဒကသည် ၁၂၇၇-ခုနှစ် သက်တော် ၁၃-နှစ် အရွယ်တော်ခေတ်မှစ၍ ဖော်ပြပါ နောင်တော်ကြီးဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး မဟာသိဝချောင် ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ကုမာရမဟာထေရ်ထံ သဒ္ဒါ, သင်္ဂြိုဟ်, ဋီကာကျော်, ရူပသိဒ္ဓိ စသော ပိဋကတ် အခြေခံကျမ်းများကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ကုမာရဿာပိ, အဂ္ဂပဏ္ဍိတသာမိနော၊
အဂ္ဂပဏ္ဍိတဘာဝီ သော၊ ဣန္ဒကော သိက္ခနံ ကရိ။

## ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၈၄-ခုနှစ် ဝါဆိုလဆန်း ၁၀-ရက် တနင်းလာနေ့တွင် ဟသ္သာတမြို့ ကြည့်ကန်တိုက် ကြည့်ကန် ဆရာတော် ဘုရားကို[၁] ဥပဇ္ဈာယ်ပြု၍ ဟသ်ာတမြို့ ယစ်မျိုးဝန်ထောက် ဦးဘရှ, ဒေါ်ဖော့

၁။ ကြည့်ကန်ဆရာတော်ကြီးကား မင်းတုန်းမင်း နှင့် စကြာဒေဝီ မိဖုရားကြီး တို့၏ ပစ္စယာနုဂ္ဂဟ ခံယူရသော ရဟန်းဖြစ်သည်။

တို့၏ သမီးများ ဖြစ်ကြသော ဒေါ်သိန်းမေ, ဒေါ်အုန်းခင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ဟံသာတေ နဂရေ သုဘေ။
ထိရေ ရတံ ကြည့်ကန် ထေရံ၊ ဒုလ္လဘံ အလဘီ သုခီ။

## သိက္ခာအကြိမ်ကြိမ်ထပ်ခြင်း

ရဟန်းသိက္ခာ ၁ - ဝါရပြီးနောက် ခမည်းတော်ကြီး ဦးအောင်ရက ရဟန်းဒါယကာအဖြစ်ခံယူ၍ စစ်ကိုင်းတောင်ရိုး မဟာသိဝဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်မင်္ဂလာ ဆင်ယင်ပြုလုပ်သည်ကို ခံယူတော်မူသည်။ နောက်တွင် လေးမျက်နှာမြို့ မြို့ပရပ် ဒေါ်သန်းခင်နှင့် ဒေါ်ခင်သန်းနှစ်တို့က တကြိမ်, ကျောက်မဲမြို့ အထည်ကုန်သည် ဒေါ်သန်းတင်က တကြိမ်, စစ်ကိုင်းမြို့ ဒေါက်တာ ဦးလှရွှေ - ဒေါ်စိန်ရင်တို့က တကြိမ်, ရဟန်းဒါယကာ ရဟန်းဒါယိကာမများ ခံယူ၍ သိက္ခာထပ် မင်္ဂလာ ပြုကြသည်ကို ခံယူတော်မူသည်။

## သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး အရှင်စန္ဒာဘိဝံသ

စံကင်းဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမြို့နယ် လဉ်းယဉ်ရွာ၌ သက္ကရာဇ် ၁၂၃၂ - ခုနှစ် နတ်တော်လဆုတ် ၆ - ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ အင်္ဂမြောက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ မဟာဝိသုဒ္ဓါရုံတိုက်အုပ် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးများက ၂ - ကြိမ်တိုင်တိုင် တင်မြှောက်ဆုံးဖြတ်သဖြင့် စစ်ကိုင်းတောင်ရိုး ဝိပဿနာ ဂန္ဓာရုံကျောင်းမှ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်တော်မူ၍ "ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ" တာဝန်ကို လက်ခံတော်မူခဲ့သည်။ ဆန္ဒောမဋ္ဌရီ ဆပ္ပစ္စယဒီပနီကျမ်း၊ သဒ္ဒါကြီးနိဿယ၊ ပါတိမောက္ခနိဿယ၊ ဆန်းနိဿယ၊ အလင်္ကာနိဿယ၊ ဝစ္စဝါစကနိဿယ စသော ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူသည်။ ၁၃၁၅ - ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူသည်။ ၁၃၃၄ - ခု ပဉ္စမဝါဆိုလဆုတ် ၉ - ရက်နေ့ နံနက် ၈ - နာရီ ၄၅ - မိနစ် အချိန်တွင် ပျံလွန်တော်မူသည်။

### စံကင်းဆရာတော်ဘုရားကြီးထံ ပညာသင်

ဆရာတော်လောင်းလျာသည် ဖော်ပြပါ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင် နိကာယ သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး အရှင်စန္ဒာဘိဝံသထံ၌ လည်း ပရိယတ္တိကျမ်းဂန်များကို . သင်ယူတော်မူခဲ့လေသည်။

စန္ဒာဘိဝံသထေရဿ၊ စန္ဒသမာန မာနသော။
ဗဟဝေါ သိက္ခိတဗ္ဗေ သော၊ အိသိက္ခိ သိက္ခနေ ပဋော။

### ပခုက္ကူမြို့မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီးထံ ပညာသင်

ၡင်းပြင် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ, အဘိ ဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်ဇဝန ဆရာတော်ဘုရားကြီး၏ အထံ၌ လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်များကို သင်ယူ ဆည်းပူး လေ့လာ တော်မူခဲ့လေသည်။

ဆရာတော်ကား—

ဗဟုံ လဟုံ စ ဂဟဏံ၊ သမ္မုပဓာရဏမ္ပိ စ။
ဂဟိတ အသမ္မုဿနံ၊ ဧတံ သုဝိညု လက္ခဏံ။

ဟူသည်နှင့် အညီ များများလဲ သင်ယူခြင်း,မြန်မြန်လဲ သင်ယူခြင်း, ကောင်းစွာ နှုတ်တက်အာဂုံ ဆောင်သင့်သည်ကို နှုတ်တက်အာဂုံဆောင်ခြင်း, သင်ယူပြီးသမျှ မပျောက်ပျက်အောင် ဆောင်မှတ်နိုင်ခြင်း ဟူသော ပညာရှိပုဂ္ဂိုလ် ဖြစ်မည့် လက္ခဏာနှင့် ညီညွတ်စွာ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဇဝနဿာပိ၊ ဇဝနညာဏိကော ဝိဒူ။
တေပိဋကေ သမုဂ္ဂဏှို၊ ပိဋကေ မာမကော သုဓီ။

### အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတောဘုရားကြီး

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မြန်မာ့သာသနာ့ သမိုင်း, ဆဋ္ဌသံဂါယနာသမိုင်း, နိကာယ် ၅ - ရပ်စာမေးပွဲများ သမိုင်း, နိကာယဋ္ဌာတကစာမေးပွဲများ သမိုင်း, အဘိဓမ္မာစာမေးပွဲများ သမိုင်း, မစိုး ရိမ်ကျောင်းတိုက်ကြီးများ သမိုင်းကို လေ့လာတိုင်း ကသိုဏ်းအသွင် မြင်ယောင် ရမည့် သာသနာ့ ထိပ်တန်းဝန်ဆောင် ဆရာတော်ကြီး ဖြစ်တော်မူသည်။

မန္တလေးခရိုင် မတ္တရာမြို့နယ် ပေါက်ဝဲ၌ အဖ ဦးသော့, အမိ ဒေါ်မြှိမ်းတို့မှ သက္ကရာဇ် ၁၂၄၁ - ခုနှစ် တန်ဆောင်မုန်း လဆုတ် ၉ - ရက် သောကြာနေ့ ညဥ့် ၃ - ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်လှိုင်

ဖြစ်သည်၊ သက်တော် ၁၄ - နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သက်တော် ၂၀ - တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

၁၂၆၂ - ခုနှစ်တွင် ပဋ္ဌာန်မကျော်ဘွဲ့ကို ရရှိတော်မူသည်၊ ၁၂၇၀ - ပြည့်နှစ်တွင် "ဘဒ္ဒန္တသူရိယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်၊ ၁၂၈၁ - ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူ၍ ၁၃၁၇ - ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်တော်မူသည်။ သက်တော်၆၉-နှစ် ဝါတော်၇၇-ဝါအရ ၁၃၃၇ - ခုနှစ် သီတင်းကျွတ် လဆုတ် ၁၂ - ရက် သောကြာနေ့တွင် ပျံလွန်တော်မူသည်။

## မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသထံ ပညာသင်

ဆရာတော် လောင်းလျာ ရဟန်းတော် အရှင်ဥက္ကဋ္ဌသည် ဖော်ပြပါ "ပဋ္ဌာန်မကျော်, ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယ (သီးခြားစာချ), အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု" မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသထံတော်၌ ပဋ္ဌာန်းကျမ်း စသော ကျမ်းဂန်များကို လေ့လာ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ သူရိယဿာ ပိ၊ သဘ္ဗဒါ သူရဇာတိကော။
ဧသော ပဋ္ဌာနပဘုတိ- ဂန္ထေ ခေါ အသိက္ခိ သုဓိ။

## မင်္ဂလာရာမဆရာတော်ထံ ထပ်မံသင်ယူလေ့လာ

ထိုစဉ်က အမရပူရခေါ် တောင်မြို့၌ တောင်မြို့နည်း ပဋ္ဌာန်းသည် အလွန်ခေတ်စားသည်။ ပဋ္ဌာန်မကျော် မင်္ဂလာတိုက် ဆရာကြီး ဦးအုံးတို့, အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဝိမလတို့, တူးမောင်းတိုက် ဆရာတော် အရှင်နိန္ဒိယတို့, မင်္ဂလာတိုက်သစ်ဆရာတော် အရှင်ဓမ္မသာမိတို့, အရှင်ဥက္ကံသတို့ ပဋ္ဌာန်း၌ အလွန်လျှင် ကျွမ်းကျင်သည့် ပဋ္ဌာန်းသာသနာပြု ပဋ္ဌာနပါရဂူ, အဘိဓမ္မပါရဂူ ပုဂ္ဂိုလ်ထူးတို့ ဖြစ်ကြကုန်၏။ အရှင်ဥက္ကဋ္ဌသည် ရည်ရွယ်ချက်ဖြင့် ပဋ္ဌာန်းကျမ်းကို ဖက်ကမ်းပေါက်ရောက် တတ်မြောက်လိုသဖြင့် တောင်မြို့ မင်္ဂလာရာမတိုက် ဆရာတော်ထံ၌လည်း ပဋ္ဌာန်းကျမ်း လေ့လာ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ထေရသေဋ္ဌဿ၊ မင်္ဂလာရာမဝါသိနော။
အသိက္ခိ ပုန ပဋ္ဌာနံ၊ ပဋ္ဌာနေ ဥယျုတ္တော သုဓီ။

---

၁။ အကျဉ်းမျှလေး သာသနာဝင်ကျမ်း၊ မစိုးရိမ်တိုက် သာသနာဝင်ကြည့်။

### ပဋိပတ္တိအလုပ် အားထုတ်ခြင်း

ရဟန်းသိက္ခာ ၁၄ - ဝါအရတွင် ရွှေဘိုခရိုင် ခင်ဦးမြို့ ရွှေဘေးကင်းတောရ၌ ၃ - နှစ်တိုင် တောရဆောက်တည်၍ ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်း ဆရာတော်ထံ လေ့လာခြင်း

ဆရာတော်သည် ပဋ္ဌာန်းကို ထူးထူးချွန်ချွန် အလွန်လျှင် တတ်မြောက်လိုသဖြင့် ၁၃၀၅ - ခုနှစ်, ၁၃၀၆ - ခုနှစ်များတွင် အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းဆရာတော်အရှင်နာရဒ[၁] ကို မိမိသိတင်းသုံးရာ မဟာသိဝချောင်သို့ ပင့်လျှောက်သီတင်းသုံးစေတော်မူပြီး ထိုပဋ္ဌာန်းဆရာတော်ထံ ပဋ္ဌာန်း ၂၂ - တိုက် ကုန်သည်အထိ ဆိုဝါဖြင့် လေ့လာ တော်မူလေသည်။

သန္တိကေ နာရဒဿာ ပိ၊ ဣန္ဒတုလျ ပရက္ကမော။
ဣန္ဒကော ပဋ္ဌာနံ သော ပိ၊ ပုနာပိ ဥဂ္ဂဏှိ ဟိ ခေါ။

### မရမ္မရဋ္ဌဓမ္မကထိက ဝိနယဓရ

ဆရာတော်ကား အလွန်လျှင် ဉာဏ်ထက်မြက်တော်မူသည်ဟု လေ့လာသိရဘူးပါသည်၊ ဆရာတော်လောင်းလျာ ရဟန်းသိက္ခာ ၅ - ဝါအရတွင် "ဝိသုဒ္ဓသီလာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, ဝိသုဒ္ဓသီလာစာရ ကဝိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု, ဝိသုဒ္ဓသီလာစာရသိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ, ဒီ - လစ် - ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် လေးထပ်ရတောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး[၂]၏ ရှေ့တော်မှောက်၌ ပါရာဇိကပါဠိ, ပါစိတ္တိယပါဠိ, မဟာဝဂ္ဂပါဠိ, စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိ ဟူသော ဝိနည်း ၅ - ကျမ်းကို အာဂုံ ပြန်ဆိုတော်မူ၍ သာသနာပိုင် တောင်ခွင် ဆရာတော်ဘုရားကြီး ရေးသားစီရင်သော ပါဠိကျမ်းစာများကို အနက်မြန်မာပြန်ဆိုခြင်း, အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့ကြောင့် "မရမ္မရဋ္ဌ ဓမ္မကထိက ဝိနယဓရ သာသနာပြု ဆရာတော်" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း လက်ခံရရှိတော်သည်။

တောခွင်ဂုထေရသေဋ္ဌေန၊ သံဃရညာ သုဓီမတာ။
သံသိတော ဝိနယဓရ-ဥပါဓိနာ သုဣန္ဒကော။

---

၁။ ဤကျမ်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ပြည်သမိန်း ပဋ္ဌာန်းကျောင်းတိုက် ဆရာတော် အရှင်နာရဒမဟာထေရ်၏ ထေရုပ္ပတ္တိသန္ဒီပနီ ကြည့်။

၂။ အကျယ် မန္တလေး သာသနဝင်၊ တောင်ခွင်သာသနာဝင်ကြည့်၊

## ငယ်, လတ်, ကြီး အောင်မြင်ခြင်း

ဆရာတော်ကား စိတ်မြန် ကိုယ်မြန် ဝီရိယထက်သန်သူ ဝိညျုဇာတိက ပုဂ္ဂလ ဝိသေသပေတည်း။ အစိုးရစာမေးပွဲများကိုလည်း အလွတ်မပေး ဝင်ရောက်ဖြေဆိုတော်မူခဲ့သေးရာ ပဌမငယ်တန်း, ပဌမလတ်တန်း, ပဌမကြီးတန်းတို့ကို မပန်းလွယ်ကူ အောင်မြင်တော်မူခဲ့လေသည်။

## နည်းသစ်ဖြင့် ပဋ္ဌာန်းကျမ်းကြီးကို ကြိုးကြိုးပမ်းပမ်းချပို့ခြင်း

ဆရာတော်သည် မူလပဋ္ဌာန်းဆရာတော် အရှင်နာရဒ၏ ဇယားနည်းကို မိုးဝကောင်းကင် သိန္ဓောနှင်သလို လျင်လျင် မြန်မြန် သဘောပေါက် နား လည်အောင် လေ့လာပြီးနောက် ယင်း နည်းနာနယကို အခြေပြုကာ အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးနည်း, အဂ္ဂမဟာ ပဏ္ဍိတ - အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီးနည်း, ပဌမကျော် - ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ - အဂ္ဂမဟာပဏ္ဍိတ - အဘိဓဇမဟာရဋ္ဌဂုရု ပဋ္ဌာန်းအကျော် မစိုးရိမ် ဆရာတော်ဘုရားကြီးနည်း, မင်္ဂလာရာမဆရာတော်ဘုရားကြီးနည်းတို့ဖြင့် မွမ်းမံလျက် ပဋ္ဌာန်းချပို့နည်းသစ်ကို တီထွင်တော်မူခဲ့လေသည်။

အထူးအားဖြင့် မစိုးရိမ်ဆရာတော်ဘုရားကြီး နှင့် မူလပဋ္ဌာန်းဆရာတော် အရှင်နာရဒ၏ နည်းတို့ကို အခြေပြုသော ထိုနည်းသစ်ဖြင့် ၁၃၁၂ - ခုနှစ်မှ ၍ ပဋ္ဌာန်းကျမ်းကြီးကို ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသတို့ ရှေ့သွားပုဗ္ဗင်္ဂမဖြင့် ချပို့ တော် မူခဲ့လေသည်။ စာပေါ် တကြိမ်ထက် တကြိမ် စာလိုက်ပုဂ္ဂိုလ် ရဟန်း, သာမဏေ, သီလရှင်တို့ တိုးတက် များပြားလာ၍ ဆရာတော်၏ နည်းသစ်သည် စာသင်သားလောကတွင် အသိများ အကြိုက်များ ဖြစ်လာလေသည်။

> ပဋ္ဌာနပကရဏံ နာမ၊ နယသာဂရမုတ္တမံ။
> ဝါစယံ ဠန္ဒကော သော ဟိ၊ ဇိနသာသနဘာရဓော။

## ပဋ္ဌာန်းသိပ္ပံကျောင်းတည်ထောင် ပဋ္ဌာန်းတွင်တွင်ချပို့

ဆရာတော်သည် ပဌမအကြိမ်မှ ပန္နရသမ ( ၁၅ )ကြိမ်အထိ မဟာသိဝ ကျောင်း၌ သီတင်းသုံး၍ ချပို့တော်မူခဲ့သည်။ ၁၃၁၅ - ခုနှစ်တွင် ရတနာစုဝံ ကျောင်း ဆရာတော်ဘုရားကြီး၏ ချီးမြှောက်ချက်အရ ရတနာပုံလှိုင်းတက် ကျောင်းကို ဆက်ခံတော်မူရသည်။ ယင်း ကျောင်းကို ပဋ္ဌာန်းသိပ္ပံတိုက် ဟု အမည် သစ် မှည့်ပြီး ထိုကျောင်း၌ပင် ယနေ့တိုင် သီတင်းသုံးတော်မူ၍ "ကျမ်းကြီး ပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ " ဟူ၍ သာသနာ့တွင် ဥဒါန်း

တွင်ခဲ့သော ကျမ်းခက်, ကျမ်းကျယ်ကြီးဖြစ်သည့် ပဋ္ဌာန်းကျမ်းကြီးကို ချပို့တော်မူခဲ့လေသည်။

အာရာမံ မာပယိတွာန၊ ပဋ္ဌာန်းသိပ္ပံ သနာမကံ။
ပဋ္ဌာနံ ဝါစယိတွာန၊ သမ္ဗုဒ္ဓံ ပူဇယိ သုဓီ။

## ပဋ္ဌာန်းသိပ္ပံဆရာတော် ဟု ကျော်စောခဲ့

ယင်းသို့ ပဋ္ဌာန်းကျမ်းတော်ကြီး ချပို့လာ၍ ၁၃၁၃ - ခုနှစ် နတ်တော်လမှစ၍ ၁၃၄၀ - ခုနှစ် သက်တော် ၇၇ - နှစ် သိက္ခာတော် ၅၇ - ဝါ အထိ ၂၇ - နှစ်အတွင်း ချပို့လာရာ ၁၀၀ - အကြိမ်တိုင် မြောက်ခဲ့လေသည်။ ဆရာတော်ထံ ပဋ္ဌာန်းစာဆို, စာလိုက် စာသင်သားပေါင်း ၄၂၉၀ ( လေးထောင်နှစ်ရာ့ ကိုးဆယ် ) ကျော် အရေအတွက် ရှိ၏။ ဆရာတော်သည်လည်း ပဋ္ဌာန်းသိပ္ပံဆရာတော်ဟူ၍ လ, နေ အလား ကျော်စော ထင်ရှားခဲ့လေသည်။

ထေရော သကိစ္စမာဂမ္မ၊ ကိတ္တိသဒ္ဒေါ သမာဘဝိ။
ပဋ္ဌာန်းသိပ္ပံဆရာတော် တိ၊ သာသနေ ဗုဒ္ဓမာပိတော။

## ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်တွင် ပါဝင်ဆောင်ရွက်ခြင်း

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေတွင် ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် စစ်ကိုင်းတောင်ရိုး ပါရာဇိကပါဠိ ပဋိပုစ်ဆာ အမှတ် ၃ - အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ဆဋ္ဌသံဂါယနာတင်စဉ်က ပါရာဇိကပါဠိကို စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ သံဃာတော်များ ၃ - ဖွဲ့ခွဲ၍ ပြင်ဆင်ရန် တာဝန်ကျရာ အမှတ် ( ၁ ) အဖွဲ့၌ အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အရှင်ဇောတိပါလမဟာထေရ်က မဟာနာယကအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် ၆ - ပါး ပါ၀ှိသည်။ အမှတ် ( ၂ ) အဖွဲ့ကို ရွှေဟသာဆရာတော် အရှင်ပညာတက မဟာနာယကပဓာနအဖြစ်ဖြင့်ဆောင်ရွက်သည်။ အမှတ် ( ၃ ) အဖွဲ့တွင် ဝိပဿနာဂန္ဓာရုံချောင်ဆရာတော် အရှင်သီလဝံသက မဟာနာယကအဖြစ် ဆောင်ရွက်တော်မူသည်။ ယင်း အမှတ် ၃-အဖွဲ့တွင် ဆရာတော် အရှင်ကုန္ဒကထေရ် အဖွဲ့ဝင် အဖြစ် ပါဝင်တော်မူသည်။ ၎င်းပြင် ပဋ္ဌာနပါဠိပဋိဝိသောဓက တာဝန်ကိုလည်း ဆောင်ရွက်တော်မူသည်။

## ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခြင်း

ဆရာတော်သည် ပဋ္ဌာန်းကျမ်းကြီးကို အခေါက်ရေ ရာနှင့် ချီ၍ ချပို့ရုံမျှမကသေး စာပေကျမ်းဂန် ပြုစုတော်မူ၍လည်း ထူးမြတ်သော ဓမ္မဒါန ကုသိုလ်ထူးကို ဆည်းပူးတော်မူခဲ့လေသည်။ ယင်း ကျမ်းဂန်များမှာ—

၁။ ကထိနပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၂။ ဗာတ္တိံသမဟာပုရိသလက္ခဏာတော်ကဗျာကျမ်း၊
၃။ ကြည့်ကန် မဟာထေရုပ္ပတ္တိဒီပနီကျမ်း၊
၄။ ပဋ္ဌာန်းသိပ္ပံနည်းပြကျမ်း၊
၅။ ကာဗျမဉ္ဇူရီကျမ်း၊
၆။ ပဋ္ဌာန်းသိပ္ပံကျမ်း (ပဌမ, ဒုတိယ, တတိယ)၊
၇။ ပဋ္ဌာန်းလမ်းညွှန်ကျမ်း၊
၈။ ပဋ္ဌာနသာရမဉ္ဇူရီကျမ်း၊

စသည်တို့ ဖြစ်ကုန်၏။ ဆရာတော်ကား သာသနာတော်တွင် ရနိုင်ခဲသည့် ကျမ်းပြုဆရာတော်အဖြစ်ကိုလည်း ရယူတော်မူခဲ့လေသည်။

ဒုလ္လဘံ ဂန္ထကာရတ္တံ၊ အလဘိ ဇိနသာသနေ။
ဒုလ္လဘေ သာသနေ သော ဟိ၊ ကိစ္စကာရီ ဝိသာရဒေါ။

## သမိုင်းအကြောင်းအမြွက်

ဆရာတော် အရှင်ဣန္ဒက မဟာထေရ်သည် ပဋ္ဌာနသာရမဉ္ဇူရီကျမ်းငယ်နိဂုံး၌—

မဟာသိဝ ါတိ ပညာတံ၊ မဟာရာမံ သိရိန္ဒရော။
မာပယိတ္ထ မဟာထေရော၊ မမဝစ္ဆုနကာရတော။
တဿ ထေရဿ ကနိဋ္ဌော၊ သိဿောယံ ဣန္ဒကော ယတိ။
ပဋ္ဌာန်းသိပ္ပံတိ နာမေန၊ ဝိဿုတော မြန်မာ့ဘူတလေ။
ပဋ္ဌာနေ စ နယံ သာရံ၊ ဂဝေသန္တော တဟိံ တဟိံ။
ဉစ္စိနန္တော ပဋ္ဌာနဿ၊ သုသုန္ဒရံ နယံ လဘိံ။
ဣဒါနိ နေကဝဿံ ပိ၊ နေကဝ ါရံ ပိ ဝါစယိံ။
တံ နယံ စိရဋ္ဌိတာယ၊ ပေါတ္ထကေ လိခိတံ မယာ။

ဟူသော ၄ - ဂါထာဖြင့် အတ္ထုပ္ပတ္တိ သမိုင်းအမြွက်ကို ဖော်ပြတော် မူခဲ့သည်။

## အခြား ဆောင်ရွက်ချက်များ

ဖော်ပြပါ ဆောင်ရွက်ချက်များအပြင် စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌတာဝန်, စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ အုပ်ချုပ်ရေး မဟာနာယကတာဝန် စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ကျမ်းတကာတို့တွင် ပဋ္ဌာန်းကျမ်းသည် အကြီးကျယ်ဆုံး ဖြစ်၍ နည်းနယတွေ ကုဋေကုဋာမက မရေမတွက်နိုင်အောင် များလှ၍ "နယသာဂရ=နည်းသမုဒ္ဒရာကျမ်းကြီး" ဟု ပင် အဘိဓမ္မာ၏ အဖွင့်ဖြစ်သော အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကြီး၌ တင်စားတော်မူခဲ့၏။ ဤမျှကျယ်ဝန်းသော ပဋ္ဌာန်းကျမ်းကြီးကို သင်ကြားပို့ချ လမ်းပြုရာတွင် "တောစခန်း နှင့် တောလမ်းကို သိ၍ တောကို ကျွမ်းသော ပုဂ္ဂိုလ်ဖြစ်မှသာ တောခရီးတို့၏ အလိုကျ အရှည်, အတို, မရှည်, မတို လမ်းများကို မမှားအောင် ညွှန်ပြနိုင်စွမ်း ရှိသကဲ့သို့" "ပဋ္ဌာန်းကျမ်း၌ ကျွမ်းကျင်လိမ္မာမှု ရှိသူများအဖို့သာ သင်ယူသူတို့၏ အလိုကျ အကျယ်, အကျဉ်း, မကျယ်, မကျဉ်း နည်းတို့ဖြင့် ခရီးရောက်အောင် သင်ကြား ပို့ချ လမ်းပြနိုင်ရာပေသည်။"

ဆရာတော်သည် သာသနာတော် တည်တံ့ ထွန်းကားရေးအတွက် အခြေခံအကျဆုံးသော သာသနာပြုလုပ်ငန်း တရပ်အဖြစ်ဖြင့် စာပေပို့ချမှု၌ အလေးဂရုပြုတော်မူ၏။ ပို့ချသည့်အခါတိုင်း မိမိဘက်က ပျက်သည်ဟူ၍ မရှိသလောက်ပင် ဖြစ်ပေသည်။ ယင်းသို့ ပို့ချရာတွင်လည်း အခြားသော ကျမ်းတို့ထက် ကျယ်ဝန်း နက်နဲ ခက်ခဲသော ပဋ္ဌာန်းကျမ်းကြီးကို အထူးအလေးထား၍ အကြိမ်ပေါင်းများစွာ ချပို့ ပေးတော်မူခဲ့ရာ အထူးပင် ကျွမ်းကျင်လှပေသည်။ ဉာဏ်နုံ့၍ အကျယ် သင်ယူလိုသူတို့အတွက် အကျယ်, ဉာဏ်ထက်၍ အကျဉ်းသင်ယူလိုသူတို့အတွက် မကျဉ်းမကျယ် နည်းသုံးသွယ်တို့ သင်ယူလိုသူတို့၏ အလိုကျ သင်ပြပေးတော်မူ၏။ အောက်ထစ်ဆုံး ပဋ္ဌာန်းကို အဓိပ္ပာယ်ဘ္ဘ မသိရလျှင် ရှိပါစေ စံနစ်တကျ ရွတ်ဖတ်သရဇ္ဈာယ် လိုလှပါသည် ဟု ဆိုလျှင်ပင် စံနစ်တကျ ရွတ်ဖတ်သရဇ္ဈာယ်တတ်အောင် သင်ပြ ပေးတော်မူ၏။ ထို့ကြောင့် ပဋ္ဌာန်းပညာနှင့် စပ်၍ ဆရာတော်၏ သင်ပြမှုကို စာသင်သားတိုင်း ကျေနပ်မှုရှိခဲ့ကြပါသည်။ အခြားတပါးတို့၌ ပဋ္ဌာန်းပညာကို သင်ကြားပြီးဖြစ်သော်လည်း ဆရာတော်ထံမှ ပဋ္ဌာန်းပညာကို မသင်ယူရသေးသမျှ အားရတင်းတိမ်ခြင်းမရှိနိုင်ကြချေ။ မိမိတို့၏ ပဋ္ဌာန်းအသိဉာဏ်ကို အထင်သေး လျက်သာ ရှိနေတတ်ကြသည်။ စင်ကိုင်း မန္တလေးတို့၌ ရှိကြသော ဓမ္မာစရိယ စာသင်သားတိုင်းလိုပင် ဆရာတော်ထံ၌ ပဋ္ဌာန်းကျမ်းကို သင်ကြားဘူးကြသည်သာ များ၏။ ပဋ္ဌာန်းပညာအတွက် ဆရာတော်သာ အားထားရာ ဟု အသိအမှတ် ပြုထားကြပေသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဤသို့ ဘုရားမြတ်စွာ သာသနာကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေကဂုဏ်, ဂန္ထဓုရာဝဟဂုဏ်, ပရိယတ္တိဝိသာရဒဂုဏ်,

လင့်ဇီပေသလ, သိက္ခာကာမဂုဏ်တို့နှင့် ကုံ့လုံပြည့်ဝတော်မူသဖြင့် ၁၃၄၀-ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနေ တံ။
ပူဇေသုံ မြန်မာဘူပါလာ၊ ဣန္ဒတုလျပရက္ကမံ။

### ချီးကျူးပူဇော်ကြခြင်း

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပဌာန်းသီပ္ပံ့ဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများကလည်းကောင်း, ကမ္ဘာအေး သာသနာရေးဦးစီးဌာနခန်းမတွင် စစ်ကိုင်းတိုင်း ကျောင်းသားဟောင်းများကလည်းကောင်း ပင့်၍ ချီးကျူး ပူဇော် လှူဒါန်းကြကုန်၏။

### အရှင်ဣန္ဒကမဟာထေရ်၏ ထေရုပ္ပတ္တိသန္ဒီပနီ အပြီးသတ်ခြင်း

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက်ဆရာတော် အရှင်ဣန္ဒက မဟာထေရ်၏ ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ် နှင့် ကြည်ညိုဖွယ်ရာ လုပ်ဆောင်ချက်တို့ကို ပြဆိုရာ ထေရုပ္ပတ္တိသန္ဒီပနီ ကျမ်းကို ရေးသားခဲ့ရာ အတော် အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် တစန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

ဣန္ဒကထေရသေဋ္ဌဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္ဒီပနိယံ၊ မုခမတ္တာနိဒဿနံ။

—

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ


မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသကျောင်း

## နာယကဆရာတော် အရှင်စန္ဒောဘာသာဘိဝံသ၏

# မဟာထေရုပ္ပတ္တိသန္ဒီပနီ

အိုး သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္ဒီပနီစာတော်ဖတ်....

အသင် စာတော်ဖတ်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသည့် "အဂ္ဂမဟာ



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

**မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ပရိယတ္တိနယုပဒေသကျောင်း**

**နာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ**

သက်တော် ၇၅-နှစ်၊ သိက္ခာတော် ၅၅-ဝါ၊

ပဏ္ဍိတ '' ဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသ ကျောင်း ဆရာတော်ဘုရားကြီး အရှင်စန္ဒောဘာသာဘိဝံသ၏ အဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရား ကိန်းဝပ်သောစိတ်ဖြင့် ကြည့်ရှုလေ့လာရာ၏။

## မန္တလေးတိုင်း

မန္တလေးတိုင်းသည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသည်။ တိုင်း တခုလုံး၏ လူဦးရေမှာ ၃ - သန်း ၆ – သိန်းကျော် ရှိပြီး အများစုဖြစ်သော မြန်မာလူမျိုးအပြင် ကရင်, ကယား, ချင်း, ပအိုဝ်း, မွန်, ရှမ်း–ဟူသော တိုင်းရင်းသားတို့လည်း နေထိုင်လျက် ရှိကြကုန်၏။ တိုင်းမြို့တော်သည် မန္တလေး မြို့ ဖြစ်လေသည်။ မန္တလေးမြို့သည် နောက်ဆုံး မြန်မာ ဘုရင်မင်းမြတ်တို့၏ နေပြည်တော်မြို့ကြီး ဖြစ်ခဲ့သဖြင့် မြန်မာရှေးခေတ် ယဉ်ကျေးမှု အမြုတေ အမွေအနှစ်များ သိုမှီး သိမ်းဆည်းရာ ပြတိုက်သဖွယ် ဖြစ်လေသည်။ မြန်မာ ပြည်၌ ဘုရားမြတ်စွာသာသနာ အထွန်းကားဆုံးမြို့ ဖြစ်ရာ ရဟန်းသံဃာတော် တို့ လွန်စွာ ပျော်မွေ့ကြကုန်၏။

## မြင်းခြံမြို့

မြင်းခြံမြို့သည် ဖော်ပြပါ မန္တလေးတိုင်းအတွင်း ထင်ရှားသည့်မြို့ကြီး ဖြစ် သည်။ ယခင်က ခရိုင်မြို့ကြီးအဖြစ် ထင်ရှားခဲ့သည်။ မြင်းခြံမြို့သည် မန္တလေး မြို့မှ မိုင် ၉၀ - ခန့် ကွာလှမ်းသည်။

## ပညာရှင်တို့ပေါ်ထွန်းရာ

မြင်းခြံခရိုင်သည် သာသနာ့ဝန်ထမ်းပညာရှိ, လူပညာရှိတို့၏ ပေါ်ထွန်းရာ ဒေသမွန် ဖြစ်လေသည်။ အပူပိုင်းဒေသများတွင် ပါဝင်သည်၊ အပူဒီဂရီ ၉၀, ၁၀၀, ၁၁၀, ၁၁၂–စသည့် ဖာရင်ဟိုက် ဒီဂရီ ရှိတတ်သည်၊ ယင်းသို့ အပူပိုင်းဒေသဖြစ်၍ မြင်းခြံခရိုင်၌ ပေါက်ဖွားသူတို့သည် သတ္တိ, ဗျတ္တိ ရှိကြသည်၊ ဒုက္ခအမျိုးမျိုးကို ခံနိုင်ရည် ရှိကြသည်၊ သွေးခေတ်များလည်း ကျဲကြနေသဖြင့် ဒေသပေါက်ဖွားသည့် ပုဂ္ဂိုလ်များ ဉာဏ်ရည်ဉာဏ်စွမ်း ထက်မြက်တတ် ကြ ကုန်၏။ အနည်းငယ် သိသမျှ မှတ်မိသမျှ မြင်းခြံခရိုင် မြင်းခြံနယ်ဖွား ပညာရှိ များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

"အာလောကာဘိဝရ သာသနရက္ခ မဟာဓမ္မရာဇဂုရု, အာလောကာဘိဝရ မဟာဓမ္မရာဇာဓိရာဇဂုရု, အာလောကာဘိဝရ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော် ၃–ထပ်ရ မြတောင်

ဆရာတော် ဘုရားကြီး ဦးအာလောကသည် မြင်းခြံခရိုင် ပုဂံမြို့နယ် မြင်ရွှာ ဇာတိ ဖြစ်လေသည်။[၁]

"ပဏ္ဍိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု, မဏိဇောတသီရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရု, မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော် ၃-ထပ်ရ ခင်မကန်ဆရာတော်ဘုရားကြီး ဦးမဏိဇောတသည် မြင်းခြံခရိုင် ခင်မကန်ရွာ ဇာတိ ဖြစ်လေသည်။[၂]

"သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု, သုဒဿန အတုလာ ဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော် ၂-ထပ် ရ စံကျောင်းဆရာတော်ဘုရားကြီး ဦးသုဒဿနသည် မြင်းခြံခရိုင် နွားပြင်းရွာ ဇာတိ ဖြစ်လေသည်။[၃]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော် နှင့် "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့ တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသသည် မြင်းခြံခရိုင် ကျည်းပင်ရွာ ဇာတိ ဖြစ်သည်။ (တိပိဋကဓရဝတ္ထုဝိကာသိနီ ကျမ်းကြည့်၊ တိပိဋကဓရ ဝတ္ထုသန္နိပနီ နှင့် စစ်ကိုင်း သာသနာ့ဝင်တို့လည်းကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ, ပဌမကျော် "တော်ခွင် သာသနာပိုင် လက်ထက် သုဓမ္မာဝင် ဒုတိယမြောက် ခေမာသီဝံ ဆရာတော်ဘုရားကြီး ဦးအဂ္ဂဝံသသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကုက္ကိုစုရွာ ဇာတိ ဖြစ်သည်။[၄]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃနာယက 'သကျသီဟ မူလဓမ္မာစရိယ' တတိယမြောက် သက်တော်ရှည် ခေမာသီဝံ ဆရာတော်ဘုရားကြီး ဦးဝိလာသသည် မြင်းခြံခရိုင် တောင်သာမြို့နယ် လယ်ကောင်းရွာ ဇာတိ ဖြစ်လေသည်။[၅]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ သက်တော်ရှည် မြင်းခြံမြို့ မင်းကျောင်းဆရာတော်ဘုရားကြီး ဦးဝိစာရသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ရွာကြီးရွာ ဇာတိ ဖြစ်လေသည်။[၆]

---

၁။ မန္တလေး သာသနာ့ဝင်ကျမ်း၊ မြို့တောင် သာသနာ့ဝင်ကြည့်။ ပုဂံသာသနာ့ဝင်လည်းကြည့်။

၂။ မန္တလေးသာသနာ့ဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်သာသနာ့ဝင် နှင့် အရှေ့ပြင် ခင်မကန်သာသနာ့ဝင်ကြည့်။

၃။ မန္တလေး သာသနာ့ဝင်ကျမ်း၊ မဟာဇောတိကာရာမသာသနာ့ဝင် နှင့် တောင်ပြင်ဓမ္မာရုံ စံကျောင်းသာသနာ့ဝင်ကြည့်။

၄။ မန္တလေးသာသနာ့ဝင်ကျမ်း၊ ခေမာသီဝံသာသနာ့ဝင်ကြည့်။

၅။ မန္တလေး သာသနာ့ဝင်ကျမ်း၊ မဟာခေမာဘိကာရာမ သာသနာ့ဝင်ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ၁၂၁၆ - ခုနှစ်ဖွား သုမင်္ဂလာဝင် မန္တလေးမြို့ အနောက်ပြင် ကူကြီးတိုက်ဆရာတော် အရှင်ဝါယမသည် မြင်းခြံခရိုင် ပန်းကုံးပင်ရွာ ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ ကူကြီး တိုက် သာသနာဝင်ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ကိုးဆောင်ပရိတ်ကြီး နိဿယကျမ်း စသည်တို့ကို ပြုစုတော်မူခဲ့သော မြင်းခြံမြို့ ကိုးဆောင်တိုက် ဝေဇယန္တာအုတ်ကျောင်းဆရာတော် ဦးဝိပုလသည် မြင်းခြံခရိုင် တောင်သာမြို့နယ် နွားတဲရွာ ဇာတိ ဖြစ်လေသည်။ [၁]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ရွှေကျင်နိကာယဥပနာယက ဘာသန္တရဝိဒူ, အဘယာရာမဆရာတော်ဘုရားကြီး ဦးအဂ္ဂဓမ္မသည် မြင်းခြံခရိုင် ဗလုံ့ရွာ ဇာတိ ဖြစ်လေသည်။ [၂]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ကျွန်းရွာတောရဆရာတော် ဦးအဂ္ဂဝံသသည် မြင်းခြံခရိုင် တောင်သာနယ် ကျွန်းရွာကလေး ဇာတိ ဖြစ်သည်။ [၃]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ၁၂၃၉ - ခု ဖွား ဆင္ဃသံဃ ဂါယနာ သံဃမဟာနာယက တိုက်ကြီးမြို့နယ် ဥဘို့ရွာ ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အင်းချောင်းရွာ ဇာတိ ဖြစ်သည်။ (မြင်းခြံသာသနာဝင်ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ရွှေကျင်နိကာယဥပနာယက စည်ရှင်ဆရာတော် ဦးကောသလ္လသည် မြင်းခြံခရိုင် လယ်ကြီးရွာ ဇာတိ ဖြစ်သည်။ [၄]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဘုရားဖြူဆရာတော် ဦးရာဇိန္ဒသည် မြင်းခြံခရိုင် သေယောက်နယ် နွှေပင်ရွာ ဇာတိ ဖြစ်သည်။ [၅]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ အနောက်ခင်မတိုက်အုပ် ဆရာတော် ဦးနန္ဒိယသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဇန်းတွင်းကြီးရွာ ဇာတိ ဖြစ်လေသည်။ [၆]

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ မဟာဇောတိကာရာမ သာသနာဝင်ကြည့်။
၂။ မဟာဝိသုတာရာမ နိကာယသာသနာဝင်- ၃၇၆။ မန္တလေးသာသနာဝင်ကျမ်း၊ အဘယာရာမ သာသနာဝင်ကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း၊ ချမ်းသာကြီး သာသနာဝင်ကြည့်။
၄။ မန္တလေးသာသနာဝင်ကျမ်း၊ ဂိသုဒ္ဓါရုံသာသနာဝင်ကြည့်။
၅။ မဟာဝိသုတာရာမ နိကာယသာသနာဝင်- ၃၃၉ ကြည့်။
၆။ မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်သာသနာဝင်ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဘုရားဖြူဆရာတော် ဦးပညာဝံသသည် မြင်းခြံခရိုင် နွားပင်တွင်းရွာ ဇာတိ ဖြစ်လေသည်။[1]

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ညောင်ဦးမြို့ ရွှေစေတီ ဆရာတော် ဦးဥယျသည် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရွာ ဇာတိ ဖြစ်သည်။[2]

"အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး ဦးသုန္ဒရသည် မြင်းခြံခရိုင် ပုဂံစောင်းရွာ ဇာတိ ဖြစ်လေသည်။[3]

"အဂ္ဂမဟာပဏ္ဍိတ "ဘွဲ့ တံဆိပ်တော်ရ ပါဠိဝိသောဓနိဂဏ္ဌိ, သာသန မလဝိသောဓနီ, သာသနာ့တံခွန်ကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ရေနံချောင်း သာသနာ့တံခွန်ကျောင်းတိုက်ဆရာတော် အရှင်ပညာသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်း ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ မစိုးရိမ်တိုက် သာသနာဝင်ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့ အရှေ့ပြင် မဟာအတုလဝိဇယာရာမတိုက် နာယကဆရာတော် ဦးဉာဏသည် မြင်းခြံခရိုင် တောင်သာနယ် ဇာတိ ဖြစ်လေသည်။ ၁၂၁၇-ဖွား၊ ၁၂၈၄-ခုနှစ် ပျံလွန်တော်မူသည်။ (မန္တလေး သာသနာဝင်ကျမ်း၊ အတုမရှိသာသနာဝင်ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ လေသာဆရာတော်ဘုရားကြီး အရှင်ဓမ္မိကသည် မြင်းခြံခရိုင် ဘောင်သာမြို့နယ်အပိုင် နွားခေါင်းရွာ ဇာတိ ဖြစ်သည်။ (မြင်းခြံသာသနာဝင်ကြည့်။)

"အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီး ဦးဇဝနသည် မြင်းခြံခရိုင် ဇီးတော်ရွာ ဇာတိ ဖြစ်သည်။[4]

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၃၄၁-ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ သစ်ဆိမ့်သာသနာဝင်ကြည့်။ ပုဂံသာသနာဝင်လည်း ကြည့်။

၃။ ပခုက္ကူ သာသနာဝင် - ၇၂။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၂၄၄-ကြည့်။ မဟာထေရစရိတကျမ်းလည်းကြည့်။

၄။ ပခုက္ကူသာသနာဝင် - ၈၉။ ဝိသုတ- ၃၀၃။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဆဋ္ဌသံဃာယနာ သံဃနာယက ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ဘုရားကြီး ဦးရေဝတမွှသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ဇောင်ချမ်းကန်မြဲ ဇာတိ ဖြစ်သည်။ ၁

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဒုတိယမြောက် ဆရာတော် ဦးဇောတိကသည် မြင်းခြံခရိုင် သိမ်တော်ရွာ ဇာတိ ဖြစ်လေသည်။ ၂

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ခင်မကန်တိုက် စာချအကျော် သူဌေးကျောင်းဆရာတော် အရှင်ရေဝတသည် မြင်းခြံခရိုင် အင်းကန်ရွာ ဇာတိ ဖြစ်သည်။ (မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင် ခင်မကန်သာသနာဝင် ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃနာယက ဖြူးမြို့ မြို့ထောင့်ကျောင်းဆရာတော် ဦးဇဝနသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ဒါန်းတိုင်ရွာ ဇာတိ ဖြစ်သည်။ ၃

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဦးဇောတိပါလသည် မြင်းခြံခရိုင် သီးကုန်းရွာ ဇာတိ ဖြစ်သည်။ ၄

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး ဦးပညာသည် မြင်းခြံခရိုင် ချွေးပြုတ်ရွာ ဇာတိ ဖြစ်သည်။ ၅

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ ဒိသံနိကာယ်ပါဠိတော်နိဿယ အစ ရှိသော ကျမ်းဂန်ပေါင်း များစွာကို ပြုစီရင်တော်မူခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နန္ဒဝံသသည် မြင်းခြံခရိုင် ဆင်သားမွေးရွာ ဇာတိ ဖြစ်သည်။ (ပခုက္ကူသာသနာဝင် စသည်တို့ကြည့်။)

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူ ကျောင်းသစ်ဆရာတော် ဦးသောဘိတသည် မြင်းခြံခရိုင် သီရိပစ္စယာရွာ ဇာတိ ဖြစ်လေသည်။ (မဟာဝိသုတာရာမနိကာယသာသနာဝင်ကြည့်။)

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၃၅၉-ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ မစိုးရိမ်သာသနာဝင်ကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမသာသနာဝင်ကြည့်။
၄။ မန္တလေးသာသနာဝင်ကျမ်း၊ ဝိသုဒ္ဓါရုံသာသနာဝင်ကြည့်။
၅။ ပခုက္ကူသာသနာဝင်ကျမ်း-၅၇။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၂၂၁-ကြည့်။

လက္ခဏာဘ္ဘာယဝိနိစ္ဆယ, သဓမ္မာဟာဝိနောဒနီ အဌကထာနိသျှသစ်, မူလ ဋီကာဂဏ္ဌိ, ဝါကျသင်္ကေဏးစာ, သံဒိဌမဟာဋီကာကျမ်းကြီး စသည်တို့ကို ရေးသား ပြုတော်မူခဲ့သော ဖက်ပင်အိုင် ဆရာတော်ဘုရားကြီး ဦးဒီပသည် မြင်းခြံခရိုင် ဖက်ပင်အိုင်ရွာ ဇာတိ ဖြစ်သည်။[၁]

မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက်အုပ် စာချအကျော် ပထမ ကျော် ဆရာတော် ဦးအာဒိစ္စရံသီ (ဦးကြည်) သည် မြင်းခြံခရိုင် မန်ကျည်း ချိုရွာ ဇာတိ ဖြစ်သည်။[၂]

မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက် စာချအကျော် ဦးပဏ္ဍဝသည် မြင်းခြံခရိုင် ကန်မြဲရွာ ဇာတိ ဖြစ်သည်။[၂]

တိပိဋကပါဒခေါ် ကစ္စာယနဝိစယကျမ်းကြီးများကို ပြုစုသူ ဆရာကြီး ဦးကြွက် (ရဟန်းမည် ဦးဂုဏ) သည် မြင်းခြံခရိုင် မြို့ဘရွာ ဇာတိ ဖြစ်သည်။[၃]

ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက် ဒုတိယမြောက်ဆရာတော် ဦးဝါယမ သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ရွာ ဇာတိ ဖြစ် သည်။[၄]

ကဝိဘာရတီကျမ်း, ပါဠိဘာရတီကျမ်း, ဆန္ဒောဘာရတီကျမ်း, လယ်တီ ပဒမာလာကျမ်း, သီဟိုဠ်ရှင်သမိုင်း စသည်တို့ကို ပြုစုခဲ့သူ ပဉ္စမကျော် လယ်တီ ဦးကောဝိဒ (ပုပ္ပါး ဦးကျော်ရင်) သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ် ရသေ့တောင်ရွာ ဇာတိ ဖြစ်သည်။[၅]

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်သစ်တည် မြင်းခြံမဟာဝိသုတာရာမတိုက် နာယကဆရာတော် ဘာသန္တရကောဝိဒ ဆရာတော် ဦးတိလောကသည် မြင်းခြံခရိုင် မြောက်ကုန်းရွာ ဇာတိ ဖြစ်သည်။[၆]

အလင်္ကာနိသျှ, ဥဘတောဇနသင်္ဂဟ, ရာဇဓမ္မသင်္ဂဟ စသော ကျမ်းများ စွာကို ပြုစုသူ ယောအတွင်းဝန် ဦးလှိုင်သည် မြင်းခြံခရိုင် တလုပ်မြို့ ဇာတိ ဖြစ်သည်။[၇]

---

၁။ ၁၂၁၇-ခုနှစ်ဖွား။ မန္တလေးသာသနာဝင်ကျမ်း၊ မဟာဓမ္မိကာရာမ (စလင်းတိုက်ဟောင်း) သာသနာဝင်ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ ရွှေရေးဆောင်သာသနာဝင်ကြည့်။
၃။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၆၁၀-ကြည့်။
၄။ မဟာဝိသုတာရာမ နိကာယ သာသနာဝင် ၄၂၅-ကြည့်။
၅။ မဟာဝိသုတာရာမ နိကာယသာသန ဝင် ၆၂၈-ကြည့်။
၆။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၄၁၄-ကြည့်။
၇။ မန္တလေးသာသနာဝင်ကျမ်း၊ ဆေးမင်းကြီး ကျောင်းတိုက် သာသနာဝင် ကြည့်။

စာဆိုတော်ကြီး အကြီးတော် ဦးသံမှိုသည် မြင်းခြံခရိုင် ကျောက်ဆောင်မြို့ အနီး ရွာသာရွာ ဇာတိ ဖြစ်သည်။

စာဆိုတော် ဆရာဟင်း ,ဆရာခိုင်တို့သည် မြင်းခြံမြို့၌ ထင်ရှားသော ပညာရှိ စာဆိုကဝိတို့ ဖြစ်ကုန်၏။

အလယ်တန်း မြန်မာသဒ္ဒါ, အထက်တန်းမြန်မာသဒ္ဒါကျမ်းစသည့် ကျမ်းပြု ဒဂုန် ဦးစန်းငွေသည် မြင်းခြံခရိုင် တည်ပင်တဲရွာ ဇာတိ ဖြစ်လေသည်။

## ထူးမြတ်လှသည့် ကဆုန်လရာသီ

ကဆုန်လ၏ တပျိုးတဖုံထူးမြတ်ပုံကို ဖော်ပြပြီးဖြစ်၏[၁]။ ယင်း ကဆုန်လ နှင့် စပ်၍ ကဗျာဆရာ စလေဦးပုညသည်—

ခါပြိယံ ကဆုန်လမှာ၊ ဝိသာခယှဉ်မှီ။
ဗာတ္တိံသ နေ့နာရီမှာ၊ အင်္ဂစမ္မိ ညဉ့်ကူး။
လေးလုံးပြည့် နှစ်ပါဒ်လွန်သည်၊ မေဿဝန် မိုးသိကမြူး။
ပန်းပိတောက် မာလာယော်၊ ရွှေစကဝါ ပွင့်ဖူး။
ခိုင်ညွှာတံ ယှက်ပူးလို့၊ ဆွတ်ခူးတို့ မောင်ငယ်။
မြတ်စိန္တေ ရှင်တော်ဖျားမှာလ၊ ဝတ်တွားလို့ ရှိုပန်ဆင်ရှယ်။
ဖဝါးနှစ်ခု စွန်းကယ်သည်၊ သွင်နတ်နွယ်လိုလေးနှင့်။
မွေးနိုင်မျှ မေတ္တာရေ၊ သွန်းလို့မပြေ။
နွေယှုံးသစ် ဂိမ္ဘဝယ်၊ သွန်းညောင်ရေ ပွဲပေရှင့်လေး။

ဟူ၍ ဖွဲ့ဆိုခဲ့လေသည်။

## ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

ဆရာတော်လောင်းလျာသည် ဖော်ပြခဲ့သည့်အတိုင်း ဘဲ ကံဝိပ်တော်ရ ကျမ်းပြုပုဂ္ဂိုလ်ကျော် မင်းရာဇာအပူဇော်ခံ သာသနာ့ဝန်ထောင် ပုဂ္ဂိုလ်ထူးတို့၏ အဆက်ပေါ်ထွန်းရာ မန္တလေးတိုင်းအပါအဝင် မြင်းခြံမြို့နေ အဖဦးခင်, အမိ ဒေါ်မဲစောင်တို့မှ သက္ကရာဇ် ၁၂၆၆ - ခုနှစ် ထူးမြတ်လှသည့် အခါကောင်းကြုံ ကဆုန်လပြည့်ကျော် ၁၂ - ရက် အင်္ဂါနေ့တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ လေသည်။ ဦးခင်, ဒေါ်မဲစောင်တို့၌ သားသမီး ၆ - ယောက် ထွန်းကားရာ ဆရာတော်သည် ပဉ္စမမြောက် ထွန်းပေါ်ပေါက်သည့် သားရတနာ ဖြစ်လေ သည်။

---

၁။ ဤကျမ်းရှေ့နား၌ ဖော်ပြခဲ့သည့် ရှမ်းပြည်နယ် တောင်ကျောင်းကြီး ဆရာ တော် အရှင်နရိန္ဒမဟာထေရ်၏ မဟာထေရုပ္ပတ္တိသန္ဒိပနီ ကြည့်၊

## ဆရာတော်နာမည် မောင်စိန်ကျော်

ဆရာတော်လောင်းလျာ ဖွားမြင်ချိန်တွင် မြင်းခြံမြို့၌ နာမည်ကျော် ဘုရားဒကာ ဇာတ်မင်းသား ဦးဖိုးစိန် ရုံသွင်း ကပြနေဆဲဖြစ်၏၊ သို့ဖြစ်ရာ ဖခင်ကြီး ဦးခင်နှင့် မိခင်ကြီး ဒေါ်မဲစောင်နှင့် ဉာတိတို့က 'တိုက်တိုက်ဆိုင်ဆိုင် ဘုရားဒကာ ကိုဖိုးစိန် ကနေတုန်းဖွားမြင်တယ်၊ ကြီးလျှင် ကိုဖိုးစိန်လို ဘုရားဒကာ ဖြစ်ပြီး ကျော်စေဖို့အောင် မောင်စိန်ကျော်လို့ မှည့်ကြရအောင်' ဆို၍ မောင်စိန်ကျော် ဟုမှည့်ခေါ်ကြကုန်၏။

ဖိုးစိန်ကြီးသုနာဌကဿ၊ ကေဒေသံ နာမံ ဟိ ခေါ်။
ပိတရော ဂဟေတွာန၊ နာမမကံသု တေ တဒါ။

## လူသွက် ဉာဏ်ကောင်း

မောင်စိန်ကျော်သည် လူသွက်ဉာဏ်ကောင်းဖြစ်သည်၊ မိဖဉာတိတို့မျှော်လင့်သလို ဘုရားဒကာအဖြစ်ဖြင့် ကျော်စေကိတ္တိ ရှိဖို့မရှိ၊ ဘုန်းကြီးဖြစ်ဖို့ ရှိသည်။ မိဖဉာတိတို့ ဘုရားရှိခိုးသံ ရွတ်သံဖတ်သံတွေကြားရုံနှင့် ဩကာသ ဘုရားရှိခိုး, နမော တဿ, သရဏဂုံ စသည်တို့ နှုတ်တက်ရနေသည်။

## မောင်စိန်ကျော် ပညာသင်ကြားခြင်း

ဦးခင် နှင့် ဒေါ်မဲစောင်တို့သည် မောင်စိန်ကျော်ကို ပဌမအရွယ်ကတည်းက တတ်အပ် တတ်သင့် တတ်ထိုက်သော အတတ်ပညာတွေ လောက်ကိုလုံ ပြည့်စုံစွာ တတ်မြောက် ကျွမ်းကျင်ပါစေခြင်း အကျိုးငှာ ၆ - နှစ်သားအရွယ်တွင် အိမ်နှင့် နီးကပ်သည့် မင်းကျောင်းတိုက်ဆရာတော် ဦးဒေဝိန္ဒ ကျောင်းသို့ အပ်နှံ၍ ပညာသင်ကြား စေကြကုန်၏။ သို့ရာတွင် စာသင်ပေးသော ဦးဒေဝိန္ဒ၏ လက်ထောက်ဦးပဥ္စင်း အရိုက်ကြမ်းသဖြင့် မောင်စိန်ကျော်ကို ကိုးဆောင်တိုက် ဂူကြီးကျောင်းဆရာတော် ဦးအရိန္ဒမထံ ပြောင်းရွှေ့ အပ်နှံ၍ ပညာသင်ကြားစေကြကုန်၏။ ဆရာတော် ဦးအရိန္ဒမ၏ လက်ထောက် ဦးပဥ္စင်းဦးဝဏ္ဏအထံတွင် မောင်စိန်ကျော်သည် သင်ပုန်းကြီး, မင်္ဂလသုတ်, လောကနီတိ, ပရိတ်ကြီးစသည်တို့ကို သင်ယူတတ်မြောက်ခဲ့လေသည်။

သန္တိကေ သုဝဏ္ဏိတဿ၊ ဝဏ္ဏဿ ဒါရကော သုဓီ။
ဉဂ္ဂဏှိ သိက္ခိတဗ္ဗေ သော၊ ဒါရကဝိသယေ ဗဟူ။

## သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်

သက်တော် ၁၄-နှစ်သား အရွယ်တွင် ဆရာတော် အရှင်အရိန္ဒမကို ဥပဇ္ဈာယ် ပြု၍ မိဖနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း

ဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော် အရှင်အရိန္ဒမ မဟာထေရ်သည် ဆရာတော်လောင်းလျာ၏ သဘောထားပြည့်ဝပုံ၊ စိတ်ထားကောင်းပုံ၊ မျက်နှာကြီးငယ်မရွယ်ပလိုက်တတ်ပုံတို့ကိုထောက်၍ 'လရောင်ဆိုတာ မွဲတဲ့ အိမ်ပဲ ဖြစ်ဖြစ်၊ ချမ်းသာတဲ့အိမ်ပဲ ဖြစ်ဖြစ် အရောင်အလင်းကို အမျှပေးတယ်၊ ချမ်းသာတဲ့အိမ်ဆိုပြီး အရောင်အလင်းတွေ ပိုပေးမယ်၊ မွဲတဲ့အိမ် အရောင်ကိုရုတ်သိမ်းမယ်၊ လျော့မယ်လို့ မရှိဘူး၊ သည်ကိုရင်ဟာလဲ ပုဂ္ဂိုလ်မရွေး မေတ္တာကရုဏာ အမျှထားတဲ့ ပုဂ္ဂိုလ်ထူးပဲ၊ သို့ဖြစ်၍ လရောင်တမူတူသူ' လရောင်အလား ကရုဏာ မေတ္တာ အမျှထားသူ'ဟူ၍ မှတ်ယူတော်မူပြီး ရှင်စန္ဒောဘာသဟု မှည့်တော်မူသည်။

ဥပဇ္ဈာယံ ကရိတွာန၊ အရိန္ဒမံ ဓမ္မ ရတံ။
သာမဏေရတ္တနံ ပတ္တော၊ လောကဂ္ဂသာသနေ ဝရေ။

## အရှင်အရိန္ဒမထံ ပညာသင်

ဆရာတော် အရှင်အရိန္ဒမသည် ကိုးဆောင်တိုက်၌ ဝါရင့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်တော်မူသည်။ ဆရာတော်လောင်းလျာ ဆရာတော်အရှင်အရိန္ဒမထံ ရောက်ရှိခြင်းသည် အလွန်လျှော်ကံကောင်းခြင်းဖြစ်သည်။ သာသနာတော်ကြီးပွားတိုးတက်ရန် ဆောင်ရွက်နိုင်ရန် လုပ်ငန်းကြီး တခုလုံးအတွက် ကလျာဏမိတ္တကို ရလိုက်ခြင်း ဖြစ်သည်။ အရှင်အရိန္ဒမထံ၌ ပိဋကတ်အခြေခံ သဒ္ဒါ၊ သင်္ဂဟ၊ ပါတိမောက်၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကစ္စာယနသော ကျမ်းဂန်များနှင့်တကွ ဝိနည်း ၅-ကျမ်း ပါဠိတော်၊ အဋ္ဌကထာ၊ သုတ် ၃-ကျမ်း ပါဠိတော်၊ အဋ္ဌကထာ-ဟူကို သာမဏေဝတ်နှင့်ပင် ဆိုဝါဖြင့် ပေါက်မြောက်အောင် သင်ယူတော်မူခဲ့ပြီး ဇာတ်ကြီးဆယ်ဖွဲ့ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများကို ကြေကြေညက်ညက် ဆရာတော် ရှေ့မှောက်တွင် ဖတ်ပြခဲ့ရသည်။

သန္တိကေ အရိန္ဒမဿ၊ ဂန္ထေ ပိ ဝိဝိဓေ သုမိ။
သုဒိတ္တံ ပစ္စာသီသန္တော၊ ဥဂ္ဂဏှိ ထိရစေတသာ။

ငင်းပြင် မြင်းခြံမြို့၌ ကျင်းပသော အာဂုံပြန် စာမေးပွဲတို့၌ သဒ္ဒါ၊ သင်္ဂြိုဟ် စသည်တို့ကို ဝင်ရောက် ပြန်ဆိုတော်မူခဲ့သည်။ ဆရာတော်လောင်းလျာကား အံ့လောက်အောင် ကျက်ဉာဏ် ကောင်းသည့် ပုဂ္ဂိုလ်အဖြစ် ထင်ရှားသည်။

## ၁၅-မိနစ် အဘိဓာန် ၅-ဂါထာရ၊ ၄-နာရီ ဂါထာ ၁၀-ရ

ပန္တလေးမြို့မှ စာသင်သား ရဟန်းတော်တပါး ရှင်စန္ဒောဘာသ သီတင်းသုံးရာ ကိုးဆောင်တိုက် ဂူကြီးကျောင်းသို့ ရောက်လာ၍ ရှင်စန္ဒောဘာသနှင့် တွေ့

သဖြင့် 'ကိုရင် မင်းဉာဏ်ကောင်းသားပဲ မန္တလေးသက်သျှာသီဟစာမေးပွဲ ဝင်ဖို့ ကောင်းတယ်'ဟု ပြောရာ 'သက္ကျသီဟစာမေးပွဲက ဘာကျမ်းတွေပြဋ္ဌာန်းတုန်း ဘုရား'ဟု မေးလျှောက်ရာ ဦးပဉ္ဇင်းက 'အများကြီးကိုရင်ရေ အဘိဓာန်,ဆန်း, ဘေဒစိန္တာ, ကစ္စာယနသာရ, သဒ္ဒါ, သင်္ဂြိုဟ်, ဒွေပါတိကာ, ပုဒ်စစ်,သုတ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, မာတိကာ, ဓာတုကထာ, ယမိုက် အောက် ၅-ကျမ်း ပေါင်း၁၅-အုပ်လောက်ရှိမယ်'ဟု ပြောရာ 'ဦးပဉ္ဇင်း တပည့် တော် ဝင်နိုင်ပါတယ်၊ သဒ္ဒါ,သင်္ဂြိုဟ်တို့က တပည့်တော် ကျက်ပြီးသားပါ၊ ကျန်တာတွေ ကျက်ရမှပေါ့ဦးပဉ္ဇင်း'ဟု လျှောက်ရာ ဦးပဉ္ဇင်းက 'အေး မင်းဝင် ချင်ရင် ကျက်ပေါ့'ဟု ပြောလေ၏။ ရှင်စန္ဒောဘာသသည် စိတ်မြန်သည်။ လုပ်မယ်ဆိုလုပ်တော့တာပဲ။ 'ငါ သက္ကျသီဟစာမေးပွဲ မုချ အောင်ရမည်'ဟု သန္နိဋ္ဌာန်ချပြီးနောက် တနေ့ ၁၂-နာရီကစ အဘိဓာန်ကို စမ်း၍ ကျက်ကြည့်၏။ ပဌမ မရပ် မနား ၁၅-မိနစ်ကျက်ရာ ၅-ဂါထာရ၏။ ယင်းသို့ ၁၅-မိနစ် အတွင်း၅-ဂါထာသာ ရသည်ကို မကျေနပ်၍ မနားပဲ ၄-နာရီ ဆက်တိုက် ကျက်ရာ ဂါထာပေါင်း ၁၀၀-ရသတတ်။ နောက်တနေ့ ဆရာဘုန်းကြီးထံ အဘိဓာန်ဂါထာ ၁၀၀-ကို ပြန်ပြရာ တလုံးမှမထောက်ရပဲ ကရားမှ ရေသွန်ချ သလို, မိုးသဲကြီး ရွာချသလို ပြန်ပြလေရာ ဆရာဘုန်းကြီး အံ့အား သင့်လှ၍ ဟ-ကိုရင် လွန်လှချည်လားဟု မိမိတပည့်ကို ထုတ်ဖော် ချီးကျူးလိုက်လေ ၏။

သာမဏေရော စန္ဒောဘာသော၊ တိတိက္ခော နိပုဏော ဝိဒူ။
သဗ္ဗညုဇိနစက္ကမှိ၊ ဒီပေသော ဒုလ္လဘော ဟိ ခေါ။

## ဆရာဘုန်းကြီးက ပိုးသက်န်းတစုံဆုချ

ဆရာဘုန်းကြီး အလွန်ဝမ်းမြောက်တော်မူသည်။ မနေဘတ် မထိုင်တတ် ဖြစ်တော်မူသည်။ ရှက်အန်းအန်းလဲ ဖြစ်တော်မူသည်။ ငါနှင့် ဘာသိဘာသာ နေခဲ့ရာ ကိုရင် သည်လောက်စွမ်းမှန်း သည်လောက်ဉာဏ်ကောင်းမှန်း မသိဘူး၊ ဉာဏ်တော်သည်ဟု သာမန်ထင်ခဲ့မိသည်။ တကယ်လုပ်လျှင် တကယ်ဖြစ်ပယ့် ကိုရင်ပဲဟု သဘောတော်ပိုက်ကာ—

"အို ပညာကြွယ်လှ မောင်စန္ဒောဘာသ ဉာဏကဲလွန် မောင်စန္ဒော ဘာသကို အာစရိယဂိုဏ်းဝင် ငါအရှင်က ဉာဏပူဇာ ပြုလိုက်ပါ၏၊ ရောင်ဝါဘင့်လျှမ်း ဤပိုးသက်န်းကို ဆင်မြန်းဝတ်ရုံ ကျမ်းအပုံကို အာဂုံကျေမွ နှုတ်လွှတ်ရအောင် ဝီရိယကဲလွန် သင်ကျက်အံလျက် နတ် လူ ပြဟ္မာ သတ္တဝါ၏ ဆရာတဆူ သယမ္ဘူထွတ်ထား ဘုရားရှင်၏

သုံးအင်သာသနာ စည်ပင်သာအောင် မှန်စွာဆက်လက် သင်ဆောင်ရှက်လော့ ”

ဟု မိန့်ကြားတော်မူ၍ ပိုးသာ်န်းတစုံ ဆုနှင်းခြင်းကို ခံယူတော်မူရလေသည်။

## ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခြင်း

သာမဏေရှင်စန္ဒောဘာသသည် သက်တော် ၂၀ - ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၅ - ခုနှစ် ဒုတိယဝါဆိုလဆွင် ဆရာတော် အရှင်အရိန္ဒမကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့ လဘက်ကုန်သည်ကြီး ဦးဘ, ဒေါ်ဖွားဆိုင်၊ ညီ ဦးဖိုးရ - တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

> အရိန္ဒမံ ကရိတွာန၊ ဥပဇ္ဈာယံ မဟာဝိဒုံ။
> ဒုလ္လဘံ အလဘီ စန္ဒော၊ စန္ဒာဿ သာသနေ ဝရေ။

ရဟန်းသစ် အရှင်စန္ဒောဘာသသည် ရဟန်းဖြစ်ပြီး မြင်းခြံ၌ တဝါ သီတင်းသုံး၍ ဆက်လက် စာပေလေ့လာတော်မူခဲ့သည်။

## မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီးကို အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသာဘိကဝိဓဇက အောက်ပါအတိုင်း စာဖွဲ့ခဲ့သည်—

> ပါကာရေဟိ ပရိက္ခိတ္တော၊ ကတဘူမိသမင်္ဂဏော။
> သောတုဘိက္ခူဟိ သံကိဏ္ဏော၊ အနေကဂန္ထဝါစကော။
> ဃဋ္ဋိယန္တေဟိ ဒီပေဟိ၊ သောဏ္ဏေဟိ အတိသောဘနော။
> ပါတုဘာဝေါယမသောကော၊ ဝိဟာရောဘိလက္ခိတော။

ပါကာရေဟိ - သံတံခါး နှင့် ကြီးမားမြင့်ခိုင် ရေ နှင့် မီးကြောင့် မပျက်စီးနိုင်သော မဟာရံတံတိုင်းကြီးတို့ဖြင့်။ ပရိက္ခိတ္တော - ကာရံဝိုင်းအပ်ထသော။ ကတဘူမိသမင်္ဂဏော - စည်ချက်နှာအဘူ အဘူးပင် အဘူးစိရင်အပ်သော မြေလည်း ရှိထသော။ သောတုဘိက္ခူဟိ - စာဘတ်ကြရန် ခေါက်ပြန်လူးလာ ငါးရာကျော်သော စာသင်သာရဟန်းတို့ဖြင့်။ သံကိဏ္ဏော - သွားလာသည်၏ အစွမ်းအားဖြင့် ပြွမ်းထသော။ အနေကဂန္ထဝါစကော - ပါဠိ, အဋ္ဌကထာ, ဋီကာ မကျန် ဂန္ထန္တရ စွမ်းညာဏ်ဗလတို့ဖြင့် လမ်းမှန်ကျအောင် ချပို့ခြင်းငှာ စွမ်းနိုင်သော စာချပုဂ္ဂိုလ်အများလည်း ရှိထသော။ ဃဋ္ဋိယန္တေဟိ - စာတက်စာချ ကာလ မှတ်သားတတိုက်လုံး တကွက်လုံးကြားရ၍ ကြီးမား မြည်ဟီး

နတ်ရုပ်သုခမ္မာသဘင်လို အထပ်ထပ်ရှုစရာဆင်လို့မို့ ပြာသာဒ်ထုပိကာတင် အပ်သော နာရီစင်ကြီးတို့နှင့် တကွသော။ ဒီပေဟိ - ခေါတုဒီပေဟိ—ညဥ့်မှောင် မိုက်ချိန်အခါ တတိုက်လုံး ထိန်ထိန်သာလို့မို့ မြတ်နိုးစဖွယ် နတ်မိုးနှယ်ကဲ့သို့ ဓာတ်ကြိုးသွယ် မီးပွင့်တို့ဖြင့်လည်းကောင်း။ သောဏ္ဍေဟိစ - အဂ္ဂိန်မောက်ဖြာ စိန်ကျောက်ရတနာတို့ဖြင့် ထိန်တောက်စွာ နေဝန်းသဏ္ဌာန်ကဲ့သို့ ရွှေမှုမ်းမံ သော အုတ်တိုက်ကျောင်းကြီးတို့ဖြင့်လည်းကောင်း။ အဘိလက်တော - တင့် တယ်လျောက်ပတ် တန်ဆာဆင်အပ်ထသော။ အသောကော- စားရေး သောက် ရေး နေထိုင်ရေးနှင့် သင်ကြားရေးစသော အကြောင်းတို့ဖြင့် ဘာတစုံတရာမျှ ကြောင့်ကြ ပူဆာ စိုးရိမ်စရာလည်း မရှိထသော။ ပါတုဘာဝေါ - မန္တလေးမြို့ အနောက်ပြင်တွင် ထင်ထင်ရှားရှား မားမားမောက်မောက် ပေါ်ပေါက်လာ သော။ အယံဝိဟာရော - မစိုးရိမ် မစိုးရိမ်ဟု ဂုဏ်သိရ်လျှံညီး ဤသံဃအရံ ကျောင်းတိုက်ကြီးသည်။ အတိသောဘနော - လာရောက်ကြည့်ကြရတဲ့ လူတွေ မှာ အံ့ဩလို့မဆုံးနိုင်အောင် ခြော်တတိုက်လုံးတင့်တယ်ပါပေစွတကား။ ¹

တကယ်တော့ စာဆိုကဘောင်နဲ့ဦးမယ်၊ ဤစာပြုသူသည် မန္တလေးနေစဉ် က ဖော်ပြပါ မစိုးရိမ်တိုက်၌လည်း စာလိုက်ရဘူး၏၊ လိုလေသေးမရှိအောင် စာဝါတွေ ပေါ်ပြည့်၏၊ စာချဆရာတော်တွေကား သကျသီဟမ္မာစရိယ, စေတိယင်္ဂဏမ္မာစရိယ, အစိုးရမ္မာစရိယ ၃ - ဘွဲ့ရ, ၂ - ဘွဲ့ရတွေသာ များ၏၊ သာသနာအတွက် ဂုဏ်ယူ၍မဆုံးနိုင်သည့် ကျောင်းတိုက်ကြီးတည်း။

အရှင်စန္ဒောဘာသ မစိုးရိမ်တိုက်ရောက်ပြီ

ရဟန်းတော်အဖြစ်သို့ရောက်ပြီးနောက် မြင်းခြံ၌ ၁ - ဝါ သီတင်းသုံးပြီး ၁၂၈၉ - ခုနှစ်ဦးတွင် အလွန်လျှော် သတင်းမွှေးလှသော မန္တလေးမြို့ မစိုးရိမ် တိုက် ပရိယတ္တိနယူပဒေသကျောင်း ဆရာတော် အရှင်ဝိသုဒ္ဓထံ ပိဋကတ်ဆိုင်ရာ အထက်တန်း ကျမ်းစာများကို သင်ယူရန် ရောက်ရှိတော် မူခဲ့လေသည်။

ရန်ကုန်မြို့ ဘုရားဖြူတိုက် အရှင်ရာဇိန္ဒထံ
သီတင်းသုံး ပညာသင် စေတိယင်္ဂဏအောင်

ထိုသည့် ၁၂၈၆ - ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဆရာတော် အရှင်ဝိသုဒ္ဓ၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ရာဇိန္ဒထံ ပြောင်းရွှေ့သီတင်းသုံးတော် မူခဲ့သည်၊ ရန်ကုန်၌ သီတင်းသုံးစဉ်အတွင်း စေတီယင်္ဂဏစာမေးပွဲ စာသင်တန်းကို ဝင်ရောက် ဖြေဆို ရာ နှစ်ချင်းစွဲ အောင်မြင်တော် မူခဲ့လေသည်။ စေတီယင်္ဂဏစာချတန်း စာမေး

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ မစိုးရိမ်သာသနာဝင်ကြည့်။

ပွဲကို ဆက်လက်၍မဖြေဆိုပဲ ထိုနှစ် တပို့တွဲလတွင် မန္တလေးမြို့ မိခင် မစိုးရိမ် တိုက်သို့ ပြန်ကြွတော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်သောမ

ဆရာတော်အရှင်သောမ[၁]သည် မန္တလေးမြို့ ရွှေဘုန်းလှေတန်းရပ်၌ အဖ ဦးမိုး, အမိ ဒေါ်မင်းသူတို့မှ ၁၂၃၉-ခုနှစ် ဒုတိယ ဝါဆိုလဆုတ် ၉-ရက် သောကြာနေ့ ညဥ့် ၂-ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူသည်။ အရွယ် ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ ဘင်္ဂလား ဆရာတော် ဘုရားကြီးသည် ၁၂၇၁-ခုနှစ် ဝါဆိုလဆန်း ၁၀-ရက် နေ့တွင် မစိုးရိမ်တိုက်ကြီးကို အလှူခံတော်မူပြီး ကိုယ်တိုင် ၁-ဝါမျှသာ သီတင်းသုံးတော်မူ၍ အရှင်သောမအား လွှဲအပ်တော်မူခဲ့ပြီး သီတင်းသုံးရင်းစွဲ ဖြစ်သည့် ရန်ကုန်မြို့ ဘင်္ဂလားတိုက်သို့ ပြန်ကြွသီတင်းသုံးတော်မူသည်။ ၁၂၈၂ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး မဟာသစ်ဝင်ချောင် မစိုးရိမ် တောရကျောင်းသို့ ကြွရောက်တော်မူ၍ ပဋိပတ္တိအလုပ်ကို ကျင့်ကြံအားထုတ်တော်မူသည်။ ကျမ်း ဂန်ပေါင်းများစွာ တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်းတို့မှာ—

ဏ္ဍာဒိမောဂ္ဂလ္လာန်နိဿယ၊
ဝိသုဒ္ဓိမဂ် မြန်မာပြန်  သီလနိဒ္ဒေသ, ဓုတင်္ဂနိဒ္ဒေသ၊
တေပိဋကသာရ ၎တနာဝလိကျမ်း၊

နေတ္တိပါဠိတော် နိဿယ စသောအားဖြင့် ၄၀-နီးပါးမျှ ရှိကုန်၏။ ၁၂၉၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ သက်တော် ၆၃-နှစ်၊ သိက္ခာတော်၄၃-ဝါ ရရှိရာ ၁၃၀၁-ခုနှစ် သီတင်းကျွတ် လဆန်း ၃-ရက်နေ့တွင် ပျံလွန်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်သောမထံ ပညာသင်

ဆရာတော်လောင်းလျာသည် ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ အရှင်သောမ ထံ၌လည်း ကျမ်းဂန် အမျိုးမျိုးကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတော် မူခဲ့လေသည်။

သန္တိကေ သောမတ္ထေရဿ၊ သောမသန္နိဘမာနသော။
ဗဟဝေါ ဂန္ထေ ပိ သိက္ခိ၊ သိက္ခနေ လဂ္ဂမာနသော။

---

၁။ အရှင်သောမာဘိသိရီ ဟုလည်း ခေါ်သည်။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယ

အရှင်သူရိယပဟာထေရ်သည် မြန်မာ့သာသနာတွင် အလွန် ထင်ရှားသည့် မစိုးရိမ်တိုက်ဟောင်း, တိုက်သစ် ၂-တိုက်တို့၏ မဟာနာယက ဖြစ်တော်မူသည်။ ဆဋ္ဌသံဂါယနာ သံဃမဟာနာယက, နိကာယုဇ္ဈောတကသမိတိ အာဒိသမုဋ္ဌာပက စသော ဂုဏ်တို့ဖြင့် အလွန်လျှင် ကျော်စော ကိတ္တိရှိသည့် မဟာထေရ်မြတ်ကြီး ဖြစ်တော်မူသည်။ ၁၂၄၁-ခုနှစ်ဖွားတည်း။ ၁၂၉၁-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူပြီး ၁၃၁၇-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ ၁၃၃၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၂- ရက် သောကြာနေ့တွင် ပျံလွန်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယထံ ပညာသင်

ရဟန်းတော် အရှင်စန္ဒောဘာသသည် တခေတ်တွင် ထိပ်တန်းပညာရှင် လုပ်လိုသဖြင့် ထိပ်တန်းပညာရှင် တပါး ဖြစ်တော်မူသော ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယထံ နေ့ဝါ ညဝါ ကျမ်းဂန်များစွာတို့ကို သင်ယူတော် မူခဲ့လေသည်။

သန္တိကေ သူရိယဿာပိ၊ သူရတ္တံ ဣစ္ဆန္တော သုဓီ။
ဥဂ္ဂဏှိ မဟုဿာဟေန၊ ဂန္ထေ သိက္ခိတဗ္ဗေ ဗဟူ။

## ပဋ္ဌမကျော်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ

ဆရာတော်အရှင်ဉာဏသည်လည်း မြန်မာသာသနဝံသတွင် ဓဇူပမ ပုဂ္ဂလဝိသေသဖြစ်တော်မူသည်။ ရန်ကုန်မြို့ ၂၆-လမ်း၌ ဦးရှမ်း, ဒေါ်အံသီ တို့မှ ၁၂၄၅-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်မူခဲ့သည်။ ပါဠိသာသိရာဇညသုတ် ဘာသာပြန်, သဒ္ဒတ္ထရတနာဝလိအဘိဓာန် (ဟတိယတွဲ) ပဋ္ဌမပိုင်း စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ လယ်တီဆရာတော်ဘုရားကြီး၏ နိယာမဒီပနီ, ဝိပဿနာဒီပနီ, ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းတို့ကိုလည်း အင်္ဂလိပ်ဘာသာပြန်ဆို ရေးသားတော်မူခဲ့သည်။ ၁၂၉၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို အလှူခံ ရရှိတော်မူသည်။ ၁၂၉၉-ခုနှစ်တွင် ပျံလွန်တော် မူသည်။ [၁]

---

၁။ မဟာရိသုတာရာမ နိကာယသာသနာဝင် ၆၂၁-ကြည့်။

## ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏထံ ပညာသင်

ဆရာတော်လောင်းလျာ အရှင်စန္ဒောဘာသသည် ဖော်ပြပါ ပဌမကျော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ မဟာထေရ်ထံ၌လည်း ပါရဂူမြောက် တစ်ခေါ် လောက်သည့် ပညာရှင် ဖြစ်အောင် ရည်မှန်း၍ ကျမ်းစာအချို့ကို ကြိုးပမ်း သင်ယူတော် မူခဲ့လေသည်။

သန္တိကေ ဉာဏတ္ထေရဿ၊ ဉာဏာဝယ ဉာဏိကော သုဓိ။
သုဓိတ္တံ အဘိကင်္ခန္တော၊ သိက္ခိ သိ ဠ္ဌတဗ္ဗေ ဗုဓော။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ အရှင်ဝိသုဒ္ဓ

အရှင်ဝိသုဒ္ဓသည် မစိုးရိမ်တိုက်၏ ကျက်သရေဆောင် လျှမ်းလျှမ်းတောက် ပညာရှင်တို့တွင် တပါးအပါအဝင် ဖြစ်၏။ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့တူးဖြင့် ကွန်မြူးစံပါယ် တင့်တယ်တော်မူသည့် မစိုးရိမ် နာယက စာချ အကျော် တပါး ဖြစ်တော်မူသည်။ ပင်ကိုယ်က စာဝါသနာကြီးလှသည့် ဆရာ တော် ဖြစ်သည့်အလျောက် ဝါသနာကြီးသော တပည့်အပေါင်းတို့၏ ခညောင်း ခိုမှီးရာ ပုဂ္ဂိုလ်လည်း ဖြစ်တော်မူသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ အရှင်ဝိသုဒ္ဓထံ ပညာသင်

အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ ရဟန်းတော် အရှင်စန္ဒောဘာသသည် ဖော်ပြပါ အရှင်ဝိသုဒ္ဓမဟာထေရ်ထံ၌ ပရိယတ္တိသာသနဟိတအသင်း ပြဋ္ဌာန်း သည့် စာမေးပွဲကျမ်းစာအချို့ကို လေ့လာဆည်းပူး သင်ယူတော်မူခဲ့လေသည်။ ဆရာတော် လောင်းလျာကား ဂုဏ် အပြစ် စိစစ် ခွဲခြမ်းနိုင်သည့် ပညာရှင် အဖြစ်သို့ တဖြေးဖြေး ရောက်ရှိလာခဲ့လေပြီ။

သန္တိကေ ဝိသုဒ္ဓဿာပိ၊ ဝိသုဒ္ဓိ ဣစ္ဆန္တော ဝိဒူ။
ဝိသုဒ္ဓိမူလကေ ဂန္ထေ၊ သမုဂ္ဂဏှိ သုမိတိမာ။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်

ပခုက္ကူမြို့ကား ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင် ထိန်ဝင်း လင်းလက်ရာ သာသနာ့ဘုမ္မိ ပိဋကတ်အတတ်မြို့တော် ဖြစ်၏။ ပဝေရှေ့ အတော်လှမ်းလှမ်း ပခုက္ကူခရိုင် ပခုက္ကူနယ်ဖြစ်မယ့် ပခန်းခေတ်ဆီကတည်းက ပညာရှင် သာသနာ့ဝန်ဆောင်တွေ တပါးပြီးတပါး ပေါ်ပေါက်တော် မူခဲ့ကြ ပြီး ဘုန်းမီးနေလ တောက်ပထိန်လက် ဘုရားရှင်သာသနာစက်ကို လင်းလက်

အောင် ထမ်းရွက်ကျင့်ဆောင်တော် မူခဲ့ကြကုန်၏။ ပခုက္ကူမြို့ရှိ မဟာဝိဇယာရာမ ကျောင်းတိုက်ကြီးသည်လည်း ဒီဃဒဿီ ကိုးဂိုဏ်းချုပ် တိပိဋက ဘုရင်ဟု သမုတ်အပ်တဲ့ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ၏ တပည့်ရင်း အရှင်ဇဝနမဟာထေရ် တည်ထောင်ခဲ့သည့် ဝိဇ္ဇာယတနကြီး ဖြစ်သည်။ အရှင်ဇဝန မဟာထေရ်သည် ဖော်ပြပါ မဟာဝိဇယာရာမ ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူပြီး သက်ဆုံးတိုင် စာပေချပို့ သာသနာပြုတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးကား ၁၂၈၉-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို အလှူခံရရှိတော် မူ၍ ၁၃၁၈-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့ တံဆိပ်တော်ကို ရရှိတော်မူသည်။ ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာတည်းဟူသော တောနက်ဂနိုင် မဟာမြိုင်အတွင်း ပိတ်ပင်ခြင်းကင်း ရဲတင်းစွာ ချဉ်းနင်းနိုင်သည့် ပညာရှိ ကဝိမိုရ်စင်စစ် ဖြစ်တော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနထံ ပညာသင်

ရဟန်းတော် အရှင်စန္ဒောဘာသသည် ဖော်ပြပါ တိပိဋက ဂန္ထပါရဂူ လင်းယဉ်ထူသည့် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် မဟာနာယက ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်ဇဝနဆရာတော် ဘုရားကြီးထံ တိပိဋက ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းတို့ကို ဖက်ကမ်းတိုင်မြောက် ပေါက်ရောက်အောင် သင်ယူတော်မူခဲ့သည်။

သန္တိကေ ဇဝနဿာပိ၊ ဇဝပညော သုဓီ ဝိဒူ။
ဝိဒ္ဓတ္တံ ပဋ္ဌကာမော သော၊ ဗဟူနံ သိက္ခနံ အကာ။

### အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ရေဝတထံ ပညာသင်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေး အနောက်ပြင် ခင်မကန်တိုက် သုဓွေးကျောင်းဆရာတော် အရှင်ရေဝတသည်လည်း စာချဆရာတော်များ ဣတိဟာသတွင် မေ့ပျောက်၍ မရကောင်းသည့် ထိပ်တန်းစာချကောင်း တပါး ဖြစ်တော်မူသည်။ အထူးသဖြင့် ကစ္စည်းသဒ္ဒါကြီးကို ပြော၍ ချပို့မှုတွင် အလွန်လျှင် ကျော်စောသည်။ သို့ဖြစ်၍ အရှင်စန္ဒောဘာသသည် ဖော်ပြပါ ခင်မကန်တိုက် သုဓွေးကျောင်းဆရာတော် အရှင်ရေဝတထံ၌လည်း မန္တလေး စာချနည်းနိသျည်းကို ထံနီးကပ်ချဉ်း သင်ယူတော့် မူခဲ့လေသည်။

သန္တိကေ ရေဝတဿာပိ၊ ဆေကတ္တံ ဣစ္ဆန္တော ဝိဒူ။
ဗဟူ သော သိက္ခိတွာန၊ ပါရဂူ ဂန္ထကောဝိဒေါ။

၎င်းပြင် ချမ်းသာကြီးတိုက် စာချဆရာတော် အရှင်လက္ခဏမဟာထေရ်၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဦးဝိုင်း၊ တောင်သမန်တိုက် အရှင်ဝိမလ တို့ ထံ၌လည်း စာပေကျမ်းဂန် အတန်တန်တို့ကို သင်ယူတော်မူခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု
## ညောင်ရမ်းဆရာတော် အရှင်ရေဝတ

ညောင်ရမ်းဆရာတော်ဘုရားကြီး အရှင်ရေဝတသည် ညောင်ရမ်းမြို့နယ် အင်းကုန်းရွာ၌ အဖ ဦးနိုင်၊ အမိ ဒေါ်ငြိမ်တို့မှ သက္ကရာဇ် ၁၂၃၅ - ခုနှစ် တပို့တွဲလဆန်း ၄ - ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက် သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို အားသွန်ခွန်စိုက်ထမ်းဆောင်တော် မူခဲ့သည်။ မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၌ သီတင်းသုံး၍ စာပေ ပို့ချခြင်းအစရှိသော သာသနာ့ပြုကိစ္စများကို မခိုမကပ် ဆောင်ရွက်တော်မူ သည်။ ၁၂၆၃ - ခုနှစ်တွင် "ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံယူတော်မူရသည်။ ၁၂၆၁ - ခုနှစ်တွင် "ရေဝတာဘိကဝိဓဇပရောလက္ခာရသဒ္ဓမ္မသုရ" ဟူသော သံဃဒတ္တိယ ဘွဲ့ တံဆိပ်တော်ကိုလည်း ခံယူရရှိတော်မူသည်။ ၎င်းပြင် ရတနာ်ရိရိစံ သီပေါ မင်းတရား ဆက်ကပ်သည့် "ရေဝတာဘိပဏ္ဍိတဓဇသာသနာဝံသမဟာဓမ္မ ရာဇာဂုရု" ဘွဲ့ ဟူသော ဘွဲ့တံဆိပ်တော်ကို ၁၂၇၅-ခုနှစ်တွင် အလှူခံရရှိတော်မူ သည်။ ၁၂၈၆ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိ တော်မူ၍ ၁၃၁၅ - ခုနှစ်တွင် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူ ခံ ရရှိတော်မူသည်။ သင်္ဃသင်္ဂါယနာ သံဃမဟာနာယကလည်း ဖြစ်တော်မူ သည်။ သိလက္ခန်ဒီကာသစ်နိဿယ စသော ကျမ်းပေါင်း ၁၀၀ - ကျော်တို့ ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၃၁၆ - ခုနှစ် တပို့တွဲလပြည့်နေ့တွင် ပျံလွန် တော်မူသည်။[၁]

## အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု
## ညောင်ရမ်းဆရာတော်ထံ ပညာသင်

အဂ္ဂမဟာပဏ္ဍိတလောင်းလျာ အရှင်စန္ဒောဘာသသည် ဖော်ပြပါ အဂ္ဂ မဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု စသည့် ဘွဲ့တံဆိပ်တော်ရ ညောင်ရမ်းဆရာ တော်ဘုရားကြီး အရှင်ရေဝတထံ အဋ္ဌကထာကြီးများကို သင်ယူတော်မူခဲ့ သည်။

---

၁။ အကျယ် မန္တလေး သာသနာ့ဝင်ကျမ်း၊ မိုးကောင်းသာသနာ့ဝင်ကြည့်။

သန္တိကေ ရေဝတဿာပိ၊ နေပုဏော ကုသလော ဝိဒူ။
နယသမ္ပုဏ္ဏဘာဝါယ၊ သိက္ခိယံ သိက္ခနံ အကာ။

## မြတောင်ဆရာတော် အရှင်ဝိစာရ

မြတောင်ဆရာတော် အရှင်ဝိစာရသည် နေ့ဝါညဝါ ကျမ်းဂန်တတ် မဟာထေရ်မြတ် ဖြစ်တော်မူသည်။ မြင်းခြံခရိုင် ပုဂံမြို့အရှေ့တောင် ဖွားစောရွာ၌ အဖ ဦးသာတုတ်, အမိ ဒေါ်ပုတို့မှ ၁၂၃၆-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၅-ရက်နေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်။ ၁၂၆၅-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် မြတောင်တိုက်၏ နာယက ဖြစ်တော်မူသည်။ ၁၂၆၆-ခုနှစ်တွင် "ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" အဖြစ် ကိုးကွယ်ခြင်း ခံရသည်။ ညဝါအခြေပြကျမ်း, ပစ္စယုဒ္ဒေသဒီပနီ, ပုဂံမြို့ ဘုရားဆယ့်ခုနှစ်ဆူ သမိုင်း စသည့် ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၂၈၄-ခုနှစ် နှောင်းတန်ခူးလဆန်း ၃-ရက်နေ့တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူ၍ ရတနာဘုံစံမြတောင်ချောင်ကို တည်ထောင်တော်မူ၍ ယင်းချောင်၌ တရားအားထုတ် သီတင်းသုံးတော်မူသည်။ ၁၃၁၀-ခုနှစ် နှောင်းတန်ခူးလဆန်း ၃-ရက်နေ့တွင် ပျံလွန်တော်မူသည်။[၁]

သန္တိကေ ဝိစာရဿာပိ၊ ဝိစာရညာဏိကော ဝိဒူ။
မဟာဝိဒ္ဒတ္တံ ဝုစ္စန္တော၊ သိဿဘာဝံ ဝိယာကရိ။

## အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဓမ္မာဘိဝံသထံ ပညာသင်

ၚင်းပြင် အဘိဓာန်နိဿယသစ်, မောဂ္ဂလ္လာန်နိဿယသစ်စသော ကျမ်းပေါင်း များစွာ တို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသထံတော်၌လည်း ပုဒ် ပါဌ် စစ် နည်းနိသျည်းနှင့် ကောက်ချက်ချပုံ နည်းမျိုးစုံကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ အဂ္ဂဓမ္မဿ၊ အဂ္ဂဓမ္မာဘိကာမိနော။
သိက္ခိတဗ္ဗေ သော သိက္ခိတွာ၊ ပါရဂူ ဂန္ထကာရကော။

## အဂ္ဂမဟာပဏ္ဍိတ အရှင်စက္ကပါလမဟာထေရ်

မော်လမြိုင် တောင်ပေါက် ဆရာတော်ဘုရားကြီး အရှင်စက္ကပါလသည် မန္တလေးမြို့အနောက်ပြင် ဝေယံဘုံသာကျောင်းတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍

---

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ မြတောင်သာသနာဝင်ကြည့်။

စပေချပို့တော်မူခဲ့သည်။ တောင်တွင်းကြီးမြို့နယ် မြင်းကွန်းမြို့၌ အဖ ဦးယော နှင့် အမိ ဒေါ်သက်ကျိုးမှ ၁၂၇၉ - ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁ - ရက် နေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ ဝန် ထမ်းဆောင်တော်မူခဲ့သည်။ သမယ, သ၁ယန္တရ, ဘာသန္တရ, ဂန္ထန္တရတို့၌ အလွန်လျှပ် ကျွမ်းကျင် တတ်မြောက်တော်မူသည်။ အဘိဓာန်နိဿယသစ်, ဗာလာဝတာရချုနက်နိဿယ, ဗာလာဝတာရဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယသာရ အစရှိ သော ကျမ်းဂန်ပေါင်း ၅၀ - ကျော်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၂၉၇ - ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံ ရရှိတော်မူ သည်။ ၁၃၁၅ - ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၃ - ရက်နေ့တွင် ပျံလွန် တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်စက္ကပါလထံ ပညာသင်

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်စန္ဒောဘာသသည် ဖော်ပြပါ မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက် ဆရာတော်ဘုရားကြီးထံ၌ ဆရာ တော်ဘုရားကြီး မန္တလေးမြို့ အနောက်ပြင် မဟာဝေယံဘုံသာတိုက်၌ သီတင်း သုံးစဉ် သင်ယူသင့်သော ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ စက္ကပါလဿ၊ စက္ကံ ပါလယိတုံ ဝိဒ္ဒွါ။
နာနာဂန္ထေ သမုဂ္ဂဏှိ၊ ဂမ္ဘီရေ ဒုဒ္ဒသေ ပိ ဝါ။

## အရှင်စန္ဒောဘာသ နည်းစုံတတ်မြောက်ပြီ

အရှင်စန္ဒောဘာသသည် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ အဂ္ဂမဟာ ပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးထံ ကြာ မြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သဖြင့် –

"ပါဠိ,အဋ္ဌကထာ,ဋီကာမကျန်၊ ကျမ်းဂန်ကိုချ၊ ဝါကျဥဿုံ၊ နည်းစုံ ယောဇနာ၊ ကျမ်းလာခဲကတ်၊ ဒုန္နယတ်ရှင်း၊ချပို့ခြင်းဟူ၊ ပခုက္ကူ စာချ နည်းနယ" ဟူသည့် ပခုက္ကူစာချနည်းကိုလည်း တတ်မြောက်တော်မူခဲ့ လေသည်။ ၎င်းပြင် မန္တလေးမြို့ အကျော်အမော် စာချဆရာတော်များထံ နိုယံ မပြတ် သင်ယူအပ်ရပြီး ဖြစ်ရကား–

"ယောဇနာမျိုး၊ ကျမ်းရိုးငါးချက်၊ ဆက္ကဌပနာ၊ ပုစ္ဆာငါးချက်၊ စုဒ်ဖက်နိုင်းရှို၊ ရှေ့နောက်ညှိ၍၊ သန္ဓိအနု၊ ကေဋုဘနည်း၊ ဝုတ္တော ဒည်းက၊ ထုတ်နည်းပဌာန၊ ပစ္စယနှင့်၊ ဝါကျခွဲစိပ်၊ ပုဒ်နိစ္ဆယ၊ ဿမကလျော်က်၊ ဆယ့်ခြောက်ဟာရ၊ နယလေးတန်၊ ပဋ္ဌာန်သာသန၊

သဒ္ဓမ္မနေတ္တိ၊ ဉာဏ်၏ကောက်ပုံ၊ အစုံနှစ်ဖြာ၊ ကြိယာငါးချက်၊ စပ်လျက်ယှဉ်ကြ၊ အာဘောဂမှ၊ နယစုံလင်၊ တန်းဆာဆင်၍” စသည့် မန္တလေးစာချနည်းကိုလည်းကောင်း။

တနည်းအားဖြင့်—

“စာပြောပုံခုနစ်နည်းကို သိပ်သည်းသေချွေ မှာခဲ့မေအဲ့- မှတ်လေနောက် သား၊ ကျမ်းစကားမှာ၊ ရှေ့ဖျားအတတ်၊ မိန့်မြွက်သံညွှင်း၊ လိုရင်း ကိုကောက်၊ ထို့နောက်မပျက်၊ ပုဒ်စိပ်ထွက်လေ့၊ အချက်ကျကျ၊ ပိဏ္ဍတ္ထကို၊ အရကောက်ယူ၊ ပုဒ်ဟူသမျှ၊ စိပ်ဖွင့်ပြ၍၊ အဝယဝ၊ အတ္ထ ထွေပြား၊ အနက်များကို၊ ခွဲခြားဝေဖန်၊ တတန်ဝိနိစ္ဆယ၊ ဆုံးဖြတ် ချထား၊ ယင်းစကားကို၊ မြဲမြံ့လိုမူ၊ ကျမ်းဆိုရှုကာ၊ နည်းနာစုံလင်၊ ပုံပြင်ဝတ္ထု၊ ရွေးသုံးပြုသည့်၊ တခုခုကို၊ ကိုယ်၏သက်သေ၊ ဥပဒေသ၊ ရှာဖွေပြလေ့၊ မပေါ့တံထွာ၊ ဓမ္မတာတည့်၊ ပညာရှိများ၊ ပြောကြား သင်မှ၊ သဘာဝနှင့်၊ ဓမ္မအခြေ၊ ပေါ်လေသည်ချည်း၊ ထိုနည်းတူစွာ၊ အလင်္ကာဟူ၊ မြန်မာမူလည်း၊ သိပ်သည်းကျန၊ ပြောသင့်ကြသည်.... စာချ စာပြ ဆရာ သဘောတည်း” ဟူသည့် စာပြောပုံနည်းကို နိသျည်းကျ ရရှိ တတ်မြောက်တော်မူခဲ့လေသည်။

ဧဝံ ဟိ ပဏ္ဍိတေ ဥပ—သင်္ကမိတွာ မဟာမတိ။
သိက္ခိတွာန စန္ဒောဘာသော၊ အဂ္ဂဂ္ဂပဏ္ဍိတော အဟု။

## စာမေးပွဲများ အောင်မြင်တော်မူခြင်း

ဆရာတော်သည် စာချပညာရှင် ဆရာသမားများစွာတို့ထံ သင်ယူလေ့လာပြီး စာမေးပွဲများကို ဖြေဆိုရာ ပြဆိုခဲ့သည့်အတိုင်း ရန်ကုန်မြို့ စေတိယင်္ဂဏ စာသင်တန်း, မစိုးရိမ် ပရိယတ္တိ စာမေးပွဲများ, ၁၂၈၇-ခုနှစ်တွင် အစိုးရ ပဌမငယ်တန်း, ၁၂၈၈-ခုနှစ်တွင် အစိုးရ ပဌမလတ်တန်း, အမျိုးသား အလတ်တန်း, ၁၂၈၉-ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိစာမေးပွဲ, ၁၂၉၀-ပြည့်နှစ်တွင် သကျသီဟ စာသင်တန်းတို့ကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။

## ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ

၁၂၉၄-ခုနှစ်တွင် သကျသီဟစာမေးပွဲ စာချတန်းကို အပြီးတိုင်အောင်မြင်တော်မူသဖြင့်“ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)”ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

## စာပေချပို့ သာသနာပြု

ဆရာတော်သည် ၁၂၆၄ - ခုနှစ်မှ စ၍ မစိုးရိမ်တိုက် စာချနာယက အဖွဲ့ဝင်ဖြစ်တော်မူချိန်မှစ၍ အဆက်မပြတ် စာပေကျမ်းဂန် ပို့ချ၍ ပရိယတ္တိ သာသနာတော်တည်းဟူသော ကံပေါ်ကန်သင်းကို ဆည်ဖို့တော်မူခဲ့လေသည်။ ပါဠိတက္ကသိုလ်စခတ်တွင် ပါဠိပါရဂူဘွဲ့တူး ဖြေဆိုမည့် ပါဠိပါရဂူဘွဲ့ယူမည့် ပုဂ္ဂိုလ်များအတွက် ပါဠိဘာသာဖြင့် ချပို့တော်မူခဲ့သည်။ ယင်းပါဠိပါရဂူ စာဝါဒ်ပင်ရံ့ါ စာလိုက် သံဃာ ၅၀ - ခန့်ရှိသည်ဟု သိရ၏။

## များစွာသော ဘွဲ့ရတပည့်တွေ

ယင်းသို့ စာပေကြိုးစားမှုကြောင့် အစိုးရဓမ္မာစရိယ, ပါဠိပါရဂူ, သကျသီဟ ဓမ္မာစရိယ, စေတိယင်္ဂဏဓမ္မာစရိယ စသည့် ဘွဲ့ရ တပည့် ရဟန်းတွေမှာ ရာတော်တော်များ ပေါ်ထွန်းခဲ့လေသည်။

## ကျမ်းဂန်များ ရေးသားပြုစုခြင်း

ဆရာတော်သည် စာပေချပို့၍ သာသနာပြုရုံမျှ မကသေးပဲ ကျမ်းဂန်များ ပြုစုရေးသားတော်မူ၍လည်း သာသနာ ပြုတော်မူခဲ့သည်။ ၎င်းတို့မှာ -

(၁) ကစ္စာယနပဉ္စဗျာကရဏဝိဘာဝနီအခေါ်
သဒ္ဒါကြီး ရှစ်စောင် အမေးအဖြေကျမ်း။

(၂) အာချာတဂါထာဒီပနီကျမ်း - စသည်တို့ ဖြစ်ကုန်၏။

ယင်းကျမ်းများအနက် ကစ္စာယနပဉ္စဗျာကရဏဝိဘာဝနီခေါ် သဒ္ဒါကြီး ရှစ်စောင်အမေးအဖြေကျမ်းကို မန္တလေးမြို့ ဟံသာဝတီ ပိဋကတ် စာပုံနှိပ်တိုက်တွင် ၁၂၉၉ - ခုနှစ်က ရိုက်နှိပ်ခဲ့သည်။ ကျမ်းဦး၌ —

ဗုဒ္ဓံ ဓမ္မံ သံဃဉ္စ၊ ပဍ္ဎ ဗျာကရဏုတ္တမံ။
ဗျာကရဏံ ကစ္စာနဿ၊ နတွာ ကဿံ ဝိဘာဝနိံ။
သကံ ဒဟံ သမ်ဗုဒ္ဓါတိ၊ ဇောတိရသာ ယထာ မဏိ။
ဝေါယမ္ပိ သမိဇ္ဈိဿံ၊ အတိသိဿံ သကိဥ္စိတံ။
ပဝနံ ကဋ္ဌတော ဂဏ္ဍိ၊ ဖေဂ္ဂုံ စတွာ ဂဏှေ သာရံ။
တထာ ဝိဓာပိ သံဂဏှေ၊ မာ စောဒယေ ပရေ သတ္ထံ။

ဟူသော ၃ - ဂါထာဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့သည်။ ယင်းကျမ်းကြီးမှာ ပဌမတွဲတွင် သန္ဓိ, နာမ်, ကာရက, သမာသ် ဟူသော အောက် ၄ - စောင်ပါရှိ၏။ ယင်း ပဌမတွဲမှာ ရှုံင်ဆိုက် စာမျက်နှာ ၃၂၈ - ရှိ၏။

၁၃၁၄-ခုနှစ်တွင် စာချတန်းဆိုင်ရာ ကျမ်းစာများ ပို့ချရင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးက အမိန့်ရှိသဖြင့် ဓမ္မာစရိယ စာချတန်း စာသင်သားများ နှင့် ဂဏဝါစက စာချဆရာတော်တို့ ကြည့်ရှု လေ့လာ ချပို့ရန် အာဘောဂဒါဒီ ဒီပနီကျမ်းကိုလည်း စီရင်တော်မူခဲ့သည်။ ယင်းကျမ်း၏ အစဥ်—

ဗုဒ္ဓံ ဝန္ဒိယ သက္ကစ္စံ၊ အာဘောဂါဒိဘိဝေဓကံ။
မေဓာဆ တိကလျာဏံ၊ ပုညက္ခေတ္တမနုတ္တရံ။
သောတူနံ ဉာဏပါသာယ၊ ကရိဿာ ဘောဂဒီပနိံ။
ပုဗ္ဗာစရိယသိဟာနံ၊ နယံ နိဿာယ သာသနေ။
ပုထုဇ္ဇနေဝ ဟောမဟံ၊ တသ္မာ ဘဝေယျ ဝိရဒ္ဓိံ။
တေန တံ ပရိဝဇ္ဇေတွာ၊ သစ္စမေဝ ဂဏှ ဗုဓော။

ဟူသော ၃-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူ၍ ကျမ်းစာကို စီရင်တော်မူခဲ့သည်။ ယင်းကျမ်းမှာ ၁၃၄၀-ခုနှစ် သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်မှ တတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက် ၄၇၆-မျက်နှာ ရှိသည်။

## အဘိဓာန်ကျမ်းကြီးများ, ပါဠိပဒကျမ်းညွှန်းကျမ်းများ ပါဝင်ကြပ်မတ် ပြုစုခြင်း

ၚင်းပြင် ၁၃၂၇-ခုနှစ် ပြာသိုလပြည့်ကျော် ၁-ရက်နေ့မှ စ၍ စတင်ရေးသားအပ်သော မစိုးရိမ် က-ဝဂ် တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီးများ, တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းအကျဉ်း, ပါဠိပဒပိဋက ကျမ်းညွှန်း, ဖ၊ ဗ၊ ဘ၊ မ တွဲပုဒ်ဆိုင်ရာ တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီးများကိုလည်း ပါဝင် ကြပ်မတ် ပြုစုရေးသားတော်မူသည်။

## အခြားဆောင်ရွက်ချက်များ

ၚင်းပြင် ပါဠိပဌမပြန် စာမေးပွဲတွင် အင်္ဂလိပ်စာ, သင်္ချာ စသည့် ကျမ်းစာများ ပြဋ္ဌာန်းပြီး မူလတန်းတိုးပေးရန် အကြံပေးချက်ကို အကြောင်းပြ ကန့်ကွက်တော်မူခဲ့သည်။ ၚင်းနောက် ဓမ္မာစရိယစာချတန်း တခုတိုး၍ ကျင်းပပေးသင့်ကြောင်း ပဋ္ဌမပြန် စုံစမ်းရေးကော်မတီသို့ အကြံပေးတင်ပြကာ ပြဋ္ဌာန်းချက် ကျမ်းစာနှင့် ပုစ္ဆာ စည်းမျဉ်းများကိုပါ ရေးသား တင်သွင်းတော်မူခဲ့သည်။ ဦးစွာကျင်းပသည့် ဓမ္မာစရိယ စခချတန်း စာမေးပွဲ မေးပုံမေးနည်း အသားကျစေရန် နမူနာပြ "ပုစ္ဆက" ဆရာတော်အဖြစ် နှစ်ကြိမ်တိုင်

တာဝန်ယူ၍ ဆောင်ရွက်တော်မူခဲ့သည်။ ၎င်းပြင် မန္တလေးမြို့ လေးပြင် လေး ရပ်လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ, ခရိုင်ဝိနည်းဓိုရ်, ခုံဝိနည်းဓိုရ်, မစိုးရိမ် ပါဠိတက္ကသိုလ်ကျောင်းအုပ်, ပါဠိတက္ကသိုလ်ဗဟိုကိုယ်စား လှယ်, ဆဋ္ဌသင်္ဂါယနာ မူလဝိသောဓက စသည့် တာဝန်တို့ကိုလည်း ဆောင်ရွက် တော်မူခဲ့သည်။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ဆရာတော်၏ ထူးခြားသော အရည်အချင်းတရပ်မှာ ဆုံးဖြတ်ချက်ခိုင်မာ၍ ဇွဲသတ္တိရှိခြင်းပင် ဖြစ်ပါသည်။ သို့အတွက် စံထားလောက်သော လုပ်ရပ် တခုမှာ—

> "ဆရာတော်သည် ဤဘဝတွင် သကျသီဟကို အောင်ကိုအောင်ရမည်" ဟု သာမဏေ ဘဝမှ စ၍ စိတ်ကို ဆုံးဖြတ်ထားခဲ့သည့် အတိုင်း ၁၂၈၇-ခုနှစ်၌ အစိုးရအငယ်တန်းနှင့် အထူး သကျသီဟ စာသင် တန်းကို ဝင်ရောက်ဖြေဆိုရာ အစိုးရ အငယ်တန်းသာ အောင်၍ သကျသီဟ စာသင်တန်းမှာ ကျရှုံးခဲ့ပါသည်။ ကျရှုံးခြင်းအတွက် အားမပျက်ခဲ့ရုံမျှမက "မအောင်မချင်းဖြေသည်" ဟု နောက်တဆင့် တက်၍ ဆုံးဖြတ်ချက်ချပြီး နှစ်စဉ်မပျက် ဝင်ရောက် ဆင်နွှဲခဲ့ပါသည်။ "လုံ့လဝီရိယ ဇွဲသတ္တိရှိသူအား မအောင်မြင်နိုင်သော အရာဟူ၍ မရှိနိုင်" ဆိုသည်မှာ မှန်ပါသည်။ ၁၂၉၀-ပြည့်နှစ်သို့ ရောက်သော အခါ စာသင်တန်းကို အောင်မြင်ခဲ့ပြီး နောက် ၄-နှစ်ကြာသော အခါ စာချတန်းကိုပါ ကောင်းစွာ အောင်မြင်ခဲ့ပါသည်။
>
> ထို့ပြင် ကိုယ်တိုင်ပြုစုရေးသားတော်မူခဲ့သည့် ကျမ်းစာများကို သာ သနာရေး ဦးစီးဌာနသို့ မူပိုင်လှူဒါန်းခြင်း, မိမိပိုင်ဆိုင်သော နဝကမ္မ ဝတ္ထုငွေများကို ကိုက်တာနှင့် သာသနာတော်အား ခွဲဝေလှူဒါန်းခြင်း တို့ဖြင့် မိမိကိုယ်ကျိုးကို ကိုယ်စီးပွားတို့ကို စွန့်လွှတ်၍ "အသက် နှင့် ခန္ဓာ မြဲသမျှ သာသနာ့ကျိုးသက်သက်ကိုသာ သည်ပိုး ထမ်းရွက် သွားမည်" ဟုလည်း သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချတော်မူခဲ့ပါသည်။

မစိုးရိမ်တိုက်ကြီးသည် မြန်မာနိုင်ငံ သာသနာတွင် ထင်ရှား၍ ထူး လည်း ထူးခြားလှပါသည်။ ဤကျောင်းတိုက်ကြီးတွင် အသက်တရာ, ဝါတရာ ပြည့်သော်လည်း ကျောင်းထိုင်နာယက ဖြစ်ရန် အခွင့်မရှိပါ။ သို့ရာတွင် သကျသီဟစာချတန်းကို အောင်ခဲ့လျှင်ကား ဝါမရသေးသည့် ရဟန်းငယ်ကလေးပင်ဖြစ်စေကာမူ ကျောင်းထိုင်နာယကဖြစ်ခွင့် ရနိုင်ကြပါ သည်။ ဤစည်းမျဉ်းတချက်ကို ကြည့်ခြင်းဖြင့်ပင် မစိုးရိမ်ကျောင်းတိုက်ကြီး

သည် သာသနာတော် တည်တံ့ထွန်းကားရေးအတွက် မည်မျှအလေးထား ကြောင်းသိသာလှပါသည်။ သာသနာရေးအတွက် အားတက်ဖွယ်ကောင်း သော ဤစည်းမျဉ်းတို့ကြောင့်လည်း သာသနာပြုစိတ်ဓာတ်ရှိသော ဆရာ တော်သည် မစိုးရိမ်ကျောင်းတိုက်ကြီးသို့ ရဟန်းသိက္ခာ ၂၀ ါအရ ရောက် သည့်အချိန်မှ စ၍ ရေနှင့်တွေ့သော ကြာပန်းကဲ့သို့ နှလုံးစိတ်ဝမ်း ချမ်းမြေ့ တော်မူခဲ့ပါသည်။

သာသနာတော်အပေါ် သံယောဇဉ်ကြီးသလောက် မစိုးရိမ်ကျောင်းတိုက် ကြီးအပေါ် သံယောဇဉ်ကြီးခဲ့ပါသည်။ မည်မျှ သံယောဇဉ်ကြီးသနည်းဆိုပါ လျှင် —

ကမ္ဘာစစ်မီး အမိုက်မှောင်ထုကြီး အုပ်ဖုံး၍ မြန်မာတပြည်လုံး ဂျပန်များ မင်းမူနေချိန်မှာပင် မစိုးရိမ်တိုက်အတွင်း၌ လ-တစင်း ထွက်ပေါ်နေသကဲ့သို့ တပါးတည်း ပျော်တော်မူခဲ့ပါသည်။ ဂျပန် ဆေးတပ်၊ ချွေးတပ်များက မစိုးရိမ်တိုက်အတွင်း၌ စတည်းချ နေခွင့် တောင်းကြရာ သာသနာရေးအတွက် အသက်ပေးသင့်က ပေးမည်ဟူ သော စိတ်ထားဖြင့် "ကျောင်းသုံးပရိဘောဂ စားပွဲ၊ ကုလားထိုင် စသည်များကို မဖျက်ဆီးပဲ မိမိသြဇာကို နာခံ၍ နေထိုင်ပါမည်" ဟု ဝန်ခံချက်ရယူပြီးမှ ခွင့်ပြုခဲ့ပါသည်။ ဤသို့ သံယောဇဉ်ကြီးစွာ အသက် ပေး စောင့်ရှောက်ခဲ့မှုကြောင့် ကျောင်းအသုံးအဆောင်အားလုံး ဆုံး ရှုံးပျက်စီးမှုမရှိပဲ ပကတိအတိုင်း မြင်တွေ့ကြရခြင်း ဖြစ်ပါသည်။

ရတနာသုံးပါး၏ ဂုဏ်တော်များကို အထူးအလေးဂရုပြု၍ အောက်မေ့ မြတ်နိုး ရှိခိုး ပူဇော် ပွားများရခြင်းသည် အားကြီးသော နှစ်သက်ခြင်း=ပီတိ၊ ကိုယ်ရောစိတ်ပါ ငြိမ်းအေးခြင်း=ပဿဒ္ဓိ၊ ကိုယ်ရောစိတ်ပါ နှစ်သက်ခြင်း ချမ်းသာခြင်း=သုခ၊ စိတ်၏တည်ကြည်ခြင်း=သမာဓိ၊ ဟုတ်တိုင်းမှန်ရာကို သိမြင်ခြင်း=ယထာဘူတ စသော အကျိုးတရားတို့ကို အခြေခံထား၍ အဆင့် ဆင့် အဆက်ဆက် ဉာဏ်စဉ်တက်ပြီးလျှင် မဂ် ဖိုလ်ဉာဏ်တို့ဖြင့် လောကီကို ထွင်းဖောက်ကာ ဤဘဝမှာပင် နိဗ္ဗာန်သို့ ကောင်းစွာ ဆိုက်ရောက် မျက် မှောက်ပြုနိုင်သည်အထိ အကျိုးတရားများကို ရစေနိုင်သည်ဖြစ်ရာ ဆရာတော် သည် အချိန်ရသမျှ ဂုဏ်တော်များကို ပွားများလေ့ရှိပါသည်။

'အဘိဓဇမဟာရဋ္ဌဂုရု' မစိုးရိမ်ဆရာတော်ဘုရားကြီး၏ သြဝါဒ တော်အရ လွန်ခဲ့သော ၁၂၉၈ - ခုနှစ်မှ စ၍ ရတနာသုံးပါး၏ ဂုဏ် တော် ၂၄ - ပါးကို တပါးပါးလျှင် ရှစ်သောင်းလေးထောင် (၈၄၀၀၀) စီ ပွားများလာခဲ့ရာ ယခုအခါ ၂၂ - ကြိမ်မြောက်

'သုဂတ' ဂုဏ်တော်ကို ပွားများနေဆဲဖြစ်ပါသည်။ ယင်းသို့ ပွားများရာတွင် အက္ခရာစာလုံးများသော ဂုဏ်တော်များကို တနေ့လျှင် အနည်းဆုံး ၂-ထောင်ခန့် ပွား၍ အက္ခရာစာလုံးနည်းသော 'သုဂတ' စသော ဂုဏ်တော်များကို တနေ့လျှင် ၅-ထောင်ခန့် မှန်မှန် ပွားများတော်မူပါသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဤသို့လျှင် ဆရာတော် အရှင်စန္ဒောဘာသသည် ဘုရားမြတ်စွာ သာသနာတော်ကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆောက, ဂန္ထဓုရာဝဟ, မဟာထေရ, ပရိယတ္တိဝိသာဒရ, လဇ္ဇီပေသလ, သိက္ခာကာမဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသဖြင့် ၁၃၄၀-ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇေသုံ မြန်မာဘူပါလာ၊ စန္ဒောဘာသံ သုဓီတိမံ။

### ချီးကျူးပူဇော်ကြခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ ဆရာတော် အရှင်စန္ဒောဘာသ မဟာထေရ်အား ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စသည်မှ ပင့်၍ ပူဇော်ချီးကျူးလှူဒါန်းကြသည့်ပြင် မန္တလေးမြို့ မစိုးရိမ်တိုက်၌လည်း တပည့် ဒကာ, ဒကာမများက ၆-သောင်းခန့် အကုန်အကျခံ၍ ချီးကျူး ပူဇော်ပွဲကြီး ကျင်းပ ပူဇော် ချီးကျူးကြကုန်၏။

### မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသကျောင်း နာယကဆရာတော် အရှင်စန္ဒောဘာသ၏ ထေရုပ္ပတ္တိသန္ဒိပနီ အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသကျောင်း နာယကဆရာတော်ဘုရားကြီး အရှင်စန္ဒောဘာသ မဟာထေရ်၏ အဖြစ်တော်စဉ် နှင့် ဆောင်ရွက်ချက်အမျိုးမျိုးတို့ကို ထုတ်ဆိုဖော်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင် တခန်းရပ်၍ လက်စသတ်လိုက်ပါပြီ။

စန္ဒောဘာသဿ ထေရဿ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဋ္ဌမိဿံ သန္ဒိပနိယံ၊ မုခမတ္တနိဒဿနံ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်
"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက"
ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏

# မဟာထေရုပ္ပတ္တိသန္နိပနိ

အို သူတော်ကောင်း မဟာထေရုပ္ပတ္တိသန္နိပနိစာတော်ဖတ်.... အသင် စာတော်ဖတ်သည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဖြစ်တော်စဉ်ကို ကြည်ညိုယုံဖိတ် သဒ္ဓါတရားကိန်းဝပ်သောစိတ်ဖြင့် ကြည့်ရှုရာ၏။

## အရှင်ဝိစိတ္တသာရာဘိဝံသလျှောင်းလျှာ ပဋိသန္ဓေနေခြင်း

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသံဂါယနာဝိသဇ္ဇက လောင်းလျာ သာသနာ့အာဇာနည်လောင်းလျာသည် သက္ကရာဇ် ၁၂၇၂-ခု တပို့တွဲလဆုတ်တွင် မန္တလေးတိုင်း ယခင်မြင်းခြံခရိုင် ကျည်းပင်ရွာ၌ ကျည်းပင်ရွာသူကြီး ဦးဆုံ၏ အိမ်သူချေးသွယ် ဇနီးသယ် ဒေါ်ဆင်၏ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။

ဆဋ္ဌသံဂါယနာဝိသဇ္ဇက, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ သာသနာ့အာဇာနည်လောင်းလျာ အရှင်ဝိစိတ္တသာရာဘိဝံသသည်—

> "စာသင်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိစမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုခြား၊ ဦးခေါင်းထားလျက်၊ ပေးကြားလက်ဆုပ်၊ သစ်ခွတိုမှာ၊ မျောက်အိုကုတ်သည်နှယ်၊ မလှုပ်မလှုက်၊သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လေကမ္မဇ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေရယ်က၊ ပြင်သို့ကျ



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ

သက်တော် ၆၇-နှစ်၊ သိက္ခာတော် ၄၇-ဝါ

လည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည်၊လက်စဇာတိ
မူရင်းတည်း။ ”[၁]

ဟူသည့်အတိုင်း ခံစားရမည့် ဇာတိဒုက္ခကို ဂရုပြုနှလုံးထားတော်မမူပဲ သဗ္ဗညု
မြတ်စွာ စေသဗ္ဗာ၏ သာသနာတော်ပြုလိုရေးဖြင့် လူလောကသို့ တလှည့်
ကြွကာ သန္ဓေနေတော်မူခဲ့လေသည်။

ဇာတိဒုက္ခမ္ပိ အာဇဉ္ဇော၊ အစိန္တေတွာ မဟာမတိ။
မုနိသာသနစက္ကဿ၊ ဝုဒ္ဓိယာ အာဂတော သုဓီ။

**တန်ဆောင်မာသ ခါသမယ**

တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီကား ကြတ္တိကာကြယ်မင်း ထွန်းလင်းရာ
လ ဖြစ်၏။ ခဲပန်းတွေလဲ သည်တန်ဆောင်မာသ ခါသမယမှာ ပွင့်ကုန်၏။
သင်းရနံ့ ကြိုင်လှိုင်ကုန်၏။ ဘုန်းခိုင်ဘုရားသာသနာတော်၌ သဒ္ဓါကဲပို ကြည်
ညိုကြတဲ့ မင်းမြတ်များ သူဌေး သူကြွယ် ကုန်သည် ပွဲစား တောင်သူ လယ်ယာ
လုပ်ကိုင်စားသောက်သူတို့မကျန် လေးမျက်နှာပျော် စာတုဒ္ဒိသာသံဃာတော်
အား ကထိန်သင်္ကန်း ကပ်လှူခြင်း, ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ခြင်း, မသိုး
သင်္ကန်း ရက်လုပ် လှူဒါန်းပွဲ စသည်တို့ကို ပြုလုပ်ကြ၍ ဒါန ကောင်းမှုပြုရာ
လ ထူး လ မြတ် ဖြစ်သည်။ စာရေးဆရာ ကဗျာဝိဒူ စလေဦးပုညသည် ဖော်
ပြပါ တန်ဆောင်မုန်းလကို—

မိုးဝသန် ချိန်ဆုံးလို့၊ တန်ဆောင်မုန်း ဗြိစ္ဆာ။
ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာ ကြယ်မင်း။
ခဝဲပွင့် မာလာဝယ်၊ သည်ချိန်ခါ မွှေးထုံပျံ့သင်း။
ဗာတ္တိ သည့်ဥနာရီမှာ၊ အငွေ့စမ္ပီ နှေ့သွင်း။
မြောက်လေပြေ ဆော်ညှင်းလို့၊ အမင်းမင်း ရာဇာ။
ဥတ်ကထိန် ခါသမယမို့၊ မဟာဒါန ပြုကြမြဲသာ။
ဆယ့်ရှစ်လုံး ပါဒ်သုညာမှာ၊ သံသရာ နောင်အရေးကိုလ။
ထောက်တွေး ကြံဆင်ခြင်၊ ကင်းလွတ်ကြောင်းအောင်။
မြတ်ပုညကောင်းခွင်မှာ၊ နှစ်အစဉ် ပွဲပေရှင့်လေး။ [၂]

ဟူ၍ ဖွဲ့ဆိုခဲ့လေသည်။

---

၁။ ပရမတ္ထသရူပဘေဒနီ၊ ၁။ ၂၉၇။
၂။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်၊ ၁၀၂-မျက်နှာ။

## သာသနာ့အာဇာနည် ဖွားမြင်ပြီ

အဂ္ဂမဟာပဏ္ဍိတ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ သာသနာ့အာဇာနည် လောင်းလျာသည် ဘွဲ့ တံဆိပ်တော်ရ သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်ထူးတို့ မပြတ်ထွန်းပေါ်ရာ မန္တလေးတိုင်း မြင်းခြံမြို့နယ် ကျည်းပင်ရွာ၌ အဖ သူကြီး ဦးဆုံ, အမိ သူကြီးကတော် ဒေါ်ဆင်တို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ် ဖော်ပြပါ ထူးမြတ်လှသည့် တန်ဆောင်မုန်း လဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ စက်နာရီ ၃-နာရီကျော် အချိန်တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ဦးဆုံ, ဒေါ်ဆင်တို့၌ ( ၁ ) မသုန်၊ ( ၂ ) မောင်ခင်၊ ( ၃ ) မောင်သင် ( မောင်ဘသင် ) ဟူ၍ သားသမီး ၃-ယောက် ထွန်းကားသည်။ ဆရာတော်လောင်းလျာကား သားလတ်ရတနာ ဖြစ်သည်။

## ဆရာတော်နာမည် မောင်ခင်

တွေ့မြင်သူ လူအများ၏ ချစ်ခင်ကြခြင်းကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ မောင်ခင်ဟူ၍ မှည့်ခေါ်ကြသည်။ ဇာတာတော်၌ နေ့သင့် နာမ်သင့် မောင်ရန်ရှင်း ဟု ရေးမှတ်ထားသည်။

## သာသနာ့အာဇာနည်လောင်းလျာ၏ ထူးခြားသည့်အလေ့အလာ

သာသနာ့အာဇာနည်လောင်းလျာကား ကြီးတော့လဲ လွန်စွာ လွန်စွာ ထူးခြားလှ၏။ ငယ်စဉ်ကလဲ ထူးခြား၏။ ငယ်ငယ်ကလေးကပင် သိမ်မွေ့ ညံ့ထွား နှလုံးသားပိုင်ရှင် ဖြစ်သည်၊ တောရွာမှာ ကလေးများ ဘာသာ ဘာဝ အခြားကလေးများ၏ ကြမ်းတမ်းသော ကစားမျိုးဖြစ်သည့် ကြေး သားရိုက်, ထုတ်တိုး, တွတ်ထိုး, ခြေကန်, ထုတ်ဆည်းအစရှိသည့် ကစားမျိုး ကို ဝေးစွာရှောင်ကြဉ်၏။ သန့်သန့်ရှင်းရှင်းဖြင့် နေလေ့ရှိသည်။ သို့ဖြစ်၍ ဇာတာထဲ၌ မောင်ရန်ရှင်းဟု ရေးမှတ်ခြင်း ဖြစ်သည်။ ကလေးဘာသာဘာဝ ဟိုအိမ် သည်အိမ် သွားလျှင်လဲ မိ ဖတို့ ခွင့်ပြုသော အိမ်သို့သာ သွားလေ့ရှိ သည်။

## အရှင်သာသန မဟာထေရ်

ဆရာတော် အရှင်သာသနသည် ကျည်းပင်ရွာအနီး ညောင်ပင်ရွာ ဇာတိ ဖြစ်၏။ ၁၂၃၄-ခု ဖွားတည်း။ သဲဖြူဝကျောင်းဆရာတော် အရှင်ကုမာရ၏ တပည့်ရင်း ဖြစ်သည်။ မန္တလေးမြို့ တောင်ပြင် နန်းဦးတိုက်၌ ပညာသင်ကြား

---

၁။ ဆရာတော်အရှင်စန္ဒောဘာသ၏ ထေရုပ္ပတ္တိသန္ဒိပနီကြည့်။

ခဲ့ဖူးသည်။ မန္တလေးမှအပြန် ကျောင်းထိုင်ချိန်အရွယ်တွင် ကျည်းပင်ရွာ၌ ကျောင်းထိုင် သီတင်းသုံးတော်မူ၍—

> "မြို့ရွာပျော်သုံး၊ ဘုန်းဘုရားကား၊ အများဒကာ၊ မြတ်သဒ္ဓါနှင့်၊ ဥစ္စာပစ္စည်း၊ မဖျက်ဆီးပဲ၊ အမြဲထာဝရ၊ ဓမ္မညွှန်ကြား၊ အများအကျိုး၊ မိမိကျိုးတို့၊ တိုးပွားစေငှာ၊ ကျင့်ကြံရာသည်၊ မြတ်စွာဇိနဩဝါဒတည်း။"

ဟူသည်နှင့် အညီ ဒကာ, ဒကာမတို့၏ သဒ္ဓါ, ဥစ္စာကို မထိပါးစေပဲ ပျားပိတုန်းအဟန် ဒကာ, ဒကာမတို့ ကုသိုလ်ဖြစ်ရေး, လိမ္မာရေးကြားရှိရေးတို့ကို ကျင့်ကြံတော်မူသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ၁၃၁၅ - ခုနှစ်ဖလောက်တွင် ပျံလွန်တော်မူသည်။

## အရှင်သာသနထံ ရောက်ရှိ ပညာသင်ကြားခြင်း

သာသနာ့အာဇာနည်လောင်းလျာ၏ ဖခင်ကြီး ဦးဆုံမှာ အသက် ၃၀ - ကျော်အရွယ် သာသနာ့အာဇာနည် ၄ - နှစ်သားခန့်တွင် ကွယ်လွန်ခဲ့လေသည်။ ဦးဆုံ ကွယ်လွန်သဖြင့် ဒေါ်ဆင်သည် မိမိ မိခင်အိမ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ဒေါ်ဆင်သည် သူကြီးကတော် ဖြစ်ခဲ့ရာ ပညာရေး ရှေ့တန်းတင်လိုသူ ဖြစ်သည်။ အတတ်ပညာရှိမှ တင့်တယ်သည်၊ အတတ်ပညာရှိမှ စီးပွားဥစ္စာလဲ ရနိုင်သည်ဟု သဘောပေါက်သည်။ သို့ဖြစ်၍ မောင်ခင် ၅ - နှစ်သားအရွယ်တွင် ဖော်ပြပါ ကျည်းပင်ရွာ ဆရာတော်အရှင်သာသနထံ အပ်နှံ၍ ပညာသင်ကြားစေလေသည်။

> ဝယသာ ပဥ္စဝဿမှိ၊ သာသနတ္ထေရသန္တိကေ။
> ပတ္ထာန သိက္ခိတဗ္ဗေ သော၊ အသိက္ခိ ဒါရကော သုဓီ။[၁]

## အဘိုး၏ သာသနာ့အာဇာနည် မွေးနည်း

ဦးချယ်ကား ဆရာတော့်လောင်းလျာ၏ အဘိုး ဖြစ်သည်၊ သာသနာ့အာဇာနည်၏ ဖခင် ဦးဆုံ၏ ဖခင်ဖြစ်သည်။ ဦးချယ်သည် သာသနာ့အာဇာနည်လောင်းလျာကိုမြင်ဘိုင်း မိမိ၏သား ကိုဆုံကို သတိရသည်၊ ရံခါ မြေးမျက်နှာကြည့်ပြီး သားအပေါ် လွမ်းမှုကို ဖြေဖျောက်ရသည်။ သားမရှိတော့ မြေးကို စောင့်ရှောက်ဖို့ မိမိတာဝန်ဟူ၍ ယူဆလေသည်။ သို့ဖြစ်၍ သာသနာ့အာဇာနည်ကို ကိုယ်တိုင် အရှင်သာသနကျောင်းသို့ လိုက်ပို့သည်။ သူငယ် ကျောင်းမှ ပြန်ချိန်တွင် ကျောင်းသို့ နေ့စဉ်သွားရောက်၍ သူ့မြေးကို ထမ်းဆောင်

---

၁။ တိုပိဋကစရေဝုတ္တန္တသန္ဒီပနီ- ၄၆။

ခေါ်ယူလေ့ ရှိသည်။ အိမ်ရောက်၍ ညစာစားပြီးလျှင် အခြားကလေးများ ကဲ့သို့ ကစားခြင်းဖြင့် အချိန်ကိုမကုန်လွန်စေပဲ မိမိ၏သမီးငယ် (သူငယ်၏အရီး) မငွေပေါ်နှင့် အတူတကွ ဘုရားကန်တော့ချပေးခြင်း, သီလခံယူစေခြင်း, မေတ္တာပို့ စသည်ချပေးခြင်း စသည်ပြုပြီး နောက် တူ အရီး ၂-ယောက်တို့ကို တယောက်တလှည့်စီ ( က - ဘယ့်နှယ်ရေးပါ့မယ် )တယောက်က မေး (က-ကြီး ရေက) ဟု တယောက်ကဖြေ ဤနည်းဖြင့် မေးစေ, ဖြေစေ၍ သင်ပုန်းကြီးကို ပြန်စေသည်။ သို့ဖြင့် သာသနာ့အာဇာနည်လောင်းလျာ သူငယ်အဖို့မှာ လူ နာ မည်စသည်ကို ရေးတတ်ဖို့အတွက် သက်သာစွာနှင့်ပင် မေးလိုက်တိုင်း တောက် ခနဲ အဖြေမှန် ထွက်လာတော့သည်။

ပိတာမဟော ဒါရကာနံ၊ ပေါသနံ ရက္ခနံ အကာ။
သန္ဓာယာ, နာဂတေ ဝုဒ္ဓိံ၊ ဗဟုံ သော ဝါယာမံ အကာ။ ၁

## မြင်းခြံ မင်းကျောင်းတိုက် အရှင်သောဘိတထံ ရောက်ရှိ ပညာသင်

အရှင်သောဘိတသည် မြင်းခြံခရိုင် ခေါင်းကွဲရွာ ဇာတိ ဖြစ်သည်။ ငယ် မည် မောင်သာဝ ဖြစ်၏။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်။ အရွယ်ကောင်းချိန်မှ စ၍ မင်းကျောင်းတိုက် ရာဟုထောင့် ကျောင်း၌ စာပေချပို့ သာသနာပြုတော်မူသည်။ တပည့်မွေးပုံကောင်း, စာချ ကောင်း ပုဂ္ဂိုလ်ဖြစ်သည်။ ထိုစဉ်က မင်းကျောင်း ဆရာတော်ကြီး ညီ အရှင် စက္ကိန္ဒက တရားဟောကောင်း, အရှင်သောဘိတက စာချကောင်းသည် ဟု မြင်းခြံ၌ ထင်ရှားသတတ်။ ကျည်းပင်ရွာ အရှင်သာသနနှင့် ရင်းနှီးသည်။ သို့ ဖြစ်၍ ကျည်းပင်ရွာ သာရေးနာရေး ကိစ္စကြီးများ၌ ပါလေ့ရှိသဖြင့် ဒေါ်ဆော် နှင့် ကျည်းပင် ဒကာဒကာမတို့က အရှင်သောဘိတကို သိကြသည်။ ဆရာတော် လောင်းလျာ ၆ – နှစ်သား အရွယ်တွင် အဘိုးဖြစ်သူ ဆရာကြီး ဦးချယ်, အဘွား ဆရာကတော် ဒေါ်အုံ့တို့က ပဌမအကြိမ် ရှင်ပြုမင်္ဂလာသဘင် ဆင်ယင် ကျင်းပပေးကြ၏။ သတို့သားမှာ ငယ်သေး၍ သင်္ကန်း မဆီးရသေးချေ။ ၇ - နှစ်သား အရွယ်တွင် အထက်ဖော်ပြပါ မင်းကျောင်းဘိုက် ရာဟုထောင့် ကျောင်း ဆရာတော် အရှင်သောဘိတထံ မိခင်ကြီးက အပ်နှံသဖြင့် ရောက်ရှိ နေထိုင် ပညာသင်ကြားတော်မူသည်။

## သာသနာ့အာဇာနည်လောင်းလျာ စာအံနည်းအတုယူဖွယ်

သာသနာ့ အာဇာနည်လောင်းလျာသည် ဆရာတော် အရှင်သောဘိတထံ တော်၌ ပရိတ်ကြီးကို စ၍သင်ယူတော်မူခဲ့သည်။ နောက်တွင် သဒ္ဒါ, သင်္ဂြိုဟ်

---

၁။ တိပိဋကစရိယတ္တန္တသန္ဒီပနီ - ၄၇။

စသည်တို့ကို သင်ယူတော်မူသည်။ အလကားမနေ အမြဲတစေ စာနှင့် နေ၏။ စာအံနည်းမှာလည်း အတုခိုးလောက်သည်၊ တနေ့ကျက်ရမည့် စာကို ဆရာ့ထံ ၃ - ခေါက်ဖတ်ပြီးလျှင် စာအံသည်။ စာအံသော အခါ မိမိဉာဏ်နိုင်လောက် ရုံကို ပိုင်း၍ ပိုင်း၍ စာအံတော်မူသည်။ တပိုဒ်ရမှ နောက်တပိုဒ်သို့ ပြောင်းရွှေ့ ကျက်မှတ်တော်မူသည်။ အပျင်း နှင့် အဖျင်း အချင်းချင်း ပျက်စီးတတ်သည်ကို သာသနာ့အာဇာနည် လောင်းလျာ သူငယ် ရိပ်မိသည်။ စာကျက်ဖို့ ပျင်းသော အခါဟူ၍ တရံတဆစ်မျှမရှိပါချေ။ ကျက်ရမည့်တနေ့တွက်တာကို မရလျှင် နေရာမှ ထလေ့ရှိတော် မမူ၊ ရမှသာ ထလေ့ရှိတော်မူ၏။ ဆရာတော် အရှင်သောဘိတက စာအံချိန် အတော်ခိုင်းလိုက်လျှင် ကစားခြင်းဖြင့် အချိန်ကိုကုန်လွန်စေတော်မမူပဲ သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ, စာတိုစာစများကို ဖတ်၍ နေလေ့ရှိတော်မူသည်။ သို့ဖြစ်၍ သတင်းစာ, မဂ္ဂဇင်းစသော စာပေ၏ အရသာကို ခိဋ္ဌာဒသက= ၁၀ - နှစ်သားအရွယ်အတွင်းကပင် ရိပ်စားမိတော်မူသည်။

## ဒုတိယအကြိမ် ရှင်ပြု သာမဏေဝတ်

သာသနာ့အာဇာနည်လောင်းလျာ ၁၀ – နှစ်သား အရွယ်တွင် မိခင်ကြီး ဒေါ်ဆင်က ဒုတိယအကြိမ် ပဗ္ဗဇ္ဇမင်္ဂလာသဘင် ထပ်မံ ဆင်ယင် ကျင်းပ၍ သာသနာတွင်း သွတ်သွင်း ချီးမြှင့်သဖြင့် ဆရာတော် အရှင်သောဘိတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ အရှင်သောဘိတသည် မိမိ၏တပည့် အာဇာနည် လောင်းလျာ၏ ဉာဏ်အဖြင် ဆန်းကြယ်မှုကို အစွဲပြု၍ ရှင်ဝိစိတ္တဟု မှည့်ခေါ်သည်၊ ရှင်ဝိစိတ္တသာရဟုလည်း တွင်သည်။

ဥပဇ္ဈံ သောကရိတွာန၊ သောဘိတံ သိဿသောဘနံ။
သာမဏေရတ္တနံ ပတ္တော၊ ဝိစိတ္တော ဝိစိတ္တသာသနေ။

## ၁၃ - နှစ်အရွယ် သဒ္ဒါကြီးရှစ်စောင် နှုတ်ငုံပြန်

သဒ္ဒါကြီးရှစ်စောင်ပါဠိသည် ကျစ်လစ်သိုသိပ် ကောင်းမွန်သည့် ပါဠိ သဒ္ဒါ ဗျာကရဏ်ကျမ်း ဖြစ်သည်၊ စင်စစ်တမူကား ပါဠိစာပေ တည်းဟူသော ပိဋကတ်တိုက်မဟာကို ဖွင့်လှစ်ရာ၌ ဖိုးထိုက် မျိုးပွန် အာမခံ သော့တချောင်း ဖြစ်သည်။ သို့ဖြစ်၍ ထေရဝါဒနိုင်ငံတိုင်း သာသနာ့ဝန်ထမ်းတို့ သဒ္ဒါကြီးရှစ်စောင်ကို လေ့လာကြသည်၊ အထူးအားဖြင့် မြန်မာနိုင်ငံရှိ သာသနာ့ဝန်ထမ်းတို့ ပို၍ အလေ့အလာပြုကြသည်။ ကျမ်းပြုသူ အရှင်ကစ္စည်း ထေရ်ကို စွဲ၍ ကစ္စည်းသဒ္ဒါကြီးပါဠိဟု ခေါ်သည်[၁]။ ယင်း သဒ္ဒါရှစ်စောင်ပါဠိသည်

---

၁။ သိမှတ်ဖွယ် ပခုက္ကူသဒ္ဒါသုတ်နက် နိဒါန်းကြည့်။

သာသနာရေး ဦးစီးဌာန စာတော်မူ ဒီမိုင်းဆိုက် စာမျက်နှာ ၃၁၅ - ရှိ၏။ ယင်းသဒ္ဒါကြီးပါဠ်၌ သုတ်ပေါင်း ၆၇၃ - သုတ် ပါရှိ၏။

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် သက်တော် ၁၃ နှစ်သားအရွယ်တွင် မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီအသင်းမှ ကျင်းပပြုလုပ်သည့် စာပြန်ပွဲ (ဝိနည်းစာပြန်ပွဲ) ၌ ဖော်ပြပါ ကစ္စည်းသဒ္ဒါကြီးပါဠ်ကို အံ့လောက်ခမန်း အထောက်အပ လွတ်ကင်းစွာ ကရားရေလွှတ် ပြန်ဆိုတော်မူခဲ့လေသည်။ ယင်းသို့ ထူးဆန်းစွာ ပြန်ဆိုနိုင်လေရာ မပေါ်ဘူးမြဲ ထူးကဲစွာပေါ်ပေါက်လာရကား မြင်းခြံတမြို့လုံး တနယ်လုံး သိမ့်သိမ့်တုန် သွားလေ၏။

ဇာတိယာ တေရသေဝေ၊ ကစ္စာယနံ မုခါဂတံ။
အကာ သော ဝိစိတ္တသာရော၊ ဝိစိတ္တဝုတ္တန္တော ပရိ။

## ၁၄ - နှစ်သား သင်္ဂြိုဟ်ကိုးပိုင်း အာဂုံပြန်

သင်္ဂြိုဟ်ကျမ်းသည် သာသနာရေး ဦးစီးဌာန စာမူ ကရောင်း ၁၆ - ချိုးဆိုက် ၁၆၇ - မျက်နှာရှိ၏။ စာအုပ်ဆိုက်ငယ်ဖြစ်၏။ ယင်းသို့ ငယ်သော ကျမ်းစာဖြစ်သဖြင့် လက်၅ - ချောင်းတွင် အငယ်ဆုံးလက်သန်းနှင့်တင်စား၍ မြန်မာ့သာသနာဝန်ထမ်းအဆက်ဆက်တို့ လက်သန်းအဋ္ဌကထာဟု ကင်ပွန်းတပ်ခဲ့ကြကုန်၏။ ယင်းသော်လည်း အဘိဓမ္မာ ၇ - ကျမ်းကို ချုံး၍ စီရင်ထားကား ခက်ခဲ၏၊ နက်နဲ၏၊ သိမ်မွေ့၏။ သာသနာ့ဘောင် ရောက်ရှိလာသော ကိုရင်များတချို့နှင့် ရဟန်းငယ်အချို့ သဒ္ဒါတွင်လဲ လန်တတ်သည်။ သဒ္ဒါမလန်လျှင် သင်္ဂြိုဟ်တွင် လန်တတ်သည်။ ဤစာပြုသူတို့ သဒ္ဒါလန်, သင်္ဂြိုဟ်လန် ဦးပဉ္စင်းငယ်ကိုရင်တွေကို တွေ့ဘူး၏။ ယင်းသင်္ဂြိုဟ်ကျမ်းကို သီဟိုဠ်ကျွန်းအနုရာဓမြို့နေ မူလသောမာရာမ[၁] ကျောင်းတိုက်နေ ထိပ်တန်း အဘိဓမ္မာပညာရှင် အနုရုဒ္ဓါ မဟာထေရ် စီရင်တော်မူခဲ့သည်။[၂]

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသာ ဖော်ပြပါ သင်္ဂြိုဟ်ကျမ်းကိုလည်း ထိုစဉ်က သံဃသာမဂ္ဂီအသင်းကြီးမှ နှစ်စဉ်ကျင်းပ ပြုလုပ်အပ်သော စာပြန်ပွဲ (ဝိနည်းစာပြန်ပွဲ) တွင် မိုးဝကောင်းကင် သိန္ဓောနှင်သလို

---

၁။ နောက်သပ် သောမာရာမ ကျောင်းတိုက်တွေ ပေါ်လာသဖြင့် အနုရာဓမြို့ရှိသော မဟာရာမကျောင်းတိုက်ကို မူလသောမာရာမ ကျောင်းတိုက်ဟု ခေါ်သည်။ မူလမဟာဝိသုတာရာမတိုက် မဟာဝိသုတာရာမတိုက်မကြီးဟူသကဲ့သို့တည်း။

၂။ သိမှတ်ဖွယ်အကျယ် မဟာဝိသုတာရာမ နိကာယ သာသနာဝင်၊ ၆၀၂ - ကြည့်။

စဉ်းစားမနေရပဲ တောက်လျှောက် အထောက်အပလွတ်ကင်းစွာ ပြန်ဆိုတော်မူခဲ့လေသည်၊ ပြီးခဲ့သည့် နှစ်တုန်းက အံ့ဩလက်စ မပြီးပြတ်သေးမီ တမြို့လုံး တနယ်လုံး အံ့ဩကြရပြန်ကုန်၏။

ဇာတိယာ စုဒ္ဒသေယေဝ၊ သင်္ဂဟမ္ပိ မုခါဂတံ။
အကာ သော ဝိစိတ္တသာရော၊ အတီဝ ဝိစိတ္တော အဟု။

**အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဆရာတော်အရှင်ပညာ ချီးကျူး**

သာမဏေ ရှင်ဝိစိတ္တသာရ၏ ဉာဏ်ရည် ဉာဏ်သွား စွမ်းပကား ထူးခြားထက်မြက်ကြောင်း သတင်းကောင်းသည် မြင်းခြံတွင် မရပ်နားပဲ အရပ်တကာ တော်တော်များများ ပျံ့နှံ့လေပြီ။ ယင်းသတင်းသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး အတွင်းသို့လည်း ချဉ်းနင်းဝင်ရောက် လာလေ၏။ သို့ဖြစ်၍ ထိုစဉ်က ဆွမ်းစားကျောင်း၌ ဆွမ်းဘုဉ်းပေးတော် မူရင်း အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဆရာတော် အရှင်ပညာသည် ကျည်းပင် ကိုရင်ကလေး ဉာဏ်ကောင်းလှသည် တယ်တော်သည် စသည်ဖြင့် မကြာမကြာ အမိန့်ရှိကြောင်း သိရသည်။

ထဝိတော ပညာထေရေန၊ ဝိသုတာရာမ ကေတုနာ။
ဝိစိတ္တော ဝိစိတ္တသာရော၊ သစ္စံ ဟိ အဘိတ္ထဝိတော။

**၁၅-နှစ်သား အစိုးရပဌမငယ်, ၁၆-နှစ်သား ပဌမလတ်အောင်**

"ရုပ်ဝါရှအီ၊ မကြီးမီက၊ ဘယ်ဆိမ်ပချွတ်၊ ကြွပ်ပလပ်အောင်၊ အတတ်ပညာ၊ သင်အပ်ရာ၏" ၁

ဟူသည်နှင့် အညီ သက်တော်အရွယ် နုနယ်ငယ်လျစဉ်ကပင် ကြိုတင်၍ မြော်မြင်တတ်သိတော်မူသော စာချဆရာတော် အရှင်သောဘိတ နှင့် ငါးထပ်တိုက်ဆရာတော် အရှင်ပုနိန္ဒ, တန်ဆောင်းကြီးတိုက် ဆရာတော် အရှင်ဝိသုဒ္ဓ တို့၏ အထံ၌ နေ့ဝါ ညဝါများ သင်ယူတော်မူခဲ့သည်။ ယင်းသို့ သင်ယူ ကြိုးပမ်းမှုကြောင့် စာသင်သား အငယ်အဆင့်ကို ရာနှုန်းပြည့် အရည်အချင်း ရှိပြုံးဖြစ်ရကား သက်တော် ၁၅-နှစ်အရွယ်တွင် အစိုးရပဌမငယ်တန်းကိုဝင်ရောက်ဖြေဆိုရာ နှစ်ချင်းစွဲ အောင်မြင်တော် မူခဲ့လေသည်။ တဖန် နောက်နှစ် သက်တော် ၁၆-နှစ်သားအရွယ်တွင် ပဌမလတ်တန်းကို ဝင်ရောက်ဖြေဆိုပြုရာ နှစ်ချင်းစွဲပင် အောင်မြင်တော်မူခဲ့လေသည်။

---

၁။ ဩဝါဒထူးမျိုး၊ ၂၅-ပိုဒ်။

## သာသနဝံအာဇာနည် အငယ်, အလတ် စာပေလေ့လာနည်း

ယခုအခါ ဘုရားမြတ်စွာ သာသနာတွင် အလွန်လျှင် ထူးချွန်စွာ ပေါ် ပေါက်လာသည့် သာသနဝံအာဇာနည် ပုဂ္ဂိုလ်ကျော်၏ အဖြစ်တော်စဉ်ကို ရေးသားပူဇော်ခွင့် ကြုံပြန်၍ ရေးသားရလေရာ သာသနဝံ အာဇာနည် သာမဏေ ရှင်ဝိစိတ္တသာရ၏ အငယ်, အလတ် စာပေလေ့လာပုံကို ဖော်ပြဦးအံ့။

သာသနဝံအာဇာနည် သာမဏေငယ်သည်—

(၁) ပုစ္ဆာ၌ ဤအချက်မျိုး မေးတတ်သည်၊ (၂) ပုစ္ဆာ၌ ဤအချက်မျိုးမေးတတ်သည်စသည်ဖြင့် ပုစ္ဆာဟောင်းများကို ကြည့်ရှု၍ ရှေးဦးစွာ အတန်းလိုက် ပုစ္ဆာအကဲကိုဖြတ်၍ ကြည့်ရှုတော်မူသည်။ ထို့နောက် ဆိုင်ရာ ကျမ်းစာများကိုကြည့်ရှုတော်မူရင်း ဤအချက်မျိုးကို ဤနံပါတ် ပုစ္ဆာမျိုး၌ မေးတတ်သည်ဟု သတိပြု၍ နှုတ်ရဆောင်တန်လျှင် နှုတ်ရဆောင်, ထုတ်နှုတ်၍ ရေးမှတ်သင့်လျှင် ထုတ်နှုတ်ရေးမှတ်တော်မူသည်။ ပဌမငယ်ဝင်ချိန်မှာ ပဌမလတ်တန်း ပုစ္ဆာဟောင်းများကို ဖြေနိုင်သည်အထိ လေ့လာထားတော်မူ၏။ ပုစ္ဆာဟောင်းများ စုဆောင်းရှာဖွေတော်မူတတ်သည်။ မိမိစိတ်ကူးဖြင့် ပုစ္ဆာထုတ်ဆင် မေးမြန်း၍ စိယ်ကူးဖြင့် ရေးဖြေ စမ်းသပ်တော်မူလေ့ရှိသည်။

> ပေါရာဏေ ပဥ္စပတ္တေပိ၊ အဝေက္ခိတ္ဝာ မဟာမတိ။
> ပရိက္ခာဏေ ဇယတ္ထာယ၊ သမ္မာ ပရိစယံ ကရီ။

### အနု, မဓု, ယောဇနာ, ဇိနာလင်္ကာရ, ဓာတတ္ထကီ, သောတတ္ထကီတို့ကိုကြည့်ရှု

ဆရာတော်လောင်းလျာ၏ ပညာသံဝတ္တနိက ရှေးကမ္မကား အားလုံးစုံအဆင်ပြေအောင် စီမံလာလေသည်။ မိမိကျောင်း မိမိနေရာအနီးတွင် ကလျာဏမိတ္တဂုဏ် ကုံလုံပြည့်ဝသည့် ဆရာသမား၏ စီစဉ်ပေးချက်အရ အဆင်သင့်ရှိနေသည်။ အနု, မဓု, ယောဇနာ, ဇိနာလင်္ကာရ, ဓာတတ္ထကီ, သောတတ္ထကီ ကျမ်းတို့ကို ငယ်စဉ်ကပင် တလုံးသိသိ နှစ်လုံးသိသိသဘောဖြင့် ကြည့်ရှုလေ့လာခဲ့သည်။ ဆရာတော်လောင်းလျာကား အနက်ထင်, အဓိပ္ပာယ် ယူဆတတ်အောင် သိရှိသဘောပေါက်သည်ကား များ၏။[၁]

---

၁။ တိပိဋကဓရဝုတ္တန္တပိကာသနီကျမ်းကြီးကြည့်။ တိပိဋကဓရဝုတ္တန္တသန္ဒီပနီ ကျမ်း ၅၂ - ၅၃ - လည်းကြည့်။

## ဆရာတော်အရှင်သောဘိတ ပျံလွန် သံဝေဂဖြစ်ခဲ့

သာသနာ့အာဇာနည်လောင်းလျာ ၁၇-နှစ်မှ ၁၈-နှစ်တိုင် ၂-နှစ်ကျော် ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတ မကျန်းမမာသဖြင့် အတတ်နိုင်ဆုံး နောက်ဆုံး ပြုစုတော်မူသည်။ ပျံလွန်တော်မူလေရာ များစွာ သံဝေဂ ဖြစ်တော်မူခဲ့သည်။

## မင်းကွန်း ဓမ္မနာဒတိုက်ဆရာတော် အရှင်ပညာစက္က

ဆရာတော် အရှင်ပညာစက္ကသည် မြင်းခြံမြို့ သပြေပင်ရပ်၌ အဖ ဦးတူ, အမိ ဒေါ်အိမ်မြဲတို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် တော်သလင်းလဆန်း ၂-ရက် ကြာသပတေး နေ့တွင် ဖွားမြင်တော်မူသည်။ ဦးတူ, ဒေါ်အိမ်မြဲတို့၌ (၁) ဦးမျောက် (အရှင်ပညာစက္က)၊ (၂) ဦးရောက်၊ (၃) ဦးမောက်၊ (၄) ဒေါ်တင်ဟူ၍ သား ၃-ယောက် သမီး ၁-ယောက်အားဖြင့် သားသမီး ၄-ယောက်ထွန်းကားသည်။ အရှင်ပညာစက္ကလောင်းလျာမှာ ဦးမျောက် ဖြစ်သည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူသည်။ မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက်, ညောင်ကန်တိုက် တို့၌ ကိုရင်ဝတ်နှင့် ပညာသင်ကြားခဲ့သည်။ အထူးသဖြင့် ရွှေရေးဆောင် ဆရာ တော် ဦးကြည်ထံတွင် မူလဋီကာစသည့် ကျမ်းခက်များကို ဆိုဝါဖြင့် သင်ယူ တော်မူခဲ့ပြီး ကျမ်းဂန်တတ်သိ ကဝိပဏ္ဍိတ်အဖြစ်သို့ ရောက်တော် မူခဲ့သည်။ မန္တလေးတဖက်ကမ်း မင်းကွန်းတောင်ရိုး၌ ဒေါ်ဓမ္မစာရီ လှူဒါန်းသည့် ကျောင်းမြေကို အလှူခံတော်မူပြီး ၁၂၇၉-ခုနှစ် ဝါဆိုလဆုတ် ၃-ရက်နေ့ တွင် ကျောင်းတိုက်မြေကို သုတ်သင်စေ၍ ယင်းသည့် ၁၂၇၉-ခုနှစ် ပြာသို လဆုတ် ၄-ရက်နေ့ ၂-နာရီခွဲအချိန်တွင် ကျောင်း နှင့် ရေကန် ပန္နက်ရိုက်၍ ဓမ္မနာဒကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့သည်။ ၁၂၈၂-ခုနှစ် ဝါခေါင်လဆုတ် ၃-ရက်နေ့တွင် ကျောင်းတိုက်ဦး မနောမယစေတီကို ပန္နက်ချ စတင် တည်ထားကိုးကွယ်တော်မူခဲ့သည်။ ၁၂၈၉-ခုနှစ် တန်ဆောင် မုန်းလဆန်း ၁၀-ရက်နေ့တွင် ဦးမြို့, ဒေါ်မမတို့၏တိုက်ကို ပန္နက်ချ၍ စတင် ဆောက်လုပ်ခဲ့သည်။ အရှင်ပညာစက္ကသည် ယင်းသို့ဖြင့် ကျောင်း ကန် ဘုရား စေတီ ပုထိုးတို့ဖြင့် အမျိုးမျိုး တင့်တယ်သာယာသော ဓမ္မနာဒကျောင်းတိုက် မဟာ၌ စာဝါပို့၍ သမ္မာသမ္ဗုဒ္ဓသာသနာကို လင်းလက်အောင် ဆောင်ရွက် တော်မူခဲ့သည်။ သက်တော် ၅၃-နှစ်၊ ဝါတော် ၃၃-ဝါရှိရာ ၁၂၉၉-ခု နှစ် တော်သလင်း လဆုတ် ၉-ရက်နေ့တွင် ပျံလွန်တော်မူသည်။[၁]

---

၁။ တိပိဋကဓရရုပ္ပတ္တိသန္နိပနိ ကျမ်း၊ ၅၄-လည်းကြည့်။

## သာသနာ့အာဇာနည်လျှောင်းလျှာ အရှင်ပညာစက္ကထံ ရောက်

ဆရာတော်အရှင်သောဘိတ၏ ဈာပနကိစ္စအဝဝ ပြီးသောအခါ ဆရာတော် အရှင်သောဘိတ၏ တပည့်ကြီးများက သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရကို မင်းကွန်းဓမ္မနာဒတိုက် အရှင်ပညာစက္ကထံ ပို့အပ်ရန် ဘုန်းကြီးအရှင်ဣန္ဒာလောလအား တာဝန်ပေးကြကုန်၏။ သို့ဖြစ်၍ သာသနာ့အာဇာနည်လောင်းလျာသည် သက်တော် ၁၉ - နှစ်အရွယ် မင်းကွန်း ဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ကထံ ဘုန်းတော်ကြီး အရှင်ဣန္ဒာလောကကိုယ်တိုင် လိုက်ပါစောင့်ကြပ် ပို့အပ်တော်မူသဖြင့် ၁၂၉၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ - ရက်နေ့တွင် ရောက်ရှိတော်မူသည်။

သန္တိကံ ပညာစက္ကဿ၊ ဝိစိတ္တော စိတြဉာဏိကော။
သမ္ပတ္တော ဣန္ဒာလောကေန၊ ဓမ္မေသု နိန္နမာနသော။

## သာသနာ့အာဇာနည်လောင်းလျာ၏ တောရစိတ်

မင်းကွန်းရွာဆိပ်ကမ်းသို့ ည ၉ - နာရီအချိန်ရောက်၍ ထိုရွာမှ ကုပ်လုပ်လေးတာအပြန် ၅ - ရာကွာလှမ်းသည့် ဓမ္မနာဒကျောင်းသခ်မ်းသို့ လှည်းဖြင့်သွားရောက်ရာ ထာဝစဉ် ဆိတ်ငြိမ်၍နေသော မင်းကွန်းတောရအတွင်းသို့ ရောက်လေလေ ရှင်ဝိစိတ္တသာရ စိတ်မနေသာတော် မွေ့လျော်လေလေ ဖြစ်လေ၏။ ဗို့ရဲ့ဘုရားရှင်ဟာလဲ တောမှာဖွား, တောမှာတရားကျင့်, တောမှာဘုရားဖြစ်တော်မူသည်၊ ငါလဲ ဤတောထဲမှာ ပိဋကတ် ၃ - ပုံ နှုတ်ငုံဆောင်ပြီး တိပိဋကရေ ပုဂ္ဂိုလ်စင်စစ် ဖြစ်မှာပါလား ဟူ၍ ရွှေစိတ်တော်ရည်စူး စိတ်ကူးကောင်း စိတ်ကူးပါလိမ့်မည်။

လိုက်ပါပို့ဆောင်သော အရှင်ဣန္ဒာလောကက "ကိုရင် ဤမျှ ခေါင်လှသော တောကြီးအတွင်းမှာ ပျော်နိုင်ပါမည်လား" ဟု မေးသည်တွင် ရှင်ဝိစိတ္တသာရက "ဆရာတော်- တပည့်တော်အဖို့ ဤနေရာသို့ နတ်များပို့ဆောင်၍သာ ရောက်လာသည် ဟု အောက်မေ့ မှတ်ထင်ပါကြောင်း" လျှောက်ထားလေသည်။

သာသနာ့အာဇာနည်ကား လူသံတိတ်ဆိတ်ပြီး သစ်ရိပ်ခြုံ အပေါင်းတို့ဖြင့် စည်ကားလှသည့် ဤတောကြီးကား မိမိအဖို့ အောင်မြေဘူမိပဲ၊ ယူဆတော်မူခဲ့လေသည်။ သဒ္ဓါ, သတိ, ဝီရိယ, ပညာ ဟူသော လေးဖြာလေးဦး ဗိုလ်မှူးကြီး ဗိုလ်ချုပ်ကြီးများ ဦးဆောင်ကွပ်ကဲလျက် "တိပိဋကဓရ" စခန်းသို့ အရောက်လှမ်းရ ချီတက်ရမည်ကို ဦးလည်မသုံ ယုံကြည်ဟန်ရှိတော်မူပါသည်။ မင်းကွန်းတောကား တရားမွေ့လျော် မြတ်သူတော်တို့ မွေ့လျော်ဖွယ်တကယ်

ပါတည်း။ ဤစာပြုသူသည် မင်းကွန်းသို့ အခေါက်ခေါက် အခါခါရောက်ဘူး၏။ အရှေ့ဖက်မှ မြရည်ပမာ ရေဇလာတင်းကြမ်းပြည့် နေသည့် ဧရာဝတီမြစ်နဒီတည်ရှိ၍ မြစ်နဖူးတွင် မင်းကွန်းရွာကလေး တည်ရှိပြီးလျှင် ထိုရွာမှ အနောက်ဖက်ထွက်မိလျှင် လူနှင့်ရဟန်း မရောပြွမ်း ရအောင် ခွဲခြားထားသည့်ပမာ တောင်ယာကလေးများနှင့် တောင်သဇင်တောကလေးများ ခြားနားကန့်ထားပြီးမှ တောနေတောင်အောင်း သူတော်ကောင်းတို့၏ ချောင်များတို့ကား တောင်ခါးပန်းတို့၌ တောင်မြောက် စဉ်တန်းလျက် တည်ရှိကုန်၏။

တချောင်နှင့်တချောင် တကျောင်းနှင့်တကျောင်း ရောယှက်ခြင်း အလျှင်းမရှိရလေအောင် လေးမျက်နှာမှ တောယ်ကလေးများ ဝိုင်းရံလျက် တည်ရှိလေသည်။ ဝိဝေကခင် သူတော်စဉ်တို့အဖို့ ငါးအင်အာရုံကို မိမိက အထူးရှောင်မနေရပဲ အာရုံငါးပါးကပင် အနားသို့ မကပ်ရဲ မသိရဲသည့်ပမာ ဝေးရာကရှောင်ရှားသဖြင့် သာသနာ့အောင်မြေသဖွယ် ဖြစ်လေတော့သည်။

အနောက်ဖက် ရွှေမြင်တင် တောင်တန်းကလည်း တောင်မြောက် တည်သဖြင့် အနောက်မျက်နှာမှ မပြုမပြင် ပင်ကိုယ် သဘာဝ မဟာရံ တံတိုင်းကြီးဝိုက်သန်းကာရံ တားဆီးပေးသကဲ့သို့ ရှိနေလေ၏။ ထို့ကြောင့်ပင် အဟိုရှေးယခင်က ရတနာထွတ်ခေါင် ဘုရားတော်များ ထိုရွှေမြင်တင် တောင်တန်း၌ပေါထွက်ပေါ် မူကြခြင်း ဖြစ်လေသည်။

မင်းကွန်းဝှပဗ္ဗတာဝလိ၊ ရုစိရာ သာခုပက္ခိဘာ။
ကန္တာ မနာပါ သန္တေဟိ၊ သမ္ဗုဒ္ဓမမ္မကာမိဘိ။

## သတိသာလှသည့် ရူပသိဒ္ဓိဂိုဏ်းသံဖြင့် ရှင်ဝဏ္ဏိတ ကြိုဆို

ည ၉-နာရီ မိနစ်၃၀-ခန့် အချိန်တွင် ပေမ္မနာဒကျောင်းတိုက်အနီးသို့ ရောက်သွားသောအခါ ကျောင်းတိုက်အတွင်း ဆိတ်ငြိမ်သော တောကြီးထဲ၌ ၁၅-နှစ်အရွယ် သာပဏေယ် ရှင်ဝဏ္ဏိတ၏ နဒီ, နဒိယော၊ နဒီ,နဒ္ဓော အစရှိသည်ဖြင့် သန့်ရှင်းပြီးပြတ်စွာ ရူပသိဒ္ဓိဂိုဏ်းသံတို့ကား ရှင်ဝိစိတ္တသာရ၏ သောတပသာဒအကြည်တွင် စီရရီ ပေါ်လာလေပြီ ကြားရလေပြီ။ယင်း အသံများကား ရှင်ဝိစိတ္တသာရ၏ နှလုံးခါတ်ပီတိအိမ်ကို ဆီထည့်ကာ စိမ်သလို ဖြစ်စေလေပြီ။ ရှင်ဝိစိတ္တသာရကား အတိတ်ကောက်ကောင်း, ကောက်ပါမည်။ နဒီ=မြစ်သည်။ နဒိယော=မြစ်တို့သည်။တကယ်ဆိုတော့ ပိဋက ၃-ပုံတည်းဟူသော မြစ်ပေါ်လယ်ကြီးကို သဒ္ဓါ, သတိ, ဝီရိယ,ပညာလေးဖြာ သေးစင်းသော ပိုလ်သင်္ဘောကြီးတို့ဖြင့် ငါကူးရမည်သို့ ပြောနေတာပါလားဟု သတိပြုမိကောင်း ပြုမိပါ

မည်။ စင်စစ်တမူကား ရှင်ဝဏ္ဏိတသည် ရူပသိဒ္ဓိပဒမာလာသီချင်းဖြင့် တိပိဋကမရ ဓမ္မာဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတလောပ်းလျာကို ကြိုဆိုဂုဏ်ပြုခဲ့လေသည်။

ပဒမာလာသံဂီတေန၊ ဝဏ္ဏိတော ဟိ သုဝဏ္ဏဝါ။
ပစ္စုဂ္ဂမနံ သော ကာသိ၊ ဝိစိတ္တံ စိတြဝါစကံ။

## အရှင်ပညာစက္ကခြေတော်ရင်း ရောက်ပြီ

သာသနာ့အာဇာနည် လောင်းလျာ ကျောင်းတိုက်တွင်းသို့ ရောက်သော အခါ လေးမြတ်ကြည်ဖြူ ဘုရားဝတ်ပြုတော်မူသော မေ့ွနာဒဆရာတော် အရှင်ပညာစက္ကကို ဖူးတွေ့ရလျှင်ပင် ရှင်ဝိစိတ္တမှာ ရေတွေ့သော ကြာပဒုမ္မာ အသွင် လွန်စွာရွှင်ပြ ဝမ်းမြောက်တော်မူလေသည်။ ငါ့နှယ် အရတော့လေစွ၊ ဤမျှပြည့်စုံသည့် ဆရာတော်ထံ တိုက်တိုက်ဆိုင်ဆိုင် ကံ‌ဘတာကောင်းလို့ ရောက်ရပေသည်။ ငါ့ရဲ့ဆရာ ကေန် ဖြစ်ထိုက်ပေသည် စသည်ဖြင့် ထပ်ကာ ထပ်ကာ ပီတိတွေ မှိုလိုပေါက်ခဲ့လေသည်။

ပီတိယာ ဖုဋ္ဌသရီရော၊ ထေရကုံရော သုမိတိမာ။
ပညာစက္ကံ ပဿိတွာန၊ သုခီ နိရန္တရံ သုခီ။

## သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီ

သီလရှင် ဆရာကြီးဒေါ်ဓမ္မစာရီကား သာသနာ့အာဇာနည် လောင်းလျာ အဖို့ ဒုတိယ မိထွေးတော်ဂေါတမီ ဖြစ်၏။ ဆရာတော် လောင်းလျာအား ပစ္စည်းလေးပါး ပင့်ထောက် အမျိုးမျိုးချီးမြှောက်ခဲ့သည်။ မန္တလေးမြို့ ၈၂-လမ်း ရသာတန်းရပ်၌ ဦးလူပိန်-ဒေါ်သီတို့မှ ၁၂၄၀-ပြည့်နှစ် တင့်တွဲ လဆန်း၄-ရက် စနေနေ့တွင် ဖွားမြင်ခဲ့သည်။

ငယ်နာမည် မတုတ်တုတ် ဖြစ်၏။ မောင်နှမမှာ (၁) ဦးလှတင်၊ (၂) ဦးဘဆင်၊ (၃) ဦးဖေရင်၊ (၄) ဒေါ်စောရီ၊ (၅) ဦးဘသင်၊ (၆) ဒေါ်ထွေးအားဖြင့် အခြားဖွားဖက် မွေးချင်း ၆-ယောက် ရှိသည်။

ငယ်စဉ်က မိဖမျာနှင့်အတူ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး, မင်းကွန်း ပဌမ ငွေတောင်တောရ ဆရာတော်ဘုရားကြီးတို့ထံ ဆည်းကပ်ရောက်ရှိ တရား နာယူခဲ့သည်။ စတုရာရက္ခကျမ်းကို ငယ်စဉ်ကပင် အာဂုံ နှုတ်တက်ရရှိသည်။

မတုတ်တုတ်သည် လူ့ဘောင်ကို အလွန်စိတ်ညစ်သည်။ လူ့ဘောင်မှ ခွာ ရှောင်လိုသည်။ လင်ယောကျ်ားယူလျှင် လင်ယောကျ်ား၏ ခြေချင်း အလုပ် အကျွေး ပြုရမည်၊ ခြေဆုပ်လက်နယ် ပြုရမည်၊ တော်တော်ကြာ ကိုယ်ဝန်

ရှိမည်၊ ကိုယ်ဝန်ရှိလျှင် မွေးဖွားရဦးမည် ဟူသော အာဝေဏိက ဒုက္ခတွေကို ကြောက်လှသည်၊ ရွံလှသည်၊ စက်ဆုပ်လှသည်၊ မုန်းလှသည်။

သို့ဖြစ်၍ ၁၂၅၇-ခုနှစ် ပျိုမြစ်နုနယ် ၁၇-နှစ်အရွယ်တွင် မိဖတို့ကို အသိမပေးပဲ မင်းကွန်းတောင်ရိုး ဂူကလေးချောင် အင်းဝဆရာကြီး ဆရာအိထံ၌ သီလရှင်ဝတ်၍ ပရိယတ်, ပဋိပတ် အလုပ်ကို အားထုတ်ခဲ့သည်။ ကျိုက်လှပ်မြို့ သူဌေး ဦးတူ, သူဌေးကတော် ဒေါ်ဖေါ့တို့တ သမီးအရာထား၍ ထောက်ပံ့ကြသည်၊ လှူဒါန်းကြသည်။ ရေတွင်း ရေကန်, စရပ်တို့ကို တူးဖော်ဆောက်လုပ်လှူဒါန်းခဲ့သည်။ အတုလစေတီကိုလည်း တည်ထားကိုးကွယ်ခဲ့ကြသည်။ ငါးပဲ့, ငါးခြောက် စသည်တို့ကို ပို့လှူထောက်ပံ့သည်။ ဆရာတော်ကြီး ဦးဇိနထံ၌ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ရာ စာပေ ပိဋကတ်၌လည်း ကျွမ်းကျင်၏။ ၁၂၆၀-ပြည့်နှစ်တွင် သီဟိုဠ်ကျွန်းသို့ သွားရောက်၍နေထိုင်သည်။ ၃-နှစ်ခန့် ကြာသောဟူ၏။ သစ္စဝါဒီဋီကာ တတိယဆုကိုလည်း ရရှိခဲ့သည်။ ၁၃၃၃-ခု၊ ဝါခေါင်လဆုတ်၆-ရက်နေ့တွင် ကွယ်လွန်သည်။ ၁၃၄၀-ပြည့်နှစ် တပို့တွဲလဆန်း၄-ရက်နေ့တွင် ဆရာကြီး ဒေါ်မမ္မစာရီ နေထိုင်ခဲ့သော ဂူကလေးချောင် အိမ်ကြီး၌ ၁၀၀-ပြည့်ပွဲ ကျင်းပပူလုပ်ခဲ့သည်။ [၁]

## ဒေါ်ဓမ္မစာရီက တာဝန်ယူ စောင့်ရှောက်

သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီသည် နံနက် မိုးသောက် ရောက်သောအခါ ကျောင်းသို့ ရောက်ရှိလာပြီး သာသနဝ္ဘာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရနှင့် အလ္လာပ, သလ္လာပပြောပြီး ပစ္စည်း ၄-ပါး ဒါယိကာမအဖြစ်တာဝန်ယူ လျှောက်ထားသည်။ တာဝန်ယူသည့်အတိုင်း ထာဝစဉ် စောင့်ရှောက်ပြုစု လှူဒါန်းလေသည်။ ဖော်ပြပါ ဒေါ်ဓမ္မစာရီ၏ ပြုစုစောင့်ရှောက်မှုကြောင့် အရှင်ဝိစိတ္တသာရသည် ကြီးပွားတိုးတက်ခဲ့လေသည်။ [၂]

## သာသနဝ္ဘာဇာနည်လောင်းလျာ အရှင်ပညာစက္ကထံ ပညာသင်ပြီ

သာသနဝ္ဘာဇာနည် လောင်းလျာသည် ဆရာတော် အရှင်ပညာစက္ကထံ နံနက် မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းကို ဆိုဝါဖြင့် သင်ယူတော်မူရသည်။ နေ့ဆွမ်းစားပြီး ၁၂-နာရီမှ ၁-နာရီခွဲအထိ အဘိဓာန်, အလင်္ကာ, ဆန်းတို့ကို ကျက်မှတ်တော်မူသည်။ ညနေပိုင်း အလင်္ကာစာကိုယ်, ဋီကာသစ်ကျမ်းကိုလည်း

---

၁။ တိပိဋကဓရေဝုဏ္ဏနာဝိကာသိနီကျမ်းကြီးလည်းကြည့်။

၂။ တိပိဋကဓရေဝုဏ္ဏနာဝိကာသိနီကြည့်။ တိပိဋကဓရေဝုဏ္ဏနာသန္နိပါတ ၅၆-၅၇ လည်းကြည့်။

ဆိုဝါဖြင့် သင်ယူတော်မူလေသည်။ ဘေဒစိန္တာ, ကစ္စာယနသာရ ကျမ်းများ ကိုလည်း ညဝါအဖြစ် ချပို့ပေးသဖြင့် သင်ယူတော်မူခဲ့လေသည်။

## အရှင်အဂ္ဂဝံသထံ ပဋ္ဌာန်း ညဝါသင်ယူ

ကမ္မဋ္ဌာနာဆရာဖြစ်သူ အရှင်အဂ္ဂဝံသထံ၌လည်း ဘုရားဝတ်တက်ပြီး ပဋ္ဌာန်း ညဝါကို သင်ယူတော်မူခဲ့လေသည်။ အရှင်ပညာစက္ကထံ ဘေဒစိန္တာ, ကစ္စာယန သာရတို့ကို ညဝါအဖြစ် သင်ယူရသည်မှာ ယင်းပဋ္ဌာန်းစာဝါအပြီး ဖြစ်သည်။ သာသနာ့အာဇာနည် လောင်းလျာကား ဉာဏ်လည်းကောင်း ဝိရိယလည်း ကောင်းသည်။

## ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူခြင်း

၁၂၉၂-ခုနှစ် နှောင်းတန်ခူး လဆန်း ၆-ရက်နေ့တွင် မင်းကွန်းတော ရ ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်, ညောင်ကန်ဆရာတော်, မစိုးရိမ်ဆရာတော်, စစ်ကိုင်း ဘုရားကြီး ဆရာတော်, 'သမ္မာသတိဆရာတော်, မဟာသစ်ဝင်ချောင်ဆရာတော်, မင်းကွန်း ချမ်းသာကြီး ဆရာတော်, ပေါင်းထောင်ကူးဆရာတော်, ငွေတောင်တောရ ရွှေကျင်ဆရာ တော်အစရှိသော သာသနာ့မှန်ကင်းသဖွယ် ဖြစ်တော်မူကြသည့် ကမ္မဝါ ဆရာ တော်ကြီးများနှင့် အတူ မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော်အရှင်ပညာ စက္ကမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မင်းကွန်းချောင် ဆရာကြီး ဒေါ်မမ္မစာရီ အမှူးပြု သော သူဌေးကြီး ဆာဦးသွင်, သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာ နုဂ္ဂဟာဖြင့် မြင့်မြတ်သော ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညာစက္ကံ မဟာဝိဒုံ။
ဒုလ္လဘံ အလဘီ ဓီရော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## ရောမ မင်္ဂလာရှိလှသည့်ပွဲကြီး

တိပိဋကဓရ, အဂ္ဂမဟာပဏ္ဍိတ သာသနာ့အာဇာနည်လောင်းလျာ အရှင် ဝိစိတ္တသာရာဘိဝံသကို ရဟန်းခံခဲ့ပြီးနောက်၌ ထိုဆရာတော်များ ထိုမျှ စုံညီစွာ စည်းဝေးမိသောပွဲ မရှိတော့ပြီ။ ထို့ကြောင့် စစ်ကိုင်း ဘုရားကြီးဆရာတော်က "ရောမ မင်္ဂလာရှိလှသည့်ပွဲကြီး ဖြစ်ပါသည်၊ မောင်ပဉ္စင်းကို အကြောင်းပြု၍ ငါတို့နောက်ဆုံးစည်းဝေးရပါပေသည်"ဟု ဝမ်းမြောက်စကား မိန့်ကြားတော် မူ၍ ရဟန်းခံပွဲပြီးသည် နောက် ၂-ရက်ခန့် ဆက်လက်ပြီး တရားစကားပြောဆို ဆွေးနွေးကာ သီတင်းသုံးတော်မူကြခဲ့လေသည်။

ဝိစိတ္တော သုသုဓေဩ, ဟ၊ သန္ဒီပါတိယ ပစ္ဆိမံ။
အနုဂ္ဂဏှိံသု ယံ ထေရာ၊ သာသနဿ ဓဇူပမာ။[၁]

### အရှင်ပညာစက္က၏ ဓမ္မာနုဂ္ဂဟ

ကျေးဇူးရှင် ဓမ္မနာဒဆရာတော်အရှင်ပညာစက္ကကား သာသနာ့ အာဇာနည် လောင်းလျာရဟန်းငယ်ကို ဓမ္မာနုဂ္ဂဟ ရေစင် ရေအေး ရေမွှေးဖြင့် နေ့စဉ်ထာဝရ သွန်းလောင်းပေးတော်မူ၏။ နံနက်ခင်းတွင် ဝိနည်း အဋ္ဌကထာကြီး, ဋီကာ ကြီးများကို ချပို့ပေးတော်မူ၏။ ညနေဖက်တွင် အဘိဓမ္မာအဋ္ဌကထာ, မူလ ဋီကာ, အနုဋီကာတို့ကို ဆိုစေ၍ ချပို့ပေးတော်မူသည်။ ဂုဏ်ပြင် စံကျောင်း နိုယံကိုလည်း ညဝါအဖြစ် ချပို့ပေးတော်မူသည်။ ခရီး ဝေးကွာ သွားလေရာ၌ မကွာထပ်ကြပ် လိုက်ပါစေတော်မူ၍ ထေရုပသင်္ကမန = မထေရ်ကြီးများ ဆည်း ကပ်ပုံ, ဝိနည်းကံအရာ ကံငယ်ကံကြီးဆောင်ရွက်ပုံစသည့် သာသနာကိစ္စများကို ကိုယ်တွေ့မျက်မြင် သင်ပြပေးတော်မူသည်။

### ဒေါ်ဓမ္မစာရီ,ဆာဦးသွင် လေဒီသွင်တို့၏ အာမိသာနုဂ္ဂဟ

ချောင်ဆရာကြီး ဒေါ်ဓမ္မစာရီကလည်း အရှင်ဝိစိတ္တသာရအား ကူညီ ထောက်ပံ့သည်သာမက ရဟန်းဒါယကာ, ရဟန်းဒါယိကာမများ ဖြစ်ကြသော ဆာဦးသွင်နှင့် လေဒီသွင် ဒေါ်ဒေါ်သိန်းတို့သည်လည်း အာမိသာနုဂ္ဂဟဖြင့် မငြိုငြင်ရအောင် စောင့်ရှောက် မြေတောင်မြှောက်၍ ပေးကြကုန်၏။

### ဥယျာဉ်မှူးများ

သို့ဖြစ်ရကား ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကနှင့် ချောင်ဆရာကြီး ဒေါ်ဓမ္မစာရီ, ဆာဦးသွင် လေဒီသွင် ဒေါ်ဒေါ်သိန်းတို့ကား သာသနာ့ အာဇာနည် အရှင်ဝိစိတ္တသာရ၏ သာသနာ့ဥယျာဉ်မှူးကြီးများ ဖြစ်ကြကုန်၏။

ယေ ရောပယိံသု ဥယျာနံ၊ ဝိစိတ္တံ စိတြမာလိကံ။
သိဉ္စိတွာ, မိသ ဓမ္မမ္ဗု၊ တေပိ ဓညာ ဂုဏာကရာ။[၁]

### စာမေးပွဲများ ဆက်တိုက်အောင်မြင်ခြင်း

သာသနာ့အာဇာနည်လောင်းလျာ အရှင်ဝိစိတ္တသာရသည် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုတော်မူရာ ဝါမရမီ ၁၂၉၃ - ခုနှစ်၌ အစိုးရ ပဌမကြီးတန်းကို နှစ်ချင်းစွဲအောင်မြင်တော်မူသည်။ ရဟန်းသိက္ခာ ၁ - ဝါအရ ၁၂၉၄ - ခုနှစ်

---

၁။ အဋ္ဌုပ္ပတ္တိအကျဉ်း - ၁၄။

တွင် အမျိုးသား ပဋ္ဌမကြီးတန်းကိုလည်း နှစ်ချင်းစွဲ အောင်မြင်တော်မူသည်၊ တဖန် ရဟန်းသိက္ခာ ၂-ဝါအရ ၁၂၉၅-ခုနှစ်တွင် သကျသီဟ စာသင်တန်း နှင့် အစိုးရပဋ္ဌမကြီးတန်း၌ (*) ခရေပွင့် အမှတ်ပြ၍ ပဋ္ဌမကြီးတန်းကို အောင်မြင်တော်မူသည်။

## ပဋ္ဌမကျော် အောင်မြင်

ရဟန်း ၃-ဝါအရ ၁၂၉၆-ခုနှစ်တွင် သကျသီဟ စာချတန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူသည့်ပြင် အစိုးရပဋ္ဌမကြီးတန်းကို ထပ်မံ ဝင်ရောက် ဖြေဆိုတော်မူပြန်ရာ အမှတ်အများဆုံး ရရှိသဖြင့် ပဋ္ဌမကျော်ဘွဲ့ထူးကို ဆွတ်ခူး အောင်မြင်တော်မူသည်။

ပရိက္ခဏေသု နေကေသု၊ ဇယဂ္ဂါဟီ မဟာသုဓီ။
တဿ သုဓီရဘာဝေါ တု၊ အဗ္ဘုတော လောမဟံသိယော။

## ဝဋံသကာ (ဦးဆောက်ပန်း)

ယင်းသို့ ဖော်ပြပါ ၁၂၉၅-ခုနှစ်တွင် စာသင်တန်း အောင်မြင်တော်မူပြီး နှစ်မခြားပဲ ၁၂၉၆-ခုနှစ်တွင် တနှစ်ထည်းဖြင့် အဌကထာ ၃-ကျမ်းလုံးကို အပြည့်အစုံ အပြီးတိုင် ထူးထူး ချွန်ချွန် စံမရှိ၊ ထုံးမရှိ အစ္ဆရိယ တအံ့ တသြ ပြောမကုန် ချီးမကုန် အောင်မြင်ပုံ စံချိန်သစ်ထွင်လိုက်သဖြင့် ဦးဆောက်ပန်း ဟူသော အနက် အဓိပ္ပာယ်ရှိသော "ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝဋံသကာ" ဟူသော ဘွဲ့ထူးကို သကျသီဟအသင်းကြီး၏ လက်ဦးစွာ ဆက်ကပ်ခြင်းကို ခံယူတော်မူရလေသည်။ (ဝဋံသက=ဦးဆောက်ပန်း=ဦးခေါင်း၌ အပေါ်သို့ထောင်၍ စိုက်ထူပန်ဆင်ရသောပန်း)

ဓမ္မာစေရဝဋံသကာတိ၊ ဥပါဓိ သော ပဋိဂ္ဂဟိ။
သဗ္ဗေသံ ပဌမံ သော ဟိ၊ ဝိသိဋ္ဌော တိဝ ဝိသိဋ္ဌော။

## အဌကထာပြန်အကျော်

ယင်းသို့ ထူးထူးချွန်ချွန် သကျသီဟ စာလျှောက်ခမ်းတွင် နှစ်မခြားပဲ အဋ္ဌကထာကြီး ၃-ကျမ်းကို အံ့ဖွယ်ဘနန်း ထူးဆန်းစွာ အောင်မြင်တော်မူခြင်းကြောင့် ရန်ကုန်မြို့ ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးမှ ဆက်ကပ်လှူဒါန်းသည့် အဋ္ဌကထာပြန်အကျော် ဟူသော ဘွဲ့ကိုလည်း အလှူခံတော်မူရလေသည်။

## လက်ထောက်စာချတာဝန် ထမ်းဆောင်ခြင်း၊ နာယကဖြစ်ခြင်း

သကျသီဟဓမ္မာစရိယဝင္ကသကာ၊ အစိုးရပဋ္ဌမကျော်ဘွဲ့များကို ရရှိတော်မူသော်လည်း "စာသင် ရပ်ခဲစေ" ဟူသော ပညာရှိတို့၏ ဥပဒေသအရ စာသင်ကိစ္စကိုမရပ်စဲသေးပဲ ကြွင်းကျန်သော သင်ရိုးပါဠိ၊ အဋ္ဌကထာ၊ ဋီကာကုန်အောင် ဆက်လက်၍ သင်ကြားရင်း ဆရာတော် အရှင်ပညာစက္က၏ လက်ထောက် စာချ အဖြစ်ဖြင့် အောက်လက် စာသင်သားတို့အား အခြေပြုစာများ ပို့ချ၍ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၇-ဝါအရတွင် ဆရာတော်အရှင်ပညာစက္ကထေရ် ပျံလွန်တော်မူသဖြင့် ၁၂၉၉-ခုနှစ် နတ်တော်လဆုတ် ၁-ရက်နေ့ ဓမ္မနာဒ သာသနာပြု သံဃာ့အစည်းအဝေးမှ ကျေးဇူးရှင် ညောင်ကန်ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များ၏ လွှဲအပ် တိုက်တွန်း ဆုံးဖြတ်ချက် အရ ဓမ္မနာဒတိုက်၏ နာယကအဖြစ်သို့ ရောက်ရှိတော်မူသည်။

### သာသနဓဇသီရိပဝရဓမ္မာစရိယ

တဖန် ၁၃၀၂-ခုနှစ်တွင် ပဌမဆုံးအကြိမ် စတင်ကျင်းပသော အစိုးရ ဓမ္မာစရိယစာချတန်းကို ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းစွဲ (ဂုဏ်ထူး) ဖြင့် အောင်မြင်တော်မူသဖြင့် "သာသနဓဇသီရိပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

### ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ

၁၃၁၂-ခုနှစ် ၃-ကြိမ်မြောက်ကျင်းပအပ်သော တိပိဋကဓရရွေးချယ်ပွဲကြီး၌ ဝိနည်း ၅-ကျမ်း စာမျက်နှာ ၂၂၆၀-ကို ဝင်ရောက်ပြန်ဆိုရာ သန့်သန့် ရှင်းရှင်း ပီပီ သသ ပြတ်ပြတ် သားသား နာယက ဆရာတော်များနှင့် တကွ စာထောက် စာမ စာနာ ပရိသတ် ရဟန်း၊ ရှင်၊ လူ တို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သိမ့်စေလျက် အထောက်အမ လွတ်ကင်းစွာ အာဂုံ ပြန်ဆိုတော်မူ နိုင်သောကြောင့်လည်းကောင်း၊ သဘောရေးဖြေပွဲ၌လည်း ပါရာဇိက ၇၉-မှတ်၊ ပါစိတ္တိယပါဠိ ၉၉-မှတ်၊ မဟာဝဂ္ဂပါဠိ ၉၂-မှတ်၊ စူဠဝဂ္ဂပါဠိ ၉၇-မှတ်၊ ပရိဝါရပါဠိ ၁၀၀-မှတ် ရရှိ အောင်မြင်တော်မူခြင်းကြောင့် လည်းကောင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လှူဒါန်းသော "ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ" ဟူသော ဘွဲ့တံဆိပ်တော် နှင့် လက်မှတ်တော်၊ နိုင်ငံတော်အစိုးရက လှူဒါန်းသော အရိုးဝါ ကနက္ကဒဏ်ယှိုးဖြူတော် ၁-လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် နှင့် တပည့်နှစ်ဦးနှင့်တကွ မီးသဘော်၊ မီးရထား ပထမတန်း အခမဲ့ စီးနင်းခွင့် လက်မှတ်တို့ကို အလှူခံရရှိ တော်မူသည်။

## ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ

၁၃၁၃ - ခုနှစ် ၄ - ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကစရေ ရွေးချယ်ပွဲကြီး၌လည်း အဘိဓမ္မာပိဋကပဋ္ဌမပိုင်း ၅ - ကျမ်းကို အာဂုံပြန်ဆိုပွဲ၌ ရေးနည်းအတူ အထောက်အမလွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်ပြင် သဘောရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း ၉၄ - မှတ်ရရှိသောကြောင့် ဂုဏ်ထူးဖြင့်ပင်အောင်မြင်တော်မူသည်။ ၁၃၁၄ - ခုနှစ် ၅ - ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကစရေရွေးချယ်ပွဲကြီး၌ အဘိဓမ္မာပိဋက ဒုတိယပိုင်း ကျမ်းရေ ၂ - ကျမ်း အုပ်ရေ ၈ - အုပ်ကို အာဂုံပြန်ဆိုပွဲ၌ ရေ့နည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် နေ့စဉ်အောင်မှတ် ရာခိုင်နှုန်း ၈၉ - မှတ်ရရှိ၍ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခဲ့လေသည်။ ယင်းသို့ အဘိဓမ္မာ ၇ - ကျမ်း စာအုပ်ရေ ၁၂ - အုပ်, စာမျက်နှာ ၄၉၈၈ - မျက်နှာရှိ အဘိဓမ္မာပိဋကကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆို၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်၊ ရေးဖြေပွဲ၌လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခြင်းကြောင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က လှူဒါန်းသည့် 'ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ' ဟူသော ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံ လက်မှတ်တော်, နိုင်ငံတော်အစိုးရက လှူဒါန်းသည့် အရိုး ၀ါ ကနက္ကဒဏ် ထီးဖြူတော် ၂ - လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်တို့ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဝိသိဋ္ဌဒီဃဘာဏက ဒီဃနိကာယကောဝိဒ

တဖန် ၁၃၁၅ - ခုနှစ် ၆ - ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကစရေ ရွေးချယ်ပွဲ၌ စာမျက်နှာ ၇၇၉ - ရှိ သုတ္တန္တပိဋက ( ဒီဃနိကာယ် ) သုတ် ၃ - ကျမ်းကို ရေးနည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘော ရေးဖြေပွဲ၌လည်း သီလက္ခန္ဓဝဂ်၌ ၉၃ - မှတ်၊ မဟာဝဂ်၌ ၉၇ - မှတ်၊ ပါထိကဝဂ်၌ ၉၇ - မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့် အတွက် နိုင်ငံတော်ဗုဒ္ဓသာသနာ့ အဖွဲ့က လှူဒါန်းသည့် "ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ" ဘွဲ့ တံဆိပ်တော် နှင့် ဘွဲ့ ပုံတော်လက်မှတ်တို့ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ

ယင်းသို့ဖြင့် အာဂုံရော သဘောပါ ၂ - ပါးစုံ ပြန်ဆိုပွဲ, ရေး ဖြေပွဲ အာဇာနည်စိတ် ဇွဲဖြင့် ရဲရဲတောက် အံ့မကုန် ဂုဏ်ထူး ၂ - ဆင့်ဖြင့် အောင်မြင်ပုံ ပိဋက

၃ - ပုံလုံး စုံလင်ပြီး ဖြစ်ရကား တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေ အပိုဒ် (၄၀) အရ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က လှူဒါန်းသည့် "ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ" ဟူသော တံဆိပ်တော်, အောင်လက်မှတ်တော် တို့ကို အလှူခံ ရရှိတော်မူသည်။

## ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

၎င်းပြင် နိုင်ငံတော်အစိုးရတို့က လှူဒါန်းသည့် ကုန်းကြောင်း ရေကြောင်း လေကြောင်း ၃ - ဌာန အခမဲ့ ပဋမတန်းမှ စီးနင်းနိုင်သည့် လက်မှတ်, အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၃ -လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်တို့နှင့် တကွ "ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော အက္ခရာတံဆိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော် နှင့် ဆင်စွယ်တံဆိပ်တုံးတို့ကို အလှူခံ ရရှိတော်မူသည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကား မြန်မာ့ ကျက်သရေ, သာသနာ့ ကျက်သရေ လက်လက်ဝေထိန်ပြောင်အောင် ဆောင်တော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါပေတည်း။

ဘဒန္တဝိစိတ္တော ထေရော၊ ဝိစိတ္တော ဗုဒ္ဓသာသနေ။
ဝိစိတ္တံ သော ကရိတ္ဝာန၊ ဝိစိတ္တသာသနန္တရော။

## ဆွမ်းဆန်တော် နဝကမ္မ

နိုင်ငံတော်အစိုးရသည် တိပိဋကဓရဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဆွမ်းဆန်တော် နဝကမ္မအဖြစ်ဖြင့် ဆရာတော်ညွှန်းသည့် ကပ္ပိယကာရကထံ လစဉ် ဝတ္ထုငွေ ၃၁၁ - ကျပ်ကို ထောက်ပံ့လှူဒါန်းလေသည်။

## စာပေကျမ်းဂန် ရေးသားပြု စီရင်တော်မူခြင်း

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် များလှစွာသောတရားဓမ္မ ဟောပြခြင်း စသော အလုပ်ကိစ္စတွေကြားမှ ကျမ်းဂန်များစွာတို့ကိုလည်း စီရင်တော်မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁။ ပြဟ္မဃာစနကထာသံခေပဝိတ္ထာရဝိသဇ္ဇနာကျမ်း။
၂။ ခန္ဓာအာယတနဓာတ်သစ္စာလက်ာဖွင့် ဓမ္မဒေသနာကျမ်း။
၃။ အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများ။
၄။ အဘိဓမ္မာ အမေးအဖြေ ကျူးရင့်သံများ။
၅။ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း( ၈ - အုပ်, ၆ - တွဲ )
၆။ ဝိပဿနာဘာဝနာ ဓမ္မသံဝေဂကထာ။

၇။ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး ဂါထာပါဌ် နိဿယ။
၈။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး နှင့် မူလ သာသနာ့ရိပ်သာတည်ပုံ သံပိုင်းမော်ကွန်း။
၉။ သာသနမလဝိသောဓနီသိမ်အောင်စာ။
၁၀။ ဩဘာစာ, ထောမနာစာတမ်းအမျိုးမျိုး။
၁၁။ ဂုဏဝဏ္ဏနာသံဝေဂ ဂါထာများ။
၁၂။ အနုဗလပ္ပဒါနအဘိတ္ထဝနစာတမ်း။
၁၃။ ဘုရားရှိခိုးအမျိုးမျိုး ( စာတမ်းများ )။
၁၄။ သဘောထား နှင့် ခံယူချက် ဩဝါဒကထာအမျိုးမျိုး။
၁၅။ ရေစက်ချစာတမ်းအမျိုးမျိုး။
၁၆။ ၃၇ - ခဏ်းကမ္မဝါစာ (ပြင်ဆင်မွမ်းမံ )[၁]
စသည်တို့ ဖြစ်ကုန်၏။

## အခြား ဆောင်ရွက်ချက် အမျိုးမျိုး

ငင်းပြင် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ သာသနာ့သမိုင်း မှတ်တိုင်ကြီးသဖွယ် ထင်ရှားသည့် "ဆဋ္ဌသံဂ်ီတိဝိဿဇ္ဇက" အဖြေ ပုဂ္ဂိုလ် အဖြစ်ဖြင့်လည်းကောင်း၊ ပါဠိ,အဋ္ဌကထာ, ဋီကာ သံဂါယနာ ၃ - တန်လုံး ပြီးဆုံးသည်တိုင် အောင် ပါဠိဝိသောဓကနှင့် ပါဠိပဋိဝိသောဓက,ဩသာနသောဓက ပုဂ္ဂိုလ်အဖြစ်ဖြင့်လည်းကောင်း, နိကာယုဇ္ဇောတကသမိတိခေါ် နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး ပေါ်ထွန်းလာရေးအတွက် ဗိသုကာတဆူ ဖြစ်တော်မူ၍ ထိုအသင်းကြီး နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးတို့၏ ဩဝါဒါစရိယဆရာတော် အဖြစ်ဖြင့်လည်းကောင်း,မလွန်ဆန်လှုအသင်းကြီးအတွက် တာဝန်ခံ နယ်လှည့်ဓမ္မကထိက ဆရာတော် အဖြစ်ဖြင့်လည်းကောင်း, မင်းကွန်း ဗုဒ္ဓသာသနာ့လူအိုရုံ အသင်း နာယကချုပ် အဖြစ်ဖြင့်လည်းကောင်း, မင်းကွန်းတိုက်နယ် ဆေးရုံ အလယ်တန်းကျောင်းနှင့် မိုးမိတ်ကုန်းမြေ စေတီတော် တည်ဆောက်ခြင်းများ၏ အလှူဒါနရှင် များစွာ ထောက်ပံ့သူ အဖြစ်ဖြင့်လည်းကောင်း,တိပိဋကနိကာယသံဃာများ စုဝေး သီတင်းသုံးရာ တိပိဋကနိကာယကျောင်းတိုက်ကြီး၏ အကြီးအမှူး ဦးစီးနာယက ဗိသုကာအရှင်အဖြစ်ဖြင့်လည်းကောင်း အသီးသီး တာဝန်ယူ၍ သာသနာတော် တည်တံ့ထွန်းကားရေးကို အားပေးဆောင်ရွက်တော်မူခဲ့ ဖြစ်သည်။

---

၁။ ဓမ္မဝေပြပါ ကျမ်းစာများနှင့်စပ်၍ သိမှတ်ဖွယ်အကျယ် · အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိကျယ် တိပိဋကဓရဝတ္တုနှင့်ဝိကာသနီကြည့်။

## အထူး မိန့်ကြား ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆရာသမားများ အပေါ်၌ ပြုကျင့်ရမည့် တပည့်ဝတ်ကို မချွတ်အောင် ဆောင်ရွက်တော် မူလေ့ ရှိပါသည်။ ထင်ရှားသော ဆောင်ရွက်ချက်တခုမှာ—

> အသက် ၁၇ - နှစ် ၁၈-နှစ်သားအရွယ် ငယ်စဉ်ကာလ သာမဏေ ဘဝက ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတမှာ လေဖြတ်၍ ကိုယ်တခြမ်း သေနေလေရာ စာမေးပွဲတွေ ဖြေနေစဉ်အကြားမှ ဆရာတော်ထံပါး၌ အမြဲခစား၍ ဝတ်ကြီး ဝတ်ငယ်များကို ကျေပွန်စွာ ပြုစုလုပ်ကျွေးခဲ့ ပါသည်။ ဆရာတော် ပျံလွန်တော်မူ၍ ဈာပနကိစ္စ ပြီးဆုံးသည် အထိ တရက်တာမျှပင် လစ်ဟင်းဘူးသည် ဟူ၍ မရှိခဲ့ပါ။ ဝေယျာဝစ္စ အဝဝ တို့ကို မညည်းမညူ ကြည်ဖြူစွာ ဆောင်ရွက်တော် မူခဲ့ပါသည်။

ဆရာတော်သည် ' မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ။ အပြော သာချို၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ' လုပ်ပြန်လျှင်လည်း ပေါ့ပေါ့ တန်တန် မဟုတ်ပဲ အပြီးအဆုံးရောက်သည်အထိ လေးလေးနက်နက် လုပ်ဆောင်တတ် သော အလေ့ ရှိပါသည်။

"ဆဋ္ဌသင်္ဂါယနာတင်စဉ်အချိန်က ဝိနည်းမဟာဝါ ပါဠိဝိသောဓက အကျိုးဆောင်အဖြစ် တာဝန်ယူလုပ်ဆောင်ခဲ့ရာ ၅၂၀-နှာရှိ သုတ်သင်ပြီး ပါဠိတော်ကို (၁) မူကောင်း မူသန့်ရှိစေရန်၊ (၂) မိမိလက်နှိပ်စက်ကို ဘုရားရှင်၏ စကားတော်အား ပူဇော်ရန်၊ (၃) မိမိ၏ ကိုယ်အားလုပ်အား ဉာဏ်အားတို့ဖြင့် ဆဋ္ဌသင်္ဂါယနာဝန်ကို ထမ်းဆောင်ရန် ရည်သန်၍ ဗုဒ္ဓ သာသနာ အဖွဲ့မှ စက္ကူတရွက်၊ တံဆိပ်ခေါင်းတလုံးမျှ မတောင်းခံပဲ သန့်ရှင်း စွာ ကိုယ်တိုင်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှလည်း ထိုစာကို စံပြအဖြစ် ရှိသေစွာ ထားရှိကြောင်း သိရ ပါသည်။ ၁၉-ရက်နှင့် အပြီး မဟာဝါ ပါဠိတော်ကို ထပ်မံ သုတ်သင်ခြင်းတို့၌ လည်း ဆရာတော်သည် စာမူကိုရွတ်ဖတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို ရှာဖွေခြင်း၊ အားလုံးသဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင် ရေးသား ရိုက်နှိပ်ခြင်း၊ အဖွဲ့များထံ မိတ္တူများ ဆက်ကပ်ခြင်းစသည် ဖြင့် တာဝန်ကျေအောင် ဆောင်ရွက်တော် မူခဲ့ပါသည်။

ဤမျှသာ မဟုတ် ၁၃၁၄ - ခုနှစ် နတ်တော် လဆန်း ၁၄- ရက် ထိပိဋကစာပြန်ရန် ရက်ပိုင်းမျှ အလိုတွင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ ဗိမာန် တော်ကြီး အုတ်မြစ်ချပွဲအဘွက် တရားချီးမြှင့်ရန် ပင့်လျှောက်လာရာ မဟော နိုင်ဟု ပယ်မြစ်ခြင်းမပြုပဲ ကျေနပ်စွာလက်ခံ၍ ဤသာသနာ့ ဗိမာန်ကြီး

အတွက် ဘုန်းကြီးက မှန်အုပ်ကြီး ၄-ချပ်လှူဒါန်းပါမည်ဟူသော စကား၊ ပလ္လင်ခံ၍ ၄-နာရီကျော်မျှ သစ္စာလေးပါး တရားအချက် ဓမ္မစက္ကပဝတ္တန သုတ္တန်ကြီးကို နိဒါန်းနှင့်တကွ ဟောပြောတော်မူခဲ့ပါသည်။ ယခုအခါ မြန်မာ ပြည် အရပ်ရပ်သို့ ဒေသစာရီလှည့်လည် ကြွရောက်တော်မူ၍ တရားစည်ကြီးကို ဆော်တီး ရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက်ရှိရာ ဆဋ္ဌသံဂါယနာ တင်ပြီးချိန်မှစ၍ ယနေ့အထိ အကြိမ်ပေါင်း ၈၂၀၀-ခန့်အထိ ရှိသွားပြီ ဖြစ်ပါသည်။ ဆရာတော်၏ လုံ့လဝီရိယ နှင့် သတ္တိကား အားကျအတုယူ ဘွယ်ကောင်းလေစွ။

ဆရာတော်၏ လုပ်ငန်းရပ်များတွင် သာသနာတော်အတွက် စံပြုထိုက် သော လုပ်ငန်းပေါင်းများစွာ ရှိလေရာ စွန့်လွှတ်ရေးစိတ်ဓာတ်နှင့် စပ်၍ အတုယူမှတ်သားဘွယ် ကောင်းသော လုပ်ရပ်အနည်းငယ်ကို ဂုဏ်ပြုဖော်ပြလိုပါ သည်။

ဆိုင်ရာပုဂ္ဂိုလ်တို့၏ အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ချက် အရ အတွဲပေါင်း ၆-တွဲ၊ အုပ်ရေပေါင်း ၈-အုပ်၊ စာမျက်နှာ ပေါင်း ၅၅၁၆-ခန့် နိုင်ငံတော် ဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးအဆုံး ကမ္ပတ်ဖုံးအောင် ရေးသားပြုစုပေးတော်မူခဲ့ရာ မရေးသားမီ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လိုလားချက် ၃-ချက်ကို ရယူတောင်းခံပြီးမှ ရေးသားပြုစုတော်မူခဲ့ပါသည်။ ဆရာတော် တောင်းဆိုသော လိုလား ချက် ၃-ခုမှာ—

၁။ စေတနာ့ဝန်ထမ်း အဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင် လည်း ကောင်း။

၂။ ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့် မပတ်သက်စေလျှင် လည်း ကောင်း။

၃။ မိမိတတ်သမျှ စာပေကိစ္စတွင်သာ ဦးစီးခွင့်ရလျှင် လည်း ကောင်း။

ဤသုံးချက်ကို အဖွဲ့က သဘောတူပါလျှင် လက်ခံပြီးဟူ၍ မှတ်ယူ ပါဟူ၍ ဖြစ်ပါသည်။

ထို့ပြင် ဆရာတော်သည် တိပိဋကဓရ အောင်မြင်မှု အတွက် မိမိအား နိုင်ငံတော် အစိုးရက ရာသက်ပန် လှူဒါန်းအပ်သော လစဉ်ဆွမ်းဆန် တော်စရိတ် ကျပ်ငွေ ၃၁၁/—နှင့် အထက်အောက် မြို့ရွာများမှ တိပိဋက ဓမ္မပူဇာအဖြစ် လှူဒါန်းအပ်သမျှသော အလှူငွေများကို "တိပိဋကနိကာယ ကျောင်းတိုက်ကြီး" တည်ထောင်ဖွင့်လှစ်၍ စာသင်သားတို့အား ပစ္စည်းလေး

ပါးတို့ဖြင့် ထောက်ပံ့စောင့်ရှောက်ရန် အတွက် တိပိဋကဓရ ၂၅-နှစ် မြောက် ငွေရတုအလှူပွဲမှစ၍ စွန့်လှူ လှူဒါန်းတော်မူပြီးလျှင် တိပိဋကဓရ ဖြစ်မြောက်ရေးအတွက် နေ့စဉ်ပြုလုပ်ရမည့် မိမိ၏ ပရိယတ္တိလုပ်ငန်းစဉ်မှုများကို အသေးစိတ်ညွှန်ပြ နည်းပေး၍ အကောင်အထည် ဖော်လျက်ရှိပါသည်။

ဆရာတော်၏ ပရိယတ္တိ စာပေသင်ကြား ဆည်းပူးခဲ့ပုံမှာလည်း အထူးပင် စိတ်ဝင်စားဘွယ် ကောင်းလှပါသည်။ စူးရှထက်မြက်သော ဇာတိဉာဏ် သက် သက်ကြောင့်သာ ဤမျှ ပရိယတ္တိစာပေဘက်၌ ထူးချွန်ခဲ့ခြင်း၊ စာမေးပွဲများ၌ ထူးထူးခြားခြား အောင်မြင်ခဲ့ခြင်း၊ စာပေရေးသားမှု၌ ကျွမ်းကျင်ခြင်း၊ သာသနာ့လုပ်ငန်းရပ်တို့၌ လိမ္မာခြင်းများ မဟုတ်ခဲ့ပါ။ သင်ကြားဆည်းပူးစဉ် က နည်းစနစ်မှန်ကန်စွာ ဆည်းပူးသင်ကြားခဲ့ခြင်း နှင့် ဇွဲလုံ့လဝီရိယရှိခြင်းတို့က ပို၍ အဓိကကျသော အကြောင်းများဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။

ဆရာတော်သည် အဘိုးဆရာကြီးဦးချယ်၏ စီစဉ်ပေးချက်အရ သူငယ်ဘဝ သင်ပုန်းကြီးသင်ဦးစကပင် အရီးတော်သူ မငွေပေါ်နှင့် အတူ "က, ဘယ့် နှယ်ရေးပါ့မယ်" ဟု တယောက်က မေး၍ "ကကြီး ရေးက" ဟု တယောက် က ဖြေရသည့် အမေးအဖြေ စနစ်မျိုးဖြင့် လူနာပည်စသည်ကို ရေးဟာ် ဖတ် တတ်သည်အထိ သင်ယူခဲ့ပါသည်။

"ပညာသင်ရာ၌ ဘုရင်လမ်းမရှိ" ဟူသော စကားအတိုင်း အခေါက်စီးယူ၍ ရေသာခိုသင်ယူလိုခြင်း သဘောမျိုး၊ "အာဂုံရှိမှ အာဂလူဖြစ်နိုင်သည်" ပညာ ရှိတို့၏ ဥပဒေသနှင့်အညီ အာဂုံဆောင်ရမည့် ပရိယတ္တိအခြေခံကျမ်းစာ ဟူ သမျှကို နှုတ်တွင် မိမိရရ ရှိအောင် ကျက်မှတ်ဆောင်ယူခဲ့သည်။ ကျက်မှတ် ရာ၌ တနေ့စာ ကျက်ရမည့်စာကို ဆရာ့ထံ၌ သုံးခေါက်ဖတ်ပြီး စာအံသော အခါ မိဘ်ဘုံ့ယ်နိုင်လောက်ရုံကို ပိုင်း၍ ပိုင်း၍ စာအံသည်။ တပိုင်းရမှ နောက်ကပိုင်းသို့ တိုးတက်ကျက်မှတ်သည်၊ စာကိုပရလျှင် နေရာမှ မထတတ်ပဲ ရမှသာ ထတတ်ပါသည်။

စစ်ရေး-တိုက်ပွဲ ဆင်နွှဲရာ၌ လက်နက်ရိက္ခာပြည့်စုံ လုံလောက်ရန် အထူး လိုအပ်သကဲ့သို့ စာသင်တော်၌ ဆင်နွှဲလိုသူတို့ အတွက်လည်း စာသင် စစ် တလင်း၌ ကျမ်းစာအုပ်များသည် လက်နက် ရိက္ခာသဘွယ် ပြည့်စုံလုံ လောက်စွာ ရှိထားရန် အထူး လိုအပ်ပါသည်။ ဆရာတော်သည် ၁၄-နှစ်မှ ၁၅-နှစ်အရွယ် သာမဏေဘဝကပင် စတင်၍ ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတာ ချီးမြှင့်ပေးအပ်တော်မူခဲ့သော သင်ရိုးပါဠိ၊ အဋ္ဌကထာကျမ်း၊ ဦးလေးတော် ဦးဖြူလွင်က ပူဇော်လှူဒါန်းထားသော အနု, မဓု, ယောဇနာ, ဂဏ္ဌိကျမ်း အစုံအလင်ရှိနေရာ စာသင်ပွဲများ၌ အောင်မြင်စွာ ဆင်နွှဲ

နိုင်ရေးအတွက် လက်နက်ရိက္ခာ ပြည့်စုံစွာရှိထားသော စစ်ဗိုလ်စစ်သားကောင်း တယောက်ကဲ့သို့ ဖြစ်နေပါသည်။ နောင်အနာဂတ်ကာလတွင် တိပိဋကဓရ ထေရ်ကျော် ဖြစ်ပေါ်လာရေးအတွက် အတိတ်ကောင်း နိမိတ်ကောင်းဟုလည်း ဆိုနိုင်ပါသည်။

ဆရာတော်သည် စာအုပ်များကို ခေါင်းရင်းရှိ ဘီရို၌ထည့်၍ အလှကြည့် နေသည်မဟုတ်ပါ၊ စိတ်အားတက်ကြွစွာ မှတ်မိသမျှကြည့်၍သိသမျှ အချင်းချင်း အား ပြန်ကြားလေ့ရှိပါသည်။ စာမေးပွဲ ဖြေဆိုရေးအတွက် လေ့လာရာ၌လည်း မေးတတ်သောပုစ္ဆာဟောင်းများကို အကဲဖြတ် ကြည့်ရှုခြင်း, ပထမငယ်တန်း ဝင်ချိန်မှာ ပထမလတ်ပုစ္ဆာဟောင်းများကို ဖြေဆိုနိုင်သည်အထိ လေ့လာခြင်း, ပထမလတ်တန်းဝင်ချိန်မှာ ပထမကြီးပုစ္ဆာဟောင်းများကိုဖြေဆိုနိုင်သည်အထိ လေ့လာခြင်း, မိမိစိတ်ကူးဖြင့် ပုစ္ဆာထုတ်ဆင်၍ မိမိစိတ်ကူးဖြင့်ပင် စမ်းသပ် ဖြေဆိုခြင်း နည်းတို့ဖြင့် အတန်းလိုက် ပြဋ္ဌာန်းထားသော စာများ၌ အဝါး ဝအောင် လေ့လာတော်မူပါသည်။ ဤသို့ထူးခြားစွာ လေ့လာဆည်းပူးခဲ့သည့် အတွက် ဆိုင်ရာစာမေးပွဲတို့၌ ထူးချွန်စွာ အောင်မြင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတ နှင့် အရှင်ပညာစက္ကတို့၏ စီစဉ် ညွှန်ကြားချက်အရ ဇိနာလင်္ကာရဋီကာကြီး, ဇာတတ္တကီ, သောတတ္တကီ ကျမ်းများကိုကြည့်၍ နေ့စဉ်ဝတ်ထားပြီး ပြောကြားခဲ့ရခြင်း, ဓမ္မပဒနိဿယ (သင်္ဂဇာမူ) မှလာသော အကျဉ်းချုပ်ဝတ္ထုများကို ဥပုသ်နေ့တိုင်း ပါဠိစီကုံး ခဲ့ရခြင်းတို့ဖြင့် ပါဠိဉာဏ် ရင့်သန်၍ ပါဠိစာစီစာကုံးများကို အချီအကျ တတ် မြောက်ခဲ့ရပြီးလျှင် "ဒီစာအုပ်ကို ကြည့်၍ စာပေအရေးအသား တတ်မြောက် အောင် လေ့လာရမည်" ဟူသော ဆရာတော်များ၏ မိန့်ကြား ပေးအပ်တော် မူချက်အရ "ပေါရာဏဒီပနီကျမ်း" နှင့် "မဃဒေဝလင်္ကာကြီး" များမှ ကဗျာမျိုးစေ့ကို ရယူလျက် စာအရေး အသား တတ်မြောက်ရေး အတွက် ဆရာတော်တို့၏ စာပေးစာယူကိစ္စ အရပ်ရပ်များကို ဆောင်ရွက်တော်မူခဲ့ ရပါ သည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တပါးဖြစ်လာလျှင် သာသနာ့ရေးရာ ကိစ္စတို့၌ မပြုမနေ ပြုရသောကိစ္စများ ရှိ၏။ ထိုကိစ္စများတွင် အချို့သည် လက်တွေ့ သင်ပြမှုမရှိလျှင် ကျမ်းကျင် လိမ္မာမှု မရနိုင်သောကြောင့် စာတွေ့ တတ်မြောက်ပြီးသူတို့ပင် မိမိကိုယ်ကို မိမိအထင်သေး၍ အခက်အခဲနှင့် ရင်ဆိုင်ရ တတ်ကြပေသည်။

ဆရာတော်ကား ထိုသို့မဟုတ်၊ ဥပဇ္ဈာယ်ဆရာတော်၏ ချီးမြှောက်တော်မူ ချက်အရ မိမိနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါစေ၍ မထေရ်ကြီးများအား

ဆည်းကပ်ပုံ "ထေရုပသာက်မန" ဝိနည်းအရာ ကံကြီးကံငယ် ဆောင်ရွက်ပုံ "ကမ္မာကမ္မ" စသော သာသနာ့ရေးရာ အမှုကိစ္စ အဖြာဖြာတို့ကို ကိုယ်တွေ့မျက်မြင် သင်ကြား ဆည်းပူးတော်မူခဲ့ရပါသည်။ ဤသို့ နည်းစနစ် မှန်ကန်စွာ သင်ကြားဆည်းပူးခဲ့ရခြင်း နှင့် ဇွဲလုံ့လရှိခြင်းတို့ကြောင့် ဆရာတော်သည် ဤမျှ ပရိယတ္တိစာပေဘက်၌ ထူးချွန်ခြင်း၊ စာမေးပွဲများ၌ ကျွမ်းကျင်ခြင်း၊ သာသနာရေးလုပ်ငန်းရပ်တို့၌ လိမ္မာခြင်းများ ရှိခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဤသို့လျှင် သာသနာရေးကို ထူးချွန်စွာ သည်ပိုး ဆောင်ရွက်တော်မူသည့် ပိဋကတ္တယဆောက, ဂန္ထဓုရာဝဟ, မဟာထေရ, ပရိယတ္တိဝိသာရဒ, လဇ္ဇီပေသလ, သိက္ခာကာမဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသဖြင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၄၀ - ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနာပိ။
ပူဇေသုံ မြန်မာဘူပါလာ၊ ဝိစိတ္တံ စိတြဝါစကံ။

## ချီးကျူးပူဇော်ကြခြင်း

'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ်တော်ရ ဆဋ္ဌသံဂီတိဝိသဇ္ဇက, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသ အား ၁၃၄၁ - ခုနှစ် နယုန်လပြည့်နေ့ ၅ - နာရီအချိန်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာဖလ်ယဉ်ဓမ္မာရုံကြီး၌ ရန်ကုန်ရောက် မြင်းခြံမြို့သား မြင်းခြံမြို့သူတို့က စုပေါင်း ပူဇော် ချီးကျူးကြသည့်ပြင် နယုန်လဆုတ် ၁ - ရက်နေ့ နံနက် ၁၀ - နာရီအချိန်တွင် ကမ္ဘာအေး သာသနာရေးဦးစီး အစည်းအဝေးခန်းမတွင် ရန်ကုန်ရောက် စစ်ကိုင်းကျောင်းသားဟောင်းများက ပင့်၍ ပူဇော်ကြသည်။ အခြား သက်ဆိုင်ရာ ဌာနများမှလည်း ပူဇော်ကြသည်။

## သံဃာ့ဝန်ဆောင်အကြံပေးတာဝန်

ဆရာတော်သည် ၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁- ရက်နေ့မှ စ၍ ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၃ - ရက်နေ့အထိ တည်ရှိခဲ့သော ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင် ဆောင်ရွက်တော်မူသည့်

၆၆-ပါး သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ အကြံပေးဆရာတော်အဖြစ် တာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန်

တဖန် ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၃-ရက်နေ့မှ စ၍ ဖြစ်ပေါ်လာသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်တာဝန်ကိုလည်း ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ လွန်စွာဂတိ ကင်းလျက် ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်ကား ပြုလုပ်ဆောင်ရွက်သမျှ ကိစ္စအဝဝ၌ ရဲရင့်တည်ကြည်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။

ဇဝံ အနေကကိစ္စေသု၊ ဘာရဝါဟီ ဝိသာရဒေါ။
သပ္ပဲညော သုသန္တော ယေဝ၊ ဝိစိတ္တော စိတြဘာဏကော။

## ပိဋကတ်တော်အင်္ဂလိပ်ဘာသာပြန်အဖွဲ့၏ ဩဝါဒါစရိယတာဝန်

ၚင်းပြင် ၁၃၄၂-ခုနှစ် သီတင်းကျွတ်လပြည့်နေ့မှစ၍ စတင်ပေါ်ပေါက်ခဲ့သော ဥက္ကဋ္ဌကြီး ဦးနု ဦးဆောင်သည့် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာများကို အင်္ဂလိပ်ပြန်ဆိုရေးအဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ဖြစ်၍လည်း သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်တော်မူသည်။

တေပိဋကဂန္ထာနမ္ပိ၊ အင်္ဂလိပရိဝတ္တနေ။
ဩဝါဒါစရိယော ဟုတွာ၊ ဇိနသာသနံဘာရမော။

## ရန်ကုန်မြို့ တိပိဋကကျောင်းတော်

သပ္ပုရိသန္ဒယ်ဝင် သူတော်စင်အပေါင်းတို့သည် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို ကြည်ညိုကြပါသဖြင့် ဆရာတော်ဘုရားကြီး နှင့် တပည့်များ ချမ်းသာစွာ သီတင်းသုံးတော်မူ၍ ဓုရ ၂-ပါး ပွားများကြိုးကုတ်အားထုတ်တော်မူကြရန် သမ္မာဆန္ဒ အာသီသဖြင့် ခြောက်သိန်းခွဲခန့် အသပြာငွေကို မစွေမဖက် ရက်ရောစွာ ပေးစွန့် လှူဒါန်းကြ၍ ရန်ကုန်မြို့ အမှတ် ၁၂-နယူးလင့်လမ်းတွင် တိပိဋကကျောင်းတော်ကို ဆောက်လုပ်၍ ၁၃၄၂-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့တွင် စုပေါင်းရေစက်ချ ကျင်းပ၍ လှူဒါန်း ပူဇော်ကြကုန်၏။

## တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်ခြင်း

မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ကြီး၏ မဟာနာယက, တိပိဋက နိကာယကျောင်းတိုက်ကြီး ပဓာန ဦးဆောင်နာယက, တိပိဋကမရ ဓမ္မဘဏ္ဍာ ဂါရိက, အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်သည် မိမိ၏ တိပိဋကခရ ဆွမ်းဆန်တော်လစာ, အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် နဝကမ္မ နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် (၂၅) နှစ်မြောက် ငွေရတုပူဇော်ပွဲ အလှူများမှ ရရှိတော်မူသည့် နဝကမ္မများကို မတည်၍ တိပိဋကနိကာယသာသနာပြုအဖွဲ့ ဖွဲ့စည်းတော်မူပြီး ကပ္ပိယကာရကအဖြစ် လွှဲအပ်တော်မူကာ ၁၃၄၀-ပြည့်နှစ် မြန်မာနှစ်ဆန်း ၁-ရက်နေ့တွင် မင်း ကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေတွင် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို ဖွင့်လှစ်တည်ထောင်တော်မူခဲ့သည်။

## ပင့်လျှောက်ခြင်း

တိုင်းနှင့် ပြည်နယ်အသီးသီးမှ ဓမ္မာစရိယ အောင်မြင်ပြီးသော သံဃာ တော်များအား ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသကိုယ်တိုင် လက်မှတ်ရေး ထိုးတော်မူ၍ တိပိဋက, နိကာယဗုဒ္ဓစာပေများကို သင်အံလေ့ကျက်ရန်အတွက် ဝိဝေကအရပ် နှင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို အလှူ ကို ပေးလှူမည့်အကြောင်း စာတမ်းထုတ်ဝေ၍ ပင့်လျှောက်ခဲ့လေသည်။

## အေးချမ်းစွာ စာကျက် စာကြည့်တော်မူကြ

ယင်းသို့ ပင့်လျှောက်ချက် အရ ၁၃၄၀-ပြည့်နှစ်တွင် သံဃာတော် ၄၀-ပါးရောက်ရှိပြီး ၃၇-ပါး ဝင်ရောက်ဖြေဆိုရာ ၃၂-ပါး အောင်မြင် တော်မူသည်။ ၁၃၄၁-ခုနှစ်တွင် သံဃာတော် ၈၂-ပါး ရောက်ရှိ သီတင်း သုံးတော်မူပြီး ၆၀-ပါး ဝင်ရောက်ဖြေဆိုရာ ၅၀-ပါး အောင်မြင်တော် မူသည်။ ယင်းအောင်မြင်တော်မူသော သံဃာတော်များအနက် နှစ်ချင်း ဘွဲ့ရ ဂုဏ်ထူးများဖြင့် အောင်မြင်သော ရဟန်းတော်များ ပါဝင်သည်။ ၁၃၄၂-ခုနှစ်တွင် သံဃာတော် ၁၁၃-ပါး သီတင်းသုံးတော်မူ၍ တနေ့ လျှင် ၁၂-နာရီ စာကျက်, စာကြံ, စာအံ, စာကြည့်လုပ်ငန်းကို ချမ်းသာစွာ ကြည့်ရှုတော်မူနိုင်ကြသည်။ ဆရာတော်၏ စီမံကိန်းကား အောင်မြင်တော်မူခဲ့ လေသည်။

## သပ္ပာယမျှတစွာ သိတင်းသုံးတော်မူနိုင်ကြပြီ

တိပိဋကနိကာယ စာသင်သား သာသနာ့အာဇာနည် အရှင်မြတ်တို့သည်—

(၁) ရန်ကုန်မြို့တွင် နိုင်ငံတော်အစိုးရ သာသနာရေး ဝန်ကြီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့မှ ကျင်းပပြုလုပ်သော တိပိဋကဓရ စာမေးပွဲ။

(၂) ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းမှ ကြီးမှူး ကျင်းပသော နိကာယဘာဏက, နိကာယဓမ္မာစရိယစာမေးပွဲ။

(၃) ရန်ကုန်မြို့ စိန်ရောင်ခြည်နိကာယအသင်းမှ ကြီးမှူး ကျင်းပသော စာမေးပွဲ။

(၄) ပဲခူးမြို့ နိကာယ်သာသနာတော် ပြန့်ပွားရေးအသင်းမှ ကြီးမှူး ကျင်းပသော စာမေးပွဲများ

ကို ကြွရောက်ဖြေဆိုရန်နှင့် ဘွဲ့ တံဆိပ်တော်များ လက်ခံရယူရန်အတွက် ရန်ကုန်မြို့သို့ ဘနှင်လျှင် (၉) ကြိမ်ခန့် ကြွရောက်လာကြရသည်။

ဖော်ပြပါ တိပိဋကစာသင်သား သာသနာ့အာဇာနည် အရှင်မြတ်များသည် ရန်ကုန်မြို့ရှိ တိပိဋကကျောင်းတော်၌ သပ္ပာယမျှတစွာ သိတင်းသုံးတော်မူကြ၍ တိပိဋကကျမ်းဂန်တို့ကို ကျနပိုင်နိုင်စွာ လေ့လာကြည့်ရှု၍ စာမေးပွဲဝင်နိုင်ကြပေလိမ့်မည်တကား။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကား ကိုယ်တိုင်လဲ တိပိဋကရေပုဂ္ဂိုလ်ကျော်ဖြစ်၍ အခြား သာသနာ့ဝန်ထမ်းတို့ကိုလည်း တိပိဋကဓရဖြစ်ရန် ကူညီတော်မူသည်။ ကေန္တကလျာဏမိတ္တ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

သယဉ္စ ပေဋကော ဟုတွာ၊ အညေသဉ္စ နိယောဇကော။
စက္ကေ ပေဋကဘာဝါယ၊ သဗ္ဗဒါ နိန္နမာနသော။

## အရှင်ဝိစိတ္တသာရာဘိဝံသမဟာထေရ်၏ ထေရုပ္ပတ္တိသန္နိပါတ်အပြီးသတ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဓမ္မနာဒဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ကြည်ညိုဖွယ်ရာ ဆောင်ရွက်ချက်တို့ကိုပြဆိုရာ ထေရုပ္ပတ္တိသန္နိပါတ်ကျမ်းကို ရေးသားစီရင်ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤတွင်လက်စသတ်လိုက်ပါပြီ။ အကျယ်အလိုရှိမူ တိပိဋကဓရဝုတ္တန္တဝိကာသိနီကျမ်းကြီး၌ ကြည့်ရှုရာ၏။

ဝိစိတ္တသာရသာရညာ၊ ဝိသိဋ္ဌာ ဝုတ္တန္တာ ဗဟူ။
ဣမိဿံ သန္နိပါတ်ပိံ၊ မုခမတ္တ နိဒဿနံ။

—

## မဟာထေရုပ္ပတ္တိသန္နိပနီကျမ်း အပြီးသတ်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒါယကာ ဦးကြည်ညွန့် လျှောက်ထားတောင်းပန်သဖြင့် ၁၃၄၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ၃-ပါး နှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီး ၁၀-ပါး၊ ၂-ရပ်ပေါင်း ဆရာတော်ဘုရားကြီး ၁၃-ပါး တို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိသန္နိပနီကျမ်းကြီးကို တ-ဝဂ် တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီးများ, တ-ဝဂ် ပါဠိပဒပိဋကကျမ်းညွှန်းကျမ်းကြီးများကိုဦးစီးရေးသားခြင်း, အင်္ဂုတ္တရနိကာယ်ပါဠိတော်ကို အဋ္ဌကထာတွဲဖက်ချပို့ခြင်း, သက္ကတဘာသာ ဖတ်စာကျမ်းများကို ချပို့ခြင်း, ဦးပဥ္စင်းငယ်, သာမဏေများအား အဘိမ္မတ္ထသင်္ဂြိုဟ်ကျမ်းများကို ချပို့ခြင်း စသည် များလှ ထွေပြား အလုပ်ကိစ္စတွေကြားဝယ် အနည်းငယ်အချိန်ယူ၍ အတ္ထုပ္ပတ္တိကျမ်းဂန်အချို့မျိုး ဆရာတော်ဘုရားကြီးများ၏ နှုတ်မိန့် မှတ်တမ်းများ နှင့် မိမိ၏လက်ရေးမူ သမိုင်းမှတ်တမ်း စသည်တို့ကို မှီငြမ်းပြု၍ ၁၃၄၁-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့မှစ၍ ရေးသားစီရင်ခဲ့ရာ ၁၃၄၁-ခု ဝါခေါင်လဆန်း ၁၁-ရက် (ယနေ့) အောင်လံစိုက်ဆောင် ပြီးမြောက်ပါသည်။ များပြားလှသည့် အလုပ်ကိစ္စတွေကြားတွင် ရေးသားရခြင်းဖြင့် ၁-လ နှင့် ၃-ရက်ခန့် ကြာညောင်းရခြင်းဖြစ်သောသည်။ ယင်းသို့ အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါ ပါဠိဂါထာ မြန်မာစကားပြေဖြင့် တန်ဆာဆင် အထွတ်တပ်လျက် နိဂုံးအုပ် လက်စသတ်လိုက်ပါပြီ။

## မဟာထေရုပ္ပတ္တိသန္နိပနီကျမ်း နိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌော၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုဘောသနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏အနောက်ဖက် ၄-ဂါဝုတ် ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ၏ လေးဘက်လေးတန်၌ ကျောင်း ကန် ဘုရား စေတီပုထိုး အမျိုးမျိုး တို့ဖြင့် တင့်တယ် သာယာလှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနေဝဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက်ဘာရတအာဒိသု၊ ဝုဍ္ဍပုဗ္ဗသုတေသိနာ။

ထို ကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၆၂-ခုနှစ်၌ [၁] မွေး ဖွားသော သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ) ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံ စသည့် နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး၍ သက္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် အစရှိသော ထိုထိုဘာသန္တရစာပေ ဗဟုသုတ သမိုင်း ရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီးလေ့လာ သင်ယူလေ့ ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေ တိပေဋကံ။
သန္တိကေ နဝ ဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာလယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင် နန္ဒိယမဟာထေရ်အစရှိသော မဟာဝိသုတာရာမဝါသီ ပညာရှင်မဟာထေရ်မြတ် ကြီးတို့၏အထံ၌ ကိုးနှစ်တိုင် ပိဋက ၃-ပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်း အဝဝကို ပြုလုပ်လေ့ ရှိသော။

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန အဋ္ဌဝိသ-ဝဿိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့တော် တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရ ပူရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ် တို့၏အထံ၌လည်း သင်ယူအပ်သော နည်းနာနယအတတ်ပညာ အဝပရှိသော ရဟန်းသိက္ခာ ၂၈-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ် ကောင်းလှသော ပခုက္ကူ ပိဋကတ် အတတ်မြို့တော်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာ ဝိသုတာရာမဝိဇ္ဇာလယတနကြီး၌ တိပိဋကဘုရင် ကျေးဇူးရှင် ဒီဃဒဿီ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင် ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်း သုံး၍ ခုရနှစ်ပါး ပွားများအားသစ်ရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်ဖွယ်ရာကောင်းလှသော သာသနဇောတိပါလကျောင်းကြီး၌ နေထိုင်လျက် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် အပါအဝင် နေတ္တိပါဠိ အဋ္ဌကထာ စသည့် နိကာယ်ငါးခမ်း ကျမ်းဂန်ဟူသော

---

၁။ ၁၂၆၂-ခုနှစ် နတ်တော်လဆုတ် ၁၃-ရက်ခုနှစ်တွင် ဦးဘရှန်, ဒေါ်လှပို တို့မှ ဖွားမြင်သည်။

မာဂဓနှင့် မုဒ္ဒဗောဓ, အမရကောသ, သက္ကတ ဖတ်စာ ကျမ်းများစသည့် သက္ကတကျမ်းတို့ကို ပို့ချလေ့ရှိသော အကျွန်ုပ်သည်။

( ၆ ) နိဿာယ ဍ္ဍတိဟာသေ၊ ရာဇလက္ခိတပေါ္တကေ။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်း,ရာဇဝင်, သာသနာဝင်အဋ္ဌုပ္ပတ္တိကျမ်းဂန် အမျိုးမျိုးတို့ကို လည်းကောင်း, နိုင်ငံတော်အစိုးရ သာသနာရေးဌာန, သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် စာစောင်မှတ်တမ်းတို့ကိုလည်းကောင်း, အခြားသော ထူးမြတ်လှသည့် ကျမ်းဂန်ပေါင်းများစွာတို့ကိုလည်းကောင်း မှီငြမ်းပြု၍ ပညာရှင်အပေါင်းတို့ နှစ်ခြောင်းဝမ်းသာ ထောမနာအပ်သော ဤမဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်းကို ကြိုးပမ်းစီရင်အပ်ပါသတည်း။

( ၇ ) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုသာရံ သုပကာသယံ။

အကျွန်ုပ် များလှစွာ ဝိုင်းဝိုင်းလည်နေသော စာချ, စာရေးစာပေအလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ မကြာမတင် ပြုစီရင်အပ်သော ဤမဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာ တည်သရွေ့ကာလပတ်လုံး သာသနာ့သမိုင်းအဋ္ဌုပ္ပတ်သုတေသီတို့အား ကောင်းမြတ်သော အနက်အဓိပ္ပာယ်ကိုပြလျက် တည်တွန်းပါစေသတည်း။

( ၈ ) အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မုနိသီလိဂုရူဟေဝ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤမဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်းကြီးကို ကြိုးပမ်းရသော ကောင်းမှုထူး နှင့် အခြား ကျမ်းဂန်များကို ရေးသားရသောကောင်းမှု, စာပေကျမ်းဂန် ချပို့ရသောကောင်းမှု အစုစုကြောင့် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့ နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

မဟာထေရုပ္ပတ္တိသန္ဒိပနီကျမ်းအလုံးစုံ ပြီးပြီ။

## အရှင်ကေလာသ ပြုစုသော

# ကျမ်းစာများ

၁။ အဘိဓမ္မာ့ဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအဋ္ဌကထာ ဒွါရသုစိကျမ်း။
၃။ တိပိဋကသုတ္တသုစိ။
၄။ အင်္ဂလိပ် - ပါဠိအဘိဓာန်။
၅။ ပါဠိ - အင်္ဂလိပ်အဘိဓာန်။
၆။ သက္ကတ - မြန်မာအဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေး သာသနာဝင် ပထမတွဲ။
၁၀။ မန္တလေး သာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေး သာသနာဝင် တတိယတွဲ။
၁၂။ မန္တလေး သာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဉ္စမတွဲ။
၁၄။ မန္တလေး သာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေး သာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေး သာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေး သာသနာဝင် နဝမတွဲ။
၁၈။ မန္တလေး သာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေး သာသနာဝင် ဧကာဒသမတွဲ။
၂၀။ မန္တလေး သာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေး သာသနာဝင် တေရသမတွဲ။
၂၂။ မန္တလေး သာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေး သာသနာဝင် ပန္နရသမတွဲ။
၂၄။ ပုဂံ သာသနာဝင်။
၂၅။ ပင်းယ သာသနာဝင်။
၂၆။ အင်းဝ သာသနာဝင်၊
၂၇။ စစ်ကိုင်း သာသနာဝင်။
၂၈။ အမရပူရ သာသနာဝင်။
၂၉။ ရွှန်းလွှန်း ပဋိပတ္တိ သာသနာဝင်။

၃၀။ သီဟိုဠ် ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံ သမိုင်း။
၃၂။ စေတီယပ္ပတ္တိ ဒီပနီ။
၃၃။ ပခုက္ကူ ဘုရားစုံသမိုင်း။
၃၄။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ရေစက်ချကျမ်း။
၃၇။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူစာစပ်ကျမ်း။
၄၁။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၄၂။ ပခုက္ကူ ပရိတ် နိဿယ အကျဉ်း။
၄၃။ ပါဠိ ပါဠိမဥ္စူရီ ပါဠိဖတ်စာ။
၄၄။ ဥပုသ်သည်များ လက်စွဲ။
၄၅။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီ နှင့် အဖိုးတန် စာပေများ။
၄၆။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ။
၄၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝတ္ထုဒီပနီ။
၄၈။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရ ဂုဏ်ရည်။
၄၉။ ဝါးကန် ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရဂုဏ်ရည်။
၅၀။ သံပုရာပင်ကုန်း ဆရာတော်အရှင်အရိယ၏အရိယထေရဂုဏ်ရည်။
၅၁။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။
၅၂။ ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရ ဝတ္ထုပ္ပဒီပိကာ။
၅၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာထေရ လလိတ။
၅၄။ သာသနာပိုင် ဆရာတော် ဦးဥေယျထေရုပ္ပတ္တိ။
၅၅။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ခြောက်ဆယ် ပါဌ်နိဿယ။

၅၆။ အရှင်နန္ဒဝံသ ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ် ပါဌ် နိဿယ။
၅၇။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ် ပါဌ် နိဿယ။
၅၈။ ရေစကြို ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀ ပါဌ် နိဿယ။
၅၉။ ကျွန်းဦး ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ် ပါဌ် နိဿယ။
၆၀။ လက္ခဏာတော် သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဌ် နိဿယ။
၆၁။ လက္ခဏာ တော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာပါဌ် နိဿယ။
၆၂။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဌ် နိဿယ။
၆၃။ နမက္ကာရပါဌ် နိဿယ။
၆၄။ ရှင်ဥပဂုတ် ရှိခိုး ဆယ့်နှစ်ဂါထာ ပါဌ် နိဿယ။
၆၅။ ပဋ္ဌာနသီခ သီချင်းဂါထာ ပါဌ် နိဿယ။
၆၆။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဌ် နိဿယ။
၆၇။ မရဏာဿတိဘာဝနာ။
၆၈။ မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ။
၆၉။ ပိဋကတ်သုံးပုံ ဘုရားရှိခိုး ( ၁၁၅ - ဂါထာ ပါဌ် နိဿယ)။
၇၀။ မဟာဝံသ ပါဌ် ( သီဟိုဠ်ပါဠိမှ မြန်မာ အက္ခရာပြန်ရေး)။
၇၁။ ဒီပဝံသပါဌ် ( သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။
၇၂။ အစ္ဆရိယပဒါန် နှင့် အဖိုးတန် စာပေများ။
၇၃။ ပခုက္ကူ အဘိဓာန် နိဿယသစ်။
၇၄။ တိပိဋကဝုတ္တန္တသန္ဒီပနီကျမ်း။
၇၅။ ကဝိဒပ္ပဏနီတိပါဌ် နိဿယ။
၇၆။ တိပိဋကရေဝုတ္တန္တဝိကာသိနီ။
၇၇။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာ ပါဌ် နိဿယ။
၇၈။ ရေနံချောင်းမြို့ ရွှေတောင် တိုက်အုပ် ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝုတ္တန္တဝိလာသိနီ။
၇၉။ သမန္တကူဋဝဏ္ဏနာပါဌ် ( သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၈၀။ မဟာဝိသုတာရာမနိကာယဝတ်ရွတ်စဉ် အဖွင့်။
၈၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်သစ်။
၈၂။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ သမိုင်းမှတ်တမ်း။
၈၃။ မဟာစည် ထေရဝုတ္တန္တဝိလာသိနီ။

၈၄။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။
၈၅။ ၁၃၄၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါး နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၀-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒိပနီ။
၈၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရဝိက္ကိဋ္ဌိတ။
၈၇။ ပဋ္ဌာန်း အဖိုးတန်စာပေများ။
၈၈။ မိဘာမြတ် ကျေးဇူး။
၈၉။ ထနောင်းခလ ထေရဂုဏ်ရည်။
၉၀။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါး နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိ ပကာသိနီ။
၉၁။ ရွှေတန့်တစ် ဘုရားသမိုင်း။
၉၂။ ရွှေဂူ ဘုရားသမိုင်း။
၉၃။ ပဋ္ဌမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး သမိုင်း။
၉၄။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

# သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း နှင့် မဟာထေရုပ္ပတ္တိသန္နိပနိကျမ်း

## ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀ | ၁၁ | ပဏ္ဍိတ ဘွဲ့ တံဆိပ် | ပဏ္ဍိတ်ဘွဲ့တံဆိပ် |
| ၇၁ | ၂၅ | ၃၅ဝိ - ကျပ် | ၇၅ဝိ - ကျပ် |
| ၈၃ | ၈ | မဟာဝိဇိတာရုံ ကျောင်းတိုက် | မဟာရာဇိကာရုံ ကျောင်းတိုက် |
| ၈၃ | ၂၉ | စဥ့်ကူမြို့နယ် | စဥ့်ကူးမြို့နယ် |
| ၈၅ | ၁၃ | ၁၃၂၃ - ခန့် | ၁၃၂၃ - ခု |
| ၈၉ | ၇ | အဘိဓဇခဇမဟာရဋ္ဌဂုရု | အဘိဓဇမဟာရဋ္ဌဂုရု |
| ၁၀၇ | ၉ | ကလဥ္စနာ | လဥ္စနာ |
| ၁၄၆ | ၂၀ | တူပါဒီဟိ | ထူပါဒီ |
| ၁၅၃ | ၂၂ | ပေါက်လဲနံကင်း | ပေါက်လဲငုံကင်း |
| ၁၅၄ | ၂၄ | ဂုဏ်ပေါင်းထိန်းသား | ဂုဏ်ပေါင်းထိန်သား |
| ၁၆၈ | ၁၇ | ယတိန္ဒေ | ယတိန္ဒေန |
| ၁၇၈ | ၃၀ | အောက်ပိုင် | အောက်ပိုင်း |
| ၂၁၃ | ၁၂ | အစ္စန္တိ | အစ္စယန္တိ |
| ၂၁၅ | ၁၉ | သုမေဓာဝိနော | သုဋ္ဌုမေဓာဝိနော |
| ၂၂၀ | ၂၀ | အာဇီဝံဿ | အာဇီဝဿ |
| ၂၃၆ | ၈ | နှစ်မင်းမူပြိုင်ပ | နှစ်မင်းတူပြိုင်ပ |
| ၂၄၆ | ၁၁ | အရှင်ဇေတယ | အရှင်ဇောတယ |
| ၂၇၃ | ၈ | အရှင်လောကထံ | အရှင်အာလောကထံ |
| ၂၈၁ | ၁၄ | ပုလိတ္တိနဂရေစာပိ | ပုလတ္တိနဂရေစာပိ |
| ၂၉၆ | ၂၀ | ဖြူးထွားဝင်းတောက် | ဖြူထွားဝင်းတောက် |
| ၃၀၃ | ၅ | ဦးဆောင် | အရှင်ကေလာသ ဦးဆောင် |
| ၃၃၄ | ၁၃ | ၁၉ - နှစ်ရှိရာ | ၁၉-နှစ်ကျော်ရှိရာ |
| ၃၄၉ | ၆ | အရှင်ပဏ္ဏဝသည် | အရှင်ပဏ္ဏဝသည် |
| ၃၈၇ | ၂ | ဆင္ဃသံဃာယနာ | ဆင္ဃသံဂါယနာ |
| ၄၀၁ | ၂၈ | ပုစ္ဆာငါးချက် | ပုစ္ဆာထွက်တက် |
| ၄၃၈ | ၇ | သိက္ခိတေ | သိက္ခိတေန |
| ၄၃၉ | ၄ | ဣတိဟာသေ | ဣတိဟာသေစ |

# အလိမ္မာ စာမှာရှိသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာနမှ

မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ။

## မြန်မာပြန်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ ဒီဃနိကာယ် ( သုတ္တန် ) | ပါ၊ ဒု၊ တ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် ( သုတ္တန် ) | ။ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် ( သုတ္တန် ) | ။ | ( ၅-ကျမ်း ) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် ( သုတ္တန် ) | ။ | ( ၁၁-ကျမ်း ) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် ( ကျမ်း-၃၀ ) မှ | ဝိနည်း | ( ၅-ကျမ်း ) | ၅-အုပ် |
| | အဘိဓမ္မာ | ( ၄-ကျမ်း ) | ၅-အုပ် |
| | အခြားသုတ္တန် | ( ၁၄-ကျမ်း ) | ၃-အုပ် |

**တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး**

၁၀-တွဲ ထွက်ပြီ

**မဟာဗုဒ္ဓဝင်**

ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ။